www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ (လှိုင်ကော်)

## နှလုံးသားဖြင့်သာကြားရစ်စေ

စာမူခွင့်ပြုချက်အမှတ် - ၁၅၀၈/၂၀၀၄ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၅၃၀၅၀၁

၂၀၀၅ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၃၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

### ဒို့အဓိကအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com








# မဟူရာ

## (လှိုင်ကျော်)

### နှလုံးသားဖြင့်သာ ကြားရစ်စေ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com






နားကြည်စေတာမှတ်
အနာဂတ်ထီးသင်းစေတင်
တောက်လောင်နေသောမာန
အရွယ်မျှားမြိုင်နုံ့ကျွမ်း
မနှမ်းနိုင်သောကာလဲ့စား ။

အချုံ့မှုသောပေးအောင်
အသီးကျွန်ရိုးတည်ရှိန်
အက်ခေတ်ခြင်း ဝေနှာ
ရင်ထဲမှာရစ်လေလျှက်
မျက်ရည်စက်များသော ကျွန်ရစ်ခဲ့ ။

ဆိတ်ငြိမ်သောတော
မလှုပ်ရှားသောချော
မမြှားသောလမ်းရှင်
နှင်လွှတ်ခြင်းကို တောင်းခံမိ
ဆိတ်ငြိမ်သည့် နောင်တတရားများ
နှလုံးသားမြင့်သော ကြားရစ်လေ –
မြေသို –
နှလုံးသားမြင့်သော ကြားရစ်ဝေ ။

www.burmeseclassic.com







## အခန်း(၁)

မြကြာယံရိပ်ငြိမ်ရှေ့မှာ စက်ဘီးလေးရပ်ပေးတော့ မပန်းသင်အားယူ၍ စက်ဘီးလေးပေါ်မှ ဆင်းရသည်။ နောက်ထိုင်ခုံလေးမှာ ငြိမ်သက်ထိုင်လိုက်လာရရင်းမှလည်း ရင်ထဲလေးကျနေခဲ့ရတာ အမှန် ..။

ကျောင်းဆင်းလှေကားထစ်မှာချော်၍ ခြေမျက်စိနေရာက အရမ်းကို နာကျင်နေရတာမို့ .. ကိုထက်ဇော်မှ စက်ဘီးလေးဖြင့် အိမ်အထိ လိုက်ပို့ပေးခြင်းပါ ..။

ကျောင်းမှာ စာတော်သော ကိုထက်က ... မပန်းသင်နှင့် စာတူတူဆွေးနွေးဖက်ပါ။ မပန်းသင် စာတော်တာမို့လည်း နှစ်ယောက်စလုံး ပို၍ .. ရင်းနှီးဖြစ်ခဲ့ကြတာလည်း အမှန်ပါ ..။ ဒါပေမဲ့ .. ထိုရင်းနှီးမှုဆိုတာကွ .. မောင်နှမရင်းချာပမာ ရှိကြတာကိုလည်း ကိုယ်စိတ်၏ နှလုံးအိမ်ဖြူဖြူစင်စင်လေးများ အသိပါ..။

ခုလို .. မပန်းသင် ခြေသပွတ်တိုင်လေး လညိုသွားသည့်အခါမှာဖြင့် .. မပန်းသင် ဘယ်လိုပဲ ခေါင်းလေးခါခါ ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုထက်က .. ဇွတ်ကြီးကိုပဲ စက်ဘီးလေးဘေးမှာ ရပ်စောင့်ခေါ် နေတော့လည်း မပန်းသင် .. နောက်ထိုင်ခုံ ကယ်ရီယာလေးမှာ စိတ်လေးလေးဖြင့် လိုက်လာရပါသည့်အဖြစ် ..။

"ကဲ .. မရွှေသင် ... ကိုထက် ပြန်မယ် .. ဒီလောက်ဝေးတဲ့ဥစ္စာကြီးကို လမ်းလျှောက်ပြန်မယ်တဲ့ကွာ .. အံ့ရော .. မနက်ဖြန် စနေ တနင်္ဂနွေဆိုတော့ .. နားလို့ရတာပေါ့ .. တနင်္လာနေ့ .. ကိုထက် လာကြိုပေးရမလား .."

စေတနာဓောဖြင့် ဖြူဖြူစင်စင်ကြီး မေးလာပါသည့် ကိုထက်ကို မပန်းသင် ကမန်းကတန်းလေး ခေါင်းခါလိုက်ကာ ..

"ရပါတယ် ကိုထက်ရယ် .. ဒီလောက်ကြီးလဲ မပန်းသင် အနေရမဆိုးနိုင်တော့ပါဘူး .. လာမကြိုနဲ့နော် .. ကိုထက် တကူးတကကြီး လာကြိုရမှာမို့ပါ .. မြကြာယံက .. မြို့နဲ့အလှမ်းဝေးတဲ့နေရာမှာ ရှိတာဆိုတော့ .. ကိုထက်တကူးတကကြီးကို အမောခံပြီး လာကြိုရမှာ"

"ဟာ .. အားနာဖို့မှ မလိုတာပဲ မပန်းသင်"

နာမည် ရိုးစင်းသလောက် လူလေးလည်း အရမ်းကို ဖြူစင်ပါသော မပန်းသင်လေးကို ကိုထက် တစ်ချက်တော့ ကရုဏာ သက်ရသည်ပါပဲ ..။

ဘာပဲဖြစ်ဖြစ် ..။ ဤမျှဝေးသည့်နေရာ ..။ မပန်းသင်လေးကို ကျောင်းတက်ဖို့အတွက် စက်ဘီးလေးတစ်စီးလောက်တော့ ဒေါ်ခင်ခင်ကြီးက စီစဉ်ပေးသင့်သည်ပေါ့ ..။ မိထွေးနှင့် နေရသည်ဆိုတာလောက်ကိုတော့ ကိုထက်လည်း အတန်းဖော်ချင်း



ပြောကြသည့်စကားတွေဖြင့် သိနေရပေမယ့် ... မပန်းသင်ကတော့ တစ်ခါမျှ .. ဒေါ်ခင်ခင်ကြီး ဆိုတာ မိထွေး ဖြစ်သည်ဆိုတာကို မပြောပြခဲ့ဖူး ..။ ကိုထက်ကလည်း မမေးရက်ခဲ့ ..။ ကျောင်းကြည့် နေ့စဉ် .. ခြေလျင်တက်ရပါသည့် မပန်းသင်ကို .. ကရုဏာသက်ပ တည်ရသည်ကတော့ အမှန်ပါ။ တိုင် စိမ့်

ခုလည်း လက်လေးတကာကာဖြင့် ခေါင်းငုံ့ကာမှီသည် ရင်း ပြောနေရှာပုံလေးမှာ .. အိမ်ကြီးဘက်ဆီသို့လည်း မော့ လှမ်းလင့်ကြည့်နေတာမို့ .. တစ်ခုခုကိုတော့ မပ...နေတာ ထိတ်လန့်နေရှာသည် ဆိုတာကို အလိုလို သိလာနေရသ...နေပြီး ကိုထက်ပါ ..။ ဒေါ်ခင်ခင်ကြီးကို လန့်နေတာပဲ ဖြစ်မည်ဆို... ခြံဝ လောက်ကိုတော့ .. ပို၍နားလည်လာရသည်မို့ .. မြှင်

"ခုလို .. လာပို့ပေးမိတာ မြင်သွားမှာ စိုးနေတာလား မဲ့သိ .. ငါ .. လမ်းထိပ်ဘက်လောက်မှာပဲ .. စက်ဘီးလေး ရပ်ပေးမိခဲ့ရင် အကောင်းသား .. မပန်းသင်လေးကတော့ ပြောရှာပါရဲ့ .. လမ်းထိပ်မှာပဲ ရပ်ပေးပါ .. လမ်းလျှောက် ပြန်ပါ့မယ်လို့ .. ငါကိုက .. ခြေထောက်နာနေတာကိုပဲ အောကပ်စိတ်ပူပြီး .. အိမ်ရှေ့ထိ ပို့ပေးမိတာ .. ငါတော့.. မှားပြီထင်ပါရဲ့ .."

ဟု ကိုထက် တွေးမိရရှင်းမှ ပြန်လှည့်ပြန်သွားရမှာ ကိုပင် နောက်ဆံငင်ချင်နေရပါသည့် အဖြစ်။ ဒါပေမဲ့ ဆက်ရပ် နေ၍ကလည်း မကောင်းတော့ ..။ မပန်းသင်မှ အိမ်ထဲဝင်ဖို့ မခေါ်ရဲပဲ ရှိနေပုံလေး ဖြစ်နေတာကိုလည်း ရိပ်မိနေတာမို့ .. သက်ပြင်းလေးရှိုက်ကာ .. အားယူပြုံးပြီး ..

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. ကိုထက် ပြန်မယ် .. အိမ်မှာဖုန်းရှိတယ်မဟုတ်လား .. ကျောင်းတက်ဖို့ ခြေထောက်လျှောက်မရဘဲ ဖြစ်နေရင် .. ကိုထက်ဆီကို ဖုန်းဆက်နော် .."

ဟုပဲ ပြောခဲ့ရပါ၏။ စက်ဘီးလေးနင်း၍ နောက်ပြန်သွားပြီ ဖြစ်ပါသည့် ကိုထက်ကို ငေးကြည့်ကျန်ခဲ့ရသူက မပန်းသင်ပါ ..။

ဘယ်သူမှ မမြင်ပါစေနှင့်ဟု ဆုတောင်းနေမိရပေမဲ့ ..

"ဘာဖြစ်နေကြတာလဲ .. ခြံဝမှာရပ်ပြီး .. မခွဲနိုင် မခွာရက် ဖြစ်နေကြတယ် ဆိုပါတော့ .."

မမညိုရီသော်၏ ခနဲ့စကားကို ကြားလိုက်ရပြီးသည့်နောက်မှာ .. ပိတောက်ပင်စည်ကြီး အကွယ်မှ ထွက်လာပါသည့် လူရိပ်ကိုပါ မြင်လိုက်ရသည်မို့ ရင်ထဲ မောကျသွားရ .. လန့်သွားရသည်က မပန်းသင်ပါ ..။

ဘဘအုန်း မဟုတ်ဘဲ မမညိုရီသော် ဖြစ်နေကတည်းကိုက .. မေမေခင့်ထံမှာတော့ဖြင့် .. မျက်နှာလိုအားရကြီးကို ရန်တိုက်တော့မည်ပဲ .. ဟု အလိုလို သိလာနေရပါပြီ။ အညိုရောင်ပါတိတ်ဝမ်းဆက်လေးဖြင့် ဖွေးဥဥနှင့် လှနေပါသည့် မမညိုရီသော်သည် လှလှသည်နှင့်အမျှ စိတ်လေးလည်း လှလိုက်ချေလျှင် အဘယ်မျှထိ ကောင်းချေမည်လဲ .. ဟု မပန်းသင် ဝတ်မွတ်တောင့်တစွာပဲ တွေးမိရပေမယ့် ..။ ထိုတမ်းမွတ်တောင့်ခြင်းသည် ဘယ်သောအခါတွင်မျှ .. မပန်းသင် အတွက် ဖြစ်တည်လာမှာ မဟုတ်တာကိုလည်း အလိုလို ကြေကွဲလောင်မြိုက်စွာ .. အားငယ်ညှိုးသိမ်စွာပဲ .. သိနေရသည်ပါပဲ ..။



ခြံတံခါးကို မမညိုရီသော် ဖွင့်သည်။

"ဘဘအုန်းရောဟင် .. မမညို .."

တိုးတိမ်စွာ အမေးမှာ ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်သည်က တံခါးကို ငုံ့၍ သော့ဖွင့်နေရာမှပါ ..။ တောက်ပစူးရှဲနေသည့် အကြည့်သည် မပန်းသင်၏ နှလုံးအိမ်ထိတိုင် စိမ့်ခနဲ တိုးဝင်သည်။ ဖျတ်ခနဲပင် အလိုလို နောက်ဆုတ်လိုက်မိသည်က လန့်စိတ်ဖြင့်ပါ ..။

"ညည်း .. စက်ဘီးလေးနဲ့ .. အကြော့သားပါလာနေတာကို .. ငါရော .. မေမေကြီးရော .. လသာဆောင်ကနေပြီး လှမ်းမြင်တယ်၊ ဒါကြောင့် .. ညည်းတို့နှစ်ယောက် ခြံဝမှာ အလွမ်းများ သယ်နေကြဦးမယ်ဆိုရင် .. ဘေးလူမမြင် မသိရအောင်ဆိုပြီး .. ငါ .. အရင် ဒီကိုရောက်အောင် လာစောင့်နေလိုက်တာ .. ဘဘအုန်းကို ခြံနောက်ဘက်ကစိုက်ခင်းတွေနားကို လွှတ်လိုက်တယ် .. ဘာလဲ .. ဘဘအုန်း မရှိလေခြင်းဆိုပြီး .. ညည်းကိစ္စ .. ဖုံးဖိမရတဲ့ဥစ္စာပေါ်သွားတာကို .. မချင့်မရဲ ဖြစ်နေတာလား .. ဘဘအုန်းကိုတော့ .. ညည်းက .. ပါးစပ်လေး ပိတ်ထားပေးဖို့ ပလီစီချောက်ချက်နဲ့ လေညင်းတိုးနေဦးမှာကိုး .."

ဟု မျက်နှာထားချို၍ပြောတော့ မပန်းသင် ကိုယ်လေးကြုံ့ခနဲ ဖြစ်သွားရပါပြီ ..။ မျက်ရည်တွေ လည်တက်လာရင်း ..

"မဟုတ်ပါဘူး မမညိုရယ် .. မပန်းသင် .. ပန်း .. ပန်း .. ခြေထောက်နာသွားလို့ .. ကိုထက်က .. စက်ဘီးနဲ့လိုက်ပို့တာပါ .. ပန်း .. လာရမှာက .. အဝေးကြီး မဟုတ်လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာငယ်လေးဖြင့် ပြောတော့ မမညိုရီသော် စိုက်ခနဲ ကြည့်လာသည်။

"အဲဒါ .. ငါနဲ့ မဆိုင်ဘူးလေ .. ငါယုံဖို့ မလိုပါဘူး .. ဇမမကြီး ယုံဖို့ အရေးကြီးတာပါ .. ကဲ .. ဝင် .. ခြေထောက်နာတယ် ဆိုတာကတော့ ခု .. ထော့နင်းနင်းလုပ်လည်း ရတာပဲ .. ဘယ်သူ သိနိုင်တာ မှတ်လို့ .."

ဟု ခနိုးခနဲ့နိုင်စွာပဲ ပြောလာတော့ ထော့နင်းနင်းလေးဖြင့် ခြံထဲ ဝင်လာနေရပါသည့် မပန်းသင် မော့ခနဲ ကြည့်မိရ ..။ အသံတိမ်လေးဖြင့် ..

"တကယ်ပါ မမညိုရယ် .. ခြေထောက်ကို ကြည့်ပါဦး .. ခြေမျက်စိနေရာလေး ယောင်နေတာပါ .."

အားကိုးရာ မဖြစ်နိုင်မှန်း သိနေပါလျက် ရေနစ်သူလိုပဲ ကောက်ရိုးတစ်မျှင်ကို လှမ်းအားကိုးမိရပြန်သည်။ တကယ်တော့ .. မမညိုရီသော်သည် .. ပန်းအတွက်ကတော့ဖြင့် ကောက်ရိုးတစ်မျှင်မျှသော်မျှ .. အားကိုးရာ မရနိုင်မှန်း သိနေရသည့်ကြားထဲမှ .. အားကိုးရာ ကောက်ရိုးတစ်မျှင်လေးအဖြစ် လှမ်းဆုပ်မိရခြင်းပါ ..။

ခြေထောက်လေး ထော့နင်းနင်းဖြင့် လွယ်အိတ်လေးကိုပဲ အားကိုးရာအဖြစ် ကျစ်နေအောင် ပိုက်မိကာ မြကြာယံအိမ်ကြီး၏ ဧည့်ခန်းသို့တိုင် စိတ်တွေ ဖျပ်ဖျပ်ခါအောင် လန့်ကျတုန်လှုပ်နေရင်းဖြင့် ပန်းသင် ဝင်လာစဉ်ခိုက် လှေကားထစ်မှာ ရပ်လျက် ငုံ့မိုးဆီးကြည့်နေပါသော မေမေခင့်ကို မြင်လိုက်ရပါပြီ ..။



အပေါ်ထပ်သို့ အတက်အဆင်းပြုရာ ကျွန်းလှေကားထစ်ကြီးတွေ .. ပွတ်လုံးလက်ရမ်းတိုင်တွေ လက်တောက်နေအောင် .. နေ့စဉ် မပန်းသင် ပွတ်တိုက်သန့်စင်လှည်းကျင်းနေရမြဲပါ ..။ ခု .. မပန်းသင် ပွတ်တိုက်ထားရာ လှေကားထစ်ပြောင်လက်လက်တွေကို နင်းဖြတ်၍ .. မေမေခင်သည် .. မကြာမလင့်မှီမှာပဲ .. စူးရှမာကျောနေသော စကားများဖြင့် ဖြေရှင်းငြင်းဆန်ခွင့် မရနိုင်စွာသော ရပ်တည်မှုတစ်ခုထဲမှာ မပန်းသင်ကို ထားဖို့ လာနေချေပြီတကား ..။

ဟုတ်သည် ..။ ဖြေရှင်းခွင့်လည်း မရ ..။ ငြင်းဆန်ခွင့်လည်း မရနိုင်တော့ပြီဖြစ်သည့် အနာဂတ်ကာလသည် .. တစ်ဖက်သတ်နိုင်သော စွပ်စွဲဆုံးဖြတ်မှုများကြားမှာ နစ်မြုပ်ခံလိုက်ရတော့မှာ သေချာနေသည်ဟု .. ကြိုတင်သိနားလည်လာနေရပြီ။ မျက်ရည်လည်နေသော မျက်နက်ဝန်းလေးတွေဖြင့် မျက်တောင်ထူပိတ်ပိတ် ရှည်စင်းစင်းလေးတွေ ပုတ်ခတ်ခတ်လုပ်ရင်း ထိတ်လန့်တကြားလေး ကြည့်နေသည့် အကြည့်ကို ဥပေက္ခာပြုလျက် ဒေါ်ခင်ခင်ကြီးမှ လှေကားထစ် အောက်ဆုံးနေရာမှ တန့်ခနဲရပ်၍ စိုက်ကြည့်လိုက်ရင်းမှ ..

"ညည်းကို .. ငါပြောထားတယ် မဟုတ်လား မပန်းသင် .. ကျောင်းကို ဖြောင့်ဖြောင့်သွား .. ကျောင်းက ဖြောင့်ဖြောင့်ပြန်လာ .. ကျောင်းသွား ကျောင်းပြန်မှာ .. တစ်နေရာကို ဝင်အချိန်ဖြုန်း .. အပျော်လိုက်နေမှာစိုးလို့ .. စက်ဘီးတောင် ပေးမစီးပဲ .. ခြေလျင်ပြန် ခြေလျင်သွား လုပ်ခိုင်းခဲ့တာပါလို့ .. ငါပြောထားတယ် မဟုတ်လား၊ ပြန်ချိန်တန်ရင်

www.burmeseclassic.com



ပြန်ရောက်ရမယ်ဆိုတဲ့ စည်းကမ်းနဲ့ကို ညည်းကို ငါထား ထားတာ .. ခု ကြည့်စမ်း .. ညည်းက .. အကောင်တစ် ကောင်နဲ့ .. စက်ဘီးစီးပြီး တူတူတောင်မှ ပြန်လာရဲနေ ပြီ .. ဒီမယ် .. ညည်းကို သူဌေးသမီးဆိုပြီး .. ဥစ္စာသိုက်တူး မယ့်ကောင်လေးတွေနဲ့ ကင်းအောင်လို့ ဆိုတာ ငါပြောထား တယ် မဟုတ်လား .. ညည်း .. ငါ့စကားကို .. ပမာမခန့် လုပ်ရဲလာပြီပေါ့ .. ဟင် .. ညည်းဟာ .. ညည်းအဖေလိုပဲ .. ငါ့ကို .. အသံတိတ်နည်းနဲ့ အန်တုပြတဲ့သူမျိုး .."

အသံက စူးရှနေသည်။ စူးရဲနေသည်။ အညှာအတာ လုံးဝရှာမရနိုင်သည့် အသံမျိုး။ မော့ကြည့်နေရင်းဖြင့် မပန်းသင် ခံစားလာရသည်က .. မေမေခင့် အကြည့်တွေသည် ဝံပုလွေ အကြည့်မျိုး ဆန်လာနေသည်။ အပြစ်ရှာနေသည့် အကြည့်တစ်ခု တည်းသာ မဟုတ်၊ ရက်စက်သောအကြည့် ..။ ထိုအကြည့်တွေ သည် မပန်းသင်ကို ဝါးမျိုနေသည်ဟု ခံစားလာနေရသည်။ မပန်းသင်၏ နှလုံးအိမ်ဆီမှ သွေးစိမ်းရှင်ရှင် .. ပန်းထွက်လာသည် အထိ ဝါးမျိုရက်စက်နေသည့် အကြည့်များ ..။

"ပန်း .. ပန်း .. မေမေခင့် စည်းကမ်းကို ဖောက်တာ မဟုတ်ပါဘူး မေမေခင် .. ကျောင်းမှာ .. ပန်း လှေကား ထစ်အဆင်းမှာ .. ချော်သွားပြီး .. ခြေမျက်စိနေရာက နာ သွားလို့ပါ .. အဲဒါကလည်း .. အိမ်ကို .. အပြန်နောက် ကျမှာစိုးလို့ သွက်သွက်ကြီး ဖောနဲ့ ဆင်းရင်းက ဖြစ်သွား ရတာပါ .. ခြေထောက် အရမ်းနာနေလို့ .. ကိုထက်က .. စက်ဘီးနဲ့ဓောင့်ပြီး လိုက်ပို့ပေးတာပါ .. ပန်းရဲ့အိမ်က



လည်း .. မြို့ပြင်ဘက်ဆိုတော့ .. မိန်းကလေးသူငယ်ချင်း ထဲက .. စက်ဘီးနဲ့ လိုက်ပို့ဖို့ကျတော့ .. ခရီးဝေးနေလို့ ပါ"

ထိုအလှမ်းဝေးသည့် ဤခရီးကို .. မေမေခင်သည် .. ပန်းတစ်ယောက်တည်း လွယ်အိတ်လေးတစ်လုံးကို အဖော်ပြုပိုက် ထားရင်း .. နေ့စဉ် ပြန်လာနေရတာကိုကျတော့ .. မစိုးရိမ်ပြီတဲ့ လား .. ဟု ရင်ထဲမှ ကြေကွဲစွာ တွေးမိရဆဲပါ ..။ ဤအတွေး သည် .. မနက်ကျောင်းတက်သွားချိန်တိုင်း .. ညနေကျောင်းပြန် ချိန်တိုင်းမှာ .. လမ်းလေးသုတ်သုတ် လျှောက်ရင်း .. ကြေကွဲ နာကျင်စွာ .. သိမ်ငယ်ညှိုးဖျော့စွာ မပန်းသင် တွေးနေရမြဲအတွေး ပါ ..။ ဘယ်တော့မှ မပြောင်းလဲနိုင်သည့် ထိုအတွေးတိုင်းသည် .. နေ့စဉ် .. လောင်မြိုက်စွာပဲ .. မပန်းသင်၏ရင်ကို ဖြတ်သန်းခဲ့ ရစမြဲ ..။

"အလိုတော် .. ကျုပ်ကပဲ .. တစ်ပြန်တစ်လဲ .. အပြစ်ရှိ သူကြီးကို ဖြစ်လို့ပါလား .. ဒီမယ် .. ဘာ့ကြောင့်ပဲဖြစ် ဖြစ် .. ငါ့စည်းကမ်းကို ညည်း ဒီနေ့မှာဖောက်ခဲ့ပြီ .. အိမ် ရှေ့ထိ .. ကောင်လေးတစ်ကောင်နဲ့ .. ညည်း လာခဲ့ပြီ .. သူနဲ့ ရင်းနှီးလို့သာ .. သူက .. ညည်းကို .. ဒီလိုလိုက်ပို့ ရဲတာပေါ့ .. မရင်းနှီးပဲနဲ့ .. ညည်းကို .. မပန်းသင် .. ဇင်များကို .. ကျွန်တော် လိုက်ပို့ပါရစေ .. လို့ ပြောရဲပါ့ မလား .."

မာကျောပြတ်သားစွာ ပြောလာသည့် အသံတွေထဲမှာ ဆိုးဝါးမည့် အဖြစ်တစ်ခုသည် မှောင်မိုက်သော အရိပ်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရက်စက်စွာပဲ မပန်းသင်ကို အုပ်မိုးထားလိုက်ချေတော့မည်ဟု တုန်လှုပ်ချောက်ချားစွာပဲ ပန်း .. ပန်း .. သိလာနေရသည်မို့ လက်အုပ်လေး ချီလိုက်ကာ ..

"တကယ့်ကို ခြေထောက်က .. နာနေလို့ လိုက်ပို့တာပါ မေမေခင်ရယ် .. နောက်ကို .. နောက်ကို .. ပန်း .. ဘယ်သူ့စက်ဘီးနဲ့မှ မလာတော့ပါဘူး .. ပန်းကို .. ပန်းကို .. ကျောင်းတက်ခွင့်တော့ ပေးပါ .. ပေးပါ .. မေမေခင်ရယ် .."

ဟု ချောက်ချားစိတ်နှင့် ပြောမိရစဉ်ခိုက် ..

"အံမယ် .. ညည်းလေးက .. ဉာဏ်မသေးပါလား .. ကျောင်းထုတ်လိုက်တော့မယ် ဆိုတာကို ညည်းက ကြိုသိနေနှင့်ပြီကိုး .. ဒါကို လုပ်ရင် .. ဒါဖြစ်မယ်ဆိုတာ ညည်းသိထားသားပဲ .. သိရက်နဲ့ လုပ်တယ်ဆိုတော့ .. ညည်းထိုက်နဲ့ ညည်းကံပဲ .. ငါ့ မြကြာယံ အိမ်ကြီးမှာ ကောင်လေးတစ်ယောက်နောက်ကို .. လိုက်သွားတဲ့ .. မပန်းသင်ဆိုတဲ့ ကောင်မလေးတစ်တစ်ယောက်ရဲ့ အဖြစ်မျိုးကိုတော့.. ချန်မထားနိုင်တော့ဘူး မပန်းသင် .. ဒီ့အပြင် .. ညည်း.. ဒီမြကြာယံကနေပြီး တိတ်တိတ်လေး ခိုးထွက်မသွားအောင်လည်း ငါက ကြိုတင်ဟန့်တားထားရမယ် .. စီစဉ်ထားရမယ် .. ညည်း .. နောက်နေ့ ကျောင်းဆက်တက်ခွင့်ဆိုတဲ့ အခွင့်အရေးကို ရလိုက်ရင် .. ညည်း .. အဲဒီကောင်လေးနောက်ကို .. လိုက်သွားဖို့ အခွင့်အလမ်းကို ငါက .. ဖွင့်ပေးလိုက်သလို ဖြစ်သွားမှာပေါ့ .."



"ရှိခိုးပါရဲ့ မေမေခင်ရယ် .. ပန်း .. ရှိခိုးပါတယ် .. ပန်း .. ကျောင်းဆက်နေပါရစေ .. ကိုထက်နဲ့ .. မပြောရဘူး မဆိုရဘူး ဆိုလဲ .. ပန်း မပြောပဲ မဆိုပဲ နေပါ့မယ် .. ပန်းနဲ့ ကိုထက်က .. မောင်နှမအရင်းတွေလို နေကြတာပါ .."

"ဒါပေမဲ့ .. မောင်နှမအရင်းတော့ မဟုတ်ကြဘူးလေ .."

ဘယ်လိုပဲ ကြမ်းပေါ်ဒူးလေးတုတ်ချ၍ ရှိခိုးတောင်းပန်ရင်း ငိုယိုခယနေပေမယ့် မေမေခင်ကတော့ မျက်နှာထက်တွင် ကရုဏာရိပ် စိုးစဉ်းသော်မျှ မထင်ပဲ ခပ်တည်တည်ပဲ ငုံ့စိုက်ကြည့်နေရင်းမှ ဖြေချလိုက်တော့ မပန်းသင် .. အလိုလို သိလာနေရပြီ ..။ ပန်းကို .. ပန်းကို .. ကိုးတန်းဆိုသည့် အတန်းကို ဆုံးခန်းတိုင်အောင် သင်ခွင့်ပေးတော့မည် မဟုတ်ဟူ၍ပါ ..။

တစ်နေ့မှာ .. ဆရာဝန်မကြီး ဖြစ်ရမည် .. ဆိုသည့် ရည်ရွယ်ချက်ကြီးဖြင့် ပန်း .. အရမ်းကို ကြိုးစားနေရပါသည့် ဘဝတစ်ခုနှင့် မျှော်လင့်ချက်ကြီးသည် .. လုံးဝကြီးကို ကုန်ခန်းခြောက်ခန်းသွားသော ရေကန်အကောကြီး တစ်ခုအဖြစ် ရင်မှာ ခြောက်သယောင်းထစွာ ကျန်ရစ်ခဲ့ရတော့မည်တဲ့လား ..။ ဟင့်အင်း ..။ ပန်းအဖြစ်မခံနိုင် ..။ မပန်းသင် .. ခေါင်းခါ၍ ကုန်းခြစ်အော်လိုက်မိရပါပြီ ..။

"ပန်းကို .. ပန်းကို .. အနိုင်မကျင့်ကြပါနဲ့ ပန်း .. စာသင်မယ်၊ စာဆက်သင်မယ် .. ဆက်သင်မယ် .."

ဟု အန္တရာယ်ကြီးတစ်ခုကို .. သေမလောက်ကြောက်နေသည့် တုန်လှုပ်ချောက်ချားခြင်းများဖြင့် မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



မှာ သွေးတွေဆုတ်ကျကုန်ရရင်း မပန်းသင် အော်မိစဉ်ခိုက် .. မေမေခင်၏ ခြေထောက်အစုံက ပခုံးကို လှမ်းကန်လိုက်ပါပြီ ..။ ကိုယ်လေး လန်အကျမှာ မေမေခင်မှ ကြမ်းပေါ်ဆင်းလာရင်း တည်တင်းမာထန်စွာပဲ ငုံ့စိုက်ကြည့်လာကာ ..

"ညိုရီသော် .. ညည်းကို ကတ်ကြေး ယူလာခဲ့လို့ .. စောစောကတည်းက ဒီကောင်မကို .. ညည်း သွားတံခါး မဖွင့်ပေးခင်ကတည်းက .. မှာထားတယ် မဟုတ်လား.."

ဟု လှည့်အော်တော့ ညိုရီသော် ကတ်ကြေးတစ်လက်ကို ကိုင်လျက်ဖြင့် တံခါးခန်းဆီးအကွယ်မှ သုတ်ပျာပျာထွက်လာသည်။ ကတ်ကြေးကို ကမ်းပေးတော့ ခေါင်းခါ၍ ဒေါ်ခင်ခင်ကြီး အံခဲ၍ ကြည့်လိုက်သည်က မပန်းသင်ကိုပါ ..။ အကြည့်သည်ရန်သူဆန်၏။ အငြိုးအတေးကြီးသူ၏ အကြည့်ဆန်၏။ အညှာအတာမရှိ ..။

"သူ့ဆံပင်တွေကို ဖြတ်ပစ်စမ်း ညိုရီသော် .. အရင်းမှာ ကွက်တိကွက်ကျားဖြစ်အောင်ညှပ် .. ဆံပင်ကို အရှည်လိုက် ဖြတ်မချလိုက်နဲ့ .. သူ့မျက်စိရှေ့မှာပဲ .. တစ်ဆစ်တစ်ဆစ် စီကို ဖြတ်ချသလို .. ဖြတ်ချ .."

ဟု ပြတ်ပြတ်ကြီး ပြောချတော့ မပန်းသင် ထိတ်လန့်တကြား ထရပ်သည်။ နံရံကို ထိသည်အထိ နောက်ဆုတ် နောက်ဆုတ်ဖြင့် ရောက်သွားရရင်းမှ ပြေးပေါက်မရှိတော့သည့် သိုးငယ်ဖြူဖြူလေးနှယ် အားကုန်တုန်ချိစွာ ကြမ်းပေါ်ပြိုအကျ ..။ ကတ်ကြေးကို ဒေါ်ခင်ခင်ကြီးမှ ညိုရီသော်ထံမှ ဆတ်ခနဲ ယူလိုက်ကာ..



"သူ့လက်တွေကို .. ဆိုဖာဆက်တီကြီးပေါ်က ဇာအုပ်ကြီး ဖြုတ်ပြီး ချည်လိုက်စမ်း .. ခြေထောက်တွေကိုလည်း နောက်ဇာအစွပ်အုပ်တစ်ခုနဲ့ချည် .."

မေမေခင့် အလိုကျဆို .. ဘာမဆို မျက်နှာလိုအားရကြီး လုပ်လုပ်ပေးတတ်ပါသော မညိုရီသော်သည် တကယ်ပဲ ဆိုဖာအုပ်ဇာကြီးတွေ ဖျပ်ဖျပ်ပါအောင် ယူလည်းယူ ..။ ငိုယိုတောင်းပန်နေသည့် မပန်းသင်ကို လက်နှင့် ခြေထောက်တွေမှာလည်း ချည်နှင့် ဆူညံနေကြခိုက် ခြံနောက်ဘက် စိုက်ခင်းမှာရှိနေကြပါသည့် ဒေါ်ကြီးသင်းရော .. ဘဘအုန်းရော .. မိမိုးရော အိမ်ဧည့်ခန်းဆောင်ကြီးထဲ ပြေးလွှားရောက်လာခိုက်မှာ ..။

လက်တစ်ဆစ်စီ တစ်ဆစ်စီစာလောက်လေးတွေ အဖြစ် ညိုရီသော်မှ ဖြတ်ဖြတ်ချလိုက်သမျှ .. တိခနဲ တိခနဲ ပါသွားပါသည့် ဆံပင်နက်နက်ပျော့ပျော့လေးတွေကို ငယ်သံပါအောင် အော်ဟစ်ငိုယိုကြည့်ရင်း သွေးပျက်မတတ် ခံစားနေရရှာပါသည့် မပန်းသင်ကို တွေ့လိုက်ရပါပြီ ..။ ဒူးဆစ်သို့တိုင်အောင် လုပမည်းနက်စွာ .. ပျောင်းနွဲ့မည်းခက်စွာ ရှိပါသည့် ဆံပင်လုလုလေးတွေသည် .. ဆံပင်လေးတွေနှင့်ပင် မတူနေ ..။ ပိုးမျှင်လေးများနှယ် လှပနွဲ့လက်နေကြလောက်အောင်ကို .. မပန်းသင်၏ ဆံပင်အလှက .. ကျက်သရေတစ်ပါးအဖြစ် ရှိနေသမျှ ..။

ခု .. ရက်စက်စွာ .. ဖြတ်ပစ်ခြင်းကို ခံလိုက်ရချေပြီတကား ..။

"ဘယ်သူမှ အနားလာမကပ်နဲ့ .. မတားနဲ့ .. သူ့မိုက်ဖြစ်နဲ့သူ ခံရတာ .. ဒီမြကြာယံမှာ .. လင်နောက်လိုက်သွားတဲ့ .. မပန်းသင် ဆိုတာမျိုးကို .. ထပ်အဖြစ်မခံနိုင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံနက်နက်မာမာကြီးဖြင့် လှမ်းအော်တော့ ဒေါ်ကြီးသင်တို့ခမျာ မျက်ရည်ဝဲနေရင်းဖြင့် ရင်ထုမနာကြီး ကြည့်နေကြရပါပြီ ..။

ကိုယ်က .. အစေအပါးပေပဲလေ ..။ ရင်ထဲမ သော်မှ .. ဖွင့်ပြောတားမြစ်ပိုင်ခွင့် မရှိချေသည် မဟုတ်ပါလား..

ရှန်းတန်ငိုယိုနေရင်း ငိုယိုနေရင်းဖြင့်ပင် .. မပန်းသင်လေး၏ ဆံပင်ရှည်ရှည် လှလှလေးသည် .. ပျောက်ကွယ်သွားလျက် ညှပ်ထားသော ဆံစတိုအပုံသာ ရှေ့မှာရှိနေတာမို့ မျက်ရည်တွေလူးနေရင်း သွေးပျက်မတတ် ခံစားငုံ့ကြည့်နေသည့် မပန်းသင်၏ မျက်ဝန်းလေးတွေ ချာချာလည်နေကြပါသည့် အဖြစ် ..။

ခေါင်းကို ဘယ်ညာယိမ်း၍ အတင်းရုန်းကန် တိုးဖယ်နေရင်းမှ .. ဆံပင်လေးတွေသည်ပင်လျှင် ခေါင်းထက်မှ ညီညီညာညာ မကျန်ခဲ့ရပဲ .. ကွက်ကျိုကွက်ကျားကြီး ကျန်ထားနေတော့ ဒေါ်ကြီးသင်းမှ ရင်ထဲမခံသာတော့ပဲ ..

"အစ်ကိုလေးရယ် .. အစ်ကိုလေးသမီး အဖြစ်ဆိုးသမျှ.. မှသင်း မကြည့်ရက်တော့ပါဘူး.. မကြည့်ရက်တော့ပါဘူး.."

ဟု ရင်ထဲမှတွေးကာ မီးဖိုဆောင်ဘက် အပြေးတစ်ဝက် ပြန်ဝင်လာရိုက် ..။ သက်ပြင်းကြီးရှိုက်ချ၍ ဘာဘာအုန်းရော.. မိမိုးရော .. နောက်မှ ပါလာကြပါ၏။ ဧည့်ခန်းဆောင်ဆီမှာတော့ မပန်းသင်၏ ငိုယိုနေသံက ရင်ကိုခွဲ၍ ခွဲ၍ .. ပေါက်ကွဲလွင့်စင်နေကြသည့်နှယ် မချိမဆန့်ကြီး ထွက်ပေါ်နေဆဲ ..။

"ဘာကြောင့်ပဲဖြစ်ဖြစ် .. ငါတို့တွေ ဒီက မထွက်သွားရက်ကြပါဘူး မယ်သင်းရယ် .. ကလေးကို ရက်စက်တာ



မကြည့်ရက်ဘူးဆိုပြီး ထွက်သွားရင် .. ဒီကလေး .. ပိုအထီးကျန်နိုင်နေမှာ .. ကလေးရဲ့ဝဋ် .. တို့ရဲ့ဝဋ်ပေါ့ .. မြင်နေပါရက်ကယ်နဲ့ .. မတားသာတာက ဆိုးတယ် .."

ဟု ခေါင်းခါ၍ .. ဘာဘာအုန်း ခြံထဲဆင်းချသွားတော့ [..]းမှ တစ်ရှုံ့ရှုံ့ငိုကျန်ခဲ့၏။ ဒေါ်ကြီးသင်းလည်း အခန်းထောင့်မှာ [..]တ်၍ မျက်ရည်သုတ်နေဆဲ ..။

ထိုစဉ်ခိုက် ..

"ဖေဖေရေ .. ဖေဖေရေ .."

နှင့် အဖေကို တမ်းတငိုနေသံလေး ပေါ်လာတော့ [ဒေါ်]ကြီးသင်း ခြံထဲထိ ပြေးဆင်းချသွားလိုက်ရပါပြီ ..။

"ဟင် .. ဟင် .. အဖေအားကိုးနေသေးတယ် .. အားကိုးနေသေးတယ်ပေါ့ .. ညည်းအဖေက .. ငါ့ကိုထားရစ်ခဲ့ပြီး .. ညည်းအမေကို ယူသလေ .. ညည်းအမေက .. ညည်းကိုမွေးပြီး သေတယ် .. ညည်းအဖေက .. ကလေးကိုပိုက်ပြီး အိမ်ပေါ်ပြန်တက်လာတယ် .. ဒီအိမ်က .. သူ့အိမ်ပေကိုး .. ငါတားလို့ ရမလား .. မယားကြီးဆီ ပြန်လာတယ် ဆိုတာလောက်နဲ့ပဲ .. ငါ့မှာ .. ရင်ထဲကအမျက်ကို မျိုထားရတာပဲ .. ခု .. ညည်းအဖေ .. ကင်ဆာဖြစ်လို့ သေခဲ့ပြီ .. သူဟာ .. ငါ့လင်ဖြစ်တာတော့ မှန်တယ် .. ဒါပေမဲ့ .. ညည်းအမေ .. သူနာပြုဆရာမနဲ့ညားပြီး .. အိမ်က ပျောက်သွားကတည်းက .. အဲဒီ ညည်းမမွေးခင် သုံးနှစ်ကတည်းက .. ငါ .. သူ့ကို နာနေခဲ့တာ .. နာနေခဲ့တာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



အရှုးကြီးလိုပဲ အတေးအမှတ်နိုင်နိုင် .. အတေး အမှတ် ခိုင်ခိုင်ကြီးဖြင့် ပြောနေသမျှ မပန်းသင်လေး ငိုယိုရင်း ကြားနေရဆဲပါ ..။

ကြမ်းပေါ် လူးလဲငိုနေပါသည့် မပန်းသင်ကို မျက်ရိပ်ပြ၍ ခြေနှင့်လက်မှာ ချည်ထားတာတွေ ဖြေပေးဖို့ ညိုရီသော်ကို ကြည့်လိုက်တော့ ညိုရီသော် ဖြေပေးလိုက်သည်ပါပဲ ..။

မပန်းသင်၏ လက်လေးတွေ ကယောင်ကတမ်း နိုင်ဇွာ ခေါင်းလေး အုပ်မိုးကျသည်။ တိုစိစိလေးတွေ ကွက်ကျား ကျားကြီး ရှိနေသမျှ စမ်းနေမိရင်း မပန်းသင် မျက်ရည်တွေ ဖြိုဖြိုကျလာနေရင်းမှ နောက်ဖေးဘက်ကို ပြေးသွားမိရပါပြီ ..။

ခြံထဲထိ မပန်းသင်လေး ဆင်းပြေးလာစဉ်ခိုက် ..။

ရှေ့တံခါးဘောမှ ငိုင်ငိုင်ကြီး ထိုင်နေကြပါသည့် ဘဘအုန်းရော .. ဒေါ်ကြီးသင်းရော ပြေးလာကြရကာ ..။

ဒေါ်ကြီးသင်းမှ မပန်းသင်၏ ကိုယ်လေးကို သိမ်းပွေ့လိုက်စဉ်ခိုက် .. ပျောင်းနွဲ့နွဲ့ကိုယ်လေးသည် ဆတ်ဆတ်တုန်နေရှာပါပြီ ..။

"ကလေ့စားများ .. လန့်ဖို့ .. တုန်လှုပ်ဖို့ ကောင်းလိုက်တာကွယ် .. မမကြီး ကလေ့စားချေနေတာ .. ကလေ့စားချေနေတာ .."

ဟု ခပ်ညည်းညည်း ပြောခိုက် မပန်းသင်မှာ .. ရင်တွေမွှမွှကြေမျှ ခံစားနေရရင်းမှ ..

"ပန်းရဲ့ ဆံပင်တွေ .. မရှိတော့ဘူး ဒေါ်ကြီးရဲ့ .. ရက်စက်လိုက်ကြတာ၊ ရက်စက်လိုက်ကြတာ .."



ဟုသာ .. ရင်ကို ခွဲလာသည့်နှယ် အသံလေးတွေ အက်ကျတုန်ခါနေရင်း ရှိုက်သံတွေဖြင့် ပြောလည်းပြော ..။

ဒေါ်ကြီးသင်း၏ ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ချရင်း .. ရှိုက်ကြီးငင်ငင် .. ငိုချလိုက်မိရပါပြီတည်း ...။

❀ ❦ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

စက်ရပ်သွားပြီဖြစ်သည့် မော်တော်သည် နမ့်မွန်းချောင်းရေအတိုင်း ပြန်၍ မျောပါနေတော့ ငွေပိုးမျှင် မျက်လုံးလေးတလည်လည်ဖြင့် ဘေးဘီဘက်ကို ကြည့်မိပြီ ..။ အစ်ကိုဖြစ်သူ နေဝန်းနီကတော့ လေလေးတချွန်ချွန်ဖြင့်ပါ ..။ ဘေးမှာရှိနေသည့် လှော်တက်ဖြင့် မော်တော်ကို အလိုက်သင့် ပြန်ထိန်းလှော်နေပြီ ..။ ဖွဲ့ပိုင်ကလည်း လှမ်းမျှော်မြင်နေရပါသည့် အိမ်ကြီးရှိရာဘက်ကို လက်ညှိုးညွှန်၍ ..

"အဲဒီကိုပဲ လှော်ပေတော့ ဖိုးနေဝန်း .."

ဟု ပြောနေတော့ နေဝန်းနီ ခါးလေးကိုင်း၍ ..

"အဲဒီကိုပဲ လှော်မှာပါ ခင်ဗျာ .. ဆိုကုန်နေပြီဖြစ်တဲ့ ဒီမော်တော်ကို .. ကျွန်တော်ကလည်း .. လှေဆိပ်အရောက်ပြန်ပြီး လှော်တက်မသွားနိုင်ပါဘူး ခင်ဗျာ .. ရေဆန်ကို လှော်ရမယ့် လက်မောင်းတွေကို သနားလို့ပါ .."



ဟု ပြောနေတော့ ဖွဲ့ပိုင် အော်ရယ်သည်။ ရန်ကုန်မှ အလည်လိုက်ပါလာပါသည့် ဖော်ပိုင်။ လှိုင်ခမ်းမြို့၏ နမ့်မွန်းချောင်းမှာ မော်တော်စီး၍ ပျော်ချင်လှချေရဲ့ လုပ်နေတာမို့ ..။ ချောင်း၏ လှေဆိပ်မှ မော်တော်ကို ငှားစီးလာခဲ့ကြခြင်းပါ ..။

ချောင်းကို စုန်ဆင်းလာသည်မှ မြို့ပြင်ဘက်ကိုလည်း ရောက် ..။ ဝါးရုံရိပ်တန်းတွေ ရှိနေသည့် ချောင်းတစ်ဖက်တစ်ချက်ဆီမှ .. ဝါးကိုင်းတံညွှတ်နွဲ့နွဲ့တွေကိုလည်းကြည့် ..။ ဝါးကိုင်းတံ ညွှတ်ပျောင်းပျောင်းတွေဆီမှ ရုတ်ခနဲ ထပျံကြပါသည့် အဝါရောင်ငှက်ငယ်ငယ်လေးတွေကို ..

"အဲဒါ .. ငှက်ရွှေဝါလို့ ခေါ်တယ် .."

ဟု ခပ်တည်တည်ဖြင့် သူပေးချင်သည့် နာမည်ကို ပေး၍ ငွေပိုးမျှင်ကို လူတတ်လုပ်လည်းလုပ်ဖြင့် ဖွဲ့ပိုင် ရှိခဲ့ရာမှ ..။ ခု .. မော်တော်ဆိုကုန်တော့ လှမ်းလင့်မြင်နေရပါသည့် အိမ်ကြီးတစ်လုံးဆီသို့ လက်ညှိုးညွှန်သည့်အလုပ်ကို ထုံးစံအတိုင်း ဆရာကြီးစတိုင်ဖြင့် လုပ်နေသည်ပါပဲ ..။

ကမ်းနဖူးမှာ ရေချိုးဆိပ်လေးတစ်ခု ရှိသည်။ ရေချိုးဆိပ်လေး၏ တိုင်လေးတိုင်က တုတ်ခိုင်သော တိုင်လုံးကြီးများဖြစ်ပါ၏။ ရေချိုးဆိပ်တံတားလေးသည် တန်ပန်မကြီး၊ သဘော်ဆေးဖြူတွေ ဘာတွေ သုတ်ထားတာမျိုးလည်း မရှိ ..၊ သစ်သားအခင်းကတော့ ထူထူထဲထဲနိုင်သည်။ ခပ်စိပ်စိပ် ရိုက်ခင်းထားသည့် ရေချိုးဆိပ်တံတားငယ်လေးအနီး ရောက်လေလေ ..။ သေသေသပ်သပ် ခိုင်ခိုင်ခန့်ခန့်လေး ဆောက်ထားမှန်း သိသာလေပါ ..။ ဘေးဘက်မှာ အဝတ်လျှော်တန်းလေးအဖြစ် ဝါးလုံးတန်းတန်းခုက

www.burmeseclassic.com

www.burmeseclassic.com



တံတားတိုင်မြင့်၏ ထိပ်ဘက်မှာ အလျားလိုက် ရိုက်ထားသည် ..။ သဘောက .. တဘက်တို့ အကျီတို့ လွှားတင်ပြီးသည့်နောက်မှာ.. ရေချိုး ..။ ဒီသဘော ..။

"ငါ .. ရေချိုးပြန်မယ်ကွာ .. ရေကူးပြန်မယ် .. တံတားလေးလို့ပဲ ပြောရမလား .. ရေချိုးဆိပ်လေးလို့ပဲ ပြောရမလားကွာ၊ ရေထဲဘက်ကို အရှည်လိုက်လေး ထိုးထားတာဆိုတော့ .. ဘယ်လိုပဲခေါ်ခေါ် ရပါတယ်နော့ .. တံတားတိုလေး ဆိုပါတော့ .. အဟက်ဟက် .."

နှင့် လာရခိုက်လေးမှာ တောပျော်မင်းသားစတိုင်လေးဖြင့် ရေချိုးဖို့ တာစူနေသည့် ဖွဲ့ပိုင်ကို ငွေပိုးမှျင် စိတ်ညစ်ညစ်ဖြင့် တစ်ချက်ကြည့်မိသည်။

ကိုကိုနေဝန်းက လှော်တက်ဖြင့်လှော်၍ ရေချိုးဆိပ်လေး ရှိရာဘက်ကို လှော်နေရချိန်မှာ ကိုကိုဖွဲ့ပိုင်က .. အားရပါးရကြီး ပြုံးနေလျက်ဖြင့် .. ရေဆင်းကူးပြီးမှ ပြန်တော့မည့် အစီအစဉ်ကိုပင် ဆွဲနေသေးသည့်အဖြစ်။

"ဒီမှာကဖြင့် .. ဆီရမှရပါ့မလားလို့ ပူနေရတာကွ .. ဒီဇယ်ဆီရမှ ဖြစ်မှာ .. ပြီးတော့ .. ဒီအိမ်ကြီးက .. ဘယ်သူ့အိမ်ကြီးမှန်းလဲ သိရတာ မဟုတ်ဘူး .. ငါတို့လဲ ဖေဖေ ဒီဆေးရုံကြီးမှာ တာဝန်ကျလို့ ပြောင်းလာရတာမို့သာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကမှ ဒီမြို့ကို ရောက်ဖူးရတာ .. ဘယ်သူနဲ့မှ သိရကျွမ်းရသေးတာ မဟုတ်ဘူးကွ.. ငါ .. အင်းလျားမှာ လှေလှော်အသင်းထဲ ဝင်ထားလို့ .. လှေလှော်တတ်နေတာ တစ်ခုကြောင့် မင်း .. ခုလိုအာကျယ်



နေနိုင်တာ သိရဲ့လား .. ဒါမှ မဟုတ်ရင် .. ဒီရေဆန်ခရီးကို .. ဘယ်လိုလုပ် ပြန်မလဲ .. ကဲ .. ဒီရေဆိပ်လေးထိတောင် ရောက်နိုင်မှာ မဟုတ်ဘူး .. ရေစီးအတိုင်း မျောပါသွားရမှာ .. မို့က .. ရေဆန်ဘက် ပြန်မောင်းမှရောက်မယ့်ခရီး .. ကြာလေ .. ချောင်းအဆုံးကို ရောက်လေဖြစ်မှာ .. မင်းဟာလေ .. ပြန်လှည့်ရအောင် ဆိုတော့လဲ .. ဆက်ကြည့်ချင်သေးတယ် .. ရှုခင်းတွေက လှတယ်နဲ့ .. ကင်မရာတစ်လုံးနဲ့ စတိုင်များနေတာပဲ ရှိတယ် .. မေမေက မှာလိုက်သားပဲ .. ချောင်းတစ်ဝက်လောက်ရောက်ရင် .. ပြန်လှည့်ခဲ့တော့ ဆိုတာ .."

ဟု နေဝန်းနီ ပြောတော့ ဟဲခနဲ ဖွဲ့ပိုင် ရယ်သည်။

"တောတောင်ရဲ့ သဘာဝကို ခံစားချင်လို့ပါကွာ .. သိတယ်မဟုတ်လား .. တောင်တောသာယာ .. တိမ်လွှာကကွန့်မြူး .. ငှက်ဝါတွေ ဟိုသည်ပျံသန်းတယ် .. လွမ်းစိတ်ကထူး .. တဲ့ .. အဲဒါ .. စောစောကပဲ .. ငါစိတ်နဲ့စပ်ထားလိုက်တဲ့ ကဗျာလေးပေါ့ .. အဟက်ဟက် .. ရန်ကုန်မှာ ဒီအရသာကို .. ရွှေပေးပြီး ခံစားလို့တောင် ရှာမတွေ့နိုင်ဘူးကွ .. ကြည့်စမ်း .. ရေချိုးဆိပ်လေးနဲ့ .. အဝတ်လွှားတန်းလေးနဲ့ .. ရေဆိုတာ ကြည်မြနေတာ .. ဟိုမှာကြည့်.. ဝါးရုံရိပ်တွေချည်းပဲ .. ဘယ်လောက်လှလဲ .. ဟိုဘက်မှာကြည့် .. စပါးခင်းတွေ .. ချောင်းဘောတစ်ဖက်မှာ ဝါနေတာပဲ .. ဒီလောက်လှတဲ့မြို့ .. ဒီလောက်လှတဲ့ ကမ်းနမူးလေးတွေ .. ငါ .. ခံစားပါရစေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောနေတော့ စိတ်ညစ်သည့် ကြားထဲမှ ငွေပိုးမျှင် လွှတ်ခနဲ ပြုံးမိသည်။

ကဗျာဆရာဖြစ်ဖို့ အမြဲတောင့်တ မျှော်လင့်နေတတ်ပါသော ကိုကိုခွဲပိုင်သည် .. ခုလည်း .. ကဗျာတစ်ပုဒ်ကို .. စပ်ပြီးနေပြီတဲ့သေ့ ..။

ဖေဖေ တယောထိုးလျှင်လည်း ဝင်၍ သီချင်းဟဲတတ်သည့် ကိုကိုခွဲပိုင်ပါ ..။

ရန်ကုန်မှာတုန်းက .. ငွေပိုးမျှင်တို့၏ ပုန်းညက်မြိုင် အိမ်ကြီးနှင့် ကိုကိုခွဲပိုင်၏ စံကားဝါရိပ်ငြိမ် အိမ်ကြီးက ခြံချင်းကပ်ပေမို့ ..။ ပုန်းညက်မြိုင်မှာပဲ ကိုကိုခွဲပိုင် အနေများတတ်ကာ ..။ မေမေ့လက်ရာ ထမင်းဟင်းသည် ကိုကိုခွဲပိုင်၏ မက်မောစွာ စားသောက်ရာများအဖြစ် ရှိခဲ့သည်ပါပဲ ..။

ဖေဖေ တယောထိုးလျှင်လည်း ညဘက် တယောသံကြားလျှင် ခြံစည်းရိုးကို ခုန်ကျော်၍ ခြံထဲကူး,ကူးလာတတ်တာမို့ .. အန်တီသစ်က အမြဲဆူရမှာန်ရနှင့်ပါ ..။ ခြံစည်းရိုး တံခါးကထွက် ..။ ပုန်းညက်မြိုင်သို့လည်း ခြံစည်းရိုးတံခါး ဖွင့်နိုင်းပြီးမှဝင် .. ဟု ဘယ်လိုပဲပြောပြော ..။ မရသည့် ကိုကိုခွဲပိုင်ပါ ..။ တံခါးကထွက် ..။ တံခါးအဖွင့်စောင့်နှင့် အလုပ်ရှုပ်သည်တဲ့လေ ..။

ခုလည်း .. အန်ကယ် ဦးထွန်းပိုင်နှင့် အန်တီဒေါ်နွယ်သစ်တို့ကို ပူပူဆာဆာလုပ်ကာ လွိုင်းမွန်းမြို့ထိ တကောက်ကောက် ပါလာပါသည့် ကိုကိုခွဲပိုင်ပါ ..။ သုံးပတ်ထက် ပိုမနေရ .. ဟု အန်တီသစ်က စည်းကမ်းထုတ်ထားပြီးမှ ထည့်လိုက်တာ



မို့ .. ဖေဖေက ပြောထားပြီးပြီ ...။ ခုလာမည့်ဖလိုက်နှင့် ပြန်ရမည်ဆိုသည့် အဆုံးအဖြတ်ကြောင့် .. ကိုကိုခွဲပိုင် .. သန်ဘက်ခါ ပြန်ရတော့မည်လေ ..။

ဒါကြောင့်လည်း .. နမ့်မွန်းချောင်းရိုးအတိုင်း စုန်ဆင်းကြည့်ပါရစေ ... ကြည့်ချင်ပါသည်နှင့် ဗီဒီယိုကင်မရာတစ်လုံး .. ဓာတ်ပုံကင်မရာတစ်လုံးဖြင့် စတိုင်များ ပူဆာနေသည့် ကိုကိုခွဲပိုင်ကို .. ဖေဖေက ခွင့်ပြုခဲ့ခြင်းပါ ..။ မေမေက သိပ်မလွှတ်ချင် ..။ မြို့ပြင်အထိရောက်အောင် မသွားဖို့ အတန်တန်မှာခဲ့သည်ပဲလေ ..။

ခု .. ကိုကိုခွဲပိုင် ခြေကျောရှည်နေတာမို့ .. မြို့ပြင်ဆိုသည်မှ .. အတော်ကြီး ရောက်အောင် ချောင်းရေအတိုင်း စုန်ဆင်းမောင်းလာခဲ့ရပါသည့် မော်တော်သည် ဆိုကုန်၍ရပ်ပြီ ..။ မော်တော်ပိုင်ရှင်က အစောကတည်းက မေးတော့ မေးသည်။ ချောင်းတစ်ဝက်လောက်ကျလျှင် ပြန်လှည့်လာပါမည်ဟု ပြောသည်မို့ .. ဆိုလောက်သည်ဟု မှတ်ယူကာ .. ဒီတိုင်း ငှားလိုက်တာဖြစ်ချေမည်ဟု .. ခုမှ ငွေပိုးမျှင် တွေးမိရပါ၏ ..။

"ဟား ... လေလေးကို လန်းဆတ်နေတာပဲ .. ရှုကြည့်စမ်း မိပိုးမျှင် .. တွေ့လား .. အပေါ်ပေါ် .. ရေချိုးမယ်ကွ .. တော်နေကြာရင် .."

နှင့် ကိုယ့်အိမ် ကိုယ့်ရာမှာ မော်တော်ကြီးရှည်နားနေသည့်နှယ် လက်လေးနောက်ပစ်၍ တပေါ်ပေါ် ပြောနေသည့် ကိုကိုခွဲပိုင်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. ရေလည်းကူးတတ်တာ မဟုတ်ပဲနဲ့ .."

"ဟာ .. ဒီမှာတွေ့လား လက် .. ငါ့လက်နဲ့ ဒီတံတားလေးကို ကိုင်ကူးမှာပေါ့ကွ .. အဟက် .."

တဟက်ဟက်နှင့် အပျော်ကြီး ပျော်နေပါသည့် သဘာဝရှုခင်း၏ အရှင်သခင်မင်းသားကို နေဝန်းနီ မျက်မှောင်ကုတ်၍ ကြည့်သည်။

"အေး .. ပျော်စရာကြီးနော် .."

နေဝန်းနီ ခပ်ငေါ့ငေါ့ပြောခိုက် ..

"အေးကွ .. ဒါလဲအရသာပဲကွ .. လမ်းမှာ .. အဲ .. ချောင်းမှာ ဆီပြွတ်ပြီး ရပ်တဲ့အခါ .. ခုလို .. တံတားလေး .. အဲ .. ရေချိုးဆိပ်လေးတစ်ခုမှာ ရပ်ရင်း .. ဟောဒီက .. ကိုင်းညွတ်အောင်ရှိနေတဲ့ ဝါးရုံရိပ်ရဲ့ အေးမြမှုကို ခံစားကြည့်နေရင်း .. ဟိုးဘက်က .. စပါးခင်းတွေရဲ့ ရွှေရည်ရိပ်ဆမ်းနေတဲ့ အလှတွေကိုကြည့်ရင်း .. လေကို ရှူရှိုက်ရတဲ့ .. အရသာ .. ဘယ်လောက်ကောင်းနေလဲ .. မိပိုး .. ရှူကြည့် .. လေထဲမှာ .. စပါးခင်းတွေဆီကလာတဲ့ စပါးနံ့ .. ချောင်းရေရဲ့ ရေရနံ့ .. ဟောဒီက .. ဝါးတောရဲ့ .. ဝါးနံ့ .. ဘယ်လောက် လန်းဆန်းနေလဲ .."

အရပ်ကြီး မြင့်သလောက် .. စာရေးဆရာလည်း ဖြစ်ချင် .. ကဗျာဆရာလည်း ဖြစ်ချင်နှင့် အရပ်နှင့်ညီအောင် လေလည်းရှည်ချင်ပါသော ကိုကိုဖွဲ့ပိုင်ကို ပိုးမျှင် ပြုံးမော့ကြည့်ခိုက်မှာ ..



"အေး .. ခုလဲ .. အဲဒီဘယ်သူမှန်း မသိမမြင်ဖူးတဲ့အိမ်ကြီးထဲကို ဝင်ပြီး .. ဒီဧယ်ချေးငှားတဲ့ အရသာကိုလဲ .. မင်း ခံစားကြည့်ပါဦး .. ငါ .. ဒီကစောင့်မယ် .."

ဟု နေဝန်းနီ ပြောတော့ အယ်ခနဲ ဖွဲ့ပိုင် အသံထွက်လာသည်။

"ဒါကတော့ကွာ .. အတူတူလာကြတဲ့ဥစ္စာ .. တူတူချေးကြ ငှားကြတာပေါ့ .. ဒီလို ချေးငှားတဲ့ကိစ္စကျတော့ .. မိန်းကလေးတွေက ပိုပြောတတ်ဆိုတတ်တယ်ကွ .. ဒါ .. သူတို့ရဲ့ မွေးရာပါ .. ပါရမီရယ် .. ဒီတော့ .. မိပိုးမျှင်လေး .. ကိုကိုဖွဲ့တို့ကို ကူညီရမယ်နော် .. လာ .. တူတူသွားကြမယ် .. ဟိုရောက်ရင် .. သဘောကောင်းတဲ့ အိမ်ရှင်ကြီးနဲ့ တိုးကြမှာပါ .. ကော်ဖီတွေ ဘာတွေတောင် တိုက်လွှတ်နိုင်တယ် .."

ဟု ပြောသည် ..။ သဘာဝအလှတရားများကို ပြောနေသလည်း ပိတ်ကျသွားပြီ။ ဝါးရုံရိပ်က ချောင်းစပ်မှာ .. ကမ်းလုံးညွတ်မျှ ရှိနေပါ၏။ အုတ်ခြံစည်းရိုးသည် တစ်ဝက်ပဲရှိလျက် .. စည်းရိုးအထက်မှာ ဆေးဖြူသုတ် သစ်သားတန်းတွေထောင်ထား ကာထားသည့်မို့ ခြံတွင်းဘက်ကို လှမ်းမြင်ရသည်။

၏။

သရက်ပင်များ၊ ပိန္နဲပင်များနှင့် စိုက်ခင်းလေးရှေပါ ရှိနေ၏။

သို့

အရိပ်အားကောင်းသော လိုက်ချီးနှင့် ကျွဲသီးပင်ဘလည်း ရှိနေသည် ..။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏ နောက်ဘက်မို့ .. စိုက်ခင်းတွေက ဘောင်နှင့် အတန်းလိုက် စိုက်ထားပုံ ရပါ၏။ ရှေ့ဘက်မျက်နှာစာမှာ ဆိုလျှင်တော့ဖြင့် ပန်းဥယျာဉ်ကြီးတစ်ခု ရှိနေလိမ့်မည်ဟု ငွေပိုးမျှင် ထင်သည်။

အမိုးနီနီ .. အုတ်နီနီကြီးဖြင့် မီးခိုးခေါင်းတိုင်ကြီးနှင့် ရှိပါသော အိမ်ကြီးကတော့ဖြင့် ရှေးအိမ်ကြီးတစ်လုံးဆန်နေလျက် ..။ အရမ်းကိုလည်း ထုထည်ကြီးကြီးနှင့် ရှိနေခြင်းပါ ..။ နောက်ဖေးဘက် ခြံစည်းရိုးတံခါးသည် အတွင်းဘက်မှနေ၍ သော့ခတ်ပိတ်ထားတာမို့ .. ဖွင့်ဝင်၍လည်း မဖြစ်နိုင် ..။

"ကိုအာကျယ် .. အော်ကွာ .. အိမ်ရှင်တို့ .. အိမ်ရှင်တို့.. ဆိုပြီး အော်ကွာ"

ဟု ပြောတော့ နေဝန်းနီကို တစ်ချက်ရယ်ပြပြီး ဖွဲ့ပိုင် အော်သည်။

"အိမ်ရှင်တို့ ခင်ဗျာ .. အိမ်ရှင်တို့ ခင်ဗျာ .."

လူရိပ်ပင် မတွေ့ ..။ နောက်တစ်ကြော့ ထပ်အော်သည်။ လေတိုက်သံပဲ ထူးသံအဖြစ် ကြားနေရပါသည့်အဖြစ်

"ဟာ .. အံ့ဩဖွယ် အတိပဲ .. ဒီလောက်ကြီးတဲ့အိမ်ကြီးမှာ .. လူတစ်ယောက်မှ မရှိကြဘူးတဲ့လား .."

ခေါင်းခါ၍ ဖွဲ့ပိုင် ပြောကာ နေဝန်းနီကို ကြည့်သည် ဖြစ်ခပ်တည်တည် လက်ပိုက်ရပ်ကြည့်နေတာနှင့်ပဲ တိုး၏။ ငွေပိုးမျှင် ကတော့ ရေချိုးဆိပ်လေးမှာ ထိုင်ချ၍ ချောင်းရေထဲ ခြေထောက်လေးတွေ တွဲလွဲချ ထိခတ်ရင်း ခပ်ဖွဖွ ရေကို ထိခတ်ကစားပါ၏။



"ငါ ကျော်ဝင်မယ်ကွာ .."

ခြံစည်းရိုးကျော်တာ အသားတကျ ကျွမ်းကျင်နေနှင့်ပြီး ဖြစ်ပါသည့် ဖွဲ့ပိုင် စိတ်မရှည်တော့ပဲ ပြောလာတော့ နေဝန်းနီ တားရပါပြီ ..။

"အဲ့ဒါ .. မှန်းညက်မြင် မဟုတ်ဘူးကွ .. ငါတို့ရပ်နေတာကလည်း .. မင်းနေတဲ့ စံကားဝါရိပ်ငြိမ် မဟုတ်ဘူး .. ချောင်းကမ်းစပ်နဲ့ .. သူများအိမ်ကြားမှာ ရပ်ရင်း .. မဟုတ်မဟုတ်တွေလုပ်ဖို့ စိတ်မကူးနဲ့ .. ငါ ခေါ်မယ်"

ဟု ပြောရ တားရနှင့် ရှိသွားရပါ၏။ နောက်တော့လည်း နှစ်ယောက်သား လက်ကန်တော့ထိုး၍ ...

"အိမ်ရှင်တို့ ခင်ဗျာ .. အိမ်ရှင်တို့ ခင်ဗျာ .."

ဟု တစ်ဖက်သား စေတနာပျက်လောက်အောင်လည်း တစာစာမဖြစ်အောင် .. ကူချင်အောင် .. ချိုချိုလေးခေါ်ကြ .. ကျယ်ကျယ်လည်း ခေါ်ကြနှင့် ရှိသွားကြရပါ၏။

ထိုအခိုက် .. လူရိပ်လေး ပေါ်လာ၏။ ကောင်မလေးတစ်ယောက် ..။ ဦးထုပ်ဖြူလေး ဆောင်းထားပါသည့် ကောင်မလေး ..။

စောစောကတည်းက .. ခေါ်သံကို ကြားနိုင်လောက်သည့်နေရာမှာ .. ရှိနေလိမ့်မည်ဟု နေဝန်းနီ တွေးမိရပါ၏။ ဒါပေမဲ့ .. ဘာကြောင့် .. ဤကောင်မလေး ထွက်မလာခဲ့ရပါသတဲ့လဲ ..။ ကြည့်ရတာ .. ညီမလေး ပိုးမျှင်ထက်ပင် ငယ်မည့်အသွင်လေး ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ .. ကျွန်တော်တို့ မော်တော် .. ဆိုက်ကပ်သွားတာနဲ့ .. အဲဒါ .. ဒီမှာ ဒုက္ခကြီး ကြုံနေရလို့ပါ ညီမလေးရယ် .. ဆိုရမလားဟင် .. ဒီဇယ်ဆီလေ .. မော်တော်ဘုတ်အတွက် လိုနေလို့ပါ .. ပြန်လာဆပ်ပါ့မယ် .. စိတ်ချပါ .. ကျွန်တော်တို့က .. ရန်ကုန်ကပါ .. ကူပါဗျာ .."

လေလေးတချိုးချိုးဖြင့် ဖွဲ့ပိုင် ပြောပါ၏။ ဒီလိုကျတော့လည်း တစ်ဖက်သား ကူညီချင်စိတ်ပေါက်အောင် ပြောတတ်ဆိုတတ်နေပါချေ၏။

ပိုးမျှင်ကတော့ ရပ်နေသည့် မိန်းကလေးကိုပဲ ငေးကြည့်နေသည်။ ငွေပိုးမျှင် စိတ်ထဲမှာ အလိုလို သိလာနေရသည်က .. ထိုမိန်းကလေးသည် .. စိတ်ထိခိုက်နေသည်ဟု ..။ အရမ်းကို ချောနေပါသည့် ထိုအိမ်ရှင် မိန်းကလေးသည် .. မျက်ဝန်းများ ညှိုးရိပ်သမ်းနေ၏။ ပါးပြင်လေးတွေ နီမြန်းမြန်း ဖြစ်နေသည်။

ဘုရားရေ ..။ ထိုမိန်းကလေးသည် ငိုထားပုံရနေချေသည်တကား ..။ မိန်းမသားချင်း .. နားလည်တွင်းဖောက်မြင်တတ်ခြင်း၏ ထူးခြားသော သဘောဝအတွင်းခံစိတ်ဖြင့်ပင် .. ထိုသို့ ငွေပိုးမျှင် နားလည်လာနေမိရပါ၏။

ကိုကိုနေဝန်းနီကို မော့ခနဲ ငွေပိုးမျှင် ကြည့်မိတော့လည်း ခပ်ငေးငေး ကြည့်နေတာကို မြင်ရပါ၏။ ခုထိ .. ဘာကိုမှမရိပ်မိဘွာ အလိုက်ကမ်းတရား မသိဘဲ .. ဆိုချေးငှားအလုပ်ကို တွင်တွင်လုပ်နေသည့် ကိုကိုဖွဲ့ပိုင်ကို မော့ခနဲ ငွေပိုးမျှင်ကြည့်၍ .. ခပ်တိုးတိုးလေး ဟုန့်လိုက်မိရပါ၏။

"ကိုကိုဖွဲ့ .. ခဏ .. ခဏ .. ငြိမ်နေပါဦး .."



ဟု တားနေရပါသည့် အဖြစ် ..။ ကောင်မလေး .. မျက်ခနဲ လှည့်ထွက်သွားတော့ ကျွတ်ခနဲ စုတ်သပ်၍ ဖွဲ့ပိုင်ခေါင်းယမ်းသည်။

"တစ်ခုခုတော့ ပြောသင့်တာပေါ့ကွ .. မရှိဘူးဆိုလဲ ပြီးတာပဲ .. မော်တော်လဲ ခဏအပ်ထားပါရစေ .. ဒီမှာ ချည်တိုင်ချည်ခဲ့ပါရစေ .. နည်းနည်း စောင့်ရှောက်ပေးပါ .. လို့ မှာခဲ့ပြီး .. ဒီချောင်းကမ်းအတိုင်း လမ်းပဲလျှောက်ပြန်မယ်ကွာ .. ဘယ်အချိန်ကျမှပဲ .. မြို့ထဲရောက်ရောက်ပေါ့ .. ညပဲဖြစ်ဖြစ်ကွာ .. ကဲ .."

ဟု ဟီးချ၍ စိတ်မာတတ်ကျကျဖြင့် ညည်းသည်။

"ခုဥစ္စာက .. ဘာမှကို မပြောသွားတာ .. နားများလေးနေသလား .. စကားပဲ မပြောနိုင်ပဲ အ,များ အ,နေသလား .. မသိ .."

ဟုပြောပြီး အထဲဘက်ကို မျှော်ကြည့်နေပြန်သည်။

"ဆိပ်ကလင်းလေးနဲ့ပဲ လာများ လာမလား မသိ .."

မျှော်လင့်ချက်ကို ဆုပ်ကိုင်ထားဆဲ လေသံဖြင့် ပြောနေပါသည့် ဖွဲ့ပိုင်ကို နေဝန်းနီ ကြည့်သည်။

"သူ .. ငိုထားတယ်ကွ .. မင်း မသိဘူးလား .. သူများစိတ်ညစ်နေမှန်းမသိ .. ဘာမသိနဲ့ .. နားလေးသလေး ဘာလေး လုပ်နေတယ်"

ဟု ပြောတော့မှ .. ဟင် .. ဟုတ်လား .. ဟု တစ်ချက် အံ့သြဟန်ဖြင့် ခပ်ညည်းညည်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါမှ မသိပဲကွာ .. အားနာစရာတော့ ကောင်းနေပြီ .. သူက .. ခပ်အေးအေးလေး ငိုချင်လို့ ဒီနောက်ဖေးဘက်မှာ လာငိုတာ ဖြစ်မှာ .. ပိန္နဲပင်စည်ကြီးတစ်ဖက်မှာ ထိုင်နေတာဖြစ်မှာ .. ပင်စည်ကွယ်နေတော့ ငါ ဘယ်မြင်မလဲကွာ .. နော် .. နေပါဦး .. သူငိုနေတယ်ဆိုတာ မင်းဘယ်လိုသိလဲ .. ငါတောင် မသိဘူး .."

"မင်းသိတာက .. ကောင်းကင်ပေါ်မှာ ပျံနေတဲ့ငှက်တွေလှတာ .. စပါးခင်းကြီးဝါတာ .. ရေတွေကြည်တာ .. အဲဒါပဲသိတာ .. လူတွေရဲ့မျက်နှာ .. လူတွေရဲ့ မျက်ရည် .. အဲဒါကိုကျတော့ မသိဘူး .. ဒါများ .. စာရေးဆရာ လုပ်ချင်နေသေးတယ် .. မင်း .. ဘာခံစားတတ်လို့လဲ"

ဟု ငေါ့နေတော့ မျက်နှာချိုလေးဖြင့် သွားဖြဲကာ ချော့ရယ်လေး ရယ်သည်က ဖွဲပိုင်ပါ။

"မျက်နှာလေး နီနေတာ မမြင်ဘူးလား .. ဘယ်မြင်မလဲ .. မင်းမြင်တာ ဒီဇယ်ပုလင်းပဲဖြစ်မှာ .."

ဟု ဆက်ငေါက်တော့ အေးလေ .. ဟုတ်ပါရဲ့ .. ဟု ကိုယ့်ခေါင်းပြန်ပွတ်၍ ဝန်ခံသည်။ ထိုအခိုက် .. အသက်ငါးဆယ်အရွယ်လောက်ရှိမည့် လူကြီးတစ်ဦး လျှောက်လာနေတာကို မြင်ရသည်မို့ ..

"ကောင်မလေး ပြည်သူ့နီတိတော့ သိသားကွ .. ဟိုဘာဘကို လွှတ်လိုက်တာ ဖြစ်မယ် .. အားနာစရာကွာ .. သူငိုထားမှန်း မသိလို့ .. စွတ်ပြောနေမိတာ .."



ဟု ခုမှ အားနာမဆုံးပဲ .. တလည်လည်ပြောနေတော့ နေ့ဝန်းနီ ခေါင်းခါပါ၏။

"ဘာကိစ္စလဲ မောင်ရင်တို့ .."

ဟု မေးလာပါသည့် ဘာဘကို အဖြစ်စုံလည်း ပြောပြရ ..။ ဒီဇယ်ချေးငှားရနှင့် ဖြစ်ကုန်ရသည်ပါပဲ ..။

"ရပါတယ် .. အိမ်ကကားက ဒီဇယ်ကားပါ .. ဘာဘတို့ဆီမှာ ဒီဇယ်အပို ရှိပါတယ် .. ဒီကပဲစောင့်ပါ .. ယူလာပေးပါ့မယ် .. မမကြီးကိုတော့ ခွင့်တောင်းရဦးမှာပါ .. ခဏတော့ သည်းခံစောင့်ပေးကြပါ .. ဧည့်သည်တွေကိုး .. ကူညီရမှာပေါ့ .."

ဟု ပြောလာတော့ အားလုံး ရင်ထဲအေးသွားရပါပြီ ..။ ထိုအခိုက် .. ဘာဘ၏အကြည့်က ဖျတ်ခနဲ ငွေပိုးမျှင်ထံသို့ရောက်၏။ စောစောကတော့ နေ့ဝန်းနီနှင့် ဖွဲပိုင်တို့ ပြောပြနေသမျှ နားထောင်နေရတာမို့ ငွေပိုးမျှင်ကို သိပ်အာရုံထား ကြည့်မိခဲ့ပုံမရ။ ကြည့်ပင်မကြည့်ဖြစ်ဟု ပြောနိုင်သည်။ ခုမှကြည့်လာခြင်း ..။ ငွေပိုးမျှင်လည်း ကျေးဇူးတင်ပြုံးလေးဖြင့် တရိုတသေလေး ပြုံးပြမိလိုက်ရပါပြီ ..။

"ဟင် .."

ငွေပိုးမျှင်ကို မြင်သည်နှင့် .. အပြုံးလေးကို မြင်သည်နှင့် .. ဟင်ခနဲ ဖြစ်သွားရလျက် ငိုင်ငိုင်ကြီး ကြည့်နေသည်က ဘာဘပါ ..။

"မိန်းကလေးက .. ဘယ်သူ့သမီးလေးလဲကွယ် .. ဘာဘ ပြောပြစမ်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောခိုက်မှာပဲ ..

"ဘယ်သူတွေလဲ ဘဘအုန်း .. မေမေကြီးကပြောတယ် .. ရေဆိပ်မှာ လူတွေရပ်နေတာ တွေ့တယ်တဲ့ .. ဘဘအုန်းကို လဲမြင်တယ်တဲ့ .. နောက်ဘက် လေသာဆောင်ဘက်ကနေ ပြီး ခုပဲ .. ထွက်ရပ်ကြည့်လိုက်တော့ မြင်ရတာမို့ .. မေး ခိုင်းလိုက်တယ် .."

ဟု မေးသံနှင့် အရပ်မြင့်သွယ်သွယ်လေးဖြင့် .. ဖြူ ဖြူနွဲ့နွဲ့ မိန်းကလေးတစ်ယောက် ရောက်လာပါ၏။ အရိပ်မြိုင် သော ခြံကြီးကို ပိုင်ဆိုင်ပါသော .. အိမ်ကြီးရှင်သည် .. မိန်း သားတစ်ယောက် ဖြစ်နေချေလိမ့်မည်ဟု နေဝန်းနီ တွေးမိရ ၏။

ဘဘအုန်း ဆိုသည့် ဘဘကလည်း စောစောက ပြောသည်လေ ..။ မမကြီးကို ခွင့်တောင်းရမည်တဲ့ ..။ ခု ရောက်လာသည့် မိန်းကလေးကလည်း .. မေမေကြီးကမေးသည် တဲ့ ..။ ဩဇာရိပ်ရှိသော .. နေရာမှာရှိနေသည့် မိန်းမသားကြီး တစ်ယောက် ဖြစ်ပါချေလိမ့်မည် ..။

"သူတို့ .. မော်တော်ဘုတ်လေး .. ဆီပြတ်သွားလို့တဲ့ .. လာအကူအညီ တောင်းကြတာပါ .. ရန်ကုန်က ဧည့်သည် တွေလို့ ပြောပါတယ် .."

လောလောဆယ်မှာတော့ နေဝန်းနီကအစ .. ဘဘ အုန်းကို ရန်ကုန်က ဧည့်သည်ပါ .. ဟုပဲ အလွယ်ပြော ပြော ခြင်းပါ ..။



"ဒါဆို .. ခဏစောင့်ကြပါဦး .. မေမေကြီးကို .. ညိုရီပဲ သွားပြောပြလိုက်ပါ့မယ် .."

ဟု ပြောကာ ခြေလှမ်းသွက်သွက်ဖြင့် ပြန်လျှောက် သွားတော့ ဘဘအုန်း တစ်ချက်ငိုင်ကျန်ခဲ့ပါ၏။

"မိန်းကလေး .. ဘဘ မေးတာကို ဖြေပါဦးကွယ် .. က့လေးက ဘယ်သူ့သမီးလေးလဲကွယ့် .."

ဟု စောစောက စကားကို ဆက်မေးလာပြန်သည်မို့ နေဝန်းနီရော ဖွဲ့ပိုင်ရော နည်းနည်းထူးဆန်းသွားရသည်ပါပဲ ..။ လူသုံးယောက်ထဲမှာ .. ငွေပိုးမျှင်ကိုမှ ရွေးမေးသည် မဟုတ်ပါ လားလေ ..။

ဖွဲ့ပိုင်ကတော့ ခပ်ငေးငေး ကြည့်နေသည်။ လူသုံ မကြားခင်တုန်းကလည်း ငြိမ်လိုက်ပါသည့်ခြံ ..။ တွေ့ရပြန်တော့ လည်း တစ်ယောက်ပြီးတစ်ယောက် ..။ ပထမ .. ငိုနေသည့် ကောင်မလေး ..။ နောက် .. ဘဘအုန်း ..။ နောက် ... ညိုရီ ဆိုသည့် မိန်းကလေး ..။ ညိုရီသော် ဆိုတာ .. ငယ်တော့မငယ် ..။ သူတို့သုံးယောက်ထက်ပင် ကြီးနိုင်သည်။ အနီးကပ် မြင်ရခဲ့တာ မို့ .. လူပုံလေး သေးနွဲ့ပေမယ့် မျက်နှာတည်လေးဖြင့် ရှိနေပါ သည့် မျက်နှာကြောင့်ပင်လား မသိရ ..။ လူက ရင့်နေသည်။ ကြီးပုံပေါက်နေသည်။ ခု .. ဘဘအုန်းသည် .. ပိုးမျှင်ထံမှအဖြေ ကို စိတ်လှုပ်ရှားသလိုကြီးဖြင့် စောင့်နေပြန်သည့်အဖြစ်။

"ငွေပိုးမျှင်က .. ကျွန်တော့် ညီမလေးပါ ဘဘ .. ကျွန်တော် က .. နေဝန်းနီပါ .. သူက .. နေဝန်းနီတို့ရဲ့ သူငယ်ချင်း ပါ .. ဖွဲ့ပိုင်ပါ .. နေဝန်းနီတို့ရဲ့ မိဘက .. ဖေဖေဦးရန်

www.burmeseclassic.com

www.burmeseclassic.com



အေးနဲ့ မေမေ ဒေါ်ပိုးဝါပါ .. ဖေဖေက .. ခွဲစိတ်ဆရာဝန်
ကြီးပါ .. ဒီမြို့ကို တာဝန်ကျလို့ ပြောင်းလာရတာပါ ..
လာတာ မကြာသေးတာမို့ .. ဧည့်သည်လို့ပဲ ပြောခဲ့ရတာ
ပါ .. နေဝန်းတို့က .. ရန်ကုန်ကပါ .. ဖွဲ့ပိုင်က .. သင်္
ဘက်ခါ ရန်ကုန်ကို ပြန်မှာပါ .. ခု .. သူလည်း အလည်
လိုက်လာခဲ့တာပါ .."

ဟု နေဝန်းနီ ရှင်းပြတော့ ဘဘအုန်း၏ မျက်နှာ ဖွေးခနဲ ဖြစ်ချင်၏။ နောက်ဘက်ကိုလည်း အလန့်တကြားကြီး ချက်ချင်း ပြန်ကြည့်သည်။ တစ်ခုခု ဆိုးဆိုးဝါးဝါးများ မှားသွားချေပြီလားဟုပင် နေဝန်းနီ ရင်ထဲမကောင်း ဖြစ်သွားရသည်။ ကိုယ်က .. အမှန်အတိုင်း ပြောပြခြင်းပါ ..။ ဧည့်သည်ပါ .. ဟု လိမ်ပြောသည်ဟုများ မှတ်ယူသွားခြင်းပေလား မသိ ..။ ကိုယ်က ဒီမှာ ဆက်နေနေရဦးမည် မဟုတ်ပါလားလေ ..။ ဖေဖေက ဤမြို့လေးမှာပဲ တာဝန်ကျသည်ကိုး ..။ ဧည့်သည်ပါ .. ဟုပြောခြင်းသည် .. လိမ်သည်ဟုပဲ ထားချေဦး .. ဒီလောက်ကြီးထိတော့ မျက်နှာပျက်ဖို့ မလိုဟု နေဝန်းနီ ထင်သည်လေ ..။

"ဘုရား .. ဘုရား .. မိန်းကလေးနဲ့ .. လူလေးတို့က ..
မောင်ရန်အေးနဲ့ .. ပိုးဝါလေးရဲ့ သားနဲ့သမီးပေကိုး ..
သြော် .. သံသရာများ လည်တတ်ပါပေရဲ့ .. တစ်ပတ်
လည်လို့ .. ဒီမြို့ကို .. ပြန်ရောက် လာကြပြန်ပေသ
ကိုး .."

ဟု ညည်းညည်းသဲ့သဲ့ ပြောလာတော့ နေဝန်းနီရော ပိုးမျှင်ရော အံ့သြသွားရပါပြီ။ ဘဘအုန်းသည် .. ဖေဖေနှင့်မေမေ



ကို ကောင်းကောင်းကြီး သိချေသည်တကား။ သိသည်တောင်မှ.. တော်တော်ကြီးကို ရင်းနှီးကျွမ်းဝင် ရှိသည့်အသွင် ..။

ဘာတဲ့ .. မောင်ရန်အေးနှင့် ပိုးဝါလေး .. တဲ့လားလေ ..။ ဖေဖေနှင့် မေမေ့ နာမည်ကို ခေါ်သည်မှ တစ်လွမ်းတစ်ဆွတ်နိုင်နေလျက် ညည်းညည်းသဲ့သဲ့ဖြင့်လည်း ရှိနေသေးသည့် အဖြစ် ..။

ဒါပေမဲ့ .. ဖေဖေနှင့် မေမေသည် .. ဤလှိုင်မွှန်းမြို့မှာ .. သိကျွမ်းရင်းနှီးသူ ရှိတာမျိုးလည်း မပြောပြခဲ့ ..။ နမ့်မွှန်းချောင်းကမ်းနံဘေးမှာ ရှိနေပါသည့် ဤမျှခန့်ထည်သော ရှေးအိမ်ကြီးတစ်လုံး၏ အကြောင်းကိုလည်း မပြောပြဖူးခဲ့ ..။ ဤအိမ်ကြီးမှာ ရှိနေပါသည့် .. မိန်းမသားကြီးတစ်ယောက်၏ အကြောင်း ..။ ဘဘအုန်း ဆိုသည့် ဘဘတစ်ယောက်၏ အမည် ..။ ဘဘ၏အကြောင်း ..။ ဘာတွေကိုမျှ ရိုးရိပ်သော်မျှ မပြောပြခဲ့ဖူး ..။ မေမေက .. ဤအိမ်အကြောင်း ပြောဖို့မဆိုထားနှင့် ..။ နမ့်မွှန်းချောင်း တစ်ဝက်လောက်ရောက်လျှင် ပြန်လှည့်လာတော့ ဟုပင် တရရ မှာခဲ့သေးသည်ပဲလေ ..။

ဤအိမ်ကြီးနှင့် မေမေတို့.. ဖေဖေတို့သည် .. မည်သည့်အတိုင်းအတာထိ ပတ်သက်ကျွမ်းဝင် ရှိခဲ့ချေမည်မသိ ..။ ထိုအဖြစ်တွေကို .. ဖေဖေရော မေမေရော .. ပြန်၍ပြောပြဖို့လည်း စိတ်ပါကြဟန်မတူ ..။ တစ်ခုတော့ ရှိသည် ..။ ဘဘအုန်းသည် တစ်ချိန်က .. အခြားတစ်နေရာရာမှာ .. ဖေဖေနှင့် မေမေကို ဆုံဖူးခဲ့တာမျိုးလည်း ရှိနိုင်သည်လေ ..။ ခုမှ .. ဤအိမ်ကြီးမှာ အလုပ်လာလုပ်တာမျိုးလည်း ဖြစ်နိုင်သည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘက .. ဖေဖေနဲ့ မေမေ့ကို သိနေတာကိုး .."

ဟု ငွေပိုးမျှင် ပြောလာတော့ ပန်းပေါ်မှ တဘက်ငယ်လေးကိုယူ၍ မျက်နှာကို ဖွဖွသုတ်ကာ ပြန်၍ ပန်းပေါ် တဘက်လေးကို တင်လိုက်ရင်းမှ ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်သည်က ဘဘအုန်းပါ ..။ မျက်ဝန်းဝယ် မျက်ရည်ကြည်တို့ စို့ရရီ့ရှိနေကြတာကို အားလုံး မြင်မိကြရပါပြီ ..။ ဘဘအုန်းသည် .. မျက်ရည်ကျချင်နေတာကို တဘက်လေးယူ၍ မျက်နှာသုတ်သလိုလိုဖြင့် ပွတ်သုတ်လိုက်ကာ မျက်ရည်ကျခဲ့ချေသည်လား မသိ ..။ အားလုံး ငိုင်ငေးငေးလေး ဖြစ်ကုန်ကြရပါသည့်အဖြစ် ..။

"သိတာပေါ့ကွယ် .. လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ့်ငါးနှစ်ကျော်လောက်က မိန်းကလေးနဲ့ အလွန်တူတဲ့ .. ပိုးဝါဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီမြို့က ပျောက်ကွယ်သွားခဲ့တာပါပဲ .. သူ ပျောက်ကွယ်သွားချိန်ဟာ .. သူ့အသက်ဟာ .. ခု .. ရပ်နေတဲ့ .. ဘဘရဲ့ရှေ့က ပိုးမျှင် ဆိုတဲ့ မိန်းကလေးရဲ့ အသက်လောက်ပါပဲ .. ခု .. ဘဘအုန်းရှေ့မှာ ပိုးဝါလေး ရပ်နေသလိုပါပဲကွယ် .."

ဟု ညည်းညည်းတွားတွားလေး ပြောကာ .. သက်ပြင်း ရှိုက်သည်။

"တိုက်တိုက်ဆိုင်ဆိုင် .. ဒီနေရာကိုမှ ရောက်လာကြရ .. ဆီပြတ်ရသတဲ့လား .. အင်း .."

ဟု ခပ်ညည်းညည်း ဆက်ပြောလာစဉ်ခိုက်မှာပဲ စောစောက ညိုရီ ဆိုသည့် အမျိုးသမီး လျှောက်လာနေတာကို မြင်နေရပြီ ..။



"အထဲကို ခေါ်ခဲ့တဲ့ .. မမကြီးက ပြောလာတယ် .."

ဟု ညိုရီ ဆိုသည့် မိန်းကလေးမှ ပြောလာခိုက် .. "ကဲ .. ကဲ .. ဝင်လာကြ .. ဝင်လာကြ .. နှစ်များလဲ မနည်းတော့တာမို့ .. ပြောင်းလဲလာတဲ့နှစ်တွေ .. အသက်တွေရဲ့ ရင့်ကျက်မှုနဲ့ .. မမကြီးရဲ့စိတ်တွေ .. ပြောင်းလဲတန်ပါရဲ့လေ .. သူ .. ပိုးမျှင်လေးကို မြင်တဲ့အခါ .. ကောင်းသော .. လက်ခံမှု ဖြစ်ပါစေလို့ .. ဘဘဆုတောင်းမိပါရဲ့ .. မမကြီးက ခေါ်ပြီဆိုမှတော့ တားလို့လဲ မရကောင်းတော့တာမို့ .. လာ .. လာကြ .. ဝင်ကြ .. အင်း .. ကြမ္မာရဟတ်ဆိုတာ .. လည် နေတတ်ပါလား .."

ဟု ပြောသည်က ခပ်တိုးတိုးပါ ..။ ပြီးတော့ ခြံတံခါးကို ဖွင့်ပေးသည်။

ညိုရီကတော့ နောက်ကြောင်းပြန် လျှောက်သွားပြီ ..။

အားလုံး ခြံကြီးထဲ တူတူဝင်ဖြစ်ကြရစဉ်ခိုက် ရင်ထဲမှာတော့ .. အတွေးများ နစ်နေကြပြီ ..။ ဇလာလောဆယ် .. ဒီဇယ်ဆီ ပြတ်တာကို မေ့လျော့နေချင်ကြပြီ ..။

ဦးရန်အေး .. ဒေါ်ပိုးဝါ .. ဆိုသည့် အရွယ်သို့ မတိုင်ခင် ..။ နုပျိုသောကာလများဆီက .. ဖေဖေနှင့် မေမေတို့သည် .. ဤအိမ်ကြီးမှ အိမ်ရှင်အမျိုးသမီးကြီးနှင့် .. မည်သို့သော ပတ်သက်မှုများ ရှိခဲ့ကြပါသတဲ့လဲ ..။ ထိုအတိတ်ဆီမှ အဖြစ်သည် .. ဖေဖေနှင့် မေမေ နှုတ်ဖျားဆီမှ .. တစ်ခါဖူးသော်မျှ .. ဘာကြောင့် ပွင့်မကျလာခဲ့ကြရပါသတဲ့လဲ ..။ မည်သည့်အတိုင်းအတာထိ နက်ရှိုင်းသိပ်သည်းသော လျှို့ဝှက်ခြင်းတရားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သည် .. ဤအိမ်ကြီး၏ အိမ်ရှင်နှင့် ဖေဖေ မေမေတို့ကြားမှာ .. တိတ်ဆိတ် .. ဖုံးကွယ်ထားခြင်းဆိုသည့် လိုက်ကာထူကြီးဖြင့် ခြားထားရပါသတဲ့လဲ ..။

နေဝန်းနီ တွေးမိရလျက် .. နောက်ပါးမှ လိုက်လာရပါပြီ ..။

ငဲ့ကြည့်တော့ .. ဖွဲပိုင်သည်လည်း ငြိမ်နေသည်။

ပိုးမျှင်သည်လည်း အတွေးများဖြင့် ခပ်ငေးငေးလေး ဖြစ်နေသည့်အသွင်။ ညီမလေး ပိုးမျှင်ကို .. သူ ခေါ်သွားခြင်းဖြင့် .. အိမ်ကြီး၏ အရှင်သခင်မ .. အမျိုးသမီးကြီးထံမှ .. မည်သည့်တုံ့ပြန်မှု ဖြစ်တည်လာမည် မသိ ..။

မေမေနှင့် အလွန်တူသော ညီမလေး ပိုးမျှင်ကို .. ငုံ့မိုးကြည့်မိရင်းမှ .. စိတ်ထဲတွင် လေးလံနောက်ကျိသော ခံစားမှုက .. တိုးဝင်၏။

ဘဘအုန်း၏ မျက်ဝန်းတွေထဲမှာ .. ကြေကွဲနေသော အရိပ်တွေ ဖြတ်သန်းခဲ့ကြတာကို .. စောစောကပဲ နေဝန်းနီ တွေ့ခဲ့ရပြီးပြီ ..။

ကျန်ခဲ့သော အတိတ်သည် .. ကြေကွဲခြင်းများဖြင့် .. ဖြစ်တည်ခဲ့ပါချေလိမ့်မည် ..။

ပိုးမျှင်လေးကို ကမ်းစပ်မှာပဲ နေခဲ့ဖို့ ပြောမိလျှင် ကောင်းချေမည်ပဲ .. ဟု နေဝန်း တစ်ချက်တွေးဖြစ်၏ ..။

ဒါပေမဲ့ .. ဖေဖေနှင့် မေမေတို့၏ အတိတ်ဆီမှ .. အဖြစ်များသည်လည်း .. ဤအိမ်ကြီးရှင်၏ အရှင်သခင် .. မိန်းမသားကြီး၏ရှေ့မှာ .. ပိုးမျှင်လေး ရောက်သွားမှ .. ပိုးမျှင်



လေးကို မြင်ရချေမှ .. ထိုအမျိုးသမီးကြီး၏ မျက်နှာထက်မှာ ထင်လာမည့် အရိပ်တွေကို ကြည့်ရ .. မြင်ရချေမှ .. သိလာနိုင်မည်မို့ .. ပိုးမျှင်လေး၏လက်ကို တွေးဆုပ်လိုက်မိရင်း .. နေဝန်းနီ လျှောက်လာလိုက်မိရပါပြီ ..။

နေဝန်းနီ၏ ရင်ထဲမှာ သိလိုစိတ် ပြင်းပြနေသည်က .. ဤအိမ်ကြီးနှင့် မေမေ၏ ပတ်သက်မှု ..။ ဟုတ်သည် ..။ ပတ်သက်မှု ..။

စောစောက .. ဘဘအုန်း ပြောသည့်စကားထဲမှာ .. မေမေသည် .. လွန်ခဲ့သော .. နှစ်ဆယ့်ငါးနှစ်ကျော်လောက်က .. ဤမြို့မှ ပျောက်ကွယ်သွားခဲ့သည်တဲ့ ..။

ဒါကို .. မေမေသည် ဘာကြောင့် .. ဖုံးကွယ်ထားရပါသတဲ့လဲ ..။

အတိတ်ခြေရာ တစ်ခုကို .. ကောက်ယူရခြင်းဖြင့် .. စိတ်တွေ အဘယ်မျှထိ လှုပ်ရှားကာ .. အဘယ်မျှထိ .. ထူးခြားသော ညို့ငင်မှုတွေ ရှိနေတတ်သည်ဆိုတာ .. လောလောဆယ်မှာ နေဝန်းနီ .. ပို၍ .. နားလည်လာနေရချေသည်တည့် ...။

❀ ❦ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

မြကြာယံရိပ်ငြိမ် ဆိုသည့် ကြွေးပါပြား၌ ထွင်းထားပါသော အမည် ..။ ပေါ်တီကို အုတ်တိုင်ကြီးမှာ တောက်ပအောင် သုတ်ထားပါသော ကြေးပြားထက်၌ လှပစွာ ရှိနေပါသည့်အမည် ..။

အိမ်ကြီးသည် ရှေးအိမ်ကြီး တစ်အိမ်မှန်း သိသာနေသည်ကတော့ အမှန် ..။ ပန်းကနုတ် လက်ရာများဖြင့် ရှိနေပါသည့် ပေါ်တီကိုတိုင်လုံးကြီးတွေကိုက ခံ့ခံ့ထည်ထည်ကြီး လုံးပတ်ကြီးကြီးဖြင့် လှလက်တစ်မွေ့လောက်ကို ရှိနေပါသည့်အဖြစ် ..။

အိမ်ကြီး၏အဝင် ကျွန်းတံခါးရွက်ကြီးတွေက ထုကြီးကြီးနှင့်ရှိလျက် ပန်းကနုတ်ထွင်း လက်ရာများဖြင့် ရှိနေပါ၏။

ဧည့်ခန်းတွင်းမှာကျတော့လည်း လှပပေါ့ပါးသော ခေတ်လက်ရာ ပရိဘောဂများ မရှိသလောက် ဖြစ်နေသည်ပါပဲ ..။ ဆက်တီကြီးတွေက ပန်းကနုတ်ထွင်း လက်ရာများဖြင့် ရှိနေလျက် ထူထဲသော ကတ္တီပါ ထိုင်ဖုံနီညိုရောင်ကြီးတွေဖြင့် ရှိနေသည်။



ငွေထည်လက်ရာများ အလှထားရာ မှန်ဗီရိုကြီးများ ..။ ပန်းချီကားချပ်ကြီးများ ..။ မီးပန်းဆိုင်းများ ..။ အနည်းငယ် အရောင်တွေ လွင့်ပြယ်စပြုနေပါသည့် ပန်းကနုတ်လက်ရာဆင် အနီရောင်ကော်ဇောကြီး ..။ အခန်းထောင့်ရှိ သပြေသီးမှည့်ရောင် စန္ဒရားအိုကြီးတစ်လုံး ..။ အလှစိုက်ငွေပန်းအိုးနှင့် အဖြူရောင် နှင်းဆီပွင့်များ ..။

ထူထဲသော ကတ္တီပါခန်းဆီးစပြာပြာကြီးများ ..။

ပြီးတော့ .. တိတ်ဆိတ်နေသည့် အိမ်ကြီး၏အဖြစ် ..။

လူရိပ်လူရောင်ကိုမျှ မမြင်ရသေး ..။ ခေါ်လာပါသည့် ညိုရီ ဆိုသည့် မိန်းမသားတစ်ယောက်ပဲ ကျယ်လွန့်သော ဧည့်ခန်းကျယ်ကြီး၏ ကော်ဇောကြီးထက်မှာ ရပ်လျက်ဖြင့် အားလုံးကို ဝေ့ကြည့်ပါ၏။ သေးသွယ်နက်မှောင်သော မျက်ခုံးအောက်မှ မျက်နက်ဝန်းလေးတွေသည် အပေါ်ဆီးနိုင်သော အကြည့်များဖြင့် ရှိနေကြတာကို အနီးတကပ် ရှိနေရပါသည့် နေဝန်းနီပို၍ သတိထားမိလာရပါ၏။

ငဲ့ကြည့်တော့ အစကတည်းကိုက .. စရိုက်အေးအေးလေးဖြင့် နေတတ်ပါသော ညီမလေး ငွေပိုးမျှင်ကတော့ ဧည့်ခန်းကျယ်ကြီးကို ဟိုငေးသည်ငေးလေးဖြင့် ရှိနေရှာသည်ပါပဲ။ ဖွဲ့ပိုင်တစ်ယောက်သာ နည်းနည်းစိတ်ညစ်နေပုံပေါ်နေသည်။ ဟုတ်တော့လည်း ဟုတ်သည်လေ ..။ မေမေကြီးက ခေါ်သည်ဆိုကာ ညိုရီဆိုသူက လာခေါ်ခဲ့ပြီ ..။ ဧည့်ခန်းထဲသို့တိုင် အားလုံးရောက်နေကြချိန်ထိ .. မေမေကြီး ဆိုတာလည်း မမြင်ရသေး။ ဒီဇယ် ဆိုတာလည်း မပေးသေး ..။

www.burmeseclassic.com

www.burmeseclassic.com



ဘဘအုန်း ဆိုသူကတော့ လိုက်ကိုမလာခဲ့တော့ ..။ ဥယျာဉ်ခြံကျယ်ကြီးထဲမှာ ပန်းပင်တွေကြားထဲ ရောက်နေတာကိုပဲ လှမ်းမြင်ခဲ့ရပြီ ..။

ခြံတံခါးကို ဖွင့်ပေးပြီးသည့်နောက်မှာ ဘဘအုန်းသည် နောက်ပါးမှ ခပ်ခွာခွာ လိုက်လာခဲ့လျက် အိမ်ကြီးထဲသို့ ဝင်မလိုက်လာတော့ပဲ ပန်းခြံဘက်ကို ဆက်သွားခဲ့သည်လေ ..။

နေဝန်းနီ နောက်တစ်ကြော့ထပ်၍ ဘဘအုန်းကို ကြည့်မိရပါ၏။ ပန်းပင်တွေ မြေဆွနေရာမှ တစ်ချက် တစ်ချက်တော့ အိမ်ကြီးဘက်ကို လှမ်းလင့်ကြည့်ကြည့်ဘနေတတ်သည်ပဲ ..။ အိမ်ထဲမှာ ဘာတွေဖြစ်လာချေမည်လဲ ဆိုတာကို .. ဘဘအုန်းလည်း စိတ်ဝင်တစား ရှိနေသည့် အသွင် ..။ ဒါဆို .. ဘာကြောင့် .. ဘဘအုန်းသည် .. သူတို့နှင့်အတူ .. အိမ်ကြီးထဲထိ လိုက်မဝင်လာရပါသတဲ့လဲ ..။

ထိုမေမေကြီးဆိုသည့် အမျိုးသမီးကြီးသည် .. ဘဘအုန်းတို့လို ဥယျာဉ်မှူးတစ်ယောက်ကို အကြောင်းမရှိပဲ အိမ်ကြီး၏ ဧည့်ခန်းထဲထိ လိုက်ဝင်လာတာမျိုးကို မကြိုက်၍များပေလား ..။

စောစောက .. ဘဘအုန်း နောက်ဖေးခြံပေါက်တံခါးကို ဖွင့်ပေးရင်း ပြောခဲ့ပါသော စကား ..။ ပြောင်းလဲလာသောနှစ် .. ပြောင်းလဲလာသော အသက်တို့၏ ရင့်ကျက်မှုများဖြင့် .. ထို .. မေမေကြီးသည် .. ပိုးမျှင်ကို မြင်သည့်အခါ ကောင်းသောလက်ခံမှု ဖြစ်ပါစေ .. ဟု ပြောခဲ့ပါသော စကား ...။ ထိုစကား၏ အငွေ့အသက်တွေကြားထဲမှာ ကြေကွဲခြင်းဆိုသည့် အရာတွေ စီးမျောပါလာနေကြသည်ဟု နေဝန်းနီ ထင်သည်။ ဘာကြောင့် ..



မေမေ့ကြီးသည် .. ပိုးမျှင်ကိုမြင်သောအခါ .. ကောင်းသောလက်ခံခြင်း ဖြစ်ပါစေ .. ဟု ဆုတောင်းပေးနေရပါသတဲ့လဲ ..။

မေမေနှင့်အရမ်းတူသော ပိုးမျှင်ကို မြင်ရခြင်းဖြင့် .. ထိုသို့ .. မေမေကြီးဆီမှ ကောင်းသော လက်ခံခြင်းတစ်ခု ဖြစ်မလာပဲ .. စိတ်ထိခိုက်စရာများ ကြုံကြိုက်ရချေမည်လား .. ဆိုသည့် စိုးရိမ်သောကတွေးများ ဘဘအုန်းထံမှာ ရှိနေခဲ့သည်ဟု နေဝန်းနီ နားလည်မိရသည်မို့ ..။

"မေမေနဲ့ အဲဒီမေမေကြီးဆိုတဲ့သူရဲ့ကြားမှာ .. အတော်ဆိုးဝါးတဲ့ အဖြစ်တစ်ခုတော့ ရှိခဲ့ကြမှာ သေချာနေတယ် .. အရမ်းကို အေးချမ်းတဲ့ မေမေ့ ပင်ကိုယ်စရိုက်ကို သားဖြစ်တဲ့ ငါ အသိဆုံး .. ဒီတော့ .. ဒီက မေမေကြီးဆိုတဲ့သူရဲ့ တစ်ဖက်သတ် ဆိုးဝါးမှုကြောင့်ပဲ ဖြစ်ရမယ် .."

ဟု နေဝန်းနီ တွေးသည်။ အိမ်ကြီးကိုလည်း ဝေ့ကြည့်မိသည်။ တစ်ချိန်သောအခါက .. မေမေသည် .. ခု .. ညီမလေး ငွေပိုးမျှင်၏ အရွယ်လေးဖြင့် ရှိခဲ့ရစဉ်က .. ဤမြကြာယံ အိမ်ကြီးထဲမှာ သွားလာလှုပ်ရှားခဲ့ချေမည် ..။ မေမေ၏ နုပျိုလန်းသစ်သော ပုံရိပ်လေးတွေကို နေဝန်းနီ မြင်ယောင်လာမိသည်။ မေမေ့ ဆံကေသာနက်နက်လေးတွေထက်မှာ ဖြူနုသော စံပယ်ပွင့်လေးတွေလည်း ပန်ဆင်ရှိခဲ့ရဖူးချေမည် ..။

မြကြာယံရိပ်ငြိမ်အိမ်ကြီး၏ ဥယျာဉ်ဆီမှ ပန်းလေးများသည် .. တစ်နေ့မှာ တစ်ပွင့်စီမျှလောက်တော့ဖြင့် မေမေ့ဆံနွယ်လေးများမှာ .. လှပစွာ ပန်ဆင်ခဲ့ဖူးခြင်းကို ခံရပါချေလိမ့်မည် ..။

www.burmeseclassic.com



မေမေသည် .. ပန်းကို မြတ်နိုးလျက် .. ပန်းကို .. ယခုတိုင် .. နေ့စဉ် .. ပန်ဆင်တတ်မြဲ မဟုတ်ပါလားလေ .. ထိုသို့ ပန်းကိုချစ်သော ပင်ကိုယ်စရိုက်လေးများ .. နူးညံ့သိမ်မွေ့သော စိတ်ထားလေးများနှင့် လှပခြင်းများအားလုံးသည် .. ညီမလေး ငွေပိုးမျှင်ထံမှာ .. အပြည့်အဝ .. သက်ဆင်းပိုင်စိုးနေခဲ့သည်ပဲ ..။

မေမေနှင့်တူသော .. မေမေ့သမီး ငွေပိုးမျှင်သည် .. မေမေနေခဲ့ဖူးသော မြကြာယံအိမ်ကြီးတွင် .. ရောက်ရှိနေပြီဆိုတာကို မေမေ သိချေလျှင် .. မည်သို့တုံ့ပြန်ချေမည်တဲ့လဲ .. မသိ ..။ နေဝန်းနီ မသိရသေး ..။ ဒါပေမဲ့ .. မကြာမလင့်မီမှာတော့ .. ထိုမေမေကြီးဆိုသူ၏ တုံ့ပြန်မှု တစ်ခုကိုတော့ .. သိရမြင်ရချေဦးတော့မည်။ ထိုအဖြစ်ကို .. သူကိုယ်တိုင်လည်း .. သိချင်နေသည် ..။

ဘာကြောင့်ဆို .. မေမေနှင့် ပတ်သက်ခဲ့ဖူးသော .. ဤမြကြာယံရိပ်ငြိမ် အိမ်ကြီးအကြောင်းကို .. တစွန်းတစသော်မှ မေမေသည် မပြောခဲ့ဖူး ..။ ထိုသို့ မပြောခဲ့သည့်အဖြစ်ကို .. ခု အချိန်မှာတော့ .. သူ အရမ်းကို သိချင်ဇောကြီးနေခဲ့ပြီ ..။ ဤမြ ခဲ့ထည်သော မြကြာယံရိပ်ငြိမ် ..။

ဤမျှ ပန်းတွေမြိုင်နေအောင် လှပလွန်းစွာ ဝေဆာပွင့်ဖူးပါလေသော မြကြာယံရိပ်ငြိမ် ..။ မေမေနှင့် ပတ်သက်၍ .. ယခုတိုင် .. မျက်ရည်ဝဲစွာ ပြောဆိုနေရလောက်အောင် ရှိခဲ့ဖြစ်ပါသော .. ဘာဘာအုန်း ..။ အရာရာတို့ကို .. ပြောပြဖို့အတွက် ..



ဝန်လေးစရာ မရှိပါပဲလျက်နှင့် .. မေမေသည် .. လုံးဝကြီးကို မပြောပဲ နေခဲ့ခြင်းကိုက .. သူ့အတွက် ထူးဆန်းနေသည် ..။ သိချင်ဇောလည်း ကြီးလာနေရပါသည့် အဖြစ် ..။

ဤလှိုင်မွန်းမြို့ကို ခွဲစိတ်ဆရာဝန်ကြီးအဖြစ် .. တာဝန်ကျ ပြောင်းရွှေ့ရမည် ဆိုတုန်းက မေမေ အရမ်းကိုမျက်နှာပျက်ခဲ့တာ ..။ ဖေဖေမှ .. ဖျောင်းဖျ၍ တူတူလိုက်ခဲ့ဖို့ ခေါ်ခဲ့ရတာ ..။ ဒါကြောင့်လည်း မေမေ .. ရန်ကုန်ရှိ ပုန်းညက်မြိုင်အိမ်ကြီးကို ထားခဲ့ကာ ဖေဖေနှင့်အတူ ပါလာခဲ့ရတာ ..။ ဒါတွေအားလုံးကို .. နေဝန်းနီ့ ခုမှ တစိမ့်စိမ့် ပြန်၍သတိတရကြီး ဖြစ်ဖြစ်လာနေရပါ၏။ ထိုစဉ်တုန်းကတော့ .. မေမေသည် ရန်ကုန်မြို့ကြီး၏ ခမ်းနားပြည့်စုံမှုများ ကြားမှာပဲ .. နေခဲ့ချင်၍များပေလား .. ဟု အံ့သြတကြီးပင် ဖြစ်ခဲ့ရဖူးသည်ပဲလေ ..။ ဖေဖေ့ကို အရမ်းကို ရှိသေချစ်ကြင်ပါသော မေမေသည် .. ရန်ကုန်မြို့ကြီးကို မခွဲနိုင်ပဲ ဖြစ်လျက် နေခဲ့ချင် နေရသည်ဆိုတာမျိုးကို ထိုစဉ်တုန်းကတော့ .. အံ့အားများပင် သင့်ချင်ချင် ..။

မေမေ့ကိုပင် နားမလည်တတ်နိုင်ပဲ ဖြစ်ချင်ချင် .. ရှိခဲ့ရဖူးသည်။ ခုမှ သူ တဖြည်းဖြည်း ပို၍နားလည်လာနေမိရသည်က .. ထိုမေမေကြီး ဆိုသည့်သူ ..။ ဤမြကြာယံအိမ်ကြီးရှိရာ မြို့ပေမို့ .. လိုက်မလာလိုခြင်း .. ဟူ၍ပါ ..။

ထိုအခိုက် .. အပေါ်ထပ် လှေကားထစ်များကို နင်းခြတ်၍ ဆင်းလာပါသည့် မေမေကြီးဆိုသူ အမျိုးသမီးကြီးကို မြင်လိုက်ရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ပိုးသားရင်ဖုံးလက်ရှည်မှာ စိန်ကြယ်သီး တပ်ထားသည် ..။ အညိုခံတွင် အဖြူကန့်လန့်စင်းလေးတွေပါသော ပိုးထဘီကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ကျားခေါင်းလက်ကောက်ထူကြီးကို လက်နှစ်ဖက်စလုံးတွင် အံနေအောင် ဝတ်ထားပါ၏။ ဆံထုံးကို ခပ်မြင့်မြင့် ထုံးထားလျက် ရွှေပန်းခိုင်ဆံထိုးကို ထိုးထားပါ၏။ တုတ်ခဲသော ရွှေကြိုးသည် စိန်ဆွဲသီး ခပ်ကြီးကြီးဖြင့်ရှိနေပါ၏။

ကြည့်ရတာ .. ထိုအမျိုးသမီးကြီးသည် .. အိမ်မှာ သက်သောင့်သက်သာဖြင့် နေမြဲနေနေတာမျိုးနှင့် တူမနေ ..။ အပြင်သို့ .. သွားတော့မည့်ပုံမျိုး ဖြစ်နေသည်။ ဝတ်စားပြင်ဆင်ထားသည့်ပုံမျိုး ဖြစ်နေသည်။ လက်တွင်လည်း ဆင်စွယ်စွပ်တံလေးဖြင့် စီးကရက်တစ်လိပ်ကို မီးခိုးငွေ့လေးဖြင့် တွေ့ရပါ၏။ စီးကရက်ကို တစ်ရှိုက် ရှိုက်ဖွာလိုက်ပြီးသည့်နောက်မှာ .. အေးစက်တည်ငြိမ်လွန်းနေသော အကြည့်များဖြင့်ပင် ခြေလှမ်းမှန်မှန်ဖြင့် ဆင်းလာနေပါ၏။

နောက်ပါးမှာ သူတို့အားလုံး ရပ်နေကြရသည်မို့ ရှေ့မှာရှိနေပါသည့် ညိုရီမှ ..

"ဧည့်သည်တွေက .. သူတို့ပါပဲ မေမေကြီး .."

ဟု လက်လေးနောက်ပစ်ကာ ကိုယ်လေးရို့၍ မပြောလာပါ၏။

ဒါပေမဲ့ .. ထိုအမျိုးသမီးကြီး၏ အကြည့်တွေက အားလုံးထက်မှာ ခပ်ရှူးရှူး ရှိနေဆဲ။ နောက်တော့ .. ငွေပိုးမျှင်ထံသို့ ရောက်၏။ အတန်ကြာ စိုက်ခနဲနေအောင်ကို ကြည့်၏။ ဖျတ်ခနဲ လက်သည် အပေါ်သို့ မြင့်တက်လာလျက် စီးကရက်ကို



တောက်လျှောက် ရှိုက်ရှိုက်ဖွာပစ်စဉ်ခိုက် လက်ချောင်းတွေ မသိမသာ တုန်နေကြသည်။

"ထိုင်ကြပါ .."

မကြာလိုက် ..။ ချက်ချင်းပင် .. မြန်ဆန်လွန်းစွာပဲ တုန်လှုပ်နေရိပ်တွေ ပျောက်သွားရလျက် တည်ငြိမ်သည့် အကြည့်တွေ ဖြစ်တည်လာရကာ .. အားလုံးကို ထိုင်ခိုင်းတော့ .. ထိုင်လိုက်ကြရသည်ပါပဲ ..။

"အန်တီက .. ဒေါ်ခင်ခင်ကြီးပါ .. ဒီက ညိုရီသော် ခေါ်သလို .. မေမေကြီးလို့ခေါ်လဲ ရပါတယ် .. ညိုရီသော် .. သူတို့အတွက် .. အအေးလေး ဘာလေး .. လုပ်ခဲ့ပါ .. သစ်သီးဖျော်ရည်ဆို ပိုကောင်းမယ် .."

ဟု ပြောလိုက်တော့ ညိုရီသော် .. ခပ်သုတ်သုတ် နောက်ဖေးဆောင်ဘက်ကို ဝင်သွားသည်။ ဒေါ်ခင်ခင်ကြီး၏ အကြည့်တွေက အားလုံးကို သိမ်းကျုံးအုပ်စိုးခြင်းဘက်ကို နွယ်နေသည့် အကြည့်မျိုး ဖြစ်နေသည်။ လက်တောက်ရှူးရှသော မျက်ဝန်းသည် မျက်တောင်ကော့များကြားမှာ ထင်းနေ၏။ နှာတံစင်းစင်းတန်းတန်း .. နှုတ်ခမ်းပါးလေးနှင့် အသားဖြူဥနေလျက် .. ဒေါ်ခင်ခင်ကြီး ဆိုတာ ငယ်စဉ်တုန်းက .. အတော်ကြီးကို ချောခဲ့မည့်သူပါ ..။ ခုထိ .. ခန့်ထည်သော အလှတရားများဖြင့် ရှိနေဆဲ ..။ အထူးသဖြင့် တောက်ပရှူးရှသော မျက်ဝန်းများက မျက်တောင်ကော့များဖြင့် အလှတရားတစ်ခုကို ထင်းနေစေသည့်နှယ်ပင် .. မာနတရားတို့ကိုလည်း ထိုမျက်ဝန်းများထဲမှာ ရှာဖွေရန်မလိုပဲ ထင်းနေအောင် တွေ့နေစေသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မော်တော်ဘုတ် .. ဆီပြတ်သွားလို့ပါ မေမေကြီး .. အဲဒါ .. ဆီများ နည်းနည်းလောက် ကူညီနိုင်မလားလို့ပါ ခင်ဗျာ .. ကျွန်တော့် နာမည်က ဖွဲ့ပိုင်ပါ .. သူက နေဝန်းနီပါ .. သူက .. ငွေပိုးမျှင်ပါ ခင်ဗျာ .."

တဖြည်းဖြည်း ညနေစောင်းဘက်ကို ကူးလာပြီမို့ အိမ်ပြန်ချင်နေပြီဖြစ်သည့် ဖွဲ့ပိုင် လိုရင်းစကားကို အကူအညီလည်း ရလိုသူအဖြစ် မျက်နှာချိုလေးသွေးလျက် ပြောလာတော့ ဒေါ်ခင်ခင်ကြီး လှမ်းကြည့်ခေါင်းညိတ်သည်။ သဘောက .. ဆီပေးမည့် ဆိုသည့်သဘော ..။ ဖွဲ့ပိုင် မျက်နှာဝင်းခနဲ ဖြစ်၏။ ပြန်ချင်နေမှန်းလည်း အရမ်းကို သိသာနေသည်။

ဒေါ်ခင်ခင်ကြီး ကတော့ ငွေပိုးမျှင်ကို ကြည့်နေဆဲ ..။

အပေါ်ထပ် နောက်ဖေး လေသာဆောင်ကြီးဆီမှ ချောင်းဘက်ကို ငေးကြည့်ရင်း ခါတိုင်းနေ့များလိုပဲ ဒေါ်ခင်ခင်ကြီး ရှိခဲ့ပါ၏။ မော်တော်တစ်စီး လှော်တက်ဖြင့် လှော်ခပ်၍ ကမ်းကပ်လာတာ ..။ ရေချိုးဆိပ် တိုင်လေးမှာ ကမ်းချည်ကြိုးချည်တာ။ အိမ်ကြီးဘက်ကို တကြည့်ကြည့်လုပ်နေကြတာကို မြင်တော့ မသင်္ကာချင် ..။

တစ်နေ့ကပဲ .. ပန်းသင်ကို .. ဆံပင်ညှပ်ပစ်ခဲ့တာ ..။ နောက်တစ်နေ့မှာပဲ .. ကျောင်းထွက်လက်မှတ်ကို .. ဒေါ်ခင်ခင်ကြီး ကိုယ်တိုင် သွားယူခဲ့ပြီးပြီ ..။



ခု .. မော်တော်တစ်စီးက .. စက်နှင့်မလာပဲ .. လက်နှင့်လှော်တက်လှော်ကာ လာသည်ဆိုတော့ မသင်္ကာချင် ..။ မိပန်းသင်၏ ကောင်လေးများ အဖော်နှင့်အတူ မော်တော်စက်သံမကြားအောင် လာကြခြင်းများပေလား .. ဟု တွေးမိရသည်မို့။

အခန်းထဲဝင်၍ မောင်းလေးတီးခတ်ခေါ်တော့ ညိုရီသော် သုတ်သုတ် ရောက်လာရသည်လေ ..။ ထို .. သူစိမ်းတွေကို .. သွားမေးစမ်းကြည့်ဖို့ .. ပြောတော့ သွားမေးသည်။ နောက် .. ပြန်လာဖြေသည်။ ခေါ်လာခဲ့ပါ .. ဟု ပြောသည်ကိုက .. အကဲခတ်လို၍ပါ ..။

မိပန်းသင်၏ ကောင်လေးနှင့်အဖော်တွေ .. မိပန်းသင်၏ သူငယ်ချင်း ကောင်မလေးတွေ .. ဒီဇယ်ဆီပြန်၍ အကူအညီတောင်းသယောင် လုပ်နေကြခြင်းပေလား .. ဟုလည်း တွေးမိသည်လေ ..။ လူမိတော့လည်း ဆိုကုန်၍ပါ .. ပေါ့ ..။ သူမမိတော့လည်း မိပန်းသင်ကို လာတွေ့ကြခြင်းပေပဲ .. ဖြစ်ရသည်ပေါ့ .. ဟု တွေးမိရသည့် သံသယတွေးဖြင့် .. အားလုံးကို အကဲခတ်ဖို့ ခေါ်မိခြင်းပါ ..။

ဒါပေမဲ့ ..။ ဪ .. ဒါပေမဲ့ .. တွေ့မည့်တွေ့တော့ .. မိပိုးဝါနှင့် အရမ်းကိုတူနေသည့် ကောင်မလေးတစ်ယောက် အပါအဝင် .. သူစိမ်းတွေ ဖြစ်နေသည်။

သေချာကြည့်လျှင် နေဝန်းနီ ဆိုသည့် ကောင်လေး၏ မျက်ဝန်းတွေကို ဒေါ်ခင်ခင်ကြီး အမှတ်ထင်ထင် ဖြစ်လာရလျက် .. ထိုမျက်ဝန်း .. ထိုမျက်ခုံး .. မျက်နှာကျတို့သည် ..

www.burmeseclassic.com

www.burmeseclassic.com



ရန်အေးဆိုသည့် သူတစ်ယောက်နှင့် တူနေချေသည်ကော .. ဟု လည်း နားလည်လာရရင်းမှ ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်ရသည် က ဒေါ်ခင်ခင်ကြီးပါ ..။

ဒါပေမဲ့ .. ဘာမျှမပြောသေး ..။ စီးကရက်ကို တစ်ချက် တစ်ချက် ဖွာလိုက်ရင်း .. ကြွေသားဆေးလိပ်ပြာခံခွက် လှလှလေးမှာ လှပစွာပဲ ပြာကိုခြွေချလိုက်ရင်းဖြင့် တစ်ချက်မျှ တော့ ဒေါ်ခင်ခင်ကြီး ငြိမ်သက်နေသည်။

"ငါက .. အပေါ်က မြင်နေရတော့ .. လူတွေအားလုံးရဲ့ မျက်နှာကို မသဲကွဲပဲ ရှိခဲ့ရပေမဲ့ .. မိပန်းသင် .. နောက် ကြောင်းပြန်လာတာလဲ မြင်ခဲ့ရတော့ .. မိပန်းသင်ရဲ့ကောင် လေး လိုက်လာလို့ .. ငါ့ကိုလန့်ပြီး .. မိပန်းသင် ပြန်လာ တာများလားလို့တောင် ထင်မိခဲ့သေးတာ .. ဒီလောက် ကောင်လေးတစ်ယောက် လိုက်လာတဲ့အထိ ဖြစ်ရလောက် အောင် .. ငါ့မျက်ကွယ်မှာ .. ရှိခဲ့ရကောင်းလားဆိုပြီး .. မိပန်းသင်ကို .. ဆုံးမဖို့ .. ဒီကောင်လေးတွေနဲ့ ကောင်မ လေးကို စစ်မေးချင်လို့ ခေါ်ခိုင်းမိတာ .. ခုတော့ .. မိပိုးဝါ အငယ်စားလေးတစ်ယောက်ကို .. ငါ့ရှေ့မှာ ခေါ် ထိုင်ခိုင်းလိုက်သလိုပါပဲလား .."

ဟု အံခဲ၍ ရင်ထဲမှ ကျိတ်တွေးမိရ ..။ နေဝန်းနီ ဆိုသည့် ကောင်လေးကိုလည်း ဖျတ်ခနဲ ကြည့်မိရင်းဖြင့် ..

"တစ်ယောက်တည်းတောင် မဟုတ်ဘူး .. ဒီကောင်လေး ကလဲ .. ငါ့ရင်ထဲက .. နာကြည်းမှုတွေကို အမြဲလောင်



မြိုက် ပြင်းထန်နေစေခဲ့တဲ့ ကိုရန်အေးရဲ့ မျက်နှာမျိုး ဖြစ် နေတယ် .. သူတို့ .. ဟဲ .. ငါအလွန်တရာကိုမှ မုန်း တီးနာကြည်းနေတဲ့သူတွေရဲ့ မျက်နှာတွေကို ပိုင်ဆိုင်နေ ကြတဲ့သူနှစ်ယောက်အဖြစ် .. တစ်ပြိုင်ကည်းမှာပဲ .. ငါ့ ရှေ့မှာ ရောက်နေကြပါလား .. အဲဒီနှစ်ယောက်စလုံးနဲ့ တူနေတဲ့ လူနှစ်ယောက် ငါ့ရှေ့မှာ တစ်ပြိုင်တည်း ရောက် နေဖို့ဆိုတာ .. အလွန်ဖြစ်ခဲတဲ့ .. ဖြစ်ကိုမဖြစ်နိုင်တဲ့ကိစ္စ ပဲ .. ဒါပေမဲ့ .. ငါ့အတွက် အမြဲ .. ထူးဆန်းတဲ့အဖြစ် တွေကို .. နာကြည်းစွာ ဖြစ်ဖြစ်လာစေတဲ့ ကံတရားဆိုတာ ကြီးက .. ခု .. ငါ့ရှေ့မှာ .. ဒီအဖြစ်ကို .. လာပြီးဖြစ် လာစေပြန်ပါလား .."

ဟု အေးစက်နေသော အကြည့်များဖြင့် နေဝန်းနီ နှင့် ငွေပိုးမျှင်တို့နှစ်ယောက်ထံမှာ တန့်နေရင်းမှ တိတ်ဆိတ်စွာ ဒေါ်ခင်ခင်ကြီး တွေးနေမိရပါ၏။

လွန်ခဲ့သော နှစ်များစွာက .. အဖြစ် ..။ ထိုအဖြစ် သည် .. ဘယ်တော့မှ .. ကြေကွဲရှိန်ကို မလျော့ပါးစေနိုင်သေး ..။

"ကလေးတို့က .. ဘယ်အရပ်ဇာတိကများပေလဲကွယ် .."

မေးသံသည် တည်ငြိမ်နေ၏။ ရန်လိုငွေ့မပါ ..။ ထိုခံစားမှုများ စွန်းထွက်ကျမလာအောင် ဒေါ်ခင်ခင်ကြီး ထိန်း ထားနိုင်ပါ၏။

"ကျွန်တော်တို့ ရန်ကုန်ကပါ ခင်ဗျာ .. နေဝန်းနဲ့ ပိုးမျှင် တို့က ဒီမြို့မှာ ကျန်ခဲ့ရမှာပါ .. အန်ကယ်က .. ဒီမြို့ကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျလို့ .. ရန်ကုန်က ပြောင်းလာခဲ့တာပါ .. ကျွန်တော်က .. သန်ဘက်ခါ ပြန်မှာပါ .. အဲဒါ .. နမ့်မွန်းချောင်းမှာ အပျော်မော်တော်စီးချင်တာနဲ့ စီးလာရင်း .. ဒီမှာ ဆိုပြတ်လို့ သောင်တင်နေတာပါ ခင်ဗျာ .."

ပြန်ချင်နေပြီဖြစ်သည့် ဖွဲ့ပိုင်ကတော့ .. ဆိုကီစွာဘက်ကိုပဲ .. လမ်းကြောင်းတည်တည်ပေးရင်း ပြောပြောနေခြင်းပါ ..။

ခုထိ .. ဒီဇယ်ဆီပုလင်းနှင့် တူတာဆို၍ .. ပင်နယ်စလင်ပုလင်း လေးပင် မမြင်ရသေးတာကို ဖွဲ့ပိုင် စိတ်ညစ်နေလေပြီ ..။

"ရမှာပါ .. ဒီမှာက .. ဒီဇယ်ဆီ အပိုတွေ ရှိပါတယ် .. ဒါပေမဲ့ .. အအေးဖျော်နေပြီဆိုတော့ .. စောင့်သောက်သွားကြပါဦး .."

ဟု ဒေါ်ခင်ခင်ကြီး ပြောတော့မှ .. ဆိုဇာကပ်နေသည့် ဖွဲ့ပိုင် မျက်နှာကြည်လန်းလာရှာပါ၏။

ဒေါ်ခင်ခင်ကြီးမှ ပြုံး၍ ..

"ဒီက မောင်နေဝန်းနီနဲ့ ငွေပိုးမျှင်ရဲ့ မိဘများက .. ဘာလုပ်ကြတာလဲကွယ် .. ဒီမြို့ကို တာဝန်ကျလို့ ပြောင်းလာတာဆို .."

"ဟုတ်ကဲ့ .. ဖေဖေက .. ခွဲစိတ်ဆရာဝန်ကြီးပါ .. ဦးရန်အေးပါခင်ဗျာ .. မေမေက ဒေါ်ပိုးဝါပါ .. အိမ်မှာ .. အိမ်ထောင့်တာဝန်နဲ့ပဲ .. ရှိနေရတာပါ .. အပြင်အလုပ် မလုပ်ပါဘူးခင်ဗျာ .."



ဟု နေဝန်းနီ ပြောတော့ ဒေါ်ခင်ခင်ကြီး၏ ကိုယ်ကြီးဆိုဖာနောက်မှီဆီသို့ ဖျတ်ခနဲ မှီကပ်ကျသွားတာ ..။ ကယောင်တကမ်း အနည်းငယ်နိုင်သော လုပ်မိလုပ်ရာဆန်နေသည့် .. ဒီးကရက်ကို ပြာခံခွက်ထဲ ချလိုက်တာ ..။ မျက်ဝန်းကို တစ်ချက် စုံမှိတ်ချလိုက်တာ ..။ အားလုံးကို .. နေဝန်းနီ တွေ့ရသည်။ ပိုးမျှင်ကလည်း ခပ်ငေးငေး ..။ ဖွဲ့ပိုင်သည်လည်း တစ်ချက်အကဲခတ်သလိုကြည့်ရာမှ နေဝန်းနီကိုလည်း ဘယ်လိုလဲ .. ဆိုသည့်အကြည့်ကို ကြည့်လာသည်။

အားလုံး ကြိုတင်သိထားနှင့်ခဲ့ရသည်က .. ဘဘအုန်းပြောခဲ့သော စကားများကြောင့် .. မေမေနှင့် မြကြာယံအိမ်ကြီးသည် .. ပတ်သက်သည် ဆိုတာကိုပါ ..။

ခု .. တကယ်လည်း .. ဒေါ်ခင်ခင်ကြီးသည် .. တစ်ချက်မျှလောက်တော့ဖြင့် .. ဟန်မလုပ်အောင် တုန်လှုပ်သွားရိပ်တွေ မျက်နှာထက်မှာ ဖြတ်သန်းသွားခဲ့ရချေပြီတကား ..။

မကြာလိုက် ..။ ဒေါ်ခင်ခင်ကြီး မျက်ဝန်းကို ပြန်ဖွင့်သည်။ ပြုံး၍ကြည့်လာသည်။ ဒါပေမဲ့ .. နှုတ်ခမ်းတွင် ခိုတွယ်သော အပြုံးသည် မျက်ဝန်းဆီသို့ မကူးစက် ..။ မျက်ဝန်းများထက်မှာ အေးစက် အေးခဲနေသော အကြည့်တွေပဲ ရှိနေသည်။

"ဪ .. ကိုရန်အေးနဲ့ မပိုးဝါတို့ရဲ့ သားနဲ့သမီးပေကိုး .. အေးလေ .. တစ်ချိန်က .. ငါ့ဘဝမှာ .. ကိုရန်အေးရဲ့ ပုံရိပ် .. ပိုးဝါရဲ့ပုံရိပ်တွေ ရှိခဲ့ဖူးသလို .. သူတို့ရဲ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မွှားလေးတွေ ပြန်ရောက်လာသလိုပါပဲလား .. ပြန်ရောက်လာကြသလိုပါပဲလားကွယ် ..”

ဟုတမ်းတသံဘက်ကို နွယ်နေသည့် လေသံဖြင့် ပြောလာတော့ အားလုံးငြိမ်သက်ငေးကြည့်နေရပါပြီ ..။

ထိုစဉ်ခိုက် .. ထောပတ်သီးဖျော်ရည်ဖြင့် ညိုရီသော် ရောက်လာသည်။ ဖန်ခွက်လေးတွေရှေ့မှာ လာချပေးသည်။ ဒေါ်ခင်ခင်ကြီးမှ ပြုံး၍ အားလုံးကိုကြည့်ကာ ..

“သောက်ပါ .. သောက်ကြပါ .. မောင်နေဝန်းနဲ့ ငွေပိုးမျှင်တို့ဆိုတာ .. မေမေကြီးနဲ့ .. သူစိမ်းတွေမှ မဟုတ်ကြတာပဲ .. ခုလို .. လာကြုံရ .. ဆုံရတာကိုပဲ .. မေမေကြီးဝမ်းသာလှပါပြီ .. မိပိုးဝါကတော့ .. မေမေကြီးဆီကို ဆက်သွယ်ရဲချေမှာ မဟုတ်ပါဘူးလေ .. သူ မဆက်သွယ်မှာကိုသိတဲ့ ကံကြမ္မာဆိုတာကြီးက .. ခုလို .. လူလေးတို့နဲ့ .. မေမေကြီးကို .. ဆုံဖြစ်အောင် စီမံလိုက်တယ်လို့ပဲ .. ကျေးဇူးတင်ရမလို ဖြစ်နေပါတော့တယ် .. ကဲ .. ကဲ .. သောက်ကြ .. သောက်ကြ .. ညိုရီသော် .. ကိုအုန်းကိုပြော .. မော်တော်ရဲ့တိုင်ကီထဲ .. ဆီအပြည့်ထည့်ပေးလိုက်ပါလို့ .. ညည်းလည်း .. လိုက်သွား .. ဟုတ်ပလား ..”

ဟု အားလုံးကိုလည်း ပြုံး၍ပြော ..။ ညိုရီသော်ကိုလည်း ဆီဖြည့်ခိုင်းနှင့် ရှိသွားရပါ၏။ အဖြစ်သည် .. စုစည်းအေးချမ်းခြင်း ဆီဘက်သို့သာ ရောက်လာသည့်နယ် ရှိလာပြန်၏။



စောစောက အေးစက်နေသော အကြည့်များဖြင့် ရှိခဲ့ပါသော မျက်ဝန်းတွေနေရာမှာ .. ပြုံးကြည်ရိပ်တွေ ဝင်လာ၏။ သွေးသားဆန်သော အကြည့်နှင့် အပြောတွေဘက်ကို ကူးလာ၏။ စိန်လက်စွပ်ဝတ် လက်ချောင်းသွယ်သွယ်လေးများသည် စောစောက ချထားသော စီးကရက်ဆီသို့ ပြန်၍ရောက်၏။ ခပ်ဖွာဖွာရှိုက်၏။

အအေးသောက်လိုက်ကြစဉ်ခိုက်မှာ ..

“လူလေးတို့အိမ်မှာ ဖုန်းရှိတယ်မဟုတ်လား .. ခွဲစိတ်ဆရာဝန်ကြီးလည်း ဖြစ်တယ် မဟုတ်လား၊ အင်း .. ဖုန်းနံပါတ်လေး ပြောပါဦးကွယ် .. လူလေးတို့ .. အိမ်ပြန်ရောက်တဲ့အခါလည်း .. မေမေကြီးရဲ့ မြကြာယံကို ရောက်ခဲ့တာကိုလည်း ပြောပြပါ၊ မေမေကြီးက .. သူတို့ကို .. လာခဲ့ဖို့မှာလိုက်တယ် ဆိုတာကိုလည်း ပြောပြပါ .. တကန်တကကို မှာတယ်လို့ ပြောပါ .. မေမေကြီးလည်း .. သူတို့ဆီကို .. ဖုန်းဆက်လိုက်ပါ့မယ် .. နံပါတ်ပေးထားခဲ့ပါ ..”

ဟု တည်ငြိမ်အေးချမ်းစွာ ပြောလာတော့ .. ဖုန်းနံပါတ်ကို ပေးခဲ့ရပါ၏။ မေမေကြီး ပေးလာပါသည့် ဖုန်းစာအုပ်၏ နောက်ဆုံးစာမျက်နှာ အောက်ဆုံးနေရာလေးမှာ ရေးပေးလိုက်သည်ပါပဲ ..။

ဒါပေမဲ့ .. နေဝန်းနီ ရင်ထဲမှာ ထင့်နေသည်။ လေးနေသည် ..။ မေမေကြီး၏ အပြုံးသည် .. မရိုးသားဟု ထင်နေသည် ..။ ဟုတ်သည် ..။ ထိုသို့ပဲ ထင်နေသည်။ ..။ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို .. ခွဲခြားမပြတတ်ပေမယ့် .. ထိုအပြုံးများသည် .. အေးမြခြင်းကို မဆောင်ပဲ .. ပူလောင်နေသည်ဟု နေဝန်းနီ၏ နှလုံးသားက အလိုလို ထင်နေမိရချေသည်လေ ..။ ညီမလေးကို နေဝန်းနီ တစ်ချက်ငဲ့ကြည့်မိသည်။ အရိုးခံလေးပီပီ ပိုးမျှင်ကတော့ .. ချစ်ကြင်စွာ .. ကျေးဇူးတင်စွာပဲ .. မေမေကြီးကို ငေးကြည့်နေသည့်အဖြစ် ..။ နေဝန်းနီ ရင်တဲမောနေသည့်နှယ် ရှိနေရပါ၏။

မြကြာယံသို့ .. ရောက်လာခြင်းသည် .. ကောင်းသော အကျိုးကို .. ပေးမှပေးပါချေမည်လား မသိ ..။ ရင်ထဲတွင် လေးနေသည်။



## အခန်း(၄)

"ဒီလိုကြားရတာ ဝမ်းသာစရာပဲပေါ့ ဝါ .. မောင်တို့ဘဝမှာ .. ရင်ထဲမကောင်းနိုင်ပဲ ဖြစ်ဖြစ်နေရတဲ့ .. ဝေဒနာတစ်ခုဟာ .. လျော့ပါးအေးချမ်းလာရတဲ့ သဘောပဲပေါ့ .."

မြကြာယံအိမ်ကြီးမှာ ဖြစ်ခဲ့ကြဲခဲ့ရလေသမျှကို အိမ်၏ ညှိခန်းမှာ ထိုင်ကြလျက် သူတို့ပြောပြကြလေသမျှ နားထောင်ပြီးသည့်နောက်မှာ ဖေဖေ ပြုံး၍ မေမေ့ကိုကြည့်ကာ ပခုံးလေးပေါ် လက်ကိုဖွဖွတင်၍ ပြောခိုက် မေမေ ခေါင်းယမ်းသည်ပါပဲ ..။ မျက်နှာထက်တွင် ကြေကွဲချောက်ချားရိပ်က ထင်နေသည်။

"မောင် မသိပါဘူး .. ဝါဝါက .. မောင်သိတာထက် အများကြီး ပိုသိပါတယ် မောင် .. မမကြီးရဲ့စိတ်ကို ဝါက ပိုသိတာပါ .. အရုမ်းကို စိတ်မာတတ်မာကျောတဲ့ .. အတေးအမှတ်ကြီးတဲ့ .. အဆင့်အတန်းလဲ ခွဲလွန်းတဲ့ မမကြီးဟာ .. ဒီလောက်ကြီးထိတော့ မပြောင်းလဲသွားနိုင်ပါဘူး မောင် .."

www.burmeseclassic.com



မမေ့ အသံလေး တိမ်ကျလာတော့ သူတို့အားလုံး ငိုင်ခနဲ တစ်ချက်ဖြစ်ကြရသည်။ သူ ငုံ့ကြည့်တော့ ခပ်ငေးငေး ကြည့်နေသည့် ဖွဲပိုင် ..။ မှုပိုင်အေးချမ်းသော အကျင့်လေးအတိုင်း ပင်လျှင် ခုလည်း မျက်နှာငယ်လေးဖြင့် မေမေနှင့်ရော၍ စိတ်ထိခိုက်သလို လိုက်ခံစားနေပါသည့် ညီမလေး ပိုးမျှင် ..။

သူ တစ်ချက်ကျိတ်၍ သက်ပြင်းရှိုက်မိသည်။ မြကြာယံအိမ်ကြီးမှ ဒေါ်ခင်ခင်ကြီး ဆိုသည့် အမျိုးသမီးကြီးသည် မေမေ့ရင်ကို တုန်လှုပ်ခြင်းနှင့် သောကများကို အပ်နှင်းနေစေဆဲ ဖြစ်နေသည် ဆိုတာကိုရော ..။ ထိုအဖြစ်တို့သည် လွန်ခဲ့သောနှစ်များစွာက စတင်၍ မေမေ့ ရင်ထဲဆီသို့ အပ်နှင်းဖြစ်တည်နေစေခဲ့သည် ဆိုတာကိုရော နားလည်တွေးဆမိလာရပါသည့်အဖြစ် ..။

ဒါပေမဲ့ .. ထိုအဖြစ်သည် မည်မျှအထိ ဆိုးဝါးစွာ နက်နက်ရှိုင်းရှိုင်းကြီး ဖြစ်ခဲ့သည် ဆိုတာကိုတော့ မသိရသေး ..။ ဘာတွေဖြစ်ပျက်ခဲ့သည် ဆိုတာ့ကိုလည်း မသိခဲ့ရသေး။ ဒေါ်ခင်ခင်ကြီးဆိုသည့် အမျိုးသမီးကြီးကိုပင် .. မကြာမတင်ကမှ တွေ့မြင်ခဲ့ရဖူးခြင်းပါ ..။ ဒါပေမဲ့ .. မေမေနှင့် ဒေါ်ခင်ခင်ကြီးတို့သည် .. နက်ရှိုင်းသော ပတ်သက်ခြင်းများဖြင့် ရှိခဲ့ကြကာ .. ခွဲခွာဖြစ်ကြရခြင်းဖြင့် ဤကာလများကို ဖြတ်သန်းခဲ့လျက် .. ထိုခွဲခွာခြင်း မတိုင်မီမှာ .. ခါးသီးသော အဖြစ်များ ဖြစ်တည်ကြချေလိမ့်မည်ဟုတော့ နားလည်လာနေမိရပါပြီ ..။

ဖေဖေရော .. မေမေရော .. ထိုဒေါ်ခင်ခင်ကြီးနှင့် ပတ်သက်၍ ဘယ်တုန်းကမှ .. အမည်လေးမျှကိုပင် မပြောခဲ့ကြစဖူး ..။ ခုမှ .. သူ့ဘို့သုံးယောက် .. မြကြာယံမှာ ဒေါ်ခင်



ကြီး ဆိုသူကို ဆုံခဲ့ရတာတွေ ပြောပြလေမှ .. တစ်စုံတစ်ခုသော ပတ်သက်မှုများသည် မေမေနှင့် ပို၍ပတ်သက်စွာ ဒေါ်ခင်ခင်ကြီးနှင့် အတိတ်ကာလများဆီမှာ ဖြစ်တည်ခဲ့ချေလိမ့်မည်ဟူ၍ နားလည်လာရ သိလာရခြင်းပါ ..။

"မဟုတ်ဘူးလေ ဝါဝါ .. ခုက .. နှစ်တွေကြာခဲ့ပြီ .. ဖြတ်သန်းလာခဲ့ရပြီးပြီ .. အသက်တွေလဲ ကြီးလာကြပြီ .. ခင်ခင်ကြီးဟာ .. အသက်အရွယ်အရ .. အရာရာကို .. နားလည်ခွင့်လွှတ်တတ်တဲ့ အရွယ်ကို ရောက်နေပြီးပြီပဲ .. သူ .. တကယ့်ကို .. မောင်တို့အပေါ်မှာ .. နားလည်နေမှာပါ .. သူက .. သားတို့ကို .. တရင်းတနှီး တခင်တမင်လဲ ပြောခဲ့ပြီ .. မောင်တို့ရဲ့ ဖုန်းနံပါတ်ကိုတောင် တောင်းခဲ့ပြီးပြီ .. သူ .. ဖုန်းဆက်မယ်လို့လဲ မှာခဲ့ပြီးနေပြီ .. သူ့ဆီ လာလည်ကြပါလို့လဲ ဖိတ်ခေါ်ခဲ့ပြီးနေပြီ .. ဒါကို .. မောင်တို့ဘက်က .. သူ့ဆီသွားတွေ့ရမယ့် တာဝန် .. သူ့ကို .. အရင်ဆက်သွယ်ရမယ့် တာဝန်တွေ ရှိလာတော့ တာပေါ့ .. မောင်တို့က .. သူ့ကို .. တစ်ချိန်တုန်းက .. သူ့နှလုံးအိမ်ကို ရိုက်ချိုးခဲ့ဖူးတဲ့သူတွေပဲ .. ဘာကြောင့်ပဲဖြစ်ဖြစ် .. သူဟာ .. မောင်တို့ရဲ့ ပယောဂမကင်းပဲ .. နှလုံးအိမ်တစ်ခုလုံး လောင်မြိုက်ခဲ့ရတဲ့ ခင်ခင်ကြီး ဖြစ်ခဲ့ရဖူးတယ်လေ"

ဟု ဖေဖေ ပြောလာတော့ သူ ပို၍ .. သိချင်လာနေသော ဖေဖေ .. မေမေနှင့် .. ထိုဒေါ်ခင်ခင်ကြီးတို့၏ အတိတ်နောက်ကြောင်းခြင်းများဖြင့် ခြယ်မှုန်းဖွဲ့သီသော စာတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်များ .. ဒေါ်ခင်ခင်ကြီး၏ ရင်ထဲမှာ ဘေးမှတ်ကျန်ရစ် ခဲ့ချေသည်လား ..။

မေမေကတော့ ပိုးမျှင်ကိုကြည့်ကာ သက်ပြင်းရှိုက် သည်။ သူ့ကိုကြည့်ကာ ပို၍ပန်းဟိုက်လာပုံဖြင့် ခေါင်းကို လေးပင်ပင် ယမ်းလာပါ၏။

"ဝါဟာ .. မောင်နဲ့တူတဲ့ သားတစ်ယောက် .. ဝါဝါနဲ့တူတဲ့ သမီးတစ်ယောက်ကို မွေးဖွားခဲ့တာ .. ဒီမြို့ကိုလဲ .. မောင် တာဝန်ကြောင့် ပြန်ရောက်လာရတာတွေကို .. ရင်ထဲမှာ လေးနေတယ် မောင် .. သားနဲ့သမီးလေးကို မမကြီး မြင် ရင် .. သားဟာ .. မောင့်သားဖြစ်နေတာ .. သမီးလေး ပိုးမျှင်ဟာ ဝါဝါ့သမီးလေး ဖြစ်တာကို .. မမကြီး မ မသွေ့သိမယ်ဆိုတာ ဝါဝါ ကြိုတင်သိထားတယ် .. ဒါ ဒီလို .. မမကြီး နေနေတဲ့ မြကြာယံအိမ်ကြီးထိကိုတော ရောက်သွားလိမ့်မယ်လို့ .. အဲဒီအထိတော့ .. မထင်မှ ခဲ့ဘူး မောင် .. သားဟာ .. မောင်နဲ့အရမ်းတူတယ် .. သမီးက ဝါနဲ့အရမ်းတူတယ် .. သမီးကိုပဲမြင်မြင် .. သ ကိုပဲမြင်မြင် .. မမကြီးရဲ့ ရင်ထဲက နာကြည်းခြင်း ကို .. ပိုပြီးရှင်သန်လာအောင် ဖြစ်နေစေလိမ့်မယ်ဆိုတာ ဝါ သိတယ်မောင် .. ဝါ .. ဒီမြို့ကို မလာချင်တာ .. ဒါ အဓိကပါပဲ .. ဝါ .. မမကြီးနဲ့ .. ပြန်မဆုံချင်တော့ မောင် .. မဆုံရက်တာလဲ ပါပါတယ် .. ဘာပဲဖြစ်ဖြစ် မမကြီးဟာ .. ဝေဒနာနဲ့ ကျန်ခဲ့ရတဲ့သူပါ .. သူ .. သူ ဘယ်တော့မှ .. ဝါ့ကိုရော .. မောင့်ကိုရော .. ခွင့်လွှ



မှာ မဟုတ်ဘူး မောင် .. နာကြည်းတာကိုလဲ .. ဘယ် တော့မှ .. ပြေပျောက်နိုင်မှာ မဟုတ်သလို .. အငြိုးအတေး ကိုလဲ ဘယ်တော့မှ ရင်ထဲက လျော့ပါးစေမှာ မဟုတ်ဘူး မောင် .."

ဟု ပြောနေတော့ ဖေဖေ ခေါင်းယမ်းသည်။ ဖေဖေ ဖျောင်းဖျတော့မည်ဆိုတာ မေမေ သိနေလျက် လက်လေးကာရှာ သည်ပါပဲ ..။ မျက်ရည်လည်နေသော မေမေသည် တကယ်လည်း စိတ်တွေလှုပ်ရှား ချောက်ချားနေမှန်း သိသာနေသည်။

မေမေ့ဘဝမှာ ဒေါ်ခင်ခင်ကြီးသည် အတော်ကြီး ကို လွှမ်းမိုးခဲ့သည် ဆိုတာလောက်ကိုတော့ သူ နားလည်လာ သည်။

ဒါပေမဲ့ .. ဖွဲ့ပိုင် ဆိုတာ သူငယ်ချင်းပေမယ့် ..။ ညီအစ်ကိုလို ချစ်ကြတာလည်း ရှိနေရပေမယ့် .. မေမေ့အတွင်း ရေး .. ဖေဖေ၏ အတိတ်ကာလက မေမေနှင့် ပတ်သက်သော .. သြော် .. ဒေါ်ခင်ခင်ကြီးနှင့် ပတ်သက်သော .. အဖြစ်တွေကို .. အားလုံးဖွင့်ချမေး၍ မသင့်သေးတာမို့ .. ငြိမ်နေရခြင်းပါ ..။

ဖွဲ့ပိုင် ကိုယ်တိုင်ကလည်း မော်တော်စီးချင်ပါသည် ဟု ဆတ်ဆော့ခဲ့လေသမျှ .. ခုကျတော့ အားနာနေပုံဖြင့် မျက်နှာ မကောင်းနိုင် ..။ မော်တော်ပိုင်ရှင်ထံ မော်တော်ပြန်အပ်ခဲ့ရတုန်း ကလည်း အချိန်တွေပို၍ များစွာကြာခဲ့တာမို့ ပိုင်ရှင်က မျက်နှာ ထားတင်းချင်နေတာကို မနည်းကြီး မျက်နှာချိုသွေးခဲ့ရပါသည့် ဖွဲ့ပိုင်သည် .. ခုလည်း မျက်နှာမကောင်းပဲ ဖြစ်နေရရှာပါသည့် အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



မြကြာယံအိမ်ကြီးမှ ဒေါ်ခင်ခင်ကြီး ဆိုသည့် အမျိုးသမီးကြီးနှင့် တွေ့ရချေလိမ့်မည်ဟု မေမေကိုယ်တိုင်ပင် ထင်ထားပုံမရ ..။ ခုလောက်ကြီးထိ မြန်မြန်ဆန်ဆန်ကြီး ဖြစ်တည်လာလိမ့်မည်ဟုလည်း ထင်ထားပုံမရ ..။

မေမေကတော့ အရာရာကို ဆုံးဖြတ်လိုက်ပုံဖြင့် ဖေဖေ့ကို ကြည့်သည်။ သူတို့သုံးယောက်ကိုလည်း ကြည့်သည်။ မျက်နှာထက်တွင် တည်ငြိမ်ရင့်ကျက်ခြင်းက နေရာယူလာ၏။

နောက်မဆုတ်စတမ်းသော အဆုံးအဖြတ်တစ်ခုသည် မေမေ့ထံမှာ ရှိနေပြီဟု သူ နားလည်လာသည်။ ဘုရားရေ ..။ ဒေါ်ခင်ခင်ကြီး ဆိုသူ အမျိုးသမီးကြီးသည် မေမေ့ကို ထိုမျှအထိ လွှမ်းမိုးချုပ်ကိုင်ထားနိုင်သော စိတ်စွမ်းအင်ဖြင့် ရှိနေခဲ့ချေသည်တဲ့လား ..။ မေမေသည် .. မေမေသည် .. ရန်ကုန်သို့ ပြန်တော့မည်ဟု .. ပြောချေတော့မည်ဟု သူ အလိုလို သိလာနေသည်။ နားလည်လာနေသည်။

“ဝါတို့ .. ရန်ကုန်ကို ပြန်ကြပါမယ် မောင် .. သားနဲ့သမီးကို .. ဝါ .. ဒီမှာ .. မနေစေချင်ဘူး .. သူတို့ရဲ့နှလုံးအိမ်ထဲမှာ .. မမကြီးရဲ့ အမုန်းတရားတွေရဲ့အရိပ်ကို မထိစေချင်ဘူး .. သူတို့ဘာမှ မသိသေးတဲ့ .. အဲဒီအမုန်းတရားကြီးကို .. အစွန်းထင်း မခံစေချင်ဘူး မောင် ..”

ဟု ပြောလာတော့ ဖေဖေ ခေါင်းယမ်းသည်။

“ဘာလို့ .. အမုန်းတရား ဆိုတာကြီးကို .. မမကြီးရဲ့ ရင်ထဲမှာ ရှိနေဆဲပဲလို့ လက်ကိုင်စွဲထားချင်နေရတာလဲ ဝါ .. ခု .. သူ့ဘက်က ပျော့ပျောင်းချိုသာ ဆက်ဆံလာချိန်မှာ ..



မောင်တို့က .. ဘာလို့ .. သူ့ကို .. ဖြတ်တောက်ထားရမှာလဲ .. သူ့ခမျာ .. မုဆိုးမ ဖြစ်ရှာပြီ .. လွန်ခဲ့တဲ့နှစ်များစွာကတည်းက .. မုဆိုးမ ဖြစ်ခဲ့ရရှာပြီ .. ဘဝလဲ နာနေခဲ့ .. အသက်လဲ ကြီးလာခဲ့ပြီ .. မောင်တို့ရဲ့အတိတ်က .. အဖြစ်တွေကို .. သူ .. မေ့ဖျောက်ပစ်လိုက်နိုင်မှာပါကွယ် ..”

ဟု ပြောလာတော့ မေမေ ခေါင်းယမ်းမြဲ ယမ်းနေသည် ..။

ဖေဖေ့ကို မော့ကြည့်လာသည့် အကြည့်တွေထဲမှာ ချောက်ချားရိပ်ကို ပို၍ မြင်မြင်လာနေရပါသည့် အဖြစ်။

“သူ .. မေ့ဖျောက်ပစ်နိုင်မယ် .. ဟုတ်လား မောင် .. ဘယ်တော့မှ သူ မမေ့ဘူး .. မေ့မှာမဟုတ်ဘူး .. အငြိုးအတေးကိုလဲ .. သူ .. ဖျောက်မှာမဟုတ်ဘူး .. အပင်များလိုပဲ .. ကြာလေကြီးလာလေ .. မြင့်လာလေ .. ပင်စည်ကြီးကြီး .. အခက်မြိုင်မြိုင် ဖြစ်လာတဲ့ အမုန်းပင် .. အမုန်းအခက်အလက်တွေနဲ့ ဖြစ်နေမှာ ဝါဝါ သိတယ် မောင် .. ဘာလို့လဲဆိုတော့ .. မမကြီးရဲ့ အတွင်းကျကျစိတ်ကို .. ဝါ ပိုသိလို့ပဲ .. အဖြစ်တွေဟာ တော်ရုံဖြစ်ခဲ့ကြတာ မဟုတ်ဘူး မောင် .. သူနဲ့လက်ထပ်ဖို့ .. ဘဘ ရည်ရွယ်ထားတဲ့သူ .. မောင့်ကို .. မောင့်ကို .. သူ .. လက်လွှတ်ဆုံးရှုံးလိုက်ရတယ် ဆိုရာမှာ .. တခြားမိန်းမတစ်ယောက်နဲ့ .. လက်ထပ်လိုက်တာမျိုးနဲ့ အဆုံးခံလိုက်ရတာ မဟုတ်ဘဲ .. သူ့အိမ်မှာ .. ပဒုမ္မာရိပ်ငြိမ်ဆိုတဲ့ အိမ်ကြီးမှာ .. အစေအပါးအဖြစ် ရှိခဲ့ရတဲ့ .. ပိုးဝါ ဆိုတဲ့ မိန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



မှ .. လက်ထပ်သွားခြင်းဟာ .. တော်ရုံအဖြစ်တစ်ခု မဟုတ်ဘူး မောင် .. တော်ရုံအဖြစ်တစ်ခု မဟုတ်ဘူး မောင်ရဲ့ ..”

ဟု ပြောလာတော့ သူရော .. ဖွဲ့ပိုင်ရော .. ပိုးမျှင်ရော ဟင်ခနဲ ဖြစ်သွားရပါပြီ ..။ အရမ်းကို ငိုချလိုက်သော မေမေ့ကို ဘယ်သူမှ မကြည့်ရက် ..။ မေမေသည် .. တစ်ချိန်သော အခါက .. ပဒုမ္မာဆိုသည့် အိမ်ကြီးတစ်အိမ်မှာ .. သိမ်ငယ်စွာ .. အိမ်၏ အစေအပါးအဖြစ် ရပ်တည်ခဲ့ရချေသည်တကား ..။ လှပ ဖွေးဥနေသည့် မေမေသည် ဒေါ်ခင်ခင်ကြီး၏ အခိုင်းခံဘဝဖြင့် ရှိခဲ့ရသည်တဲ့ ..။ ရင်ထဲတွင် မကောင်းနိုင် ..။ တောက်ပသည် နှင့်အမျှ ခက်ထန်ခြင်းနှင့် မာနရိပ်များဖြင့် ပြည့်ဝနေသည့် မျက်ဝန်းတစ်စုံကို မြကြာယံအိမ်ကြီးမှာ မကြာမလင့်မီကပဲ .. သူတို့ မြင်ခဲ့ရပြီးပြီ ..။ နောက်ပိုင်းတွင် ပြုံး၍ပြောလာပေမယ့် ထိုအပြုံး များသည် ဒေါ်ခင်ခင်ကြီး၏ ရင်ထဲမှလာသော အပြုံးဖြူဖြူစင်စင် များ မဟုတ်တာကို .. သူ အလိုလို နားလည်ခဲ့သည်ပဲ ..။ ဪ .. ခုတော့ .. ခုတော့ .. သူ သိရပါပြီ ..။ ဖေဖေသည် .. ဒေါ်ခင်ခင် ကြီးကို လက်မထပ်ဘဲ .. ထိုအိမ်မှ အစေအပါး ဖြစ်ပါသည့် မေမေ့ကို ရွေးချယ်လက်ထပ်ခဲ့ချေသည်တကား ..။ ထိုအဖြစ်သည် .. ဒေါ်ခင်ခင်ကြီးကို .. နက်ရှိုင်းစူးရှသော နာကြည်းမှုကို .. ခံပြင်း လောင်မြိုက်နေခြင်းများနှင့်အတူ လွှမ်းမိုးခဲ့ချေလိမ့်မည်ဟု မေမေ ယုံကြည်နေခြင်းသည် မမှားနိုင်။ ဖြစ်နိုင်ချေသည်ပါပဲ ..။ မေမေ့ စိုးရိမ်မှုများကို ဝန်ခံနေသည်က .. သူ မကြာမလင့်မီကမှ မြင် ခဲ့ရပါသည့် ဒေါ်ခင်ခင်ကြီး၏ မျက်ဝန်းများ ..။ မာကျောသော



မျက်ဝန်း ..။ နက်မှောင်သည်နှင့်အမျှ .. တောက်ပစူးရှလျက် .. မာနရိပ်များဖြင့် ရှင်သန်နေသော မျက်ဝန်း ..။ လှေကားမြင့်ကြီး ဆီမှ .. စိန်တွေညွတ်အိလျက် .. ဆင်းလာစဉ်ခိုက် .. သူတို့မော့ ကြည့်မြင်ခဲ့ရပါသော မျက်ဝန်း ..။

သူ .. ဖွဲ့ပိုင်ကို ကြည့်တော့ မျက်နှာထားမတတ် အောင် .. မျက်နှာအပျက်ပျက်ဖြင့် ရှိနေတာကို မြင်ရသည်။ ဤ အဖြစ်တွေအားလုံးသည် .. ဖွဲ့ပိုင်၏ မော်တော်စီးလိုခြင်း ရောဂါ ကြောင့် ဖြစ်လာရသည်ဟု ဖွဲ့ပိုင် ခများလည်း တွေးမိရှာချေမည် သာ။ ဖေဖေ သက်ပြင်းရှိုက်၍ မေမေ့ပခုံးပေါ် လက်ကိုဖေးတင် ထားရာမှ ခပ်ဖွဖွ ပုတ်ပေးလာပါ၏။

“မောင် .. ဘဘကို ကုသပေးဖို့ ပဒုမ္မာကို မောင် လာလာ နေတဲ့အခါမှာ .. ဘဘက .. သူ့ဘဝရဲ့ နောက်ဆုံးအချိန် ရယ်လို့ နားလည်နေတာမို့ .. မောင့်ကို .. မမကြီးနဲ့လက် ဆက်စေချင်တာကို ဖွင့်ပြောခဲ့တယ် .. ဒါပေမဲ့ .. အဲဒီ အချိန်မှာက .. ဝါနဲ့ မောင်က ချစ်သူတွေ ဖြစ်နေကြပြီ .. မမကြီးရဲ့ .. အဆူအကြိမ်း .. မမကြီးရဲ့ အရိုက်အနှက် တွေကို .. အားကိုးရာမဲ့ ခံနေရတဲ့ ဝါဝါ့ကို မောင်ချစ်ခဲ့ သနားခဲ့ခြင်းဟာ .. ဝါ ကံကောင်းတာလား .. ကံဆိုးတာ လားဆိုတာ .. တစ်ခါ တစ်ခါ .. မဝေခွဲတတ်တော့ပါဘူး .. မောင် .. ဘဘ ဆုံးချိန်မှာ .. မမကြီးက .. သူ့ကိုလက် ထပ်ဖို့ မျှော်လင့်နေချိန်မှာ .. မောင်က .. မောင်က .. ဝါ့ကို ဒီမြို့ တရားရုံးမှာ လက်ထပ်ခဲ့တယ်လေ .. သူ .. သိပ်ကိုနာကြည်းနေလိမ့်မယ်မောင် .. သူနဲ့မောင် .. လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖြစ်မယ်လို့ .. သူကိုယ်တိုင်လဲ ယုံကြည်နေတာ .. ဝ
သိတယ် .. သူ့မျှော်လင့်ချက်ကို .. ဝါက ရိုက်ချိုးခဲ့တာ
မောင်က .. မောင့်ကို ဝါ လက်မထပ်ရင်လဲ .. သူ့ကိုတော
လက်မထပ်ဘူး ဆိုတာလဲပြော .. မောင်ကိုယ်တိုင်လဲ
တခြားမြို့ကို ပြောင်းတော့မယ် ဆိုတာလဲ သိရနဲ့ .. မော
ကို မခွဲနိုင်တဲ့စိတ်ကြောင့် .. မောင့်ကို အားကိုးတဲ့စိတ်
ကြောင့် .. ပြီးတော့ .. မောင်မရှိတော့တဲ့ အခါမှာ .. အာ
ကိုးရာမဲ့တော့မှာလဲ သိတာမို့ မမကြီးရဲ့ .. အရိုက်အနှက်
ခံ .. အနှိမ်ခံဘဝက .. လွတ်အောင် မောင် ကမ်းလာတဲ့
လက် .. မောင်ပေးလာတဲ့ ဘဝကို .. ဝါရွေးချယ်လက်
ခဲ့တာ .. ငယ်ရွယ်တဲ့သူလဲဖြစ် .. မမကြီးနဲ့ .. ပဒုမ္မာအိ
ကြီးမှာ .. တစ်နေ့ တစ်နေ့ .. အရိုက်အနှက် အဆူအကြိမ်း
ခံနေရတဲ့ ဘဝကို .. ရင်မဆိုင်နိုင်တော့တာမို့ .. ဆိုတာ
ဝါ ဝန်ခံပါတယ် မောင် .. ဝါ .. မောင့်ကို .. အားကိ
တကြီး .. မြတ်မြတ်နိုးနိုး .. လက်ထပ်ခဲ့တာပါ .. ဒါ
အဲဒီအဖြစ်ဟာ .. မမကြီးအတွက်ကတော့ .. လောင်မြိုက်
ခြင်းပါ မောင် .. အငြိုးတရားကို ရင့်သန်နေစေ
လောင်မြိုက်ခြင်းပါ .."

ဟု ပြောပြောငိုနေတော့ ဖွဲ့ပိုင်မှာ သူစိမ်းပေမို့ နေ
မှ ထွက်သွားရပါ၏။ သူရော ပိုးမျှင်ရော မျက်နှာအပျက်ပျက်
ထရပ်ကြတော့ မေမေကိုယ်လေးကိုင်းကာ သားနှင့်သမီး၏ လက်
ဆွဲထားထားသည်။ မျက်ရည်တွေ အရမ်းကျနေသည့် မေမေ့ကို
မကြည့်ရက် ..။ ပိုးမျှင်ကတော့လိုက်၍ မျက်ရည်ကျနေပြီ ..



"မေမေဟာ .. မေမေဟာ .. ပဒုမ္မာဆိုတဲ့ အိမ်ကြီးတစ်
အိမ်က .. အစေခံမတစ်ယောက် ဖြစ်တယ်ဆိုတာသိလို့ ..
မေမေ့ကို အမေရယ်လို့ ခေါ်ရမှာ .. တော်ရမှာ .. သားနဲ့
သမီး ရှက်နေကြပြီလားကွယ် .. မေမေဟာ .. အဲဒီပဒုမ္မာ
အိမ်ကြီးက ဒရိုင်ဘာဦးမြဝါရဲ့သမီး ဖြစ်ခဲ့တာ .. ဖေဖေ
အဆုတ်ရောဂါကြောင့် မေမေ ငါးနှစ်သမီးမှာ ဆုံးခဲ့တာ ..
ဘဘဦးသာခင်ရဲ့ ပဒုမ္မာမှာပဲ .. မေမေ အစေအပါးဘဝ
မျိုးနဲ့ ဆက်ရှိခဲ့ရတာ .. ဒါတွေအားလုံးဟာ .. ကံကြမ္မာ
ပါကွယ် .. ကံရဲ့ .. အစီအမံပါ .."

ဟု ပြောတော့ ပိုးမျှင်မှ မေမေ့ကို ဖက်၍ ..

"အို .. မေမေ့ကို .. ပိုးမျှင်တို့က ချစ်နေတာပါပဲ .. မေမေ
ဟာ ပိုးမျှင်တို့ရဲ့ မေမေပဲ .. ဘာလို့ရှက်ရမှာလဲ .. ခု ..
ခု .. ပိုးမျှင်တို့ မေမေ့မျက်ရည်တွေကို မကြည့်ရက်လို့ ..
ထွက်သွားကြမလို့ပါ မေမေ .."

ဟု ပြောငိုတော့ သူ မေမေ့ရှေ့ ကြမ်းပြင်မှာ ထိုင်
ချသည်။ ပိုးမျှင်ကတော့ မေမေ့ ရင်ခွင်ထဲမှာ ခေါင်းဝင်ငိုနေလေ
ပြီ ..။

"သားတို့ကို .. ချစ်တဲ့ မေမေ့ကို .. သားတို့ .. အမြဲ
ရိုကျိုးနာခံ .. ချစ်နေကြမှာပါ မေမေ .. မေမေရဲ့အတိတ်
ဘဝက .. သူတစ်ပါးရဲ့ အနှိမ်ခံ .. အဆူအကြိမ်းခံ ဘဝ
မျိုးနဲ့ ရှိခဲ့ရတာကိုပဲ .. ရင်ထဲမချိရတာပါ .. အဲဒီခေါင်
ခင်ကြီးဟာ .. သိပ်ကို .. မာကျောတဲ့ မိန်းမတစ်ယောက်
ဆိုတာ .. သား .. သူ့မျက်လုံးတွေနဲ့ပဲ .. သိနေခဲ့ပြီး နေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ မေမေ ... မေမေ့ကို သားသနားတာပါ ... ဘယ်လိုများ ... မေမေ ... သူ့မျက်စိအောက်မှာ ... နေခဲ့ရရှာပါလိမ့်လို့ ... တွေးမိရတာပါ ... မေမေ့ကို သားတို့ ... အမြဲချစ်နေကြတာပါ မေမေ ..."

ဟု ပြောမိရစဉ်ခိုက် သူ့အသံတွေ တုန်နေသည်။ မျက်ရည်ကျလာသည်။ အရမ်းကို စိတ်ထားနူးညံ့သော မေမေ့ကို ... သူ အသိဆုံး ...။ မေမေ့ နှလုံးအိမ်လေး အဘယ်မျှထိ ဖြူစင်တာ သူ သိနေသည်ပဲလေ ...။

မေမေ နေခဲ့သော အိမ်ကြီးအဖြစ် မြကြာယံရိပ်ငြိမ် ဆိုသည့် အိမ်ကြီးကို သူ စောစောပိုင်းတုန်းက ထင်ထားမိခဲ့သည်။ ဒါပေမဲ့ ... ခု ... မေမေ ပြောလာသည့် စကားများကြောင့် သူ သိလာရသည်က ... မေမေသည် ပဒုမ္မာဆိုသည့် အိမ်ကြီးတစ်အိမ်မှာ ... အစေအပါးအဖြစ် နေခဲ့ရလျက် ...။ ထိုပဒုမ္မာအိမ်ကြီးသည် ဒေါ်ခင်ခင်ကြီး၏ ဖခင်ဖြစ်သူ ဦးသာခင် ဆိုသူပိုင်သည့် အိမ်ကြီး တစ်အိမ်ဖြစ်ကာ ...။ ထိုအိမ်၏ အရိပ်မှာ မေမေသည် ညှိုးငယ်ဖျော့ အားငယ်စွာ ... ဒေါ်ခင်ခင်ကြီး၏ မျက်စိအောက်၌ နေထိုင်လှုပ်ရှားခဲ့ရချေသည် ဆိုခြင်းကိုပါတည့် ...။

ပဒုမ္မာ ...။ လှပသောအမည်ဖြင့် ရှိပါသော ပဒုမ္မာ အိမ်ကြီးသည် မေမေ နေထိုင်ခဲ့ရာအိမ် ဖြစ်ခဲ့လျက် ...။

ယခု ... မေမေကြီး ဒေါ်ခင်ခင်ကြီး နေထိုင်နေပါသော မြကြာယံအိမ်ကြီး မဟုတ်တာကိုတော့ သူ သိလာရပြီ ...။ အစပိုင်းက ... သူ ထင်သည်က ... မေမေသည် မြကြာယံအိမ်ကြီး မှာ နေခဲ့သည်ဟု ...။



"အဲဒီက ... ခြံစောင့်ကြီး ဘဘအုန်းက ... မေမေ့ကို သိနေတယ် မေမေ ..."

သူ ရုတ်ခနဲ မေးလိုက်မိသည်က သိချင်ဇောဖြင့်ပါ ...။

"မေမေ ပဒုမ္မာမှာ နေခဲ့ရစဉ်က ... ကိုကြီးအုန်းလဲ အဲဒီမှာ ဥယျာဉ်မှူး လုပ်တယ်လေ ... မမကြီး အိမ်ထောင်ကျတဲ့ အခါ ... ကိုကြီးအုန်းကို ခေါ်သွားတယ် ထင်ပါရဲ့ ... အဲဒီ ပဒုမ္မာအိမ်ကြီးကို ဘယ်လိုစီမံထားတယ် ဆိုတာကိုတော့ မေမေလဲ မသိဘူး ... ခု ... သူ ... မြကြာယံအိမ်ကြီးမှာ နေနေတယ် ဆိုတာတောင်မှ ... ခု ... သားတို့ပြောမှ သိရ တာ ... မေမေ ထင်တာက ... မမကြီးဟာ ... ပဒုမ္မာမှာ ရှိနေတယ်လို့ပဲ ထင်ထားတာ ... မမကြီးရဲ့ခင်ပွန်းသည် ဦးအုပ်စိုး ကွယ်လွန်သွားတာတော့ သတင်းစာထဲမှာ ဖတ် ခဲ့ရဖူးတယ် ... နှစ်ပေါင်းအတော်တောင်မှ ကြာခဲ့သွားပါပြီ ... မေမေ ထင်တာကတော့ ... အဲဒီ မြကြာယံ ဆိုတာ ... မမ ကြီးရဲ့ ခင်ပွန်းသည် ... ဦးအုပ်စိုးရဲ့အိမ်ကြီး ဖြစ်မယ်လို့ ထင်တာပါပဲ ..."

ဟု ပြောပြရှာပါ၏။

နောက်တော့ မျက်ရည်သုတ်ကာ မေမေ့ကို ကြည့် သည်။

"ဒီလောက်ထိ ... မြန်မြန်ဆန်ဆန်ကြီး ... မမကြီးက ... ဝါ့ကို ... ခွင့်လွှတ်နေနိုင်တဲ့ စကားတွေကို ... ပြောလွှတ် လိုက်တယ် ဆိုတာကို ... ဝါ ... မယုံကြည်နေသူး မောင် ... ဝါ့သမီးလေး ပိုးမျှင်ကို မြင်တာနဲ့ ... သူ မျက်ချင်းသိနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် .. ဝါ့ ရုပ်သွင်ကို .. သူ .. မမေ့နိုင်မလျော့နိုင်ပဲရှိနေ .. တေးမှတ်နေတာကို .. ဝါ .. သိနေတယ်မောင် .. သူ စိတ်ဆိုးနာကြည်းပြီး ဝါ့သမီးလေး ပိုးမျှင်ကိုမြကြာယံအိမ်ကြီးက မောင်းထုတ်လိုက်တယ်ဆိုရင် .. ဝါ့သူ့ကို ယုံကြည်နေမှာပဲ .. သူ့စိတ်ကို ယုံကြည်နေမှာပဲ .. ခုဥစ္စာက .. သိပ်ကို ကြည်ဖြူခွင့်လွှတ်နေတယ် မောင် .. အဲဒါကို .. ဝါ မယုံတာ .. ဝါလန့်နေတာ .. မမကြီးဟာ .. ဝါ့ကို .. သူ့ခြေသည်းလက်သည်းလေးတွေ ညှပ်ပေးခိုင်းတဲ့အထိ .. ထဘီကို လျှော်ခိုင်းတဲ့အထိ .. ထမင်းစားနေရင် ယပ်ခတ်ခိုင်းတဲ့အထိ .. စိတ်အခန့်မသင့်တိုင်း တွေ့ရာနဲ့ ကောက်ပေါက် .. ရိုက်နှက်ကန်ကျောက်တဲ့အထိ .. ရက်စက်တဲ့စိတ်မျိုးရှိတာ .. ဝါ အသိဆုံး .. ခု .. ခု .. သူ .. သူ့ခင်ပွန်းသည်အဖြစ် မျှော်လင့်ထားတဲ့သူကို လက်ထပ်ယူခဲ့တဲ့ ဝါ့ကို .. ဒီလောက်ကြီး .. ပျော့ပျော့ပျောင်းပျောင်းကြီး မဆက်ဆံချင်နိုင်ဘူး မောင် ..''

ဟု ပြောနေရင်း ပြောနေရင်းဖြင့် ..

''ဝါ .. လန့်နေတယ် မောင် .. သွေး လန့်နေတယ် .. သူ .. သူ .. တစ်ခုခုကို .. ကြံစည်တော့မယ်လို့ .. ဝါ ထင်နေတယ် မောင် ..''

ဟု ပြောနေသည်မှ ကယောင်ချောက်ချား နိုင်ချင်လာသည်။

''သံသယကို မထားရဘူးလေ ဝါ .. ဘာပဲဖြစ်ဖြစ် .. မမကြီးရဲ့ အဖေဖြစ်တဲ့ ဦးသာခင်ရဲ့ စောင့်ရှောက်မှုအောက်မှာ နေခဲ့ရတဲ့ ကျေးဇူးကလဲ ရှိနေတာပဲ ဝါလေးရယ် .. စိတ်ကိုလျှော့ .. အလန့်ကိုလျှော့ .. ခု .. ခင်ခင်ကြီးက .. အသက်ကြီးတဲ့ ခင်ခင်ကြီး ဖြစ်နေပြီပဲ .. စိတ်ဓာတ်ပြောင်းနေလောက်ပါပြီ .. သူ့ဘက်က .. ဆက်ဆံလာရင် .. မငြင်းဆန်သင့်ဘူး .. သူ့ဘက်က .. မဆက်သွယ်လာရင် တော့ဝမှ .. မောင် စောစောက ပြောသလိုပဲ .. သူ့ကို ဆက်သွယ်ရမှာ .. သူ့ဆီသွားရမှာ ..''

ဟု ပြောနေခိုက်မှာ မေမေ ခေါင်းကို တွင်တွင်ယမ်းနေရှာသည်ပါပဲ ..။ မေမေ့ မျက်နှာထက်မှာ ပူပန်ရိပ်တွေ ပြည့်နေသည်။ သောကတွေ ပိတ်ဖုံးနေသည်။

''သံသယ မဟုတ်ဘူး မောင် .. ဝါ သိတယ် .. ဝါ သိနေတယ် မောင် .. မမကြီး အချိုသပ်ပြီး ဝင်လာမယ် .. ပြီးရင် .. သူ တစ်ခုခုကို လုပ်လိမ့်မယ်မောင် .. ဘာလုပ်မယ်ဆိုတာကိုသာ ဝါ မတွေးတတ်သေးတာ .. တစ်ခုခု လုပ်မယ် ဆိုတာကိုတော့ ဝါ သိနေတယ် ..''

ဟု ပြောပြောနေတော့ ဖေဖေ သက်ပြင်းရှိုက်ပါ၏။

မေမေ့ ဆံစလေးတွေကို သပ်ပေးရင်းမှ မျက်ရည်ကို သုတ်ပေးသည်။ မေမေကတော့ ဖေဖေ့ကို မော့ကြည့်ကာ ..

''ဝါ .. သားနဲ့ သမီးကို ခေါ်ပြီး .. ပုန်းညက်မြိုင်ကိုပဲ ပြန်နေလိုက်ချင်ပါပြီမောင် .. မမကြီး အမုန်းဆုံးလူဟာ .. ဝါပဲ .. ဝါ့ကို သူ လက်စားချေလိမ့်မယ်မောင် .. သူ .. သူ .. သားနဲ့သမီးကိုလဲ အဲဒီထဲ ဆွဲထည့်နိုင်တယ် .. မောင်ကိုလဲ .. ဆွဲထည့်နိုင်တယ် .. သူ နာကြည်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူဟာ မောင်ပဲ .. မောင်နဲ့ ဝါသားသမီးတွေကို .. သူ .. လက်စားချေနိုင်တယ် .. ဆွဲထည့်နိုင်တယ် မောင် ..”

ဟု မေမေ ပြောနေခိုက်မှာပဲ တယ်လီဖုန်း မြည်လာသည်မို့ ..

“ခဏ .. ခဏနော် .. မောင် ဖုန်းကိုင်လိုက်မယ် .. သားနဲ့သမီး .. မေမေ့နားနေ .. ဟုတ်ပလား ..”

ဖုန်းသည် မေမေကြီး ဒေါ်ခင်ခင်ကြီးထံမှ ဖြစ်နိုင်သည်ဟု ဖေဖေ တွေးထားသည်လား မသိ။ ကိုယ်တိုင်သွားကိုင်ပါ၏။ သူကလည်း .. ဒေါ်ခင်ခင်ကြီးထံမှ ဆက်လာသည့်ဖုန်းဟုပဲ ထင်သည်။ တကယ်တမ်း ဖေဖေ ဖုန်းထူးလိုက်တော့လည်း မှန်နေသည်ပါပဲ ..။

“ဟုတ်ကဲ့ပါ .. ရန်အေးပါ ခင်ဗျာ .. ဟုတ်ကဲ့ပါ မမကြီး .. ခုလို .. ဆက်လာတာကိုပဲ ဝမ်းသာလှပါပြီ .. ကျွန်တော်တို့ကလဲ .. မမကြီးဆီ လာချင်ကြတာပါ .. မမကြီး .. လက်မခံမှာ စိုးကြလို့ပါ ..”

ဟု ပြောပြောနေရင်းမှ မေမေ့ကို လှမ်းလှမ်းကြည့်လာသည်က ဖေဖေပါ ..။

နောက်တော့ .. ဖေဖေသည် တောက်လျှောက် ဟုတ်ကဲ့ .. ဟုတ်ကဲ့နှင့် နားထောင်သမားသက်သက် ဖြစ်နေသည်။

“စိတ်ချပါ .. လာပါ့မယ် .. ဟုတ်ကဲ့ပါ .. ကျွန်တော်တို့ဆီကိုလဲ .. မမကြီးကို ခေါ်ချင်ပါတယ်ခင်ဗျာ .. အဲဒီက အပြန်မှာ .. မမကြီးလဲ .. အိမ်ကို အတူလိုက်လာခဲ့ဖို့ ဖိတ်ပါတယ် ခင်ဗျာ .. ဟုတ်ပါတယ်ဗျာ .. နှစ်တွေကြာခဲ့ပါ



ပြီ .. ကျွန်တော်တို့ကလဲ .. မတွေ့တာ ကြာခဲ့ပြီမို့ .. လာကိုလာချင်နေတာပါ .. ခုလဲ .. မမကြီးက အရင်ဖုန်းဆက်လာလိုက်လို့ပါ .. ကျွန်တော်က အရင်ဆက်မလို့ လုပ်နေတာပါ .. ခုတော့ .. မမကြီးက .. အရင်ဆက်လိုက်သလိုကြီး ဖြစ်သွားရပါပြီ ..”

ဟု ပြောပြီး ဖုန်းချနေခိုက် မေမေ ထရပ်သည်။ မေမေ့ မျက်နှာတွင် သွေးရောင်ဖျော့နေ၏။

“ဝါ .. ရန်ကုန်ကို .. မနက်ဖြန် ပြန်တော့မယ်မောင် ..”

ဟု ပြောနေရာမှ သူ့လက်ကို ဖမ်းဆွဲဆုပ်ထားသည်။ ပိုးမျှင်၏ ပခုံးလေးကို ဖက်ထားသည်။ မေမေ့မျက်နှာ အလွန်တရာကိုမှ ဖျက်နေပြီ ..။

ဖေဖေ တည်တည်ငြိမ်ငြိမ် လျှောက်လာပါ၏။ မေမေ့ဘေးမှာ ရပ်သည်။ တည်ငြိမ်စွာပဲ ငုံ့မိုးငေးစိုက်ကြည့်လာပါ၏။

“မောင့်စကားကို နားထောင်ပါ ဝါဝါ .. မမကြီးကို .. ဒီတစ်ခေါက်ပဲ တွေ့ကြည့်လိုက်ပါ .. မောင်တို့တူတူသွားကြတာပေါ့ .. သူ့ကို အကဲခတ်ကြတာပေါ့ .. သူ့စိတ်ရင်းမှန်ကို .. မောင်တို့ သိလာနိုင်ကြမယ်လို့ မောင် ယုံကြည်တယ် .. သူဟာ .. အရင်တုန်းကလိုပဲ ဖြစ်နေသေးတဲ့ .. ခင်ခင်ကြီး မဟုတ်တော့ဘူးဆိုတာ .. မောင်တို့ .. အကဲခတ်နိုင်ကြမှာပါ ..”

ဟု တိုးဖွဖွ ပြောသံတွင် ဖျောင်းဖျောင်းဖျဖျနိုင်သည့် ငွေ့တွေ တည်ငြိမ်ရင့်ကျက်စွာပဲ ပါလာနေကြပါလျှောသတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကားကို မလွန်ဆန်သာနိုင်တော့သည့်နှယ် မေမေ ငြိမ်သက်သွားရလျက်မှ သက်ပြင်းရှိုက်ချစဉ်ခိုက် .. သူသည့်လည်း ရင်ထဲမှာ လေးနေသည် ..။

မေမေကြီး ဒေါ်ခင်ခင်ကြီး ဆိုသူ၏ မျက်ဝန်းတောက်တောက်တွေကို သူ မမေ့နိုင် ..။ အာရုံထဲမှ မပျောက်နိုင် ...။

ထိုမျက်ဝန်းတောက်တောက်တွေထဲမှာ အေးချမ်းမှု မရှိ ..။ မာနတရားနှင့် တေးမှတ်ခြင်းများ ပြည့်နှက်နေသည်ဟု သူ ထင်သည်။

တည်တင်းသော အကြည့်စူးစူးတွေကို ထိန်းအုပ်လိုက်လျက် ပြုံးယူလိုက်သည့် အပြုံးတွေသည်လည်း ဟန်ဆောင်ခြင်းများဖြင့် ပြည့်ဝနေလျက် ထိုအပြုံးသည် .. မြင်ရသူ၏ရင်ကို အေးချမ်းခြင်းကို မခံစားစေပဲ .. မနှစ်မြို့သော .. လောင်မြိုက်သော ခံစားမှုမျိုးကိုသာ ကူးစက်ဖြစ်တည်စေကြောင်း .. သူသိနေသည်။ သူ ခံစားခဲ့ရသည်။

ရင်ထဲတွင် .. လေးနေခြင်းက အင်အားနှင့် ဖြစ်တည်လာချေသည့် အဖြစ် ...။

❀ ❦ ❀



## အခန်း(၅)

မြတ်မင်းသာ၏ ရင်ထဲမှာ မကောင်းနိုင် ..။ အဖြစ်အားလုံးကို သူ မကြာယံသို့ ရောက်တာနှင့် သိခဲ့ရပြီးနေပြီ ..။ ...ရသည် ဆိုတာကလည်း မကြာယံ၏ ပေါ်တီကိုကြီးအောက်... ကားရပ်လိုက်ပြီးသည့်နောက်မှာ မေမေခင့်ကိုရော၊ ပန်းသင့်...းကိုရော မတွေ့ရတာမို့ ရင်ထဲထင့်ခဲ့ရ၍ .. ဒေါ်ကြီးသင်းကို ...သိခဲ့၍ပါ ..။

မေမေခင်ကတော့ ပဒုမ္မာသို့ ညိုရီသော်နှင့်အတူ ...က်ကတည်းက ကားဖြင့် တူတူထွက်သွားခဲ့သည်တဲ့ ..။

ဩော် .. ပန်းသင်လေးကတော့ .. ချောင်းစပ်ရှိ...ာားလေးမှာ ရှိနေမည်ဟု ထင်သည်ပါပဲဟု .. ဟု ဒေါ်ကြီး...မှ ပြောပြရင်း မျက်ရည်လည်းကျ ..။

ပန်းသင်လေး ကျောင်းမတက်ရတော့တာကိုရော..။ ...သင်လေး၏ လှပပျောင်းနွဲ့ နက်မှောင်နေပါသော ဆံပင်လေး... ရက်ရက်စက်စက် ဖြတ်ပစ်တာကို ခံခဲ့ရတာတွေကိုရော .. ...ကြားခဲ့ရပြီးပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကလည်း _ အဖြစ်မှန်ကို ပြောခွင့်ရခိုက် လေးမှာ ပြောပြချင်စောကြီးဖြင့် ဒေါ်ကြီးသင်း ခမျာ .. သူခရီး ပန်းလာတာ သိရပေမယ့် .. ခရီးရောက်မဆိုက်ကြီးကို ပြောပြခဲ့ ရှာခြင်း ဆိုတာကိုလည်း သူ နားလည်ခဲ့သည်ပါပဲ ..။ ဘာကြောင့် ဆို မေမေခင် မြကြာယံသို့ ပြန်ရောက်လာပြီဆိုလျှင် ဒေါ်ကြီးသင်း ခမျာ ပြောခွင့်သာနိုင်တော့မည်မှ မဟုတ်ချေပဲလေ ..။

မိမိုးကတော့ သူ့ဝန်စည်စလည်တွေ ..။ သားရေ သေတ္တာတစ်လုံးဟို့ကို မျက်နှာမလန်းပဲ သယ်သွားခဲ့ရှာသည်ပါပဲ_။

ဘာဘအုန်းကတော့ ခေါင်းသာ ခပ်ဖြည်းဖြည်း ယမ်းခဲ့ရှာလျက် _

"ကလေး ဝင့်ကြီးရှာပါတယ်ကွယ် .."

ဟုသာ ညည်းခဲ့ရှာသည်တည့် ..။

သူ _ အိမ်ပေါ်ထပ်သို့ပင် မတက်ဖြစ်တော့ နောက်ဖေးဘက်ရှိ ချောင်းကမ်းနှင့် ဝါးရုံပင်ရိပ်ဆီသို့ လျှောက်လာ မိခဲ့ရပါပြီ ..။

မြင်ကွင်းကို သူ ခပ်ငေးငေးကြည့်ဖြစ်၏။ ရေ ဆိပ် တံတားလေးမှာ ချောင်းရေမှာ ခြေလေးစင်းချထားလျ ခပ်ငိုင်ငိုင်လေး ငြိမ်နေပါသည့် မပန်းသင် ..။

ခေါင်းထက်မှာ ဦးထုပ်ဖြူလေး တစ်လုံးကို ဆော ထားသည်။ မျက်နှာထက်မှာ အခြယ်အသမရှိ ..။ မျက်ခွံလေး မို့နေသည်။ ပန်းရိပ်သမ်းနေသည်။ ငိုထားချေမှန်း သိသာနေ သည့်အဖြစ် ..။



"ဩော် .. ကလေးရယ် .. တစ်ယောက်တည်း ငိုနေရှာ တာပါလား .."

ဟု သူ တွေးမိရကာ ဆက်လျှောက်လာစဉ်ခိုက်မှာ လည်း ပန်းသင်လေးကတော့ ငြိမ်ငြိမ်သက်သက်လေးပဲ ရေပြင် ကို ငေးနေသည်။ ချောင်းရေထဲ မျောပါလာပါသည့် ဗေဒါပင်အုံ ကောင်းကောင်းကြီးတွေကို ငေးနေသည့်အကြည့်က မပြောင်းလဲ ..။

ဒေါင်းမြီးကွက်လေးတွေနှယ် လှပစွာပဲ ခေါင်းမော့ ၍ ပွင့်နေပါသည့် ဗေဒါပွင့်တွေကလည်း ခရမ်းရောင် အသွေး ဖြင့် ဗေဒါပင်အုံကြီးတွေတိုင်းမှာ အပွင့်တွေ ဝေယုက်လွှမ်းစွာပဲ ပွင့်နေအောင် ပွင့်နေကြသည်မှ .. ခရမ်းရောင်အမြီးလေးတွေကို လှပစွာ ဝေယုက်နေစေပါသည့် ဒေါင်းကောင်ငယ်လေးတွေ များ ဗေဒါရွက် ဝိုင်းဝိုင်းစိမ်းစိမ်းတွေ ကြားထဲမှာ မြူးတူးလျက် ရှိနေကြသည့်နှယ်ပါ။ ဟုတ်သည်။ ခရမ်းရောင်ဒေါင်းမြီးကွက် များဖြင့် ရှိနေပါသည့် ခရမ်းရောင် ဒေါင်းငယ်လေးများနှင့် စိတ်ကူးထဲ အရိပ်ထင်နေစေလောက်ပါသည့် ဗေဒါပွင့်များ ..။

ထိုဗေဒါပွင့်များကို ငေးကြည့်ရင်း မပန်းသင်လေး တွေကိုများ တွေးနေပါချေသည်လဲ ..။ ရေအလျင်အတိုင်း ပါနေရပါသည့် ဗေဒါပွင့်များကို အားကျနေခြင်းများလား ..။ ဟုတ် .. ဘယ်ကမ်းဘယ်သောင်မှာများ ရောက်ရှိချေမည် _ ဟု တွေးနေချေမည်လား ..။ ဘာပဲဖြစ်ဖြစ် ..။ မပန်းသင် ကို အားမာန်အတွေးဖြင့်ပဲ ဗေဒါပွင့်တွေကို ငေးရင်း တွေး ပါသည်။ ဘာကြောင့်ဆို .. အားငယ်ခြင်းများ ကြားထဲမှာ သင်လေး လုံးဝနှစ်မြုပ်သွားမှာမျိုးကို သူမ ဖြစ်စေချင်၍ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး .. ပန်းသင် .."

သူ တံတားအစပ်မှာရပ်၍ ခပ်တိုးတိုး ခေါ်တော့ ဖျတ်ခနဲ မပန်းသင်၏ခေါင်းလေး ငဲ့လာသည်။ သူ့ကိုတွေ့တော့ ခပ်ငေးငေး တစ်ချက်ကြည့်၏။ နောက်တော့ .. ကျုံး၍ထသည်။ ထလိုက်ပုံလေးက အားကိုးတကြီးလည်း နိုင်နေသည်။ ဝမ်းပန်းတနည်းလည်း နိုင်နေသည်။ အား ကိုးရာ ရင်ခွင်ကျယ်ကြီးတစ်ခုကို တွေ့လိုက်ရပါသည့် ကလေးငယ်လေးတစ်ယောက်နှင့်လည်း တူနေသည်။ တကယ့်ကိုပဲ သူ့ရင်ခွင်ထဲ မပန်းသင်လေး တိုးဝင်လာကာ ခေါင်းလေးတင်၍ ကလေးလိုပဲ ငိုချလိုက်တော့ သူ ဆံပင်လေးတွေကို သပ်ပေးရပါ၏။ မျက်နှာလေးကို ရင်မှာ ဖေးအပ်ထားရပါ၏။ သူကိုယ်တိုင်လည်း ရင်ထဲမှာ နင့်နေသည်။ ဦးထုပ်လေးကို သူ မဖယ်ရှားရက် ..။ တိုစိစိလေးတွေ ဖြစ်နေရှာသည့် ဆံပင်လေးတွေကို သူ မကြည့်ရက် ..။ ဒေါ်ကြီးသင်း ပြောပြထားပါသည့် ကွက်တိကွက်ကျား မညီမညာကြီး အရုပ်ဆိုးအောင် ညှပ်ထားတာကို သူ မကြည့်ရက် ..။

ညိုရီသော်ကလည်း လုပ်ရက်လိုက်တာဟု သူ တွေးချင်ပေမယ့် .. မေမေခင်က လုပ်ခိုင်းလျှင် ဘယ်သူကမှ မငြင်းဆန်ရဲကြရတာကိုလည်း သူ သိထားသည်ပါပဲ ..။ ဒါပေမဲ့ .. ညိုရီသော်သည် တကယ့်ကို စိတ်ပါလက်ပါကြီးကိုပဲ လုပ်ပေးခဲ့ခြင်း ဆိုတာကိုတော့ ညိုရီသော်၏ အတွင်းစိတ်ကို သိထားပါသည့် မြတ်မင်းသာ နားလည်ထားရပါ၏။

"မငိုနဲ့ မပန်းသင် .. တိတ်နော် .. ကိုကို ရှိတာပဲ .. အခု ကိုကို ရောက်လာပြီပဲ .. မပန်းသင်လေးကို .. ကိုကို .. ရန်ကုန်ကို ခေါ်သွားနိုင်အောင် ကြိုးစားမယ် .. အထည်ချုပ်စက်ရုံဝန်းကျယ်ကြီးမှာ တစ်ထပ်တိုက်လေးတစ်လုံးကိုကို ဆောက်ထားပြီးခဲ့ပြီ .. ကိုကိုလည်း စက်မှုကျောင်းပြီးထားပြီပဲ .. ညီမလေးကို .. ကိုကို .. ထိန်းသိမ်းစောင့်ရှောက်နိုင်ပါပြီလို့ ကိုကို .. မေမေခင့်ကို ပြောလိုက်ပါတော့မယ် .. တိတ် .. တိတ် .."



ဟု တိုးဖွဖွပြောကာ မျက်ရည်ကို သုတ်ပေးတော့ ရှိုက်သံလေး မစင့်တစင်ဖြင့် ဖျတ်ခနဲ မော့ကြည့်လာပါသည့် မပန်းသင်လေးကို သူ အားပေးပြုံး ပြုံးပြရပါ၏။ ရင်ထဲမှာ သနားနေတာပဲ ရှိနေသည်။ မျက်ရည်လေးတွေ ဝိုင်းလည်နေလျက်မှ အားကိုးတကြီးနိုင်စွာ မော့ကြည့်သည့် မျက်ဝန်းလေးတွေထဲမှာ လွတ်မြောက်ရမည့် လမ်းတစ်စကို မျှော်လင့်တကြီး စတင်ဆုပ်ကိုင်မြင်လာရပါသည့် သူတစ်ယောက်၏ ခံစားမှုများ ပြည့်သိပ်အုပ်မိုး နေကြသည် မဟုတ်ပါလားလေ ..။

သူ သက်ပြင်းရှိုက်ကာ မပန်းသင်၏ လက်လေးကို ထွေးဆုပ်လျက်ဖြင့် ဝါးရုံရိပ်ဆီသို့ ရေချိုးဆိပ်လေးဆီမှ လျှောက်လာခဲ့ပါ၏။

"ပန်းသင်ရဲ့ ဆံပင်တွေကို .. မေမေခင်က .."

"ကိုကို အားလုံးသိပြီးပါပြီ ကလေးရယ် .. အို .. မငိုနဲ့လေ .. ကိုကို ပြောပြီးပါရောလား .. ရန်ကုန်ကို .. ညီမလေးကို .. ကိုကို ခေါ်သွားတော့မယ်လို့ .. ကိုကို ရန်ကုန်မှာ နည်းပညာတက္ကသိုလ်တက်ရင်း .. တစ်ဖက်ကလဲ ဘာဘာ ချန်ထားခဲ့တဲ့ .. အထည်ချုပ်စက်ရုံကြီးကို ဝင်ပြီး

www.burmeseclassic.com



ဦးစီးလုပ်ကိုင်ခဲ့တာမို့ .. ဒီလှိုင်ခမ်းမှာ ညီမလေးကို ပစ်ထားရသလို ရှိခဲ့ရတာ ကိုကို .. ဘယ်တုန်းကမှ စိတ်မကောင်းနိုင်ခဲ့တာ အမှန်ပါပဲ .. မေမေခင့် အငြိုးအတေးတွေ ကြားထဲမှာ .. မပန်းသင်လေး .. လူးလဲနေအောင် ခံစားနေရတော့မှာပါလား ဆိုတာကို .. ကိုကို သိနေတယ်လေ .. ဒါပေမဲ့ ကလေးရယ် .. ကိုကို ကျောင်းတစ်ဖက်နဲ့ မဟုတ်လား .. ကိုကို ခေါ်ထားရင်လဲ မေမေခင်က ထည့်မှာမှ မဟုတ်တာ .. ကိုကို ပြောကြည့်သေးတာပဲ .. ကျောင်းတစ်ဖက်နဲ့ .. စက်ရုံတစ်ဖက်နဲ့ .. မပန်းသင်လေးကို ကိုကိုက .. ဘယ်လိုအုပ်ထိန်းနိုင်မှာလဲ ဆိုတာ တစ်ခုနဲ့ပဲ ကိုကို ငြိမ်နေခဲ့ရတာကိုး .."

ဟုပြောကာ မပန်းသင်၏ ပခုံးလေးပေါ် လက်ကိုဖေးတင်ကာ ဆံစလေးကို ဖွဖွသပ်ပေးမိပြန်သည်။ မပန်းသင်လေးကတော့ အားကိုးရာ ခုမှရသည်မို့ .. သူ့လက်ကိုပြန်၍အားကိုးတကြီး ကိုင်ထားရင်း သူ့လက်မောင်းပေါ် ခေါင်းလေးတင်ကာ ရှိုက်ငိုနေမိရပြန်ပါပြီ ..။ ရင်ထဲမှာ ခံစားလာရသည်က .. ပန်းသင်ကို မမညိုရီသော် ဆံပင်တွေ အညာအတာမဲ့စွာ ဖြတ်ပစ်စဉ်က ခံစားရသည့် ကြေကွဲအားငယ်မှုတွေ ပြန်တိုးဝင်လာလျှက်မှ ..

"အဲဒီတုန်းက .. ကိုကို ရှိရင် သိပ်ကောင်းမှာ .."

ဟု ရင်ထဲရှိတာကို မျက်ရည်ကျရင်း တနင့်နင့်ဖြင့် ပြောနေမိရပါတော့သည်အဖြစ် ..။

"အင်း .. ကိုကိုတို့ ဘဝပေးကိုက ထူးတယ်ပဲ ပြောရမလားမသိပါဘူး ကလေးရယ် .. ကိုကိုက .. ပန်းသင်လေးရဲ့



ဖေဖေက မွေးစားထားခဲ့တဲ့သား .. ပန်းသင်လေးကျတော့ ဘဘရဲ့ .. သမီးရင်း .. ဒါပေမဲ့ .. မေမေခင်ရဲ့အချစ်ကို .. ကိုကိုက ရတယ် .. မပန်းသင်လေးကျတော့ မရပြန်ဘူး .. တကယ်က .. ကိုကိုက .. သူစိမ်းရယ်လို့ သတ်မှတ်ရင် သူစိမ်းဖြစ်ရမယ့်သူပါကွယ် .. ဒါပေမဲ့ .. ကိုကိုက မေမေခင့်အတွက် သားအရင်းကြီးလိုကို အချစ်ခံရပြီးတော့ .. မပန်းသင်လေးကိုကျတော့ .. မုန်းလိုက်တာမှ အရမ်းကို ထင်ရှားသိသာနေစေတဲ့ အထိပါပဲ .. အဲသလိုကြီးလဲ .. ဖြစ်နေတာကို .. မေမေခင်ကိုယ်တိုင်ကလဲ သိနေတယ် .. ဒါပေမဲ့ .. ဂရုကိုမစိုက်တာ .. သူဖြစ်ချင်တာက .. ပန်းသင်လေးကို .. စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ .. ဖြစ်နေစေချင်တာ တစ်ခုပဲ ရှိနေတယ် .. ဒါကလဲ .. ဘဘက ပန်းသင်လေးရဲ့မေမေ .. ဒေါ်မွှေးထုံကို ယူခဲ့လို့ပဲ .. ပန်းသင်လေးဟာ .. ဒေါ်မွှေးထုံရဲ့သမီး ဖြစ်နေလို့ပဲ .. ပြီးတော့ .. မေမေခင့်ကို အချစ်ပြယ်ပြီး .. ဒေါ်မွှေးထုံကို .. ချစ်ခဲ့ .. လက်ထပ်ခဲ့တဲ့အထိ ရှိခဲ့တဲ့ .. ဘဘဦးအုပ်စိုး ဆိုတာကို မုန်းနေလို့ပါပဲ .."

ဟု မြတ်မင်းသာ၏ ရင်ထဲမှာ ကြေကြေကွဲကွဲကြီးတွေးနေမိရပေမယ့် .. နှုတ်ကတော့ ဖွင့်မပြောတော့ပါ ..။ တကယ့်ကိုလည်း မေမေခင်သည် သူ့အပေါ်ကျတော့ .. သားကြီး သားကြီးနှင့် ချစ်ခဲ့သူပါ ..။ ဘဘနှင့် မေမေခင်တို့ အိမ်ထောင်ကျစဉ်မှာ ဘဘက .. သူ့ကိုမွေးစားခဲ့ပြီးပြီ ..။ သူ နှစ်နှစ်သားပင် ရှိနေပြီ ..။ သားတစ်ယောက်အဖေ .. ဆိုသော .. လူပျိုကြီးဘဘ

www.burmeseclassic.com

www.burmeseclassic.com



ကို .. မေမေခင် လက်ထပ်ခဲ့ပြီးသည့်နောက်မှာ .. ပဒုမ္မာအိမ်ကြီး ကို သော့ပိတ်ထားခဲ့ကာ .. ဤမြကြာယံအိမ်ကြီးဆီသို့ မေမေခင် လိုက်ပါလာခဲ့ပါ၏ ..။ သူ့ကို .. သားအဖြစ် မေမေခင်ချစ်သည်။ ဂရုစိုက်သည်။ သူ့ဘာပဲ ပူဆာပူဆာ ဝယ်ပေးသည်။ ဒေါ်ကြီးသင်း တို့ကပင်လျှင် ထိုစဉ်တုန်းက ဝမ်းသာကြရာသည်ပဲလေ ..။ မေမေခင် ပဒုမ္မာအိမ်ကြီးမှ ခေါ်လာပါသည့် ဘာဘာအုန်း ဆိုတာ ကလည်း သူ့ကို ချစ်သည်ပါပဲ ..။ ထိုကာလများသည် မြကြာယံ အိမ်ကြီးမှာ ပျော်စရာအချိန်များဖြင့် ဖြတ်သန်းရသည့်ကာလများပဲ ဖြစ်နေခဲ့ပါ၏။ မေမေခင် သားသမီးမရနိုင်ခြင်းဆိုသည့် အဖြစ် ကြောင့်လည်း .. သူ့ကိုသားအဖြစ် .. ပို၍ပို၍ .. ရင်ကိုနှစ်ကာ ချစ်လာခဲ့ပြန်သေးသည့်အဖြစ် ..။

ဒါပေမဲ့ .. ထိုကာလများသည် သူ ငါးနှစ်သား အရွယ်မှာ ပျောက်ဆုံးရခဲ့ပါသည့် အဖြစ် ..။ ဘာဘာ .. ရန်ကုန်မှာ အထည်ချုပ်စက်ရုံတစ်ခု တည်ဆောက်ကာ လုပ်ငန်းအသစ်ကို လည်းလုပ် ..။ အလုပ်တွေကလည်း ပင်ပန်းနှင့် ရှိခဲ့ရာမှ .. လှိုင်ခမ်းသို့ ပြန်လာစဉ်ခိုက် ပန်းဖျား ဖျားခဲ့ရာမှ တိုက်ဖွိုက်ဖြစ် ခဲ့ရပါ၏။

အိပ်ရာထဲ လဲသည်မို့ စပယ်ရှယ်နာ့စ် ခေါ်ခဲ့ရာမှ လှပချောမွေ့သော .. သိမ်မွေ့သော မမွေးထုံ ဆိုသည့် သူနာပြု လေးနှင့် တွေ့ခဲ့ရ ..။ နောက်တော့လည်း .. မေမေခင် မသိအောင် မေတ္တာမျှခဲ့ကြရာမှ .. ထိုဒေါ်မွေးထုံကို ဘာဘာ တာကယ့်ကိုပဲ လက်ထပ်ခဲ့ဖြစ်ပါ၏။ ဤသည်ကလည်း အသုံးအစွဲကြမ်းသော မေမေခင်၏စရိုက်ကို ဆုံးမ၍ မရနိုင်သည့်အဆုံး စိတ်ညစ်နေခြင်း



လည်းပါ ..။ ခင်ပွန်းသည်ကို ပြုစုရန်ထက် သူနာပြုကိုငှားရမ်း ပြုစုစေခြင်းကိုသာ စိတ်ကူးထားပါသည့် မေမေခင်၏ ဇနီးတာဝန် မကျေပွန်ခြင်းလည်း ပါခဲ့သည်ပါပဲလေ ..။

ထိုသို့ ဒေါ်မွေးထုံဆိုသည့် မိန်းမချောလေးဖြင့် ဘာဘာ လက်ထပ်သွားခဲ့ကာ .. ရန်ကုန်သို့ ထွက်ခွာသွားသည့်နောက်မှာ မြကြာယံရိပ်ငြိမ်ကြီးသည် ဒေါသများ .. နာကြည်းတေးမှတ် နေမှုများဖြင့် လောင်မြိုက်အုပ်မိုးခြင်းကို ခံရလျက် ..။ ထိုဒေါသ နှင့် တေးမှတ် အငြိုးထားခြင်းများသည် မေမေခင့် ရင်တွင်း ဆီမှ အတောမသတ် ဖြစ်တည် စီးဆင်းနေကြချေသည့် အဖြစ် ...။

သူသည် မေမေခင့် လက်ထဲမှာ နှစ်နှစ်သားအရွယ် ကတည်းက ကြီးပြင်းလာခဲ့ရာမှ သူ ငါးနှစ်သားအရွယ်ကျတော့ သူ့ရင်ခွင်ငယ်ငယ်ကျဉ်းကျဉ်းလေးသည် မေမေခင့်အတွက် ရင် ဖွင့်ငိုကြွေးရာ နေရာလည်း ဖြစ်ခဲ့ဖူးပါ၏။ မေမေခင်သည် ဘာဘာ ကို နာကြည်းရလေသမျှ .. သူ့ရင်ခွင်ခေါင်းအပ်ကာ၊ သူ့ကိုယ် လေးကို မွှေ့ပိုက်ကာ ..

"မင်းလေးရဲ့ဘာဘာက .. မေမေခင့်ကို .. ရင်ခွဲပစ်ခဲ့တာ .. ရင်ကို ချေပစ်ခဲ့တာ .. တစ်ယောက်တည်း ချန်ပစ်ခဲ့တာ .. မေမေခင်ဟာ .. အိမ်ထောင်နဲ့ ပတ်သက်လာရင် ဘယ်တုန်း ကမှ ကံမကောင်းခဲ့ဘူး .."

ဟု ပြောဒိုတတ်ခဲ့ပါ၏။ ထိုစကားတွေသည် သူ ငါးနှစ်သားအရွယ်ထိတိုင် မပြောင်းလဲဘွာ သူ့ရင်ခွင်မှာ ခေါင်းဖွက် ထားရင်း၊ သူ့ကိုယ်လေးကို မွှေ့ပိုက်ထားရင်း ပြောတတ်ခဲ့သည် ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



မမေခင်၏ အချစ်တွေသည် သူ့အပေါ်မှာ ပုံအောရှ်လည်း ရှိခဲ့သည်ပါပဲ ..။

သူသည် မမေခင်၏ ရင်မှမွေးသောသား အဖြစ်နယ်ပင် ရှိခဲ့ရသည်ပါပဲ ..။

ဘဘက ထောက်ပံ့ငွေများကိုတော့ အစဉ်တစိုက် မမေခင့်ထံ ပေးပို့ခဲ့သည်ချည်း။ လှိုင်ခမ်းရှိ ဘဘ၏ဘိုးဘွားပိုင် လယ်ယာမြေများမှလည်း စပါးရောင်းရငွေတွေ၊ လယ်အငှားချထားရာမှ ရသည့်စပါး၊ ဆန်စက်မှရသည့် ငွေကြေး အစရှိသည်တို့ကလည်း မမေခင့် စိတ်ကြိုက် ရယူသိမ်းဆည်းထားပိုင်ခွင့်များ ဖြစ်ခဲ့ကာ ..။ အတွင်းပစ္စည်းဖြစ်သော လက်ဝတ်ရတနာထည်များစွာသည်လည်း မမေခင် ဆက်လက်ပိုင်ဆိုင်ရာများသာ ဖြစ်ခဲ့သည်မို့ ..။ မမေခင်သည် .. ဘဘမရှိသောဘဝ .. ဘဘနှင့်အတူ မနေရသောဘဝမှလွဲ၍ .. ချမ်းတောင့်ချမ်းသာနေခဲ့ပါသော မမေခင်ပဲ ဖြစ်ခဲ့ရသည်ပါပဲ ..။

ဒါပေမဲ့ .. ဘဘသည် .. ခင်နီးထုပ်ဖွေးဖွေးလေးနှင့် ရှိပါသော ကလေးတစ်ယောက်ကို ပွေ့ပိုက်၍ မြကြာယံအိမ်ကြီးဆီသို့ ပြန်ရောက်လာခဲ့ပါ၏။ ထိုကလေးငယ်လေးသည် မမေခင်၏ အမုန်းတရားများကို ရင်စည်း၍ ခံရန်အတွက် ရောက်လာရသည့်နယ် ရှိရပါလေသော မပန်းသင်လေးပင် ဖြစ်ခဲ့ပါချေသည်တကား ...။

သူ .. ထိုစဉ်က .. ရှစ်နှစ်သား ..။ ကျောင်းမှပြန်လာပြီး မကြာခင်မှာပဲ ဘဘသည် မြကြာယံသို့ ရောက်လာခဲ့ပါ၏။



ထိုနေ့သည် မိုးတွေမှိုင်းညို့နေသော နေ့တစ်နေ့လည်း ဖြစ်နေခဲ့ပါ၏။

ဘဘသည် မာစီးဒီးကားနက်ကြီးဖြင့် မြကြာယံသို့ ပြန်ရောက်လာခဲ့သည်။

ဒေါ်ကြီးသင်းတို့ ပြေးဖြိုကြစဉ်ခိုက်မှာ ကလေးကို ဒေါ်ကြီးသင်း လက်ထဲသို့ အပ်သည်။ အပေါ်ထပ်ဆီမှ အေးစက်ခါးသီးနေသော မျက်ဝန်းအကြည့်များဖြင့် ဆင်းလာပါသော မမေခင်၏ အကြည့်များကို သူ ယခုတိုင် မမေ့နိုင် ..။ ဘဘ ရောက်လာရ၍ ဝမ်းသာကြည်နူးခြင်းများ ရှိမနေခဲ့ ..။ သူ ငါးနှစ်သားအရွယ်မှာ ဘဘသည် မြကြာယံအိမ်ကြီးဆီမှ လုံးဝပျောက်ကွယ်သွားခဲ့လျက် ..။ ရှစ်နှစ်သားအရွယ်မှာ ဘဘသည် ကလေးငယ်တစ်ယောက်ကို ပွေ့ပိုက်ကာ ပြန်လာခဲ့ချေမည့်အဖြစ်မျိုးကို မမေခင်သည် ကြိုတင်တွေးဆထားနိုင်မည်မဟုတ်။ ဒါပေမဲ့ .. ဘဘ ဤသို့ပြန်ရောက်လာသည့်အတွက် ဝမ်းသာခြင်း ကိုလည်း [illegible] မပြ ..။ အေးစက်နေသော အကြည့်များထဲမှာ ခါးသီးသောအမုန်းများဖြင့် ပြည့်ဝနေသည်ဟု သူ ထင်ခဲ့ပါ၏။

"သတင်းစာထဲမှာ ရှင့် မမွေးထုံရဲ့ နာရေးကြော်ငြာ ကျွန်မ တွေ့ပါတယ် .. ရှင်ပြန်လာမယ် ဆိုတာကိုလည်း ကျွန်မ သိပါတယ် .. ရှင့်အထည်ချုပ်စက်ရုံရဲ့ မန်နေဂျာလဲဖြစ် .. ရှင့်ကိုယ်ပွားလိုပဲ အားကိုးရတဲ့ လူယုံကြီးလဲ ဖြစ်တဲ့ ဦးဟန်ဘွားဆီက ဖုန်းဝင်လာတဲ့ အချိန်ကတည်းက ဆိုပါတော့ .. အဲဒီဖုန်းထဲမှာ ပါလာတဲ့စကားထဲမှာ ရှင် .. ကင်ဆာဖြစ်နေပြီဆိုတဲ့ စကားလဲ ပါတယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အေးစက်စွာ ပြောလာချိန်မှာ ဒေါ်ကြီးသင်းတို့ ဟင်ခနဲ ဖြစ်ကုန်ကြရကာ ..

"ဖြစ်ရလေ အစ်ကိုလေးရယ် .. ဖြစ်ရလေ .."

ဟု ရင်ကွဲသံကြီးဖြင့် ပြောငိုနေကြချိန်မှာ မေမေခင်ကတော့ အေးစက်စွာပဲ လှေကားထစ်တွေကို နင်းဖြတ်ဆင်းလာခဲ့တာကိုလည်း သူ မမေ့ ..။ အဘယ်မျှထိ မေမေခင်သည် ဘဘအပေါ်မှာ နာကြည်းမုန်းတီးခဲ့သည်ဆိုတာ၊ မေမေခင့် မျက်ရည်စက်တွေကို မြင်ခဲ့ရပါသောသူ .. မသိပဲ မနေနိုင်ပါ ..။ သူ့ရင်ခွင်ငယ်လေးထဲမှာ စိုစွတ်ခဲ့သော မျက်ရည်စက်တွေကို သူငယ်ငယ်လေးကတည်းက မြင်ခဲ့ရသည် မဟုတ်ပါလား။ မေမေခင့်ကို သူ သနားလွန်း၍ လိုက်လိုက်ငိုခဲ့ရတာကိုလည်း သူ မမေ့..။ မေမေခင်သည် ထိုအခါများမှာ သူ့မျက်ရည်စက်တွေကို ပြုံး၍သုတ်ပေးခဲ့ပေမယ့် .. ထိုအပြုံးသည် အပြုံးနှင့်မတူနေခဲ့ ..။ ရှိုက်ကြီးတငင် ငို၍ကျနေသော မျက်ရည်များကြားမှာ ဖြစ်တည်ပါသော အပြုံးသည် မည်သို့အပြုံးပီပါမည်တဲ့လဲလေ ..။

"ဒါ .. ငါ့အိမ်ဖြစ်တယ် ခင်ခင်ကြီး .. ဒါကြောင့် .. ငါ့အိမ်ကို ငါ့သမီးလေးနဲ့ ငါ ပြန်လာခဲ့တာပဲ .. မင်း .. ငါ့သမီးလေးကို .. ဒီအိမ်ကြီးထဲ အဝင်မခံလို့ မရဘူး .. မသင်း .. ငါ့သမီးကို ဂရုစိုက်ကွာ .. ငါ့မှာ အဆုတ်ကင်ဆာ ဖြစ်နေပြီ .. မွေးထုံကလဲ .. ကလေးမျက်နှာမြင်ပြီးတာနဲ့ ဆုံးပါးခဲ့တယ် .. ကလေးကို .. ဒီ .. မြကြာယံမှာပဲ ထားမှဖြစ်တော့မှာမို့ .. ငါ ခေါ်လာခဲ့တယ် .. ဒီအိမ်ကြီးဟာ .. ငါ့အိမ်မို့ .. ငါ ပြန်လာခွင့်ရှိတယ် .. ကလေးကို .. စောင့်ရှောက်ပါ မသင်း .."



ဟု ဘဘ ခပ်တင်းတင်းပဲ ပြောကာ အပေါ်ထပ်သို့ တက်သွားသည်။ နောက်တော့လည်း ဘဘ ဆေးရုံတက်လိုက်ရပါသည့် အဖြစ်။ ရောက်လာပြီး တစ်ပတ်အကြာမှာ ဘဘဆေးရုံတက်ရသည်။ သွေးတွေအန်သည်။ နောက်တော့ ... ဩော် .. နောက်တော့ .. ဘဘသည် .. မြကြာယံသို့ ပြန်ရောက်လာပြီး ငါးလအကြာမှာ .. ဆုံးပါးခဲ့ပါ၏။

ဘဘအလောင်း မြေကျသည်အထိ .. အားလုံး မေမေခင် ဆောင်ရွက်ပေးပါ၏။ ဘဘ ဆေးရုံတက်ရစဉ်တုန်းကလည်း .. အချိန်တန် စားဖို့ သောက်ဖို့အထိ အားလုံး စီစဉ်ပေးသည်။ ဆေးရုံက ဘဘဆန္ဒဖြင့် ပြန်ဆင်းလာတော့လည်း အိမ်မှာ အားလုံး .. မေမေခင် စီမံပေးသည်သာ ..။ သေလူဖြစ်နေသည့် ဘဘသည် ဘယ်သူ့ကိုမှ စကားဟဟ မပြောခဲ့တော့ ..။

ရန်ကုန်ရှိ မြကြာယံအထည်ချုပ်စက်ရုံကြီးကို မွေးစားသားဖြစ်သူ မြတ်မင်းသာနှင့် သမီးလေး မပန်းသင်တို့အမည်ဖြင့် ထားခဲ့ဖို့ ရှေ့နေရှေ့ရပ်ဖြင့် မိသားစုစီမံမှုပုံစံဖြင့် စီစဉ်ပေးခဲ့စဉ်ကလည်း ဘာဆိုဘာမျှ မကန့်ကွက်ခဲ့။ သဘောတူ လက်မှတ်ပင် ထိုးပေးခဲ့သေးသည့်အဖြစ်။ မြကြာယံအိမ်ကြီးကိုတော့ မေမေခင် ပိုင်ဆိုင်ခွင့်ရသည်။ ဆန်စက်နှင့် လယ်မြေများကိုလည်း ပိုင်ဆိုင်ခွင့်ရသည်။ ဒါပေမဲ့ မပန်းသင်လေးကိုတော့ မြကြာယံအိမ်ကြီးမှာ ဆက်လက်နေထိုင်စေခွင့် ရှိရမည်ဆိုတာကိုလည်း ငြင်းဆန်။ ဘဘသည် မေမေခင့် မြကြာယံမှာ မပန်းသင်လေးကို ထားခဲ့ရမှာ စိတ်ဖြောင့်မှာ မဟုတ်ရှာတာကိုတော့ သူ ကြီး

www.burmeseclassic.com

www.burmeseclassic.com



လာလေလေ နားလည်လာရလေလေပါ။ ဒါပေမဲ့ .. ထားရန်နေရာမှ မရှိခဲ့ချေပဲလေ ..။ ထိုမြကြာယံမှလွဲ၍ ထားရန်နေရာမရှိသည့် နောက်မှာ မပန်းသင်လေးသည် ထိုမြကြာယံရှိ ဒေါ်ကြီးသင်းနှင့် ဘဘအုန်းတို့၏ အဖေးအကူ အထိန်းအကွပ်ဖြင့် နေထိုင်ခွင့်ရနေခြင်းမှတစ်ပါး မရှိတော့ပြီပဲ .. ဟု ဆုံးဖြတ်ခဲ့ရရှာပုံ ပေါ်ခဲ့ပါ၏။ ဒါပေမဲ့ .. မပန်းသင်လေးကို ကြည့်ရှုစောင့်ရှောက်ရန်အတွက် လူယုံကြီးအဖြစ် ရှိရပါသော ဦးဟန်ဘွားကိုတော့ အပ်နှံထားခဲ့ပါချေသည်။ ဘဘဦးဟန်ဘွားသည် တစ်နှစ်တစ်ကြိမ်မျှတော့ အနည်းဆုံး လှိုင်ခမ်းသို့ ရောက်လာတတ်ပါ၏။ လစဉ်လတိုင်းလည်း မပန်းသင်နှင့် သူ့အတွက် ထောက်ပံ့ငွေများကို ဘဏ်တွင် အပ်နှံထားပေးသော ငွေများထဲမှ မေမေခင်က လက်မှတ်ရေးထိုး၍ ထုတ်ယူခွင့်ရစေဖို့ စီမံဆောင်ရွက်ပေးခဲ့ရာမှ ..။ ထိုမေမေခင်၏ မကြည်ဖြူသော အစောင့်အရှောက်ဖြင့်ပင် မပန်းသင်လေးသည် ကြီးပြင်းလာခဲ့ရချေသည့် အဖြစ်။

ဒါတွေအားလုံးကို .. သူသည် မေမေခင်၏ ချစ်ကြင်ဂရုစိုက်သော အယုအယများကြားမှပင် သိလာခဲ့ရသည် မဟုတ်ပါလား ..။ မပန်းသင်လေး အပေါ် ဘယ်ဘုန်းကမှ .. တယုတယမရှိခဲ့။ ဂရုတစိုက် မရှိခဲ့။ ဖျားနာနေလျှင်သော်မှ .. ဒေါ်ကြီးသင်းတို့ပဲ ကြည့်ရှုပြုစုစောင့်ရှောက်ရခဲ့သည့် ကာလများစွာသည် အတိတ်ဘဝထဲမှာ ထင်ရှိကျန်ရစ်ခဲ့သည့်နည်းတူ လက်ရှိကာလမှာလည်း မပြောင်းလဲဘွာ ရှိရခြင်းသည် မပန်းသင်၏ ဘဝလေးထဲမှာ အသားတကျ ရှိနေခဲ့ပြီးသော ကြေကွဲဖွယ်အဖြစ်သာလျှင် ဖြစ်ပါချေလိမ့်မည် ..။



သူ .. စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီး သုံးနှစ်မှာ ဘဘဦးဟန်ဘွားမှ စာအိတ်လေးတစ်အိတ်ကို သူ့အား ပေးခဲ့ပါ၏။

ထိုစာသည် ဘဘဦးအုပ်စိုး၏ စာဖြစ်လျက် ..။ သူမြကြာယံစက်ရုံကြီးတစ်ခုလုံးကို ထိန်းသိမ်းလုပ်ကိုင်နိုင်လောက်သည့် ကာလတစ်ခုအဖြစ် သုံးနှစ်မျှဆက်၍ လုပ်ကိုင်နိုင်ခဲ့ပြီမို့.. စက်ရုံကို လုံးဝဦးစီးလုပ်ကိုင်ရန်နှင့် သမီးလေး မပန်းသင်ကို ညီမလေးအဖြစ် ရန်ကုန်သို့ ခေါ်ဆောင်သွားလိုက်တော့ရန် မှာကြားရေးသားထားပါသည့်စာ ..။ ထိုစာကို သူ ဖတ်ရစဉ်ခိုက်မှာ မျက်ရည်ကျခဲ့ရသည်ပါပဲ ..။ ဘဘသည် သူနှင့်အနေမများခဲ့ရ ..။ ဒါပေမဲ့ .. ဘဘသည် .. သူ့ကိုမွေးစားခဲ့သည့် ကျေးဇူးရှင်ဖြစ်ခဲ့သည်။ ဘဘ၏ မေတ္တာကို သူ ရရှိခဲ့သည်။ ဘဘပေးသော မြကြာယံ အထည်စက်ရုံကြီးကို ညီမလေး မပန်းသင်နှင့်အတူ သူသည် အစ်ကိုကြီးတစ်ယောက်အဖြစ် ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ဘဘ၏ ထောက်ပံ့စီစဉ်ပေးမှုဖြင့် သူ ဆုံးခမ်းတိုင်မျှ ပညာသင်ခဲ့ရသည်။ ဘဘအပေါ်မှာ မေမေခင် မည်မျှပင် စိတ်နာကြည်းစေဦးတော့ .. ဤသည်က .. ဘဘနှင့် မေမေခင်တို့၏ ပုဂ္ဂိုလ်ရေးဖြစ်ကြရလျက် ..။ ဘဘသည် သူ၏ဘဘ .. သူ၏ကျေးဇူးရှင်ဖြစ်ချေသည်မို့ ..။ ဘဘ၏စကားကိုတော့ သူ နာခံရမည်သာ ..။

ညီမလေး မပန်းသင်ကိုလည်း သူ .. တကယ်ပဲ မြကြာယံအိမ်ကြီးမှနေ၍ ရန်ကုန်ရှိ အထည်စက်ရုံကြီးရှိရာဆီသို့သာ သူ ခေါ်သွားချင်နေခဲ့တာ ကြာခဲ့ပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ .. ဘဘဦးဟန်ဘွားမှ စာကိုထုတ်ပေးလာသည့်အထိ ဖြစ်လာပြီမို့ .. မေမေခင့်ကို .. သူ စာပြပြီးခေါ်သွားရချေတော့မည်သာ ..။ မေမေခင် မထည့်ချင်၍လည်း မရနိုင်တော့ပြီ ..။ မပန်းသင်လေး၏ ဖခင်ဖြစ်သည့် ဘဘ၏ အစီအမံပေမို့ မေမေခင် ငြင်းဆန်ခွင့်လည်း ရနိုင်ချေတော့မည် မဟုတ် ..။

ဘာပဲဖြစ်ဖြစ် .. မြကြာယံအိမ်ကြီးမှာ .. မေမေခင့်ကို နင်းနှိပ်ပေးရ ..။ မေမေခင့်ဘေးမှာ အစဉ်သဖြင့် နေနေရလျက် လက်တိုလက်တောင်းခံဘဝဖြင့် အစစ .. ခိုင်းသမျှလုပ်လုပ်ပေးနေရပါသည့် မပန်းသင်လေးကို သူ သနားခဲ့ရတာလည်း ကြာတောင့်ကြာရှည် ရှိခဲ့ပြီ ..။ ဒါပေမဲ့ .. သူ ရန်ကုန်သို့ခေါ်သွားဖို့အတွက် သူ စက်မှုတက္ကသိုလ်တက်နေစဉ် ကာလတုန်းက ပြောမိခဲ့ရစဉ်က ..

"မပန်းသင်ဟာ ငယ်လွန်းနေသေးတယ် .. သားကလဲ .. ပညာသင်နေရဆဲကာလလဲ ဖြစ်တယ် .. သူ့ကို .. ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မလဲ .. ဆုံးမသွန်သင်မလဲ .. မလွယ်ဘူး သား .. သူ့အဖေကလဲ .. မေမေခင့်ရဲ့ လက်အောက်မှာပဲ ထားရစ်ခဲ့တာ .. သူ့ကို .. မေမေခင် .. ဘေးမှာထားထားပြီး .. လက်တိုလက်တောင်း ခိုင်းသလိုကြီးထားနေတယ်လို့ သားကရော ထင်နေသလား .. တကယ်တော့ .. သူ့ကို မေမေခင့် မျက်စိအောက်မှာ ထားနေတဲ့သဘောပါ .. ကျောင်းတက်ချိန်ကလွဲပြီး မေမေခင့်မျက်စိအောက်မှာ ရှိနေစေခြင်းဟာ .. အလုံခြုံဆုံး ဖြစ်အောင်ထားနေခြင်းပဲ မဟုတ်လား သား .."



ဟု သူ့ဆံစတွေကို လက်ဖဝါးဖြင့် ဖေးသပ်၍ပြောခဲ့တော့ သူ စောဒကမတက်သာခဲ့ရသည့်အဖြစ် ..။ ထိုစဉ်က .. သူ .. စက်မှုတက္ကသိုလ် ပထမနှစ်ဖြေပြီး ပြန်လာခဲ့ချိန် ကဖြစ်ပါ၏။ မတော်တဆ ပန်းအိုးလေးတစ်လုံး ကျကွဲသွားခြင်းကို အပြစ်ကြီးတစ်ခုနှယ် ဆူလည်းဆူ ..။ တစ်နေကုန်နည်းပါးမျှ ဒူးထောက်ဒဏ်ပေးထားတာမျိုးကြီး လုပ်ထားတာ မြင်ခဲ့ရတော့ သူ ရင်ထဲမချိသည်မို့ .. ရန်ကုန်ပြန်ကာနီး တစ်ရက်မှာဘူမှ မပန်းသင်လေးကို ခေါ်သွားချင်တာလေး ပြောမိခဲ့ရသည်မဟုတ်ပါလား ..။

ထိုစဉ်က မေမေခင်၏ လေအေးလေးဖြင့် ငြင်းပယ်လိုက်ခြင်းစကားကို သူ မလွန်ဆန်သာခဲ့ ..။ ဪ .. ခုတော့ .. သူ .. သူသည် .. ဘဘ၏စာကို မေမေခင့်ကို ဖတ်စေလိုက်လျှက်ဖြင့် .. မပန်းသင်လေးကို ရန်ကုန်သို့ ခေါ်ဆောင်သွားနိုင်ချေတော့မည်တကား ..။

စာကို လောလောဆယ်မှာ မပန်းသင်လေးကို အရင်ဆုံးဖတ်လိုက်လျှင် ကောင်းချေမည်လား မသိ ..။ သူ .. တစ်ချက် ခပ်ဆဆတွေးသည်။ နောက်တော့လည်း ဆုံးဖြတ်လိုက်တာ ..

"ညီမလေး .. ကိုကို .. ညီမလေးကို စာတစ်စောင်ပေးဖတ်စရာရှိတယ် .. ကိုကို့လက်ထဲမှာ စာနှစ်စောင်ရှိနေတယ် ညီမလေး .. တစ်စောင်က .. ကိုကို့အတွက် ရေးထားတဲ့ ဘဘရဲ့စာ .. တစ်စောင်က .. ဒီကိုလာကာနီးမှာ .. ဘဘဟန်က .. ညီမလေးအတွက် .. ပေးလိုက်တဲ့စာ .. အဲဒီ

www.burmeseclassic.com



စာကို ဘယ်သူရေးခဲ့တယ် ထင်သလဲ မပန်းသင် .. ဘဘ
ရေးခဲ့တာ .. ညီမလေးရဲ့ဖေဖေ .. ရေးခဲ့တာ .. အခန်း
ရောက်တော့မှ ဖတ်နော် .. အဲဒီစာထဲမှာပါမယ့် အကြောင်း
အရာကို ကိုကို အသေအချာကြီး သိနေတာတစ်ချက်တော့
ရှိနေတယ် .. အဲဒါကတော့ .. ညီမလေး .. ကိုကိုနဲ့
ရန်ကုန်ကို လိုက်ခဲ့ရလိမ့်မယ် ဆိုတဲ့အကြောင်းပဲ ဖြစ်မယ်
ဆိုတာပဲပေါ့ .. ဘာလို့လဲဆိုတော့ ဘဘက .. ကိုကို့
အတွက် ရေးထားခဲ့တဲ့ စာထဲမှာလဲ .. အဲဒီအချက် ါနေ
တယ်လေ .. အို .. အို .. ဘာလို့ငိုရတာလဲ ကလေးရယ် ..

သူ ပြောနေရင်းဖြင့် စိတ်မကောင်းနိုင်စွာ မပန်းသင်
လေး၏ ပခုံးလေးကို ကိုင်လိုက်ကာ ငုံ့မိုးကြည့်ရင်း မေးမိရပါ၏။
ဝါးရုံရိပ်အောက်မှာ သူနှင့် မပန်းသင်တို့ တစ်ချက်ရပ်နေဖြစ်ကြ
ပါ၏။ မပန်းသင်၏ မျက်ဝန်းဝယ် မျက်ရည်ဥတွေ တအိအိဖြို
ကျနေသည်။ မျက်ရည်စက်တို့ စိုစွတ်နေသည့် မျက်တောင်ရှည်
လေးမှာ မျက်ရည်ဥလေးက ခိုသီးနေသေးသည့် အဖြစ် ..။
မပန်းသင်၏ မျက်နှာလေး မော့ခနဲဖြစ်ကာ သူ့ကို ခပ်မော့မော့
ငေးစိုက်ကြည့်သည်။ နှုတ်ခမ်းလေးတွေ ဆတ်ဆတ်ခါနေ၏။
အသံပွင့်ကျမလာ ..။ မျက်ရည်သာ ဖြိုင်ခနဲ ဖြိုင်ခနဲ ကျလာသည်။
သူ ရင်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့ ..။ မပန်းသင်လေးသည်
ဤသို့အသံမကြားအောင် .. ငိုကြွေးခြင်းဆိုသည့် အကျင့်လေး
တစ်ခုကို .. ငယ်ဘဝကတည်းက .. ကြိမ်ဖန်များစွာ .. အသား
တကျ .. ငယ်မူငယ်ကျင့်လေးပမာ ရှိခဲ့ရှာပါလိမ့်မည် ..။ မေမေခင်
မသိအောင် .. မေမေခင် မကြားအောင် ငိုချလိုက်ခြင်းဆိုသည်



စားမှုသည် မပန်းသင်၏ နှလုံးအိမ်နုနုစင်စင်လေးကို အဘယ်
မျှထိ အပူများဖြင့် စွန်းထင်းအုပ်မိုးထားစေခဲ့ချေမည် မသိ ..။
မပန်းသင် ခေါင်းလေးပြန်ငုံ့ချလိုက်ကာ ..

"ဖေဖေက .. စာပေးထားခဲ့တယ် .. နော် .. တကယ်တော့ ..
မပန်းသင်ကို .. ဘယ်အချိန်ကျရင် .. ဒီစာလေးကို ပေး
ရမယ်ဆိုတာ .. ဖေဖေ စီမံခဲ့မှာ .. စီမံခဲ့တာ .. ဖေဖေ
ဟာ .. သေဆုံးကွယ်လွန်ခဲ့ပေမယ့် .. မပန်းသင်အတွက်
ကတော့ .. ရှိနေတဲ့ ဖေဖေပါပဲ .. ခု .. ခု .. ဖေဖေဟာ ..
မပန်းသင်ကို .. ဒီမြကြာယံအိမ်ကြီးကနေပြီး .. လွတ်မြောက်
သွားရတဲ့ မပန်းသင် အဖြစ် .. ရှိစေတော့မှာပေါ့နော် .."

နင့်နင့်ပါအောင် ကြေကွဲခံစားနေရင်း .. မျက်ရည်
တွေ သောသောဖြိုင်ဖြိုင် ကျနေရာမှ မပန်းသင် ပြောရှာသည်။
အသံလေးက တိမ်တိမ်ကျသွားပါသည့် အဖြစ် ..။

သူ .. ဆံစလေးတွေကို သပ်ပေးကာ အင်္ကျီအိတ်
ထဲမှ စာအိတ်လေးကို ထုတ်ပေးရစဉ်ခိုက် ရင်ထဲမှာ မကောင်း
နိုင် ..။ လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော် ကာလက .. ကွယ်
လွန်ခဲ့ပြီ ဖြစ်ပါသော သူတစ်ယောက်၏စာ ..။ ဪ .. သူ့
ဘဘ၏စာ ..။ ထိုကွယ်လွန်သူတစ်ယောက်သည် လောလောဆယ်
ဘုံသို့ဘေးတွင် ရပ်နေလျက် .. သူ ရေးခဲ့သောစာကို သမီးဖြစ်
သူ၏လက်ထဲရောက်တော့မည့် အဖြစ်တစ်ခုကို မျက်ရည်ဝဲနေ
သည်ဖြင့် ရပ်ကြည့်နေချေမည်လား မသိ ..။ ဘဘ၏ဝိညာဉ်လေး
သည် ဤဝါးရုံရိပ် နွဲ့နွဲ့အောက်မှာ ခေါက်တုံ့ခေါက်တင် သွားလာ
နေရင်းဖြင့် မပန်းသင်လေး၏ မျက်နှာလေးကို ငေးကြည့်နေချေ

www.burmeseclassic.com

www.burmeseclassic.com



မည်လား မသိ ..။ တုန်ခါနေသော လက်အစုံဖြင့် မပန်းသင်
တရိုတသေဖြင့် လက်အုပ်လေးချီကာ စာလေးကို ဖခင်၏
သောစာအဖြစ် မြတ်နိုးရိုကျိုးစွာ ယူနေတာကို ငေးကြည့်
ဘဘသည်လည်း .. မျက်ရည်ကျနေချေမည်လား မသိ ..။
စာလေးမှာ မေတ္တာတရားများစွာတို့ တုမနိုင်းသာစွာ ပါရှိနေ
မည်ဆိုတာကိုတော့ သူ .. အလိုလို နားလည် ခံစားနေမိ
သည်။

မပန်းသင်၏ လက်လေးတွေ ဆတ်ဆတ်ခါနေ
မှ ဖေဖေ့စာကို လက်ခံယူလိုက်မိရရင်းမှ ..

"ဖေဖေ .. ဖေဖေ .."

ဟု ခေါ်နေမိရပါ၏။

ဝါးရွက်တံတို့ ကိုင်းညွတ်လျက် ရှိနေရာမှ လေ
ခြင်းနှင့်အတူ .. ရှဲခနဲ .. သော့ခနဲ .. လှုပ်ရှားသံတွေ .. လှုပ်
နေတာတွေကို မပန်းသင် မော့ငေးကြည့်မိရပါ၏။ နှာဖျားဆီ
အော်ဒီကလုံးရေမွှေးရနံ့သည် ဝါးရွက်တို့၏ ရနံ့နှင့် ရောယှ
မပန်းသင်၏ အားဆီသို့ ရောက်လာသည်ဟု ထင်မိသည်။

ဖေဖေသည် .. အော်ဒီကလုံးရေမွှေးကို .. စွဲမြဲမြတ်
စွာ အစဉ်သဖြင့် သုံးစွဲတတ်သူတစ်ဦးအဖြစ် .. ဒေါ်ကြီးသင်
ပြောပြထားဖူးသည်လေ ..။

ထိုစဉ်ကတည်းက .. မပန်းသင်သည် .. အော်
ကလုံးရေမွှေးပုလင်းလေးကို ဝယ်ထားတတ်ခဲ့ကာ ..။ ရေမွှေး
ရနံ့ကိုလည်း ချစ်သွားခဲ့ရ .. စွဲလမ်းသွားခဲ့ရတာတွေကို .. မည်
ကိုမျှ မပြောပြဖြစ်ခဲ့ပါ ..။



ခုလည်း .. ဝါးရုံရိပ်တွင် အော်ဒီကလုံး ရေမွှေးရနံ့
တွေ သင်းနေသည်ဟု ခံစားရဖြစ်နေပြန်ပါချေသတည်း ...။

မပန်းသင် စာအိတ်လေးကို နဖူးပြင်ဖြင့် လက်အုပ်
လျက်လေးဖြင့် ထိလိုက်ကာ ထပ်၍ ခေါ်လိုက်မိရပြန်ပါသည်။

"ဖေဖေ .."

ခေါ်သံတိုးတိုးနှင့်အတူ .. မျက်ရည်ကျချိန်တွင် ..
ရွက်တံတို့ ပို၍ညွတ်နွဲ့နေကြလျက် .. ရေမွှေးရနံ့တို့ ပို၍တိုး
လာနေသည်ဟု ခံစားဖြစ်ပြန်ပါ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

သမီးလေး ပန်းသင် ...

ဒီစာဟာ .. လသားအရွယ် သမီးလေးကို မွေ့ပို
ရင်း .. သေခြင်းတရားတစ်ခုကို .. ရှေ့ရှုလို့ မကြာ
အထည်စက်ရုံကြီးဆီက ထွက်ခွာတော့မယ့် သူတစ်ယော
ရဲ့ ရေးခဲ့တဲ့ စာတစ်စောင်ပါ ..။ ဒီစာကို ဖေဖေဟာ
ကိုဟန်ကွားဆီမှာ အပ်နှံခဲ့ရတော့မယ်လေ ..။ သူဟာ
တစ်နေ့မှာ .. ဒီစာကို သမီးလေးဆီအရောက် .. ရော
စေဖို့ စီမံဆောင်ရွက်ပါလိမ့်မယ် ..။ ဒီစာကို .. သမီး
ရဲ့ကိုကို .. မြတ်မင်းသာက ယူဆောင်သွားပါလိမ့်မယ်
အဲဒီမြင်ကွင်းကို .. ဖေဖေ မြင်ကြည့်မိတယ် သမီး။ သ
လေး ငိုနေရင်း စာကို လက်ခံယူမယ်ဆိုတာ ဖေဖေသိ
နေတယ် ..။ အဖေ့လက်နဲ့ ရေးခဲ့တဲ့စာပါလားဆိုတဲ့ အ
တရားတစ်ခု .. ခံစားမှုတွေ မွန်းသိပ်နေရင်းနဲ့ သမီးလေ
ငိုနေမယ် ဆိုတာကို ဖေဖေ သိနှင့်နေပါတယ် သမီးရယ်



ဖေဖေကိုယ်တိုင်လဲ .. ဒီစာကိုရေးနေရင်းနဲ့ .. မျက်ရည်ကျ
နေပါတယ်ကွယ် ..။

သေခြင်းတရားဆိုတာကို ဒီလောက် မြန်မြန်ကြီး ဖေဖေ ရင်ဆိုင်ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး သမီး ..။ ပြီးတော့ .. ဖေဖေ့သမီးလေးဟာ .. အမိမဲ့ရခြင်း .. အဖမဲ့ရခြင်းဆိုတဲ့ ကြမ္မာဆိုးကြီးထဲမှာ ရပ်တည်ဖို့သက်သက် အတွက် လူ့ဘဝကြီးထဲကို ငိုကြွေးရင်း ဝင်ရောက်လာရ ချေတာပါပဲလားလို့ တွေးမိရင် .. ဖေဖေ .. ရင်ထဲဆို့နေ မိရတယ်ကွယ် ..။

ဒါပေမဲ့ .. ကံကြမ္မာဆိုတာကို .. ဘယ်သူကမှ မလွန်ဆန်သာဘူး သမီး ..။ ဒီလိုဘဝမျိုးထဲကို ရောက်လာ ရပြီးတဲ့နောက်မှာ .. သမီးလေး .. ရင်ဆိုင်ရုံမှတစ်ပါး .. ဘာမှမရှိဘူး ..။ ရွေးစရာလမ်းလည်း မရှိဘူး ..။ ဖေဖေ ကိုယ်တိုင်တောင်မှ .. သေခြင်းတရားကို .. လက်ခံပေး လိုက်ရပြီပဲ ..။ အဆုတ်ယောင်တယ် ..။ တိုက်ဖွိုက်ဖြစ် တယ်။ ချောင်းဆိုးတယ်နဲ့ .. ဖေဖေ ထင်ခဲ့တဲ့ ရောဂါတစ်ခု.. ပေါ့ဆမှုတစ်ခုဟာ .. အဆုတ်ကင်ဆာ ဆိုတာကြီးကို သိလာရစေတဲ့ အချိန်မှာ .. ဖေဖေဟာ သေလူဖြစ်နေပြီ ..။ အဲဒီအချိန်မှာ သမီးလေးက .. တကယ့်ကို .. ခင်နှီးထုပ် မွေးလေးနဲ့ကွယ် ..။ ဖေဖေ .. ရင်ထဲ .. လေးလိုက်ရတာ ..။ ဒါပေမဲ့ .. မကြာယံမှာ .. ခင်ခင်ကြီးဆီမှာ .. ဖေဖေ သမီးကို ထားခဲ့ရမှုကို ဖြစ်တော့မှာမို့ ..။ သမီးကို .. ဖေဖေ ထားခဲ့ရတယ် ..။ အထိန်းသည်တစ်ယောက်ရဲ့ လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်နှီးထုပ်လေးနဲ့ ရှိရစေတာထက် .. မသင်း ဆီမှာ ကျန်ခဲ့တာ .. သမီးလေးအတွက် .. ပိုပြီးသင့်ပါတယ် ..။ ဖေဖေ ရေးထားတယ်နော် .. မသင်းဆီမှာလို့ ..။ ခင်ခင်ကြီး ဆိုတာ သမီးလေးအပေါ်မှာ ဘယ်တော့မှ မကောင်းနိုင်ဘူးဆိုတာ ဖေဖေ သိထားတာပေါ့ ..။ ဒါပေမဲ့ .. မသင်း ရှိနေတယ်လေ ..။ ခင်ခင်ကြီးဟာ သမီးလေးကို ရိုက်နှက်နိုင်မယ် ..။ ဆူငေါက်နိုင်မယ် ..။ ဒါပေမဲ့ .. သတ်မပစ်နိုင်ပါဘူးကွယ် ..။ သူ ရိုက်ချင်တယ်ပဲထား ..။ သေအောင်တော့ မရိုက်နိုင်ပါဘူး ..။ အတေးအမှတ်ကြီးတဲ့ ခင်ခင်ကြီးဟာ .. သမီးလေးကို .. ပညာရှိနည်းနဲ့ ညှဥ်းပန်းမယ်ဆိုတာ ဖေဖေ ကြိုတင်သိထားပါရဲ့။

ဒါပေမဲ့ .. မြကြာယံမှာ .. မသင်းတို့ မျက်စိအောက်မှာ .. သမီးလေးကို ရှိစေတာဟာ .. ပိုပြီးသင့်တော်တာမို့ .. ဖေဖေ .. သမီးကို .. ခင်ခင်ကြီးရှိတဲ့ မြကြာယံမှာ ထားခဲ့ရတယ်ဆိုတာ သမီးလေး သဘောပေါက်ပါ ..။ ကြီးပြင်းလာတဲ့အခါ .. ဘော်ဒါတစ်ခုခုမှာ ရှိတာထက် .. မသင်းရှိတဲ့ မြကြာယံမှာ သမီးလေးရှိတာ .. ပိုပြီးလုံခြုံမှာပါကွယ် ..။ ခင်ခင်ကြီး ဘယ်လောက်ပဲဆိုးဆိုး .. ဖေဖေရဲ့ မြကြာယံ ... ဖေဖေ ယုံကြည်မှုထားတဲ့ မသင်းရဲ့ .. အကြည့်အရှုအောက်မှာ .. သမီးလေး .. လုံခြုံမှုရှိနေပါလိမ့်မယ် .. ခင်ခင်ကြီးရဲ့ ညှဥ်းပန်းခံရမှုတွေကိုတော့ .. ဖေဖေ ဘယ်လိုမှ မတားဆီးနိုင်မှာကို .. ဖေဖေ ရင်ထဲမချိတာ .. ဖေဖေ အသိဆုံးပါ ..။ ဒါကြောင့်လေ ..



ဖေဖေ ဒီစာကိုရေးနေရင်းနဲ့ ရင်ထဲမှာ နစ်နေတယ် ..။ ဆို့နေတယ်။ မျက်ရည်ကျနေတယ်။ လက်ချောင်းတွေ တုန်ခါနေတယ်။ ဖေဖေ .. ငိုနေပါတယ် သမီးရယ်။ ဖေဖေ ငိုနေပါတယ် ဖေဖေ့သမီးလေးရယ် ..။

ခင်ခင်ကြီးကို ဖေဖေ လက်ထပ်ခဲ့စဥ်တုန်းကတော့ .. သူဟာ မိဘမဲ့သူ ..။ သူ့ကို ဖခင်ကြည်ဖြူထားတဲ့သူက .. သူ့အိမ်က အစေအပါးကို လက်ထပ်သွားတာ ရင်ကွဲ .. ကြေကွဲခံစားနေရသူလို့ .. သိထားခဲ့ရတယ်လေ ..။

ဖေဖေ့ရဲ့ ကြွယ်ဝချမ်းသာမှုတွေကြားထဲမှာ .. အုပ်အုပ်ထိန်းထိန်းနဲ့ရှိမယ့် အိမ်ရှင်မကောင်းတစ်ယောက်တော့ဖြင့် ဖြစ်လာလိမ့်မယ်လို့ ထင်မိတာကိုက .. ခင်ခင်ကြီးကို ဖေဖေ အထင်ကြီးလွန်းခဲ့တဲ့ အမှားတစ်ခုပဲဆိုတာ .. ဖေဖေ .. သူ့ကို လက်ထပ်ပြီးတော့မှ .. သူ့စရိုက်ကို သိလာရလေလေ .. နောင်တရလေလေပါပဲ။ ဒါပေမဲ့ .. အိမ်ထောင်တစ်ခုကို ထူမိခဲ့ပြီလေ ..။ ဖေဖေ့ကို .. ခင်ခင်ကြီးနဲ့ စေ့စပ်မြန်းပေးတဲ့ ရှေ့နေကြီး ဦးထွန်းသာ ဆိုတာလဲ .. တကယ့်တမ်းကျတော့ .. သူ .. နောင်တရတော့တာပါပဲ ..။ ထားပါတော့လေ .. ဒါတွေကို .. ဖေဖေ အရှည်မရေးချင်တော့ပါဘူး ..။

သမီးလေးရဲ့မေမေ .. မွေးထုံနဲ့ ဖေဖေ အကြောင်းပါခဲ့ရပြန်တယ်။ ခု .. သမီးလေးကို .. ဖေဖေဟာ .. သမီးမေမေနည်းတူပဲ .. ချန်ခဲ့ရတော့မယ် ..။ ဒါပေမဲ့ .. သမီးလေးအတွက် ချန်ခဲ့တဲ့ အရာတွေထဲမှာ .. ဖေဖေ့မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ .. သမီးလေးဆီမှာ အငွေ့အသက်အဖြစ် .. အပြည့်အဝ ရှိနေမှာပါ ..။ ဖေဖေ မရှိတော့ပေမယ့် .. ဖေဖေ့ မေတ္တာတွေ ရှိနေကြ .. ကျန်နေကြမှာပါ သမီးလေးရယ် ..။ သမီးမေမေ မမွေးထုံရဲ့ မေတ္တာတွေလဲ .. အဲသလိုပဲ .. ရှိနေကြတယ် ဆိုတာ သမီးလေး သိထားနော် ..။

ခု .. သမီးလေးကို .. သမီးလေးရဲ့ကိုကိုမြတ်မင်းသာက .. ရန်ကုန်ကို ခေါ်သွားလိမ့်မယ် ..။ သူဟာ .. သမီးလေးရဲ့ အစ်ကိုကြီးအဖြစ် .. စောင့်ရှောက်နိုင်စွမ်းပြီ ..။ အလုပ်ကိုလည်း ကြီးကြပ်အုပ်ချုပ်နိုင်စွမ်းပြီ ..။ ပညာအရာလဲ .. ဘွဲ့ရပြီ ..။ အဲသလို .. အချိန်ကျမှ .. ဒီစာတွေကို ပေးဖို့ ဖေဖေ .. မှာခဲ့တာ ..။

သမီးလေး .. သမီး ကိုကိုကြီးနဲ့ လိုက်သွားပါ ..။ စာကို ဆုံးခမ်းတိုင်အောင် သင်ပါ ..။ သမီးလေး လိမ္မာမယ်ဆိုတာ ဖေဖေ ယုံပါတယ် ..။ ဘာကြောင့်ပဲဖြစ်ဖြစ် .. မေမေခင် .. ဆိုးတယ်ဆိုရင်တောင်မှ .. သူ့ကို .. မစော်ကားမိပါစေနဲ့ ..

မေမေခင်ကို .. ကန်တော့ပြီးမှ .. မြကြာယံကနေပြီး .. ရန်ကုန်ကို သွားပါသမီးရယ် ..။

ဖေဖေ့ဘဝမှာ .. အတော်ငတဆုံး အရာဟာ .. သမီးလေးနဲ့ .. နှစ်များစွာ အတူတူနေလိုခြင်း ..။ စောင့်ရှောက်ပေးလိုခြင်းပါပဲ။ ဒါပေမဲ့ .. ဖေဖေ ဆုတောင်းမပြည့်ခဲ့ပါဘူး သမီးရယ် ..။



သမီးလေးနဲ့ ဖေဖေ တူတူမနေနိုင်တော့ပေမယ့် ..။ ဖေဖေ့ အစီအမံနဲ့ .. သမီးလေးကို .. ဖေဖေ စောင့်ရှောက်မှုများအဖြစ် .. အတိုင်းအတာ တစ်ခုလောက် အထိတော့ .. ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ဖေဖေ မှတ်ယူပါတယ် ..။

ပြီးပြည့်စုံအောင် .. ဖေဖေ့ ရင်ခွင်မှာထားလို့ .. မစောင့်ရှောက်နိုင်သာတဲ့ ဖေဖေ့ဘဝကို .. နားလည်ပေးပါ သမီးရယ် ..။

သမီးကို ဖေဖေ သိပ်ချစ်ပါတယ် ..။

ဒီစာကို ရေးနေချိန်မှာ .. သမီးလေးဟာ .. ပုခက်လေးထဲမှာရှိနေတယ် ..။ သမီးလေးကို .. ဖေဖေ .. နမ်းပြီးမှ ဒီစာကို ဖေဖေ ရေးနေတာပါ ..။

ပြီးရင် .. ပြီးရင် .. ဖေဖေ .. ဘာလုပ်မယ်လို့ သမီးလေး ထင်သလဲ ..။ သမီးလေးကို .. ဖေဖေ .. နမ်းပါလိမ့်မယ် ..။ နမ်းပါဦးမယ် ..။ ဖေဖေလေ .. သိပ်ကြာကြာ .. အချိန်မရှိတော့တဲ့ အဖေတစ်ယောက်အဖြစ် ရှိနေရင်း .. ကြေကွဲလောင်မြိုက်နေရင်း .. ချစ်မဝနိုင်တဲ့ သမီးလေးကို .. နမ်းမဝနိုင်တဲ့ အဖေအဖြစ် .. အသက်ရှင်ခွင့် ရနေသမျှ .. ရှင်သန်နေခွင့် ရှိနေသမျှမှာ .. နမ်းမဝစွာ .. ရှိသွားမှာပါ သမီးလေးရယ် ...။

ဒီစာကို ဖတ်ပြီးချိန်မှာ .. သမီးလေးတစ်ခုပဲ လုပ်ပေးပါကွယ် ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို သိပ်ချစ်ပါတယ်လို့ .. ပြောလိုက်ပါကွယ် ..။ အဲဒီအချိန်မှာ ဖေဖေ .. သမီးလေးဆီမှာ ရပ်နေပါ့မယ် သမီး ..။

ဖေဖေ နားထောင်နေပါ့မယ်ကွယ် ...။

လိမ္မာရစ်ပေတော့ သမီးလေးရေ ...။

လိမ္မာရစ်ပေတော့ ... ...။

သမီးလေးရဲ့

ဖေဖေ

စာတွေမှာ မင်ပြန့်နေသည်။ ဖေဖေ့ မျက်ရည်တွေဆိုတာ သိသာနေလျက် ..။

ထိုစာလုံးလေးတွေထက်မှာ မပန်းသင်၏ မျက်ရည်စက်လေးတွေ ပေါက်ခနဲ ပေါက်ခနဲ ကျနေပါချေသတည်း ..။

မပန်းသင် စားပွဲထက်မှာ ငွေဘောင်ကွပ်ထားပါသော ဖေဖေဓာတ်ပုံလေး ဒေါက်ထောက်လျက် ဖေးတင်နေတာကို ငေးခနဲကြည့်မိသည်။

လွန်ခဲ့သော နှစ်များစွာ ... ဩော် .. မပန်းသင်၏ အသက်နှင့်အမျှ ရှိနေပါသည့် အနည်းငယ် ဝါကျင်စပြုနေပါသော အဖြူရောင် စာရွက်လေးတစ်ရွက်သည် .. ဖေဖေ့လက်ရေးများဖြင့် မပန်းသင်၏ လက်ချောင်းလေးတွေ .. လက်ဖဝါးလေးတွေနှင့် ထိတွေ့လျက်ရှိနေသည် ..။ ဟုတ်သည် ..။ နှစ်များစွာ ..။ လွန်ခဲ့သော တစ်ဆယ့်ခြောက်နှစ်ကျော် ကာလက စာတစ်စောင်သည် .. မပန်းသင်လက်ထဲမှာ လေအတိုးမှာ တဖျပ်ဖျပ်ထိခတ်နေလျက် .. လှုပ်ခတ်နေလျက် .. ရှိနေပါ၏ ..။ ဤစာကို ဖေဖေ



ရေးနေခဲ့စဉ်က .. မပန်းသင်သည် ခင်နှီးထုပ်လေးဖြင့် ရှိနေခဲ့ပါချေ၏ ...။

ထိုစဉ်က .. မပန်းသင် ဆိုသည့် ကလေးငယ်လေးသည် .. မည်းနက်နေသော မျက်ဝန်းလေးများဖြင့် ဖေဖေ့ကိုကြည့်ကောင်း ကြည့်နေပါချေလိမ့်မည် ..။ ဘာမျှမသိတတ်နိုင်သေးပါသော မပန်းသင်လေးသည် .. ဖေဖေ့ကို ရယ်များရယ်ပြနေချေမည်လား။ နီးနီးခစ်ခစ် အသံလေးဖြင့် ရယ်ရင်း ခြေကလန်လက်ကလန်လေးဖြင့် ရှိနေချေမည်လား ..။ အဖမဲ့သမီးလေးဖြစ်ရချေတော့မည့် ကလေးငယ်လေးတစ်ယောက်သည် ခင်နှီးထုပ်လေးထဲမှ ခြေထောက်လေးတွေကို တိုးထွက်နေရင်းဖြင့် အကြောင်အတြ ကင်းနေချိန်မှာ .. ဖေဖေသည် မျက်ရည်ပေါက်ကြီးများ နောက်ဆံငင်စိတ်ဖြင့် ကျနေပါချေလိမ့်မည် ..။

လူမှန်းမသိရသေးပါသော ကလေးဘဝကတည်းက .. မပန်းသင် ဆိုသော မိန်းကလေးတစ်ယောက်မှာ .. အဖနဲ့သမီး .. ဖတဆိုးသမီးလေး ဖြစ်ရချေမည့် ကံကြမ္မာဆိုးကြီးက အုပ်စီးအုပ်မိုးထားလျက် ရှိခဲ့ချေသည်တကား ..။

ထိုအဖြစ်ထက် ကြေကွဲဖွယ်ကောင်းသောအရာ မရှိနိုင် ..။ ထိုမျှ ဆိုးဝါးသော ကံကြမ္မာသည် မပန်းသင်၏ဘဝတွင်းဆီသို့ .. ကနဦးအစကတည်းကပင် ဖြစ်တည်ခဲ့ချေသည့်အဖြစ်။ မပန်းသင်၏ မျက်ရည်စက်တွေ တပေါက်ပေါက် .. တဖြောက်ဖြောက် ကျနေဆဲ ..။

စာရွက်လေးကို ဖြန့်လျက်သားဖြင့် စားပွဲထက်မှာ မပန်းသင် တင်သည်။ လက်အုပ်လေးချီ၍ ဖေဖေ့ဓာတ်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ဓာတ်ပုံတွင်းဆီမှ ဖေဖေသည် မပန်းသင်ကို ချစ်ကြင်စွာ ကြည့်နေသည်သို့ ခံစားဖြစ်၏။ ဘေးမှာ ဖေဖေရပ်နေသည်သို့လည်း ခံစားနေရလျက် အကြည့်က ဘေးဆီသို့ငဲ့သည်။ ဘယ်ဘက်ကိုလည်း ကြည့်မိသည်။ ညာဘက်ကိုလည်း ကြည့်မိသည်။ ဖေဖေသည် ဘယ်ဘက်မှာများ ရပ်နေချေမည်လား ..။ အို .. ညာဘက်မှာပဲ ရပ်နေချေမည်ထင့် ..။ မပန်းသင် လက်အုပ်လေးချီလျက်မှ တအိအိ ပြိုကျလာနေသည့် မျက်ရည်တို့ကို မသုတ်နိုင် .. ထိန်းမနိုင်တော့စွာဖြင့်ပဲ ခပ်တိုးတိုး ခေါ်မိရ ပြောမိရပါပြီတည်း။

"ဖေဖေ .."

တိုးဖွဖွ ခေါ်သံသည်မပီလှ ..။ ရှိုက်သံဖြင့် လုံးထွေးနေသည် ..။ ဖွင့်ထားသော ပြတင်းဆီမှ တိုးဝင်လာသည့် လေပြည်တို့မှာ ဝါးရွက်ဝါးပင်တို့ဆီမှ ဝါးရနံ့သည် ရောထွေးလျက်ရှိနေကာ ထိုဝါးရနံ့မွှင်မွှင်တို့မှာ ပန်းစံကားတို့၏ ရနံ့ကလည်း ရောထွေးလျက် ရှိနေ၏ ..။ အို .. မပြည့်စုံသေး ..။ ထိုရနံ့တွေထဲမှာ တိုးဝင်လျက် ရှိနေသေးသည်က .. အော်ဒီကလုံးရေမွှေး၏ရနံ့ ..။ ထိုသို့ မပန်းသင် ခံစားနေဆဲ ..။ မျက်ဝန်းကို စုံမှိတ်ချလိုက်မိစဉ်နိုက် .. ဖေဖေ့လက်ဖဝါးအစုံသည် မပန်းသင်၏ဆံစမွှင်များပေါ်သို့ ဖွဖွညင်ညင် ဖေးတင်လာသည်သို့ ခံစားမိရပြန်၏။

ရင်ထဲမှာ လှိုက်နေသည် ..။ ဆို့နေသည်။ လည်ချောင်းသည် ဝမ်းနည်းရှိုက်ဖြင့် ဆို့တက်လာနေသမျှ ကွဲအက်ကုန်တော့မည်နှယ် ခံစားဆို့ကျပ်လာနေရပါသည့် အဖြစ် ..။



ဖေဖေ့ကို သမီး ခေါ်နေပါပြီ ဖေဖေ ..။

သမီးရဲ့ဘေးမှာ ဖေဖေ ရပ်နေပြီလို့လည်း သမီးသိနေရပါတယ် ဖေဖေ ..။ ဖေဖေ့ မျက်ဝန်းတွေ .. သမီးကို ငုံ့မိုးငေးကြည့်နေမယ်လို့လည်း သမီး သိနေရပါတယ် ဖေဖေ ..။ ဖေဖေ့ မျက်ဝန်းတွေဆီက ရွှန်းရွှန်းစားစား ရှိနေကြမယ့် အချစ်တွေနဲ့ ပြည့်သိပ်နေတဲ့ အကြည့်တွေကို .. သမီးလေ .. သမီး .. ခံစားပုံဖော်ကြည့်နေနိုင်ပါပြီ ဖေဖေ ..။ မြင်နေရပါပြီ ဖေဖေရယ် ..။

ဖေဖေ ရေးထားတဲ့စာကို .. သမီးရဲ့ရှေ့မှာ ဖြန့်လျက်သား ရှိနေစေပါတယ် ဖေဖေ ..။ အဲဒီစာရွက်လေးထဲမှာ ရှိနေတဲ့ စာသားလေးတွေဟာ သက်ရှိသက်ဝင် ဖြစ်လာပြီး စာရွက်လေးထဲက ခုန်ပေါက်တွက်လာကြတယ်လို့ သမီး ခံစားနေရပါတယ် ဖေဖေရယ် ..။ ဖေဖေ နားထောင်ပါတော့ ..။ ဖေဖေ နားထောင်လိုက်ပါတော့ ဖေဖေ။

"ဖေဖေ့ကို .. သမီး .. ပန်းသင် .. ပန်းသင် .. သိပ်ချစ်ပါတယ် ဖေဖေရယ် .. သိပ်ချစ်ပါတယ် .."

ဖေဖေ ကြားလိုလှပါသည်ဟု ရေးထားခဲ့ပါသော စာသားလေးများသည် မပန်းသင်၏ဘေးမှာ ပတ်ပတ်လည် ခုန်ပေါက်နေကြသည်ဟု ထင်နေမိရသည်။ ဖေဖေသည်လည်း မပန်းသင်၏ဘေးမှာ မျက်ရည်ဝေလျက် ရပ်နေပြီဟု နားလည်ထားနေမိသည်။ ယုံကြည်နေမိသည်။ လက်အုပ်လေးချီလျက်ဖြင့် မပန်းသင် မော့ခနဲ ကြည့်မိသည်က .. ဖေဖေ့မျက်နှာ ရှိနေမည်ဟု မှတ်ယူထားမိလေသမျှဖြင့်ပါ ..။ ထိုနေရာဆီသို့ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



"အခု .. အခု .. သမီးလေ .. သမီး .. ဖေဖေ့ကို .. ကန်တော့ပါတယ် ဖေဖေရယ် .. ဖေဖေ .. သမီးကို .. ဆုပေးနော် .."

ဟု ပြောမိသည်။ ဖေဖေ့ကို ရည်မှန်း၍ ကြမ်းပေါ်မှာ ပျပ်ဝပ်စွာထိုင်၍ ကန်တော့မိရပါ၏။ ဦးသုံးကြိမ်ချနေရင်းဖြင့်လည်း မပန်းသင် ရှိုက်နေမိသည်။ ဖေဖေ့ ခြေအစုံ ရှိနေမည်ဟု မှန်းယူလျက် .. ထိုနေရာမှာ .. ဖေဖေ့ ခြေဖမိုးပေါ်မှာ နဖူးတင် ဦးခိုက်သည်သို့ မှန်းယူ၍ ကြမ်းပေါ်မှာ နဖူးကို ထိသည်။

မပန်းသင် ရှိုက်မိပြန်၏။

"သမီးအတွက် .. ဖေဖေဟာ .. အမြဲရှိနေပါတယ် ဖေဖေရယ် .. ဖေဖေ့ အရိပ်ဟာ .. သမီးအပေါ်မှာ .. အမြဲလုံခြုံအောင် လုပ်ပေးနေမှာပါ .. သမီးကို .. မေမေခင် နှိပ်စက်နေတာတွေ မြင်တိုင်း မြင်တိုင်း .. ဖေဖေ ရင်ထဲမချိဖြစ်နေမှာကိုလဲ .. မပန်းသင် .. ရင်ထဲမကောင်းလိုက်တာ .. မပန်းသင် အနှိပ်စက်ခံရလို့ ကြေကွဲနေရ .. အားငယ်နေရတဲ့ ဝေဒနာအပြင် .. ဖေဖေ့အတွက် .. ဖေဖေ ကြေကွဲနေမှာကို သိနေရတဲ့အတွက် .. မပန်းသင် .. ခု .. ခု .. ပိုခံစားနေရပါတယ် ဖေဖေရယ် .."

ဟု တိုးဖွဖွ ပြောမိရစဉ်ခိုက် .. ဘယ်သူယုံကြည်ယုံကြည်စေ ..။ မပန်းသင် အတွက် ဖေဖေသည် .. ရှေ့မှာရပ်လျက် ရှိနေကာ .. မပန်းသင်ကို .. သာဓုခေါ်ရင်း ဆုပေးနေချေသည်ဟု .. ခံစားဖြစ်ချေ၏ ..။



အခန်းတွင်းဝယ် .. ပန်းရနံ့တို့ ထုံသင်းနေသော လေပြည် ..။

အေးမြသော ရေမွှေး၏ရနံ့ ..။

ဝါးရွက် ဝါးပင်တို့၏ ရနံ့တို့က .. တိုးတိုးဝင်ဝင် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

အပေါ်ထပ် လသာဆောင်ကြီးဆီမှ ရုပ်ရှင်း ပန်းခြံကျယ်ကြီးကို ဒေါ်ခင်ခင်ကြီး ငေးကြည့်နေမိရပါ၏။

ခြံစောင့်လင်မယားအဖြစ် ထားရှိပါသော ကိုမြင့်နှင့် မငယ်တို့ဆိုတာက ဤခြံကျယ်ကြီးကို အားလုံးနိုင်နင်းအောင်တော့ မလုပ်နိုင်ကြ ..။ အထူးသဖြင့် အိမ်ရှင်မနေသော အိမ်ကြီးတစ်လုံး၏ ခြံစောင့်အဖြစ် ရှိရတာမို့လည်း အပါးနိုတာလည်း ပါနိုင်သည်ပေါ့ ..။ ပဒုမ္မာဆိုတာက .. ခင်ခင်ကြီးဆိုသည့် မိန်းမရွယ်တစ်ယောက် ကိုအုပ်စိုး ဆိုသူနှင့် အိမ်ထောင်ရက်သားကျသွားခဲ့သည် ဆိုကတည်းက .. မြကြာယံအိမ်ကြီးဆီသို့ လိုက်ပါသွားခဲ့ကာ ..။ ပဒုမ္မာစံအိမ်ကြီးကို ကိုမြင့်နှင့် မငယ်ဆိုသည့် လင်မယားကိုပဲ ခြံစောင့်အဖြစ် ထားရှိခဲ့သည်ကိုးလေ ..။ ကိုအုန်းကိုပါ မြကြာယံအိမ်ကြီးဆီသို့ သံယောဇဉ်စိတ်ကြောင့် ခေါ်သွားခဲ့ခြင်းပါ ..။



ကိုမြင့်နှင့် မငယ် ဆိုတာက ခြံကျယ်ကြီးမှာ မြက်ရိုင်းတွေ မထူထပ်နေအောင် ..။ ပန်းခြံကျယ်ကြီးမှာလည်း ပေါင်းမြက်တွေ မထူနေအောင်လောက်ပဲ လုပ်ကိုင်ဖို့လောက်သာ စိတ်ဝင်တစားရှိကာ၊ ပန်းခြံဆိုတာကလည်း ယခင်တုံးကနှယ် မဟုတ်တော့ ..။ နှင်းဆီပင်တွေလည်း တဖြည်းဖြည်း ပိုးကိုက်အပင်သေနှင့် ဖြစ်ကုန်ခဲ့ပြီ ..။ အကြမ်းပတမ်း ခံနိုင်သော စပယ်ရုံတွေတော့ ရှိနေဆဲ ..။ သစ္စာပန်းဥတွေကတော့ အချိန်တန်လျှင် အပင်ပေါက်လာကြ ..။ အပွင့်ပွင့်ဝေကြနှင့် ရှိတတ်ကာ၊ ဖွန်ပန်းရုံကြီးကံတော့ အုံကျင်းကောင်းနေပြီ ..။ ပဒုမ္မာအိမ်ကြီး၏ လသာဆောင်ဆီမှ မြင်နေရသော ပန်းဥယျာဉ်သည် နှင်းဆီပင်လေးတွေ ဟိုသည်တစ်ပင်ရှိလျက် စံပယ်ရုံနှင့် ဖွန်ပန်းရုံတချို့ ..။ အပွင့်ဝေနေသော သစ္စာပန်းရောင်စုံတို့ဖြင့် ဥယျာဉ်တစ်ခု၏ ဂုဏ်ပုဒ်တစ်ခုကို တတ်စွမ်းသမျှ ထိန်းထားနေဆဲ ..။ အပြုအစု အယုအယကင်းသော ပန်းဥယျာဉ်ဟူသည် .. ဤသို့သာ ပန်းပင်ကြဲခြောက်ခြောက်နှင့် ရှိတတ်ရစေစမြဲ ..။

ရင်ထဲတွင် နာခနဲ ဖြစ်ချင်၏။ စောစောက အတွေးထဲမှာ ပါလာခဲ့ပါသော စကား။ ဘာတဲ့ ..။ အပြုအစု အယုအယကင်းသော ပန်းဥယျာဉ် ..။

ဒေါ်ခင်ခင်ကြီး ခပ်မဲ့မဲ့ တစ်ချက်မျှ ပြုံးလိုက်မိသည်။ အပြုံးသည် အပြုံးနှင့်မတူ။ ခက်ထန်သော မျက်နှာထက်တွင် ထင်နေသည့် အပြုံးသည် မာန်ဖီနေသော ကျားတစ်ကောင်၏ နှုတ်ခမ်းနှင့်ပင် တူနေသေးသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝကရော .. အဲဒီ အယုအယကင်းနေရတဲ့ ဥယျာဉ် တစ်ခုနဲ့ ဘာထူးနေသလဲ .. ကြည့်စမ်း .. ငါ့ဘဝမှာ .. ခင်ပွန်းသည်ရဲ့ ချစ်ခြင်းနဲ့ ကင်းဝေးခဲ့ရတယ် .. ငါ့မွေး လင့်ချက်တွေကို ယူဆောင်သွားခဲ့ဖူးတဲ့ ဝါဝါ ဆိုတဲ့အမ စေမတစ်ယောက်ကို နာကြည်းနေတဲ့ ခင်ခင်ကြီး အဖြစ် အလူးအလဲ ခံစားနေရဖူးခဲ့ရာက .. ငါ့ခင်ပွန်းသည်အဖြစ် ရောက်ရှိလာခဲ့တဲ့ ကိုအုပ်စိုး ဆိုတာကိုလည်း .. မမွေး ဆိုတဲ့ မိန်းမတစ်ယောက်က .. ငါ့ဘဝထဲက ခေါ်ထုတ်သွား ခဲ့တယ် .. ငါ့ဘဝဟာ ကြင်နာခြင်း .. ချစ်ခြင်း .. အမြတ် တနိုးထားခြင်း ဆိုတဲ့ အရာတွေနဲ့ ဘာမှ ပတ်သက်ခွင့်မရ တဲ့ မိန်းမတစ်ယောက်အဖြစ် ဖြတ်သန်းလာခဲ့ရတာမို့ .. အဲဒီဥယျာဉ်ထဲက ပန်းတွေလိုပါပဲ .. ပန်းပင်လေးတွေလို ပါပဲ .. အဲဒီဥယျာဉ်လိုပါပဲ .. ဘယ်မှာ .. လုပဝေဆာခြင်း အတိနဲ့ ရှိနေပါတော့မလဲ .. ရှိနေပါတော့မလဲ .."

အတွေးများသည် ခါးသီးသော ခံစားမှုများကို ရင်မှာအပ်နှံထားနေသည်။ ကြေကွဲခြင်းများကိုပဲ နှလုံးအိမ်ဆီသို့ တွန်းပို့နေကြသည်။ လောင်မြိုက်သော ရင်သည် မအေးချမ်းနိုင် ခြင်းဆိုသည့် ဝဋ်ဒုက္ခတစ်ခုကို ရင်မှာ တည်မြဲနေစေသည့်အဖြစ် ထိုဝဋ်ဆိုးကြီးသည် ရင်ထဲမှ ဘယ်ရတော့မှလဲ ထွက်ခွာသွားနိုင်တော့ တော့မှာ မဟုတ်။ အံခဲလိုက်သည်မှ မေးကြောများ တင်းထောင် လာအောင်ပါ ..။

လက်ဖဝါးအစုံက လသာဆောင် လက်ရမ်းထက် မှာ ကျစ်ကျစ်ခဲခဲ ..။ အကြောတွေပင် ခုံးထနေစေသည့်အထိ ...



ထဲက ခံစားမှုများက မာကျောခက်ထန်ခြင်းများကို လက်ဖမိုးများ အထိ ကူးစက်နေစေ၏။ ဟုတ်သည် ..။ နာကြည်းမှုများသည် လက်စားချေလိုခြင်းဆိုသည့် အရာကို နှလုံးအိမ်မှာ .. နောက် .. သွေးကြောမျှင်များမှာ .. စီးပျံ့နှံ့ဖြန့်နေစေသည့်အဖြစ် ..။

"ပထမဆုံးကတော့ .. မိဝါဝါနဲ့ ကိုရန်အေးတို့ပဲ .. ပိုးဝါ ဆိုတဲ့ မိန်းမဟာ .. ဘယ်လောက်ထိ ငါ့ကို စော်ကား မော်ကား လုပ်သွားခဲ့သလဲ .. ဟင် .. သူ့လို အစေအပါးမ တစ်ယောက်က .. ငါ့ရင်ထဲက မြတ်နိုးသူတစ်ယောက်ကို အံတုလုယူရဲခဲ့တယ် .. ရန်အေး ဆိုတဲ့သူကလဲ .. ငါ့လို ပဒုမ္မာအိမ်ကြီးက .. ဦးသာခင်ရဲ့သမီးကို မယူပဲ .. ငါ့ခြေ ထောက်တွေကို နှိပ်နယ်ပေးရတဲ့ .. ငါ့ခြေသည်းလက်သည်း တွေကို ညှပ်ပေးရ .. ဆေးဆိုးပေးရတဲ့ ကောင်မကို .. ငါ့ ထက်တန်ဖိုးထား လက်ထပ်ပြခဲ့တယ် .. အဲဒါလောက် .. အစော်ကားခံရတာမျိုး ငါ့ဘဝမှာ ဘယ်ရှိလိမ့်မလဲ .. ခု .. ငါ့ရှေ့မှာ .. ဒီလင်မယား ရောက်လာကြတော့မယ် .. အဲဒီအခါကျရင် .. ငါ .. ဘယ်လို .. လက်စားချေပြမယ် ဆိုတာ .. သူတို့ အိပ်မက်ထဲတောင် ထည့်မက်ဖူးကြမှာ မဟုတ်တဲ့ နည်းတွေနဲ့ ဖြစ်နေတော့မယ်ဆိုတာ .. ငါပဲ သိနေရတယ် .."

ဟု တွေးနေရင်းမှ မျက်ဝန်းများ လက်တောက်လာ သည်။ အပြုံးအရယ်ကင်းနေသည့် မျက်နှာတည့်တည့်တင်းကြီး သည် ခက်ထန်ခြင်းဘက်သို့ပင် ကူးလာနေပြီ ..။ အံခဲထားခြင်း မေးရိုးများ ထောင်ထလာစေသည့်အထိ ..။ မျက်ဝန်းများဆီမှ

www.burmeseclassic.com

www.burmeseclassic.com



တောက်ပစူးလက်နေခြင်းက မအေးမြ ..။ မီးစတစ်စ မျက်ဝန်းများဆီမှ လျှံကျလာတော့မည့်နှယ် ပြင်းပြင်းရှရှ နိုင်နေသည့် ခံစားမှုများသည်သာ ပြည့်ဝနေသည်။

အောက်ထပ်ဆီမှ ကြမ်းတိုက်သံ ..။ အုန်းခွံဖတ်ဖြင့် ကြမ်းကိုပွတ်တိုက်နေသံ ..။ ခုံတွေရွှေ့နေသံတွေ အပေါ်ထပ်ဆီသို့ လွင့်ပျံ့တက်လာနေသည်။

နှစ်များကြာမြင့်စွာ အပါးခိုနေခဲ့၊ အနေသာနေခဲ့လေသမျှ ကိုမြင့်တို့ လင်မယားလည်း ခါးချိနေလောက်ပြီ ..။ လက်ညှိုးထိုးခိုင်းတတ်သည့် ညိုရီသော်၏ စေခိုင်းမှု ဩဇာအောက်မှာ ခါးချိနေလောက်ကြပြီ ..။ လွှတ်ခနဲ တစ်ချက်တော့ ဒေါ်ခင်ခင်ကြီး ပြုံးမိပါ၏။

နောက်တော့ မျက်နှာထက်တွင် ဖျတ်ခနဲ ကျေနပ်အားရမှုတွေ ပေါ်လာသည်။

"အင်း ... ငါ့စေခိုင်းမှုအောက်မှာ .. ငါ့အစီအစဉ် အောက်မှာ .. အဲဒီ ပိုးဝါတို့ လင်မယားလဲ မကြာခင် ခေါင်းညွတ်တိုးဝင်လာကြတော့မှာပါ .. ငါက .. ငါက .. ညိုရီသော်လို လက်ညှိုးထိုး မခိုင်းဘူး .. သူတို့ကို အပြုံးတွေ .. မျက်ရည်တွေ .. ချိုသာမှုတွေ .. ဟန်ဆောင်မှုတွေနဲ့ ညှို့ယူမယ် .. ခိုင်းမယ် .. သူတို့ .. သူတို့ .. ဘယ်လိုမှ .. မငြင်းနိုင်ကြတော့အောင်ကို .. ညှို့ယူမယ် .. ဟင်း ဟင်း .."

အတွေးဖြင့် နှစ်နေရာမှ ခပ်သဲ့သဲ့ ရယ်မိပြန်၏။

ထူထဲသော မျက်တောင်များ တဖျပ်ဖျပ် ခတ်နေသည်ကိုက .. ကိုယ့်အကြံဖြင့်ကိုယ် ကျေနပ်ကြည်နူးနေသည့်



မျက်ဝန်းများ၏ အရှင်သခင်အဖြစ် ခံစားကြည်နူးနေသည့်အသွင်။

ဤနေ့တစ်နေ့တာသည် .. ဤပဒုမ္မာရိပ်ငြိမ်မှာပဲ ကုန်ဆုံးစေရလိမ့်မည် ..။

မနက်ဖြန်ကျလျှင် .. ဤအိမ် .. ဤဧည့်ခန်းမှာ .. ရန်အေးနှင့် ပိုးဝါတို့ကို .. မိသားတစ်စုနှင့်အတူ လာခဲ့ဖို့ ခေါ်ထားခဲ့ပြီးပြီမို့ .. ဤပဒုမ္မာ၏ ဧည့်ခန်းဆောင်သည် ခင်ခင်ကြီး၏ သားကောင်တို့ကို စောင့်မျှော်ငံ့လင့်နေပါချေလိမ့်မည် ..။

ဟုတ်သည် ..။ သားကောင် ..။

ရင်ထဲတွင် နာကျင်စူးအောင့်ခြင်းဆိုသည့် ဝေဒနာသည် အဘယ်မျှထိ ပြင်းထန်နက်ရှိုင်းလျက် .. ခံရဆိုးစေသည်ဆိုတာ .. ရန်အေးလည်း သိရမည်။ ပိုးဝါလည်း သိရမည့်တည့်။ အဝန်းနီပေးသော ဖုန်းနံပါတ်ဖြင့်ပဲ ဖုန်းဆက်ခဲ့ပြီးပြီမို့ ရန်အေးဆိုသည့်သူနှင့် စကားပြောဖြစ်ခဲ့ပြီ ..။ ပထမတော့ .. မကြာယံသို့လာခဲ့ဖို့ ဖိတ်ခေါ်တာမျိုး လုပ်မိခဲ့ပေမယ့် ..။ ရန်အေး ဖုန်းချသွားပြီး နာရီဝက်အကြာမှာ နောက်ထပ်တစ်ကြိမ် ဖုန်းဆက်၍ .. ပဒုမ္မာမှာပဲ .. ဆုံကြမည်ဟု ပြောခဲ့မိကာ ..။ ဆုံကြမည့်ရက်ကိုလည်း သတ်မှတ်ပေးခဲ့ပါ၏။ ရန်အေး ဆိုသူကတော့ အားလုံးသိမ်းသာအားရ လက်ခံခဲ့သည်ချည်း။ ခင်ခင်ကြီးဘက်က .. စတင်၍ ချိုသာယဉ်ကျေး .. ပျူပျူငှာငှာ ခေါ်လာခြင်းအတွက်ပင်လျှင် အံ့မခန်းမြောက်ဝမ်းသာကြီး ဖြစ်နေသည့်အသွင် ဆိုတာကိုဖြင့် အသံကြားရုံမျှဖြင့် ခင်ခင်ကြီး သိနေရပါပြီ ..။ မနက်ဖြန် .. ပြောသည့် .. မနက်ဖြန်ကျလျှင်ဖြင့် ထိုလင်မယားနှင့် သားရော .. သမီးပါ .. ဤပဒုမ္မာအိမ်ကြီးဆီသို့ ရောက်လာကြချေဦးတော့မည် ..။ ဤ

www.burmeseclassic.com

www.burmeseclassic.com



ကြားရက်ထဲမှာ .. မြကြာယံသို့မလာကြသေးဖို့လည်း မှာခဲ့ရ ..။ ခင်ခင်ကြီးလည်း နောက်မှ .. ရန်အေးတို့ထံ လာပါမည်ဟုလည်း ပြောခဲ့ရနှင့် အားလုံး နောက်တစ်ကျော့ ဖုန်းအဆက်မှာ ပြောခဲ့ပြီးပြီ ..။

လောလောဆယ်မှာတော့ အရာရာသည် ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်၏ ညွှတ်ကွင်းကြီးတစ်ခုထဲမှာ အလိုက်သင့် မျောဝင်တိုးဝင် ဖြစ်နေကြပြီးသည့် အခြေ ..။ ပဒုမ္မာအိမ်ကြီးကို .. အစစ .. ဟိုးယခင်ကနယ်ပင် ပြန်၍ဖြစ်စေဖို့ .. ဤနေ့မနက်ကတည်းက မြကြာယံမှ ညိုရီသော်နှင့် အတူထွက်လာခဲ့ခြင်းပါ ..။

အားလုံး .. ယခင်ကနယ်ပင် ဖြစ်နေစေရမည် ..။

တစ်ပတ်တစ်ခါလောက်ပဲ အိမ်ထဲဝင်၍ သန့်ရှင်းရေးလုပ်ရုံမျှ လုပ်ခဲ့ကြပါသည့် ကိုမြင့်တို့ လင်မယားကို .. ဤနေ့မှာ ထမင်းပင် ချက်မစားနိုင်းတော့ ..။ မြကြာယံမှ ချိုင့်နှင့် ထမင်းကအစ ထည့်လာခဲ့ကာ ..။ နေ့လယ်စာကို စားစေခဲ့သည် အထိ .. ဤအိမ်ကြီးတစ်လုံးကို အစစ အချိန်မလင့်စေပဲ .. သန့်ရှင်းရေး လည်း လုပ်နိုင်း။ အလှဆင်ခြင်းလည်း လုပ်နိုင်းနေခဲ့ခြင်းပါ ..။

အောက်ထပ်ဆီမှ ဖုန်စုပ်စက် မြည်သံကို ကြားလာရပြီ ..။ ကြည့်ရတာ .. ကြမ်းတွေ တိုက်ပြီးပြီမို့ ..။ ညော်ခန်းအ်လယ်လောက်မှာ လေးထောင့်ကျကျ ဖြန့်ခင်းထားခဲ့ပါသည့် ကော်ဇောကြီးကိုလည်း ဖုန်စုပ်စက်ဖြင့် ဖြန့်ခင်း၍ စုပ်နေလောက်ပြီ ..။



အသစ်မဟုတ်တော့ပေမယ့် .. အပြာရောင် ကနုတ်ဆင်ကော်ဇောကြီးကတော့ ဖုန်စုပ်စက် အားကိုးဖြင့် သန့်စင်လာလျက် တောက်ပသင့်သလောက်တော့ တောက်ပ .. အကွက်တွေ ပေါ်သင့်သလောက်တော့ ပေါ်လာပါချေလိမ့်မည် ..။

အောက်ထပ်ဆီသို့ ဒေါ်ခင်ခင်ကြီး ဆင်းလာခဲ့ပါ၏။

ဆင်းလာသည်ကိုက .. မဟေသီ ဆန်နေသည်။ လှေကားလက်ရန်းသည် တောက်ပနေသော လက်ရန်းတစ်ခုဖြစ်လာနေခဲ့ပြီ ..။ လှေကားထစ်တွေမှာထားသော ကော်ဇောနီသည် လည်း သန့်စင်နေပြီ ..။

လှေကားထစ်တွေကို ကိုယ်ဟန်မတ်မတ်ဖြင့် ခြေအရွေ့ ညင်သာလျက် ဆင်းလာနေခြင်းကိုက .. မဟာဆန်နေသည်။ စိန်ဆံထိုးသည် ဆံထုံးမြင့်မြင့်ထက်မှာ လင်းလဲ့နေ၏။

နဂါးခေါင်းလက်ကောက်သည် ပတ္တမြားပွင့်လေးကြောင့် တောက်ပသော နဂါးတစ်ကောင်၏ မျက်ဝန်းများနှယ် ရှုရှနေသည့်အဖြစ် ..။ လက်ကောက်၏ နဂါးမြီးဖျားက နဂါးခေါင်း၏ အထက်မှာ ကော့ညွှတ်ခွေဝိုက်တက်နေခြင်းဖြင့် လက်ကောက်၏အလှသည် မာန်တင်းနေခြင်းဖြင့် လှနေသည်။ စိန်ကြယ်သီးတပ် ပိုးရင်ဖုံးအကျီနှင့် ပိုးထဘီနီညိုသွေးက ယခုတိုင် လှပနေဆဲ ဒေါ်ခင်ခင်ကြီး၏ အလှတရားများကို မဟာဆန်ခြင်းဘက်ဆီသို့ နှယ်နေစေသည့် အဖြစ် ..။

ညော်ခန်းသည် လှပသော ငွေပန်းအိုးများ တင်ထားရာ ပန်းတင်ခုံများ ..။ ကတ္တီပါဖုံးစွပ်များ လဲလှယ်တပ်ဆင်ထားရာ ဆိုဖာဆက်တီများ ..။ ဗီရိုကြီးထဲမှာ ဖြုတ်သိမ်းဆည်းထားရာမှ

www.burmeseclassic.com

www.burmeseclassic.com



ဤမနက်မှာမှ ပြန်၍တပ်ဆင်ထားပါသော ပန်းချီကားများကြောင့် ပို၍ သပ်ရပ်နေပါသော နံရံများ ..။ နောက် .. ဖေဖေ့ ပန်းချီကား ..။ မေမေ့ ပန်းချီကား ..။ ငယ်စဉ်က .. လှပမှုများ မာန်မာနရိပ်များဖြင့် တောက်ပနေခဲ့ပါသော ခင်ခင်ကြီး၏ ပန်းချီကားများဖြင့် .. ခန့်ထည်နေပြီ ..။

ညိုရီသော်က မငယ်ကို အဖြူရောင်နှင်းဆီပွင့်တွေ ထိုးထားသည့် ပန်းအိုးအား ဆက်တီစားပွဲထက်မှာ တင်နေစေ၏။ ညိုရီသော်၏ လက်ထဲမှာ ကြက်တောင်မွေးတံမြက်စည်းလေးရှိနေသည်။ ဆိုဖာလက်ရမ်းထက်မှာ တင်နေသည့် ရွက်စိမ်းကြွေကို ကြက်တောင်မွေးဖြင့် ဖယ်ခါလိုက်တာကိုလည်း မြင်နေရပါ၏။ နှင်းဆီဖြူတွေ ရှိနေရာ ငွေပန်းအိုးထက်မှာ အလှထိုး ရွက်စိမ်းများကိုလည်း တွေ့နေရပါ၏။

ရင်ထဲတွင် .. ဟိုးယခင်က .. ပဒုမ္မာအိမ်ကြီး၏ လေကားထစ်တွေကို ဆင်းလာသည့် ခင်ခင်ကြီး အဖြစ် ခံစားရလျက် ..။ ညိုရီသော် နေရာမှာ .. မိပိုးဝါကို မြင်လိုက်ရပါချေသည့် အဖြစ် ..။ ဒါပေမဲ့ မိပိုးဝါမှာက .. ခုလို .. ထပ်ဆင့်နိုင်းစရာ မငယ်လို မိန်းမမျိုးမရှိ ..။ အားလုံး ကိုယ်တိုင်သိမ်းကျုံး လုပ်နေရခြင်း ..။

ညှော်ခန်းကျယ်ကြီးကတော့ .. ဟိုးယခင်ကနှယ်ပင် .. တဖြည်းဖြည်း နီးစပ်လာနေပြီ ..။ ခန်းဆီးတွေကို .. မငယ်နှင့်အတူ ညိုရီသော် တပ်နေချိန်မှာ ညှော်ခန်းကျယ်ကြီး၏ ဆိုဖာထက်မှာ ဒေါ်ခင်ခင်ကြီး ထိုင်နေပြီ ..။

ထိုအခိုက် .. တယ်လီဖုန်းသံ မြည်လာပါ၏။



နှစ်ပေါင်းများစွာ မမြည်ဘဲ ရှိခဲ့ပါသည့် တယ်လီဖုန်း ..။ ခု .. ပဒုမ္မာမှာ မြည်လာချေပြီတကား ..။ ကိုအုပ်စိုး နှင့် အိမ်ထောင်ကျသည့် နောက်မှာ .. ပဒုမ္မာကို ပိတ်ချန်ထားခဲ့သည့်နောက် ..။ ထိုကျန်ခဲ့သည့် အရာထဲမှာ .. ဤဖုန်းမြည်သံ ဆိုသည့် အဖြစ်သည်လည်း ဆိတ်သုဉ်းကျန်ခဲ့ရသည်သာ ..။ ခု .. မြည်လာတော့ ရင်ထဲ လှုပ်ခတ်လှုပ်ရှားချင်၏။ မျက်ဝန်းတွေ တစ်ချက်ရှုံ့ကျသွားရကာ ..

"ဘယ်သူဆက်တာလဲ .. ပန်းသင်လဲ .. ဆက်ရဲစရာမရှိဘူး .. မသင်းတို့ ကိုအုန်းတို့လဲ ဆက်ရဲတာမျိုး မဟုတ်ဘူး .. ငါ .. ဒီမှာရှိတာကိုလဲ .. ကိုရန်အေးနဲ့ မိပိုးဝါတို့လဲ သိစရာမရှိဘူး .. သူတို့များ .. ကောက်ကာငင်ကာ မကြာယံကိုများ ရောက်ချလာကြလေသလား .. ကျွတ် .. သူတို့ကို မလာသေးပါနဲ့ဦးလို့ ပြောထားတဲ့ဥစ္စာ .. ပဒုမ္မာမှာပဲ ဆုံကြစို့လို့ ပြောထားတဲ့ကိစ္စ .. ဘာလို့ .. ရှည်ကဲပြီး ဟိုကိုသွားကြပါလိမ့် .. ဟိုရောက်နေကြလို့များ မသင်းက ဖုန်းလှမ်းဆက်တာလား မသိ .."

ဟု စိတ်ထဲ ရှုပ်ထွေးငြိုငြင်လျက် တွေးနေမိရပေမယ့် ဖုန်းကိုတော့ ကိုယ်တိုင်ပဲ ကောက်ကိုင်လိုက်မိသည်။ ညိုရီသော်ထိုပင် ပေးမကိုင်ဖြစ်။ ကိုယ်တိုင်ပဲ ပြောချင်သည်လေ ..။

"ဟယ်လို .. ခင်ခင်ကြီးပါ .."

"သားပါ မေမေခင် .. မြတ်မင်းသာပါ .. သား .. ခုပဲ ရောက်တယ် မေမေခင် .. ရောက်ရောက်ချင်း မေမေခင့်ကို ရှာနေမိရတာ၊ မေမေခင်က .. ပဒုမ္မာကို ရောက်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ .. သား .. လှမ်းဆက်လိုက်ရတော့တာပါ မေမေခင် .. အဲဒီကို .. သား လိုက်လာခဲ့မယ်နော် .. ရောက်ရောက်ချင်း မေမေခင့်ကို တွေ့ချင်နေတဲ့ဥစ္စာ .."

ဟု ပြောသံကြားလိုက်ရတော့ ဖျတ်ခနဲ ရင်ထဲ ကြည်နူးသည်။ ဘာပဲဖြစ်ဖြစ်။ ငယ်ကတည်းက လက်ထဲကြီးလာသည့်သား ..။ ဤကလေးကိုတော့ ခင်ခင်ကြီး သံယောဇဉ်ကြီးရသည်။

"သား .. မပြောမဆိုကြီး ရောက်လာတာကိုးကွယ် .. မေမေခင် သိရင် .. ဒီကိုမလာပါဘူး သားရယ် .. မြို့ကြီးကို သားရောက်တဲ့အခါ ပထမဆုံး တွေ့ရမြင်ရမယ့်သူဟာ မေမေခင်ပဲ ဖြစ်ချင်တာ သားအသိပဲ .. ကြည့်စမ်း .. ခု .. မေမေခင်က .. နောက်ဆုံးတွေ့ရတဲ့သူ ဖြစ်သွားရပြီ .."

ပြောသံတွင် ဝန်တိုသံတွေ ပါသွားချေလိမ့်မည်ဆိုတာ အလိုလို ဒေါ်ခင်ခင်ကြီး သိနေသည်။ ချစ်ခြင်းဖြင့် ပြောသည့်စကားထဲမှာ .. ဝန်တိုခြင်း ဆိုတာတွေလည်း စီးမျောပါချင်ပါစေတော့ ..။ ထိုသို့ ပြောမိရသည့်အတွက်လည်း အနေမခက်ပါ ..။ မြတ်မင်းသာ ဆိုတာ ခင်ခင်ကြီးလက်ပေါ် ကြီးရသည့်သား မဟုတ်ပါလားလေ ..။ မိခင်တစ်ယောက်အနေဖြင့် သားတစ်ယောက်အပေါ်မှာ ထိုမျှလောက်အထိတော့ ဝန်တိုစကားပြောခွင့် ရှိရချေမည်ပေါ့ ..။

ဤသားသည် .. တစ်နေ့မှာ .. ဩော် .. မကြာလင့်တော့သော တစ်နေ့မှာ .. ခင်ခင်ကြီး ဆိုသည့် အမေတစ်ယောက်၏ ကြိုးကိုင်ရာအတိုင်း နာခံသည့်သားအဖြစ်တော့ ရောက်



ရချေလိမ့်ဦးမည်တည့် ..။ ဘာပဲဖြစ်ဖြစ်။ မြတ်မင်းသာသည် မေမေခင့် စကားကို အားလုံးနာခံ နားထောင်ပေးချေမည့် သားတစ်ယောက်အဖြစ်တော့ ရှိကိုရှိရချေမည်သာ ..။ ဒါကိုတော့ .. ဒေါ်ခင်ခင်ကြီး ယုံကြည်ထားမိသည်ပါပဲ ...။

"သားလာခဲ့မယ် မေမေခင် .."

ဟု ပြောခိုက် တိုင်ကပ်နာရီကြီးကို ဒေါ်ခင်ခင်ကြီး ကြည့်လိုက်မိသည်။

ညနေပိုင်းပင် ဝင်လာနေပြီ ..။ လေးနာရီကကျော်ကို ကြည့်မိရင်းမှ ..

"မေမေခင်ပဲ လာခဲ့မယ်သား .. အဲဒီမှာပဲ နားနေပါကွယ် .. ခရီးပန်းလာတဲ့ ဥစ္စာ .. သားကိုလဲ မေမေခင် ပြောစရာတွေ အများကြီး ရှိနေတယ် .. ခုလို .. သား .. ဖြုန်းစားကြီး ရောက်လာတာကိုလဲ မေမေခင် ဝမ်းသာမိရပြန်ရော .. တကယ်က .. မေမေခင်တောင်မှ လှမ်းမှာမလို့ .. သားကို မေမေခင် တွေ့ချင်တယ် .. လှမ်းလဲ လှမ်းတယ်ပေါ့ .. ပြီးတော့ .. ပြောစရာလဲ ရှိနေပြီလေ .."

ဟု ပြော်စဉ်ခိုက် ..

"သားလဲ .. မေမေခင့်ကို ပြောစရာရှိနေတယ် မေမေခင် .."

ဟု ပြောလာတော့ ထင့်ခနဲ တစ်ချက်ဖြစ်သည်။

ဘုရားရေ ..။ ပြောစရာရှိနေသည်တဲ့ ..။ ဘာများ ဖြစ်ချေမည်တဲ့လဲ ..။

အိမ်ထောင်ရေးစကားကိုများ ပြောလာချေတော့မည် သား မသိ ..။ ဟင့်အင်း ..။ မရ ..။ မဖြစ်စေရ ..။ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စသည် .. ခင်ခင်ကြီး၏ အစီအမံဖြင့်သာ ရှိစေရမည့်ကိစ္စ ..။ နောက်တစ်ကြိမ်သည်လည်း .. အတိမ်းအစောင်းဖြင့်သာလျှင် .. ခင်ခင်ကြီး၏ မျှော်လင့်ချက်သည် ပျောက်ဆုံး .. ဆုံးရှုံးသွားတာမျိုး မဖြစ်စေရ ..။ အဖြစ်လည်း မခံနိုင် ..။

"ဘာများလဲ သား .. အိမ်ထောင်ပြုတော့မယ်လို့များ .. မေမေခင့်ကို ပြောတော့မလို့လားကွယ် .. ဟင် .."

ဟု မေးသံတွင် စိုးရိမ်ငွေ့များ သိသာစွာပဲ ပါလာနေပါသည့်အဖြစ် ..။

အိမ်ထောင်ပြုတော့မည့် စကားကို ပြောချင်လွန်း၍များ .. အချိန်ပင်မဆိုင်းနိုင်ပဲ စိတ်လှုပ်ရှားစွာဖြင့် မြတ်မင်းသာ ဖုန်းနှင့်လှမ်းပြောလာခြင်းမျိုး မဖြစ်ပါစေနှင့် ..။ သြော် .. မဖြစ်ပါစေနှင့် ..။ ဆုတောင်းမိခြင်းသည် တုန်လှုပ်နေသောရင်ဖြင့် ဖြစ်တည်ချေ၏။

ရယ်သံတိုးမျှင်မျှင်ကို ကြားရပြီးသည့်နောက် ..

"မေမေခင် .. သားကို .. အဲသလိုမေးလာမယ်လို့တောင် .. မထင်ထားမိဘူး .. တကယ်က .. .."

ဟု ပြောတော့မယောင် ဖြစ်နေရာမှ .. ရယ်သံထပ် ကြားရပြန်သည်။

"တကယ်က .. လုံးဝမဟုတ်နေပါဘူး မေမေခင် .."

ဟု ရယ်ချရင်း ပြောလာတော့မှ ဒေါ်ခင်ခင်ကြီး လိုက်၍ ပေါ့ပါးစွာ ရယ်လိုက်ရင်းမှ ..

"မေမေခင်ဖြင့် .. လန့်သွားတာပါပဲကွယ် .. သားကို .. မေမေခင်ကလဲ .. ပြောစရာရှိနေတာ သားရဲ့ .. မေမေခင်



ပြန်လာမှ .. ပြောပြမယ် .. သား .. အခု .. နားလိုက်နော် .. သားကို မေမေခင် ပြောမယ် .. သားကို .. မေမေခင် သိပ်ချစ်တယ်သား .."

ဟု ပြောပြီးတာနှင့် ပြုံး၍ ဖုန်းကိုချလိုက်ကာ ..

"ညိုရီသော်ရေ .. သား .. မြတ်မင်းသာ .. ပြန်ရောက်လာပါပကောကွယ် .."

ဟု ပြောစဉ်နိုက် စောစောကတည်းက .. ဖုန်းပြောနေတာကို နားစိုက်နေပါသော ညိုရီသော်၏ မျက်ဝန်းလေးတွေ ရွှန်းလဲ့တောက်လာကြတာကို ဒေါ်ခင်ခင်ကြီး မြင်လိုက်ရပါ၏။

ညိုရီသော်၏ မျက်ဝန်းတွေထဲမှာ ထင်သည့်အရိပ်ကို .. ကျနသေချာစွာ ဖမ်းဆုပ်နားလည်ထားခဲ့သည်က .. နှစ်များကြာခဲ့ချေပြီပဲလေ ..။ ညိုရီသော်၏ ရင်ထဲမှာ .. ဘာတွေ သိုသိပ်စွာ ရှိနေတာကိုလည်း သိနေသည်ပါပဲ ..။

ဤတစ်ကြိမ်မှာတော့ .. တောက်ပသည့် အပြုံးတစ်ပွင့်ကို လှပစွာပဲခြွေချလိုက်သည်က ဒေါ်ခင်ခင်ကြီးပါ ..။ နာကြည်းခြင်းများဖြင့် တောက်ပနေသည့် အပြုံးသည် ခပ်မှုံမှုံနိုင်သော အပြုံးပဲ ဖြစ်နေပါချေသည်တကား .. ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

မြကြာယံ၏ ညှော်ခန်းဆောင် ဆိုဖာကြီးထက်မှာ ကိုယ်ဟန်မတ်မတ်ဖြင့် ထိုင်နေလျက်ဖြင့် ဒေါ်ခင်ခင်ကြီး၏ မျက်နှာက အရမ်းကို တည်ငြိမ်နေသည်။ မျက်ဝန်းများက ဖြန့် ဖတ်နေသော စာလုံးများထက်မှာ အလိုက်သင့် ရွေ့လျားနေသည်။ လူက တည်ငြိမ်နေပေမယ့် ရင်ထဲမှ မာကျောခက်ထန်နေရပါပြီ_ ကြည့်စမ်း .. အုပ်စိုး ဆိုတဲ့လူဟာ သူ့သမီးကို .. ငါ့အရိပ်က_ ဘယ်အချိန်မှာ ခေါ်ထုတ်သွားရမယ် ဆိုတာကို မသေခင်ကတည်း က စီမံခဲ့တာပါလား .. ဆိုသည့် အတွေးက နာကြည်းခံပြင်းခြင်း ကို ဖြစ်တည်နေစေပြီ။

"သူဟာ .. ငါ့ကို မြတ်နိုးတဲ့စိတ် ကင်းပြတ်လို့ .. နောက် ထပ်မိန်းမတစ်ယောက်ကို လက်ထပ်သွားခဲ့တယ် .. နောက် တော့ .. သူ့သမီးကို သူသေတဲ့နောက်မှာ ဒီမြကြာယံမှာ ရှိနေတဲ့ ငါ့မျက်စိရှေ့မှာ .. ထားခဲ့တယ် .. ငါမုန်းတဲ့



မိန်းမတစ်ယောက်နဲ့ ငါနာကြည်းတဲ့ လူတစ်ယောက်ရဲ့ သမီးဟာ ငါ့မျက်စိရှေ့မှာ ကြီးပြင်းလာခဲ့တယ် .. ငါက တော့ .. ငါမမြင်ချင်တဲ့ မျိုးဆက်သွေးတစ်ယောက်ကို .. မြင်ရင်းနဲ့ လက်စားချေနိုင်သမျှ ချေနေခဲ့ရပေမယ့် .. ရင် ထဲမှာ မရောင့်ရဲ .. မကျေနပ်နိုင်သေးတဲ့သူအဖြစ် နာကြည်း စိတ်တွေနဲ့ မုန်တိုင်းထန်နေတဲ့ရင်ကို ရှင်သန်ပိုက်မွေးထား ရင်း ကာလတစ်ခုကို ဖြတ်သန်းနေရတဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့ပြီ .. ခု .. ခု .. သူက .. သူ့သမီးကို .. အထည် ချုပ်စက်ရုံကြီး ရှိတဲ့နေရာတစ်ခုကို .. ကမ္ဘာသစ်တစ်နေရာ ကို .. သမီးကို ပို့တော့မယ် .. သူ့မွေးစားသားက ပညာ လည်းတတ်ပြီ .. လုပ်ငန်းလဲ နိုင်နင်းပြီ .. အသက်အရွယ် လဲ တည်ငြိမ်ရင့်ကျက်ပြီ ဆိုတော့ .. သူ့သမီးကို အစ်ကို တစ်ယောက်အနေနဲ့ ထိန်းသိမ်းရင်း .. စိတ်သောကကင်း အောင် ထားနိုင်တော့မယ် ဆိုတာကို .. သတ်မှတ်ခဲ့ပြီးပြီ ကိုး .. ဘယ်အချိန်ကျမှ .. မြကြာယံထဲက သူ့သမီးကို ထွက်ခွာခိုင်းမယ် ဆိုတာကို .. သူက သတ်မှတ်ချန်ထား စီရင်ခဲ့ပြီးမှ .. သေသွားခဲ့တာ .."

ရင်ထဲမှာ မောက်လျှံနေသည် မာနနှင့် အမုန်း အရှား၊ အတေးအမှတ်များသည် ပူလောင်နေ၏။ နှလုံးအိမ်ကို ...င်စက်နှင့် တို့နေသည်သို့ ခံစားရ၏။ ခံပြင်းစိတ်ဖြင့် မာကျော ...သည့် နှလုံးအိမ်သည် ကြီးမားသော တူကြီးနှင့် ထုနက်နေသည် ...ယ်ကို ခံစားနေရသည့်နှယ် ဖြစ်နေလျက် ကျောက်သားကျောက်စ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ မွှခနဲ မွှခနဲ လွင့်စင်ပဲ့ကျခဲ့နေရသည်သို့လည်း ခံ
နေရပါသည့်အဖြစ်။ ဟုတ်သည်။ မည်မျှပင် မာကျောနေသည်
ဦး ..။ ကျောက်သားပင် ဖြစ်စေဦးတော့ .. တူနှင့်ထုနှက်နေ
သော် .. ပဲ့ကြွေရသည်တော့ ရှိရချေသည်ပဲလေ ..။ နူးညံ့
နှလုံးအိမ်အဖြစ် ရှိရချေမည့် အစား .. နာကြည်းခံပြင်းမှုများ
မာနတရားများ၊ တေးမှတ်ခြင်းများဖြင့် လက်စားချေလိုစေ
ပြင့် ဖိဆီးထားပါသော နှလုံးအိမ်သည် ကျောက်သားနယ်ရှိ
ဦးတော့ ..။ အရှုံးပေးလိုက်ရစေနိုင်စွမ်းခြင်းတည်းဟူသော တူ
ထုနှက်လာပြန်ပါချေလျှင်လည်း .. ကျောက်သားစတို့ မွှခနဲလွ
ကြွေ .. အရှုံးပေးနေလိုက်ရသည့်နှယ် ရှိရပြန်ချေသည်တကား
ဟုတ်သည် ..။ အရှုံးပေးလိုက်ရပြန်ခြင်း ..။

အုပ်စိုးဆိုသည့်သူ တစ်ယောက်သည် .. သူ၏သ
ကို .. ခု .. ရန်ကုန်ရှိ အထည်စက်ရုံကြီးဆီသို့ ပို့ဆောင်
မည်။ ဒါကို .. ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်က ..
တတ်နိုင်ပါတော့မည်တဲ့လဲ ..။ ဘယ်လိုတားဆီးနိုင်ပါတော့မ
တဲ့လဲ ..။ အစကတည်းက .. အကြင်နာကို မပေးပဲ ထားခဲ့ပါသ
မပန်းသင်ကို .. ခုမှ .. မြကြာယံမှ အခွာမခံနိုင်ပါဟု ကိုယ်က
တား၍ကော ရနိုင်ပါ့မည်တဲ့လား။ နောက်ဆုံးတော့လည်း .. သ
ယာအေးချမ်းသော ဘဝတစ်ခုမှာ မပန်းသင် ရောက်ရချေလျှ
ကိုယ်က .. မြကြာယံမှာ နာကြည်းတေးမှတ် ခံပြင်းခြင်းများဖြ
သာ တစ်ကိုယ်တည်း ကျန်ရစ်သူ ဖြစ်ရချေတော့မည်။ ဤသည်
ကား .. အရှုံး ..။ ဟုတ်သည် ..။ အရှုံး ...။



ရင်ထဲမှာ လုံးထွေးနေသည့် ခံစားမှုများသည် ကြိုးပေါင်းများစွာ နှလုံးအိမ်ကို ရှုပ်ထွေးစွာ .. ရစ်ပတ်ဆုပ်ညှစ်ဆွဲညှစ်နေကြသည်သို့ရှိ၏။

အံကိုကျစ်ခနဲ ဒေါ်ခင်ခင်ကြီး ကြိတ်သည် ..။ မရ ..။ ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်သည် အလွယ်တကူ အရှုံးပေးကျန်ရစ်သူတော့ အဖြစ်မခံ ..။ ဤမျှ ညှို့ဖျင်းသော မိန်းမတစ်ယောက်အဖြစ်တော့ မြကြာယံမှာ မကျန်ရစ်စေရ။ ကမ္ဘည်းမတွင်ရစ်စေရ ...။

"ဩော် .. ဒါဆို .. သားက .. မိပန်းသင်ကို .. ခေါ်သွားတော့မယ် ဆိုပါတော့ .. ပန်းသင်ကရော .. လိုက်မယ်တဲ့လား .."

အေးအေးချမ်းချမ်းပင် စာကိုပြန်ခေါက် ..။ အလိုက်တသင့်ပင် ပြန်၍ပေးရင်း မြတ်မင်းသာကို မေးတော့ စာကို တရိတသေ ပြန်ယူရင်းမှ ..

"သူက ကလေးပဲ မေမေခင် .. သားတို့ကလိုက်ခဲ့ဆို .. သူ လိုက်ရမှာပါ .. ဘဘက စီမံခဲ့တာဆိုတော့ .. သူလဲ နာခံရမှာပါ .. သားကလဲ .. နာခံရမှာပါ .. ဟိုမှာ .. ပန်းသင်လေးနေဖို့ အဆောက်အအုံလေးတောင်မှ .. စီစဉ်ထားပြီးပါပြီ မေမေခင် .. ဟိုမှာပဲ သူ .. ကျောင်းလေး ဘာလေးလဲ ဆက်နေဖြစ်မှာပါ မေမေခင် .. ဘဘက .. ပန်းသင်လေးကို ထူးချွန်တဲ့ ဘွဲ့ရပညာတတ်သမီးလေး အဖြစ် ရည်မှန်းထားတာပါ .."

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းသာ၏ အဖြေကို ဒေါ်ခင်ခင်ကြီး ခေါင်းညိတ်နားထောင်သည်။ မျက်နှာထက်မှာ ကန့်ကွက်ရိပ် မထင်စေရ..။ လုံးဝမထင်စေရ ..။ ကြည်ဖြူစွာ ရှိနေသည့် ရုပ်သွင်ဟန်ပန်ပဲ ဖြစ်နေရမည်။ ဒါက .. ဒေါ်ခင်ခင်ကြီး၏ အဆုံးအဖြတ်။

"ကောင်းပြီလေ .. သားကို သားအဖေ ရေးထားခဲ့တဲ့စာ.. ခု .. မေမေခင် ဖတ်ရပြီပဲ .. မေမေခင် .. သားခေါ်သွားမယ့်ကိစ္စ .. ဘာကန့်ကွက်စရာ လိုမလဲကွယ် .. ခေါ်ပါ .. ခေါ်ပါ .. ဟိုမှာ သူ့ကို ကျောင်းဆက်ထားမယ် ဆိုလဲ ထားပေါ့ သား .. ဒါကတော့ .. သားရဲ့အအုပ်အထိန်း အောက်မှာရှိဖို့ .. သူ့အဖေအရင်း ကိုယ်တိုင်က .. စီမံ ခဲ့တာပဲလေ .. ဒီမှာ ရှိစဉ်တုန်းကတော့ .. ကောင်လေးတစ် ယောက်နဲ့ တွဲတာမြင်ရလို့ .. မေမေခင် ကျောင်းထုတ်လိုက် ရတာပါ .. ကိုယ်က မိထွေးမို့ အအုပ်အထိန်းညံ့တယ် .. ဂရုမစိုက်ဘူးဆိုတာ အဖြစ်မခံနိုင်ဘူးလေ .."

အသံက အေးချမ်းနေသည်။ မျက်တောင်ကို တဖျပ်ဖျပ်ခတ်သည်။ မပန်းသင်ကို 'မုန်း၍ ကျောင်းစာမတတ်အောင် ကျောင်းထုတ်သည် ဆိုတာမျိုး မဖြစ်စေရ..။ ဒါကို .. တည်တည် ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပြောနေခြင်းဖြင့် အရာရာကို ထိန်း ထားနိုင်လိုက်ရမည်။ မြတ်မင်းသာ ယုံမယုံ ..။ ဒါက အရေး ကြီး။ မယုံလည်း ခေါ်သွားမည်။ ယုံလည်း ခေါ်သွားမည်။ မပန်း သင် ဆိုတာ .. ဤမြကြာယံမှ မကြာမလင့်မီသောရက်မှာ .. ပျောက်ကွယ်သွားတော့မည်။ မာကျောခက်ထန်သော အကြည့်ဖြင့်ကြည့်ကာ၊ ညိုရီသော်ကိုလည်း ကိုယ်စားလှယ်လွှဲ၍ ရိုက်နှိပ် ခေါင်းခေါက်နှိပ်စက်ခဲ့တာမျိုးတွေကို .. ဒေါ်ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်သည် မပန်းသင် အပေါ် လုပ်နိုင်ခွင့်မရှိတော့ ပြီ ..။ ကလဲ့စားဆိုတာက .. ဤလောကနှင့်ပဲ ရပ်သွားရတော့ မည်တဲ့လား ..။ နှုတ်ခမ်းကို လှလှပပလေး ကွေး၍ ဒေါ်ခင်ခင် ကြီး ပြုံးသည်။ ခင်ခင်ကြီး ပဲလေ ..။ ညှဲ့နေမှတော့ .. ယခုလို .. မာနကြီးတင်းလျက် နေနိုင်စွမ်းချေဦးနိုင်အံ့မထင် ..။



"ခေါ်သွားလေ .. မေမေခင် .. အားတဲ့အခါလဲ .. ရန်ကုန် ကို .. ဆင်းလာပြီး .. မပန်းသင်ကို .. ကြည့်ရှုရတာပေါ့ .. အမြဲတော့ .. ဘယ်လိုက်နေနိုင်ပါ့မလဲလေ .. ဒီမှာက မြကြာယံရော .. လယ်တွေရော .. ဆန်စက်ရောရှိတာ .. ပစ်ထားလို့မှ မရတာ .."

ဟု ပြောနေသည်က ပုံမှန်အသွင် ..။ ဒါပေမဲ့ .. တစ်ချက်ဖျတ်ခနဲ မျက်ဝန်းများ လက်တောက်လာလျက်မှ ကိုယ် သိမှတ်၍ ..

"ဒါပေမဲ့ .. တစ်ခုတော့ ရှိတယ် သား .. မေမေခင် ပြော တဲ့စကားကို သား နားထောင်ရလိမ့်မယ် .. မပန်းသင်နဲ့ သားဟာ မောင်နှမအရင်းအချာ မဟုတ်ဘူး .. နေဦး .. မေမေခင် ပြောတာကို ဆုံးအောင် သား နားထောင်ဦး .. အဲ့သလို အရင်းအချာ မဟုတ်ပေမဲ့ သားကလဲ .. ညီမ လေး အရင်းလိုပဲ ချစ်တယ် .. မိပန်းသင်ကလဲ အစ်ကို ရင်းလိုပဲ ချစ်တယ်ဆိုတာ မေမေခင် သိပါတယ် ..

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. အားလုံးအမြင်မှာ .. အပြောကင်းအောင်နေရဖို့လိုတယ်လေ သား .. ဒီတော့ သား .. အိမ်ထောင်ပြုရမယ် .. သားရဲ့ဇနီးသည်နဲ့အတူ .. မိပန်းသင်ကို .. တူတူခေါ်သွားတော့ .. ဟိုမှာ .. မိပန်းသင် အတွက်လဲ အစ်မတစ်ယောက်ရ .. အအုပ်အထိန်းလဲရ .. သားနဲ့မိပန်းသင်တို့အတွက်လဲ ဝန်းကျင်မှာ အပြောကင်းရ .. အဲသလိုရှိမယ် မဟုတ်လား .. ဒါ .. မေမေခင် .. စေတနာမှန်နဲ့ပြောတယ်ဆိုတာ သား ယုံကြည်ဖို့ .. နားလည်ပေးဖို့တော့လိုတယ် သား .. မေမေခင်ဟာ .. သားကို .. ဘယ်ထိချစ်တယ်ဆိုတာ သားသိပါတယ်ကွယ် .. မေမေခင့်သားကို .. သင့်တော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ .. နေရာချပေးခွင့်ဆိုတာလေးလောက်တော့ .. မေမေခင့်မှာ ရှိသင့်တယ် .. မဟုတ်လား သား"

ဟု ပြောနေရင်း .. တကယ်ပဲ ဒေါ်ခင်ခင်ကြီး၏ မျက်ဝန်းမှာ မျက်ရည်တစ်ချက်လည်၏။ ဤသည်ကတော့ .. တကယ်မျက်ရည်စစ်ပါ ..။ သားအဖြစ် ချစ်ရပါသည့် မြတ်မင်းသာကို .. ဤမျှအထိ .. ခဲယဉ်ကြီး ပြောရသည်ကတော့ .. အမေရင်းမဟုတ်၍ မဟုတ်ပါလား ..။ ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်မှာ မေတ္တာနှင့် ပတ်သက်လာလျှင် ခင်မွန်း၏ ချစ်ခြင်းကိုလည်းမရ။ သားသမီးဟူ၍ ပုံချစ်ရဖို့အတွက်ကျတော့လည်း သားသမီးရတနာ မထွန်းကားသည့် မိန်းမတစ်ယောက်အဖြစ် ဘဝပေးက ဖြစ်တည်လာခဲ့ရပြန်သည်။ ဒါပေမဲ့ .. ထိုခံစားချက်မျက်ရည်



ည် အစစ်အမှန် ဖြစ်နေပေမယ့် မရိုးသားတာကိုတော့ မငြင်း ဟုတ်သည်။ မရိုးသား ..။ ကိုယ်ကလုပ်စားချေလိုခြင်းဆိုသည့် ထဲမှာ .. မြတ်မင်းသာကို အသုံးချရန် ရည်ရွယ်ထားခြင်း ကြောင့်ပင်လျှင် မရိုးသား ..။

မြတ်မင်းသာကို ကြည့်တော့ ခပ်ငေးငေး ကြည့်နေ ည့် အကြည့်နှင့်ဆုံသည်။

မျက်နှာက နူးညံ့နေ၏။ မျက်နှာလည်း မလန်း။

"သား .. သားအတွက် .. မေမေခင်ဟာ အမေရင်းပါ မေမေခင် .."

ဒေါ်ခင်ခင်ကြီး၏ လက်ဖဝါးကို ထွေးဆုပ်၍ ပြော တော့ မျက်လွှာတစ်ချက် ချလိုက်ကာ ခပ်လှမ်းလှမ်းမှာ ရပ် သည့် ညိုရီသော်ဆီသို့ တစ်ချက်လွှတ်ခနဲ ဒေါ်ခင်ခင်ကြီး ကြည့်သည်။ ကြက်တောင်မွှေးတစ်ချောင်းဖြင့် ဖုန်သုတ်သယောင် း လုပ်ကာ စကားသံတိုင်းကို နားစွင့်နေမှန်း ဒေါ်ခင်ခင်ကြီး သည်ပေါ့ ..။ ဖျတ်ခနဲ လှမ်းကြည့်လာသည့် အကြည့်ထဲမှာ ပ်လင့်ချက်များဖြင့် တောက်ပနေသည့် အရိပ်များကို ညိုရီသော် မှ ဒေါ်ခင်ခင်ကြီး တွေ့ရသည်။ မပန်းသင်ကို ရန်ကုန်ထိလိုက် ဒုက္ခပေးနိုင်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းအဖြစ် ရီသော်နှင့် မြတ်မင်းသာကို လက်ဆက်ပေးဖို့ ဒေါ်ခင်ခင်ကြီး နေပြီ .. ဟုများ ညိုရီသော် ကိုယ်တိုင်က မျှော်လင့်တောင့်တ ချေမည်လား မသိ။ အရှည်လဲ့နေသော မျက်ဝန်းများကိုကြည့် င်ခဲ့ရသည့် ကာလဆိုတာက .. နည်းသည်မှ မဟုတ်ချေပါလေ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းသာနှင့် ပတ်သက်လျှင် အရမ်းကို ဂရုစိုက်။ အဝတ်အစား ကအစ လျှော်ပေး၊ မီးပူတိုက်ပေး။ စားမြိန်အောင် ချက်ပြုတ်ကျွေး အရမ်းကို ဂရုစိုက်ပါသည့် ညိုရီသော်၏ ရင်ထဲမှာ ချစ်ခြင်းဆိုသည့် အရာများ အဘယ်မျှထိ ပြည့်ဝစွာ ရှိနေတာကို ဒေါ်ခင်ခင်ကြီး သိသည်ပေါ့။

"မေမေခင် ရွေးချယ်ထားတဲ့ မိန်းကလေး ရှိနေကယ် သား .. သူဟာ .. လှလဲလှတယ် .. ပညာတတ်လေးလဲ ဖြစ်တယ် .. မိဘမျိုးရိုးလဲ ကောင်းတယ် .. သူ့ကို .. သား မြင်ရမှာပါ .. မနက်ဖြန် .. သူတို့ .. ပဒုမ္မာကိုလာကြလိမ့် မယ်သား ..."

မြတ်မင်းသာ၏ လက်ကို ကိုင်ထားလိုက်လျက်ဖြင့် မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပြုံးပြောစဉ်ခိုက် မိခင်တစ်ယောက်၏ မေတ္တာငွေ့များဖြင့် ပြည့်ဝနေသည့်အသွင် ဖြစ်နေစေဖို့ ပိစိ ယိယိကြီး ဒေါ်ခင်ခင်ကြီး လုပ်ထားလိုက်နိုင်သည်၊

"သား .. မငြင်းပါနဲ့ကွယ် .. မေမေခင် တောင်းပန်ပါတယ် .. အဲဒီမိန်းကလေးကြောင့် .. သား .. စိတ်ချမ်းသာရမှာပါ .. သားဟာ .. ပညာလဲစုံပြီ .. လုပ်ငန်းကိုင်ငန်းလဲ ဦးစီးလုပ်ကိုင်နေပြီ .. လိမ္မာရေးချားရှိ .. ရုပ်ရည်ချောမောပြီး အဆင့်အတန်းရှိတဲ့ .. ကလေးတစ်ယောက်နဲ့ပဲ .. မေမေခင် .. နေရာချပေးချင်ပါတယ် .. သား .. မနက်ဖြန် .. အကဲခတ်ပါကွယ် .. မေမေခင်ရဲ့ ရင်ထဲကဆန္ဒ ဒီတစ်ခုကိုတော့ .. သား လက်ခံပါ .. လက်ခံပါသား



ရယ်၊ တကယ့်ကို .. အထီးကျန်နေတဲ့ မိန်းမကြီးတစ်ယောက်ရဲ့ ဆန္ဒကို .. လက်ခံပေးပါကွယ် .."

ပြောနေရင်းဖြင့် မျက်ရည်ကျလာစဉ်ခိုက် မြတ်မင်းသာ မျက်နှာမကောင်းနိုင်တော့ ..။ ရင်ထဲမှာ မကောင်းနိုင်။

"သား .. သားကို အချိန်တော့ပေးပါ မေမေခင် .. စကားကိုတော့ မလွန်စေချင်ပါဘူး .. သား .. နှစ်သက်မှ လက်ခံပါရစေ .. မေမေခင့် ဆန္ဒပေမို့ .. သား .. နာခံနိုင်ဖို့ ကြိုးစားပါ့မယ် .. သားမှာ ချစ်သူရယ်လို့လဲ ရှိတာမဟုတ်ပါဘူး မေမေခင် .. သူ့ကိုလဲ သား အကဲခတ်ပါရစေ .. သူ ကြည်ဖြူမှုလဲ ကောင်းပါမယ် မေမေခင် .. တစ်ဖက်က မိန်းကလေး မကြည်ဖြူပဲ .. လက်ထပ်တာမျိုးလဲ မဖြစ်စေချင်လို့ပါ .."

ဟု သူ ပြောရစဉ်ခိုက် မေမေခင့်ကို အားနာနေသည်။ တောင်းပန်ကြည့်ဖြင့် ကြည့်မိရပါ၏။ မေမေခင်ကတော့ မျက်ရည်များကြားမှ ပြုံးပြလာသည်။ တောက်ပသော မျက်ဝန်းသည် မျက်ရည်ကြောင့် ပိုတောက်ပနေပါ၏။ တစ်ခါတစ်ခါ ထိုမျက်ဝန်းနက်နက် တောက်တောက်တွေသည် ငိုနေရင်းမှ မာကျောခက်ထန်လာတတ်ကြောင်းများကို မြတ်မင်းသာဆိုသည့် ချာတိတ်လေး ဘဝကတည်းက .. ကြိမ်ဖန်များစွာ ကြုံခဲ့မြင်ခဲ့ရဖူးသည်မို့ .. ထိုမျက်ဝန်းတောက်တောက်တွေထဲမှာ မာကျောရိပ်များ ဖြစ်တည်မလာပါစေနှင့်ဟု သူ ကျိတ်၍ ဆုတောင်းမိရပြန်ပါ၏။ ဟုတ်သည် ..။ မာကျောရိပ်နှင့် မျက်ဝန်းများ။ မျက်ရည်များနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



မာကျောသော မျက်ဝန်းများသည် ဘဘနှင့် ပတ်သက်လာလျှင် မကြာမကြာ .. မေမေခင့် မျက်ဝန်းများထက်မှာ နေရာယူလာတတ်ကြလျက် .. ထိုစဉ်အခါကလည်း .. မေမေခင်သည် .. သူ့ရင်ခွင်လေးထဲမှာ .. ခေါင်းတိုးဝင် ရှိုက်ငိုခဲ့ဖူးတတ်သည် မဟုတ်ပါလား ..။ ထိုမျက်ဝန်းများကို .. သူ သနားသည်။ ဒါကြောင့် လိုက်ငိုခဲ့ဖူးသည်။ ကလေးဘဝက လိုက်ငိုခဲ့ဖူးသော ထိုခံစားမှုများသည် သူ အရွယ်ရောက်လာချိန်မှာ သနားခြင်း တစ်ခုတည်းသာ မဟုတ်တော့ပဲ .. တုန်လှုပ်ထိတ်လန့်သော အရာများအဖြစ် ဆိုမျက်ဝန်းများနှင့် ပတ်သက်၍ သူ .. ခံစားရမှုများ တိုးလာခဲ့ရပါချေ၏။ ဟုတ်သည်။ သနားခြင်းနှင့်အတူ .. စိုးရိမ်ထိတ်လန့်ခြင်း ..။ ထိုမာကျောသော အကြည့်စူးရှရှကြီးများသည် .. လူတစ်ယောက်ကို ကောင်းစွာဒုက္ခပေး နှိပ်စက်နိုင်သည့် အစီအမံများကို ပြုနိုင်သူတစ်ယောက်၏ မျက်ဝန်းများအဖြစ်လည်း .. သူ .. တွေးမိခဲ့ရဖူးသည် မဟုတ်ပါလား ..။

ဒါပေမဲ့ .. မေမေခင့်ကို .. သူ ချစ်ပါသည်။ မေမေခင်၏ အယုအယ ..။ ဂရုစိုက်မှုများ၊ ချစ်ခြင်းများဖြင့် .. သားတစ်ယောက်အဖြစ် .. သူ .. ရပ်တည်ခဲ့ရသည်။

ခုလည်း .. ရပ် တည်နေရဆဲ ..။ မေမေခင်သည် .. သူ့အပေါ် .. သားတစ်ယောက် အဖြစ် .. ရင်ကိုနှစ်၍ ချစ်သည်ဆိုတာ သူ ယုံကြည်သည်။

"အကဲခတ်ပါ သားရယ် .. အဲဒီသူငယ်မလေး .. ဘယ်လောက်အေးချမ်းပြီး ချစ်စရာကောင်းတယ်ဆိုတာ .. သား



မြင်ရမှာပါ .. မနက်ဖြန် .. သူတို့နဲ့ .. သား .. ပဒုမ္မာမှာဆုံရမှာပါကွယ် .. ကဲ .. ကဲ .. သားနားချေတော့ .."

ဟု ပြောစဉ်ခိုက် .. ပန်းအိုးကျကွဲသံ ပေါ်လာ၏။ ဒေါ်ခင်ခင်ကြီး လှမ်းကြည့်သည်က အေးစက်ခါးသီးနေသော အကြည့်များ ..။ ကြက်တောင်မွေးကို တုန်ယင်နေသောလက်ဖြင့် အတင်းကြီး ထိန်းဆုပ်ကိုင်ထားရင်း မျက်နှာပျက်ကျနေသည့် ညိုရီသော် ..။ ပန်းတင်ခုံပေါ်မှ ပန်းအိုးသည် ကြက်တောင်မွေးကြောင့် ခတ်မိပြုတ်ကျခြင်းဆိုတာ ဒေါ်ခင်ခင်ကြီး သိနေသည်။ ကော်မင်းသာ၏ အိမ်ထောင်ရေးအကြောင်း ပြောသည့်စကားကြောင့် ဆိုတာလည်း သိသည်။

"သွားစမ်း ညိုရီသော် .. ဒီမှာ .. မင်္ဂလာယူတဲ့စကား ပြောနေချိန်မှာ .. ညည်းက .. ပန်းအိုးခွဲပစ်တယ် .. အကွဲအစတွေကိုသိမ်း .. သွားပြီး ဂေါ်ပြားယူခဲ့ .."

ဟု ငေါက်ဆတ်ဆတ် ပြောစဉ်ခိုက် ညိုရီသော် ခေါင်းငုံ့ချ၏။ မျက်ဝန်းဝယ် မျက်ရည်ဝေနေတာကို ဒေါ်ခင်ခင်ကြီး မြင်မိရသည်ပါပဲ ..။ ခေါင်းငုံ့၍ ညိုရီသော် ထွက်သွားစဉ်ခိုက် ပန်းအိုးအကွဲအစများကို တစ်ချက် ဒေါ်ခင်ခင်ကြီး ကြည့်သည်။

တစ်ချက် နှုတ်ခမ်းလေး ကွေးညွှတ်သည်ဆိုရုံမျှ ဒေါ်ခင်ခင်ကြီး ပြုံးပါ၏။

ထိုပန်းအိုး အကွဲအစများနှယ်ပင် .. မိပိုးဝါ၏ လုံးအိမ်တို့ အမွမွ .. အစစ .. အစိတ်စိတ် .. အပိုင်းပိုင်း .. ကွဲရချေမည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်တစ်ခုသည် .. အဦးအစအဖြစ် .. စတင်၍ .. ပြချေသည်ကော .. ဟု တွေးနေရင်းမှ ကျေနပ်စွာ ပြုံးလိုက်ပြန်လျက် .. သား၏ .. ပခုံးကို အသာအယာပုတ်၍ .. နားချေတော့ .. ဟူသော သဘောဖြင့် မေးကိုဆတ်ပြလိုက်ရပါပြီတည်း .. ..။

❀ ❀



## အခန်း(၉)

ခြံတံခါးကို လာဖွင့်ပေးပါသည့် ကိုကြီးအုန်းကို မြင်ရတော့ ဒေါ်ပိုးဝါ၏ အာရုံတွင် တစ်ချိန်က တစ်ပတ်လျှို ဆံထုံးလေးဖြင့် ချည်သားအင်္ကျီလက်စကလေးကို ဝတ်ဆင်ကာ ဖျဉ်ကြမ်းထဘီလေးဝတ်လျက်ဖြင့် ကိုကြီးအုန်းနှင့်အတူ ပန်းခြံလေးထဲမှာ ပေါင်းသင်းမြေဆွ လုပ်ခဲ့ရပါသော မပိုးဝါဆိုသည့် ကောင်မလေးတစ်ယောက်၏ ပုံရိပ်လေးတွေ လွှမ်းဆွတ်စွာ ပြန်ပေါ်လာရပါသည့်အဖြစ် ..။

ဪ .. ထိုစဉ်တုန်းကတော့ဖြင့် .. မမကြီး၏ စိတ်အခန့်မသင့်ချိန်များမှာ ခေါင်းခေါက်ခံ ..။ ဗိုက်ခေါက်ကြောလေးတွေ ဆွဲလိမ်ခံရပါသည့်ဘဝ ...။

ခုကျတော့လည်း .. ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးရန်အေး၏ဇနီးအဖြစ် ရောက်လာရခြင်း ...။ ဒါပေမဲ့ .. ထိုသို့ လာရောက်ရချိန်သည် မမကြီး၏ အမျက်များ သင့်နေရပါသော ဒေါ်ပိုးဝါ အဖြစ် ရောက်လာရခြင်းပေပဲ .. ဟု ရင်ထဲမှာ အလိုလို

www.burmeseclassic.com

www.burmeseclassic.com



သိနေရသည့်ကောလေ ..။ ခက်နေရသည်က .. ခင်ပွန်းသည် ဦးရန်အေး၏ စိတ်ထဲမှာက .. ဒေါ်ခင်ခင်ကြီး ဆိုသည့် အမျိုး သမီးကြီးတစ်ယောက်၏ ရင်ထဲမှာ အမျက်နှင့် နာကြည်းတေးမှတ် ခြင်းများ မရှိတော့ပြီဟု ယုံကြည်နေခြင်း .. ပါတည်း။

အချိန်ကာလများက .. ထိုခါးသီးသော အရာများ ကို ဒေါ်ခင်ခင်ကြီး၏ ရင်ထဲမှ ဖယ်ရှားပစ်နိုင်ခဲ့ပြီဟု ယုံကြည်နေ သည်။

မမကြီးဟု တရိုတသေ ခေါ်ခဲ့ရပါသော ထိုဒေါ်ခင် ခင်ကြီး၏ တခုတ်တရကြီး ဖိတ်ကြားထားပါသော ဤနေ့လည် စာ စားပွဲတစ်ခုဆီသို့ ခုလို ရောက်လာရခြင်းသည်ပင်လျှင် .. မိသားတစ်စုပမာ ချစ်ကြည်မှု၏ အစခရီးတစ်ခုအဖြစ်ပင် .. မျှော်လင့်ထားသည်က .. ခင်ပွန်းသည် ဦးရန်အေး၏ မှတ်ယူထား မှုပါ ..။ ဩော် .. မောင် .. ဟု မြတ်နိုးအားကိုးစွာ ခေါ်ရပါသော ခင်ပွန်းသည်၏ မှတ်ယူထားမှုပါတည့် ..။

"ကိုကြီးအုန်းလဲ ရှိနေသေးတာကိုး ..."

ဟု ဒေါ်ပိုးဝါ ခပ်တိုးတိုး ခေါ်မိရပါ၏။

ခြံတံခါးကို ပြန်ပိတ်ခဲ့ကာ နောက်ပါးဆီမှ ခပ်သုတ် သုတ် လိုက်လာရှာပါသော ကိုကြီးအုန်းသည်လည်း ကားတံခါး ဖွင့်ဆင်းနေပြီ ဖြစ်ပါသော ပိုးဝါ ဆိုသည့် ကောင်မလေးတစ် ယောက်ထံ ရောက်လာနေရပါသည့် အဖြစ်တို့သည်လည်း ဟိုး ယခင်ကျန်ခဲ့သော အတိတ်များဆီကနယ်ပင် တချစ်တခင်နိုင်လှ ချေသည်ကော .. ဟု .. ဒေါ်ပိုးဝါ တွေးမိရပါပြီ ..။

"ညည်း .. အရင်ရုပ်လေးအတိုင်းပါပဲလား မိပိုးဝါ .."



ဟု ကိုကြီးအုန်း ပြောလာခိုက်မှာပဲ .. ပေါ်တီကိုကြီး အောက်ဆီသို့ အဝင်တံခါးမကြီးကို ဖွင့်၍ဆင်းလာပါသည့် လူရိပ် ကြောင့် ဒေါ်ပိုးဝါ လှမ်းကြည့်လိုက်မိရပါ၏။

ဒေါ်ခင်ခင်ကြီး ..။ ဘာမျှမပြောင်းလဲသေးဟု ထင်ရလောက်အောင် တောက်ပစူးလက်နေသော မျက်ဝန်းများ၏ အရှင်သခင် ဒေါ်ခင်ခင်ကြီး ..။ မမကြီး .. ဟု တရိုတသေခေါ် ခဲ့ရ .. ကြောက်ရွံ့ခဲ့ရပါသော ဒေါ်ခင်ခင်ကြီးပါတကား ..။

အဝါရောင် ပိုးရင်ဖုံးအင်္ကျီလက်ရှည်ကို ဝတ်ဆင် ထားကာ ..။ စိန်လက်ကောက်နှင့် စိန်ဆံထိုးလက်လက် ..။ စိန် ရင်ထိုးနှင့် စိန်ဆွဲသီးပါသော ရွှေကြိုးတုတ်တုတ်ကြီးနှင့် စိန်လက် စွပ်ကို တဖျပ်ဖျပ်ခါနေအောင် ဝတ်ဆင်ထားပါသော ဒေါ်ခင်ခင် ကြီး ..။

"လာကြ .. လာကြပါ .. မမကြီးဖြင့် မျှော်နေမိရတော့ တာ .. ခုလို တွေ့ကြရတော့လဲ .. ဖေဖေ့ကို သတိရလိုက် တာ မိပိုးဝါရယ် .. ဖေဖေ မြင်ရင် ဝမ်းသာရှာမှာ .. လာ .. လာကြ .. ကလေးတို့လဲ လာကြ .."

ဒေါက်တာဦးရန်အေးနှင့် ဒေါ်ပိုးဝါ .. ဆိုသည့် ဂုဏ်ပုဒ်တွေဖြင့် ခန့်ခန့်သန့်သန့် .. တင့်တင့်တယ်တယ်ကြီးတွေ ဖြစ်နေကြပါသည့် မြင်ကွင်းကိုကြည့်ရင်း ဒေါ်ခင်ခင်ကြီး၏ ရင် ထဲမှ၊ ကျစ်ခဲနေအောင် ထုထည်ကြီးကြီးဖြင့် ရှိနေပါသည့် အမုန်းမှတ်တိုင်ကြီးသည် ပို၍မြင့်သည်ထက် မြင့်တက်လာနေကြ တာကိုမိမိသာ သိနေရပါသည့်အဖြစ်။ နှုတ်ခမ်းကို ပြုံးထားရပေ မယ့် ရင်ထဲမှာရှိနေသည့် အမုန်းတရားတွေက လည်ချောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



တိုင် ခုန်ပေါက်တက်လာနေကြပြီ။ စိတ်ရှိတိုင်းသာဆိုလျှင်ဖြင့် နှစ်ယောက်စလုံးကို ပါးတွေ နားတွေ ရိုက်ချပစ်လိုက်ချင်သည်။ ပစ်ပစ်ခါခါကြီး ပြောထည့်လိုက်ချင်သည်။ လက်ညှိုးငေါက်ငေါက်ထိုး၍ အော်ဟစ်ရင်း မောင်းထုတ်ပစ်လိုက်ချင်သည်။ မျက်စိရှေ့မှာတင်ပဲ ခွေးဆွဲသလို တရွတ်ဆွဲထုတ်တာမျိုးကို အရသာခံကြည့်နေချင်သည်။ ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. ထိုမျှလောက်လေးနှင့်တော့ .. အဆုံးမသတ်လိုက်နိုင်ပြန်။ ကလဲ့စားချေခြင်းဆိုသည့်အရာမှာ .. တစိမ့်စိမ့်မျှ .. တစ်သက်တာလုံး အရသာခံ၍ခံစားနေရစေသည့် လက်စားချေခြင်းမျိုးပဲ ဖြစ်ချင်သည်လေ ..။

"ကြည့်စမ်း .. စတစ်ကော်လာဖြူအကျီရှည်နဲ့ .. ချည်ချောပုဆိုး အညိုကွက်စိပ်နဲ့ .. ဆံပင်နက်နက် .. အသားဖြူဖြူအရပ်မြင့်မြင့်ကြီးနဲ့ .. ကိုရန်အေးဆိုတာ အရွယ်တင်နုပျိုနေလိုက်တာ .. ဟိုကောင်မကလဲ လင်ကောင်းသားကောင်းရတယ်ဆိုတော့ .. ပိုးချိတ်ထဘီအပြာရင့်ရောင် .. အပြာနုရောင် ပိုးလက်ရှည်ရင်ဖုံးလေးနဲ့ .. နုဖန့်နေတာပဲ .. အသားအရေကိုက .. ဝင်းအိနေတာ .. သမီးနဲ့ဆိုရင် .. အစ်မလိုကို ဖြစ်နေတာ .. တကယ်တော့ .. သူ့နေရာမှာ .. ငါရှိနေရာမှာ .. နုနုဖန့်ဖန့် ဝင်းဝင်းအိအိနဲ့ ခင်ခင်ကြီးဆိုတဲ့ မိန်းမတစ်ယောက်အဖြစ် .. ခွဲစိတ်ဆရာဝန်ကြီးကတော်အဖြစ် .. ရှိနေရမှာ .. ခု .. ခု .. သူတို့နှစ်ယောက်က .. လုပ်ကျက်သရေရှိနေတဲ့ ဖနီးမောင်နှံနှစ်ယောက်အဖြစ် .. အထီးကျန်မကြီး ငါ့ရှေ့မှာ ရောက်နေကြပါပေါ့လား .."



ရင်ထဲမှ စကားများသည် အမုန်းမြစ်ရေစီးကြမ်းကြမ်းကြီးပမာ အရှိန်အဟုန်ဖြင့် သွေးကြောအနှံ့ စီးနေကြလျက် နှလုံးအိမ်သို့တိုင် ပြန်၍ရောက်၏။ တစ်ဖန် .. နှလုံးအိမ်ဆီမှ သွေးကြောများဆီသို့ စီးဆင်း၏။ နောက် .. နှလုံးအိမ်ထံ ပြန်ရောက်ပြန်၏။ မဆုံးနိုင်သော သံသရာကြီးအဖြစ် တစ်ကိုယ်လုံးအနှံ့ ...နေကြပါသည့် အဖြစ်။

ဒါပေမဲ့ .. နှုတ်ခမ်းမှာတော့ ချိုမြအေးဆေးနေသော ...ပြုံးတစ်ခုသည် .. စိတ်ရှည်လူကြီးဆန်နေပြီဖြစ်သော မိန်းမတစ်...သာက်၏ မျက်နှာထက်မှာ ဖေးတင်နေသည့် အသွင်ဖြင့် ပိပိ...ကြီး ရှိနေစေခဲ့ပြီတည့် ..။

ကားပေါ်မှ ဆင်းလာပါသော နေဝန်းနီနှင့် ငွေပိုးမျှင်...လည်း ပြုံး၍ကြည့်။ ခေါ်လည်းခေါ်နှင့် ရှိသွားရသည်က ...ခေါ်ခင်ခင်ကြီးပါ။

ဒေါ်ခင်ခင်ကြီး ဂရုတစိုက် အကဲခတ်သလို ကြည့်...မိရသည်က ဦးရန်အေးနှင့် ဒေါ်ပိုးဝါပါ ..။ ကိုယ့်အပေါ်မှာ ...သယများ ရှိနေချေဦးမည်လားဆိုသည့် အကဲခတ်ကြည့် ..။

တစ်ချိန်က ခင်ခင်ကြီး ဆိုတာ အဘယ်မျှထိ စိတ်...က်မာကျောတာကို ထိုလူသားနှစ်ဦး ကောင်းကောင်းကြီး သိ...ခဲ့ကြသည် မဟုတ်ပါလား။ ဦးရန်အေး၏ မျက်နှာထက်တွင် ...ချမ်းကြည်နူးရိပ်ကို မြင်ရသည်ဟု နားလည်လာရသည်။ ...ဆို .. ဦးရန်အေး၏ စိတ်ထဲမှာ သံသယရှိမနေနိုင် ..။ ဒါပေမဲ့ ...မိန်းမသောက၏ အငွေ့အသက်တွေ သမ်းနေသည်ဟု နားလည်...ရသည်က ပိုးဝါ ..။ ဟုတ်သည်။ မိပိုး .. ဟု ခေါ်ရတတ်

www.burmeseclassic.com

www.burmeseclassic.com



ပါသော ပိုးဝါ၏ မျက်ဝန်းတွေထဲမှာတော့ သောက၏ အရွေ့ အသက်တွေကို မြင်နေရသည်ဟု ဒေါ်ခင်ခင်ကြီး ထင်သည်။ စိတ်ကို တုန်းတုန်းချ၍ မယုံနိုင်သေးဟု နားလည်လာနေရ သည့်အဖြစ်။ ကိစ္စမရှိ ..။ ယုံအောင်လုပ်ရမည့် ဇာဝန်သည် ကိုယ့်တာဝန် မဟုတ်ပါလား။

ဒေါ်ခင်ခင်ကြီး ပါးပါးနပ်နပ် ပြုံးသည်။ လှလှပ လေး ပြုံးသည်။ အပြုံးသည် အပြစ်ကင်းစင်နေသော သူတစ်ယောက် ၏ အပြုံးဖြစ်နေစေရမည်။ ငယ်ဘဝက ကိုယ့်ဘက်က အထင် ဆီးနေခဲ့လေသမျှ .. အသက်အရွယ် ရလာစဉ်ခိုက်မှာ နောင်တ ရနေသော .. အနေခက်နေသော သူတစ်ယောက်၏ အသွင်မျိုး ဖြစ်နေစေရမည်။ ဒါတွေကို .. ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက် လာနိုင်စေဖို့အတွက် ရင်းနှီးခဲ့ရသည်က နာကြည်းခြင်းများနှင့် ခါးသီးနေသော အမုန်းတရားများဆီမှ ဖြစ်ရလျက် ..။ ထိုအမုန်း တရားနှင့် နာကြည်းခြင်းများကြောင့်ပင်လျှင် လက်စားချေလိုခြင်း များက ရင်ထဲမှာ မဆန့်အောင် ဖြစ်တည်လာနေရစေပြန်ကာ ..။ ထိုခံစားမှုများကပင်လျှင် ဟန်ဆောင်နိုင်စွမ်းခြင်းဆိုသည့် အရာ ကို ရင်မှာအပ်နှင်းနိုင်ခဲ့ချေသည်တကား ..။

"လာလေ ပိုးဝါ .. မမကြီးဆီကို နလိုလာတဲ့အတွက် .. မမကြီး အရမ်းဝမ်းသာတယ် .. မမကြီးမှာ .. တိုးတိုးဆော် ပိုးဝါရယ်လို့ .. ရှိလာရပြီလေ .. လာ .. လာ .. မမကြီး ဖြင့် .. ရင့်ထဲ .. လှိုက်လာရတော့တာပါပဲ .. မိပိုးရယ် .. ရောက်လာတာတောင်မှ .. မမကြီးဆီကို .. ရောက်ရောက် ချင်း မဆက်သွယ်ဘူးနော် .. စိမ်းလိုက်တာကွယ် ..



ကလေးတွေ .. ဒီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာ အောင် အကြောင်းဖန်ခဲ့လို့သာ .. မမကြီးမှာ .. သိရတော့ တာ .."

အသံတွေ တုန်ခါနေသည်။ နည်းနည်းလေး အားစိုက် လိုက်ရုံဖြင့် မျက်ရည်ကျလာအောင် စွမ်းဆောင်လိုက်နိုင်သည့် အဖြစ်။ မျက်ရည် ..။ မျက်ရည်ဆိုတာ .. ရင်နှင့်ရင်း၍ .. ရင်း၍ .. နာကျင်နေရသော ခံစားမှုများကြောင့်ပင်လျှင် .. မျက်ဝန်း အိမ်ဆီမှ .. လိုအပ်ချိန်မှာ ပြိုက်ခနဲ .. ဖြိုင်ခနဲ .. ပြိုခနဲ .. ကျ လာအောင် လုပ်နိုင်ခဲ့တာ ကြာခဲ့ပါပြီ ..။ နာကြည်းနေသော ရင် တစ်ခု ရှိနေရုံမျှဖြင့် နာကြည်းမျက်ရည်သည် .. ကြေကွဲမျက်ရည် တုအဖြစ် .. ရင်ထဲမှ .. အချိန်မရွေး ထုတ်ချလိုက်နိုင်အောင် .. ဖန်တီးဖန်ဆင်းစေနိုင်ခဲ့ချေသည်တကား ..။

ခုထိ .. အိမ်ကြီးထဲသို့ ဘယ်သူမှ မရောက်နိုင်ကြ သေး ..။ပေါ်တီကိုကြီးအောက်မှာပဲ လွမ်းမျက်ရည်တွေ ဝေနေသည့် ခင်ခင်ကြီးအဖြစ် စတင်၍ ဆုံစည်းဖြစ်တည်နေစေနိုင်ပြီမို့ .. ဒေါ်ခင်ခင်ကြီး အားရကျေနပ်နေမိရပါသည့်အဖြစ်။

ဦးရန်အေး၏ မျက်နှာမကောင်းပဲ ငေးခနဲ ဖြစ်သွား တာ။ ဒေါ်ပိုးဝါ၏ မျက်နှာထက်မှာ အနေခက်ခြင်းနှင့် စိတ်ထိခိုက် ခြင်းဆိုသည့် အရိပ်တွေ ဖြတ်သန်းသွားတာ ..။ နောက်ပါးမှာ ရပ်နေပါသည့် နေဝန်းနီနှင့် ငွေပိုးမျှင်တို့၏ မျက်နှာနုနုစင်စင် လေးတွေထက်မှာ သနားခြင်း၏ အငွေ့အသက်တွေ ဖြစ်တည် သွားကြတာ ..။ အားလုံးကို ဒေါ်ခင်ခင်ကြီး မိမိရရကြီး မြင် လိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဘက်က .. မလာရဲတာပါ မမကြီး .. ကဲ.. ဝါလေး .. ဝင်ကြရအောင် .. မမကြီးကို ဘေးကတွဲခေါ် သွားပါကွယ် ... သားနဲ့ သမီးကလည်း မေမေကြီးဘေးက လိုက်ခဲ့ကြ .."

အရာရာကို ဦးရန်အေး ဦးဆောင်၍ ထိန်းလိုက်နိုင်ဖို့ ကြိုးစားခဲ့ပါ၏။ မဝံ့မရဲလေး ရှေ့တိုးလာသည့် ဒေါ်ပိုးဝါကို ဒေါ်ခင်ခင်ကြီး ပြုံး၍ကြည့်သည်။ လက်ကို ကမ်းလင့်စောင့်ဆိုင်းသည်။ မရဲတရဲလေး အပြစ်မကင်းနိုင်သူလို ခံစားရပုံလေးဖြင့် တုံ့ပြန်လက်ကမ်းလာတော့ လက်လေးကို အညင်အသာဆွဲယူ၍ ကိုယ့်နား ဆွဲယူလိုက်ကာ ဒေါ်ပိုးဝါ၏ နွဲ့နွဲ့နှောင်းနှောင်းကိုယ်လေးကို ရင်မှာ ပွေ့အပ်လိုက်သည်က ဒေါ်ခင်ခင်ကြီးပါ။ ဒေါ်ပိုးဝါ၏ ပခုံးပေါ် မေးဖျားကိုတင်၍ မျက်ရည်ကို သွန်ချလိုက်ရင်းမှ..

"မမကြီးကို .. ပစ်မထားပါနဲ့တော့ ပိုးဝါရယ် .. မိပိုးရယ်.. မမကြီး အသက်ကြီးပါပြီ .. အထီးကျန်မိန်းမကြီး တစ်ယောက်ကို .. ပစ်မထားပါနဲ့ ညီမလေးရယ် .. မမကြီး အတွက် .. မိပိုးဝါလေးဟာ ညီမလေးတစ်ယောက်အဖြစ်.. ရင်ထဲမှာ.. တမ်းတဖြစ်တည်နေမိရစေဖို့အတွက် .. ကာလများစွာကို ဖြတ်သန်းရင်း .. ရလာတဲ့ သင်ခန်းစာတွေထဲက .. ဘဝအသိရယ်လို့ ရခဲ့ .. ဖြစ်ခဲ့ရပါပြီ ညီမလေးရယ် .."

အသံတွေ တုန်ခါနေရင်း ဒေါ်ခင်ခင်ကြီး ပြောနေရင်းမှ ရှိုက်သံတစ်ချက် ပွင့်ကျလာတော့ ဒေါ်ပိုးဝါ မျက်ရည်လိုက်ကျလာသည်။ မမကြီး .. တကယ့်ကိုပဲ .. စိတ်ထားပြောင်းခဲ့ချေ



သည်ကော .. ဟု တွေးမိရင်း .. အထင်လွဲမိခဲ့ .. သံသယဖြစ်တည်ခဲ့ရလေသမျှ .. အနေရခက်လာရပြန်သည့်အဖြစ် ..။

မျက်ရည်ကို ဖျတ်ခနဲသုတ် ..။ ချက်ချင်းပြုံးပြကာ သက်ပြင်းရှိုက်ပစ်လိုက်ပြီးမှ ..

"လာ .. လာ .. ညီမလေး .. ကိုရန်အေးလဲ လာပါ .."

ဟု ဦးဆောင်ခေါ်သွားသည်ကိုက .. အရမ်းကိုပြည့်ဝနေသော စိတ်ဓာတ်အရာများဖြင့် ရှိနေသည့်အသွင်ဖြင့်ပါတည့် ..။

"အားလုံး .. ငါ့ညွှတ်ကွင်း .. ငါ့ကြော့ကွင်းထဲ .. လုလုပပ .. မျက်ရည်လေး တလည်လည်နဲ့ကို ဝင်လာကြပြီ .. နောက်ကို .. မင်းတို့ .. မျက်ရည်တွေ ပြိုကျလာကြရလိမ့်မယ် .. လက်စားချေမှုရဲ့ မုန်တိုင်းခတ်မှုဟာ ဘယ်အထိ .. ပြင်းထန်တယ် .. ဆိုတာ .. နင်တို့အားလုံး နားလည်လာရမှာပါ .."

ဟု တွေးနေရင်း တွေးနေရင်းဖြင့် တောက်ပသော အပြုံးသည် လှပစွာပဲ ဒေါ်ခင်ခင်ကြီး၏ မျက်နှာထက်မှာ ဖေးတင်လာပါ၏။

နေဝန်းနီ၏ အကြည့်တွေက တစ်ချက် ဒေါ်ခင်ခင်ကြီး၏ မျက်ဝန်းများဆီမှာ တန့်၏။ ထိုအပြုံးသည် တောက်ပလွန်းနေသည်။ ကြည်နူးခြင်းကြောင့် တောက်ပနေသည်နှင့် တူမနေ ..။ အေးမြမနေ ..။ ဖျပ်ဖျပ်လက်မျှ တောက်ပနေသော မျက်ဝန်းများဆီမှ ခံစားမှုတံခါးကို ဖွင့်နိုင်ဖို့ နေဝန်းနီ ကြိုးစားမှုမိရစဉ်ခိုက် ...။

"ငါ .. ဒီအပြုံးနဲ့ ဒီမျက်လုံးကို .. မကြိုက်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိရချေသည့်အဖြစ်။ ညီမငယ် ငွေပိုးမျှင်ကို ကြည့်လိုက်တော့ ထုံးစံအတိုင်း အဖြူထည်သက်သက်မျှဖြင့် အေးချမ်းနေတတ်ပါသော မိန်းကလေးပီပီ .. ဒေါ်ခင်ခင်ကြီးကို သနားစိတ်ဖြင့် ငေးကြည့်နေတာကိုပဲ မြင်ရသည်။ ဤညီမလေးကတော့ ဘယ်တော့မဆို .. ဘယ်သူ့ကိုမဆို .. အကောင်းမြင်အကြည့်လေးဖြင့် ကြည့်တတ်သူပါ။ စိတ်ထားလေး အေးချမ်းသိမ်မွေ့သည်နှင့်အမျှ .. သည်းခံစိတ်ရှည်တတ်သူလေး အဖြစ်လည်း အစ်ကိုတစ်ယောက်အနေဖြင့် ကိုယ့်ညီမလေးပဲလေ .. သိထားရ.. သိနေရသည်ပေါ့ ..။

ဧည့်ခန်းဆီသို့ ရောက်တော့ ဒေါ်ခင်ခင်ကြီးပြုံး၍ နှစ်ယောက်ထိုင် ဆိုဖာကြီးမှာ ဒေါ်ပိုးဝါကို တူတူခေါ်ထိုင်သည်။

"ကြည့် .. ကြည့်စမ်း ညီမလေး မိပိုးဝါ .. ပဒုမ္မာဟာ .. အရင်ကအတိုင်းပါပဲ .. မမကြီးလေ .. မနေ့ကတစ်နေ့လုံး .. ဒီမှာလာပြီး အိမ်ကြီးကို အလှဆင်နေခဲ့တာ .. အားလုံး အရင်ကလိုပဲ ခင်းကျင်းနေစေခဲ့တာ .. မမကြီးတို့ .. အမြဲ ချစ်ချစ်ကြင်ကြင် .. နေသွားကြရအောင်နော် .."

ဟု ခပ်တိုးတိုးပြောကာ လက်ကို ထွေးဆုပ်တော့ ဒေါ်ပိုးဝါ မျက်ရည်ကျသည်။

နေဝန်းနီကတော့ ဧည့်ခန်းကြီး တစ်ခုလုံးကို ဝေ့ဝဲကြည့်မိရပါ၏။ ဟောင်းအိုခြင်း၏ အငွေ့အသက်တွေ ဖုံးနေသော ဧည့်ခန်းဆောင်ကျယ်ကြီးသည် ခန့်ထည်ခြင်းကိုတော့ ဆောင်ကျဉ်းထားနေနိုင်ဆဲ ..။ ကော်ဇောကြီးက ဟောင်းနေပေမယ့် သန့်စင်နေသည်။ လှနေသည်။ တစ်ချိန်က .. ဤဧည့်ခန်းဆောင်ကျယ်



ကြီးမှာ မေမေသည် အိမ်မှုကိစ္စများကို အစေအပါးအဖြစ် လုပ်ကိုင်ခဲ့ရချေလိမ့်မည် ..။ ဆက်တီစားပွဲပေါ်မှာ ရှိနေပါသော ပန်းအိုးလေးမှာလည်း လွန်ခဲ့သော နှစ်များစွာသော ကာလဆီက .. မေမေသည် .. ပန်းအလှတွေ ထိုးနေခဲ့ဖူးပါသော ပိုးဝါဆိုသည့် မိန်းကလေးအဖြစ် ရှိခဲ့ပါလိမ့်မည်။ အခန်းထောင့်ရှိ စန္ဒရားကြီးသည် .. မေမေ၏ အတီးအခတ်အဖြစ်တော့ ရှိမလာနိုင်ခဲ့နိုင်။ အစေအပါးတစ်ယောက်၏ အပွတ်အသပ်ဖြင့်သာ ရှိခဲ့ရပေလိမ့်မည်။ ဟုတ်သည် ..။ အစေအပါးမည်သည် စန္ဒရားတီးပိုင်ခွင့်ရှိ၏။ ဖုန်သုတ် သန့်စင်ပေးရန်သာ ဝတ္တရားရှိသည် မဟုတ်ပါလား ..။ ရင်ထဲမှာ .. တမြည့်မြည့်မျှ နေဝန်းနီ ခံစားရပါ၏။ မေမေ့ကို သနားနေမိရသည်။ ဤအိမ်ကြီးမှာ မေမေသည် .. အစေအပါးအဖြစ် ရှိခဲ့ရစဉ်က .. မေမေကြီး ဒေါ်ခင်ခင်ကြီး၏ ကျေသော ဆက်ဆံမှုများအောက်မှာ .. မွန်းကျပ်စွာ .. အနိမ့်သာဖြင့် ရှိခဲ့ရချေမှန်းကိုတော့ .. မေမေ့ ပြောစကားများအရ .. ကြာမတင်သောရက်ကပဲ သိခဲ့ရသည်။ ဟုတ်သည် ..။ မကြာတင်သောရက် ..။ မြကြာယံအိမ်ကြီးမှာ မော်တော်ဆိုပြတ်၍ ရောက်ခဲ့ရသောရက် ..။ အိမ်ပြန်ရောက်တော့ .. မေမေအဖြစ်စုံ ရချိန်မှာ အဘယ်မျှထိ တုန်လှုပ်ချောက်ချားခဲ့ရတာ .. နေဝန်းနီ ခဲ့ရသည်ပဲ။ ခုကျတော့ .. မေမေသည် .. စပါးကြီးမြွေတစ် ကောင်၏ အညို့ကို ခံရသူတစ်ယောက်နှယ် ဒေါ်ခင်ခင်ကြီး ဆိုသည့် .. မေမေကြီး၏ .. ရင်ခွင်ထဲ ရောက်သွားခဲ့ရချေသည်တဲ့ ..။ ရင်ထဲတွင် နေဝန်းနီ လေးခနဲတစ်ချက် ဖြစ်မိရပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရော .. မေမေရော .. တစ်ခုခုတော့ မှား
ကြပြီ .. ဟု ရင်ထဲမှာ သိနေခံစားနေမိရပါ၏။ ထိုတစ်ခုခုဆို
အမှားသည် .. မေမေကြီး .. ဒေါ်ခင်ခင်ကြီးကို .. ယုံကြည်လို
ခြင်း .. ဆိုတာကိုလည်း သိနေသည်။

ဒါပေမဲ့ .. ကိုယ်က ကလေးပဲလေ ..။ ဒေါ်ခင်
ကြီး၏အပြုံး .. တောက်ပသော မျက်လုံးများကို မကြိုက်ပါ
ဟု .. လောလောဆယ်မှာ ဝင်၍ပြောကောင်းသောကိစ္စ မဟုတ်
အိမ်မှာကျလျှင်တော့ .. မေမေ့ကို .. ပြောပြချင်သည်။ ဖေဖေ
လည်း ပြောပြချင်နေသည်။

"မငယ် .. စားစရာတွေ အသင့်ဖြစ်ရင် .. ခေါ်ပါကွယ်

အိမ်တွင်းဘက်ကို မေမေကြီး လှမ်းပြောပြီး မျက်
တစ်ချက် ချသည်။ နောက်တော့ ချောင်းတစ်ချက် ခပ်တိုးတိုး
သည်။ ဖျတ်ခနဲ ကြည့်သည်ဆိုရုံမျှ အားလုံးကို ဝေ့ခနဲ တစ်
ကြည့်သည်။ နောက်တော့ .. မျက်လွှာပြန်ချပြန်၏။ တစ်ဖန်
ဖေဖေနှင့် မေမေ့ကို ကြည့်သည်။ လည်ချောင်းတနင်နင်ဖြင့်
နေရာမှ ..

"မမကြီး .. တောင်းပန်စရာရှိတယ် .. တောင်းပန်
ဖြစ်မယ် .. ညီမလေး ပိုးဝါ .. မမကြီးလေ .. မတော
ရမချင်း .. ဘယ်လိုမှ .. အနေဖြောင့်မှာ မဟုတ်ဘူ
အို .. အသေဖြောင့်မှာလဲ မဟုတ်ဘူး .. မမကြီးလေ
ဝင်္ဋဆိုတာကို .. နားလည်လာတယ် .. ညီမလေးအ
မှာ .. ငယ်တုန်းက .. မမကြီးဟာ ချမ်းသာဂုဏ် .. အ



ဂုဏ်နဲ့ .. မောက်မောက်မာမာ ဆက်ဆံခဲ့ဖူးတယ် .. ရိုက်ခဲ့ဖူးတယ်၊ နှိမ်ခဲ့ဖူးတယ် .. အို .. အို .. ကိုရန်အေးနဲ့ ပတ်သက်ပြီးတော့လဲ .. ညီမလေး အပေါ်မှာ .. မမကြီးလေ .. ရန်သူတစ်ယောက်လို .. မှတ်ယူတေးမှတ်ခဲ့ဖူးတယ် .. အဲဒီလို ရှိခဲ့တာမို့ .."

အသံတွေ တိမ်ကျသွားသည်က ဒေါ်ခင်ခင်ကြီးပါ ..။

အားယူ၍ အသံတွေ တိမ်ကျနေရင်းမှ ဆက်ပြောလာစဉ်ခိုက် မျက်ရည်တွေပါ ပြိုကျလာနေပြီ။

"အဲသလို .. ရှိခဲ့တာမို့ .. မမကြီးလေ .. ဘဝတစ်လျှောက်လုံးမှာ .. ဆိုးဝါးတဲ့ ဘဝခရီးကို ရင်စည်းခံရတယ် .. ခင်ပွန်းသည်ရဲ့ သစ္စာမဲ့မှုကို ခံခဲ့ရတယ် .. သစ္စာမဲ့တဲ့ ခင်ပွန်းသည်ရဲ့ .. ပြန်ရောက်လာမှုကိုလဲ .. မျက်ရည်နဲ့ .. ခွင့်လွှတ်မှုတွေနဲ့ လက်ခံခဲ့မိရပြန်တယ် .. သူဟာ .. မကြာမတင်မှာပဲ .. မမကြီးရဲ့ ရင်ခွင်မှာ .. ကွယ်လွန်ခဲ့ရပြန်တော့ .. မမကြီး သူနဲ့ သေကွဲ ကွဲခဲ့ရ .. မုဆိုးမဘဝနဲ့ .. အထီးကျန်နေခဲ့ရတယ် .. မမကြီး .. ဝဋ်ဆိုက်ခဲ့တာ .. ဝဋ်ဆိုက်ခဲ့တာ .. အဲဒါ .. မမကြီး .. ညီမလေး အပေါ် ဆိုးခဲ့လို့ပါ .. ညီမလေး ပိုးဝါ အပေါ် မမကြီး ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာ .. ညီမလေး သိတယ် .. မမကြီးလဲ သိတယ် .. မမကြီးတို့နှစ်ယောက် အသိဆုံး .. အပြစ်ကျူးလွန်သူ .. ရက်စက်သူဟာ မမကြီးပါ .. မမကြီးကို .. ခွင့်လွှတ်ပါ ညီမရယ် .. ခွင့်လွှတ်ပါ .."

www.burmeseclassic.com

www.burmeseclassic.com



အသံတွေ နင့်နင့်ပါအောင် ရှိုက်သံတွေဖြင့် ပုံးသွားရာမှ စကားအဆုံးမှာ ဒေါ်ခင်ခင်ကြီး၏ ကိုယ်ခန္ဓာနွဲ့နွဲ့သည် ဒေါ်ပိုးဝါ၏ ရင်ခွင်ထဲ ငိုက်ကျသွားလျက် ရှိုက်ရှိုက်ငင်ငင်ငိုချလိုက်သံက ထွက်ပေါ်လာပါ၏။

"အို .. မဟုတ်တာ မမကြီးရယ် .. ပိုးဝါ .. မိပိုး .. ရင့်ထဲမကောင်းအောင် .. မပြောပါနဲ့ .. ပိုးဝါလေ .. ပိုးဝါ .. မမကြီး ခုလို .. ပိုး အပေါ်မှာ စိတ်ထားကောင်းတွေရှိလာတာကိုပဲ .. ဝမ်းသာလှပါပြီ .. ပိုးဝါလေ .. မမကြီးခေါ်လို့သာ လာရတာ .. လန့်နေတုန်းပါ .. ခုမှ .. ခုမှ .. မမကြီးရဲ့စိတ် .. ကြေကွဲမှု .. အဲဒါတွေကို မျက်ဝါးထင်ထင် မြင်ရ .. ကြုံရတာမို့ .. မမကြီးအပေါ်မှာ သံသယဖြစ်မိတာကို .. ပြန်တောင်းပန်မိရပါတော့တယ်ရှင် .. မမကြီးရယ် .. မငိုပါနဲ့ .. ပိုးလေ .. မမကြီးအတွက်ဆို .. ဟိုတုန်းကလို .. အစေအပါး အဖြစ်ပဲ လုပ်ပေးရ .. လုပ်ပေးရပါ .. မမကြီးအတွက် အဖော်အဖြစ် ရှိရဖို့ လိုအပ်ချိန်တိုင်းမှာ .. ပိုးဝါ .. လုပ်ပေးမှာပါ .."

ဟု ပြောသံက နှလုံးအိမ်ဆီသို့ အားရကျေနပ်ဖွယ်အတိဖြင့် တိုးဝင်လာစဉ်ခိုက် ဒေါ်ခင်ခင်ကြီး အကျေနပ်ကြီးကျေနပ်သွားမိရပါပြီတည်း။

အားလုံး .. ခင်ခင်ကြီး ဆိုသည့် မှော်ကဝေမတစ်ယောက်၏ အညှို့ထဲကို ရောက်လာချေသည်ကော .. ဟု .. ပီတိဖြစ်ရ .. ။ ဝမ်းသာရနင့်ပါ .. ။ မျက်ရည်ဆိုတာ .. ရှိုက်ကြီးတငင် ငိုချခြင်းဆိုတာ .. ဘယ်လောက်မျှ ရင်းလိုက်ရတာမှ မဟုတ်ချေပဲလေ။



ခု .. အရာရာသည် .. အောင်မြင်စွာပဲ ဖြတ်သန်းပြီးမြောက်သွားခဲ့ပြီ။

ရန်အေး .. ပိုးဝါ .. နှစ်ယောက်စလုံးသည် .. ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်၏ ဇစ်တုရင်ကစားကွက်ထဲသို့ အရှုံးကြီးရှုံးရမည့် အကွက်တွေဖြင့် ရှိသွားရပြီ ..။

အောက်ကျို့တောင်းပန်ခြင်းဆိုသည့် ဟန်ဆောင်မှုတစ်ခု၏ နောက်ကွယ်ဆီမှာ .. လက်စားချေရခြင်းဆိုသည့် အောင်မြင်မှုတစ်ခုက လက်ကမ်းလင့်၍ ကြိုနင့်နေပြီ။

မှုန်မှုန်ညက်ညက်ကျေအောင် .. ချေပြမည့်ကလဲ့စားတစ်ခု၏ ကြိုးဆွဲက,စေသော ကြိုးဆွဲဆရာတစ်ယောက်အဖြစ် .. ခင်ခင်ကြီး ဆိုတာ .. လိမ္မာပါးနပ်စွာပဲ .. ရှိသွားရချေမည့်အဖြစ် ..။

တုန်ခါနေသော လက်အစုံဖြင့် ဖေးကိုင်လာပါသည့် ပိုးဝါဆိုသည့် မိန်းမတစ်ယောက်၏ လက်လေးတွေ အေးစက်နေတာကို သိနေရရင်းဖြင့် ပခုံးပေါ်မှာ ခေါင်းကိုဖေးတင်၍ မေးဖျားဖြင့် ဖေးထောက်ထားကာ မျက်ဝန်းစုံမှိတ်ထားမိရာမှ ဖျတ်ခနဲဖွင့်အကြည့်မှာ စူးစမ်းရိပ်ဖြင့် ကြည့်နေသည်ဟု ထင်နေရပါသော မျက်ဝန်းတစ်စုံနှင့် ဆုံသည်။ နေဝန်းနီ ..။ ကောင်လေးက .. အကဲခတ်သလိုလေး ကြည့်နေသည်ပဲ ...။ အရေးမကြီး ..။ ဤကလေးလောက်ကိုတော့ ခင်ခင်ကြီး ဆိုသည့် မိန်းမတစ်ယောက်က .. တိုတောင်းသော အချိန်လေးတစ်ခု အတွင်းမှာပဲ .. ယုံကြည်ခြင်း .. ဆိုသည့် အရာများကို .. ထိုကောင်ငယ်လေးဆီမှ ရယူလိုက်နိုင်ပါလိမ့်မည် ...။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာက .. လူကြီးနှစ်ယောက်ဖြစ်သည့် ရန်အေးနှင့် မိပိုးဝါကိုသာ .. နိုင်အောင်ကိုင်ထားလိုက်ဖို့ လိုသည်လေ ...။

ငွေပိုးမျှင် ဆိုသည့် ကလေးမလေးကိုတော့ ဒေါ်ခင်ခင်ကြီး တစ်ချက်လှမ်းကြည့်လိုက်တာနှင့် ရင်ထဲကျေနပ်အားရသွားရပါ၏။ မျက်ရည်လေး တဝေ့ဝေ့ဖြင့် .. အားလုံးကို ငေးကြည့်ရင်း ရှိနေပါသည့် ကောင်မလေး။ အမေတူသမီးလေး။ ရုပ်လေးက ကြွေရုပ်လေးနှယ် လှနေလျက် .. လူတို့၏ရင်ကို ညှို့ငင်ဖမ်းစားသွားနိုင်လောက်အောင် ချောမွေ့ကျက်သရေရှိလိုက်ပါသည့် ကလေးမ ..။

ထိုကလေးမသည် .. မကြာမတင်မီမှာပဲ .. ဒေါ်ခင်ခင်ကြီး၏ သားကောင်ဘဝကို ရောက်ရချေဦးတော့မည် ..။ သနားလိုက်ပါဘိ ငွေပိုးမျှင်ငယ် .. ဟု ရင်ထဲမှာ ခနဲ့တဲ့တဲ့လေး ခေါ်မိရပါ၏။

ထိုစဉ်ခိုက် ပေါ်တီကိုကြီး အောက်ဆီဝယ် ကားရပ်သံ ပေါ်လာသည်။

မကြာလိုက် ..။ ဧည့်ခန်း၏ အဝင်တံခါးဆီမှာ လူရိပ်ထင်လာပါ၏။

ဒေါ်ခင်ခင်ကြီး၏ မျက်ဝန်းများ ပို၍ရွှန်းလဲလာသည်။

ဒေါ်ပိုးဝါ၏ ရင်ခွင်မှ ကိုယ်ကိုခွာသည်။ အကြည့်က တံခါးဆီမှာ တန့်နေ၏။



"လာလေ သား .. ဝင်ခဲ့လေ .. မေမေခင်က .. သား ထမင်းစား ရောက်မလာနိုင်တော့ဘူးလို့ တွေးပူနေမိတာ .."

ဟု ချစ်စိတ်ဖြင့် ပြောသည့်နှယ် အသံလေး ချိုနေ[...]ချက် ပြောပြီးမှ အားလုံးကို ဝေ့ခနဲကြည့်ကာ ပြုံး၍ ..

"သူက .. မမကြီးရဲ့သား .. မြတ်မင်းသာတဲ့ .. စက်မှုဘွဲ့ရ အင်ဂျင်နီယာလဲဖြစ် .. ရန်ကုန်မှာ .. အထည်စက်ရုံကြီးရဲ့ ပိုင်ရှင်ကြီးလဲ ဖြစ်နေတဲ့ .. သားမြတ်မင်းသာပေါ့ .."

ဟု ကြည်လင်သော အသံဖြင့် ပြောလိုက်ရပါ၏။

အားလုံး၏ အကြည့်က တံခါးဆီမှာ တန့်ကြချေ[...]သတည်း ..။

တောက်ပစွာ ပြုံးလိုက်သည်က ဒေါ်ခင်ခင်ကြီး ..။

နှစ်များစွာ .. တေးမှတ်နာကြည်းနေသော ကာလ[...]များ၏ လက်စားချေမှုတစ်ခုကဖြင့် .. ခုမှ .. စတင်၍ .. အကွက်ရာ[...]တစ်ခု .. တင်လိုက်ရချေတော့မည်တကား ..။

❀ ❦ ❀

www.burmeseclassic.com

www.burmeseclassic.com







မြတ်နိုးသည့်စိတ်
လရိပ်လေးဖြစ်
အချစ်ရွက်လှေတစ်စင်း
မန်ဆင်း၍လွင့်လာ
ပန်းဝတ်လွှာ၏ ကဗျာတေး
လေညှင်းလေးမှာဝေ့ဝဲ
ရင်သည်းထဲက လမင်း
ထိန်လင်း၍ သာပြန်
ရှင်သန်နေမြဲအဖြစ်
အချစ်ဟု ခေါ်သည်အစဉ် ...
ကြော် ...
အချစ်ဟုခေါ်သည် ... ခင် ...။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၀)

တံခါးဝတွင် ရပ်နေရင်း စိတ်ထဲရှုပ်ထွေးကျဉ်းကျပ်ခြင်းနှင့် နောက်ပြန်လှည့်ထွက်သွားလိုစိတ်ပဲ သူ့ရင်မှာ ဖြစ်တည်၏။

ဧည့်ခန်းဆောင်ထဲမှာ မေမေခင်နှင့်အတူ ဧည့်သည်တွေ ရောက်နေကြပြီ။ အားလုံးကလည်း လှမ်းကြည့်နေကြသည့်ဖြစ်။

"ခက်တော့တာပါပဲ .. မေမေခင် .. အဲဒီဧည့်သည်တွေကို ဘယ်အထိများ စကားတွေ ကျွံထားသလဲ မသိ .. ကိုယ့်ကိုကြည့်နေကြတဲ့ အကြည့်တွေထဲမှာ .. အကဲခတ်နေကြတဲ့ အကြည့်တွေ ပါများပါနေကြမလားပဲ .. အဲဒီထဲမှာ ထိုင်နေကြတဲ့ အထဲက .. ဟိုကောင်မလေးကိုများ .. ငါနဲ့ စကားမြန်းထားတဲ့သူများ ဖြစ်နေမလားမသိ .. ငါ .. သူတို့ရှေ့မှာ ခုလိုရပ်နေရတာကိုက .. အစစ်အကျောခံဖို့ ရောက်လာတဲ့ သတို့သားလောင်း တစ်ယောက် အနေနဲ့များ ရှိနေသလားနော် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးနေရင်း မျက်နှာထားရ ခက်နေတာ အမှန်။ မေမေခင်သည် သူ ဤလွိုင်မွန်းသို့ ယခုတစ်ခေါက် ရောက်မလာခင်ကတည်းကိုက သူ့အတွက် အိမ်ထောင်ဖက်မိန်းကလေးတစ်ယောက်ကို ရှာဖွေထားနှင့်ခဲ့ပုံ ရနေသည်။ ထိုမိန်းကလေးကို ဤနေ့မှာ တွေ့ရမည်ဟုလည်း မနေ့ကပဲ ပြောခဲ့သေးသည်။ ယခု .. သူသည် ဤပဒုမ္မာရိပ်ငြိမ်ဆီသို့ ကားဖြင့်ရောက်လာခဲ့ရပြီ။ ဤသည်ကလည်း မေမေခင်က .. ဒီအချိန်လောက်မှာ ပဒုမ္မာသို့ ကားဖြင့်လာခဲ့ဖို့ မနက်ကတည်းက မြကြာယံအိမ်ကြီးမှာ သေသေချာချာကို မှာခဲ့သည်လေ ..။ မလာ၍ကလည်း ဖြစ်မှာ မဟုတ်။ မေမေခင်ဘက်က .. သူ .. ပဒုမ္မာသို့ လာလိမ့်မည်ဟု စကားတွေ ကြိုတင်ပြောထားတာမျိုးလည်း ရှိနေနိုင်သည်။ သို့ဆိုလျှင် .. သူ .. စိတ်ထဲကအတိုင်း ဆုံးဖြတ်ထားနှင့်နေခြင်းဖြင့် မသွားပဲ နေလိုက်တာမျိုး လုပ်ခဲ့မိပြန်လျှင် မေမေခင့်ကိုလည်း အရှက်ခွဲရာ ရောက်မည်။ တစ်ဖက်သားကိုလည်း စော်ကားမော်ကား ပြုရာရောက်မည်။ အရှက်တကွဲ ဖြစ်စေရာ ရောက်မည်။ ဒါကြောင့် မသွားပဲနေ၍ကလည်း မဖြစ်သည်မို့ မြကြာယံဆီမှ ပဒုမ္မာသို့ လာခဲ့ရခြင်းပါ။

"လာလေ သား .. ဝင်ခဲ့လေ .. အတော်ပဲ .. အတော်ပဲ .. ဒီမှာလဲ စားသောက်ကြတော့မှာ .. တူတူဝင်စားကြတာပေါ့ .."

မေမေခင် ခေါ်စဉ်ခိုက် သူ တစ်ချက် ခေါင်းယမ်းလိုက်မိရပါပြီ။



"သား .. စားခဲ့ပြီးပါပြီ မေမေခင် .. အခု .. မေမေခင်လာထားနိုင်းကဲ့ ရှက်လှပန်းအိုးတွေ သားလာပို့ပေးတာပါ .."

ဟု ကမန်းကတန်းလည်း ပြောမိရသည်။ သူ .. ညှို့သည်တွေနှင့်အတူ ထမင်းစားသည်အထိတော့ စိတ်မရဲ။ အနေခက်သည်။ ဟိုကောင်မလေးလည်း အနေခက်နိုင်သည်။ လူကြီးချင်းစကားတွေ မြန်းထားပြောထားနှင့် နေတာမျိုးဖြစ်နေလျှင် .. ကောင်မလေးကို ဘယ်လောက်အားနာဖို့ ကောင်းနေမည်တဲ့လဲလေ။ ကိုယ်နှင့် စေ့စပ်စကား မြန်းထားသည့် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ကြီး ရှိနေရင်း ထမင်းတစ်ဝိုင်းတည်းစားရ သည်အထိတော့ ဘယ်မိန်းကလေးကမှ စိတ်ထဲ နေတတ်ထိုင်တတ်ဖြစ်လာနိုင်တော့။ ရှက်ကိုရှက်နေရှာချေမည်သာ ..။ ပြီးတော့ အခုတော့ .. ကိုယ်နှင့် ထိုသူငယ်မလေး ဆိုတာကလည်း စကားချင်း တစ်ခွန်းပြောဖူးခဲ့ကြတာ မဟုတ်။

တကယ့်ကို အစိမ်းသက်သက်မှ အစိမ်းသက်သက်ကြီးတွေ ဖြစ်နေကြရသည့်အထဲ .. အတူတူစားသောက်ဖို့အထိဆိုတော့လည်း .. ရှက်ရှာမည်သာ ..။ သူ အားနာသည်။ ပြီးတော့ .. သူလည်း ရှက်သည်။ အနေကျပ်သည်လေ ..။

ခုထိ .. ထိုသူငယ်မလေးကို စေ့စေ့ပင် မကြည့်ရဲ..။ အားနာစိတ်က ရင်ကို အုပ်မိုးထားသည့်အဖြစ်။

မေမေခင့် ရယ်သံကတော့ ညင်ခန်းဝယ် ကြည်ကြည်သာသာလေး လွှင့်ခနဲ ပျံ့၏။

တကယ်လည်း မေမေခင်သည် .. ရှက်လှပန်းအိုးအချို့ကို ပဒုမ္မာသို့ သူ လာပို့ပေးဖို့ မှာထားခဲ့သည်။ ဤသည်က

www.burmeseclassic.com

www.burmeseclassic.com



လည်း .. သူ .. ဤပဒုမ္မာသို့ အလာကောင်းအောင် အကြောင်းပြချက်တစ်ခုအဖြစ် မေမေခင်မှ ဧည့်သည်တွေအတွက် ကြိုတင်စီမံထားခြင်းပေပဲ .. ဟု သူ တွေးဆမိရသည်ပါပဲ။ ပြီးတော့ .. သူလည်း .. လာရန် အကြောင်းပြချက်တစ်ခုအဖြစ် ရှိအောင် ဖန်တီးပေးခဲ့ခြင်း။ လူချည်းသက်သက် ရောက်လာသည်ဆိုလျှင် တကူးတကကြီးကိုပဲ .. ဤကောင်မလေးကို လာကြည့်သလိုကြီး ဖြစ်နေမည်ကိုး။ မေမေခင်ကတော့ ထောင့်စေ့အောင် အားလုံး စီစဉ်ထားသည်သာ ..။

ဒါပေမဲ့ .. ခက်သည်က .. သူ အနေရကျပ်နေသည်က လျော့ပါးမသွားနိုင်ပဲ ပို၍ တိုးတိုးလာနေရခြင်းပါ။

“အဲဒါပဲ ကြည့်တော့ မိဝါရေ .. မမကြီးရဲ့သား .. ရိုးရိုးကြီးကဖြင့် အဲသလိုပါပဲ .. ဘယ်တော့မှ .. မြကြာယံရဲ့ ထမင်းစားဆောင်တစ်ခုကလွဲပြီး ဘယ်မှာမှ မစားတတ်တော့တဲ့အတိုင်းပါပဲ .. ခု .. ပဒုမ္မာဆိုတာ .. သားရဲ့အိမ်ပါပဲ .. ဒါပေမဲ့ .. သူ .. မိပိုးဝါတို့ကို .. ရှက်နေတာ .. အဲဒါကြည့် .. အဲဒါကြည့် .. အဟင်းဟင်း ..”

မေမေခင် လုပ်ပုံကဖြင့် အရမ်းကို ရှင်းခနဲနေအောင် ဖွင့်ပြောလိုက်သလိုကြီး ဖြစ်နေတာမို့ ..

“ဟာ .. မေမေခင်ကလဲ ..”

ဟု ရှက်အမ်းအမ်းကြီးဖြစ်ကာ နောက်ဘက်ပြန်လှည့်မည်ပြုခိုက် မေမေခင့် ရယ်သံပေါ်လာသည်။ တစ်ချက် ဧည့်သည်တွေကို ကြည့်မိတော့ ပြုံးနေကြတာကို မြင်ရသည်။ ဧည့်သည်များများမဟုတ်။ ထိုအထဲမှာ အန်ကယ်ကြီးနှင့် အန်တီလေးတစ်



ယောက်ကတော့ ပြုံး၍ကြည့်နေပါ၏။ နောက် .. သူ့ထက်ငယ်ပုံရသော လူငယ်တစ်ယောက် ..။ ထိုလူငယ်လေးကတော့ မျက်နှာလေး ကြည်စင်နေလျက် သူ့ကို လှမ်းကြည့်နေသည့် အကြည့်တွေထဲမှာပင် ခင်မင်နှစ်လိုရိပ်ကို မြင်နေရသည်ဟု သူ ခံစားဖြစ်၏။ နောက် .. နောက် ..။ ကောင်မလေး။ ဟုတ်သည် ..။ ကောင်မလေး ..။ ခုမှ .. သူ တစ်ချက်အာရုံနှစ်၍ ကြည့်မိလိုက်ရပါသည့်အဖြစ်။ မျက်တောင်ကော့ကော့လေးတွေ ရံခနေပါသည့် မျက်ဝန်းနက်နက်လေးတွေက အရမ်းကို တောက်ပလဲ့လဲ့ရွှန်းနေကြလျက်၊ ဖြူစင်အေးချမ်းသည့် အရိပ်များဖြင့် ပြည့်ဝနေကြတာကို သူ သတိမထားပဲကို နေ၍မရ။ ဟုတ်သည်။ အေးချမ်းသောအရိပ်၊ ဖြူစင်သောအရိပ်။ မာန်မာနများ ကင်းစင်နေသော အရိပ် ..။

ထိုအရိပ်သည် ကောင်မလေး၏ ချောမွေ့မွေ့မျက်နှာ နုနုလေးထက်မှာ ထင်းနေအောင် ရှိနေသည်။ ချောမွေ့မွေ့မျက်နှာ ..။ သူ .. ရုတ်ခနဲ ရင်ထဲမှာ ရှိန်းမြန့်ထွေးခြင်း ဖြစ်ရပါ၏။ ဘုရားရေ ..။ ဤကောင်မလေးကို .. သူ အာရုံလေးတစ်ချက်နှစ်၍ ကြည့်လိုက်မိရုံဖြင့်ပင် .. ထိုခံစားမှုက ရင်ကိုလွှမ်းမိုးဖြစ်တည်လာရချေသည်တဲ့လား။ အဘယ်မျှထိ နူးညံ့သော အတွေးပါလဲ ..။ ချောမွေ့မွေ့ မျက်နှာလေးတဲ့လားလေ ..။ ရှည်လျားသော ဆံနွယ်လေးသည် ဆံကျစ်ရှည်လေးအဖြစ် ရင်ညွန့်ကိုဖြတ်၍ အလျားလိုက် ဖြန့်ကျသွားကာ ကုလားထိုင်အောက် ခြေစွန်းနားအထိ နွဲ့လျှလျှ ရှိနေတာလေးကိုက .. ရင်ကိုအေးချမ်းနေစေပြန်သည်။ လုပခြင်းမှာ ကျက်သရေရှိခြင်းများ ဖြည့်စွမ်းထားပါသည့် ကောင်မလေး။ လှမ်းကြည့်နေသည့် အကြည့်နှင့် သူ့အကြည့် ဆုံဖြစ်ရ

www.burmeseclassic.com



သည်မှာလည်း အမှန်။ ထိုကောင်မလေး၏ အကြည့်ထဲမှာ .. ဒု
ရိုးသားမှုအပေါ် .. အသိအမှတ်ပြုသည့် အရိပ်တွေ ရောထွေး
နေသည်။ ခင်မင်နှစ်လိုရိပ် ..။

ကောင်မလေး၏ မျက်နှာလေးမှာ .. အပူရိပ်မရှိ
အအေးရိပ်ပဲရှိသည်။ မာနရိပ်၊ အတ္တရိပ်၊ ဒေါသရိပ်တို့ ရှိမနေ
အေးချမ်းသောအရိပ်။ အေးမြသောအကြည့်နှင့် ဖြူစင်သော စိတ်
ရင်းကောင်းလေး၏ အရိပ်တွေပဲ ပြည့်သိပ်နေသည်။

လမင်းလေး တစ်မင်းကို မြင်ရသည့်နှယ်ပါတည့်
သြော် .. ကန်ရေရိပ်မှာ ကြာဖြူလေးတစ်ပွင့်ကို မြင်ရခြင်းနှင့်
လည်း တူနေပြန်သည်။ တကယ့် .. အဖြူစင်သက်သက်လေး
ဖြစ်နေသည်။

“ဧည့်သည်တွေကို ထားခဲ့ပြီး .. ပြန်ပြေးမလို့လား လူလေး
ရဲ့ .. လာပါကွ .. အန်ကယ်တို့က .. တခြားလူတွေမှ မဟုတ်
တာ .. တကယ့်အရင်းအချာတွေပါကွ .. လာ .. လာ ..

ဟု အန်ကယ်ကြီးမှ လှမ်း၍ ရယ်သံဖြင့် ဖိတ်ခေါ်
လာတော့ သူ ငြင်း၍မကောင်းပြန်။ လာထိုင်လိုက်ရသည်ပါပဲ။
လာရသည်ကိုက ခြေလှမ်းတာကအစ နည်းနည်း ကြောင်အမ်း
အမ်း ဖြစ်ချင်နေသည်။ စေ့စပ်ခံရမည့်သူ တစ်ယောက်၏ ခြေ
လှမ်းဆိုတာ အဘယ်မျှထိ အယောင်ယောင် အမှားမှား ဖြစ်ချင်
တတ်သည်ဆိုတာ ခုမှ ကိုယ်တွေ့လက်တွေ့ ကြုံနေရချေသည်
ကောလေ ..။ ခြေတစ်ဖက်ချင်းကို ရွှေ့နေရသည်ကိုက .. နည်း
နည်းတော့ ရှက်အမ်းအမ်း ဖြစ်နေရင်းဖြင့် လေးလေးလံလံ နိုင်
နေချင်သေးသည့် အဖြစ်။



ဘာမျှမရှိသည့် ကော်ဇောခင်းကြမ်းပြင်ကို နင်းနေ
ရင်းဖြင့်ပင် ခလုတ်တိုက်သလို ဖြစ်ချင်ချင် ..။ မေမေခင့်ကို
ကြည့်မိတော့ ပြုံးမြမြ ဖြစ်နေပါ၏။ သူ .. ခုလို .. အလကားနေ
ရင်း ခြေလှမ်းမှားရ .. ခလုတ်တိုက်သလို ခြေဟပ်ထိုးဖြစ်ချင်ရ
နှင့် ဖြစ်နေဟာကိုပင် မေမေခင်က ကျေနပ်နေပုံ ရနေပြန်သေး
သည့် အဖြစ်။

သူထိုင်ရမည့် ကုလားထိုင်ကို မေမေခင်ကပဲ ဆွဲရွှေ့
ရပ်စောင့်ပေးနေတော့ သူ ဝင်ထိုင်ဖြစ်သည်။ နဖူးမှချွေးကို လက်
ကိုင်ပဝါဖြင့် ပွတ်သုတ်မိရပြန်သည်။ နောက်မှ ကြည့်လိုက်မိတော့
အားလုံး သူ့ကို ငေးကြည့်နေကြတာကို ဆုံ၏။ သူ့မျက်နှာထက်
မှာ ချွေးတွေလိုမ့်လိုမ့် ထွက်နေတာကို မြင်နေကြ .. သူ .. လက်
ကိုင်ပဝါဖြင့် သုတ်သုတ်နေတာကိုလည်း မြင်နေကြရင်းဖြင့် ဘာ
တွေများ တွေးနေကြမည်လဲ မသိ။ သူ .. စိတ်လှုပ်ရှားနေတာကို
တော့ မရိပ်မိပဲကို နေကြတော့မှာမဟုတ်။ သူ့မျက်နှာ ရဲနေပြီဆို
တာကိုလည်း ပွရှိန်းနေသည့် မျက်နှာဖြင့်ပင် မိမိဘာသာလည်း
သိနေသည်။

သူ့ပုံစံက .. စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရ
တစ်ယောက် .. လုပ်ငန်းကိုင်ငန်းတွေကို နိုင်နင်းစွာ လုပ်ကိုင်နေ
သည့် တည်ငြိမ်ရင့်ကျက်သော သူတစ်ယောက်အဖြစ် ယခင်ကရှိ
နေခဲ့ဖူးသမျှတွေ .. ဤကောင်မလေးရှေ့မှာ ပျောက်လွင့်နေလျက် ..
လူပျိုရိုင်း ချာတိတ်ငယ်လေးတစ်ယောက်နှယ် ဖြစ်နေတာကိုက ..
သူ့အတွက်လည်း ဆန်းနေသည်။ အတော်လေး ကသောင်းကနင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်နေသော လှုပ်ရှားမှုများဖြင့် သူသည် ကုလားထိုင်တစ်လုံးထက်မှာ ထိုင်နေသူတစ်ယောက်တော့ ဖြစ်ခဲ့ရပြီးပြီ ..။

"သား .. ဒါ .. မေမေခင့်ရဲ့ .. ညီမလေးလို ထားရတဲ့ .. ပိုးဝါ .. သူ့ကို အန်တီဝါလို့ ခေါ်ပေါ့ .. ဒါက .. အန်ကယ် .. ဦးရန်အေး .. မေမေခင့် အတွက် အစ်ကိုကြီးတစ်ယောက် ဆိုပါတော့ကွယ် .. သူက .. မောင်နေဝန်းနီ့ ဥပဒေဘွဲ့ရတစ်ယောက်ပါ .. သူက .. ငွေပိုးမျှင် .. ဆယ်တန်းဖြေပြီးပြီ .. ဒါ .. မေမေခင့် တူနဲ့တူမတွေပဲ .. သားနဲ့လဲ .. မောင်နှမပေါ့ကွယ်၊ ကဲ .. အစ်ကိုကြီးရော .. ညီမလေးရော .. လက်တွေ့မြင်ပြီ မဟုတ်လား .. မမကြီးရဲ့ .. သား .. ဘယ်လောက် ရိုးတယ်ဆိုတာ .. ထမင်းပွဲပြင်ပြီးပြီဆိုရင်တော့ .. တူတူ .. စားကြတာပေါ့ .."

ဟု မေမေခင် ပြောခိုက် သူ ထရပ်သည်။ ကိုယ်လေးညွတ်ကာ ..

"အန်ကယ့်ကိုရော .. အန်တီနဲ့ .. ဒီကညီလေး .. ညီမလေးကိုရော .. တောင်းပန်ပါရစေ .. ကျွန်တော် .. ရောက်ခဲ့ပြီးနေပါပြီ .. ရန်ကုန်က ဖုန်းကိုလဲ စောင့်ဖို့ကိစ္စ .. မြကြာယံကို ပြန်ရဖို့လဲ ရှိနေလို့ပါ .. ရန်ကုန်စက်ရုံက .. ဘာဘာဟန် .. ကျွန်တော့်ဆီကို .. ဒီနေ့ .. အလုပ်ကိစ္စဆက်ဖို့ ရှိနေပါတယ် .. ကျွန်တော် ဒီကိုလာရမယ်ဆိုတာ ကြိုမသိထားလို့ .. ဘာဘာဟန်ကိုလဲ .. မပြောထားမိခဲ့ရလို့ပါ .. ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ .. ညီလေး .. ကိုကြီးသူ



မယ်နော်၊ နောက်တော့လဲ .. ညီလေးနဲ့ ကိုကြီးတို့ .. မကြာမကြာ ဆုံဖြစ်ကြမှာပါ .. ဒီက ညီမလေးကိုလဲ .. ကိုကြီး .. ဖိတ်ပါတယ် .. ညီလေးနဲ့တူတူ မြကြာယံကို .. လာလည်ပါ .. အန်ကယ်နဲ့ အန်တီလဲ .. လာလည်ကြပါဦး၊ ရန်ကုန်စက်ရုံကိုလဲ လာကြဖို့ တစ်ဆက်တည်း ဖိတ်ပါတယ် ခင်ဗျာ .. ကျွန်တော်က .. ရန်ကုန်က မြကြာယံအထည်စက်ရုံကြီးမှာပဲ အနေများရတာပါ .. ခွင့်ပြုပါခင်ဗျာ .."

ဟု ပြောလည်း ပြောရ ..။ မျက်နှာပူ အနေခက်ရသည်မို့ .. ခွင့်ပန်ပြန်ခဲ့ရသည်က မြတ်မင်းသာပါတည့် ..။ သူ .. သူ .. ထမင်းတူတူ စားရမှာ ရှက်နေသည်။ အားလည်းနာနေသည်။ အထူးသဖြင့် .. ကောင်မလေးကိုသူ .. ရှက်လည်းရှက်နေရသည်။ အားလည်း နာနေရသည်တည့် ..။

သူ ချထားခဲ့သော ရွက်လှပန်းအိုးတွေ ရှိနေရာ ဆောတိကိုအောက်မှာပဲ ရပ်ထားပါသည့် ကားဆီသို့ တက်လုဆဲဆဲမှာပင် မေမေခင့် ရယ်သံက နောက်ပါးဆီမှာ ပေါ်လာပါ၏။ ဧည့်ခန်းဆီမှာ .. မေမေခင်သည် .. သူ့အကြောင်းပြော၍ ရယ်နေချေလောက်ပြီဟု နားလည်နေမိရသည့်အဖြစ်။

တစ်ခုတော့ သူ ဝန်ခံမိရပါပြီ ..။

ငွေပိုးမျှင် ..။ လှလိုက်သည့် ကလေးမ ..။ တစ်ခါမြင်ရုံမျှဖြင့်ပင် .. ရင်ထဲ အေးချမ်းနေရလောက်အောင် .. မမေ့နိုင်ရလောက်အောင် .. လှလိုက်ပါသည့် မိန်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



စောစောကပဲ သူ .. လွှတ်ခနဲ .. တွေးမိရပါသော အတွေး ..။ ချောမွေ့မွေ့ မျက်နှာလေး ..။ ဩော် .. လမင်း တစ်မင်းနှယ် ရှိလိုက်ပါသည့် အလှတရားများဖြင့် ထုံမွှမ်းထားပါသည့် ကောင်မလေး ..။

ဤမိန်းကလေးနှင့် .. သူ့ကို .. မေမေခင်က .. နေရာချပေးချင်သည်ဆိုလျှင် ..။

ဩော် .. သူ .. သူ .. မငြင်းနိုင် ..။ ငြင်းနိုင်စွမ်းမည်မဟုတ် ...။

အေးမြသော အလှတရားများဖြင့် .. ထိုမိန်းကလေးသည် .. သူ့ကိုပြုစားထားလိုက်နိုင်ခဲ့ပြီ ..။ ဖမ်းစားညို့ငင်ထားလိုက်နိုင်ခဲ့ပြီ .. ဟု .. သူ .. သူ .. ဝန်ခံမိလိုက်ရပါပြီတည်း ...။

ဤမျှ .. အေးချမ်းသိမ်မွေ့သော မိန်းကလေးတစ်ယောက်သည် .. သူ့ဘဝကို .. ဘယ်သောအခါတွင်မှ .. လောင်မြိုက်ခြင်း ဖြစ်တည်စေမည် မဟုတ် ..။ ဤမျှဖြူစင်သော မျက်နှာ၏ အရှင်သခင် .. ဩော် .. လမင်းမျက်နှာ .. ပန်းမျက်နှာလေးနှယ် .. သိမ်မွေ့အေးချမ်းပါသည့် ကောင်မလေးတစ်ယောက်သည် .. သူ့ဘဝဖော်အဖြစ် .. ရှိခွင့်ရခဲ့လျှင် ..။ သူ့ကို .. ဘယ်သောအခါတွင်မျှ .. သောကဆိုတာ ဖြစ်ပေါ်ဖြစ်တည်စေလိမ့်မည်မဟုတ် ..။

ဤသို့ .. သူ ယုံကြည်နေမိရသည်။

ဩော် .. ယုံကြည်နေမိရချေသည်ကော .. မွေ့ပိုင်ငယ် .. ..။



ချောမွေ့မွေ့မျက်နှာ .. လမင်းမျက်နှာ .. ပန်းမျက်နှာလေးသည် .. သူနှင့်အတူ ပါလာပါချေ၏။ သူ၏ .. နှလုံးအိမ်တွင်းဆီမှ .. ပါလာပါချေသည်တည့် .. ..။

လှပစွာ ထုဆစ်ထားသော ပန်းပုသွင်ဇာ ရုပ်ထုငယ်လေးသည် .. သူ့နှလုံးအိမ်ဆီဝယ် ပါလာပါချေပြီ ဆိုတာကို .. သူ .. ကြည်နူးချမ်းမြေ့စွာပဲ .. ဝန်ခံလိုက်မိရပါချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မျက်ရည်စကိုသုတ်ရင်း အားယူပြုံးပြလာပါသည် ဒေါ်ခင်ခင်ကြီးကို ငေးခနဲကြည့်ရင်း ဦးရန်အေးနှင့် ဒေါ်ပိုးဝါတို့၏ မျက်နှာထက်တွင် ကရုဏာရိပ် ထင်၏။

ပဒုမ္မာမှာ နေ့လယ်စာရော ညစာကိုပါ စားခဲ့ကြ ကာ၊ ပြန်ခဲ့ရကတည်းက .. ဒေါ်ခင်ခင်ကြီး ဆိုတာ တကယ့်ကို သူတို့မိသားစုအပေါ် ခင်တွယ်ရှာ၊ ချစ်ရှာချေသည်ဟု ဦးရန်အေး နှင့် ဒေါ်ပိုးဝါတို့မှ လုံးဝကြီးကို ယုံကြည်သွားခဲ့ရပြီးခဲ့ပြီ ..။

ကျွေးသည့်ထမင်းပွဲသည် ဟင်းအမယ်များစွာ စားရမှာကိုပင် အားနာယူရလောက်အောင် ဂရုတစိုက်ကြီး ဂရုတစိုက်ကြီးလည်း ခပ်ခပ်ထည့်ကျွေးခဲ့လျက် .. ကိုယ့်ပန်း ထဲ ဟင်းထည့်ဖို့ပင် မေ့နေလောက်အောင် ရှိခဲ့ပါလေ ဒေါ်ခင်ခင်ကြီး၏ ပြုစုဂရုစိုက်မှုများကို ခံယူရရင်းဖြင့် မကောင်းနိုင်ပဲ ဖြစ်ခဲ့ကြရသည်က ဦးရန်အေးနှင့် ဒေါ်ပိုးဝါ



ဒေါ်ခင်ခင်ကြီး အဘယ်မျှထိ စိတ်ထက်တာ .. မာနကြီးတာ သိခဲ့ကြရသူများပေမို့ ..။ ထိုထမင်းပွဲမှာ အရမ်းကို ပြုစုဂရုစိုက်မှုများ ပြုခဲ့ပါသော ဒေါ်ခင်ခင်ကြီးသည် မိမိ၏မာနအားလုံးကို အရှုံးအားဖြင့် နားလည်ခဝါချလိုက်သူ တစ်ယောက်ပင် ဖြစ်ချင်းမက ဖြစ်ခဲ့ချေသည်ကော .. ဟု နားလည်ခဲ့ကြရသည် မဟုတ်ပါလားလေ ..။

နောက် .. သုံးရက်ပင် မကြာ ..။ ဒေါ်ခင်ခင်ကြီးသည် ဒရိုင်ဘာ ဦးမောင် မောင်းနှင်ပို့ပေးပါသော ကားဖြင့် ရောက်လာခဲ့လျက် ..။

အိမ်၏ဧည့်ခန်းဆောင်မှာ .. ဘဝဖြစ်စဉ်များကို အားလုံးလည်း ပြောပြ ..။ မျက်ရည်လည်းကျနှင့် ရှိခဲ့ရှာခြင်းပါ ..။

နေဝန်းနီကတော့ လူကြီးတွေ စကားဝိုင်းထဲ ဝင်မကောင်းတာမို့ ခြံထဲဆင်း၍ စာဖတ်နေသည်။ ငွေပိုးမျှင်ကတော့ လက်ဖက်ရည်ပွဲ မုန့်ပွဲလေး ချပေးစဉ်ခိုက်မှာ မြင်ခဲ့ရပါသော ဒေါ်ခင်ခင်ကြီး၏ မျက်ရည်စက်များ စွန်းထင်းနေသည့် မျက်နှာခန့်ခန့်လှလှကြီးကို ရင်ထဲစွဲသွားရ သနားသွားရလျက် ခြံထဲလိုက်ဆင်းခဲ့ခြင်းပါ။ နေဝန်းနီကတော့ ခပ်ငိုင်ငိုင် တစ်ချက်တွေးနေရာမှ ..

"ငါတော့ .. ဒီအဘွားကြီး အကြောင်းတစ်ခုခုနဲ့ အိမ်ကို လာတာပဲလို့ ထင်နေတယ် မိငွေပိုး .. ငွေပိုး ဘယ်လိုထင်လဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ ငွေပိုးမျှင် ဘာမျှပြန်မဖြေတတ်။ ရင်ထဲရှိတာ တစ်ခုပဲ ရှိသည်လေ။ မေမေကြီး ဒေါ်ခင်ခင်ကြီးကို သနားနေမိသည်ပါပဲ ..။

"ငါက .. ယောကျ်ားလေး .. အဲဒီစကားဝိုင်းကို စပ်စုလို့ မကောင်းဘူးဟ .. ညည်း .. နောက်ဖေးပေါက်က ပြန်ဝင် .. ခန်းဆီးကွယ်က ချောင်းနားထောင်ဟာ .. ငါ .. ရင်ထဲမှာ သိနေတယ် .. အကြောင်းရှိနေတယ် သိလား .. သူ ဂရုစိုက်နေတာတွေက .. ဟိုနေ့ကတည်းက .. ငါ့ရင်ထဲကို .. တစ်မျိုးဖြစ်စေတယ် .. ဂရုစိုက်တာကြီးက .. အလွန်အမင်းကို .. ပိုနေတယ် ငွေပိုးလေး .. တစ်မျိုးပဲဟာ .. ဘာတစ်မျိုးလဲတော့ ကိုကိုလည်း မပြောတတ်ဖူး.."

ဟု ပြောလာတော့ ငွေပိုးမျှင်မှ ဘေးမှာထိုင်နေရင်းမှ ..

"မေမေက ပြောပါတယ် ကိုကိုရဲ့ .. ဟိုငယ်တုန်းက .. မေမေ့အပေါ် အရမ်းကို နိုင်စားခဲ့တော့ .. တောင်းပန်ချင်တာလဲ ပါမယ် .. စိတ်ထားပြောင်းပြီး .. တကယ့်ကို .. ချစ်ချစ်ခင်ခင် နေလိုတဲ့ ဆန္ဒလဲပါမယ်တဲ့ .. သူ့မှာက .. အရမ်းကို .. အထီးကျန်နေသလိုပဲတဲ့ .. ငယ်တုန်းက .. မေမေ့အပေါ် အတော်ကြီးကို နိုင်စားခဲ့တာဆိုတော့ ခုလို .. အရွယ်ရလာချိန်မှာ .. အများအတွက် .. တောင်းပန်ချင်နေတာ ဖြစ်မယ်တဲ့ .. အဲသလိုတော့ ပြောပါတယ် .."



နေဝန်းနီ မျက်မှောင်လေးတွန့်၍ အတန်ကြာငြိမ်နေသည်။ ရောင်စုံရှက်လုပင်တွေက အရွက်တို့၏ အလှကို ဝင့်ကြွားလျက် ..။ နှင်းဆီပင်လေးတွေက အပွင့်၏အလှကို ခေါင်းမော့ကြွားနေကြသည်ပဲဟု ဥယျာဉ်ဘက်ကို ငေးကြည့်ရင်း တစ်ချက်ငြိမ်သက်သည်။ အလှချင်း မတူနိုင်သော အလှတရား ..။ နှင်းဆီ၏ အလှဆိုတာက .. ဒေါ်ခင်ခင်ကြီး၏ ဘဝနှင့်တူသည်။ ရှက်လု၏ အလှဆိုတာက .. မေမေ့ အလှနှင့်တူသည်။ ထိုအလှနှစ်ခုသည် ဘဝနှစ်ခု၏ ခြားနားမှုကို ပြချေသည်ပဲလေ။ နှင်းဆီ၏အလှကို တန်ဖိုးကြီးကြီး ထားတတ်ကြသည် မဟုတ်ပါလားလေ ..။

မေမေ ဆိုတာက .. ပဒုမ္မာအိမ်ကြီးမှာ .. အစေအပါးတစ်ယောက်အဖြစ် ရှိခဲ့ရသည့် ဘဝ ...။

"ကဲ .. ညီမလေး .. သွား .. ချောင်းနားထောင်ဟာ .."

မကောင်းသည့် အလုပ်မှန်း သိနေပေမယ့် .. ထိုအလုပ်ကိုပဲ တိုက်တွန်းမိသည်က နေဝန်းနီပါ။ တစ်ခုခုတော့ ထူးခြားမှု ရှိကိုရှိရမည်ဟု အလိုလို သိနေသည်။

ငွေပိုးမျှင်မှာ အစ်ကိုလုပ်သူ ခိုင်းတော့လည်း ထုံးစံအတိုင်း မငြင်းဆန်တတ်စွာပဲ နောက်ဖေးပေါက်က ပြန်တက်ရ..။ ဧည့်ခန်းနှင့် ထမင်းစားခန်းကြားမှာ ရှိနေပါသော တံခါးခန်းဆီးကွယ်မှာ ကိုယ်လေးရို့၍ ရပ်ရင်း နားထောင်ရနှင့်ပါ။

"မမကြီးရဲ့ဘဝကိုတော့ အားလုံးပြောပြလိုက်ပြီ .. မမကြီးမှာ သားရင်း သမီးရင်းရယ်လို့ကတော့ မရှိတာ အမှန်ပဲ ..

www.burmeseclassic.com

www.burmeseclassic.com



သားကြီးမြတ်မင်းသာက ကိုအုပ်စိုး မွေးစားတဲ့သားပါ .. လူလိမ္မာလေးပါကွယ် .. မျိုးရိုးလဲသန့်ပါတယ် .. မပန်းသင်လေးကတော့ .. အစ်ကိုကြီး ကိုအုပ်စိုးရဲ့သမီးရင်းလေးပါပဲ .. သူ့နောက်အိမ်ထောင် မမွေးထုံနဲ့ ရတဲ့သမီးလေး .. သူ့ကို မိန်းကလေးပေမို့ .. မမကြီး အအုပ်အထိန်း ဂရုစိုက်လွန်းရတာမို့ .. ကလေးဘက်ကတော့ မြင်မှာပေါ့လေ .. မိထွေးမို့ .. ရက်စက်တယ်လို့ .. တကယ်ကတော့ .. မမကြီးရဲ့ လက်ထဲမှာ .. သူ့ဘဝလေး အစွန်းအထင်းတစ်ခုတောင်မှ အဖြစ်မခံနိုင်တာကြောင့်ပါ .. တစ်နေ့တော့ သူ နားလည်လာမှာပါ ပိုးဝါရယ်၊ မမကြီးဟာ တစ်ချိန်တုန်းက .. မာကျောတဲ့ ခင်ခင်ကြီးအဖြစ် ရှိခဲ့ရတာ မှန်ခဲ့ပေမယ့် .. ခုအချိန်မှာတော့ .. မမကြီးရဲ့နှလုံးအိမ်ဟာ လောကဓံအထုအထောင်းကြောင့် မွမွကြေနေရတာပါကွယ် .. မာန်တင်းလို့ .. အရင်တုန်းကလိုပဲ .. ဘဝကို .. အပေါ်စီးကနေပြီး ကြည့်နေဆဲဖြစ်တဲ့ ခင်ခင်ကြီး ပုံစံမျိုးဖြစ်အောင် မနည်းကြိုးစားနေရတာပါ .. အဲသလိုမှ မနေရင် .. လူတွေက .. မုဆိုးမ .. ခင်ခင်ကြီးကို နိုင်စားသွားကြမှာပေါ့ .. အနိုင်ယူသွားကြမှာပေါ့ .. မမကြီး ဆက်ပြီးအုပ်ထိန်းနေရတဲ့ .. ဆန်စက်တွေ .. လယ်ယာတွေ .. အဲဒီလုပ်ငန်းတွေကို .. လူယုံရသူနဲ့ လက်လွှဲလုပ်ကိုင်စေရတာ .. မမကြီး .. ဒီလိုမာန်တင်းပြီး ခပ်တင်းတင်း မနေပြရင် .. မမကြီး .. ဒုက္ခရောက်မှာပေါ့ ..”



ခန်းဆီးအကွယ်လေးမှ အသာလေး လက်ညှိုးလေး အသာထိုး၍ ဖွဖွလေး ချောင်းကြည့်တော့ မျက်ရည်သုတ်နေတာကို မြင်ရသည်။ ဒေါ်ခင်ခင်ကြီး ဆိုတာ .. ဖေဖေနှင့် မေမေ့ရှေ့ကျ တော့လည်း မျက်ရည်သွန်ကျနေရှာသည်ကော .. ဟု သနားမိရ ပြန်သည်။

ရင်ဖွင့်ချလိုက်ခြင်းပေပဲ .. ဟုလည်း စာနာမိရပြန် သည့်အဖြစ်။ ဖေဖေနှင့် မေမေကတော့ ငေးကြည့်နေပါ၏။ နောက်တော့ .. မေမေ .. ဒေါ်ခင်ခင်ကြီး အားမှာ သွားထိုင်ပါ၏။ မေမေကြီး ဒေါ်ခင်ခင်ကြီး၏လက်ကို ခပ်ဖွဖွ ထွေးဆုပ်ခိုက်မှာ .. တ်ကို အားလုံးလျှော့ချလိုက်ပုံဖြင့် ဒေါ်ခင်ခင်ကြီး၏ ကိုယ်နွဲ့နွဲ့ သည် မေမေ့ရင်ခွင်ထဲ ပြိုကျသွားကာ ရှိုက်ငင်ငိုချလိုက်ရှာပါပြီ တည်း။

“မမကြီး ဝင့်ဆိုက်တာ .. မိဝါရယ် .. ဝင့်ဆိုက်တာ ..”

ဟု အသံအက်အက်ဖြင့် ပြောသံက ရှိုက်သံဖြင့် နေသည်။ မေမေကိုယ်တိုင် မျက်ရည်လိုက်ကျနေတာကို ည်း ငွေပိုးမျှင် မြင်နေရသည်။ မေမေကြီး၏ ကျောပြင်သိမ့် ါနေတာကိုလည်း မြင်နေရသည်။ ကြည့်နေရင်း .. ကြည့်နေ ဖြင့် .. ငွေပိုးမျှင် မျက်ရည်လိုက်ကျလာရပါ၏။ ငွေပိုးမျှင် ာ စိတ်ထားနုနုလေးဖြင့် အရမ်းကို အေးချမ်းသူလေးပေမို့ .. ည်စက်တွေ ပြိုကျနေကြပါသည့် မေမေကြီးနှင့် မေမေ့ ရစဉ်ခိုက် ရင်ထဲဘယ်လိုမှ တင်းမခံသာ ..။ လိုက်၍ .. း လိုပဲ မျက်ရည်ကျကျလာရသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"မမကြီးကို .. စောင့်ရှောက်ကြပါကွယ် .. ပစ်မထားကြ
ပါနဲ့ .."

ဟုပြောနေရင်းမှ ခြုံထားပါသော လျှော်တဘက်နှ
ဖြင့် မျက်ရည်ကို ဖွဖွသုတ်နေပါသည့် မေမေကြီးကို .. ငွေပိုးမျှင်
ဖြင့် အိမ်မှာပင် ခေါ်ထားလိုက်ချင်တော့သည်ပါပဲ ..။

ဒါဆို .. မေမေကြီးနှင့် တူတူအိပ်နိုင်သည်။ မေမေ
ကြီး၏ ရင်ခွင်ထဲ တိုးဝင်၍ စကားထွေရာများကို ညဘက်အိပ်
ဝင်ချိန်တိုင်းမှာလည်း ပြောနေနိုင်သည်။ ဒါဆို .. မေမေကြီး
အဖော်ရချေမည်ပေါ့ ..။

"အင်း .. မမကြီး လာရင်းကိစ္စကိုလဲ ပြောပြချင်နေသေး
တယ်၊ ဒါပေမဲ့ .. မရဲပြန်ဘူးကွယ် .. တစ်ဖက်ကလဲ
ဝတ္တရားရှိနေပြန်တယ် .."

ကိုယ်ကိုပြန်မတ်။ ဆိုဖာကျောမှီမှာ ကျောကို
လိုက်ပြီးမှ စိတ်ကို ပြန်ထိန်းယူသည့်အသွင်ဖြင့် ခေတ္တငြိမ်နေ
သော မေမေကြီး၏ နှုတ်ဖျားဆီမှ ခပ်လေးလေးပြောသံ ပေါ်
ပြန်ပါ၏။ မြင်ကွင်းကျဉ်းကျဉ်းလေးအဖြစ် တံခါးခန်းဆီးကွယ်
ဆီမှ ခန်းဆီးလေးကို လူမသိအောင် လှစ်ဟခိုးနားထောင် နေရ
ဆိုတာကိုပင် ငွေပိုးမျှင် မေ့နေရပါ၏။ မေမေကြီး ဘာတွေ
ပြောနေချင်ရှာပါလိမ့် .. ဟု သိလိုဇောလေးကြီးလာရသည်ပါပဲ ..

"ပြောပါ မမကြီးရယ် .. မိဝါ .. နားထောင်ပါ့မယ်
မောင်ကလဲ .. မမကြီးအတွက်က .. အစ်ကိုကြီး တစ်ယော
လိုပဲ မဟုတ်လား .. မမကြီးမှာ ဘာများ အခက်အ
နေသေးလဲဟင် .."



ငွေကြေးအခက်အခဲဟုတော့ မေမေ ထင်မည်မဟုတ်
ငွေပိုးမျှင် တွေးမိသည်။ မေမေကြီး ဆိုတာ အရှိမ်းကို ချမ်း
နေသည် ဆိုတာကိုတော့ .. ပဒုမ္မာမှာ ထမင်းသွားစားရစဉ်
တည်းက .. စိန်တွေ မွမ်းနေအောင် ဆင်ထားတာတစ်ခုဖြင့်
သိသာနေသည်ပဲလေ ..။ မည်သည့် အခက်အခဲသည် မေမေ
ထံမှာ ရှိနေပါချေသည်လဲ။

"သားရဲ့အဖေ .. ကိုကြီးအုပ်စိုးက .. သူ့သားကို ..စာရေး
ထားတယ်လေ .. သားကြီးက .. အရွယ်လည်းရောက်ပြီ..
ပညာလဲပြည့်စုံ .. စက်ရုံကြီးကိုလဲ နိုင်နိုင်နင်းနင်း အုပ်
ချုပ်နိုင်ပြီဆိုတော့ .. သမီးမပန်းသင်လေးကို .. ရန်ကုန်ကို
ခေါ်သွားဖို့ပါ .. အေးလေ .. ဘာပဲဖြစ်ဖြစ် .. အစ်ကိုကြီး
ဟာ ပုထုဇဉ်ပီပီ .. သူ့သမီးလေးကိုတော့ .. မီထွေးနဲ့ထား
ခဲ့ရတာပဲ .. ဆိုပြီး .. နောက်ဆုံးတော့ တင်းခဲ့ရှာမှာပေါ့
လေ .. မမကြီး အပြစ်မတင်ရက်ပါဘူး .. သူ့အဖေရဲ့
ဆန္ဒ .. မမကြီး .. မတားပါဘူး .. ထည့်ပေးလိုက်မှာပါ..
ဒါပေမဲ့ .. သားနဲ့ မပန်းသင်လေးဟာ .. တကယ်တမ်းကျ
တော့ .. မောင်နှမ အရင်းအချာတွေ မဟုတ်ကြဘူးလေ..
တူတူနေကြတာကို .. ကြာရှည် .. ဘေးလူ .. အင်း ..
အတွင်းသိလူတွေကြောင့် .. အပြောအဆို ခံရနိုင်တယ်..
သူတို့မောင်နှမ .. တကယ့်ကို .. အရင်းလို ချစ်ကြတာပါ..
ဒါပေမဲ့ .. ဘေးက .. ဝန်းကျင်က .. သွားပုပ်လေလွင့်
ပြောရင် .. မပန်းသင်လေးလဲ မကောင်းဘူး .. သားကြီး..

www.burmeseclassic.com

www.burmeseclassic.com



လူလိမ္မာလေးလဲ .. မကောင်းဘူး ဖြစ်ရမယ် .. အဲ
မမကြီးက .. သားကြီးကို အိမ်ထောင်ချပေးချင်နေတာ
သူ မြတ်နိုးသူ မဟုတ်ရင်လဲ .. မဖြစ်ပြန်ဘူး .. အဲသ
ဖြစ်နေတာမို့ .. သားကြီးကိုတောင်မှ .. အဲဒီအိမ်ထေ
ရေးကိစ္စ .. မပြောပြဖြစ်ခဲ့သေးဘူးလေ .."

ဒေါ်ခင်ခင်ကြီး တစ်ချက် နားသည်။ တကယ်
သားဖြစ်သူကို အိမ်ထောင်ချပေးလိုသည် ဆိုတာကို .. ကိုယ့်အ
က ပြောထားပေမယ့် .. ခုလိုအချိန်မှာတော့ .. မပြောထားရ
သည့်နှယ် ပြောဖို့လိုအပ်သည်လေ ..။

ပဒုမ္မာသို့ .. ထမင်းစား ဖိတ်ခြင်းသည် .. မည်သ
မျှော်ကိုးချက်နှင့်မျှ မဟုတ်ဟု .. ဦးရန်အေးနှင့် ဒေါ်ပိုးဝါတို့ဘ
ယုံကြည်ထားကြဖို့ အလွန်တရာကိုမှ အရေးကြီးသည် မဟု
ပါလား ..။

ဒေါ်ခင်ခင်ကြီး၏ အကြည့်က ခန်းဆီးလေး
ခတ်ခတ် ဖြစ်ချင်နေတာကို ဖျတ်ခနဲ မြင်ရသည်မို့ ကြည့်လို
တော့ .. လက်ချောင်းလေး တစ်ချောင်းက ခန်းဆီးလေးကို
မသာလေး လှစ်ဟထားတာကို မြင်ဖြစ်သည်။ ရင်ထဲတွင်ကျိ
ပြုံးမိရပါ၏။ ဤလက်ချောင်းဖြူဖြူလေးသည် ငွေမိုးမျှင်၏ လ
ချောင်းလေးပဲ ဖြစ်ရချေမည် ဆိုတာ အတိအကျကြီးကိုပဲသိလ
ရပါ၏။ အကြည့်ကို ချက်ချင်း ပြောင်းလိုက်မိရလျက်မှ တစ်ချ
လည်ချောင်းရှင်းမိရပါ၏။ အပြောခက်နေဟန် ..။ အားနာ
ဟန် ..။ အားလုံးကို မိမိရရကြီး လုပ်ပြနိုင်ဖို့ လိုသည်။



"အဲဒီမှာကွယ် .. သားကြီးက .. ဟိုနေ့ညက .. မမကြီးကို .. စကားလာပြောတယ် .. ထူးထူးဆန်းဆန်းစကား .. မမကြီး အလွန်တရာကိုမှ .. ကြည်နူးချမ်းမြေ့သွားစေရမယ့်စကား .. သူက .. သူက .. ဘာပြောတယ် ထင်သလဲ ပိုးဝါလေး .. အလွန်ရှက်တတ် .. ချစ်သူရယ်လို့လဲ မရှိအောင် ရိုးလဲရိုးတဲ့ သား .. အလုပ်ကိုပဲ အာရုံစိုက်တဲ့ သား .. တစ်ခါတည်း .. ရင်ထဲက .. အဖြစ်တွေကို .. မျိုသိပ်မထားနိုင်ရှာပဲ .. လာပြောရှာတယ်လေ .. ပြောနေရင်နဲ့ကို .. မျက်နှာကြီး ရဲနေတာ .."

ဟု ပြောပြီး ဒေါ်ခင်ခင်ကြီး ခပ်တိုးတိုး ရယ်သည်။
ကိုချစ်သော မိခင်တစ်ယောက်၏ ချစ်စနိုး ရယ်လိုက်သည့်
ယ်နှင့် တူနေသည့်အဖြစ်။

ဖျတ်ခနဲ လင်းလဲ့လာသည်ကလည်း .. မျှော်လင့်
များဖြင့် ပြည့်ဝနေသည့် အရိပ်များပါတည့် ..။ ထိုအရိပ်များ
.. မျက်ဝန်းဆီဝယ် ဖျတ်ခနဲ ဖျတ်ခနဲ ရိပ်ရိပ်ပါအောင် တိုး
ာနေသည်။ ကလဲ့စား .. ဆိုသည့် အရာတစ်ခုကို .. ပြီးမြောက်
အတွက် .. စောစောပိုင်းက မျက်ရည်တွေကို ရင်းခဲ့ပြီ ..။
.. သားကိုချစ်သည့် အချစ်များအဖြစ် .. မျက်နှာထက်မှာ ထင်
နေစေဖို့ ကြိုးစားနိုင်ခဲ့ပြီ ..။

ရှေ့တွင်ရှိနေသော လူသားနှစ်ယောက်နှင့် တံခါးခန်း
ယ်လေးမှာ ရှိနေပါသည့်သားကောင် ကောင်မလေးတစ်
ာက်တို့၏ ရှေ့မှာ အလွန်တရာကိုမှ .. သားကိုချစ်သော
ာစ်ယောက်အဖြစ် .. ရှိနေရဖို့အတွက်ကို .. ဤအခြိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဓော့ အောင်အောင်မြင်မြင်ကြီးကိုပဲ .. သရုပ်ဆောင်ပြလိုက်
ပြီဟု မိမိဘာသာ ယုံကြည်လာနေမိရပါသည့် အဖြစ်။

"သူက .. ပဒုမ္မာမှာ ကြာကြာကို မနေရဲပဲ .. ပြန်လှည့်
ရှာတာ .. အဲဒါ .. ဘာကြောင့်လဲ သိလား .. သူ .. 
ကြီးခများ .. သမီးလေး ငွေပိုးမျှင်ကို မြင်မြင်ချင်း မေ
ရှိသွားတာနဲ့အမျှ အနေရခက် .. အထိုင်ရခက်နဲ့ .. 
ကြီးပီပီ .. ပြန်ပြေးတာ .. သားကြီးကပြောတယ် .. 
ကို .. ငွေပိုးမျှင်လေးနဲ့ စကားမြန်းပေးပါတဲ့ .. သူ .. 
မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး .. ရိုးမြေကျ သစ္စာ
ပေါင်းသွားပါ့မယ်တဲ့ .. အဲသလို လာပြောရှာတယ်

ခန်းဆီကွယ်လေးဆီမှ လက်ချောင်းလေး ဖြ
ပျောက်ကွယ်သွားတာကို မြင်ဖြစ်အောင် ဒေါ်ခင်ခင်ကြီး မြင်သ
ခန်းဆီးကွယ်လေးမှာ ငွေပိုးမျှင် ရပ်နေချေလိမ့်မည်ဟုတော့ 
မိပါ၏။ အမေဖြစ်သူ .. ဘာကို ဖြေမည်ဆိုတာလောက်ကိုတော
ထိုမျှအရှက်သည်းနေသော ကောင်မလေးတစ်ယောက်သည် 
နားထောင်နေချေဦးမည်သာ ..။ သိလိုဇောလေးလည်း ရှိနေ
ဦးမည်သာ ..။

ထိုအပျိုငယ်မလေးသည် .. စိတ်တွေလှုပ်ရှာ
လိမ့်မည်ဟုလည်း ဒေါ်ခင်ခင်ကြီး သိနေသည်။ ခန့်သန့်
ရုပ်ရည်ဖြင့် ရှိပါသော သားကြီးမြတ်မင်းသာကို .. စိတ်ဝင်
တစ်ရပ်အဖြစ် .. ခုအချိန်ကတော့ .. စကိုစဖြစ်လာချေလိမ့်
ဟုလည်း .. ငွေပိုးမျှင်နှင့် ပတ်သက်၍ .. ကိုယ့်ဘက်က .. 
ချလက်ချကြီးကို ယုံကြည်နေရပြန်သည်။



"ညီမလေးရယ် .. မမကြီးရဲ့သားနဲ့ .. ငွေပိုးမျှင်လေးနဲ့ .. နေရာချပါရစေ .. မမကြီးရဲ့ချွေးမလေးဟာ .. ညီမလေး ပိုးဝါရဲ့သမီးလေးပဲ ဖြစ်ထိုက်ပါတယ်ကွယ် .. ဖြစ်ချင်ပါတယ် .. မမကြီး အသက်ကြီးလာပါပြီ .. သမီးလေးတစ်ယောက်ရဲ့ ချစ်ခြင်းအောက်မှာ .. ကျန်ရှိနေတဲ့ သက်တမ်းလေးကို ဖြတ်သန်းပါရစေ .. နော် .. မမကြီးရဲ့ သားအတွက် .. မမကြီး တာဝန်ယူပါတယ် .. သူ .. လိမ္မာပါတယ် ညီမလေးရယ် .. ကိုရန်အေးကိုလဲ ... မကြီး တောင်းပန်ပါတယ် .. စိတ်လဲ မဆိုးစေချင်ပါဘူး .. သားရေး သမီးရေး ဆိုတာ ဒီလိုပဲ မြန်းရပြောရတာပါပဲ .. ဒါပေမဲ့ .. ခုမြန်းစကားဆိုရတာက .. အစ်မကြီးတစ်ယောက်က .. ညီမလေး တစ်ယောက်ရဲ့ သမီးလေးကို .. စကားမြန်းရခြင်းမျိုးပါ .. ချစ်လို့မြန်းတဲ့ စကားပါ ကိုရန်အေးရယ် .."

ဟု ဒေါ်ခင်ခင်ကြီး ခခယယ ပြောလာတော့ ဒေါက်တာဦးရန်အေးမှ သက်ပြင်းရှိုက်မိရပါ၏။ သားရေးသမီးရေး ကိစ္စဆိုတော့လည်း .. ချက်ချင်းကြီး အဖြေမပေးရဲပြန်။ ဒေါ်ခင်ခင်ကြီးကိုတော့ .. မယုံတာမျိုး မရှိဆိုပေမဲ့ .. ထိုမျှအထိ ပုံပေးလိုက်ရန် သင့်မသင့်ဆိုတာကိုတော့ ခပ်ဆဆတွေးငြိမ်နေရစဉ်ခိုက် ..

"မမကြီး .. ဒီပစ္စည်းတွေ တင်တောင်းပါတယ် ညီမလေးရယ် .. လက်ခံသည်ဖြစ်စေ .. မခံသည်ဖြစ်စေ .. ဒါကိုတော့ မငြင်းပါနဲ့ .. သားကို လက်မခံရင်လဲ .. ဒီစိန်တစ်စာဟာ .. ညီမလေးရဲ့ သမီးဖြစ်တာမို့ .. မမကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



တူမလေးကို ဆင်ပေးတဲ့ မမကြီးရဲ့ လက်ဆောင်ပစ္စည်း ရယ်လို့ မှတ်ပါကွယ် .. ကဲ .. မမကြီး ပြန်ပါ့မယ် .. ကိုရန်အေးနဲ့ ညီမလေးတို့ .. အေးအေးဆေးဆေး တိုင်ပင်ကြပါ .. ငြင်းမယ်ဆိုရင်လည်း ..အားမနာပါနဲ့ .. ငြင်းပါကွယ်၊ မမကြီးကတော့ .. ဒီနှစ်အိမ်ကို .. တစ်အိမ်တည်း တစ်သားတည်း ဖြစ်ချင်နေမိရတော့တာပါပဲ .. ဒါကတော့ .. မမကြီးရဲ့ .. အတွင်းစိတ်ထား မှန်ပါကွယ် .. မမကြီး .. အသက်လဲ ကြီးပါပြီလေ .."

ဒေါ်ခင်ခင်ကြီး မျက်နှာမကောင်းဘဲ ညှိုးသိမ်သိမ်လေး ပြောပြီး ထရပ်တော့ ဦးရန်အေးမှ ..

"ကျွန်တော်တို့ စဉ်းစားပါ့မယ် မမကြီး .. ကလေးသဘောထားကိုလဲ မေးရမှာမို့ပါ .. မမကြီးရဲ့သားကို .. ကျွန်တော်တို့ .. သိကြပါတယ် .. သူ လိမ္မာတယ် .. ရိုးသားတယ် ဆိုတာကိုပါ .. ဒါကိုတော့ ယုံပါ မမကြီး .. နောက် .. ဒီပစ္စည်းကိုလဲ လောလောဆယ်မှာတော့ ပြန်ယူသွားပါဦး .. နောက်မှ .. ဒီကိစ္စ .. ပြောဆိုကြတာပေါ့ ခင်ဗျာ .."

ဟု ဦးရန်အေး ပြောခိုက် ..

"မမကြီး .. တစ်ချိန်က .. မိုက်ရိုင်းခဲ့သမျှ .. ခုထိ .. မယုံနိုင်ကြတာလားကွယ် .. ညီမလေးရယ် .. မမကြီး .. ရင်ထဲ မချိလိုက်တာ .. မချိလိုက်တာ .. ဒီပစ္စည်းကိုတော့ ကျွန်မတူမကို .. ကျွန်မချစ်လို့ပေးတာ .. ဘာလို့ .. ရှင်တို့က ငြင်းနေကြရတာလဲ .."



ဟု မျက်ရည်ကျရင်း မခံနိုင်သလိုလေးလည်းဖြစ်။ ကြေကြေကွဲကွဲနိုင်နေပုံကြီးဖြင့် ပြောချလာတော့ မနေသာတော့သည်မို့ ...

"မောင်ရယ် ... ခဏဖြစ်ဖြစ် လက်ခံပေးထားလိုက်ပါ .. မမကြီး စိတ်ထိခိုက်နေချိန်ကြီးမို့ပါ ..."

ဟု .. ခုကျတော့ ဒေါ်ခင်ခင်ကြီးလူ လုံးလုံးကြီး ဖြစ်သွားရလောက်အောင် အသနားပိုနေရပါသော ဒေါ်ပိုးဝါ ပြောလာမိရပါပြီတည်း ..။

"ခဏပဲ ယူထားတာနော် မမကြီး .. ဒီလောက်တန်ဖိုးကြီးတာကြီးကိုတော့ .. ကျွန်တော်တို့ လက်ခံရမှာ ဝန်လေးနေတာတော့ အမှန်ပါပဲဗျာ .."

ဟု ဇနီးသည်ခေါ်သလို .. လိုက်၍ မမကြီးဟု ခေါ်ရပေမယ့် .. ဒေါ်ခင်ခင်ကြီးထက်တော့ ဦးရန်အေးမှာ ကြီးသူပါ ..။ ပစ္စည်းကိစ္စ ပါလာတော့လည်း ယောကျ်ားပီပီ မာနစိတ်ဖြင့် လက်မခံချင်သလိုတော့ ဖြစ်ရသည်သာ ..။ ဒါပေမဲ့ .. ချက်သည်က .. ဒေါ်ခင်ခင်ကြီးဆိုတာ ခေါင်းလျှိုချ၍ မျက်ရည်ကျရင်း ဝင်လာသည့် အထီးကျန်နေသော မိန်းမကြီးတစ်ယောက်အဖြစ် ရှိနေချိန်ကြီး ဖြစ်နေပြန်ပါ၏။

"တစ်ပတ်လောက်ကြာပြီးရင် .. မမကြီး .. ဒီကို လာပါ့မယ် .. အဖြေတစ်ခုကိုတော့ .. မမကြီး ယူပါရစေ .. နော် .. ကဲ .. မမကြီး ပြန်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဒေါ်ခင်ခင်ကြီးမှ ဒေါ်ပိုးဝါ၏ လက်လေးကို ခပ်ဖွဖွလေးဆုပ် ပြုံးပြရင်း နှုတ်ဆက်သည့်သင်္ကေတတစ်ခုအဖြစ် .. ခေါင်းကို ဖျတ်ခနဲ ညိတ်ပြလိုက်ပါ၏ ..။ သွားတော့မည် .. ဆိုသည့်သဘော ...။

ရင်ထဲမှာတော့ လှုပ်ခတ်လှုပ်ရှားနေခြင်းက ပြင်းထန်နေသည်။

နောက်တစ်ပတ်တွင်ရမည့် အဖြေဆိုတာက .. ကိုယ့်ဘက်ကပဲ .. ပါးနပ်စွာ ရက်သတ်မှတ်ပေးခဲ့ခြင်းပါ ..။

ထိုနေ့မှာ ရမည့်အဖြေသည် .. ဆိုးဝါးသော အဖြေတစ်ခု မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိရပါ၏။

ရက်များစွာ မဟုတ် ..။ နှစ်များစွာ .. ချို၍ .. ခံစားနေရပါသော .. လက်စားချေလိုခြင်းဆိုသည့် .. အရာတစ်ခုကို .. ဆုံးရှုံးမခံနိုင် ...။ ဒေါ်ခင်ခင်ကြီး၏ ခြေဖဝါးအောက်မှာ .. မှုန့်မှုန့်ညက်ညက်ကျေအောင် .. ခံစားနေရရင်းဖြင့် .. နလုံးအိမ်ကြေမွရခြင်းတည်းဟူသော ဝေဒနာသည် .. ရုပ်အားဖြင့် မမြင်ရပေမဲ့ .. အဘယ်မျှအထိ .. ပြင်းထန်နာကျင်စေတတ်သည်ဆိုတာလောက်ကိုတော့ .. ထိုလက်စားချေမှုကြီးက .. ဒေါက်တာရန်အေးနှင့် အစေခံ .. မိပိုးဝါတို့ကို သင်ခန်းစာ ကောင်းကောင်းကြီးပေးပါချေမည့် ကာလကို .. ရောက်ကိုရောက်စေချင်သည့်ဇော ..။ ထိုဇောသည် .. ရင်ကို အုံကျင်းဖွဲ့၍ မုန်တိုင်းနှယ် မွှေနေဆဲ ..။

ထိုပွဲမှာ .. သားကောင်အဖြစ် .. ရှိနေရစေသည်ကနဖန့်သော .. ငွေပိုးမျှင်ဆိုသည့် မိန်းကလေးပါတကား ...။



ဒေါ်ခင်ခင်ကြီးဆိုသည့် မိန်းမတစ်ယောက်သည် .. ခင်ခင်ကြီးဆိုသည့် .. အပျိုစင်ငယ်ထွေး ဘဝတုန်းက .. ချစ်ခြင်းနှင့် ပတ်သက်၍ .. လှူးနေအောင် .. ရှုးနေအောင် ခံစားခဲ့ရလေသမျှ ..။ ငွေပိုးမျှင်ဆိုတာလည်း ခံစားရချေမည် ..။ ထိုအခါ .. ဦးရန်အေးနှင့် ဒေါ်ပိုးဝါ .. မည်သို့ ရှိချေမည်တဲ့လဲ ..။ ထိုပွဲကို အရသာခံ၍ .. အထူးတန်းမှ ကြည့်နေသူအဖြစ် .. ရှိချင်သည် ..။ နလုံးအိမ်ရှိ .. ဩော် .. မွမွကြေနေသော နလုံးအိမ်ရှိ .. အထူးတန်းနေရာတစ်ခုဆီမှ .. ကြည့်နေလိုက်ချင်ပါချေသည်တည့် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"ဘာပဲဖြစ်ဖြစ် .. မောင်တို့ စဉ်းစားကြဖို့တော့ လိုမယ် ဝါလေး .. အဲဒီသူငယ်လေးက .. မြင်မြင်ချင်း ချစ်မြတ်နိုး တယ်ဆိုတာ .. ဒေါ်ခင်ခင်ကြီး အံ့ပြောတစ်ခုပဲ ရှိနေတာ .. ပြီးတော့ .. လက်ဝတ်လက်စားတွေကိစ္စကလဲ ပါလာသေး တယ် .."

နံနက်စာ ကော်ဖီပွဲအပြီးမှာ ပန်းခြံလေးထဲ လမ်းတူတူ လျှောက်ဖြစ်ရင်း ဦးရန်အေး ပြောစဉ်ခိုက် ဒေါ်ပိုးဝါ ခပ်ငေးငေး လေး ပန်းပွင့်တွေကို ငေးကြည့်ငြိမ်ကျနေပါ၏။ ဘာကြောင့်ရယ် မသိ။ မမကြီးကို သနားနေတာသပ်သပ် ..။ ရင်ထဲ လေးချင်နေ သည်ကလည်း သပ်သပ် ..။ ပြီးတော့ .. မမကြီးကို သနားစိတ် ဖြင့် မငြင်းရက်ဘဲ ဖြစ်နေရသည်ကလည်း သပ်သပ် ..။ လက်ခံ လိုက်ရမှာကျတော့လည်း ရင်ထဲ လေးချင်နေပြန်သည့်အဖြစ် ..။ ဘယ်လောက်ပဲ သနား။ ယုံ .. ယုံ ..။ သမီးကို အပ်လိုက်ရမည့်



ကိစ္စဆိုတော့လည်း ဒေါ်ပိုးဝါလည်း ရင်ထဲ လေးချင်သည်။ တစ်ဖန် .. လေးနေသည့်ကြားထဲမှပင် .. မျက်ရည်တွေ တကျကျဖြင့် အောက်ကျို့ခြင်းမက အောက်ကျို့ရှာ ..။ တူမလေးပေမို့ .. စိန် တစ်ဆင်စာကို ဆင်သည့်သဘောပင် ပြောသွားရှာပါသည့် .. မမကြီးကို .. သနားမိရပြန်။ ယုံကြည်စိတ်ဖြင့် လိုက်လျောချင် လိုက်ရပြန်ပါ၏။ ပစ္စည်းကြောင့် မဟုတ် ..။ စိန်တစ်ဆင်စာဆို သည့် တန်ဖိုးကြီးကြီး လက်ဝတ်ရတနာများကိုပင် ပုံအပ်သွား သည်အထိ .. ငွေပိုးမျှင်လေးကို ချစ်သည်ဆိုသော ချစ်ခြင်းကို မျက်ကွယ်ကြီး မပြုထားရက်စိတ်ဖြင့်ပါတည် ..။ ဟုတ်သည်လေ။ ကိုယ့်ဘက်က .. မြတ်မင်းသာနှင့် သဘောမမျှပါဆိုလျှင်သော်မှ .. ထိုစိန်တစ်ဆင်စာကြီးကို ပြန်မယူတော့ပါ .. ဟု ပြောခဲ့သည် မဟုတ်ပါလား။ မေတ္တာစကားချည်းသက်သက်ပင် ဖြစ်နေသေး သည့်အဖြစ်ပေမို့ .. ခေါင်းခါအဖြေတစ်ခုကို ပေးလိုက်ရမှာကျတော့ လည်း မမကြီး၏ မေတ္တာကို ဥပေက္ခာအပြုကြီးပြုရာ ရောက်နေ ပြန်သည့်အဖြစ်။

"အင်း .. ခက်တော့တာပါပဲ မောင်ရယ် .. လက်ခံရမှာ ကျတော့လဲ .. ဝါလဲ .. စိတ်ထဲ လေးတယ် .. ငြင်းရမှာ ကျတော့လဲ .. ရင်ထဲ မကောင်းပြန်ဘူး .. မမကြီး အရမ်း မာနကြီးတာ မောင်လဲ အသိ .. ဝါလဲ အသိပါ .. ခုဥစ္စာ က .. မမကြီးခများ .. အိမ်ထိကို လာရှာတာပါ .. သူ့ခင်း လဲ ထမင်းဖိတ်ကျွေးရ .. ဘာရယ်နဲ့ ရှိခဲ့ရှာတာပါ .. မြတ်မင်းသာဆိုတာက .. မမကြီး မသိဘဲ အိမ်ပြန်ရောက် လာတဲ့ သားပါ .. သားနဲ့ စကားမြန်းချင်ပို့ဆိုတဲ့ မျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်ချက်နဲ့ ထမင်းဖိတ်ကျွေးတာမျိုးလဲ မဟုတ်ဘူးဆိုတာ မောင်ရော .. ဝါရော သိထားကြရတဲ့အဖြစ်ပါ .. ခုက .. မောင်မြတ်မင်းသာက .. သမီးလေးကို မြတ်နိုးလို့ စကားလာမြန်းခိုင်းလို့ မြန်းရတာမျိုး ဖြစ်နေတယ် မောင် .. ကြိုတင် စီစဉ်ထားနှင့်တဲ့ ကိစ္စမျိုး မဟုတ်တော့ .. မရိုးသားမှု ဘာတစ်ခုမှ မပါဝင်တဲ့ စကားမြန်းလာမှုလို့ .. ဝါတို့ နားလည်ထားရမှာမျိုး ဖြစ်နေပြန်ရော မောင်ရယ် .. ငြင်းလိုက်ပြန်ရင်လဲ .. မမကြီး အရမ်းကို စိတ်ထိခိုက်မှာ .. ဒါပေမဲ့ ... လက်ခံရမှာကျတော့လဲ သွေးထဲက လန့်နေသလို ဖြစ်နေပြန်တယ် .. အဲဒါက .. တစ်သက်လုံးမှာ .. မမကြီးကို လန့်ခဲ့တဲ့ အိမ်ဖော် မိဝါဆိုတဲ့ အစေခံတစ်ယောက်ရဲ့ ထိတ်လန့်နေမှုဆိုတဲ့ အရာပါပဲ .. မမကြီး .. အရမ်းကို စိတ်ကြီးတာ ဝါ သိထားတယ်လေ .."

ဟု ပြောနေရင်း ဒေါ်ပိုးဝါ မျက်နှာထက်တွင် ညှိုးသိမ်သော ခံစားမှုများ စွန်းထင်းထိုးကျလာပါ၏။ အားငယ်စိုးရွံ့သော အစေအပါး မပိုးဝါ ဆိုသည့် မိန်းကလေးတစ်ယောက်၏ မျက်နှာမျိုး ဖြစ်လာနေသည်။ မမကြီးကို လန့်နေရသော ပိုးဝါ၏ မျက်နှာလေး ပြန်၍ထင်းလာသည့်နှယ်ပါတကား ...။

"အဲသလောက်စိတ်ကြီးတဲ့ မမကြီးဟာ .. ခု .. အရမ်းကို အောက်ကျို့အားငယ်ပြနေတဲ့ မမကြီး ဖြစ်နေတယ် .. ဝါတို့ .. နှစ်များစွာ မတွေ့ကြပဲ ရှိရတဲ့ ကာလများဆီက .. ထုထောင်းခံစားခဲ့ရတဲ့ လောကဓံတရားတွေဆီကရတဲ့ သင်ခန်းစာတွေကြောင့် .. ပျော့ပျောင်းသွားတဲ့ .. မာနတွေ



ပြုတ်ကျသွားတဲ့ မမကြီးအဖြစ် ရှိသွားနိုင်မယ်ဆိုတာကိုတော့ ဝါ တွေးမိပါတယ် .. ဒါပေမဲ့ .. ဝါ .. မမြင်ရတဲ့ အရာတစ်ခုကို လန့်နေတယ် မောင် .. ပိုးမျှင်လေးကို .. အဲဒီ .. နေရာ .. မမကြီးရဲ့ .. ဘဝထဲကို ထည့်လိုက်ရမယ့် နေရာအထိ .. လွှဲအပ်လိုက်ရမှာကို .. မိဝါ လန့်နေတယ် မောင်ရယ် .."

ဟု တိုးတိမ်သောအသံလေးဖြင့် ဒေါ်ပိုးဝါ ပြောရှာပါ၏။ ဦးရန်အေးလည်း ထိုသဘောနှယ်ပင် ရှိနေရတာမို့ .. သက်ပြင်းသာ ရှိုက်ချလိုက်မိရပါသည့်အဖြစ်။

"ဒါပေမဲ့ .. မောင် ... ခုဥစ္စာက .. မမကြီးပြောတာတွေက .. တစ်ဖက်ကလဲ သဘာဝကျနေတာတွေ ရှိနေပြန်ရော .. မပန်းသင်လေးကို ထည့်လိုက်ရမယ့်ကိစ္စ .. ပြီးတော့ ဟိုကိုပဲ .. အားလုံးသွားလိုက်ကြမယ့်ကိစ္စ .. သမီးလေးငွေပိုးမျှင်ကို .. အဲဒီ မောင်မြတ်မင်းသာနဲ့ လက်ဆက်ပေးလိုက်ရင်လဲ .. သမီးလေးက .. ရန်ကုန်က .. မြကြာယံ အထည်စက်ရုံရှိရာကို .. အဲဒီ မပန်းသင်လေးနဲ့အတူ .. ပါသွားရမှာမျိုး ဖြစ်နေတယ်၊ မမကြီးဆီမှာ ကျန်ခဲ့မှာမျိုး ဟုတ်မနေပြန်ဘူး .. ခင်ပွန်းသည်နောက်ကို ပါသွားရမယ့် ကိစ္စ ဖြစ်နေတယ် .. မမကြီးက .. သမီးလေးကို .. ဘာမှ .. ဒုက္ခပေးနိုင်မှာလဲ မဟုတ်ပြန်ဘူး ... ဒါက .. သဘောအားဖြင့် .. မမကြီးက ဝါတို့အပေါ် .. သမီးလေးအပေါ် မကောင်းဘူးပဲထား .. သူ့ဆီမှာ သမီးလေးက ကျန်ခဲ့မှာမှ မဟုတ်တာ .. သူ .. ဘာလုပ်နိုင်မှာတဲ့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်ပြောပြန်တော့ ဦးရန်အေး ခေါင်းညိတ်ပြမိပြန်ပါ၏။

"မောင်လဲ .. အဲဒါပဲ တွေးနေမိရပြန်တာပဲ ဝါလေးရဲ့ .. အင်း .. အစက .. မောင်ကပဲ ဝါ့ကို နားချခဲ့ရတာ .. အမျက်တွေ ပြေလောက်ပါပြီ .. ဆိုပြီးတော့ မမကြီးဘက်က .. ပြောပေးခဲ့ရတာ .. မောင်ကလဲ .. ဝါလေးနဲ့ မမကြီးတို့ကြားမှာ .. အငြိုးအတေးတွေ .. အာဃာတတရားတွေ .. နာကြည်းမှုတွေ မရှိစေချင်တော့ဘူးလေ .. မမကြီးရဲ့ .. ရင်ထဲက .. အဲဒါတွေ မရှိတော့ဘူး ဆိုတာကို .. ဖြစ်စေချင်တာပါပဲ .. ခုကျတော့လဲ .. တကယ့်ကို နက်နက်နဲနဲ တွေးယူရမယ့်ကိစ္စမျိုးက .. ဖြစ်တည်လာရတော့တာကိုး .. ဒီအထိ .. မမကြီးဘက်က .. သားရေးသမီးရေး စကားတွေ မြန်းလာမယ်လို့တော့ မောင်လဲ ကြိုထည့်မတွက်ထားမိနိုင်ခဲ့ဘူးလေ .. ခုက .. မထင်တာတွေ လာဖြစ်နေတာ .."

ဟု ခပ်ညည်းညည်း ပြောရှာပါ၏။ ဇနီးသည့်၏ ပခုံးလေးကို ခပ်ဖွဖွ သိုင်းဖက်ထားရင်း ပန်းခင်းတွေကြားထဲ လမ်းလျှောက်ဖြစ်သည်။ ဦးရန်အေး ဆိုတာ ဤသို့ပါပဲလေ။ ဇနီးသည်လေးအပေါ် .. သနားစိတ်ဖြင့်လည်း ချစ်ခဲ့ရ ..။ မြတ်နိုးစိတ်ဖြင့်လည်း ချစ်ရ ..။ ဪ .. ချစ်ရလွန်းစိတ်ဖြင့်လည်း ဂရုတစိုက် ရှိရနှင့် ရှိရသူပါတည့် ..။

"ကဲ .. ခဏ မေ့ထားလိုက်ကြရအောင် ဝါလေးရာ .. မောင်တို့ ခေါင်းခဲနေကြတာတွေကို .. နောက်မှ ထပ်စဉ်းစားကြတာပေါ့ .."



ဟု ဖြိုး၍ ပြောလာသည်ကိုက .. ဒေါ်ပိုးဝါကို စိတ်ပင်ပန်းစေချင်သည့် စိတ်ဖြင့်ပါ။

"တစ်ပတ်ပြည့်ရင် .. မမကြီးက လာမှာမောင်ရဲ့ .. အဲဒါ .. စိတ်ပူနေတာ .."

ဟု ဒေါ်ပိုးဝါ စိတ်မောလက်မောလေး ပြောတော့ ဦးရန်အေး ခပ်တိုးတိုးရယ်သည်။ ပခုံးလေးကို ခပ်ဖွဖွပုတ်သည်။

"အို .. ခုနစ်ရက်ပြည့်ဖို့ တစ်ရက်အလိုကျမှ .. အပြတ်အဖြေတစ်ခုချမယ် ပိုးဝါရာ .. မတတ်နိုင်ဘူး .. ငြင်းချင်တယ် ဆိုရင်လဲ .. မောင့်ခေါင်းပေါ်သာ ပုံချလိုက် .. မောင်က .. သဘောမတူဘူးလို့ .."

ဟု ကိစ္စတစ်ခုကို .. ဖြတ်ချသလိုကြီး ပြောတော့ ဒေါ်ပိုးဝါမှ ..

"ဟင် .. ဒါဆို .. မောင့်ကို မုန်းသွားမှာပေါ့ မမကြီးက .."

"ဟောဗျာ .. ဒါဆို .. ပေးစားလိုက်လေ .. ငွေပိုးမျှင်လေးကို .. သူ့သားနဲ့"

ဟု ပြောလာတော့လည်း ဒေါ်ပိုးဝါ အသံထွက်ကျလော ..။

"သမီးလေးကိုလဲ အသိမပေးသေးနဲ့ မောင် .. ကလေး ရှက်ရှာမှာ .."

ဟုသာ ခပ်တိုးတိုး ပြောမိရှာသည့် အဖြစ်။

ထိုအခိုက် ခြံတွင်းသို့ ကားတစ်စီး ဝင်လာသဖြင့် လှမ်းကြည့်လိုက်တော့ .. ဒေါ်ခင်ခင်ကြီး၏ ကားပဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသည်က မြတ်မင်းသာနှင့် ဒေါ်ခင်ခင်ကြီး တကား ...။ အရပ်မြင့်မြင့်ကြီးနှင့် မြတ်မင်းသာ၏ သန့်ပြန့်မှု ရည်သော ရုပ်သွင်ကတော့ ရိုးသားအေးချမ်းသည့် စရိုက်ဟန်ဖြင့် တည်ငြိမ်နေသည်ကတော့ အမှန်ပါ ..။

သားကို လက်ဆွဲခေါ်၍ ဒေါ်ခင်ခင်ကြီး ပြုံးကာ လျှောက်လာပါ၏။ ခြံထဲမှာ ရှိနေသည်မို့လည်း အိမ်ထဲမဝင်တော့ ပဲ တန်း၍ လျှောက်လာဟန်တူသည်။

"ကဲ .. ကိုရန်အေးက .. သားနဲ့စကားစမြည်လေး ပြော နေရစ်ခဲ့ပေါ့ .. ဝါလေးကတော့ မမကြီးနဲ့တူတူ အိမ်ထဲ ဝင်ကြရအောင် .. သားကို .. သားရဲ့ဦးလေးနဲ့ တွေ့ရအောင် ဆိုပြီး ခေါ်လာရတာလေ .. သားရဲ့ဒေါ်လေး .. ဦးလေး တို့နဲ့မှ မရင်းနှီးရရင် ဘယ်ဟုတ်တော့မလဲဆိုပြီးတော့ပေါ့ .. ကဲ .. သားက .. သားရဲ့အန်ကယ်နဲ့ စကားစမြည်ပြောနေ ရစ် .. ဟုတ်ပလား ..."

ဟု ပြောကာ ပြုံးလိုက်တော့ မြတ်မင်းသာ ရင်ထဲ အနေခက်ချင်၏။ တကယ်လည်း မေမေခင် ခေါ်လာခြင်းမှာ အမှန်ပါ။ ဦးဦး .. ဒေါ်ဒေါ်တို့နှင့် မရင်းနှီး၍ မဖြစ်ဟု ဆိုပေ မယ် ..။ သူ့ကို နေရာချချင်သော ငွေပိုးမျှင်၏အိမ်သို့ ခေါ်လာ ခြင်း ဆိုတာကိုတော့ သူ ရိပ်စားမိသည်။ အန်ကယ်နှင့် ဒေါ်လေး တို့ထံမှာ ဘာတွေ စကားကျွံထားပြီးပြီ ဆိုတာကိုလည်း သူ မသိ ...။ တစ်ခုခုတော့ .. ပြောထားဆိုထားနှင့်နေလောက်ပြီဟု တော့ သူ ထင်သည်။ ဘာကြောင့်ဆို .. ညီမလေး မပန်းသင်ကို



သူ ရန်ကုန်သို့ ဘာဘ၏ဆန္ဒကြောင့် ခေါ်သွားတော့မည် ဆိုက တည်းက .. သူ့အတွက် နေရာချထားပေးလိုသည့် မိန်းကလေး တစ်ယောက် .. မေမေခင့်မှာ ရှိနေသည်ဆိုတာကိုပါ သူသိခဲ့ရ သည် မဟုတ်ပါလားလေ ..။

ထိုမိန်းကလေးနှင့် ပတ်သက်၍လည်း ပဒုမ္မာမှ အမင်းစားဖိတ်ထားသည့် ဆိုတာကအစ .. ပြောခဲ့သေးသည်ပဲ ..။ ဩော် .. ထိုနေ့က .. သူသည်လည်း .. ပဒုမ္မာမှာ .. ငွေပိုးမျှင် ဆိုသည့် .. လမင်းလေး တစ်မင်းကို မြင်ခဲ့ရသည်သာ ..။

ရင်ထဲ မြတ်နိုးမိခဲ့ရသည်သာ ..။

ဒါပေမဲ့ ..။ ဩော် .. ဒါပေမဲ့ .. ထိုလမင်းလေးနှင့် သူ တစ်ခါဖူးမျှ စကားလည်း မပြောဖူးခဲ့ ..။ သူ၏ ချစ်ခြင်းများ ကို ဖွင့်ပြောရန်ဝေးစွ .. မျက်နှာချင်းလေးမျှပင် ဆိုင်ခဲ့ရဖူးတာ ကို ..။

ထိုသို့သော အခြေအနေ ကြားထဲမှာ .. သူသည် .. အန်ကယ်ဦးရန်အေး၏ရှေ့မှာ .. အစစ်ဆေးခံ သမက်လောင်း အဖြစ်များ လာရပ်ပြနေရချေသည်လားလည်း မသိရ ..။ ဘာတွေ ကို မေမေခင် လုပ်ထားနှင့်နေသည် ဆိုတာကိုလည်း သူ အတွင်း ကျကျ သိထားရတာ မရှိ။ ဘာမှန်းညာမှန်း မသိရသေးပဲ .. ခုလို ကြီး လာရပ်နေရတာကတော့ အတော်ကြီးကို နေရထိုင်ရ ကျပ်စေ သည့်အဖြစ်။

ငွေပိုးမျှင်ကို သူ မြတ်နိုးသည်ကတော့ အမှန်။ မြတ်နိုးနေမိသည်ကတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. ထိုသို့မြတ်နိုးမိရသည့် နှလုံးအိမ်ဖြင့်ပင် .. တစ်ခါဖူးမျှ မရင်းနှီးခဲ့ရဖူးသော သူတစ်ယောက်၏ရှေ့မှာ .. သမက်လောင်းလျာတစ်ယောက်အဖြစ် လာရပ်ပြရမည့် ကိစ္စမျိုး အထိတော့ .. သူ .. အုတ်အုကြောင်ကြီး မဖြစ်ချင်။

ဒါပေမဲ့ ခက်သည်က .. မေမေခင်က ဖွတ်စောင့် ခေါ်နေတာမို့ .. မလိုက်ပဲလည်း နေ၍မရ ..။ လိုက်ခဲ့ရပြန်လျက် ..။ ရောက်လာပြန်သည့် အခါကျတော့လည်း .. ပန်းခြံမှာ .. အန်ကယ် ဦးရန်အေးနှင့် ကျန်ခဲ့ရတာမျိုး ကြုံနေရပြန်သည့်အဖြစ်။

"ရန်ကုန်မှာ .. စက်ရုံကို ဦးစီးလုပ်ကိုင်ရတယ်ဆိုတော့ .. တာဝန်တော့ ကြီးမယ်နော် မောင်ရင် .. ကဲ .. ဒီဘက် လျှောက်လိုက်ကြရအောင်၊ ဟိုနားက ခရေရိပ်မှာ .. ခုံတန်းလေးမှာပဲ ခဏထိုင်ကြတာပေါ့ .."

ဟု ဦးရန်အေးပဲ ဦးဆောင်ခေါ်လာသည်မို့ နည်းနည်းတော့ နေသာထိုင်သာ ရှိလာရသည်။ ခုံတန်းမှာ တူတူထိုင်ဖြစ်ကြလျက် ဦးရန်အေးမှ အကဲခတ်သလို မြတ်မင်းသာကို ကြည့်၏။ ရိုးသားရိပ်ကတော့ အထင်းသား ..။ နေရထိုင်ရခက်နေတာလည်း သိသာသည်။ မျက်ခုံးထူထူ၊ မေရိုးပြန့်ပြန့် ..။ နှာတံထင်းနေလျက် ပါးလျားစေ့စပ်သော နှုတ်ခမ်း ..။ ဆံပင်ထူထူ အုပ်အုပ်ကို သပ်သပ်ရပ်ရပ် ဖြီးထားလျက် အရပ်မြင့်မြင့်ကြီးမှာ အပြာနုရောင် အနောက်တိုင်းဝတ်စုံကို သပ်သပ်ခပ်ခပ် ဝတ်ထားသည့် လူငယ်တစ်ဦး ..။ ရုပ်ရည်အဆင်းအားဖြင့်ကတော့ သန့်ပြန့်မွန်ရည်လျက် ရိုးသားသည့် ဟန်ပန်သွင်ပြင်များကိုတော့ မြင်ရသည်ပါပဲ ..။



အထည်စက်ရုံကြီးနှင့် ပတ်သက်၍ရော .. အထည်ချုပ်စက်ရုံလုပ်ငန်းနှင့် ပတ်သက်၍ရော .. ဦးရန်အေး မေးသမျှ ဖြေနေရင်း စိတ်အိုက်နေပုံကလည်း ထင်းနေသည်ပါပဲ ..။ ထိုအရာကို .. ရိုးသားမှုဟုပဲ ဦးရန်အေး ဆုံးဖြတ်မိသည်၊

ကြွားဝါမှုမရှိ ..။ ဟန်ပန်မကြီး ..။ ဒါကို .. ဦးရန်အေး သဘောကျသည်။

"အထည်တွေကတော့ .. နိုင်ငံခြားအထိ ဈေးကွက်ရှိပါတယ် အန်ကယ် .. ချုပ်ပြီးထည်တွေကိုလဲ .. ပြည်တွင်းလဲဖြန့်ပါတယ် .. အဖိုးနည်း အရည်အသွေးလဲကောင်းတဲ့ .. အလတ်တန်းစား အထည်တွေကို .. ပြည်တွင်းက .. ပိုအဝယ်များပါတယ် .. တန်ဖိုးကြီး အထည်တွေလဲ ဖြန့်တာပါပဲ .. ရန်ကုန်မှာ စက်ရုံထွက် အထည်အလိပ်တွေနဲ့ .. ချုပ်ထည်တွေ အများဆုံးတင်ထားတဲ့ .. ကုန်တိုက် တစ်ခု ရှိပါတယ် .."

ဟု မြတ်မင်းသာ ဖြေနေသမျှကိုလည်း စိတ်ဝင်တစားပင် ဦးရန်အေး နားထောင်သည်။

"ခု .. လာတာက .. မမကြီး ခေါ်လာလို့လား .."

ဖျတ်ခနဲ မေးလာသည်က စီးပွားရေးဘက်မှသည် ထင်မှတ်သော မေးခွန်းတစ်ခု ဖြစ်လာသည်မို့ သူ တစ်ချက်ကြည့်မိရပါ၏။ ဦးရန်အေး၏ တည်ငြိမ်သော မျက်နှာနှင့် ကြည့်နေသည့် အကြည့်တွေထဲမှာ .. အကဲခတ်နေခြင်းဆိုသည့် အရာများကို သူ ဖမ်းဆုပ်နားလည်လာနေရသည်သို့ ရှိ၏။ ပစ္စည်းတစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးဖြတ်နေသည့် ကျွမ်းကျင်ပညာသည်တစ်ယောက်၏ အကြည့်နှင့်ပင် တူနေသေးသည့်အဖြစ်။ ရတနာတစ်ခုကို တန်ဖိုးဖြတ်နေသည့် သူတစ်ယောက်နှင့် နှိုင်းစာကြည့်လိုက်မိတော့ မိမိကိုယ်တိုင်သည်လည်း တန်ဖိုးဖြတ်ခံ ရတနာတစ်ပွင့်နှယ် ဖြစ်လာနေရသည်သို့ ရှိလာနေရချေသည်တကား ..။ ထိုသို့ရှိနေရတာတော့ .. သူ .. နည်းနည်း .. ရင်ထဲမနှစ်သက်နိုင်ချင်။ သူသည် အကဲဖြတ်ခံရခြင်း တစ်ခုအတွက် .. သက်သက် .. တကူးတက လာထိုင်နေရသည်နှင့် တူနေပြန်သည်။

"အန်ကယ်တို့ လိုရင်း ပြောလိုက်ကြရအောင် .."

ဦးရန်အေး၏ အမေးကို သူ ခေါင်းညိတ်ဖြေလိုက်ပြီးတာနှင့် ရုတ်ချည်း အပြတ်ဆုံးဖြတ်လိုက်သည့်နှယ် ဦးရန်အေး ပြောလာတော့ သူ တည်ငြိမ်စွာပဲ တုံ့ပြန်ကြည့်လိုက်မိရပါ၏။ ဦးရန်အေး ကိုယ်တိုင်ကလည်း ဤသို့ .. သူနှင့် .. ခုလိုတွေ့ဖြစ်စကားပြောဖြစ်မည်ဟု ကြိုတင်သိထားတာမဟုတ်။ ခုလို .. ပြောဆိုတော့မည့် စကားအတွက်လည်း ကြိုတင်စီမံထားပုံမရ ..။ ခုလိုတွေ့ ..။ ခုပဲ .. မေးချလိုက်တော့မည်ဟု ဆုံးဖြတ်ထားသည့် အသွင် ..။ သူ .. တစ်ခုတော့ ဝန်ခံမိသည်။ ဦးရန်အေးသည် ဟိတ်ဟန်ကြီးသူ မဟုတ် ..။ ဖြောင့်မတ်သည့် အသွင် ..။

"အန်ကယ့်ဇနီး .. ပိုးဝါဟာ .. တစ်ချိန်က .. ပဒုမ္မာအိမ်ကြီးမှာ အခစားအပါးအဖြစ် ရှိခဲ့တယ်ဆိုတာ .. မောင်မြတ်မင်းသာ သိထားတယ် ထင်ပါရဲ့ .. မမကြီး ပြောပြမယ် ထင်ပါရဲ့ .."



သူ ဦးရန်အေးကို ကြည့်သည်။ ဒေါ်ပိုးဝါ ဆိုတာ မမေခင့်ထံမှာ အခစားအပါးအဖြစ် ရှိခဲ့တာတွေကို .. မမေခင် .. သူ့ကို .. ပြောပြခဲ့ဖူးပါပြီ။ အန်ကယ်ဦးရန်အေးနှင့် ဒေါ်လေးဒေါ်ပိုးဝါတို့နှင့် ပတ်သက်၍ .. သူ့ကို .. မကြာမလင့်မီကမှ ပြောပြခဲ့ခြင်းပါ ..။

"ကျွန်တော် သိထားပါတယ် အန်ကယ် .. မမေခင် အားလုံးပြောပြပါတယ် .."

သူ တည်ငြိမ်စွာပဲ ဖြေရပါ၏။ တစ်ခုခုတော့ .. လေးနက်သော စကားတွေ .. ဦးရန်အေး ထံမှ ပွင့်ကျလာချေတော့မည်ဆိုတာ သူ အလိုလို ကြိုတင်နားလည်လာနေမိရပြီ ..။ ပြီးတော့ .. သူ တစ်ခု သိလာနေရပါ၏။ ထိုအမေးများကို မေးလာရခြင်းသည် မမေခင့်ကြောင့် ဖြစ်ရမည်။ မမေခင်သည် .. သူနှင့်ပတ်သက်၍ .. ဤအိမ်မှာ .. အန်ကယ်ဦးရန်အေးနှင့် ဒေါ်လေးဒေါ်ပိုးဝါတို့ထံမှ စကားတွေ ကျွံထားခဲ့လောက်ပြီဟု .. ထိုစကားတွေသည်လည်း ငွေပိုးမျှင်နှင့် .. ပတ်သက်နေချေမည်ဟု ...။ မမေခင်သည် သူ မသိပဲ .. သူ့ကိုအသိမပေးပဲ .. မမေခင် ဖြစ်လိုသောဆန္ဒဖြင့် .. ကြိုတင်၍ စီမံထားခဲ့လေသမျှ .. သူ ရောက်လာတော့လည်း .. သူ့ကိုမပြောတော့ပဲ .. အတော်ကြီးကို နှုးရောက်သည့် စကားများဖြင့် စကားတွေ ကျွံထားခဲ့ပြီးချေပြီ ဆိုတာကို သူ အလိုလို မှန်းဆနားလည်လာနေရလျက် ..။

အနေအထိုင် တည်ငြိမ်ရင့်ကျက်သော ဦးရန်အေးကို .. ရှေ့ဆက်ပြီး သူဖြေရမည့်စကားများသည် ဂရုတစိုက်ဖြင့် ရှိရမည်၊ သိမ်မွေ့လေးနက်နေရမည်ဟူ၍ပါတည် ...။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပဲဖြစ်ဖြစ်။ မေမေခင်ကပဲ စကားကျွံခဲ့ .. ကျွံခဲ့ ..။ သူသည်လည်း ငွေပိုးမျှင်ကို မြတ်နိုး နေနှင့်သည့် လူတစ်ယောက်အဖြစ် ရှိနေခဲ့ရပြီပဲလေ ..။ မေမေခင်က မေမေခင့် သဘောနှင့်ပဲ လုပ်ခဲ့သည်ထား ..။ သူမြတ်နိုးသည့် မိန်းကလေး တစ်ယောက်နှင့် ပတ်သက်၍ .. သူ ဖြေရမည့်ကိစ္စ ..။ သူ့ရင် ကို လောင်မြိုက်စေမည့် အရာများမှ မဟုတ်ချေပဲလေ ..။ တစ်ခု ပဲရှိသည် ..။ အစစ်ဆေးခံ လူသားတစ်ယောက်အဖြစ် ရှိနေရခြင်း ကြောင့် .. သူ .. စိတ်ထဲ .. မနှစ်မြို့က် ..။

ဒါပေမဲ့ .. သမီးရှင်ဆိုတာ .. ထိုသို့ပဲ ရှိရချေမည် သာ ..။ ထိုနားလည်စိတ်ဖြင့် သူ အရာရာကို .. မာန်မာနစိတ် ကင်းစွာ .. ဖြေရမည့် မြတ်မင်းသာ အဖြစ် ရှိသွားရပါ၏။ မာန စိတ် ..။ ဟုတ်သည် ..။ ယောကျာ်းသားတို့၏ မာနစိတ်ဆိုတာ ကတော့ .. ရှိကြရသည်သာ ..။ ထိုမာနစိတ်ကို .. သူ .. လော လောဆယ်မှာ ကင်းစင်အောင် .. မေ့လျော့ထားလိုက်ရသည်။ ဖျောင်းဖျထားလိုက်ရသည်။ လျှော့ချထားလိုက်ရချေသည်တည့် ..။

"ဒါဆို .. ငွေပိုးမျှင်ဟာ .. ဒေါက်တာဦးရန်အေးနဲ့ .. တစ်ခါက အစေအပါးအဖြစ် ရှိခဲ့ရရှာဖူးတဲ့ ဒေါ်ပိုးဝါရဲ့ သမီး ဖြစ်တယ်ဆိုတာကိုတော့ .. မောင်မြတ်မင်းသာ သိ ထားပြီးပြီ ဆိုပါတော့ .. ဟုတ်ပြီ .. အန်ကယ်တို့ စကား ဆက်ကြရအောင် .. လူလေးရဲ့မေမေခင်က .. အန်ကယ့် သမီးကို .. လူလေးနဲ့ စကားလာမြန်းတယ် ဆိုတာရော .. သိထားပြီလား .. လူလေးကိုယ်တိုင်က မြတ်နိုးလို့ စကား



လာမြန်းစေတယ်လို့ ပြောထားတယ် .. အဲဒါ .. အမှန်ပဲ လား .."

မေးလိုက်သည်မှ ..။ ရိုးစင်းသည်နှင့်အမျှ ပြတ်သား နေပါသည့် မေးခွန်းပါတကား ..။ မိန်းကလေးရှင်ဘက်က .. ဖခင်တစ်ယောက်အနေဖြင့် အဖြစ်တစ်ခုကို .. ပြတ်သားစွာပဲ .. မေးမြန်းယူ .. အဖြေရှာယူနေသည့် အသွင်မျိုးဖြင့် ဦးရန်အေး ကိုယ်တိုင်သည်လည်း တည်ငြိမ်ရင့်ကျက်နေသည်။ သူ့မျက်နှာကို မျက်တောင်မခတ် ကြည့်နေရင်းဖြင့် အဖြေတစ်ခုကို စောင့်နေသည့် အသွင် ..။

သူ .. ခုမှ .. ရင်ထဲကျေနပ်ကြည်နူးခြင်း ဖြစ်လာ သည်။ နှစ်မြို့က်နှစ်လို ဖြစ်လာသည်။ အန်ကယ်ဦးရန်အေး ဆိုတာ ဖြောင့်ဖြောင့်စင်းစင်းဖြင့် .. ဖြောင့်မတ်သူတစ်ယောက် ဆိုတာ ပို၍နားလည်လာရပါသည့်အဖြစ်။ မေမေခင် .. သူ မသိ ပဲ .. လုပ်ခဲ့သည့် ကိစ္စကိုလည်း ခုသိလာရပြီ။ သူက မြတ်နိုး၍ ဆိုကာ စကားမြန်းခိုင်းသည် ဆိုတာကတော့ မေမေခင့် သဘော ဖြင့် လုပ်ထားခြင်းကိစ္စ ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် အမှန်တရား ၏ အဦးအစအဖြစ် သူ့ရင်ထဲမှာ ရှိနေသည်ပဲလေ ..။ သူကရော .. မမြတ်နိုးပဲ ရှိနေ၍တဲ့လား။ သူ .. တကယ့်ကိုပဲ .. ငွေပိုးမျှင်ကို မြတ်နိုးနေမိရပြီပဲ ..။ အရမ်းကို အေးချမ်းသည့် ငွေပိုးမျှင်၏ မျက်နှာနုနုလေးသည် သူ့နှလုံးအိမ်မှာသာနေသည့် လတစ်စင်း ဖြစ်နေခဲ့သည်ပဲ ..။ သူ .. ခုအချိန်မှာ ခေါင်းမညိတ်ပဲ နေ၍မရ ..။ သူ မြတ်နိုးသည့် မိန်းကလေးနှင့် သူ့ကို အသိပေး၍ပဲ စကား

www.burmeseclassic.com

www.burmeseclassic.com



မြန်းမြန်း ..။ မပေးပဲ မြန်းမြန်း ..။ သူက မြန်းခိုင်း၍ပဲမြန်းမြန်း ..။ သူ့ဘက်က ဖွင့်မပြောသေးခင်မှာပဲ မြန်းမြန်း ..။ ထိုစကားမြန်းမှုသည် သူ့ဘဝမှာ မင်္ဂလာရှိသော စကားမြန်းမှုပဲ ဖြစ်နေသည် မဟုတ်ပါလား ...။

သူ့အတွက် ထိခိုက်နစ်နာခြင်း မရှိသည့်အဖြစ် ..။ သူ ကြည်နူးရမည့် အဖြစ်ပေပဲလေ။ သူ .. ခေါင်းညိတ်ပြမိရပါ၏။ သူ့ရင်ထဲ ကြည်နူးနေမိတာ မှန်ပေမယ့် .. တစ်ဖက်ကလည်း ဤမျှပေါ်တင်ကြီး ခေါင်းညိတ်ပြောနေရခြင်းအတွက်တော့ ရှက်ချင်ချင် ဖြစ်ရသည်သာ ..။ လူပျိုတစ်ယောက်၏ ရှက်သွေးဖျန်းမှုဆိုတာ ဤသို့ပါလားဟု အနေခက်သည့်ကြားမှ နားလည်ရပါသည့်အဖြစ်။

ရှက်အမ်းအမ်းကြီးဖြင့် သူ ဝန်ခံနေခြင်းကို ငေးစိုက်ကြည့်နေရင်းမှ အန်ကယ်ဦးရန်အေး၏ မျက်နှာသည်လည်း ကျေနပ်နှစ်လိုခြင်းဘက်ဆီသို့ ပို၍ ပြောင်းလဲလာနေတာကို သူ မြင်နေရသည်။

"အန်ကယ် အဲဒါကိုသိချင်နေတာအမှန်ပဲ လူလေး .. ခုကျတော့ .. လူလေးကိုယ်တိုင်က .. မြန်းစေတယ်ဆိုတော့ .. အန်ကယ် .. အဖြေမှန်တစ်ခုကို .. ပိုသိလာရတာပေါ့ .."

ဟု ပြောလိုက်သံက တည်ငြိမ်နေသည်။

သူ အန်ကယ်ဦးရန်အေးကို ဤတစ်ကြိမ်မှာတော့ တည်တည်ငြိမ်ငြိမ် ကြည့်မိရပါ၏။ သူ့ထံမှာလည်း အသိပေးစရာစကားတွေ ရှိနေသည်ပဲလေ ..။



"ကျွန်တော် ကိုယ်တိုင်ကလဲ .. ဘဘရဲ့မွေးစားသား တစ်ယောက်ဖြစ်တယ် ဆိုတာ အန်ကယ် သိပါသလား ခင်ဗျာ .. မေမေခင့်သား မဟုတ်သလို .. ဘဘရဲ့သားအရင်းလဲ မဟုတ်ပါဘူး .. ကျွန်တော်ဟာ .. ဘဘဦးအုပ်စိုးရဲ့မွေးစားသား ဖြစ်ပါတယ် အန်ကယ် .."

ဟု ဖွင့်ချ ပြောလိုက်သံက ပြတ်ပြတ်သားသားပါ ..။

"ဘဘကောက်ယူမွေးစားလို့သာ .. ကျွန်တော်ဟာ .. ဒီဘဝကို ရောက်ရတာပါ .. အဲဒါကို .. အန်ကယ်သိဖို့လိုအပ်ပါတယ်ခင်ဗျာ .."

ဟု ပြောလာစဉ်ခိုက် အန်ကယ်ဦးရန်အေး၏ လက်က သူ့ပခုံးပေါ် ကျရောက်၏။ ကြည့်လိုက်တော့ ပြုံး၍ ငုံ့ကြည့်နေသည့် အကြည့်နှင့် ဆုံသည်။

"လူလေးကို .. အဲဒီ ဖြူစင်ဖြောင့်မတ်ခြင်း ဆိုတဲ့ အရာနဲ့ကိုပဲ .. အန်ကယ် အထင်ကြီးပါတယ် မောင်မြတ်မင်းသာ .. လောကကြီးမှာ .. အန်ကယ် တန်ဖိုးအထားဆုံးသော အရာဟာ .. ဖြူစင်ဖြောင့်မတ်ခြင်းပဲ .. ကဲ .. အန်ကယ်တို့ .. အိမ်ထဲဝင်ကြတာပေါ့ ..."

ဟု ပြုံး၍ ပြောကာ ပခုံးကို ပုတ်သည်။ အပြန်လမ်းသည် တိတ်ဆိတ်ခြင်းဖြင့် ရှိနေပါ၏။ နှစ်ယောက်စလုံး စကားမပြည် မပြောဖြစ်ကြ ..။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ကျနေကြပါသည့် အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံလေးဆီမှ ပန်းတို့၏ ရနံ့ကတော့ မွှေးမြမြ သင်းထုံလျက် အလှတရားများဖြင့်လည်း ခေါင်းတမော့မော့ယိမ်းနွဲ့နေကြပါသည့် အချိန်လေးတစ်ချိန်တော့ ဖြစ်နေပါချေသည်တကား ...။

❀ ❀ ❀



## အခန်း(၁၃)

ပဒုမ္မာရိပ်ငြိမ် ...။

ဥယျာဉ်တစ်ခုလည်းရှိလျက် ...။ ကျယ်လွန့်သော ခြံကျယ်ကြီးအတွင်းမှာ ခန့်ထည်မြင့်မားသော အိမ်ကြီးတစ်လုံး အဖြစ် ရှိနေပါသည့် အဆောက်အအုံ မြင့်မြင့်ကြီး ...။

အနီရောင်အုတ်တို့ဖြင့် တည်ဆောက်ထားအပ်ပါသော ပဒုမ္မာအိမ်ကြီးသည် ရှေးအိမ်ဆန်သော နှစ်ထပ်တိုက်ကြီး တစ်လုံးအဖြစ်ရှိနေပေမယ့် ဆေးအသစ် သုတ်ထားတာမို့ အဆောက်အအုံကြီးက တိုက်အိုတိုက် ဟောင်းကြီးနှယ် ရှိမနေ ...။ ခန့်ထည်သော အဆောက်အအုံကြီး အဖြစ်သာ ရှိနေပါသည့် အဖြစ် ...။ မြင့်မားသော ပေါ်တီကိုကြီး၏ အောက်မှာ ထိုးဆိုက်လိုက်ပါသည့် တစ်ဒီးကားကြီးအတွင်းဆီမှာ ပါရှိလာရသည်က သတို့သမီးလေး နွယ်မိုးမျှင်ပါတည့် ...။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် မေမေတို့၏ သဘောမျှမှုကြောင့် မင်္ဂလာပွဲကို ငွေပိုးမျှင်တို့နေထိုင်ရာ နှင်းရိပ်ဝေဟု အမည်ပေးထားပါသော တစ်ထပ်တိုက်ငယ်လေး၏ ရှေ့မြက်ခင်းပြင်ထက်မှာ ကျင်းပဖြစ်ခဲ့လျက် ..။

မေမေကြီး လက်ဖွဲ့ပါသည့် ဤပဒုမ္မာအိမ်ကြီးဆီသို့ သတို့သမီးငယ်လေးတစ်ယောက်အဖြစ် စိတ်လှုပ်ရှားစွာ .. သတို့သား၏ဘေးမှာ ယှဉ်တွဲထိုင်လျက်ဖြင့် ငွေပိုးမျှင် လိုက်ပါလာခဲ့ရစဉ်ခိုက် ..။ အဘယ်မျှထိ .. အပျိုစင်ငယ်သွေးလေးအဖြစ် .. မျက်လွှာလေး တချချဖြင့် ဘယ်သူ့ကိုမှ မကြည့်ရဲစွာ .. အနေခက်စွာ ပါလာခဲ့ရပါသလဲ ...။

ဘဝတစ်ခု၏ အဦးအစအဖြစ် .. စတင်ရပါသည့် ဤနေ့သည် .. မင်္ဂလာနေ့လည်း ဖြစ်လျက် ..။ ငွေပိုးမျှင်၏ဘဝတစ်ခုလုံးကို .. ကိုကြီးမြတ်မင်းသာ ဆိုသူမှ ပိုင်စိုးသွားခဲ့ပြီဖြစ်ပါသောနေ့လည်း ဖြစ်ပါ၏။ နောက် .. ငွေပိုးမျှင်၏ အားကိုးရာ အရိပ်ကြီးတစ်ခုလည်း ဖြစ်ကာ .. ကြည်ညိုမြတ်နိုးရာ ခင်ပွန်းသည် အဖြစ်လည်း ရှိသွားရမည်သာ ...။

နောက်ပါးဆီမှ ရပ်လိုက်ကြသည့် ကားများကတော့ ဖေဖေနှင့် မေမေတို့ကို ကိုနေဝန်းနီနှင့် တူတူရှိနေပါသည့်ကား .. နောက် .. မေမေကြီး ဒေါ်ခင်ခင်ကြီး၏ကား။ ပေါ်တီကိုကြီး၏ အောက်မှာ ကြိုတင်စောင့်ကြိုလင့်နေသည်က .. ညိုရီသော် ...။

ပဒုမ္မာအိမ်ကြီးမှာ မီးဖိုဆောင်ကိစ္စများကိုလုပ်ဆောင်ပေးဖို့အတွက် မေမေကြီးမှ တာဝန်ပေးလိုက်ပြီ ဖြစ်ပါသည့် ညိုရီသော် ...။



အညိုရောင် ပါတိတ်ဝမ်းဆက်လေးဖြင့် ရပ်နေပါသည့် ညိုရီသော်၏ မျက်ဝန်းတွေက အနည်းငယ် အေးစက်စက်နိုင်နေလျက် ..။ ထိုမျက်ဝန်းတွေထဲမှာ လိုက်လှဲသော ကြိုဆိုမှုဆိုသည့်အရာ ပါမနေကြတာကို အံ့သြစွာပဲ ငွေပိုးမျှင် မြင်နေရပါသည့် အဖြစ်။

ဘာကြောင့် .. ညိုရီသော်သည် ထိုသို့ မျက်နှာအေးစက်စက်ကြီးဖြင့် ရှိနေရပါသတဲ့လဲ ..။ မေမေကြီးက စေခိုင်းလိုက်၍သာ ပဒုမ္မာမှာ နေပေးလိုက်ရခြင်းများပေလား မသိ။ ညိုရီသော်သည် .. မေမေကြီးကို ခွဲချင်ပုံမရ .. ဟု တွေးမိရပြန်တော့လည်း စိတ်ထဲ မကောင်းမိရပြန် ...။

ကားတံခါးကို ဖွင့်ပေးပါသည့် ကိုကြီးကို တစ်ချက်ရှက်စိတ်လေးသည်းလျက် မော့ကြည့်မိပြီးမှ ငွေပိုးမျှင်ကားတွင်းမှ ဆင်းမိရပါပြီ ..။

မေမေကြီးကတော့ အရွယ်နှင့်မလိုက်အောင် ပေါ့ပါးစွာ တပြုံးပြုံးဖြင့် ကားပေါ်မှလည်းဆင်း ..။ ဖေဖေနှင့်မေမေကိုလည်းကြို ..။ ကိုကိုနေဝန်းနီကိုလည်း ပခုံးလေးဖက်၍ နေလိုက်သည်မှ တကယ့်ကို တစ်ချစ်တစ်ခင်ကြီးပါ ...။

ညိုရီသော်မှ အိမ်ကြီး၏ အဝင်တံခါးရွက်ကြီးကို ဖွင့်ပေးလာပါ၏။

အားလုံး အိမ်တွင်းသို့ ရောက်ကြတော့လည်း နှစ်ခက်လှကြီးမိဘကို ကိုကြီးနှင့်တူတူ ငွေပိုးမျှင် ကန်တော့ရပါ၏။ မေမေကြီး ..။ ပြီးတော့ .. ဖေဖေနှင့် မေမေ ..။ နောက် .. ငွေပိုးမျှင် တစ်ယောက်လည်းပဲ .. ကိုကိုနေဝန်းနီကို ကန်တော့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ကိုကိုနေဝန်းနီထက် ကြီးသည်မို့ .. ငွေပိုးမျှင် .. ကိုကို့ကို .. ညီမလေးအဖြစ် ကန်တော့ရစဉ်ခိုက် .. ကိုကြီးကတော့ ပြုံး၍ ငုံ့မိုးကြည့်နေခဲ့သည်ပါပဲ ..။ ကိုကိုကတော့ ငွေပိုးမျှင်ကို .. မခွဲရက်နိုင်သလို ခပ်ငေးငေး ကြည့်ရှာရင်း နှုတ်ခမ်းတွေ လှုပ်သည်ဆိုရုံမျှဖြင့် ဆုတွေပေးနေသည်ပါပဲ။

"သမီးပိုးလေး'.. လိမ္မာတယ် ဆိုတာ မေမေ သိပါတယ် .. ဒါပေမဲ့ .. ပိုပြီးလိမ္မာပါကွယ် .. ခင်ပွန်းသည်ရဲ့စကားကို နားထောင် ... ဆုံးမတဲ့စကားကို တုံ့ပြန်တာမျိုး မလုပ်ပဲ နာခံပါ .. ခွန်းတုံ့ပြန်ခြင်းဆိုတာ မကောင်းပါဘူး .. သမီးရဲ့ဖေဖေ့စကားကို .. မေမေ အမြဲတမ်း နာခံခဲ့တယ်ဆိုတာ .. သမီးလေးအမြင်ပဲ .. အဲသလို နာခံတဲ့အတွက်လဲ .. မေမေ့ဘဝမှာ .. အမြဲတမ်း အမှားအယွင်းကင်းခဲ့ရတာချည်းပါပဲ .. အိမ်ထောင်မှု တည်လိုက်ပြီဆိုကတည်းက .. ဘဝတစ်ခုဟာ ခင်ပွန်းသည်ထံမှာ အပ်နှံလိုက်ခြင်းမည်တယ် ပိုးလေး .. မောင်မြတ်မင်းသာကလဲ .. သမီးအပေါ်မှာ .. အစစ .. သွန်သင်ပါ .. ဆုံးမပါ .. ပိုးလေးက သားထက် ငယ်ပါတယ် .. ဆုံးမရင်လဲ နာခံမယ် ထင်ပါတယ် .. သူ ဆိုးရင် ဒေါ်လေးကို .. ပြောပါ .. ဒေါ်လေး ဆုံးမပါ့မယ် ကွယ် .. တကယ်တော့ .. ဒေါ်လေး ဆိုတာထက် .. မေမေ ဆိုရင် မမှားပါဘူး .. သားမှာ သမီး ပိုးလေးနဲ့ ပတ်သက်ပြီး .. မေမေတို့ဟာ သားရဲ့မိဘများအဖြစ် ရှိနေပါပြီ ..."

မေမေကတော့ သမီးကို အပ်လည်းအပ် ..။ ဂရုစိုက်ဖို့မှာလည်း မှာနေရင်း မျက်ရည်ကတော့ လည်လာနေသည်ပါပဲ။



ကိုကြီးမှ ကြမ်းပေါ်မှာ ထိုင်နေရင်းဖြင့် ဘေးမှ ငွေပိုးမျှင်ကိုလည်း ကြည့် ..။ တရိုတသေဖြင့်လည်း မေမေနှင့် ဖေဖေ့ကို မော့ကြည့်ကာ ...

"စိတ်ချပါ မေမေ .. သား ငွေပိုးမျှင်လေးကို .. ဂရုစိုက်မှာပါ .. သူ .. လိမ္မာတယ်ဆိုတာ သားသိပါတယ် .. မေမေခင် ကိုယ်တိုင်ကိုက .. လိမ္မာလွန်းတဲ့ ပိုးမျှင်လေးကို ရွေးချယ်ခဲ့တာပါ .."

ဟု ပြောတော့ မေမေခင် ရယ်သည်။ မျက်နှာကတော့ လန်းနေသည်ပါပဲ ..။

"မေမေခင်ကတော့ .. ဒီပဒုမ္မာအိမ်ကြီးကိုပဲ .. သားနဲ့သမီးလေးကို လက်ဖွဲ့ပေးခွင့်ရလို့ ကြည်နူးနေရတာ .. ဒီအိမ်ကြီးဟာ .. မေမေခင့်ဘဝ .. သမီးလေးရဲ့မေမေ .. ပိုးဝါရဲ့ဘဝ .. အားလုံးရဲ့ အငွေ့အသက်တွေ ရှင်သန်လှုပ်ရှားခဲ့ရဖူးတဲ့ နေရာပဲ .. ဒီနေရာမှာ .. သားနဲ့ သမီးတို့ .. ရှိနေရတဲ့အတွက် .. မေမေခင် ... ကြည်နူးတယ် .."

ဟုပြောကာ အိမ်ဂရုကအစ .. အားလုံးအပ်သည်က မေမေကြီးပါ ..။ နာမည်ကအစ အားလုံးပြောင်းထားပြီး ဖြစ်ပါသည့် အိမ်ဂရုပါ။ ကိုကြီးမှ ငွေပိုးမျှင်ကိုလည်း ငုံကြည့်ကာ ..

"ကိုကြီးနဲ့အတူ လက်အုပ်လေးချီပြီး ယူကြမယ်နော် .."

ဟု ပြောကာ လက်အုပ်လေး ချီပြီးမှ ငွေပိုးမျှင်နှင့်တူတူ အိမ်ဂရုပါ အိတ်ကြီးကို တရိုတသေ ယူပါ၏။ ဖေဖေနှင့် မေမေကတော့ သမီးလေးအတွက် အစစ စိတ်အေးရချေသည် ... ဟူသော အပြုံးတွေဖြင့် ကြည့်နေကြရှာပါ၏။ ကားနှင့် ပါလာ

www.burmeseclassic.com

www.burmeseclassic.com



ပါသော လက်ဖွဲ့တွေကို အောက်ထပ်စာကြည့်ခန်းထဲမှာပဲ အား
သယ်ထားလိုက်ကြပါ၏။

မမကြီး လက်ဖွဲ့သော စိန်၊ မြ၊ ပတ္တမြား
နီလာ တစ်ဆင်စာ ..။ ရွှေဘယက်ကြီး အပါအဝင် ရွှေတစ်
စာ ဆိုတာကတော့ .. ဖေဖေနှင့် မေမေ့ရှေ့မှာကို ရတနာဘူး
တစ်ခုစီ ဖွင့်ဖွင့်ပြရင်း မမကြီးမှ ငွေပိုးမျှင်လက်ထဲ ထည့်ထ
ပေးခြင်းပါ ..။ ဖေဖေနှင့် မေမေကတော့ .. မမကြီးလော
ကြွယ်ဝကြသူများလည်း မဟုတ်ကြချေသည်မို့ .. ရွှေကြိုးတစ်
နှင့် ရွှေလက်ကောက်သေးမျှင်မျှင် ခုနစ်ကွင်း ..။ ရွှေလက်
လေးနှင့် စိန်နားကပ်တစ်ရံကို လက်ဖွဲ့ရှာပါ၏။ နောက် .. မေ
ကို ဖေဖေ ဆင်ခဲ့ပါသည့် ပုလဲတစ်ဆင်စာကို မေမေ အပ်
သည်။

"မေမေ့မှာ .. နီလာတစ်ဆင်စာ ရှိနေတယ် သမီး .. ဒါကို
ယူထားနော်"

ဟု မေမေ ပြောရှာတော့ ငွေပိုးမျှင် ရင်ထဲမကောင်
ဘာပဲဖြစ်ဖြစ် ..။ ထိုမျှအထိ ငွေပိုးမျှင် မယူရက်ပါ ..။ ဖေဖေ
မေမေ ဆိုတာက .. အရမ်းကြီး ကြွယ်ပိုးကြွယ်ဝတော့ ရှိကြ
မဟုတ် ..။ ရန်ကုန်မှ ခြံကျယ်ကြီးနှင့် အိမ်ကြီး ရှိတာတော့
အမှန်ပါ ..။

ဒါပေမဲ့ .. ဗုန်းညက်မြိုင်အိမ်ကြီးနှင့် အိမ်မှာစီးသ
မာစီးဒီးတို့ ဘာတို့ဖြင့်ပင် ငွေပိုငွေလျှံကတော့ သိပ်မရှိလှအောင်
ထိုအိမ်နှင့် ကားထဲမှာ ငွေတွေပါသွားခဲ့ရသည် မဟုတ်ပါလ
ဒါကလည်း .. ဖေဖေ့မိဘပိုင် ခြံကျယ်ကြီး ရှိနေ၍ပါ ..။ ဒီ



ဆိုတာကလည်း အားလုံး ပြန်ဆောက်ရတာမျိုးမဟုတ်။ ပြန်ပြင်၍
ရှိလှလာအောင် ဆောက်ခဲ့ရခြင်းမျိုးပါ။ ဘာပဲဖြစ်ဖြစ်။ မမ
ကြီးထက်စာလျှင်တော့ ဖေဖေနှင့် မေမေသည် ချမ်းသာခြင်းအရာ
မှာ ညှိုးငယ်ရရှာပါသည်။ မမကြီး ဆိုတာက .. ဤမင်္ဂလာနေ့
မှာပင် စိန်တွေမွှမ်းနေအောင် ဝတ်ထားသည်ပဲလေ ..။

"တစ်ရက် နှစ်ရက်လောက်တော့ .. မမကြီး ဒီမှာနေ
လိုက်ဦးမယ်၊ နောက်တော့ .. ညိုရီသော်နဲ့ .. ဒီပဒုမ္မာမှာ
နေရစ်ခဲ့ကြပေါ့ .. သမီးလေးအတွက် .. ညိုရီသော်ကို
အဖော်လဲရအောင် .. ဒီမှာစားရေးသောက်ရေးလဲ အဆင်ပြေ
အောင် .. ထားလိုက်ရတာ .."

ဟု မမကြီး ပြောနေတော့ ငွေပိုးမျှင်မှာ အားနာ
စိတ်လေးဖြင့် ..

"ပိုးမျှင် .. မီးဖိုဆောင်ဝင်ရတာ .. ပျော်ပါတယ် မမကြီး ..
မြကြာယံမှာပဲ .. မမကြီးအတွက် အဖော်ရှိဖို့ လိုတာ
ပါ .."

ဟု အားနာစိတ်လေးဖြင့် ပြောလာတော့ ညို့ခနဲ
ညိုရီသော်၏ မျက်ဝန်းများ ဖြစ်သွားကာ မျက်နှာ ပျက်ခနဲလည်း
ဖြစ်သွားပါချေ၏။ မမကြီးမှ ရယ်၍ ..

"ဟိုမှာ မသင်းတို့ မိမိုးတို့ ရှိနေတာပဲကွယ် .. ရပါတယ် ..
ညိုရီသော်ကို .. ဒီမှာ တမင့်ကို ထားတာပါ .. သူက ..
ချက်ရေးပြုတ်ရာလဲရ .. စကားချပ်လဲရ .. အားကိုးရပါတယ်
သမီး ပိုးမျှင် အဖော်ရတာပေါ့ .."

ဟု ပြောနေရင်းမှ ပြုံး၍ ..

www.burmeseclassic.com

www.burmeseclassic.com



"သားက .. တစ်ယောက်တည်း အရင် .. ရန်ကုန်ပြန်ရဦးမှာ လေ .. ဟိုမှာရှိတဲ့ .. စက်ရုံဝင်းထဲက အိမ်ဆိုတာက .. သိပ်ကြီးတာ မဟုတ်ဘူး .. ပိုးမျှင်လေးအတွက် .. တခမ်း တနား ထားချင်တာမို့ .. နှစ်ထပ်အိမ်ကြီးတစ်လုံး ဆောက် စီမံလိုက်ရတယ်လေ .. သားက .. ဟိုမှာ စက်ရုံတစ်ဖက် လဲ ကြည့်ရင်း .. အိမ်ကြီးလဲ ဆောက်တာပြုတာ ကြီးကြပ် ရင်းနဲ့ .. နည်းနည်းတော့ ရန်ကုန်မှာ တစ်ယောက်တည်း အရင်သွားနေနှင့်ရမှာ .. မေမေကြီးရဲ့ ချွေးမလေးကို .. တခမ်းတနားပဲ ရန်ကုန်ပို့ချင်တာ .. အဲဒါကြောင့် ညီမိုသော်.. ဒီမှာ ပဒုမ္မာမှာ ..အဖော်အဖြစ်ရှိဖို့တော့ လိုတယ်လေ .."

ဟု ပြောနေတော့ အစစ .. အရမ်းကို ဂရုတစိုက် ကြီး တန်ဖိုးထား၍ စီမံပါသော မေမေကြီးကို ပိုးမျှင် အားနာ၍ အချစ်လည်း တိုးရနှင့်ပါ ..။ ပိုးမျှင်အပေါ် ထောင့်စေ့အောင် စဉ်းစားပေးပါသော မေမေကြီးကို ဖေဖေနှင့် မေမေကလည်း ကျေးဇူးတတင်ဖြင့် တချစ်တကြင်ကြီး ကြည့်ကြရှာသည်ပါပဲ ..။ တစ်ခုပဲ ရှိလည်း။ ကိုကိုနေဝန်းနီကတော့ ခပ်ငေးငေး ဖြင့်ရှိပါ၏။ ကိုကိုက .. မေမေကြီးအပေါ်မှာ စိတ်ထဲ တစ်မျိုးကြီး ဖြစ်ဖြစ် နေတာကို ဖွင့်လည်းပြောခဲ့ဖူးသည်ပါပဲ ..။ မေမေကြီး အရမ်းကို သဘောကောင်းနေလေလေ .. ကိုကိုက .. ရင်ထဲ တစ်မျိုးကြီး ဖြစ်လေလေပါ ..။

ဖေဖေနှင့် မေမေတို့က .. ကိုကြီးမြတ်မင်းသာ .. မေမေကြီးနှင့် အိမ်သို့ တူတူရောက်လာသည်နေ့မှာ .. ဖေဖေနှင့် အတူ ခြံထဲ စကားစမြည် ပြောဖြစ်ခဲ့ရသည့်နောက်မှာ .. ဖေဖေ



က .. ကိုကြီးအပေါ်မှာ .. နှစ်သက်ကြည်ဖြူစွာဖြင့် သမက်တစ် ယောက်အနေနှင့် လက်ခံခဲ့ပါ၏။ ကိုကြီးသည် အရမ်းကို ရိုးသား ဖြောင့်မတ်သူအဖြစ် ဖေဖေက မှတ်ယူသည်လေ ..။ မေမေ့ကို သည်း ထိုသို့ ဖေဖေ ပြောခဲ့သည်ပါပဲ ...။

သည်နောက်မှာတော့ မကြာမလင့်မီမှာပဲ .. ငွေပိုး မျှင်နှင့် ကိုကြီးကို .. နေ့ရာချထားပေးလိုက်ကြပါ၏။ ဆယ်ရက် အတွင်း ထိမ်းမင်္ဂလာပွဲ ဖြစ်မြောက်ခဲ့ရသည်နောက်မှာ .. ခုကျတော့ ငွေပိုးမျှင်သည် .. ပဒုမ္မာအိမ်ကြီး၏ အိမ်ရှင်မအဖြစ် ရောက်ရှိလာ ချသည်တကား ..။

ညနေစာကို ပဒုမ္မာမှာပဲ ဟင်းမယ်မျိုးစုံဖြင့် ဖေဖေ နှင့် မေမေတို့သည် .. အားလုံးနှင့်အတူ စားသောက်ဖြစ်ခဲ့ရကာ၊ ဒုမ္မာမှာ ငွေပိုးမျှင်ကို ချန်ထားခဲ့ရလျက် ပြန်ကြရပါ၏။

သတို့သမီး အဝတ်အစားလေးတွေကို ပြောင်းလဲ၍ အိမ်နေအဝတ်လေးဖြင့် ဝတ်ဆင်ထားပါသော ငွေပိုးမျှင်ကို တကယ် တမ်း .. ထား၍ရစ်ခဲ့ရတော့မည် ဆိုတော့လည်း လွမ်းစိတ်ဖြင့် မေမေ မျက်ရည်လည်ရှာပါသည်။ အမြဲတမ်း .. အေးအေးချမ်းချမ်း လေးနေတတ် ..။ မိဘက .. ခေါင်းညိတ်ဆိုလျှင် ခေါင်းလေး ညိတ်ပေးတတ်ပါသည့် သမီးလိမ္မာလေးပေမို့လည်း .. အချစ်မှာ အသနားလည်းပါရ .. အလွမ်းလည်း ပိုရနှင့် မေမေ ဖြစ်နေရရှာ တာကို ပိုးမျှင် သိသည်ပါပဲ ..။

ဖေဖေကတော့ တည်တည်ငြိမ်ငြိမ်ပဲ အားလုံးကို နှုတ်ဆက်သည်။ ကိုကိုနေဝန်းနီကတော့ တစ်ချက်ခပ်ဆဆတွေး သလို လုပ်နေပြီးမှ ..

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့တစ်ခါလောက်တော့ ဖုန်းဆက် .. ကြားရဲ့လား
ငွေလေး .. ကိုကိုလဲ ဆက်မယ် .. ရောက်လဲရောက်လာမယ် ..
အိမ်ကိုလဲ လာခဲ့ဦး .."

ဟု မှာသည်။ ညီမလေးကို ငွေလေး .. ပိုးလေး .. မိငွေ .. နှင့် ချစ်သလို ခေါ်တတ်ပါသည့် ကိုကိုသည် .. တကယ် တမ်းကျတော့ .. မခွဲနိုင်သလိုကြီး ဖြစ်နေတာ အရမ်းကို သိသာ နေသည်ပါပဲ ..။

ငွေပိုးမျှင် မျက်ရည်လေး တလည်လည်ဖြင့် ခေါင်း ပဲ ညိတ်ပြရသည်။

ကားလေး ထွက်သွားတော့ ကိုကြီးမှ ဘေးမှာ ရပ်လျက် ..

"ခဏနား လိုက်ပါလား ပိုးမျှင်လေး .. တစ်နေ့ကုန် .. ပင်ပန်းနေရောပေါ့ .."

ဟု တိုးဖွဖွ ငုံ့မိုးပြောလာပါ၏။ ငွေပိုးမျှင်ထံ ပြုံး၍ မေမေကြီးကလည်း ခေါင်းညိတ်ပြသည်မို့ အပေါ်ထပ်သို့ ငွေပိုးမျှင် တက်စဉ်ခိုက် ..

"သားရေ .. ရန်ကုန်မှာ အိမ်ဆောက်မယ့်ကိစ္စ .. အိမ်ပုံစံ မေမေခင်တို့ ရွေးထားတာ .. ခု .. စိတ်ထဲ မကြိုက်ချင် ပြန်ဘူး .. ဒီအောက်ထပ် စာကြည့်ခန်းထဲမှာ .. ထပ်ရွေး ကြတာပေါ့ .."

တိုက်အိမ်ပုံစံ လှလှတွေကို .. ပုံစံ ရွေးချယ်နိုင် အောင် ထုတ်ထားပါသည့် စာအုပ်ကြီးဖြင့် တော်နေ ဖြစ်ကြ



ဖွင့်ကြည့်လိုက်။ အိမ်ပုံစံ ရွေးလိုက်။ အတည်မဖြစ်လိုက်နှင့် ရှိနေပါသည့် မေမေကြီးကို .. ကိုကြီးမှ ရယ်၍ လှမ်းကြည့်လိုက် တာကို ပိုးမျှင် မြင်ရပါ၏။ ပိုးမျှင်အတွက် အရမ်းကို ဂရုတစိုက် ကြီး ရှိနေတာကိုလည်း ကိုကြီး ကျေနပ်နေပုံရသည်ပါပဲ ..။ ဘာပဲဖြစ်ဖြစ်။ ပိုးမျှင်အပေါ်မှာ လူကြီးဆန်သော အကြည့်များဖြင့် အစ်ကိုကြီးတစ်ယောက်နှယ် စိတ်ရှည်စွာ ကြည့်တတ်ပါသော ကိုကြီးလို လူမျိုးနှင့် ဘဝလက်တွဲဖော် ပြုရသည့်အတွက်တော့ဖြင့် ငွေပိုးမျှင် ရင်ထဲ ကျေနပ်ကြည်နူးရ .. အားရှိချမ်းမြေ့ရသည်ပါပဲ လေ ..။

ပိုးမျှင်အတွက်ကတော့ဖြင့် .. အနာဂတ်ခရီးသည် .. မေတ္တာဖြင့် ပြည့်ဝစွာ နေထိုင်ရချေသည့် ဘဝအတွင်းမှာ .. အေး ချမ်းစွာ ဖြတ်သန်းရချေတော့မည်ဟု ယုံကြည်မိရပါသည့်အဖြစ်။

ကိုကြီးမှ ခဏ .. ဟူသော လေသံလေးဖြင့် လက် လေး ပြ၍ မေမေကြီးနောက် လိုက်သွားတာမို့ ပိုးမျှင်တစ်ယောက် တည်း အပေါ်ထပ်သို့ တက်လာခဲ့ရပါ၏။

မင်္ဂလာခမ်းဆောင်ကြီးထဲသို့ တံခါးလေး အသာတွန်း ကြည့်လိုက်တော့ ခပ်ဖွဖွပွင့် သွားပါချေသည်။

ပထမဆုံး ကြားလိုက်ရသည်က .. ရှိုက်သံမျှင်မျှင် ..။ ဟုတ်သည် ..။ ရှိုက်သံမျှင်မျှင် ..။ ငွေပိုးမျှင် ရင်ထဲ ထင့်ခနဲ ဖြစ် ရပါပြီ။ မင်္ဂလာခမ်းဆောင်ဆီသို့ မင်္ဂလာသတို့သမီးတစ်ယောက် ထောင် ဝင်ရောက်လိုက်ရချိန်သည် တစ်ယောက်တည်း ဖြစ်နေသည်။ ခုမှ စဉ်းစားမိသည်။ ကိုကြီး ပါမလာဘဲ တစ်ယောက်တည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ပြီးတော့ .. ငိုသံကို ဝင်ဝင်ချင်း ကြားရပြန်သည် ရင်ထဲ လေးခနဲ ဖြစ်သွားရပါပြီတည်း ..။ အဘယ်သူသည် .. မင်္ဂလာယူသော .. ဤမင်္ဂလာခန်းဆောင်ထဲမှာ လာ၍ ငိုရှိုက်နေ ပါသတဲ့လဲ ..။ ရင်ထဲမှာ .. မနှစ်မြို့စိတ်သည် အုံကျင်းဖြင့် ဖြစ် တည်၏။ ဘယ်လောက်ပဲ စိတ်ထားလေး အေးချမ်းသိမ်မွေ့ရ မယ့် .. ခုလို .. ကိုယ့်ဘဝ၏ မင်္ဂလာအချိန်မှာ .. ငိုသံဖြင့် ဝင် ရတာကိုတော့ ရင်ထဲမှာ .. လက်မခံနိုင်။ မနှစ်မြို့နိုင် ..။ အခန်း ထဲမှာ လူတစ်ယောက် ရပ်နေသည်။

တံခါးဘက်ကို ကျောပေးလျက်ဖြင့် ရပ်နေပါသည် သူသည် .. ညိုရီသော် ဖြစ်နေချေသည်တကား ..။ အောက်ထပ်မှာ ပိုးမျှင်တို့ ရှိကြစဉ်က .. ရှိနေပါသော ညိုရီသော်သည် .. မေမေ တို့ ပြန်ကြစဉ်ခိုက်မှာ ..။ ဤမင်္ဂလာခန်းဆောင်တွင်းသို့ ရောက် လာနေခဲ့ဟန် တူပါ၏။

ဘာကြောင့် .. ထိုသို့ ရောက်လာရင်း .. ငိုနေရပါ သတဲ့လဲ ..။ စိတ်ရှုပ်ထွေးနောက်ကျိလာလျက်မှ ငြိမ်ငြိမ်သက်သက် လေး အကဲခတ်သလို စိုက်ကြည့်မိရသည်က ညိုရီသော်၏ ကျော ပြင်ကိုပါ ..။ ကျောပြင်က သိမ့်ခနဲ သိမ့်ခနဲ ခါနေသည်။ နောက်ပါးရှိ တံခါးမှာ ငွေပိုးမျှင် ရောက်နေပြီ ဆိုတာကို သိနေပုံ မရသေး ..။ တစ်ခုခုကို ရင်မှာ ပိုက်ထားသလိုဖြင့် ညိုရီသော် သည် ငိုနေဆဲ ..။ ထိုရင်မှာအပ်ထားသော အရာသည် မည်သည့် အရာ ဖြစ်ပါသတဲ့လဲ ..။ သိလိုဇောဖြင့် ငွေပိုးမျှင် ခြေသံညင် ညင်ဖြင့် ရှေ့သို့ တိုးလာခဲ့ပါ၏။



"ဟင် .." ခနဲဖြစ်သွားရပါပြီ ..။ ရင်မှာ အပ်ထားသော ဓာတ်ပုံကို ခပ်ဖွဖွ ချလိုက်ပါသည့် ညိုရီသော် ..။ ငုံ့နမ်း လိုက်ပါသည့် ညိုရီသော် ..။ မျက်ရည်ကျနေပါသည့် ညိုရီသော် ..။ ထိုဓာတ်ပုံပိုင်ရှင်သည် .. ကိုကြီး .. ဖြစ်နေပါချေသည်တကား ..။

စားပွဲထက်မှာ ဓာတ်ပုံကို တင်လိုက်တာမို့ နောက်ပါးဆီမှ ကြည့်လိုက်မြင်လိုက်ရသည်က .. ကိုကြီး၏ဓာတ်ပုံ ဖြစ်နေခြင်းကိုပါ ..။ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ဖြင့် ကိုယ်တစ်ပိုင်းပုံဖြင့် တည်ငြိမ်စွာ ရှိနေပါသည့် ကိုကြီး၏ပုံကို ခုထိ ညိုရီသော် ကြည့်နေဆဲ။ လက်ဖြင့် ဖွဖွထိလိုက်ပြန်သေးသည့်အဖြစ်။

"နောက်ဆုံးတော့ .. မောင်က .. မောင်က .. ပိုက်ဆံချမ်းသာတဲ့လူကို ရွေးလိုက်တာပဲပေါ့နော် .. ညို့လို .. အစေအပါးကို .. ဘယ်စဉ်းစားပါ့မလဲ မောင်ရယ် .. ညို .. ညို .. ခု .. ရင်ကွဲနေပါပြီ မောင် .. မောင့်အတွက် .. ညိုဟာ .. အစေအပါးအဖြစ် .. ဒီအိမ်မှာ မောင့်ကို ပြုစုခွင့်ရနေတာကိုပဲ .. ကျေနပ်ရမလိုပါ .. နောက် .. မောင်နဲ့ အဲဒီပိုးမျှင်နဲ့ .. တူတူရှိနေတာကိုလဲ .. ကြေကြေကွဲကွဲနဲ့ မြင်နေရမယ့် အစေခံမပါ မောင် .."

ဟု မခံနိုင်သလိုလေး ခပ်ကျယ်ကျယ် ဖွင့်ချပြောရင်း လက်ဖဝါးလေးဖြင့် မျက်နှာကို အုပ်၍ ရှိုက်ကြီးတငင် ငိုချလိုက် ချိန်မှာ ပိုးမျှင် ခေါင်းတွေ မူးခနဲ ဖြစ်ချင်နေပြီ။ ငွေပိုးမျှင် ရောက် နေပြီဆိုတာကို ခုထိ ညိုရီသော် သိပုံမရသေး ..။ ရှိုက်ငင်ငိုချနေဆဲ။ ငွေပိုးမျှင် .. ရင်ထဲမှာ .. ကြေကွဲလာရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"ပိုးမျှင်က .. ပိုးမျှင်ရဲ့ ဘ၀လေး .. ပြည့်စုံအေးချမ်းလှချေရဲ့ .. ကံကောင်းလှချေရဲ့လို့ ကြည်နူးချမ်းမြေ့နေချိန်မှာ .. ကိုယ် လက်ထပ်လိုက်ရတဲ့ ခင်ပွန်းသည်က .. အဲဒီအိမ်က အစေအပါးနဲ့ ချစ်ကြိုးသွယ်ခဲ့တဲ့သူ ဖြစ်နေပါပေါ့လား .. ပိုး .. ပိုးမျှင် ရှက်လိုက်တာ .. ရှက်လိုက်တာ .."

ဟု တွေးလည်းတွေး ..။ နောက်ဘက်ကိုလည်း နောက်ဆုတ် နောက်ဆုတ်ဖြင့် ပြန်ဆုတ်လာမိရင်းမှ ..။ ကိုယ်လေးကို ပြန်လှည့် ..။ တံခါးရွက်ကို အသံမမြည်အောင် ဖွင့်ကာ .. အခန်းပြင်သို့ ထွက်မိခဲ့ရပါပြီတည်း ..။

ရင်ထဲမှာ လှိုက်နေသည်။ သတို့သမီးတစ်ယောက်၏ ကြည်နူးသော .. စိတ်လှုပ်ရှားသော .. ဘ၀အတွက် .. မျှော်လင့်ခြင်းများ တိမ်းမူး ပုံဖော်နေမိသော အဖြစ်များစွာတို့သည် လုံး၀ ပျောက်ကွယ်သွားခဲ့ပြီ ..။

နံရံမှာ ကျောလေးမှီရင်း ခဏတာမျှ ငြိမ်ရပ်နေမိရပေမယ့် ရင်ထဲမှာ ဆောက်တည်ရာမဲ့နိုင်နေသည်။ ကိုကြီးသည် .. ကိုကြီးသည် .. သစ္စာမဲ့သောသူတစ်ယောက် ဖြစ်နေချေသည်တဲ့လား ...။ ညိုရီသော် အပေါ်လည်း သစ္စာမဲ့သည်။ ပြီးတော့ .. ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးသယောင်ဖြင့် .. ပိုးမျှင်ကိုလည်း လက်ထပ်ခဲ့ပြန်သည်။ ဤသည်ကလည်း သစ္စာမဲ့မှုပါပဲလေ ..။ အဘယ်မျှထိ ရှက်ဖို့ကောင်းနေပါသတဲ့လဲ ..။ ကိုကြီး၏ ငယ်ချစ်တစ်ယောက်နှင့်အတူ .. ပိုးမျှင်က .. ပိုးမျှင်က .. ဤပဒုမ္မာအိမ်ကြီးမှာ တူတူရှိနေရမည်တဲ့ ..။ အဘယ်မျှထိ မျက်နှာပူဖို့ကောင်းနေပါသလဲ ..။



လက်ဖ၀ါးလေးနှစ်ဖက်ကို ကျစ်နေအောင် ဆုပ်ထားရင်းဖြင့် ပိုးမျှင် ငြိမ်ရပ်နေချိန်မှာ ညိုရီသော် အခန်းတွင်းမှ ထွက်လာသည်။ မျက်နှာက အမ်းနေ၏။ မျက်ခွံလေးတွေ မို့နေ၏။ ပိုးမျှင်ကို တွေ့တော့ တစ်ချက် ခြေလှမ်းတန့်ချင်သည်။ နောက်တော့ .. မျက်လွှာ ဖျတ်ခနဲ ချ၍ .. ညိုရီသော် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလိုက်တော့ ပိုးမျှင် ငြိမ်ရပ်ကြည့်ကျန်ခဲ့ရပါ၏။

လျှောက်သွားနေရင်းမှ ညိုရီသော် တစ်ချက် ခပ်မဲ့မဲ့ပြုံးသည်။ ညိုရီသော်ပဲလေ။ ကိုယ် တိတ်တခိုးမြတ်နိုးချစ်ရပါသည့် ရှေမင်းသား ကိုကို့ကို .. လုယူသွားပါသည့် မိန်းမ ..။ ပထမဆုံးသော မင်္ဂလာဦးနေ့မှာပင် .. ရင်ထဲမှာ .. ကြေကွဲငိုကြွေးနေဦးတော့ .. ဟု ရင်ထဲမှ ခါးသီးမုန်းတီးစွာပဲ ပြောနေမိရပါသည့် အဖြစ်။

"တစ်နေ့မှာ .. ငါကို ကိုကိုမြတ်မင်းသာက .. ချစ်စကားပြောမယ်လို့ ထင်မိတယ် .. သူ့ရဲ့ တည်ငြိမ်ရင့်ကျက်တဲ့ လှုပ်ရှားမှုတွေကို .. ငါ ဘယ်လောက် အရိပ်တကြည့်ကြည့်နဲ့ နေခဲ့ကြည့်ခဲ့သလဲ .. သူ စားဖို့ အစားအစာတွေကို .. ငါ ဘယ်လောက် ကြိုးစား ပမ်းစား ချက်ပြုတ်ခဲ့သလဲ .. ဟင် .. ခုကျတော့ ငါက .. ငါက .. အစေခံအဖြစ် .. ဒီကိုတောင် လိုက်လာရသတဲ့ .. မေမေကြီးဟာ ငါ့ရင်ထဲက ချစ်ခြင်းတွေကို သိနေတယ်လို့ ငါ ထင်မိခဲ့တယ် .. ကိုကို့ကို ဘယ်အထိ ငါ ဂရုစိုက်တယ်ဆိုတာ သူ သိနေတာပဲ။ ဒါပေမဲ့ .. သူက .. သူက .. ကိုကို့ကို အဲဒီ မိန်းမနဲ့ ပေးစားလိုက်တယ်လေ .. သူ့ကိုလဲ .. ငါ နာတယ် .."

www.burmeseclassic.com

www.burmeseclassic.com



အတွေးဖြင့် လက်သီးဆုပ်လေးကို .. လက်ဖဝါးတွေထဲ လက်သည်းလေးတွေ နစ်ဝင်လာအောင် ဆုပ်ခဲပစ်မိလိုက်ကာ အံခဲလိုက်သည်ကလည်း ညိုရီသော်ပါ ...။

"မမကြီးကိုသာ ဂရုစိုက်ပါအေရယ် .. ညည်းလေး .. တစ်နေ့ .. မမကြီးရဲ့ အိမ်သားဖြစ်ရမှာပါ .. ဖြစ်ရမှာပါနဲ့ .. ပြောခဲ့တဲ့ မိန်းမကြီး .. ငါ့မှာဖြင့် .. သူ့မွေးစားသားနဲ့ ငါ့ကို သဘောမျှနေတာပဲလို့ ထင်မိတာ .. နေရာချပေးမှာပဲလို့ ထင်မိတာ .. အို .. သူ့အနှံ့အတာတွေ ငါ့လောက် ဘယ်သူ ခံခဲ့လို့လဲ .. ပန်းသင်ကို ရိုက်စမ်းဆိုလဲ ငါ ရိုက်ချပစ်ခဲ့တာပဲ .. သူက .. ငါ့ကို... နှိပ်နယ်ပေးစမ်းဆိုလဲ .. ငါ နှိပ်နယ်ပေးလိုက်ခဲ့တာပဲ .. အလိုမကျလို့ ငေါက်ရင်လဲ ငါငြိမ်ခံပေးခဲ့တာပဲ .. သူ့ကို .. တစ်နေ့မှာ .. ငါ့အမေအဖြစ် .. ငါ့ယောက္ခမအဖြစ် .. ရှိလာရမယ့်သူလို့ ငါ မျှော်လင့်ခဲ့သမျှ .. အားလုံး .. ပျက်သုဉ်းကုန်ရတော့တာပါပဲလား .."

လေကားထစ်တွေကို နင်းဖြတ်ရင်း ညိုရီသော် အံခဲတွေးနေဆဲ ..။ ရင်ထဲမှာ နာနေသည်ပါပဲ ..။ ကိုကို လက်ထပ်တော့မည်ဆိုကတည်းက .. ည .. ညတွေမှာ .. မျက်ရည်နှင့်အတူ လူးလိမ့်ဖြတ်သန်းလာခဲ့ရသည် မဟုတ်ပါလားလေ ..။ အစေခံမတစ်ယောက်၏ ရင်ထဲမှ အမုန်းကို .. သူတို့ တစ်နေ့ ကောင်းကောင်းသိစေမည် .. ဟု ရင်ထဲမှ တကခတ်ကြုံဝါးနေတာကို မိမိဘာသာပဲ အသိဆုံး ..။



"စိန်တွေ လက်ဖွဲ့လိုက် .. အိမ်တွေ လက်ဖွဲ့လိုက် .. ရတနာတွေ တစ်ဆင်စာ တစ်ဆင်စာတွေ ဖွင့်ဖွင့်ပြ လက်ဖွဲ့လိုက်နဲ့ လုပ်သမျှ .. ငါက .. ဘေးက ရပ်ကြည့်နေရတဲ့ ညိုရီသော် ဖြစ်နေတယ် .. ဟိုအဘွားကြီးကလဲ .. ငါ့ကို .. သူ .. တစ်ခါဖူးမှ .. သူ့မွေးစားသားနဲ့ မျှော်မှန်းရည်ရွယ်ထားသယောင်ယောင်တွေ မပြောဖူးတာကျလို့ .. မျက်နှာကြီး ပြောင်တိုက်ပြီး .. လက်ဖွဲ့ရတနာဘူးတွေ .. ဖွင့်ဖွင့်ပြနေလိုက်တာ .. မျက်နှာကို ကုတ်ဖဲ့ပစ်ချင်ဖို့ပဲ ကောင်းတော့တယ် .."

ခါးသီးသော အမုန်းသည် ဒေါ်ခင်ခင်ကြီးဆီမှာလည်း ပြုံဆင်းနေသည်။ နေရာလုသည့် .. ပိုးမျှင် ထံမှာ အုံကျင်းဖွဲ့နေသည်။ ဆုံးရှုံးရချေပြီကော .. ဟု သိနေရသည့် ကိုကိုမြတ်မင်းသာကိုလည်း တစ်နေ့မှာ ပြန်ပိုင်ဆိုင်လိုစိတ်ကလည်း ကြီးနေသည်။

"ဒါကြောင့်လဲ .. ကိုကို့ကို .. အဘွားကြီး စာကြည့်ခန်းထဲ ခေါ်ချသွားတာကို အပေါ်ထပ်စင်္ကြံကနေပြီး ငါ လှမ်းမြင်လိုက်ရလို့ .. ဒီနေ့ .. ငါ ဒီအလုပ်တစ်ခုကိုတော့ .. ဟိုကောင်မကို လုပ်ပြလိုက်နိုင်ခဲ့ပြီ .. သူ ဝင်လာချိန်ကို .. ငါ .. တံခါးကို ကျောပေးပြီး ရပ်စောင့်နေတယ် .. ကိုကို့ ခါတ်ပုံကို ရင်မှာပိုက်ထားလိုက်တယ် .. သူလည်းဝင်လာရော .. ငါ .. ရှိုက်ပြတယ် .. ငိုပြတယ် .. မောင်လို့ .. ကိုကို့ကို .. ငါခေါ်ပြတယ် .. ကိုကိုနဲ့ငါ .. ချစ်နေကြသယောင် လုပ်ပြခဲ့တယ် .. ဟိုကောင်မ .. ကလေးမျက်

www.burmeseclassic.com

www.burmeseclassic.com



နှာလေးနဲ့ ကောင်မလေး .. ကောင်းကောင်းယုံသွားပြီ .. ငါ့ထောင်ခြောက်ထဲကို .. အဲဒီသိုးငယ် .. ယုန်ဖြူမလေး ကတော့ တည့်တည့်ကြီးကို ဝင်တိုးပြီ ..”

ဟု တွေးကာ ကျေနပ်စွာပဲ- တစ်ယောက်တည်း လွတ်လပ်စွာ ပြုံးလိုက်မိသည်။ ဟုတ်သည်။ လွတ်လပ်စွာ ..။ မုန်းတီးမှုများ၊ ခံပြင်းမှုများ၊ ပြီးတော့ .. မလိုတမာစိတ်များဖြင့် ပြည့်ဝနေသည့် အပြုံးကို လွှတ်လွှတ်လပ်လပ်ကြီး လွှတ်ချပေးလိုက်သော အပြုံး။ ကောက်ကျစ်စဉ်းလဲမှုများကို ခြွေချလိုက်သော အပြုံး ..။

ကိုကိုနှင့် ငွေပိုးမျှင်တို့ .. ကွဲကိုကွဲရမည်။ ငွေပိုးမျှင်၏ ရင်ထဲမှာ စတင်၍ အညှောင့်ဖြစ်တည်နေပြီ ဖြစ်သော .. ကြေကွဲမှုနှင့် ဖြစ်တည်သည့် စိတ်ထိခိုက်ခြင်းများသည် .. အမြဲတစေ .. ကိုကိုနှင့် ညိုရီသော့် ကြားမှာ ... ဒေါက်ထောက်လိုက်ကြည့်နေခြင်းဆိုသည့် အဖြစ်ကို ဖြစ်တည်လာစေမည်သာ ..။ ဟုတ်သည်။ ကြေကွဲမှုဖြင့် ဖြစ်တည်သော စိတ်ထိခိုက်ခြင်းများ .. ကိုယ်လက်ထပ်ထားသည့် ခင်ပွန်းသည်မှာ အစေခံချစ်သူဟောင်း ရှိနေသည်ဆိုတာကို သိနေရခြင်းလောက် သတို့သမီးတစ်ယောက်၏ ရင်ကို ကြေကွဲစေမည့် အရာလည်း မရှိနိုင်။ ထိခိုက်စေမည့် အရာလည်း မရှိနိုင် ..။ ထိုအရာများဆီမှ ဆက်လက်၍ မနာလိုဝန်တိုခြင်းများ၊ ပေါက်ကွဲမှုများ ဖြစ်တည်လာချေမည်သာ ..။ ထိုအခါ .. ထိုလင်မယား .. ကွဲချေမည်ပေါ့ ..။ ကိုကိုက .. သူ့သိက္ခာကို ထိခိုက်စေသည့် စွပ်စွဲစော်ကားမှုများကိုတော့ သည်းခံချေမှာ မဟုတ် ..။



နောက်တစ်ကြော့ပြုံးပြီး လှေကားကို ဆက်ဆင်းစဉ် ခိုက်မှာ စာကြည့်ခန်းဆီမှ ထွက်လာပြီဖြစ်ပါသည့် ကိုကိုမြတ်မင်းသာကို ညိုရီသော် တွေ့လိုက်ရပါပြီ ...။

သြော် ... ရင်ထဲက မင်းသားလေးတစ်ပါးအဖြစ် .. ရင်ကိုနှစ်၍ .. ချစ်ရပါသည့်သူ ..။ ထိုသူသည် .. ဤနေ့မှာ .. မိန်းမတစ်ယောက်၏ ပိုင်ဆိုင်သော ခင်ပွန်းသည်အဖြစ် .. ရပ်တည်နေချေပြီတကား ...။ ရင်သည် .. ကျင်ခနဲ ဖြစ်ချေ၏။ ကိုကိုကတော့ .. တည်ငြိမ်သော ခြေလှမ်းများဖြင့် လှေကားထစ်များကို နင်းဖြတ်တက်သွားနေပြီ ..။ ညိုရီသော့်ကို ပြုံးပြလိုက်ချေသေးသည့်အဖြစ်။

ကိုကိုသည် .. သူလက်ထပ်ထားသော .. သတို့သမီးထံသို့ သွားနေချေသည်တကား။

မျက်ရည်စက်က မျက်ဝန်းအိမ်ဝယ် တလဲ့လဲ့လည်ချေသတည်း။

❀ ❧ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

စိုးရိမ်စိတ်သည် ရင်မှာ ဖြစ်တည်လျက် ပူပန်သလဲ ကြီးကိုပဲ သူ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာမိရပါပြီ ..။ မြင်ရသည့် မြင်ကွင်းက သူ မထင်ထားသည့်မြင်ကွင်း ..။ သူ၏ ငွေပိုးမျှင်သည် မင်္ဂလာခမ်းဆောင်ကြီးထဲမှာ ရှိနေလိမ့်မည်ဟု ထင်ထားပေမယ့် .. တကယ်တမ်းကျတော့ အဝင်တံခါး၏ ဘေးဘက်နံရံကို မှေးမှီရပ်နေလျက်ဖြင့် မျက်နှာမှာ သွေးဆုတ်နေ သည့်နှယ်လည်း ဖြစ်နေကာ အရှမ်းကို စိတ်ထိခိုက်နေသည့်အသွင် မျိုး ဖြစ်နေသည်။ သူ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာမိရကာ

"ငွေပိုးမျှင် .."

ဟု ခေါ်လည်းခေါ်မိ။ လက်ဖဝါးတွေကလည်း ငွေပိုးမျှင်၏ ပခုံးလေးထက်မှာ ထိန်းထိန်းအုပ်အုပ် ဖေးတင်ထားမိ ရပါ၏။ အနီးကပ်မြင်ရလေ .. ငွေပိုးမျှင်၏ မျက်နှာလေးမှာ သွေးရောင်ဖျော့ကျနေတာကို ပို၍ မြင်နေရလေပါ။ မျက်ဝန်းတို့ စုံမှိတ်ချထားကာ လက်လေးနှင့်ဖက်ကို ဖေးယှက်ပူးကပ်ထားရင်း



အားကုန်ကြိုးပြတ်လေးပမာ ဖြစ်နေပါသည့် ငွေပိုးမျှင်၏ အသွင် လေးက ဖေးယှက်အုပ်ထားရာ လက်ဖဝါးလေးတွေသာလျှင် အားကိုးရာကြီးတစ်ခုနှယ် ဖြစ်နေသည့်အသွင် ..။ သူ့ခေါ်သံ ..။ ပြီးတော့ .. သူ့လက်ဖဝါးတွေ၏ ဖေးဆုပ်ထိန်းထားမှုတွေ ရှိလာမှ ဖျတ်ခနဲ ငွေပိုးမျှင်၏ မျက်ဝန်းလေးတွေ ပွင့်လာပါ၏။

ဘုရားရေ ..။ စောစောက ရွှန်းလဲ့နေသော မျက်ဝန်း လေးတွေ အရှမ်းကို ဖျော့တော့တော့ ဖြစ်နေရချေသည်တဲ့လား ..။ သူ .. စိုးရိမ်စောလည်း ကြီးသွားရ .. အံ့ဩလည်းအံ့ဩရ ..။ နားမလည်နိုင်အောင်လည်း ဖြစ်သွားရပါပြီ။ ချက်ချင်းကြီး ဤ မျှအထိ .. ငွေမိုးမျှ င်သည် ဘာကြောင့် .. ချုံးချုံးကျမျှ .. ပုံပုံ လဲမျှ .. အားကုန်ကြိုးပြတ်ကြီး ဖြစ်သွားရပါသတဲ့လဲ ..။ သူ .. မေမေခင့် နောက်သို့ စာကြည့်ခန်းဆီကို လိုက်သွားခဲ့ရစဉ် တုန်းကပင်လျှင် ငွေပိုးမျှင်သည် .. အေးချမ်းနေသော ငွေပိုးမျှင် .. သိမ်မွေ့ယဉ် ကျေးစွာ .. တည်ငြိမ်စွာရှိနေသည့် ငွေပိုးမျှင်အဖြစ် ရှိနေခဲ့သည်ပဲ။ သူနှင့် လက်ထပ်လိုက်ရသော သတို့သမီး တစ် ယောက်အဖြစ် .. သူ့အပေါ် ယုံကြည်အားကိုးနေပါသော မိန်းက လေးတစ်ယောက်အဖြစ် ရှိနေခဲ့သည်ပဲလေ ..။ ခုကျတော့ .. ခု .. လတ်တလောကြီးမှာပဲ .. ငွေပိုးမျှင်သည် .. အရှမ်းကို အဆုံးရှုံးကြီး ဆုံးရှုံးလိုက်ရသည့်သူတစ်ယောက်၏ ဝေဒနာများ စွန်းထင်းနေချေ သည်တဲ့ ..။ သူ .. နားမလည်နိုင် ..။

ဖျတ်ခနဲ မော့ကြည့်လာသည့် မျက်ဝန်းလေးတွေကို သူ ငုံ့မိုးစိုက်ကြည့်နေရင်းမှ အဖြေတစ်ခုကို .. ရှာယူလိုက်နိုင်ဖို့ လည်း ကြိုးစားကြည့်နေမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းဘူးလား ငွေပိုးမျှင် .. ဟင် .. မူးနေလား .."

အေးချမ်းခြင်းမှာ ကြင်နာမြတ်နိုးခြင်းနှင့် စိုးရိမ်ဇောတွေ ရောထွေးပါနေပါသည့် အငွေ့အသက်များဖြင့် ပြည့်ဝနေပါသည့် မေးခွန်းဆိုတာ မိမိဘာသာလည်း သိနေသည်။ ဤမိန်းကလေးကို .. သူ ချစ်မြတ်နိုးသည်လေ ..။ သိမ်မွေ့သော ချစ်ခြင်းများဖြင့် နက်နက်ရှိုင်းရှိုင်းကြီးကို သူ ချစ်မြတ်နိုးရလေသည်မို့ .. သူ့အကြည့် .. သူ့စကားလုံးများ .. သူ့လှုပ်ရှားမှု .. အို.. အရာရာသည် .. နူးညံ့သိမ်မွေ့ခြင်းများဖြင့် ပြည့်ဝနေရသည်။ အေးချမ်းချစ်ကြင်ခြင်းများဖြင့်လည်း ခိုင်မာဖြစ်တည်နေရသည် ..။ ချစ်ရသူလေး စိတ်ထိခိုက် ပင်ပန်းမှာကို စိုးရိမ်သည့် ဇောများဖြင့် လွှမ်းမိုးခံနေရသည့် လူတစ်ယောက်အဖြစ်လည်း ရှိနေရချေသည်တကား ..။

ငွေပိုးမျှင်၏ မျက်နှာလေး ဖျတ်ခနဲ ငုံ့ချသည်။ မျက်လွှာချသည်။ သူ လျှောက်လာခဲ့သည့် ခြေသံကိုပင် မကြားနိုင်လောက်အောင် စိတ်လှုပ်ရှားထိခိုက်နေခဲ့ပါသည့် မိန်းကလေးသည် သူ့ ခေါ်သံနှင့် သူ၏ လက်တွေ ဖေးဆုပ်ထိန်းကိုင်လာမှ သတိဝင်လာရရှာမှန်း သူ သိနေရသည်မို့ ..

"ဖြေလေ ငွေပိုးမျှင် .. နေမကောင်းဘူးလား .. ဒါမှမဟုတ် ..
တစ်ခုခု .. စိတ်မကောင်းစရာ .. ကြုံလိုက်သလားဟင် .."

ဟု တိုးဖွဖွ ဆက်မေးမိသည်။ သူ့အကြည့်က ငုံ့ကိုင်း၍ ငွေပိုးမျှင်၏ မျက်နှာနုနုဥဥလေးကို မိုးထားသည့်နှယ် ရှိနေပါ၏။ အကြောမျှင်မြမြရှိန်းရှိန်းတို့ ရိုးရိပ်ထင်နေလောက်အောင် နုဖန့်နေပါသည့် ငွေပိုးမျှင်၏ မျက်နှာလေးထက်မှာ ..



ခုတိုင် သွေးရောင်လွှမ်းမလာသေး ..။ သူ့ကို မော့လည်း ကြည့်မလာသေး ..။

နောက်တော့ .. သူ ခပ်ဖွဖွလေး မေးဖျားကို း‌မော့လိုက်ချိန်ကျတော့မှ စိတ်ကို လျှော့ချလိုက်သလိုလေးဖြင့် န်းခနဲကြီး သူ့ရင်ခွင်ထဲ ကလေးလေးလိုပဲ တိုးဝင်လာရှာပါသည်း ..။ သူ .. ရင်ထဲ မကောင်းနိုင် ..။ ငွေပိုးမျှင်၏ ဝမ်းနည်းကြီး ရှိနေပုံလေးက .. သူ့ရင်ခွင်ထဲသို့ အားကိုးရာ ကိုကြီးစ်ယောက်ကို မှီမှီတွယ်တွယ်ကြီး .. တိုးဝင်လာသည့်အသွင်လေး ဖြစ်နေသည်။ ရင်ခွင်ထဲမှာ မှီအပ်ထားပါသည့် ငွေပိုးမျှင် ခေါင်းလေးကို သူ့လက်ဖဝါးတွေက သိမ်းအုပ်တင်ထားရင်းမှ ဖွဖွလေးလည်း ပွတ်သပ်ပေးပါ၏။

"ကိုယ် .. သနားလိုက်တာ .. ကဲ .. ကဲ .. တိတ်နော်..
အထဲဝင်ရအောင် .. အခန်းထဲရောက်မှ .. ကိုယ့်ကိုမေး ..
ပြောလဲပြောပြ .. ဟုတ်ပလား .. တစ်ခုခုတော့ .. ကိုယ့်
ငွေပိုးမျှင်လေးမှာ ဖြစ်ထားပြီဆိုတာလောက်ကိုတော့ ..
ကိုယ် သိထားပြီ .. လာ .. လာ .."

ဟု မျက်နှာလေးကို ဆွဲမော့ ..။ မျက်ရည်တွေ တ်ပေးရင်းမှ ပြောလည်းပြောရ။ ပခုံးလေးကို ထိန်းမွေ့၍ င့်စောင့်ခေါ်လာနေတော့ ဘေးမှ ခေါင်းလေး ငုံ့ချ၍ ငွေပိုးမျှင် လေးလေးလိုပဲ လိုက်လာရှာပါ၏။

အရမ်းကို ဖြူစင်သည့် မိန်းကလေးဆိုတာ သူ နေသည်မို့လည်း .. ရင်ထဲမှာ .. မကောင်းနိုင် ..။ ဤမျှအထိ ိုးမျှင်လေး .. မင်္ဂလာဦးနေ့မှာ စိတ်ထိခိုက်ရသည်ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ .. မကောင်း။ သူ .. ဖျတ်ခနဲ သတိဝင်လာသည်က
ညိုရီသော် ..။ ဟုတ်သည် .. ညိုရီသော် ..။ စောစောကပဲ
သူသည် ညိုရီသော်နှင့် လှေကား အတက်အဆင်းမှာ ဆုံခဲ့ကြ
သေးသည်လေ ..။ အပေါ်ထပ်မှာ ငွေပိုးမျှင် ကျန်ရစ်ခဲ့လျက်
အပေါ်ထပ်မှ .. ဆင်းလာသူသည် .. ညိုရီသော် ဖြစ်နေသ
ညိုရီသော်သည် .. မည်သည့်စကားကိုများ ငွေပိုးမျှင်ကို ပြော
သလဲ ..။ ဒါမှမဟုတ် ငွေပိုးမျှင်လေးကို .. မခန့်လေးစား
လုပ်ပြခဲ့လေသလား ..။ ညိုရီသော်သည် သူ့အပေါ်မှာ .. 
ညွတ်နူးမျှော်လင့်နေတာကို .. သူ သိသည်ပါပဲ ..။ ဒါပေမဲ့
သူ .. ညိုရီသော်ကို မချစ်နိုင် ..။ အစေအပါး ဖြစ်၍ မချစ်
မျိုး မဟုတ် ..။ ကိုယ်သည်ပင်လျှင် မွေးစားသားတစ်ယောက်
လေ ..။ ညိုရီသော်ကို .. သူ .. ချစ်ကို မချစ်၍ .. မချစ်ခြင်း
သူ့အပေါ် အရမ်းကို ဂရုစိုက်သော .. ချက်ပြုတ်ကျွေးသော
ထမင်းစားချိန်မှာပင် ဘေးမှ ယပ်ခပ်ပေးသည်အထိ ရှိခဲ့ပါသေ
ညိုရီသော၏ ရင်တွင်းမှ မေတ္တာကို သူ နားလည်ထားသည်
ပဲ ..။

ဒါပေမဲ့ .. သူ မချစ်သော .. ညိုရီသော်သည် .. 
ချစ်မြတ်နိုးသော .. မိန်းကလေးကို .. တစ်ခုခု .. စိတ်ဆင်း
အောင် လုပ်သည်ဆိုလျှင်တော့ .. သူ .. မသိကျိုးကျင် လုပ်
နိုင်မှာ မဟုတ်တာလောက်ကိုတော့ .. ညိုရီသော် ကြိုတင်သိထား
ကောင်းသည်ပါပဲ ..။

ဘာပဲဖြစ်ဖြစ် ..။ ငွေပိုးမျှင်လေးကိုတော့ .. မေး
မေးရမည်သာ ..။ အခန်းထဲ ရောက်တော့ ငွေပိုးမျှင်လေး



ာထက်မှာ ထိုင်စေသည်။ ရေခဲသေတ္တာထဲမှ ရေပုလင်းကို
ကာ ရေတစ်ဖန်ခွက်ကို သူ ကိုယ်တိုင် စောင့်တိုက်သည်။
က်တော့ .. ဖန်ခွက်ကို စားပွဲပေါ်ချ၍ ငွေပိုးမျှင်၏ လက်
းကို ထွေးဆုပ်ကာ တည်ငြိမ်ရင့်ကျက်ပါသော အစ်ကိုကြီး
ယောက်နှယ် မေးလိုက်မိရပါပြီ ..။

"ကဲ .. ကိုယ့်ကို .. ပြော .. ပြောစမ်း .. ငွေပိုးမျှင်ကို
ဘယ်သူက ခုလို မျက်ရည်ကျလာအောင် လုပ်လိုက်သလဲ
ဆိုတာ ကိုယ် သိချင်တယ် .. သိမှလည်း ဖြစ်မယ် ..
ဒီအရိပ်ဟာ .. ငွေပိုးမျှင် တိုးဝင်လာရတဲ့နေရာတစ်ခုရဲ့
အရိပ်ဖြစ်နေတယ် .. ငွေပိုးမျှင်နဲ့ ပတ်သက်လာရင် ..
တာဝန်အရှိဆုံးဟာ ကိုယ်ပဲ .. ငွေပိုးမျှင်ကို မျက်ရည်ကျ
အောင် လုပ်ရင် အဲဒီလုပ်တဲ့သူကို .. ကိုယ် .. သူ့အပေါ်
တစ်ခုခု ဆုံးဖြတ်ပေးရမှာပဲ .. ကိုယ့်ငွေပိုးမျှင်ကို .. ကိုယ့်
အရိပ်မှာ မျက်ရည်ကျအောင် လုပ်ရင် .. သူ့ကို .. ဒီအရိပ်
က ဖယ်ရှားပစ်လိုက်ရမှာပဲ .. ကိုယ်နဲ့ မခွာရှိနေရမယ့်
သူဟာ ကိုယ့်ဖနီးသည် ငွေပိုးမျှင်ပဲ .. ကိုယ်တို့က မခွဲ
မခွာ နေကြရမယ့်သူတွေ .. အဲဒါ .. တစ်သက်လုံး ရှိနေ
ရမယ့်အဖြစ် .."

ဟု ပြတ်ပြတ်သားသားကြီး ချလာတော့လည်း
းမျှင် မော့ခနဲ ကြည့်လာကာ ..

"ပိုး .. ပိုးမျှင် .. ကို .. တ .. တကယ် .. လက်ထပ်ချင်
လို့ .. ကို .. ကိုကြီး .. လက် .. လက် .. ထပ် .. ခဲ့ ..
တာပါ .. နော် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မဝ့်မရဲလေး မော့မော်လာပုံလေးမှာ ရင်ထဲအ ကြီး ထိအောင် ဖြစ်သွားရပါ၏။ ဘယ်လိုမှ ရင်ထဲ မကောင်းနိုင် သနားစရာ မျက်နှာလေးကို ရင်မှာ ဖေးအပ်ထားမှ့်လိုက်ရသ မှ ရင်ကို နှစ်၍ ချစ်ရပါသည့် ချစ်စိတ်ဖြင့်ပါ ...။

သူ့ကို ခေါ်လိုက်ပုံလေးကလည်း .. ကိုကြီး .. လား‌လေ ..။ တကယ့်ကို .. ဖြူစင်လိုက်ပါသည့် ကလေးမ ဘကယ့် .. အရိုးခံလေးမှန်း အရမ်းကို သိသာလိုက်ပါသ မိန်းကလေး ..။ ဤမိန်းကလေးကို .. သူ လက်ထပ်ခွင့် ရလို ပါသည့် ကံတရားသည် အလွန်တရာကိုမှ .. အေးချမ်းသ အနာဂတ်တစ်ခုကို ဖန်းဆင်းဖြစ်တည်ပေးလိုက်တာနှင့်ပင် တူ သေးသည့်အဖြစ်။ ဆံစလေးတွေကို သပ်ပေးနေရင်းမှ ..

"ကိုကြီး .. ဘကယ့်ကို .. ချစ်မြတ်နိုးလို့ လက်ထပ်တ ပါ ငွေပိုးမျှင် .. နေဦး .. ကိုကြီး ဆက်ပြောမယ် .."

သူ .. ငွေပိုးမျှင်ကို ဖြတ်မေးခွင့်လည်း မ မျက်နှာလေးကို ဖေးမော့၍ တစိမ့်စိမ့် ကြည့်သည်။ တမိန့်မှ ကြည့်သည်။ တသိမ့်မွေ့မွေ့ ကြည့်သည်။ သူ့ မျက်နှာထက်တွ စိတ်လှုပ်ရှားရိပ်က ထင်၏။ မျက်နှာက စိတ်လှုပ်ရှားခြင်း အတွ နီမြန်းမြန်းဖြစ်လာသည်။ တူထဲပိတ်ခဲနေသော မျက်တော ရှည်လျာ့လျားလေးတွေ ..။ နှာတန်ထင်းထင်းလေးနှင့် နှ သွေးအိအိ နှုတ်ခမ်းလေးတွေ အားလုံးကို သူ ငုံ့မိုးငေးစိုက်ကြ သည်။ ကြည့်၍ မဝနိုင် ..။ အို .. အို .. ကြည့်ရင်းလှ .. လှသ ဆက်ငေးကြည့်နေရပါသည့် သူ၏ ဇနီးသည်လေးပါတကား ..။



"ကိုကြီး ဘဝမှာ .. ငွေပိုးမျှင်ဟာ .. ဘဝရဲ့ သခင်ဦးပဲ .. အချစ်ဦးပဲ .. ဘယ်သူ့ကိုမှ .. ကိုကြီး မချစ်ဖူးဘူး .. ဟောဒီ ငွေပိုးမျှင်လေးကိုကျတော့ .. မြင်မြင်ချင်း ချစ်မိခဲ့ ရတာ .. ခုလဲ ချစ်နေဆဲပဲ .. နောင်လဲ ချစ်နေရမှာပဲ .. ကိုကြီး .. ချစ်လွန်းလို့ လက်ထပ်တာပါ .. ငွေပိုးမျှင်ဆို တဲ့ ဟောဒီကလေးမလေးဟာ .. ကိုကြီးရဲ့ မျက်ဝန်းရိပ် မှာ .. ရင်ခွင်ရိပ်မှာ .. အချစ်တွေနဲ့အတူ တိုးဝင်လာတဲ့ အလှနတ်သမီးလေးပဲ .. ဘယ်လောက်ထိ ချစ်သလဲဆို တာ .. ကိုကြီး .. ပြောမပြတတ်တော့ဘူး .. ကိုကြီးရဲ့ ကြွေရုပ်လေးကို .. ကိုကြီးလေ .. ထားစရာ မရှိအောင် ကို .. တသသနဲ့ ချစ်နေရတာပါကွယ် .. အဲဒါကိုယုံ .. ဟုတ်ပြီလား .."

ဟု ပြောတော့ မျက်လုံးဝိုင်းလေးတွေဖြင့် မော့ငေး နားထောင်ရှာသည့် ငွေပိုးမျှင်ကို .. မချင့်မရဲလေးလည်း ဖြစ်စွာ ချစ်စိတ်သည်းစွာ .. နဖူးပြင်ထက်မှာ .. အနမ်းလေးတစ်နမ်းကို သိမ်မွေ့ညင်သာ ဖေးတင်လိုက်မိရပါပြီ။

"ကဲ .. ကလေးမ .. ကိုကြီးကို ပြောပြမှကို ဖြစ်လိမ့်မယ် .. ငွေပိုးမျှင်ကို .. မျက်ရည်ကျအောင် .. ဘယ်သူ လုပ်ခဲ့ သလဲ"

ဟုမေးတော့ ခေါင်းခါသည်။ မာတင်းတင်းဖြစ်နေ ဖြစ်သည့် သူ့မျက်နှာကိုလည်း မော့ကြည့်သည်။ သူ ဒေါသ ဖြစ်ဖြစ်နှင့် တစ်ခုခု ရန်သွားလုပ်မှာကို စိုးရိမ်စိတ်ဖြင့် ဤကောင် လေး လောလောဆယ်မှာတော့ ပြောတော့မှာ မဟုတ်တာကို

www.burmeseclassic.com

www.burmeseclassic.com



သူ အလိုလိုသိလာနေသည်။ ဘာကြောင့်ဆို .. ငွေပိုးမျှင် ဆိုတာ အရမ်းကို စိတ်ရင်းကောင်းသည့်သူလေးမှန်း သူ သိနေရသည်ကိုး လေ ..။

"အိမ်ကို .. လွမ်းလို့ပါ .. ကိုကြီးရယ် .."

ဟု အသံတိမ်လေးဖြင့် ဖြေတော့ သူ ခေါင်းခါသည်။ လက်လေးကို ထွေးဆုပ်၍ ..

"မညာတတ်ပဲ ညာတာ မကောင်းဘူး ငွေပိုးမျှင်လေးရဲ့ .."

ဟု တိုးဖွဖွ ပြောမိသည်။ နောက်တော့လည်း ပြုံး၍ ..

"လောလောဆယ် မပြောချင်သေးဘူးဆိုလဲ .. မပြောသေးနဲ့ ဗျာ .. ဒါပေမဲ့ .. ဒီနေ့က အဖြစ်တစ်ခုကို .. ကိုကြီး မေ့ထားလိုက်မှာတော့ မဟုတ်ဘူးဆိုတာ သိထားရလိမ့် မယ် မိန်းကလေးရဲ့ .. တစ်နေ့မှာ .. ကိုကြီးကို .. ဒီအဖြစ် မှန်ကို ဖွင့်ပြောပြဖို့အတွက် .. ကိုကြီး မေးကိုမေးမှာပဲဆို တာ .. သိထားရမယ်နော် .. ကဲ .. မင်္ဂလာနေ့မှာတော့ .. ကိုကြီး .. ဇွတ်အတင်းကြီး မမေးရက်တော့ပါဘူး .. ဒီတော့ .. ကိုကြီး တစ်ခုပဲ ထပ်မေးချင်တယ် .. စောစော က .. ဟောဒီ ငွေပိုးမျှင်လေးကို .. ကိုကြီး ပြောခဲ့တာ .. ယုံတယ် မဟုတ်လား .."

ဟု မေးလိုက်မိရပါ၏။ တကယ်လည်း .. ငွေပိုးမျှင် ကို မျက်ရည်ကျအောင် လုပ်သည့်ကိစ္စကို လောလောဆယ်မှာ မေးမရတော့မည့်အတူတူ .. ဇွတ်မမေးရက် ..။ ပြောပြမှာလည်း မဟုတ်တာကို သိနေနှင့်သည်လေ ..။ မပြောဘဲ နေတာကို ဇွတ်



ဆက်မေးလေလေ .. ဤကလေးကို ပိုစိတ်ထိခိုက်အောင် လုပ်နေ တာနှင့် တူလေလေဖြစ်မည်။ လောလောဆယ်မှာတော့ .. ငွေပိုး မျှင် .. နည်းနည်းလေး မျက်နှာလန်းလာနေရှာပြီ မဟုတ်ပါလား။ တကယ့်ကလေးလိုပါပဲလားလေ .. ဟု တွေးမိရသည်ပါပဲ ..။ ဝမ်းနည်းရှိန်လေး ကြီးလာတော့လည်း ကလေးလိုလဲ ..။ အားကိုး ရာအဖြစ် .. သူ့ပဲရှိတာမို့ ဝမ်းနည်းပမ်းနည်းလေး ခေါင်းဝင်ငိုချ ရှာသည့်ကလေး ..။ ခုကျတော့လည်း သူ .. နားဝင်အောင် .. ပြောပြတော့လည်း ယုံကြည်သွားရှာကာ မျက်နှာလေး လန်းလာ သည်ပါပဲ။

ကြည့်ရတာ .. ငွေပိုးမျှင်ကို လက်မထပ်ချင်ဘဲ လက်ထပ်လိုက်သယောင်ယောင်များ .. တစ်ယောက်ယောက်က ပြောလိုက်လေသည်လား မသိ။ ဖြစ်နိုင်ချေအရှိဆုံးကတော့ .. ညိုရီသော်ပဲ ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ..။ ညိုရီသော်ကိုတော့ .. သူ .. မပြတ်အကဲခတ်ကြည့်နေရချေမည်သာ ..။

"ဟင် .. ဘာငြိမ်နေတာလဲ ငွေပိုးမျှင်လေးရဲ့ .. ကိုကြီး မေးတာကို ဖြေလေ .. ယုံတယ် မဟုတ်လားလို့ .."

ဟု သူ ထပ်၍ မေးတော့ ငွေပိုးမျှင် မရဲတရဲလေး မော့ကြည့်လာသည်။ သူ့ရင်တွေ ရှိန်းခနဲ ... နွေးထွေးသွားရသည် ပါပဲ။ အဘယ်မျှအထိ .. ချစ်ဖို့ကောင်းလောက်အောင် ရိုးသား လိုက်ပါသည့် ကလေးမလေးပါပဲလေ ..။

"ဘာကိုလဲဟင် .. ဘာကို ယုံရမှာလဲ .."

ဟု မေးလာတော့ သူ့ႀ. ဖျတ်ခနဲ နဖူးကို ရိုက် သိုက်မိကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းရောဗျာ .. အဲဒါ .. ပြန်မေးရမယ့် မေးခွန်းလား အမှယ်ကြီးအိုပေါက်စလေးရဲ့ .. ဟင် .. မေ့လိုက်ပုံများဗျာ .. ပြောရတဲ့ ကိုကြီးတောင် .. ကိုယ်က ညံ့လွန်းနေသလိုကြီး ဖြစ်လို့ .. ကိုကြီး ပြောတာ ဘာကြာသေးလို့လဲ .. ဘယ်လောက်ထိ ချစ်ကြောင်း .. အချစ်ဦးဖြစ်ကြောင်း .. ဒီရင်ဘတ်ကြီးထဲမှာ .. အမိလေး ရှိနေကြောင်း .. ကဲ .."

ဟု မအိမချင့်ကြီး ပြောတော့မှ လွှတ်ခနဲ ငွေပိုးမျှင် ရယ်သည်။ သူနှင့် ငွေပိုးမျှင် ကြားမှာ .. တရင်းတနှီးနိုင်သော အဖြစ်တွေက ကြည်နူးစဖွယ် ပေါ်လာပါ၏။

"သြော် .. အဲဒါလား .."

"ဟုတ်တယ် .. အဲဒါပဲ .. အဲဒါပဲ .. အဲဒါကို ယုံသလား"

ဟု သူ လက်လေးကို တင်းနေအောင်ဆုပ်၍ မေးတော့ မျက်လွှာလေး ချကာ ..

"ယုံပါတယ် ကိုကြီးရယ် .. ကိုကြီး မျက်နှာက လိမ်ပြောမယ့် မျက်နှာမျိုး မဟုတ်ပါဘူး .."

"မျက်နှာကြီးကိုပဲ ကျေးဇူးတင်လိုက်ပါတယ်ဗျာ .. ဒီမျက်နှာကြီး ကယ်နေလို့ .. ဘယ့်နှယ် .. ပြောတဲ့စကားလဲ ယုံရမယ်လေ အမိလေးရဲ့ .. ဒီမျက်နှာကြီးတစ်ခုတည်း ယုံပြနေလို့တော့ ဘယ်ဖြစ်လိမ့်မလဲဗျ .. ကိုကြီးက .. ဒီမျက်နှာကြီးနဲ့အတူ .. ရင်ထဲက စကားကို နှစ်ပြီးတော့ ပြောပြခဲ့ရတာ .. အဲဒီစကားကိုလဲ .. ယုံ .. မျက်နှာကိုလဲ ယုံ .. ကြားရဲ့လား .. ယုံတယ်ဆိုတဲ့ နေရာမှာ .. ခွဲခြား



ခွဲခြားတော့ မလုပ်နဲ့လေ .. ဒီလူတစ်ယောက်တည်းဥစ္စာကို .. မျက်နှာတစ်ခုတည်း ကွက်ယုံနေလို့တော့ ဘယ်ကောင်းမလဲ .."

ဟု ရယ်စရာလေးတွေ ရွှေးရွှေးပြောနေရင်း သူ ပျော်လာရသည်။ ငွေပိုးမျှင်၏ မျက်နှာလေးမှာ ရှက်သွေးလေးတွေ ဖြန်းတက်လာသည်။ ရယ်သည်မှ .. ရှက်စနိုးလေးရယ်သည်မို့ ချစ်စဖွယ့် ချစ်စဖွယ်လေး ဖြစ်နေပြန်ပါသည့်အဖြစ်။ သူ .. ငွေပိုးမျှင်၏ လက်လေးကို ဖွဖွနမ်းသည်။ အင်္ကျီအိတ်ကပ်တွင်းမှ ဘူးလေးတစ်ဘူးကို ထုတ်သည်။ နီလာကို စိန်ရံထားပါသည့် လက်စွပ်လေးသည် တဖျပ်ဖျပ်တလဲ့လဲ့ ..။

"ဒီနေ့မှာ .. လက်ထပ်လက်စွပ်ကိုလဲ ကိုကြီး ဝတ်ပေးခဲ့ပြီးပြီ .. ဒါပေမဲ့ .. ကိုကြီးရဲ့ ဇနီးလေးကို .. ဟောသလို .. နှစ်ယောက်တည်း ရှိနေချိန်မှာ .. မင်္ဂလာခန်းဆောင်မှာ တူတူ ရှိနေကြရတဲ့ နေ့တစ်နေ့ရဲ့ အထိမ်းအမှတ်အဖြစ် .. ကိုကြီး ဒီလက်စွပ်ကို .. ဝယ်ပေးချင်တယ် .. တစ်နှစ်ပြည့် တိုင်း ပြည့်တိုင်း .. ခုလိုပဲ .. လက်စွပ်လေးတွေ ကိုကြီး ဝတ်ဝတ်ပေးသွားမယ် .."

ဟု ပြောကာ တယုတယ ဝတ်ပေးတော့ ငေးခနဲ ကြည့်ရင်း ..

"လှတယ်နော် ကိုကြီး .."

ဟု မော့ပြောရှာ၏။ ကြည်နူးရာမှန်း အရမ်းသိသာနေသည်ပါပဲ ..။ ခင်ပွန်းသည်၏ ဂရုတစိုက် အလေးအနက်ထား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဆိုသည့် အရာကို ခံယူရပါသည့် မိန်းမသားဟူသည် အဘယ် .. မျက်ရည်လေးတွေ လည်မတက်လာအောင် .. ထိန်းထားနိုင်စွမ်းပါမည်တဲ့လဲလေ ..။ ကြည်နူးမျက်ရည်လေး တလဲ့လဲ့လည်တက်လာရှာပါသည့် အဖြစ်။ အားလုံးကို .. သူ .. သူ .. ရင်ခွေးစွာ.. စိတ်လှုပ်ရှားစွာ .. ငုံ့မိုးငေးစိုက်ကြည့်မိရသည်ပါပဲ ..။

"တစ်နှစ်တစ်ခါ ဝတ်ဝတ်ပေးမယ်ဆိုတော့ .. ပိုက်ဆံကုန်တော့မှာပဲ ကိုကြီးရယ် .. လက်စွပ်တွေလဲ အများကြီးဖြစ်လာမှာ .."

ဟု လောဘလေးနည်းလျက် ပြောတော့ သူ အချစ်ပိုတိုးရပါ၏။ ကိုကြီး .. ဆိုသည့် အခေါ်လေးက .. ဝမ်းနည်းရှိန်လေးဖြင့် အားကိုးရာအဖြစ် ခေါ်ခဲ့ခြင်းမှ .. ခုကျတော့လည်း ကိုကြီး .. ဆိုသည့် အခေါ်လေးကို .. ငွေပိုးမျှင် ခေါ်ဖြစ်သွားခဲ့ရှာခြင်းပါ။

"လက်စွပ်တွေ များတော့ ဘာဖြစ်လဲ .. ဝတ်ပေါ့ .. ငွေပိုးမျှင်လေးကို .. ကိုကြီးက .. အဲဒီ လက်စွပ်လေးလောက်ပဲ ဆင်မှာ မဟုတ်ပါဘူးဗျာ .. ရတနာတွေ .. ဆင်ကို ဆင်ရမှာ ကိုကြီး တာဝန်ပဲ .. အဲဒီ လက်စွပ်ဆိုတာက အထိမ်းအမှတ်လေ .. လက်စွပ်တွေ များလာလေလေ ကိုကြီးတို့ရဲ့ .. အိမ်ထောင်သက်တမ်း .. ရှည်ကြာလေလေပေါ့ .. အနှစ်နှစ်ဆယ် .. ဟော .. ငွေရတုဆိုပြီး နှစ်ဆယ့်ငါးနှစ် .. ရွှေရတု .. စိန်ရတု .. အများကြီး .. အဲသလိုရှိရှိလာရမှာ .."



ဟု ပြောလည်းပြောမိ ..။ ချစ်ရသူလေးကို .. ရင်ခွင်ထဲ သိမ်းပွေ့ယူလိုက်မိရင်းမှ .. သွေးကြောနုမျှင်တို့ ရှိန်းမြမြထင်သည့် ပါးပြင်ဥဥလေးကို .. အနမ်းဦးအဖြစ် .. အနမ်းဖူးအဖြစ် .. နမ်းရှိုက်မိရပ့ါပြီတည်း ..။

အသားတော်နုနုထွေးသည် .. နံ့သာရနံ့ဖြင့် မွှေးမြသင်းထုံ၏။

သြော် .. ပြတင်းဆီမှ .. တိုးဝင်သည့် .. လေပြည်နုတို့တွင်လည်း .. ပန်းရနံ့တို့ စီးမျှောတိုးဝင် .. တိုးဝင်ခစား .. ကြချေသည်တကား ..။

သူ့ရင်မှာ .. အချစ်၏ ချိုမြနွေးထွေးသော .. အချစ်၏ အေးမြချမ်းငြိမ်းသော အရာတို့သည်လည်း စီးမျောတိုးဝင် .. တိုးဝင်ခစားကြချေသည်တကား ..။ ကိုကြီး ချစ်လိုက်ရချေသည်ကော .. မောင့် .. ငွေပိုးမျှင်ငယ်လေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"သန်ဘက်ခါလောက်ပဲ ရန်ကုန်ကို ဆင်းလိုက်တော့ သား .. နှစ်ထပ်ဆောက်နော် .. ဒါ .. မေမေကြီး ထည့်ပေးလိုက်တဲ့ စိန်ထည်တွေပဲ .. အဲဒါကို ရောင်း .. တိုက်ကို .. သပ်သပ်ခံ့ခံ့ဆောက် .. သုံးလလောက်တော့ အားချင်းဆောက်တယ်ဆိုရင်တောင်မှ ကြာမှာ .. ဒီဘက်ကိုတော့ စိတ်မပူနဲ့ .. စက်ရုံကိုလဲ ဂရုစိုက် .. ဟုတ်ပလား .. ပိုးမျှင်ကို မေမေခင် ဂရုစိုက်ပါ့မယ်"

မေမေခင် ခေါ်သည်မို့ သူ ရောက်သွားတော့လည်း စိန်ထည်လက်ဝတ်လက်စားတွေ ထည့်ထားပါသည့် ရတနာယွန်းဘူးကို ပေးလျက် ပြောသည်မို့ သူ အားလည်းနာရသည်။ ပြီးတော့ လက်ထပ်သည်မှ နှစ်ရက်ပဲ ရှိသေးသည်။ သန်ဘက်ခါ ရန်ကုန်သွားရမည်ဆိုတော့လည်း ပိုးမျှင်လေး အားငယ်မှာကို ရင်ထဲ လေးလေးဖြင့် နောက်ဆံငင်မိရ တွေးပူမိရပါ၏။ တကယ်



က .. တစ်ပါတည်းသာ ပိုးမျှင်လေးကိုရော .. ပန်းသင်လေးကိုရော ခေါ်သွားလိုက်ချင်သည်ပါပဲ ..။

ဒါပေမဲ့ .. မေမေခင်ဘက်က အရမ်းကို တာဝန်တွေကျေနေတော့လည်း မေမေခင့် စကားကို ဖယ်ရှားဖို့ရာ မကောင်း။ အားနာဖို့ကောင်းနေသည်။ ခုပဲကြည့် .. အိမ်ကြီးအိမ်ခံ့ကို ဆောက်ဖို့ လက်ဝတ်လက်စားတွေကအစ ထုတ်ပေးနေပြန်ပါသည့် မေမေခင်ပါ ..။ သူ .. စုဆောင်းထားသည့် ငွေကြေးလည်း ရှိပါသည်။ စက်ရုံမှ ဝင်ငွေတွေဆိုတာက နည်းသည်မှ မဟုတ်ချေပဲလေ ..။ ဒါပေမဲ့ .. မေမေခင်က အိမ်အတွက် အမေတစ်ယောက်အနေဖြင့် ထည့်ဝင်ခြင်းဆိုတော့လည်း မယူဘဲနေပြန်တော့လည်း မကောင်း။ ယူရမှာကျတော့လည်း မယူရက် ..။ ပြီးတော့ .. ပိုးမျှင်လေးနှင့် မပန်းသင်ကိုပါ တစ်ခါတည်း ခေါ်သွားမည်ဆိုလိုက်ပြန်လျှင်လည်း .. မေမေခင် ကောင်းနေတာတွေကို .. အသိအမှတ်မပြုရာ ရောက်လွန်းနေပြန်သည်။ သူ့ကို ပိုးမျှင်လေးနှင့် လက်ဆက်ပေးခွင့်ရဖို့အတွက် မေမေခင် အရမ်းကို စိတ်တွေနှစ်၍ လုပ်ကိုင်ခဲ့တာ .. အကုန်အကျခံခဲ့တာတွေ သူ သိနေရသည်ပဲလေ ..။ မေမေခင့်ကို ပက်ပက်ရက်ရက်ကြီး ချန်မထားခဲ့သင့်ပြန် ...။

"မနေ့ကတော့ .. ပိုးဝါနဲ့ နေဝန်းနီတို့ ဒီကို လာကြည့်တာမို့ .. ဒီနေ့တော့ .. သားနဲ့ ပိုးမျှင်လေးတို့ .. အဲဒီ ကို အလည်သွားလိုက်ကြဦး၊ သန်ဘက်ခါ ရန်ကုန်သွားမယ်ပေါ့ ဆိုတာလဲ ပြောပြခဲ့ .. ကြားရဲ့လား သား .. မေမေခင် လဲ .. ပိုးဝါတို့အိမ်ကို ဖုန်းဆက်လိုက်ပါ့မယ် .. သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပိုးမျှင်တို့ အလဲလည်လာကြလိမ့်မယ်လို့ ... ကဲ ... ကဲ - ရေမိုးချိုး ... အဝတ်အစားလဲချေတော့ ... နေ့လယ်စာ ဟိုမှာ စားခဲ့လိုက် ... သူတို့က ကျွေးကြမှာ သေချာတယ် လေ ... မေမေခင် တူတူလိုက်ခဲ့မယ် ... မြကြာယံမှာ ဆင်းနေလိုက်ဦးမယ် သား ... အိမ်ကို ... တစ်ချက်ဝင် ကြည့်လိုက်ဦးမယ်လေ ... ပန်းသင်လေးနဲ့ပဲ အိမ်ကို ထားခဲ့ရတာ မဟုတ်လား ... အင်း ... သား ရန်ကုန်သွား ချိန်မှာ ... ညိုရီသော်ကလဲ ရှိနေရမှာဆိုတော့ ... မြကြာယံ မှာ မပန်းသင်လေးကိုပဲ မေမေခင် အားကိုးရမှာ ... မေမေ ခင်ကတော့ ဒီပဒုမ္မာတစ်လှည့် ... မြကြာယံတစ်လှည့် - နေနေရမှာလေ ... ဆန်စက်ကိစ္စ ... လယ်တွေကိစ္စ - လာကြတဲ့သူတွေကလဲ ... မြကြာယံကိုပဲ ရှိခဲ့ကြတာ မဟုတ်လား ... ဆန်စက်ကိုလဲ ... မေမေခင်က ... တစ်ခါ တစ်ခါ သွားကြည့်ရမှာတွေ ရှိတယ်လေ ... စပါးပွဲစားတွေ ကလဲ ... မြကြာယံကိုပဲ လာကြတာ ရှိတာကိုး ..."

ဟု ပြောလာတော့ ... သူ တစ်ချက် ရင်ထဲ မောသွား သွားရပါပြီ။ မပန်းသင်ကို ပဒုမ္မာမှ ပိုးမျှင်လေးနှင့်အတူ ထားချင် တာကို ပြောမည့်ကိစ္စက လမ်းပျောက်သွားရချေသည့် အဖြစ် မေမေခင် ပြောတာကျတော့လည်း ဟုတ်နေပြန်သည်။ ညိုရီသော် ကို ... မြကြာယံမှာ ခေါ်ထားလိုက်ပါလား မေမေခင် ... ဟု ပြော လိုက်ချင်သည်။ ထိုအခါကျတော့လည်း မပန်းသင်ကို မေမေခင် အနားမှာ မထားချင်၍ ... ဆိုတာက ဖြစ်ဦးမည်။ ပန်းသင်လေး



မေမေခင် စိတ်ထဲ ပြေမှာကျေမှာ မဟုတ်ဟုတော့ နားလည်ထား မိရပေမယ့် ... ရန်ကုန်သို့ သူ ... တစ်နေ့မှာ ခေါ်သွားမည့်ကိစ္စ ကို ... မေမေခင် ... တားကိုမတားခဲ့ပြန်။ ဘဘအပေါ်မှာ မကျေ ချမ်းနိုင်သမျှ ... ဘဘသမီး ဖြစ်ပါသည့် ပန်းသင်လေးကို ခပ်မာမာ ... ဆက်ဆံတတ် ...။ ဆူကြိမ်းမောင်းမဲတတ် ... အစေ အပါးဖြစ်သည့် ညိုရီသော်ထက်ပင် အားငယ်ညှိုးသိမ်စွာ နေရှာ ပါသည့် မပန်းသင်လေးနှင့် မေမေခင်တို့၏ ဆက်ဆံရေးကို သူ မသိမဟုတ်။ သိနေရသည်ပါပဲ ...။ ဒါပေမဲ့ ... ကိုယ်က ... ရန်ကုန် မှာ ရှိနေရသည်မို့ ... ထိုစဉ်တုန်းကလည်း ... ဘာမျှ မတတ်စွမ်း သာ ...။ ခုလို ... မပန်းသင်လေးကို ... ရန်ကုန်သို့ ခေါ်သွားဖို့ ကိစ္စကို ... မေမေခင် မကန့်ကွက်တာကိုပဲ ကျေးဇူးတင်မိရပြန် ပါသည့်အဖြစ်။ ကိုယ့်ဘက်ကကျတော့လည်း ... မေမေခင့် ကျေးဇူးတွေက ငယ်ကတည်းက ရှိနေတာမို့ မေမေခင့်မေတ္တာတွေ ကိုပဲ ငဲ့၍ ... ထောက်၍ ... ထောက်၍ ... မပြောထွက်နိုင်ရပါသည့် ... စကားတွေဆိုတာ ပြည့်ကျပ်နေခဲ့ရသည်ပါပဲ ...။ မပန်းသင်လေး အပေါ် ထိုမျှအထိ ... မရက်စက်ဖို့ ... သူ ... မေမေခင့်ကို ... ပြတ်ပြတ်သားသားကြီး ပြောချပစ်လိုက်ရမှာမျိုးကျတော့လည်း ... ကျေးဇူးတရားဆိုတာကြီးက ရှိနေပြန်သည် မဟုတ်ပါလား။ မေမေခင် ... သူ့အပေါ်တစ်ချို့မွေ့မွေ့ဖြင့် အရမ်းကို ကောင်းခဲ့သည့် ငယ်ဘဝကာလကို ... သူ မမေ့အပ် ...။

ဒါပေမဲ့ ... မကြာမလင့်မီမှာပဲ ... မပန်းသင်လေးကို ခေါ်ဆောင်သွားရမည့် ကာလဆိုတာက ရှိနှင့်နေပြီ ... ဟု

www.burmeseclassic.com

www.burmeseclassic.com



ရင်ကို ဖြေသိမ့်ယူလိုက်ရပါ၏။ အိမ်ဆောက်ပြီးသွားလျှင် မပ
သင်လေးကိုရော .. ပိုးမျှင်ကိုပါ .. သူ ခေါ်ဆောင်သွားနိုင်
တော့မည်ပဲလေ ..။

ခုကျတော့လည်း .. အိမ်ဆောက်ဖို့ကိစ္စကို
မေမေခင်ကပင် စိန်တွေ ထုတ်ပေးနေသည်အထိ တာဝန်ကျေနေပြ
တော့ .. သူ အားနာပါ၏။

သူ ထရပ်ကာ မေမေခင်၏ နဖူးပြင်ကို နမ်းမိသည်
မေမေခင့်ကို ချစ်၍ .. နမ်းသောအနမ်းများအဖြစ် ငယ်ဘဝ
တည်းက .. ရှိခဲ့သည့်အနမ်းများ ..။ မေမေခင်ကလည်း ပြုံး
ခံယူသည်ပါပဲ ..။ သား၏ ကျောကို ပုတ်၍ပင့်နေလိုက်သေးသည်
အဖြစ်။

တခါးဝရောက်မှ သူ တစ်ချက်လှည့်၍ ..

"ပန်းသင်လေးကိုလဲ .. ခေါ်လည်လိုက်မယ်နော် မေမေ
ပိုးမျှင်နဲ့လဲ .. ရင်းနှီးသွားရတာပေါ့ .."

ဟု ပြောတော့ မေမေခင် မျက်နှာ တစ်ချက်ကွက်
ပျက်ချင်သည်။ ဒါပေမဲ့ .. ချက်ချင်း ပြုံး၍ ..

"ခေါ်သွားလေ .."

ဟု ဖြေလိုက်သည်ပါပဲ ..။

ပိုးမျှင်လေးကို သူ မြတ်မြတ်နိုးနိုး ရှိတာကိုတော
မေမေခင်လည်း သိနေသည်ပါပဲ ..။ သူ အပေါ်ထပ်သို့ တက်
ပါ၏။ မေမေခင်က .. အောက်ထပ်ရှိ စာကြည့်ဆောင်မှာ ခေါ်
ပြောခြင်းပါ။



သူ အခန်းထဲ ဝင်လာတော့ ပိုးမျှင်လေး ရေချိုးပြီး
စ သနပ်ခါးလိမ်းပြီးစ အသွင်လေးဖြင့် လန်းလန်းဆတ်ဆတ်လေး
ရှိနေပါချေ၏။ သူ .. ငွေပိုးမျှင်၏ ဘေးမှာ ခုံလေးဆွဲထိုင်သည်။
မှန်တင်ခုံထက်မှာ ဖေးတင်ထားသော စံပယ်ပန်းခိုင်လေးကို
ယူ၍ ငွေပိုးမျှင်၏ ဆံကျစ်ရှည်ကြီး၏ အရင်းမှာ မပန်တတ်ပန်
တတ်ဖြင့် ပန်ပေးနေမိရပါ၏။ တကယ့်ကြွေရုပ်လေးနှယ် လှလိုက်
ပါသည့် မိန်းကလေး ..။ သူ ငုံ့မိုးနမ်းရှိုက်မိရင်းမှ ..

"မေမေခင်က ပြောတယ် ငွေပိုးမျှင် .. ကိုကြီး ဒီနေ့
နေ့လယ်စာကို ငွေပိုးမျှင်ရဲ့ အိမ်မှာ သွားစားကြတဲ့ ..
ဟိုမှာ သွားလည်ကြတဲ့ .. အဲဒါ .. ကိုကြီးတို့ တူတူသွား
ကြတာပေါ့ .. မေမေခင်ကတော့ .. မြကြာယံမှာ ဆင်းနေ
ခဲ့လိမ့်မယ် .. သူ့အလုပ်ကိစ္စတွေ ရှိနေတယ်လေ ..
မင်္ဂလာ ကိစ္စတွေအတွက် .. မေမေခင် .. ဒီဘက်ကိုပဲ
အာရုံနှစ်ပြီး လုပ်ခဲ့ကိုင်ခဲ့ရတာ မဟုတ်လား .. သူ့အလုပ်
တွေ .. ပြန်လှည့်လုပ်ရဦးမှာပေါ့ .. အဲဒီမှာ .. မပန်းသင်
လေးကိုလဲ .. ကိုကြီးတို့ ဝင်ခေါ်ကြမယ် ဟုတ်ပလား .."

ဟု ပြောတော့ အိမ်ပြန်ရမှာမို့ ငွေပိုးမျှင်လေး မျက်
နှာ လန်းသွားရှာသည်ပါပဲ။ သန်ဘက်ခါ ရန်ကုန်သွားရမည့်ကိစ္စကို
တော့ လောလောဆယ်မှာ သူ မပြောရက်သေး။ ဤကောင်မလေး
အားငယ်မှာ သေချာနေသည်လေ ..။ လူကြီးမိဘ ပေးစား၍ သူ
ဆို လက်ထပ်ရသည်ဆိုပေမယ့် .. ငွေပိုးမျှင်လေးခမျာ ..
အကယ့်ကို .. သူ့အပေါ် ချစ်ကြင်အားကိုးရှာတာ သိသာနေသည်

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ စိတ်ရင်းဖြူလေးမှန်းလည်း သူ သိနေရသည်မို့ .. သူ
အချစ်ချည်းတိုးနေရ .. မခွဲနိုင်ရနှင့် ဖြစ်နေရလေသမျှ လော
ဆယ်မှာ .. သူ့ကြေရုပ်လေးကို .. ရန်ကုန်သွားတော့မည့်
မပြောထွက်နိုင်သေး ..။

"ငွေပိုးမျှင် ဝတ်မယ့်အဝတ် .. ကိုကြီး ရွေးပေးမယ်
အဲဒီအဝါရောင် ပိုးစုံလေးကိုဝတ် .. သိပ်လှမှာ .. ငွေ
မျှင်က .. တကိုယ်ကို ဝင်းဝင်းအိအိလေး ရှိတာ .. အ
ရောင်နဲ့ဆိုတော့ .. ပိုလိုက်မယ် .."

ဟု ဗီရိုထဲက အဝတ်ကို လက်ညှိုးတညွှန်ညွှန်
သူ ရွေးချယ်ပေးတော့လည်း ငွေပိုးမျှင် ကြည်နူးနာခံစွာပဲ ဝ
ရှာသည်ပါပဲ ..။

အပေါ်ထပ်မှ နှစ်ယောက်သား ဆင်းလာကြ
အောက်ထပ် ဧည့်ခန်းဆောင် ဆိုဖာကြီးထက်မှာ 'မေမေခင်သ
အညိုရောင် ရင်ဖုံးအင်္ကျီ ..။ အနက်ရောင် ချိတ်ထဘီဖြင့် အသ
စောင့်နေနှင့်ပါပြီ ..။ ဆံထုံးမြင့်မြင့်ကြီးမှာ စိန်ဆံထိုးကို ထိုးစိုက်
ထားလျက် .. အရည်ကောင်း စိန်လက်စွပ်ကြီးဖြင့် ခန့်သန့်နေသ
ပါပဲ ..။ ညိုရီသော်ကတော့ ကားတံခါးကအစ စောင့်ဖွင့်
ပိတ်ပေးနှင့် ရိုကျိုးသော အစေအပါးနယ် ရှိနေသည်မို့ .. ထို
ရှိပို့ မေမေခင်မှာ ထားသည်ဟုပဲ သူနားလည်မိလာရပါ
ငွေပိုးမျှင်က အပေါ်သို့ တလေးတစား ပြတာကို သူ ရင်ထဲ
ကျိတ်၍ ကျေနပ်မိရပါသည်ပါပဲ ..။ ညိုရီသော် ဖွင့်ပေးသော
တံခါးမှ ကားတွင်းသို့ ဝင်ရင်း မျက်လွှာလေး မရဲတရဲပင့်ကြည့်



သည့် ငွေပိုးမျှင်လေးကို သူ မြင်ဖြစ်အောင်လည်း မြင်မိရ ..။
သဘောကောင်းမလေးခမျာ .. ထိုသို့ တရိုတသေထားတာ ခံနေ
တာကိုလည်း အနေခက်နေမှန်း နားလည်နေမိရနှင့် သူ ဖြစ်ခဲ့
၏။ မြကြာယံသို့ ရောက်တော့ မေမေခင် ဆင်းသည်။ သူ ..
ငွေပိုးမျှင်ကို ကားထဲမှပဲ စောင့်နေစေလျက် မပန်းသင်လေးကို
သွားခေါ်တော့ မီးဖိုဆောင်ထဲမှာ ဒေါ်ကြီးသင်းနှင့် ချက်ရေးပြုတ်ရေး
င်ရနေရပါသည့် မပန်းသင်လေးခမျာ ဟန်ပင်မဆောင်နိုင်ရှာ။
အပေါ်ထပ် ပြေး၍ ကမန်းကတန်းလေး အဝတ်အစားလဲရှာ ..။
လိုက်လာခဲ့ရှာသည်ပါပဲ ..။

ခေါင်းမှာ ဦးထုပ်လေး ဆောင်းထားလျက် ရှိနေ
ပါသည့် မပန်းသင်လေးကို ... သူ .. ကရုဏာကဲသော အကြည့်
ဖြင့် ကြည့်မိရရင်း ..ကားဆီသို့ မောင်နှမနှစ်ယောက် လျှောက်ခဲ့ရ
သည်။ မပန်းသင်လေးခမျာ ကွက်တိကွက်ကျား ဆံပင်တွေကို ..
ဦးထုပ်လေးဖြင့် ဖုံးကွယ်ထားရသည့်ဘဝမှ .. နောက်ဆုံးတော့
ကက်ကတ်ကြေးဖြင့် ခပ်တိုတိုလေး ညှိပစ်လိုက် ရသည်တဲ့လေ ..။
ရင်ထဲမှာ မကောင်းနိုင် ..။ မေမေခင်ကတော့ ချစ်သူရည်စားရှိ၍ ..
ကျောင်းထုတ်လိုက်ရသည်ဟုပဲ ပြောခဲ့သည်။ ဆံပင်တွေ ထိုသို့
လုပ်ပစ် ညှပ်ပစ်ခဲ့သည်ကလည်း ..ချစ်သူနောက် လိုက်သွားတာ
မျိုး မဖြစ်အောင် .. အပြင်မထွက်ရဲအောင် .. လုပ်ခဲ့သည့်ပါတဲ့ ..။
မေမေခင် စိတ်ထက်တာကို သိရတာမို့ .. သူ .. ဘာမျှမပြောခဲ့ ..။
ပြီးတော့ .. ပြော၍လည်း မထူးတော့ သည်ပဲလေ ..။ မပန်းသင်လေး
ကို .. သူ ခေါ်သွားရတော့မှာက လည်း ရှိနေခဲ့ပြီး မဟုတ်ပါလား ..။

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာနော် ညီမလေး .. မေမေခင့်ကို .. ဒီမှာ ပန်းသင်လေး နေရခိုက်အချိန်မှာ .. ပြုစု .. မေမေခင် ပြောတာကို နားခံ .. မေမေခင် ဆိုးတယ် ဆိုပေမဲ့ .. သူ့လက်ထဲမှာပဲ မပန်းသင်လေး ကြီးလာခဲ့ရတာ .. ကျေးဇူးဆိုတာကတော့ ရှိတယ်လေ .. နော် .."

တူတူလျှောက်လာနေရင်းမှ သူ ပြောတော့ မပန်းသင် မော့ကြည့်ရှာ၏။ မျက်ရည်လေး လည်နေသည်။

"ကိုကို .."

အသံတိမ်လေးဖြင့် မပန်းသင် ခေါ်သည်။ ကားနား လည်း နီးလာနေပြီ ..။ စိတ်မလုံသလိုလေး တစ်ချက် နောက်ဘက် ကို မပန်းသင်လေး ကြည့်သေးသည်။ ဦးထုပ်ဖြူလေးဖြင့် ရှိနေပါ သည့် ပန်းသင်လေးမှာ ပို၍ပင် ကလေးရုပ်လေး ပေါက်နေပါသည့် အဖြစ်။ တစ်ခုခုကို စိတ်ထဲ လေးနေရှာမှန်းလည်း သိသာနေသည်။ သူ့မင်္ဂလာပွဲမှာပင် မပန်းသင်လေးခမျာ .. ညှော်ပရိသတ်ကြားထဲ မထွက်ရှာ ..။ နောက်ဖေးမှာသာ နေခဲ့ရှာသည့် ကလေးပါ ..။

ပန်းသင်လေးကို ဆံပင်ဖွေ ညှပ်ပစ်သည်အထိ .. လုပ်ပါသည့် မေမေခင့်ကို .. ရက်စက်လိုက်တာ .. ဟု ဖွင့်မ ပြောခဲ့မိရပေမယ့် .. ရင်ထဲကတော့ .. သူ တွေးမိခဲ့ရသည်ပါပဲ လေ ..။

"မေမေခင့်ကို .. လျှော့မတွက်နဲ့ ကိုကို .. မေမေခင် သဘောကောင်းပြနေတာကို .. မပန်းသင် လန့်နေတယ် .. သူ .. သူ .. သိပ်သဘောကောင်းလွန်းနေတယ် ကိုကို ..



ကိုကို့ကို .. မေမေခင် ချစ်တာ မပန်းသင် သိပါတယ် .. ဒါပေမဲ့ .. မေမေခင် သိပ်မုန်းခဲ့ဖူးတဲ့ .. အန်တီဝါတို့ .. အန်ကယ်တို့အပေါ် .. ကောင်းနေတာတွေက .. အံ့ဩဖို့ ကောင်းလောက်အောင် ဖြစ်နေတယ် .. ကိုကို .. နေခဲ့တယ် ဆိုပေမယ့် ပန်းသင်က မေမေခင့် လက်ထဲမှာ .. တစ်သက် လုံး ကြီးလာရတာမို့ .. ကိုကို့ထက် .. ပန်းသင်လေးက မေမေခင့်အကြောင်း ပိုသိတယ် ကိုကို .. ငွေပိုးမျှင်ကို စကားမြန်းကတည်းက .. မပန်းသင် .. ရင်ထဲမှာ တစ်ခုခု ဖြစ်တော့မယ်လို့ပဲ ထင်နေတယ် .. အဒီတစ်ခုခုကို .. မေမေခင် ရည်ရွယ်ပြီး .. ခေါင်းတည်ပြီး လုပ်နေတယ်လို့ ထင်နေတယ် ကိုကို .. ကိုကို့ကို .. သတိပေးချင်နေတာ အမှန်ပါ .. ခုလို .. ဆုံခွင့်ကို မကြုံရလို့ပါ .. စကားပြော ခွင့် .. လွတ်လွတ်လပ်လပ် မရလို့ပါ .. ခုလဲ .. မေမေခင် က တားမကောင်းလို့သာ .. ထည့်လိုက်တာပါ .. ပန်းသင် သိပါတယ် .."

ဟု ခပ်သွက်သွက်ပင် စကားရှည်ကြီး ပြောရှာပါ၏။

သူ သက်ပြင်းရှိုက်မိသည်။ ပန်းသင်လေး ပြောတာ ကိုတော့ သူ အပြစ်မတင်ရက် ..။ မေမေခင်ဆိုတာ ပန်းသင်လေး အပေါ် တကယ့်ကို မေတ္တာဆိုတာကို လုံးဝ မပေးခဲ့သူပါ ..။ မေတ္တာစေတ်ရင်း ကြီးပြင်းလာရုံသက်သက်မျှပင် မဟုတ် .. စိတ် ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်အောင်လည်း မေမေခင်သည် မပန်းသင်လေး အပေါ် အငြိုးအတေးကြီးဖြင့် လုပ်ခဲ့သည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မေမေခင့်အပေါ် သံသယကြီးကြီးဖြင့် ကြည့်ရာမည်ဆိုလျှင်လည်း မပန်းသင်လေးကို အပြစ်တင်ရမှာ ခက်သည်ပါပဲ..။

"အိမ်ဆောက်ဖို့ဟို ဘာတို့ မလုပ်နေပါနဲ့ ကိုကို .. စက်ရုံဝန်းထဲက တစ်ထပ်တိုက်လေးမှာပဲ .. နေဖို့ .. ကစ်ခါတည်း.. ငွေပိုးမျှင်ရော .. ပန်းသင်လေးကိုတော့ .. ခေါ်သွားလိုက်ပါ ကိုကိုရယ် .. ပန်းသင် သိနေတယ် ကိုကို .. မေမေခင်.. ပန်းသင်ကို ထည့်ရမှာလဲ မငြင်းဘူး .. ပန်းသင်လေးကို ထည့်ရမယ့်ကိစ္စအကြောင်း ပြပြီး .. ကိုကို့ကို .. ကမန်းကတန်းကြီး နေရာချလိုက်တယ် .. အဲဒီ မမငွေပိုးမျှင်ဆိုတာ .. မေမေခင်ရဲ့ ရည်ရွယ်ချက်ထားတဲ့ သူကိုမှ လက်ထပ်လိုက်တဲ့ အန်တီဝါရဲ့သမီး ဖြစ်နေတယ် ကိုကို.. မေမေခင် .. ဘယ်လောက်ထိ အတေးအမှတ်ကြီးတယ်ဆိုတာ ကိုကို တွေးကြည့်ပါ .. ဖေဖေ့ကို နာကြည်းနေပဲ့စိတ်နဲ့ .. မပန်းသင်ကို /ဒီနေ့ထိ .. မုန်းနေတာပဲ .."

ဟု ဆက်ပြောလာတော့ သူ ငိုင်ခနဲ ဖြစ်သွားသည်။ မေမေခင်ဘက်က .. သူ့ကို သားအဖြစ် .. တာဝန်ကျေ မိခင်တစ်ယောက်အနေဖြင့် လုပ်ကိုင်နေသည်ပဲထား ..။ မပန်းသင်ဘက်က ကြည့်လျှင်တော့ သံသယဖြစ်စရာတွေချည်း ဖြစ်နေမည်သာ ..။ ဒါပေမဲ့ .. ခက်သည်က .. မပန်းသင်လေး ပြောတာတွေကလည်း ဖြစ်နိုင်ချေရှိရှိလာနေသည်သို့ ရင်ထဲ ခံစားဖြစ်ပါ၏။ ရန်ကုန်သို့ သွားရမည့်ကိစ္စ .. လေးခနဲ ရင်ထဲ ဖြစ်လာရသည်။ အပေါ်ထပ်သို့ လှည့်ကြည့်ချင်စိတ် ဖြစ်လာရသည်မို့ ရုတ်ခနဲ နောက်လှည့်ကြည့်



မိတော့ လသာဆောင်မှာ မေမေခင် ရပ်နေသည်။ သူတို့နှစ်ယောက်ကို ခပ်စူးစူး ကြည့်နေသည့်အကြည့်နှင့်ဆုံသည်။ ဒါပေမဲ့.. ချက်ချင်းပင် မေမေခင်သည် ပြုံးကြည့်နေသော မျက်နှာဖြစ်သွားလျက် လက်လှမ်းပြလာပါ၏။ ဘုရားရေ ..။ မေမေခင်သည် .. အကဲခတ်သော အကြည့်စူးစူးတွေကို ချက်ချင်း အပြုံးအဖြစ် ဖန်တီးလိုက်နိုင်ချေသည်တကား ..။ သူ .. ပြန်၍ ပြုံးပြကာ ..

"သွားတော့မယ် မေမေခင် .."

ဟု ပြောမိသည်။ ဟန်မပျက် ဆက်လျှောက်သည်။

"ခုမှ .. ရန်ကုန်မသွားဘူးလုပ်လို့တော့ မကောင်းဘူး မပန်းသင်လေးရဲ့ .. ကိုကို သွားရမှာပဲ .. ဒါပေမဲ့ .. တိုက်ဆောက်မနေတော့ဘူး .. လုံးချင်းအိမ်ရာမှာ .. အိမ်ကောင်းကောင်းလှလှကို .. ကိုကို အမြန်ဆုံးဝယ်မယ် .. ကိုကို့မိတ်ဆွေ .. ကိုသူရဆိုတာက .. မြရတနာလုံးချင်းအိမ်ရာ လုပ်နေတာ .. အဲဒီကိုပဲ .. ကိုကို .. တွေ့လိုက်မယ် .. ဟုတ်ပလား .. ပန်းသင်လွှေးလဲ .. ညည်းလေးရဲ့ မမငွေပိုးမျှင်ကို .. ဖုန်းလေးဘာလေး ဆက်ဆက်နေကြားရဲ့လား .. ပဒုမ္မာကို မသွားရရင်တောင်မှ ဖုန်းဆက်ဆက်ကြည့်ပေါ့ .. ထူးရင် .. ကိုကို့ကို .. ဖုန်းဆက် .."

ဟု ပြောမိရင်းမှ ကားတံခါးကို သူ ဖွင့်ပေးလိုက်တော့ မပန်းသင် မျက်နှာလေး နည်းနည်းလန်းလာ၏။ ကားတွင်းသို့ ခေါင်းလေးညိတ်ရင်း ဝင်သည်။ အရိုးခံမလေး ငွေပိုးမျှင်ကတော့ ပင်ကိုယ်စရိုက်လေးအတိုင်းပဲ အေးအေးချမ်းချမ်းလေး ကားထဲမှ ထိုင်စောင့်နေရှာ ..။ ပြုံး၍ ကြိုရာသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ ကားရှေ့ခန်းတွင်းသို့ ဝင်သည်။ နောက်ခန်းဆီမှ မပန်းသင်နှင့် ငွေပိုးမျှင်ကိုလည်း ကြည့်မိသည်။

ရင်ထဲတွင် လေးခနဲ ဖြစ်၏။ ထုထည်ကြီးသော လေးလံခြင်း ..။ မပန်းသင်လေး သတိပေးလာတော့လည်း .. ပိုးမျှင်လေးအတွက် နောက်ဆံတငင်ငင် ဖြစ်ချင်သည်။ ဒါပေမဲ့ .. ခက်သည်က .. ဖမ်းဆုပ်မရနိုင်သော သံသယအဖြစ်သာ မေမေခင့် အပေါ် ရှိနေပါသည့် မပန်းသင်လေး၏ စကားများ ..။ ဘာကြောင့်ဆို .. မေမေခင်သည် သူ့ကို ငွေပိုးမျှင်နှင့် တခမ်းတနားကြီး လက်ထပ်ပွဲ ကျင်းပပေးခဲ့ခြင်းပါ ..။

သူ၏ ဇနီးအဖြစ် ငွေပိုးမျှင်ကို ရှိစေခြင်းပါ ..။

သူ့ဇနီးအဖြစ်မှ .. ငွေပိုးမျှင်ကို ထုတ်ပယ်ပစ်၍ မရတော့နိုင်သည်ပဲလေ ..။ ပြီးတော့ .. သိန်းများစွာချီ၍ .. တန်နေသော ရတနာများကို သူ့ကို .. ရက်ရက်ရောရောကြီး ပေးနေခြင်း ..။ ငွေပိုးမျှင်ကိုလည်း လက်ဖွဲ့ခဲ့ခြင်း ..။

မေမေခင် အရမ်းချမ်းသာတာတော့ အမှန် ..။

ဒါပေမဲ့ .. မရိုးမသားစိတ်တစ်ခု .. နာကြည်းစိတ်တစ်ခု .. တေးမှတ်ခြင်း .. ဆိုသည့် အရာအတွက် .. ထိုမျှအထိတော့ ရင်းနှီးလိုက်နိုင်ပါ့မည်တဲ့လား ..။

သံသယသည် .. မဟုတ်ဘဲ .. ထားလျှင် .. မသင့်။ တစ်ဖက်သားကို စော်ကားရာ ရောက်သည် ..။ သူ .. သက်ပြင်းရှိုက်လိုက်မိပြန်ပါ၏။



ရင်ထဲမှာ .. လေးခြင်းမက .. လေးလေးလာနေပြန်တော့ .. ငွေပိုးမျှင်လေးကို ချစ်သည့်ဇာအဟုန်ဖြင့် .. လောင်မြိုက်နေခြင်း ဆိုတာကိုတော့ သူ သိလာရပြန်သည်။ ဟုတ်သည် ..။ ငွေပိုးမျှင်လေးအပေါ်မှာ .. မေမေခင် .. တစ်ခုခု လုပ်လိုက်နိုင်သည် .. ဟု .. မပန်းသင် ပြောလိုက်သည်မို့ .. ထိုလောင်မြိုက်ခြင်းဆိုသည့် ခံစားမှုက .. နောက်ကြောင်းမပြောင့်နိုင်ဘဲ .. ရင်ကို လေးလံလာနေစေ၏။ ရန်ကုန်သို့ .. မသွားချင် ..။

ဒါပေမဲ့လည်း .. မသွား၍က .. မဖြစ်တော့ပြီပဲလေ ...။

❀ ❀

www.burmeseclassic.com



## အခန်း(၁၆)

"ကိုကြီး အမြန်ဆုံး ပြန်လာမှာပါ ငွေပိုးမျှင် .. အို .. ဘာလို့ ငိုရတာလဲ ငွေပိုးမျှင်လေးရယ် .. တကယ်က .. မေမေခင်ကလည်း .. ငွေပိုးမျှင်ကို .. တခမ်းတနား နေစေချင်တာမို့ .. တကူးတက်ကို .. အိမ်ကြီးတစ်လုံးကို ဆောက်ခိုင်းတာ .. အိမ်သစ်မှာပဲ ငွေပိုးမျှင်လေးကို နေစေချင်တာ .."

ဟု ပြောနေတော့ ငွေပိုးမျှင် မျက်ရည်လေးတကျကျဖြင့် ခေါင်းလေးညိတ်ပြသည်ပါပဲ။ ပြောသမျှကိုလည်း မငြင်းရှာ။ ဒါပေမဲ့ .. မျက်ရည်လေးတွေ ပြိုကျလာနေတာကျတော့လည်း ထိန်းမရနိုင်သည့် အသွင်လေးပါ ..။ တစ်ခုခုကို စိတ်ထဲ ချောက်ချားနေရှာသည်ဟုလည်း သူ ထင်သည်။

"ကိုကြီး ပြောတာကို .. နားလည်တယ် မဟုတ်လား .. ခွဲထားချင်လို့မှ မဟုတ်တာ .. လုံးဝကို ချန်မထားခဲ့နိုင်တာပါကွယ် .. ခွဲကိုမခွဲနိုင်တာ .. ဒီမှာ စမ်းကြည့် .."



နှလုံးသားနေရာဆီသို့ လက်နုနုလေးကို ဖေးတင်အပ်ထားပေးတော့လည်း နာခံစွာပဲ လက်လေးဖေးတင်ထားရင်း ခေါင်းလေး တမော့မော့ဖြင့် ..

"ကိုကြီး .. ငွေပိုးမျှင်ကို .. တကယ်.. ချစ်လို့ လက်ထပ်တာပါနော် .."

ဟု မရဲတရဲလေး မေးလာတော့ သူ ရင်ထဲမချိ။ ဘယ်လိုမှလဲ မကောင်းနိုင် ..။ မင်္ဂလာဦးနေ့က မြင်ကွင်းကို သူ ဘယ်နှယ်လုပ်၍ မေ့နိုင်စွမ်းပါမည်တဲ့လဲ ..။ ငွေပိုးမျှင်လေးကို တစ်ခုခုတော့ .. တစ်ယောက်ယောက်က လုပ်ထားပြီဟုတော့ နားလည်နေမိသည်။ ထိုတစ်ယောက်ယောက်ဆိုတာကလည်း ညိုရီသော်ဖြစ်ဖို့ များနေသည်။

"ကျွတ် .. ခက်ပြီပဲ ဒီကလေးမလေးဟာ .. ဒီလောက်ကြီးများတောင်မှ ပေါ်ဒီက ငွေပိုးမျှင်လေးကို ချစ်နေတဲ့ ချစ်ခြင်းရဲ့ အရိပ်တွေ အုပ်မိုးနေတဲ့ မျက်နှာကို .. ငွေပိုးမျှင်လေးက မမြင်ဘူးတဲ့လားဗျာ .. ကဲ .. ဖြေစမ်းပါဦး အမိလေးရဲ့ .. ဘယ်သူက .. ငွေပိုးမျှင် ရိုးတာတာ ဖြူစင်စင်လေးကို .. ဘာတွေ မဟုတ်မဟတ် ပြောထားတာများ ရှိနေသလဲ .."

ဟု မေးပြန်တော့လည်း ခေါင်းလေးယမ်းလျက် ..

"မဟုတ်ပါဘူး .."

ဟု အသံတိမ်လေးဖြင့် အားယူပြောရှာသည်ပါပဲ။ သူ .. ငွေပိုးမျှင်၏ ကိုယ်လေးကို သိမ်မွေ့ညင်သာ ရင်မှာ မွေ့ပိုက်ထားလိုက်မိသည်မှာ တကယ်ကလေးမငယ်ငယ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်သနားစိတ်ဖြင့် ထွေးပိုက်ထားလိုက်ပါသည့် အစ်ကိုကြီး တစ်ယောက်နယ်ပါတည့် ..။

"အဲသလို ဖြူစင်လေ .. ကိုကြီး အချစ်တိုးရလေပါ ငွေပိုးမျှင် .. ကိုကြီးလေ .. အစ်ကိုကြီးတစ်ယောက်လိုလဲ ငွေပိုးမျှင်လေးအပေါ် သံယောဇဉ်ကြီးကြီးနဲ့ ချစ်တယ် .. စိတ်ပူတယ် .. ဟော .. ဇနီးသည်လေး အဖြစ်လဲ .. မခွဲနိုင်မခွာရက် .. ချစ်ရပြန်တယ် .. ဟောဒီရင်ထဲမှာလေ ချစ်တာတွေချည်းပဲ ရှိနေတော့တယ် .. ဒါကို .. ယုံထား.. ယုံထားမှလဲ ဖြစ်မယ် ငွေပိုးမျှင် .. ကိုကြီးတို့ဟာ လူကြီးမိဘတွေက စီမံလို့ လက်ထပ်ရသူတွေ ဖြစ်တာတော့ မှန်တယ် .. ဒါပေမဲ့ .. ကိုကြီးက .. ဟောဒီငွေပိုးမျှင်လေးကို မြင်လိုက်တယ်ဆိုကတည်းကကို ချစ်မိရတော့တာ .. ဒီကောင်မလေးက အရှမ်းကို ရိုးစင်းစင်း ဖြူစင်စင်လေးနဲ့ လှလဲလှလွန်းနေတော့ .. ဘယ်လိုကြီးကို .. ချစ်မိသွားလိုက်မှန်းကို မသိနိုင်တော့တာ .. ကဲ .. နားထောင်ကြည့်စမ်း.."

ပြောလည်းပြော ..။ ငွေပိုးမျှင်၏ မျက်နှာနုနုဥဥလေးကို ရင်မှာ အပ်ထားလိုက်ရင်းမှ ပြုံး၍ ငုံ့မိုးကြည့်ကာ ..

"ကြားတယ် မဟုတ်လား .. ပြောနေတာ .. ယုံပါ ငွေပိုးမျှင်ရယ်တဲ့ .. ကျွန်တော့်နှလုံးအိမ်ကြီး တစ်ခုလုံး ငွေပိုးမျှင်ကို ချစ်နေတဲ့ အဲဒီ မြတ်မင်းသာရဲ့ အချစ်တွေနဲ့ ပြည့်နေလို့ မနိုင်မနင်းတောင် ဖြစ်နေပါပြီ ခင်ဗျာတဲ့ .. နှလုံးသားက လှမ်းပြောပြနေတဲ့ သောက်ခံစကားလေ .. ကြားတယ် မဟုတ်လား .. ကဲ .."



ဟု ပြောတော့လည်း မျက်တောင်လေး တပုတ်ခတ်ခတ်ဖြင့် မော့မော့လေး ကြည့်ရှာသည်ပါပဲ။ မျက်တောင်ထူနက်နက်ရှည်လျားလျားလေးတွေကို အပေါ်စီးမှ မြင်နေရသည်။ မျက်နက်ဝန်းလေးက မျက်တောင်နက်လေးတွေ အောက်ဆီမှ မဝံ့မရဲလေး ကြည့်နေသည့်အသွင် ..။ အဘယ်မျှထိ ချစ်သနားဖွယ် အမူအရာလေးပါလဲလေ ..။ ဤသူမငယ်လေး .. သူ့ထံမှ ချစ်ခြင်းကို .. သိချင်ဇော ကြီးလွန်းနေ၍သာ ရက်သွေးဖြန်းနေရင်းမှ .. မရဲစိတ်ထဲကြားက .. အားယူ မေးရှာခြင်း ဆိုတာကိုလည်း သူ သိနေသည်ပါပဲ ..။ ဒါကြောင့် .. ပို၍ အချစ်တိုးရခြင်းပါ ..။

တစ်ခုခုကို ကြားထား၍သာ .. မနည်းကြီး အရဲကိုး၍ မေးရှာခြင်းဆိုတာကိုလည်း သူ သိနေသည်။ လောလောဆယ်မှာ ဖြေမှာလည်း မဟုတ်တာမို့ .. ဘယ်သူ ဘာပြောသည်ဆိုတာကိုလည်း အတင်းအကျပ်ကြီး သူ မမေးရက်ပြန် ..။ သဘောကောင်းမလေးခမျာ .. အဖြေခက်လေလေ .. အနေခက်လေလေ .. စိတ်အိုက်လေ ဖြစ်ရရှာတာပဲ. အဖတ်တင်ကျန်မည်ကိုးလေ ..။

လသာဆောင်ဆီသို့ ငွေပိုးမျှင်လေးကို ခေါ်လာမိရင်းမှ ..

"ကဲ .. အမိလေး .. ဖြေစမ်းပါဦး .. ကိုကြီးကို .. ချစ်တယ် မဟုတ်လား .. နည်းနည်းတော့ .. မမောက်ကမနိုင် နေတယ် ကလေးမလေးရဲ့ .. ခုမှ .. ကိုယ့်မိန်းမကို မေးနေရတဲ့ မေးခွန်း .. ဒါပေမဲ့ .. ကိုကြီး ကြားချင်နေတယ်လေ .. ကိုကြီးကို ချစ်တယ်ဆိုတာကိုပါပဲ .. အဲဒီ စကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းကို .. ရင်နဲ့ ရင်းပြီးတော့ကို .. တမြတ်တနိုး တရှိုက်မက်မက်ကြီး ကြားချင်နေတာ ..”

ဟု မေးတော့ ခေါင်းလေး ငုံ့ချကာ ..

“ကိုကြီးကို .. ငွေပိုးမျှင် .. အားကိုးပါတယ် ကိုကြီးရယ်”

ဟု အသံတိမ်တိမ်လေးဖြင့် အရှက်သည်းသည်းလေး ဖြေတော့ နီမြန်းမြန်းဖြစ်နေသည့် မျက်နှာဥဥလေးကို ပြုံး၍ မေ့မော့ကာ တစိမ့်စိမ့် ကြည့်မိသည်။

“ကိုးလေ .. အားကိုးစမ်းပါ .. ဒီကောင်ကလဲ အားကိုး ခံချင်နေတာပါ ..”

ပြောလည်းပြောမိ မျက်နှာလေးကိုလည်း ဖွဖွညင်ညင် နမ်းမိရပြန်သည်။ ရင်ထဲမှာ နစ်နေအောင် ချစ်ရပါသည့် မိန်းကလေး၏ ပန်းစံကားရိုပ်သွင် ပါးပြင်နုနုထွေးလေးထက်မှာလည်း လက်ဖျား လေးတွေက ဖွဖွလေး ဖေးတင်ဝဲ့ထိမိရသည်။ ရင်ထဲမှာ ရှိနေသည့် ချစ်ခြင်းသည် တန့်မနေ ..။ နှလုံးသွေးကြောမျှင်အနှံ့ တိုးပြန့်နေ သည့်အဖြစ်။

“ချစ်တယ်ဆိုတာ .. နက်ရှိုင်းတယ် ငွေပိုးမျှင် .. ထူးဆန်း တယ် .. မခွဲနိုင်ဘူးဆိုတာလဲ ပါနေတယ် .. အတူနေရတဲ့ ဘဝဆိုတဲ့ နေရာမှာလဲ .. အရိပ်တကြည့်ကြည့် ချစ်နေတာက မရောင့်ရဲနိုင်တဲ့ မြတ်နိုးခြင်းတွေနဲ့ အတူရှိနေပြန်ရော .. မကုန်ဆုံးနိုင်ခြင်းနဲ့ .. မပျက်သုဉ်းနိုင်ခြင်းဆိုတဲ့ အရာဟာ စစ်မှန်တဲ့ အချစ်မှာ .. အဓိကနေရာတစ်ခုကနေပြီး ချုပ် ကိုင်ကြီးစိုးထားတယ် ငွေပိုးမျှင် .. ငွေပိုးမျှင်လေးကို .. ကိုကြီး ချစ်တယ်ဆိုတာ .. အဲသလို ချစ်နေတဲ့အချစ်ပဲ ..



မကုန်ဆုံးသွားနိုင်ဘူး .. မပျက်သုဉ်းသွားနိုင်ဘူး .. အချစ် ကြောင့် .. အချစ်ဟာ ဆက်ပြီးတော့ ရင့်ကျက်နေတယ် .. ရှင်သန်နေတယ် .. မြတ်နိုးဖွဲ့မက်ခြင်းကို ဖြစ်နေစေတယ် .. အဲ့ဒါ နှလုံးအိမ်က ဖြစ်တည်တယ်လို့ ဆိုပေမဲ့ .. ဦးနှောက် ကိုလဲ အဲဒီအချစ်ဟာ စိုးမိုးလွှမ်းမိုးနေတာပဲ .. တစ်ကိုယ် လုံး သွေးကြောမျှင်အနှံ့ စီးပြန့်နေစေပြန်တာပဲ .. အဲဒီ ခံစားမှုတွေကို .. ကိုကြီး ခံစားတတ်နေတာ .. နားလည် နေမိရတာ .. ခုလို ပြောပြနေနိုင်တာတွေ အားလုံးဟာ .. ဟောဒီက ငွေပိုးမျှင်လေးကို ချစ်တဲ့ချစ်ခြင်းတွေကြောင့်ပဲ ငွေပိုးမျှင် .. ဒါကြောင့် .. ကိုကြီး ပြောမယ် .. သေချာ နားထောင်နော် ..”

ဟု သူ ပြောနေမိသည်က .. ငွေပိုးမျှင် နားဝင်အောင် နားလည်အောင် .. သူ့ချစ်ခြင်းများအပေါ် သက်ဝင်ယုံကြည်ခြင်း များ ရင့်ကျက်တည်ငြိမ်စွာပဲ ချစ်ရသူလေး၏ နှလုံးအိမ် နုနုစင် လေးထဲမှာ တိုးဝင်ခိုင်တည်သွားအောင် .. စိတ်ရှည်လက်ရှည် ရှင်းနေသည်။ သိမ်မွေ့နက်ရှိုင်းခြင်းနှင့် ပြည့်ဝနေသည်။

“အဲဒါကြောင့် .. ချစ်တယ်ဆိုတဲ့ နေရာမှာ .. ကိုကြီးကို အားကိုးတယ်ဆိုတာ တစ်ခုတည်းနဲ့တော့ မလုံလောက်နေ ဘူး .. မပြည့်စုံနေဘူး ငွေပိုးမျှင် .. အားကိုးတယ်ဆိုတာ .. ကိုယ့်ခင်ပွန်းသည်တိုင်းကို ဇနီးသည်တွေက .. အရိပ်ကြီး တစ်ခု .. တောင်ထုကြီးတစ်ခုလိုကို အားကိုးကြတာပါပဲ ...”

သူ တိုးဖွဖွပြောပြီး လသာဆောင်မှာ ရပ်နေရာမှ ညမင်းကြီးကို မော့ကြည့်မိသည်။ ပန်းဥယျာဉ်လေးဆီသို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်မိသည်။ ငွေပိုးမျှင်၏ နဖူးပြင်လေးကိုလည်း နမ်းရှိုက်မိသည်။ လမင်းလေးတစ်စင်းကို နမ်းရသည့်နှယ် .. ပန်းလေးတစ်ပွင့်ကို နမ်းသည့်နှယ်ပါတကား ..။ ရင်ထဲတွင် လရောင်ဆင်းသည့်နှယ် အေးမြ၏ ..။ ပန်းရနံ့သင်းသည့်နှယ် အေးမြ၏။ သြော် .. သူ၏ ပန်းသခင် ..။ လမင်းသခင်လေးပါတကား ..။

"ဟိုးလမင်းကြီးကို ကြည့်စမ်း ငွေပိုးမျှင် .. ဘယ်လောက်ပြည့်ဝအေးချမ်းနေလဲ .. ဟိုးက ပန်းဥယျာဉ်လေးကိုကြည့် .. ဘယ်လောက်ညို့ငင်နေတဲ့ အလှတွေနဲ့ ပြည့်ဝနေသလဲ .. ငွေပိုးမျှင် .. မျက်ဝန်းလေးတွေကို ပိတ်ထားလိုက် .. မြင်ကြည့် .. အေးချမ်းနေတဲ့ ခံစားမှုတွေနဲ့ နှလုံးအိမ်ထဲမှာ ခံစားနေလိုက် .. ပြီးတော့ .. ဆုံးဖြတ် .. ငွေပိုးမျှင်ရဲ့ နှလုံးအိမ်ကို ရီးသားနေတဲ့ မေးခွန်းတွေမေး .. အဖြေကိုထုတ် .. ပြီးတော့ .. ဆုံးဖြတ်ကြည့် .. စောစောက .. ကိုကြီးပြောတဲ့ အချစ်မျိုးတွေနဲ့ .. ကိုကြီးကိုရော .. ငွေပိုးမျှင်ပြန်ချစ်နေသလား ဆိုတာကိုလေ .. ကိုကြီးရဲ့ အချစ်တွေကို .. ရိုးရိုးစင်းစင်းကြီးပဲ .. ငွေပိုးမျှင်ကို .. ကိုကြီး ပြောပြခဲ့ပြီးပြီလေ .."

ဟု ပြောနေသံမှာ စိတ်၏ လှုပ်ရှားမှုရိပ်တွေ ပါနေသည်။ သူ့ရင်ထဲမှာ စိုးရိမ်သောကတွေလည်း ဖြစ်တည်လာနေသည်။ ငွေပိုးမျှင် ဘာကို ပြန်ဖြေလာချေမည်လဲ ..။ သြော် .. လမင်းကို မြင်၍ .. ပန်းကို မြင်၍ .. ခံစား၍ .. ခံစား၍ .. ဖြေချေမည့်အဖြေတစ်ခုသည် .. မည်သို့ဖြစ်လာချေမည်တဲ့လဲ ..။

ချစ်



ငွေပိုးမျှင်၏ မျက်တောင်ရှည်လေးတွေ ရံခနေပါသည့် မျက်ခွံလေးကို သူ ဖွဖွလေး ဖေးတင်နမ်းမိခိုက်မှာပဲ ငွေပိုးမျှင်၏ မျက်ဝန်းလေးတွေ ဖြည်းဖြည်းချင်း ပွင့်လာပါ၏ ..။ အို .. အဘယ်မျှထိ .. သူ့ဘဝတစ်ခုမှာ မမေ့အပ်နိုင်စွာသော အဖြစ်တစ်ခုအဖြစ် .. ခိုင်မြဲစွာ မှတ်မှတ်ထင်ထင် ရှိနေစေပါမည်လဲ ..။ ငွေပိုးမျှင်၏ မျက်ဝန်းတွေ ဖြည်းဖြည်းချင်း ပွင့်လာကာ သူ့ကို မော့ကြည့်လာသည့် ဤအဖြစ် ..။ ထိုမျက်ဝန်းနက်နက်လေးထဲမှာ သိမ်မွေ့နက်ရှိုင်းသော ချစ်ခြင်းများကို .. သူ .. သူ .. တွေ့မြင်လိုက်ရချေသည်တကား ..။

"ကိုကြီး .."

ရှက်စိတ်သည်းစွာ ခေါ်လိုက်သံလေးကလည်း အရမ်းကို နူးညံ့နေသည်။ သူ .. မျက်တောင်မခတ်နိုင် ..။ မခတ်ရက် ..။ ကြည့်၍မဝ ..။ အရမ်းကို ပန်းနုရိပ်လေး ဆမ်းနေလျက် .. ချစ်ခြင်းတို့ဖြင့် လိမ်းကျံထားပါသော .. လမင်းမျက်နှာ .. ပန်းမျက်နှာလေးကို .. သူ .. ငုံ့မိုးငေးစိုက်ကြည့်နေရတာကို .. ကြည့်မဝနိုင် ..။ ငေးမဝနိုင် ..။ ဤမျှ လှပဖွေးဥနေလျက် .. အေးမြငြိမ်းချမ်းနေသည့် .. မျက်နှာလေးကို .. သူ့နှလုံးအိမ်ထဲမှာ .. သိမ်းဆည်းထားလိုက်ချင်ပါသည်ပဲ ..။

"ကိုကြီးကို .. ကိုကြီးကို .. ငွေပိုးမျှင်လေ .. တူတူပဲ ချစ်ပါတယ် ကိုကြီးရယ် .. အားလဲ ကိုးပါတယ် .. ကြည်ညိုရိုသေပါတယ် .. ဒီအဖြေကို ငွေပိုးမျှင် ဖြေပြီးသောနဲ့ .. တစ်ခုပဲ လုပ်ခွင့်ပေးပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု မော့ပြောတော့ .. သူ .. ဝမ်းသာရှိန်ကြီးဖြင့် တကြည်နူးနူး ငုံ့မိုးကြည့်နေရင်းမှ ..

"ဘာလုပ်ချင်လဲ ငွေပိုးမျှင်လေး .. ကိုကြီး ခွင့်ပြုပါတယ် .. ကိုကြီး ကိုယ်တိုင်ကလဲ .. ကိုကြီးရဲ့ ငွေပိုးမျှင်လေး .. ဘာလုပ်ချင်နေပါလိမ့်ဆိုတာကို .. စိတ်လှုပ်ရှားရင်း .. ကြည်နူးရင်း .. တမြတ်တနိုးကြီး ရှိနေရင်းနဲ့ .. သိချင်နေတာပါ .."

ဟု ဖြေမိစဉ်ခိုက် .. ငွေပိုးမျှင် လသာဆောင်ကြမ်းပျဉ်ပေါ် ထိုင်ချလိုက်တာမြင်တော့ သူ .. သူ .. ရင်ထဲမှာ .. ဤမိန်းကလေးကို .. ဘယ်တော့မှ မခွဲနိုင်စွာ .. တန်ဖိုးထားရင်း .. တစ်သက်တာမျှ .. ချစ်စမြဲ .. ဖြစ်ချေကာ .. ပို၍ အချစ်တိုးရခြင်းများစွာဖြင့်သော ဘဝကို ဖြတ်သန်းရသူတစ်ယောက် ဖြစ်နေရချေမည်ဆိုတာ .. တိတိပပ ပိုသိလာရနေရပါ၏။

ငွေပိုးမျှင်သည် .. သူ့ကို .. ချစ်မြတ်နိုးပါကြောင်း ဖြေပြီးတာနှင့် .. ချက်ချင်း .. လုပ်ခဲ့ခြင်းသည်ကား .. သူ့ကို လက်အုပ်လေးချီ၍ .. တရိုတသေကြီး ကန်တော့ခြင်းပါတကား ..။

ခင်ပွန်းသည်အပေါ် .. ဇနီးလိမ္မာတစ်ယောက်အဖြစ် .. ထာဝရ .. သစ္စာခိုင်တည်စွာ .. ရိုသေနာခံစွာ .. ရှိနေပါမည်ဆိုသည့် .. အဖြေတစ်ခုကိုပါ .. ငွေပိုးမျှင်သည် သူ့ကို ပေးခဲ့ပါချေပြီကောလေ ..။

သူ .. မျက်တောင်မခတ် ငုံ့မိုးငေးစိုက်ကြည့်နေရင်း .. ဇနီးလိမ္မာလေးကိုမှ .. သူသည် ကံကောင်းလွန်းစွာ လက်ထပ်ပိုင်ဆိုင်ခွင့် ရချေသည်ကော .. ဟု ကံကြမ္မာကို ကျေးဇူးတင်မိပါ



ပြီ ..။ ကိုယ်ကိုကိုင်းညွတ်လိုက်ကာ ငွေပိုးမျှင်၏ ပျောင်းနွဲ့နွဲ့ ကိုယ်လေးကို သူ ထွေးပိုက်လိုက်မိရပါ၏။

"မင်းကို .. မင်းကို .. ကိုကြီး .. တစ်သက်လုံး .. ဘယ်တော့မှ မခွဲဘူး ငွေပိုးမျှင် .. ကိုကြီး သေမှ ခွဲမယ် .."

ဟုသာ .. ချစ်မြတ်နိုးမှုတွေ တုနှိုင်းမရနိုင်သော ခံစားမှုဖြင့် အသံတွေ တုန်ခါနေရင်း ပြောမိပါချေသည်။

ပြည့်ဝသော လရောင်ရွှေစင်မှုန်း ဝါလွင်လွင်အောက်မှာ ပန်းရနံ့ မွှေးမြမြတို့ဖြင့် သူနှင့် ငွေပိုးမျှင်တို့သည် .. လသာဆောင်မှာ .. နူးညံ့မွေးထွေးနေသော အနမ်းနှင့်အတူ .. ရှိနေပါချေသည်တည့် ..။

❀ ❦ ❀

www.burmeseclassic.com



## အခန်း(၁၇)

တကယ်တမ်း ကိုကြီး၏ မာစီဒီးကားကြီး ခြံတံခါး ထောင့်ချိုးကွေ့ဆီမှာ ပျောက်ကွယ်သွားတော့ ငွေပိုးမျှင် ရင်ထဲ ဟာကျန်ခဲ့ရသည်ပါပဲ ..။

ဘေးတွင် ရပ်လျက်ရှိနေသောပါသော မေမေကြီးက တော့ ခပ်ငေးငေးအကြည့်နှင့် ငြိမ်သက်နေသည်။ ညိုရီသော်က တော့ အေးစက်နေသော အကြည့်လေးတွေဖြင့် ငွေပိုးမျှင်၏ မျက်နှာကို တစ်ချက် ခပ်စူးစူးကြည့်ပြီးမှ ဖျတ်ခနဲ မျက်လွှာချသွား ပါ၏။

ပထမဆုံးသော .. အေးစက်စက်အကြည့် ..။ ထို အကြည့်တွေထဲမှာ ခါးသီးသော အမုန်းတရားတွေ ပါနေသည်ဟု ငွေပိုးမျှင် သိနေသည်။

ကိုကြီးကတော့ အမြန်ဆုံး ပြန်လာမည်ဟု တဖွဖွ ပြောခဲ့သည်ပါပဲ။ ထိုစကားတစ်ခုကိုပဲ ယုံကြည်အားကိုးစိတ်ဖြင့် ငွေပိုးမျှင် ဤပဒုမ္မာအိမ်ကြီးမှာ ကျန်ခဲ့ခြင်းဆိုတာကိုလည်း ကိုကြီး သိနေမည်သာ ..။



"သမီး ပိုးမျှင် .. လာ .. အိမ်ထဲ ဝင်လိုက်ကြရအောင် .."

ဟု မေမေကြီး ဂရုတစိုက် ကြင်ကြင်နာနာ ခေါ်တော့ ငွေပိုးမျှင် ရင်ထဲ ပို၍ အားငယ်စိတ်လေးတွေက အရှိန်ရလာလျက် မျက်ရည်လည်ချင်၏။ ကိုကြီး သွားလိုက်ပြီဆိုတာနှင့် ငွေပိုးမျှင် ရင်ထဲမှာ အားငယ်စိတ်လေးတွေက တိုးတိုးဝင်ဝင် ရှိနေသည် မဟုတ်ပါလားလေ ..။ မေမေကြီး၏ နူးညံ့သော လက်အစုံက ငွေပိုးမျှင်၏ လက်လေးကို ထွေးထွေးဆုပ်ဆုပ် ..။ ကလေးလေးလိုပဲ ငွေပိုးမျှင် လိုက်လာရပါ၏။

ဖေဖေနှင့် မေမေတို့ အိမ်ဆိုတာက .. မြို့ထဲမှာ ..။ ကားနှင့် သွားသည်ဆိုလျှင်သော်မှ နည်းနည်းတော့ အချိန်ကြာသည်အထိ မောင်းရသည့် ခရီးပါ ..။

မေမေ အလည်လာမည်ဟုတော့ ပြောသည်ပါပဲ ..။ ဒါပေမဲ့ .. မေမေကြီးမှ ..

"ကလေးကို ခုကတည်းက အလေ့အကျင့်ရအောင်တော့ ထားဖို့လိုနေတယ် ပိုးဝါလေးရဲ့ .. မကြာခင်မှာ ကလေးက .. ရန်ကုန်ကို လိုက်သွားရဦးမှာ .. ခုလိုအချိန်ကတည်းက .. နေတတ်ထိုင်တတ်အောင် လွှတ်ထား .. သူ့ကို ကလေးလေး လို အရိပ်တကြည့်ကြည့်နဲ့ လိုက်လိုက်လာနေရင် .. ဟိုမှာကျတော့ .. အမေလွှမ်းတာနဲ့ကို တငိုတည်းငိုနေလိမ့် မယ်၊ အမေ လာနီးနဲ့ မျှော်တတ်တဲ့အကျင့်ကို ပဒုမ္မာမှာက တည်းက .. မရှိစေချင်တော့ဘူး .. မကြီး .. အချိန်ရတဲ့ အခါ .. ငွေပိုးမျှင်လေးကို ပိုးဝါလေးဆီ ခေါ်လာပါ့မယ် .. အဲဒီကို အလည်လာလိုက်ပါ့မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ .. အိမ်ထဲ ရောက်တာနှင့် ဖုန်းကလည်းမြည် .. မေမေကြီးပဲ ကိုင်သည်မို့ .. ပြောသည့်စကားတွေကြောင့် မေမေ့ ဖုန်းဆိုတာကို သိလိုက်ရပါ၏။ မေမေကြီးကတော့ ရယ်နေသည်ပေါ့ ပဲ ..။ ငွေပိုးမျှင်ကိုလည်း လှမ်းကြည့်သည်။ ဘေးမှာ ရပ်နေသည့် ညိုရီသော်ကိုလည်း တစ်ချက်တည်တည်ကြီး ကြည့်သည်မို့ ညိုရီသော် နောက်ဖေးဘက်ကို ခပ်ငုံ့ငုံ့ဖြင့် ဝင်သွားပါချေ၏။

မေမေကြီးမှ ဖုန်းကို ကမ်းပေးလျက် ..

"ပြောလိုက်ဦး .. ပြောလိုက်ဦး .."

ဟု ရယ်၍ ပြောလာသည်မို့ ဖုန်းလေး ကိုင်လိုက် ရကာ ..

"ပိုးမျှင်ပါ မေမေ .. မေမေ နေကောင်းနေလားဟင် .. ကိုကိုရော .. အိမ်မှာရှိလား .. ကိုကို လာလည်မှာလား :ဟင် .."

နှင့် မေးမိသွားရသည်က အသံတိမ်လေးဖြင့်ပါ .. မေမေ့ဘက်မှ သက်ပြင်းချသံငွေ့ငွေ့ကို ကြားရပါ၏။

"မေမေ နေကောင်းပါတယ် သမီးရယ် .. အင်း .. မေမေ ကလဲ ချစ်တာတစ်ခုတည်းသိပြီး ဒီနေ့တောင် လာတော့ မလို့ .. သမီး ဖေဖေကလဲ .. မေမေ သွားမယ်ဆို .. မတားရှာပါဘူး .. သမီးနဲ့အတူ အဲဒီမှာ အဖော်နေချင် တယ်ဆိုရင်လဲ .. နေပါတဲ့လေ .. အိမ်မှာ သားအဖနှစ် ယောက် ဖြစ်သလို ချက်ပြုတ်စားကြမယ်တဲ့ .. မောင်မြတ်မင်း သာ ရန်ကုန် သွားနေခိုက် .. ပဒုမ္မာမှာ မေမေ နေချင်တယ်



ဆိုနေပါတဲ့၊ ပြောကြပါတယ်ကွယ် .. မေမေလဲ နေလိုက် တော့မယ်လို့ ဆုံးဖြတ်မိတာ .. သူတို့သားအဖ ..ကြက်ဥ ကြော်တစ်လှည့် .. ခေါက်ဆွဲကြော်တစ်လှည့်နဲ့ ပြီးကြမှာ ကိုတော့ တွေးမိသား .."

ဟု ပြောနေတော့ ငွေပိုးမျှင် ရင်ထဲ မကောင်းပြန် ..။ ဪ .. ကိုယ်က .. အမေနှင့် နေလိုတာပဲ သိနေလျက် .. ဖေဖေ အစားအသောက် ဆင်းရဲမှာကိုကျတော့ ထည့်မတွေးပေးဘဲ အတ္တကြီးသလိုကြီးပင် ဖြစ်သွားချေသည်ကော .. ဟု နောင်တ ဖြစ်မိရပြန်သည်။ အရင်တုန်းကဆို .. အိမ်မှာ မေမေ့ကို ငွေပိုးမျှင် မီးဖိုဆောင်မှာ တူတူ လုပ်ကိုင်ပေးနေကျ ..။ ခု .. မေမေ တစ်ယောက်တည်း ပင်ပန်းရရှာပြီ ..။ ကိုကိုကတော့ လုပ် ကိုင်ပေးမည်သာ ..။ ဒါပေမဲ့ .. ခု .. မေမေပါ .. ပဒုမ္မာသို့ လိုက်လာမည်ဆိုတော့ ဖေဖေနှင့် ကိုကိုတို့ အစားအသောက် ဆင်းရဲရှာကြမည်မှာ သေချာနေသည်။ ဒါကျတော့လည်း .. မေမေကြီး စောစောက ပြောသည့်စကားတွေက မှန်နေသည်ပဲ လေ ..။ မျက်ရည်လေး တဝဲဝဲဖြင့် မေမေ့ကို လှမ်းနေ .. တူတူ နေချင်နေသမျှကို ထိန်းရင်းမှ ..

"ဒီမှာ မေမေကြီးလဲ ရှိနေတာပဲ မေမေရယ် .. ပြီးတော့ .. ချက်ရေးပြုတ်ရေးကအစ .. မညိုရီသော်လဲ ရှိနေတာပဲ ဥစ္စာ .. မေမေ ဒီကို မလာပါနဲ့တော့နော် .. အချိန်ရတဲ့ အခါ .. မေမေကြီး အားတဲ့အခါဆို .. ငွေပိုးမျှင် .. မေမေ တို့ဆီကို လာမယ်လေ .. ဖေဖေတို့ စားရေးသောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



ခက်နေပါ့မယ် မမေရယ် .. ပဒုမ္မာမှာက .. ငွေပိုးမျှင်
အားလုံး နေသားတကျတောင် ဖြစ်စပြုလာနေပါပြီ ..
ပြီးတော့ .. ကားလဲ ရှိနေတာပဲ .. သမီး .. လာချင်တဲ့အခါ ..
ဦးဦးမြင့်နဲ့ မောင်းပို့ခိုင်းမှာပေါ့”

ဟု အသံလေးထိန်းပြောနေတော့ မမေ့ထံမှ အင်း .. ခနဲ .. ခပ်ညည်းညည်းအသံ ပေါ်လာပါ၏။ မမေကြီးမှ ရယ်သံဖြင့် ငွေပိုးမျှင်ထံမှ ဖုန်းကို ယူလိုက်ကာ ..

“ညီမလေး ပိုးဝါရဲ့ သမီးက .. ဖုန်းစောင့်နေမှာများ
နေပါတယ်ကွယ် .. သားဆီက ဖုန်းလာတာကို .. စောင့်
နေမှာ .. ဘယ်ကိုမှ .. သိပ်တော့လည်းနိုင်မယ့်ဟန်
မတူပေါင်အေရယ် .. ဟိုကလဲ .. တရရ .. မှာခဲ့လေရဲ့ ..
ဖုန်းဆက်မယ် ငွေပိုးမျှင် .. စောင့်နေနော် .. ဟိုကိုမဆက်
နဲ့ .. ကိုကြီး ဆက်မယ် .. ဆက်မယ်နဲ့ .. အဲသလို ..”

ဟု ရယ်၍ ကြည်နူးသလို ပြောပြောနေတော့ ငွေပိုးမျှင် ရှက်စိတ်ဖြစ်ရပြန်သည်။ တကယ်လည်း ကိုကြီးခများ ကားထဲမှပင် ငွေပိုးမျှင်၏ လက်လေးကို ထွေးဆုပ်၍ ထိုစကားကိုပဲ တဖွဖွ မှာခဲ့သည်ကိုးလေ ..။

“ကဲ .. မိပိုးဝါ .. ဒီနေ့တော့ .. လာခဲ့ .. ဒီကသမီးကော်
လေးလဲ သားသွားလိုက်တဲ့အချိန်ကြီးဆိုတော့ .. လွမ်းနေတာ
နဲ့ .. ဘာနဲ့ .. ဖြစ်နေမှာ .. နေဦး .. အဲ .. သမီးပိုးမျှင် ..
မြို့ထဲ လိုက်မလား .. မမေကြီး ဝင်ပို့ခဲ့မယ် .. ပိုးဝါတို့
ဆီကို ..”



ဟု ပြောလာတော့ ငွေပိုးမျှင် မမေ့ထံသို့လည်း လိုက်ချင်သည်။ ဒီနေ့တော့ ကိုကြီးလည်း လမ်းမှာပဲ ရှိဦးမှာမို့ ဖုန်းဆက်စရာလည်း ရှိတာမဟုတ် ..။ ခေါင်းလေးညိတ်လုလု မှာပဲ ..

“ဩော် .. နေစေတော့တဲ့လား ပိုးဝါ .. မကြီး ပြော
သလို အကျင့်ရအောင် .. လွှတ်ထားလိုက်မယ်လား .. အဲ ..
ဒါဆို .. မနက်ဖြန် .. မကြီး .. ပိုးဝါကို အခေါ်လွှတ်လိုက်
ပါ့မယ် .. ပဒုမ္မာမှာ .. နေ့တစ်ဝက်လောက်တော့ နေလိုက်
ပေါ့ .. ကိုရန်အေးတို့ သားအဖအတွက်လဲ .. နေ့လယ်စာ
အတွက် ချိုင့်ပါတစ်ခါတည်း ထည့်လာလိုက်ပါ့မယ် ..”

ဟု ပြောနေတော့ အရမ်းကို သဘောကောင်းနေပါသည့် မမေကြီးကို မမေ အားနာတကြီးဖြင့် ငြင်းရှာလိုက်ပုံရပါ၏။ မမေကြီးကတော့ ပြုံးနေသည်ပါပဲ။ ငွေပိုးမျှင် ရင်ထဲမှာ ရှုပ်ထွေးစတော့ ပြုလာသည်။ ခုဥစ္စာက .. အိမ်ထောင်တစ်ခုကို တည်လိုက်ပြီဆိုတာနှင့် သမီးက လည်ချင် ..။ အမေကို လွမ်းနှင့် ဖြစ်ရ ..။ အမေက လာချင်ရနှင့် မခွဲနိုင်ဘဲ ဖြစ်နေရစဉ်ခိုက်မှာ ..။ ကြားလူဆိုတာကတော့ ရှိလာတတ်သည်ပဲ .. ဟု သဘောပေါက်စပြုလာရပါ၏။ ခုဥစ္စာက .. မမေကြီး ပြောနေတာကို အားလုံး ချုပ်လိုက်လျှင် .. အစစလိုက်လျောနေသလိုကြီး ဖြစ်နေပေမယ့် .. တကယ်တမ်းကျတော့ ချုပ်ကိုင်ကြိုးကိုင်နေသည်သို့ ခံစားရစပြုလာရပါ၏။ ကြည့် ..။ မမေ့ကို အလည်မလာစေချင်သလို တိုက်ရိုက်မပြော ..။ ဒါပေမယ့် .. အကျင့်ရအောင် လွှတ်ထားပါ .. ဟု ပြောသည်။ ငွေပိုးမျှင် .. မမေ့ထံသို့ သွားချင်နေမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသည်မို့လည်း လိုက်ပို့ပေးပါမည်ဟု ပြောတော့ ဖေမေ အားနာ စိတ်ဖြင့် တားသည်။ အားလုံးသည် .. အစီအမံ ရေကန်ကြီးတစ်ခု ထဲသို့ အားလုံး အလိုလို စီးဝင်ပျော်ဝင်သွားရသည်နှယ် ဖြစ်ပါ သည့်အဖြစ်။

ဒါပေမဲ့ .. ခက်သည်က .. မေမေကြီး ပြောနေ တာကို ထိုင်နားထောင်ကြည့် ..။ မှားမနေပြန် ..။ နေရင်း နေရင်းဖြင့်ပင် .. လှောင်ပိတ်နေသော မမြင်နိုင်သည့် အကာအရံ ကြီးထဲမှာ ရောက်နေရသည်ပဲ .. ဟု .. ခံစားလာစရပြုသည်က ငွေပိုးမျှင်ပါ ..။

ဖုန်းကို မေမေကြီး ချလိုက်သည်။ ပြုံး၍လည်း ကြည့်သည်။

"ကဲ .. သမီးပိုးမျှင် .. မနက်ဖြန်ကျမှ .. မိပိုးဝါ လာလိမ့် မယ်၊ သမီးရဲ့ ဖေဖေရော ကိုကိုရော .. ပါလာမယ် ထင်ပါရဲ့ .."

ဟု ပြုံးပြောပါ၏။ ထရပ်လိုက်ပြီး ဆံစလေးကို သပ်ပေးသည်။

"ကဲ .. ကဲ ... အပေါ်ထပ်မှာ နားချေဦး .. မေမေကြီး ခဏမှိန်းလိုက်ဦးမယ် .. သား ခရီး ဒီနေ့ထွက်မယ်ဆိုတာ နဲ့ .. မေမေကြီးမှာ .. ညက အိပ်ရေးကို မရနိုင်ဘဲ ဖြစ်နေ တယ်ကွယ် .. အဲသလိုပါပဲလေ .. သားသမီးများက ထွက် ထွက်သွားကြတာပါပဲ .. ကျန်သူကတော့ ချစ်နေ ကျန်ရတာပေါ့ .. ဒါပေမယ့် .. ဖြစ်မြဲမမှုတာဆိုတာ မေမေကြီးက သိတယ်လေ .."



ဟု တိုးဖွဖွ ပြောပါ၏။ ငွေပိုးမျှင် ရင်ထဲ မကောင်း ပြန် ..။ စောစောက မေမေကြီးအပေါ် အတန်မျှတော့ စိတ်ထဲ ငြိုငြင်သလိုကြီး ဖြစ်သွားခဲ့တာ ကိုယ့်လိပ်ပြာက အသိဆုံးပဲလေ ..။ မေမေ့ထံ သွားလိုက်ချင်စောဖြင့် စိတ်ထဲ ကွက်ချင်သည့်အတွေး က ဝင်ခဲ့သေးသည်ကို ..။ စိတ်ထဲက ပြန်၍ ကန်တော့တောင်း ပန်ရင်းဖြင့် မေမေကြီးကို အပေါ်ထပ်ဆီသို့ ပို့ပေးရပါ၏။

"မေမေကြီးကို ပိုးမျှင် နှိပ်ပေးမယ်နော် .."

ဟု ပြောကာ အိပ်ရာထက်မှာ လှဲနေပြီ ဖြစ်ပါသည့် မေမေကြီးကို နှိပ်ပေးတော့လည်း မေမေကြီး ပြုံး၍ ခံယူပါ၏။ ခြေသလုံးလေးတွေကို နှိပ်ပေးနေတော့ ..

"အဲသလို ညောင်းခဲနေတဲ့ ခြေသလုံး တောင့်တောင့် တင်းတင်းခဲခဲကြီးကို ... ခုလိုမျိုး နှိပ်ပေးလိုက်ရင် .. ပြေ ကျသွားလိုက်တာ .. နေသာလာလိုက်တာကွယ် .. အေး .. ကျေးဇူးတင်ပါတယ် သမီး .."

ဟု ပြောလာတော့ ငွေပိုးမျှင် ရင်ထဲ မကောင်းနိုင် ..။ တကယ်က .. ငွေပိုးမျှင် စိတ်ထဲမှာ .. လောလောဆယ် ရှိနေ သင့်တာက .. မေမေကြီးကို ခြေဆုပ်လက်နယ် ပြုပေးဖို့ မဟုတ် ပါလားလေ ..။ ခုဇွတ်က ကိုကြီး ရန်ကုန်သွားလိုက်တာနှင့်ပဲ ဖေဖေနှင့် မေမေ့ထံ သွားချင်နေပြီ ..။ ကိုကို့ကို .. အလည်ခေါ်နေ ချင်ပြီ ..။ တကယ်တမ်း အတ္တများနေသည်က .. ကိုယ်ကိုယ်တိုင် ပါလား .. ဟု .. မိမိဘာသာ တွေးမိရင်း စိတ်ရင်းကောင်းလေး ဒီဝိ ငွေပိုးမျှင် ကိုယ့်ကိုယ်သာ မလုံမလဲ ဖြစ်လာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. သမီး .. မေမေကြီး ပေးထားတဲ့ .. စိန်လည်တုံနဲ့ စိန်ဘယက်ရယ် .. လည်ဆွဲတွေရယ် .. ခဏပြန်ပေးထားပါဦးကွယ် .. မေမေကြီး သိမ်းထားပေးချင်တယ် .. သားလာခေါ်တဲ့အခါကျတော့မှ .. မေမေကြီး တစ်ခါတည်း ထည့်ပေးလိုက်မယ် .. ပဒုမ္မာမှာက .. မီးခံသေတ္တာ မရှိဘူးလေ .. မြကြာယံမှာပဲရှိတာ .. ဒီလောက်တန်ဖိုးရှိတဲ့ပစ္စည်းတွေကျတော့ မီးခံသေတ္တာထဲ ထည့်ထားမှ စိတ်ချရတယ် သမီး၊ ဗီရိုထဲကျတော့ .. မကောင်းဘူး .. မသင့်ဘူးပေါ့ .."

ဟု တိုးဖွဖွပြောလာတော့ ငွေပိုးမျှင် ငေးခနဲ ကြည့်မိသည်။ မေမေကြီးမှ ပြုံး၍ ..

"ဒါပေမယ့် .. သမီးလေး စိတ်ထဲပါမှ ပေးပါကွယ် .. ဒီမှာလဲ .. လူစိမ်းတွေရယ်လို့တော့ ရှိကြတာမှ မဟုတ်ဘဲ .. ညိုရီသော် ဆိုတာကလဲ .. မေမေကြီးနဲ့ သွေးသားလိုပဲ ဖြစ်နေပါပြီ .."

ဟု ပြောလာတော့ ငွေပိုးမျှင် မေမေကြီးကို ပြုံး၍လည်း ကြည့်မိရ ..

"မဟုတ်ပါဘူး .. ဘာလို့ .. ငွေပိုးမျှင်က မေမေကြီး ခုလို ရတနာတွေ ထိန်းသိမ်းထားဖို့ကိစ္စကို မအပ်ထား ရမှာလဲ မေမေကြီးရယ် .. အဲဒါတွေ အားလုံး .. မေမေကြီး မေတ္တာရှိလို့ ပေးထားတဲ့ပစ္စည်းတွေချည်းပါပဲ .. လည်တုံလည်ကပ်ရယ်လို့ မဟုတ်ပါဘူး မေမေကြီးရယ် .. လက်ဝတ်ရတနာဘူးတွေအားလုံးကို .. မေမေကြီး သိမ်းထားပါ .. မေမေကြီးက သမီးရဲ့ မေမေကြီးပဲဥစ္စာ .."



ဟု ပြောမိရပါပြီ ..။ ဟုတ်သည်လေ ..။ မပေးဘဲထား၍ သင့်သည်မှ မဟုတ်ချေပဲလေ။ မေမေကြီး ပြောသည်ကလည်း သဘာဝကျနေသည်ပဲဥစ္စာ ..။ ပဒုမ္မာမှာက မီးခံသေတ္တာမှ မရှိချေပဲလေ ..။ ကိုကြီးကို ရန်ကုန်မှာ အိမ်ဆောက်ဖို့ စိန်ထည်တွေ မေမေကြီး ထည့်လိုက်တာကိုလည်း ငွေပိုးမျှင် သိထားရသည်ပဲဥစ္စာ။ ဤမျှအထိ မေမေကြီးဘက်က တာဝန်ကျေနေပါလျက် .. ငွေပိုးမျှင်က ပစ္စည်းသိမ်းထားဖို့ အပ်ရမှာကို မယုံမကြည်သလို လုပ်ပြ၍ ဘယ့်နှယ်ကောင်းချေမည်တဲ့လဲလေ ..။

"အို .. ခု .. သွားမယူပါနဲ့ဦး သမီးရယ် .. မေမေကြီးဘေးမှာ ထိုင်နေစမ်းပါဦး .. ဒီလောက်လှပြီး .. ဒီလောက်လိမ္မာရေးချားရှိတဲ့ သမီးလေးကို မေမေကြီး ရလိုက်တဲ့အတွက် .. ဘယ်လောက်ထိ ဝမ်းသာနေရတယ်ထင်သလဲ .. မေမေကြီး အသက်ကြီးလာရင်လေ .. ရန်ကုန်က သမီးတို့ အိမ်မှာလာနေမှာ သိလား .. အဲဒီအခါကျရင်လဲ .. ခုလိုပဲ မေမေကြီးကို ချစ်ပါကွယ် .."

ဟု မျက်ရည်ဝဲရင်းလည်းပြော ..။ လက်လေးကိုလည်း ထွေးဆုပ်ထားလာတော့ ငွေပိုးမျှင် မေမေကြီးကို သနားနေမိရပါသည့်အဖြစ်။ မေမေကြီး၏ ရင်ခွင်ထဲ တိုးဝင်မိရပါချေ၏။

"ခုကတည်း အတူတူ လိုက်ခဲ့ပါလား မေမေကြီးရယ် .. ငွေပိုးမျှင်က မေမေကြီးကို .. ဟိုးကတည်းက သနားမိတာ .. ဖေဖေနဲ့ မေမေတို့ဆီလာရင်း .. အိမ်မှာ မေမေကြီး ငိုတော့လေ .. သမီး မြင်ရတယ်၊ အဲဒီကတည်းက .. မေမေကြီးကို ဒိုင်မှာတောင် ခေါ်ထားချင်နေတာ၊ မေမေကြီးလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ငွေပိုးမျှင်တို့က မချမ်းသာဘူးပေါ့ မေမေကြီးရယ် .. ဒါပေမယ့် .. အိမ်မှာသာ .. မေမေကြီး လိုက်နေနိုင်တယ်ဆိုရင် ခေါ်ကိုခေါ်ထားချင်တာပါ .. မေမေကြီးနဲ့ တူတူအိပ်မယ်လို့ တွေးမိထားတာပါ .."

ဟု စိတ်ရင်းမှန်လေးအတိုင်း ပြောတော့ မေမေကြီး ရယ်သည်။ နဖူးလေးကို နမ်းသည်။

"ကဲ .. မေမေကြီး ဆုံးဖြတ်ရွေးချယ်တဲ့ လမ်းဟာ .. ဘယ်လောက်မှန်သလဲ .. သမီးလေးက .. သိပ်ကို လိမ္မာတာ .. လိမ္မာတာ .."

ဟု ပြောလည်းပြော ..။ မျက်နှာလေးကိုလည်း တဖွဖွ တရှိုက်ရှိုက်နမ်းနမ်းနေပါ၏။ ငွေပိုးမျှင် မျက်ရည်လေးတွေပင် လည်တက်လာရပါသည့်အဖြစ် ..။

ရတနာဘူးတွေ ယူဖို့ ငွေမိုးမျှင် ကမန်းကတန်းလေးပဲ ခွင့်ပန်မိရ ..။ ခပ်သုတ်သုတ်လေးလည်း ထွက်လာမိရပါ၏။ ဘာပဲဖြစ်ဖြစ် ...။ ညိုရီသော်ကိုတော့ ငွေပိုးမျှင် သိပ်စိတ်မချရဲ ..။ ကိုကြီး၏ ချစ်သူပဲ ဖြစ်ခဲ့ချေဖူးသည်လားလည်း မသိရ ..။ ကိုကြီးကတော့ .. ငွေပိုးမျှင်သာ ချစ်ဦးသူဟု ပြောလျက် ..။ ညိုရီသော်ကလည်း .. ကိုကြီးကို .. ခတ်ပုံကြည့်၍ .. မောင် .. ဟု ခေါ်ခဲ့သည် မဟုတ်ပါလား ..။ ထိုအဖြစ်နှစ်ခုထဲမှာ ဘယ်တစ်ခုမှန်သည်ဆိုတာကိုတော့ လောလောဆယ်မှာ ငွေပိုးမျှင် သေချာ မသိနိုင်သေး ..။ ကိုကြီးကိုလည်း ငွေပိုးမျှင် ယုံသည်။ ညိုရီသော်ကိုလည်း .. ကိုကြီး ချစ်သူပေလားဟု ထင်နေမိချင်ပြန်သည်။ အမှန်တော့ အားငယ်ခြင်းဆိုသည့်အရာမှာ .. သဝန်တိုခြင်းဆိုသည်



အရာကလည်း ရင်ထဲ တိုးဝင်နေခဲ့ပြီဆိုတာ ငွေပိုးမျှင် မညာချင်ပါ ..။

ထိုသို့သော ညိုရီသော်ကို .. ငွေပိုးမျှင် .. စိတ်ထဲ မချချင်ပြန်။ ရတနာဘူးတွေကို .. ဗီရိုထဲ ထည့်ထားတာထက် .. မေမေကြီး လက်ထဲ အပ်ကာ .. မြကြာယံရှိ မီးခံသေတ္တာထဲမှာ ထားလိုက်သည်ကမှ စိတ်ချနေရသည် မဟုတ်ပါလား။ ဗီရိုထဲမှာ ထားလိုက်၍များ .. ပျောက်ရှသွားသည်ဆိုလျှင် .. ရင်ထဲ ကောင်းချေမှာမဟုတ် ..။ ပြီးတော့ .. လူကြီးဖြစ်သည့် မေမေကြီးက .. လိုအပ်သည်မို့ .. စီမံခြင်း မဟုတ်ပါလားလေ ..။ စင်္ကြံလမ်းလေးအတိုင်း ငွေပိုးမျှင် လျှောက်လာခိုက်မှာ နောက်ဖေးဘက်ကို ပတ်ထွက်ပါသည့် ဝရံတာဆောင်လေးဆီမှ အန်နေသံကို ကြားသည်မို့ ခြေလှမ်းလေး သုတ်သုတ်ဖြင့် ငွေပိုးမျှင် လျှောက်လာမိရပါပြီ ..။ လူတစ်ယောက် အန်နေသည်။ စင်္ကြံဆီမှ လှမ်းမြင်နေရသည်ပဲ ..။ အန်နေသူသည် ညိုရီသော် ဖြစ်နေချေသည်တကား ..။

"မောင်ရယ် .. မောင့်ရင်သွေး .. မောင့်ရင်သွေး .."

ဟူ၍ ရင်ကို ဖိရင်း၊ ဝရံတာတစ်ဖက်ကို ကိုယ်ကို ငိုက်ထားရင်း ပြောနေသံကိုလည်း ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာပါသည့် ငွေပိုးမျှင် ကြားဖြစ်အောင် ကြားလိုက်ရစဉ်နိုက် ရင်ထဲ ဟာခနဲ ဖြစ်သည်။ ခေါင်းထဲ မိုက်ခနဲဖြစ်သည်။ ညိုရီသော်ကတော့ နောက်ကို လှည့်မကြည့် ..။ ငွေပိုးမျှင် လာနေတာကို သိချင်မှလည်း သိနိုင်မည်။ ဘာကြောင့်ဆို .. တအောအောအန် အန်ဖြင့် ဝေဒနာနှင့် ချွေးတွေနှင့် ဖြစ်နေရသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com



ငွေပိုးမျှင် .. နောက်ကြောင်း ပြန်လှည့်လိုက်မိရ
ပြီ ..။

ရင်ထဲမှာ .. တုန်ခါနေသည်။ ချစ်ခြင်းများကြောင့်
ကြေကွဲလှိုက်ခါနေပါသည့် တုန်ခါမှုက နှလုံးအိမ်ကို သိမ့်သိမ့်ခါ
ကြီး ခပ်ကြမ်းကြမ်း ပုတ်ခတ်နေသည့်နှယ်ပါတည့်။

"ငွေပိုးမျှင် .. ဘာကို .. ဘာကို ယုံပေးလိုက်ရတော့မှာ
ကိုကြီးရယ် .. ညိုရီသော်က .. သူကိုယ်တိုင် ငွေပိုးမျှင်
ဘာဆိုဘာမှကို မပြောတာပါ .. ဒါပေမယ့် .. သူဟာ
ငွေပိုးမျှင် သိနိုင်တဲ့ အဖြစ်တွေမျိုးနဲ့ပဲ .. ဒီအဖြစ်တွေ
သူ့ဘက်က .. ကြုံကြိုက်ဖြစ်လာနေကြပြန်တယ်
သူ့ဟာ .. သူဟာ .. ကိုကြီးရဲ့ ရင်သွေးကိုတောင်မှ
ထားရတယ်တဲ့လားရှင် .."

ဟု တွေးမိနေရင်းမှ မျက်ရည်က လိမ့်ခနဲ ကျသ
အတ္တသည် ရုတ်ခနဲ ဖြစ်တည်၏ ..။ ဘာ
ဖြစ် .. ကိုကြီးကို .. ငွေပိုးမျှင် အဆုံးရှုံး မခံနိုင် ..။ ကိုကြီး
ငွေပိုးမျှင်တို့က လှသိရှင်ကြား လက်ထပ်ထားသည့် ဇနီးမောင်
ညိုရီသော်နှင့် ချစ်မှုသည်ပဲထား ..။ ညိုရီသော်သည် တရား
ဇနီးမဟုတ်။ ထိုသို့ တွေးနေရင်းမှ ရင်ထဲ ကျင်ခနဲ ခံစားရ

ဘာကြောင့်ပဲဖြစ်ဖြစ် ..။ တကယ်တမ်းမှာ
ကိုကြီးသည် .. ညိုရီသော် ဝမ်းထဲမှ လွယ်ထားရသည့်
ရင်သွေး၏ ဖခင် ဖြစ်ခဲ့ချေလျှင် ..။ ညိုရီသော်၏
ဖြစ်ပါချေလျှင် ..။ ငွေပိုးမျှင်ဆိုတာ .. ညိုရီသော်၏ ချစ်သူ
ရက်စက်စွာ .. လုယူသူတစ်ယောက်တော့ အသေအချာ



ဖြစ်နေချေသည်တကား ..။ ပြီးတော့ .. ဪ .. ပြီးတော့ ..
ငွေပိုးမျှင်အပေါ် .. ကိုကြီး .. ညာခဲ့ချေသည်တကား ..။

ဆတ်ဆတ်ခါနေသော နှလုံးအိမ်သည် .. ကြွေပြတ်
လုတည်းတည်းသာ ရှိနေသည်သို့ ခံစားရချေ၏ ..။

နှလုံးသွေးကြောတို့ ပြတ်တောက်ကုန်သည်သို့ ခံစား
လာရသည်။ ရင်ထဲမှာ .. အဆိုးဝါးတကာ့ အဆိုးဝါးဆုံးသော ..
ကြေကွဲအားငယ်မှုနှင့် ကြေပြုန်းထိခိုက်မှုတွေက အရှိန်နှင့် ဆောင့်
နေပါချေ၏။

❀ ❦ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ညှော်ခန်းဆောင်ထဲမှ ဖုန်းမြည်သံ ကြားနေရသည် ကမန်းကတန်းလေး ငွေပိုးမျှင် အခန်းတွင်းမှ ခြေလှမ်းသွက်သွက် ဖြင့် ထွက်လာမိရပါ၏။

ညက .. ငွေပိုးမျှင် အိပ်မရ ..။ ညိုရီသော်မှာ ကိုယ် ဝန်ရှိနေပြီဆိုတာကို သိထားရလျက် ..။ ထိုကိုယ်ဝန်သည် .. ကိုကြီး၏ ကိုယ်ဝန်ဟူ၍ ငွေပိုးမျှင် နားလည်ထားလိုက်ရပြီးသည် နောက်မှာ ဘယ်လိုမှ အိပ်၍မရနိုင်တော့သော ညတာရှည်ကြီး တစ်ခုကို ဖြတ်သန်းလာခဲ့ရသည်မှာ ပင်ပန်းလှပါဘိ ..။ ဒါ မယ့် .. ဖုန်းမြည်သံကြားရတော့လည်း ကိုကြီးဆီကများပေလား ကသောကမျောလေး မပြေးရုံတမယ် ထွက်လာမိရသည်ပါပဲ ဘာပဲဖြစ်ဖြစ် ..။ ကိုကြီးသည် ငွေပိုးမျှင်၏ ခင်ပွန်းသည် မဟုတ် ပါလားလေ ..။ ကိုကြီးဆီက ဖုန်းကိုတော့ .. ငွေပိုးမျှင် ကြေ နေစိတ် .. အားငယ်နေစိတ်တွေဖြင့် လုံးထွေးရစ်ပတ်နေရသည် ကြားမှ မျှော်လင့်နေမိရပါသည့်အဖြစ်။ ဤသည်ကလည်း ကိုကြီး ၏ အသံကို ကြားချင်စောကြောင့်ပါ ..။



ဤသည်ကို .. အချစ်ဟု ခေါ်ပါသည် ကိုကြီးရယ် ..။ သာမည့် အနာဂတ်သည် မလှပတော့ပြီဆိုတာကို သိသိကြီးနှင့် င် .. ကိုကြီးနှင့် ငွေပိုးမျှင် ဤရက်လေးတွေမှာတော့ဖြင့် စကား ပြောနေချင်ပါသေးသည်။

ညိုရီသော်၏ တဖြည်းဖြည်း ရင့်မာလာမည့် ကိုယ် ဝန်သည် လူသိသူသိ ဖြစ်လာပါချေလျှင် .. ကိုကြီး၏ ရင်သွေး .. ဟု ဖြေလိုက်ပါချေလျှင် ..။ ဘာတွေ ဆက်ဖြစ်လာမည် ဆိုတာကို ငွေပိုးမျှင် မတွေးရဲတော့ပါ ..။ သေချာနေသည်ကတော့.. ဆိုအနာဂတ်သည် မလှပသော .. တုန်လှုပ်ချောက်ချားဖွယ်ကောင်း သော .. အဆိုးဝါးဆုံးသော အဖြစ်များအဖြစ်, ကြိုလင့်ရှိနေချေ ပြီဆိုသည့် အဖြစ်ကိုပါပဲ ..။

ဘယ်လောက်ပဲ ငွေပိုးမျှင် ထွက်လာခဲ့ .. ထွက်လာ ခဲ့ ..။ ဖုန်းကိုင်သူက .. အရင်ရှိနှင့်နေတာ ..။ ထိုသူသည် မီးဖို ဆောင်မှ ထွက်လာပါသော ညိုရီသော်ပဲ ဖြစ်နေပါချေ၏။

"ကိုကို နေကောင်းနေတယ် မဟုတ်လား .. ခရီးမှာ ကို ညိုရီသော်တောင်မှ တွေးမိပါတယ် .."

ဟု ပြောနေသံကို ကြားနေရပါ၏။ ကိုကြီးဆီမှ ဖုန်းဆိုတာကို သေချာသွားချေပြီမို့ ပို၍ ခြေလှမ်းသွက်သွက်လေး ဖြင့် ဆင်းလာမိစဉ်ခိုက် ဘယ်လိုမှ မမျှော်လင့်ထားပါသော အဖြစ်တစ်ခုက ဖြစ်သွားရပါပြီ ..။ လှေကားထစ်မှာ ချော်နေသည် ဟူသော အသိတစ်ခုကတော့ဖြင့် ခြေဖဝါး၏ အထိအတွေ့ဖြင့် သိလိုက်ရပြီးသည့်နောက်မှာ ဒလိမ့်ဒလိမ့်ဖြင့် လှေကားထစ်တွေ

www.burmeseclassic.com



အတိုင်း လူးလှိမ့်ကျလာနေရပါပြီတည်း။ ခေါင်းထဲ မိုက်ခနဲဖြစ်ချင်သည်။ နဖူးစပ်မှာ သွေးတွေ ကျလာနေတာကိုလည်း သိနေရသည်။ လက်လှမ်းအဆွဲမှာ လှေကားပွတ်တိုင်ကို ထိဆုပ်မိသည်မို့ အကျရပ်သွားခိုက်မှာ နလုံးတွေ ဆတ်ဆတ်ခါနေသည်ပါပဲ ..။

ညိုရီသော် နှုတ်မှ ခပ်ကျယ်ကျယ်ကြီး အလန့်တကြားအော်လိုက်သံကိုတော့ ကြားလိုက်ရပါ၏။ ကမန်းကတန်းလည်း ဖုန်းချ၍ ပြေးလာကာ ငွေပိုးမျှင်ကို ထူ၍ ..

"ဘယ်နား နာကုန်ပြီလဲဟင် .. ဒုက္ခပါပဲ .. ညိုရီသော် စိတ်မကောင်းလိုက်တာ .. ဖုန်းကလည်း .. မှားခေါ်တာ ဖြစ်နေတယ် .. ညိုရီသော်က .. ဟိုဘက်ကလူရဲ့ အသံကို ကြားတော့ ကိုကိုမြတ်မင်းသာလို့ ထင်မိလိုက်တာ .. တကယ်တမ်းကျတော့ .. မဟုတ်ဘူး .. ဖုန်းမှားခေါ်တာ ဖြစ်နေတယ် .."

ဟု ပြောနေတော့ ငွေပိုးမျှင် ခေါင်းတွေ မူးနေပြီ..။ ဘာကြောင့် ချော်ကျရသည် ဆိုတာကိုတော့ ငွေပိုးမျှင် သိနေသည်။ လှေကားထစ်မှာ တစ်ခုခု ချော်ကျစေသည့် အရာကို သုတ်ထားတာ သေချာနေသည်။ အိမ်မှာက မေမေကြီးလည်း မရှိ။ မနက်က .. မြကြာယံသို့ သွားလိုက်ပြီ။ မေမေတို့ထံ သွားချင်သလားဟုပင် မေးခဲ့သေးသည်။ ကိုကြီးထံမှ ဖုန်းကိုလည်း မျှော်စိတ်ဖြင့် မလိုက်ဖြစ်ခဲ့ ..။ မေမေလည်း မလာသေးနဲ့ ... ဟု မှာထားခဲ့သည်ကိုးလေ ..။



ညကလည်း အိပ်မရသည့်မို့ .. ခေါင်းတွေ မူးနောက်ရီဝေနေသည်မှာ အမှန်။ နေ၍ မကောင်းချင် ..။ ဒါကြောင့်လည်း မေမေ့ထံ မသွားဖြစ်တာလည်း ပါသည်။ ပြီးတော့ .. အဓိက အချက်ကဖြင့် .. ညိုရီသော်၏ ကိုယ်ဝန်ကိစ္စနှင့် ပတ်သက်၍ သိထားရသည်မို့ .. မေမေ့ရှေ့မှာ .. ငွေပိုးမျှင် မျက်နှာမပျက်ဘဲလည်း မနေနိုင် ..။ မေမေ ရိပ်မိလျှင် မေးကို မေးမှာသေချာသည်လေ ..။ ငွေပိုးမျှင် မေမေ့ကို မလိမ်ချင်ပါ။ အမှန်အတိုင်း ပြောပြဖို့ကျတော့လည်း .. မပြောအပ်သည့်ကိစ္စ ဖြစ်နေသည်။ နောင်သူမှ .. သိချင်သိစေတော့ ..။ လောလောဆယ်မှာတော့ .. ဤကိစ္စကို အသိမပေးရက် ..။ ငွေပိုးမျှင် .. ရင်တွေ ကြေနေအောင် ခံစားနေရလေသမျှကို မျိုသိပ်ထားရင်း .. တစ်ယောက်တည်း ကြေကွဲခံစားနေရ .. ထိခိုက်နာကျင်နေရခြင်းမှတစ်ပါး အခြားသမ်းမှ မရှိချေတော့ပြီပဲ ..။

ခု ညိုရီသော် ပြေး၍ လာပွေ့တော့ လက်လေး ကာ၍ ..

"ရပါတယ် .. နည်းနည်းခေါင်းပေါက်သွားတာ ဖြစ်ပါမယ် .. ဆေးပလပ်စတာလေး ကပ်လိုက်ရင် သက်သာမှာပါ .."

ဟုသာ အနိုင်နိုင်ပြောယူရသည်။ ကိုကြီးနှင့် ပတ်သက်ပါသော မိန်းမတစ်ယောက်၏ ရင်ခွင်ထဲမှာ ရှိနေသည်ကို က .. ရင်ထဲမှာ .. လိပ်ပြာမရဲချင် ..။ ရှက်လည်း ရှက်နေမိရသည်ပါပဲ ..။ ညိုရီသော်နှင့် ငွေပိုးမျှင်ဆိုတာ ယောကျ်ားတစ်ယောက်နှင့် ပတ်သက်နေကြသူတွေများအဖြစ် ရှိနေကြရသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ .. ညိုရီသော် တွဲပို့မှာပေါ့ .. နာနေပြီ ထင်ပါရဲ့ .. လာ .. လာ .. ညိုရီသော် တွဲပို့မယ် .. ပြီးရင် .. မေမေကြီးဆီကို ဖုန်းဆက်ပြောမှဖြစ်မယ် .. ဘယ်လိုဖြစ်ပြီးချော်ကျရတာလဲ ငွေပိုးမျှင်ရယ် .. ညိုရီသော် စိတ်မကောင်းလိုက်တာ .."

ချိုမြနေလျက် စုတ်တသပ်သပ်ဖြင့်လည်း တဖွတ်ဖွတ် ပြောနေပါသည့် အကြင်နာစကားများကို ငွေပိုးမျှင် ကြားနေရသည်။ ဒီလိုကျတော့လည်း ငွေပိုးမျှင် အားနာရပြန်ပါ၏။ ကိုကြီးကို လက်ထပ်ထားပါသော ငွေပိုးမျှင်အပေါ် စိတ်မကွက်ဘဲ .. စိတ်မပျက်ဘဲ .. မမုန်းဘဲ .. စိတ်လက်ပူနေပါသည့် ညိုရီသော်ပါလားလေ .. ဟု တွေးမိရရင်းမှ တစ်ချက်တွေးမိရသည်က .. စောစောက .. ချော်ကျစေပါသည့် လှေကားထစ်ဆိုသည့်နေရာကိုပါ ..။ ခေါင်းကလည်း မူးနေပြီ ..။ နောက်ဆုံးတော့ လှေကား၏ ထစ်တွေကို လိုက်စစ်ကြည့်ချင်နေသည့် စိတ်ကို လျှော့ချပေးလိုက်ရကာ ညိုရီသော် တွဲခေါ်သည့်အတိုင်း အောက်ထပ်ရှိ မေမေကြီး၏ နေ့ခင်းဘက် လှဲလျောင်းနားနေရာ အခန်းသို့ ခြေလှမ်းနှေးနှေးဖြင့် လိုက်လာရသည့်အဖြစ်။ အပေါ်ထပ်သို့ တွဲခေါ်ရမှာ မနိုင်မနင်းဖြစ်မှာစိုးသည်ဟု ညိုရီသော်က ရှင်းပြနေပါသေးသည်။

နဖူးမှ ဒဏ်ရာကို ဆေးပလပ်စတာလေးကပ် ..။ ကော်ဖီပူပူတစ်ခွက်သောက်။ ဆေးသောက် ..။ အိပ်ရာထက်မှာ လှဲနေရခြင်းများကို .. အားလုံး ညိုရီသော် တောက်လျှောက် ခပ်သွက်သွက် လုပ်ပေးနေသမျှ ငြိမ်ခံပေးနေရခြင်းဖြင့် ပြီးမြောက်သွားရပါသည့်အဖြစ်။



"ကဲ .. ငြိမ်လိုက် ... နားလိုက်နော် .. ညိုရီသော် .. မီးဖိုထဲသွားလိုက်ဦးမယ် .. ဟင်းချိုအိုးပဲ တည်ထားမိလို့တော်ပါသေးရဲ့ .. ဒါမှမဟုတ်ရင် .. ဟင်းအိုးတောင်တူးကုန်တော့မှာ .. စိတ်ထဲ ဟင်းအိုးကို မေ့ရော .. ကော်ဖီပြေးဖျော်မှ ပဲဟင်းချိုအိုးကို သတိရတော့တာ"

ဟု ပြောကာ ခပ်သုတ်သုတ် သွားလိုက်သည်က ညိုရီသော်ပါ ..။ တံခါးနားသို့ ညိုရီသော် အရောက်မှာ ..

"မေမေကြီးကိုလဲ ဖုန်းမဆက်ပါနဲ့ .. ဖေဖေနဲ့ မေမေ့ကိုလဲ မဆက်ပါနဲ့နော် .. ကိုကြီးဆီက ဖုန်းဝင်လာရင်လဲ မပြောပြပါနဲ့နော် .. စိတ်ပူနေမှာစိုးလို့ပါ .."

ဟု ပြောတော့ လှည့်ကြည့်သည်။ သက်ပြင်းရှိုက်၍ တစ်ချက်ငြိမ်ကြည့်ပြီးမှ ..

"မေမေကြီးကိုတော့ မပြောလို့ ဘယ်ဖြစ်မလဲ ငွေပိုးမျှင် .. အင်း .. မမလေး ငွေပိုးမျှင်လို့ ခေါ်ရမှာနော် .. မမလေးက .. ကိုကိုမြတ်မင်းသာကို မပြောပြပါသေးနဲ့ဆိုရင်တော့ .. မပြောဘဲ ထားဖို့ မထားဖို့ဆိုတာကတော့ .. မေမေကြီးပဲ ဆုံးဖြတ်မှာပါ .."

ဟု ပြောကာ ကိုယ်လေးပြန်လှည့်သွားတော့ ငွေပိုးမျှင် ငိုင်ကျန်ခဲ့ပါ၏။ ခေါင်းကိုက်လာနေသည်။ ကိုယ်လက်တွေလည်း နာနေသည်။ လှေကားထစ်တွေအတိုင်း လူးလိမ့်ကျထားသမျှ တစ်ကိုယ်လုံး နာကျင်နေသည်ပါပဲ ..။ ဒါပေမယ့် .. ပို၍ ခံစားလာရသည်က ကိုကြီး အနီးမှာ ရှိမနေသည့်အတွက် အားငယ်ခြင်း ..။ ပြီးတော့ .. ကိုကြီး ရှိမနေခြင်းသည်ပင်လျှင် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပွဲ့ရသက်သာချေသည်ကော .. ဟု ကြေကွဲခြင်း။ ကိုကြီး၏ ကိုယ်ဝန်ကို လွယ်ထားသော ညိုရီသော် ရှေ့မှာ .. ကိုကြီးက .. ခုလို.. လှေကားမှ ချော်ကျသည့် ငွေပိုးမျှင်ကို .. စိတ်မှ .. ပြုစုနေတာမျိုး ဖြစ်နေလျှင် .. အဘယ်မျှထိ .. အနေရခက်သော .. မျက်နှာပူဖို့ကောင်းသောအဖြစ် .. ဖြစ်နေပါမည်တဲ့လဲလေ ..။ စောစောပိုင်းက .. ကိုကြီး ခါတ်ပုံကို ရင်မှာ ပိုက်ငိုနေသည့် ချစ်သူအဖြစ် သိထားရရာမှ ..။ ခုကျတော့ .. ကိုယ်ဝန်ပါ လွယ်ထားသည် ဆိုသည့် အခြေသို့တိုင်လာသည် မဟုတ်ပါလားလေ ..။

ခေါင်းအုံးလေး ထက်မှာ မျက်နှာလေး ဖေးအပ်စောင်းလိုက်ရင်း မျက်နှာလေး ဖြူဖျော့ဖျော့ ဖြစ်ချင်နေသည့် ငွေပိုးမျှင်ကို ညိုရီသော် တစ်ချက် တံခါးဝမှ လှည့်ကြည့်ခဲ့ပြီးမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခဲ့ပါ၏။

ပထမဆုံး လုပ်ရမည့် အလုပ်က .. ဂရေ့ဆီတွေ သုတ်ထားသော လှေကားထစ်ကို အရင်ဆုံး ပြောင်စင်အောင် သုတ်ပစ်ရမည်။

မေမေကြီး ပဒုမ္မာမှ ထွက်သွားတာနှင့် လှေကားထစ်တစ်ခုမှာ ဂရေ့ဆီတွေကို သုတ်ထားလိုက်သည်က ညိုရီသော်ပါ ..။ လှေကားမြင့်မြင့်ကြီး၏ လှေကားထစ်တစ်ဝက်ကျော် အရောက်လောက်မှ သုတ်လိုက်ခြင်း ..။

နောက်တော့ .. မီးဖိုးထဲဝင် ..။ ဟင်းချိုအိုးကို မီးဖိုပေါ်တည် ..။

တယ်လီဖုန်းခုံလေးဆီသို့ သွားကာ .. ပဒုမ္မာ၏ ဖုန်းနံပါတ်ကိုပဲ ဂဏန်းကွက်လေးတွေလှည့် .. ဖုန်းကို ပြန်ချ .. ကိုယ့်ဖုန်းကိုယ် ပြန်မြည်တော့ဟန် အပြည့်ဖြင့် ဖုန်းမြည်သံကို အတန်ကြာအောင် အသံမြည်အောင် စောင့်နေပြီးမှ .. ဖုန်းကို ကောက်ကိုင်လိုက်ခြင်းပါ။ ကိုကိုမြတ်မင်းသာထံမှ လာနေသယောင် စကားပြောနေစဉ်မှာ စကြံရှည်တိုင်း သုတ်သုက်လျှောက်လာခဲ့ပါသော ငွေပိုးမျှင်၏ လှေကားထစ်တွေကို ခပ်သွက်သွက် နင်းဖြတ်ဆင်းလာနေတာကို မြင်နေရသည်ပါပဲ ..။

မကြာလိုက် ..။ ဘာမျှကို မကြာလိုက် ..။ ငွေပိုးမျှင် ဒလိမ့်ကောက်ကွေး ပြုကျလာသည်ပါပဲ ..။ ဒါပေမဲ့ .. ကောင်မလေးက .. လှေကားလက်ရမ်းပွတ်လုံးကို ဖမ်းဆုပ်မိသွားနိုင်သည်။ ရပ်တန့်သွားနိုင်သည်။

"တောက် .. အောက်ထိ ကျပြီး .. ဇက်ကျိုးသေရင် ပြီးရော .."

အိပ်ဆေးအရှိန်ဖြင့် အိပ်နေလောက်ပြီဖြစ်သော ငွေပိုးမျှင်ကို မုန်းတီးစိတ်ဖြည့် ညိုရီသော် မချင့်မရဲ တွေးမိရတာ ဂရေ့ဆီတွေကို ပြောင်အောင် သုတ်သင်သည်။ ကဲ .. ဘယ်သူပဲ ရောက်လာ ရောက်လာ ..။ ဤလှေကားထစ်တစ်ခုကို ချော်ကျစေသည့် ဂရေ့ဆီ သုတ်လိမ်းထားသည်ဟု .. ဘယ်လိုမှ ထင်မြင်ရာမရှိပြီ ..။ ဆပ်ပြာရေ နိုင်နိုင်ဖြင့်လည်း အဝတ်စ ဆွတ်၍ သုတ်သည်။ နောက် .. ရေသန့်ဖြင့် သုတ်သည် ..။ အခြောက်ဆပ်သုတ်သည်။ အပေါ်မှ စောစောက နေပူထုတ်လှမ်းထားသော လှေကားခင်း ကော်ဇောကို ပြန်ခင်းသည်။ ပြီးပြီ ..။ လုံးဝ ထင်စရာမရှိ ...။

နောက် .. ကိုယ်ကို ပြန်မတ် ..။ ခြေလှမ်းမှန်မှန်ဖြင့် ဖုန်းဆက်ဖို့ လျှောက်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးဆီသို့ .. ဖုန်းဆက်ရမည်လေ ..။

မမကြီး၏ အမျိုးကောင်းသမီးချွေးမ .. လေ့ကားပေါ်က မတော်တဆ ပြုတ်ကျပါသည်ဟု ...။

ပြီးတော့ .. ထိုအမျိုးကောင်းသမီး .. ငွေပိုးမျှင်က .. မိဘများကိုရော .. ခင်ပွန်းသည် ကိုမြတ်မင်းသာကိုပါ .. ဤအဖြစ်ကို အသိမပေးဖို့ .. စိတ်ပူမှာစိုး၍ .. တားပါသည် .. ဟု .. အမျိုးညဲ့အဖြစ် သတ်မှတ်ခံရပါသည့် .. အစေခံ ညိုရီသော်က သူဌေးမကြီး ဒေါ်ခင်ခင်ကြီးကို .. ဆက်လက်၍ သံတော်ဦး တင်လိုက်ပါဦးမည်တည့်။

ခမ်မဲ့မဲ့ အပြုံးက ကောက်ကျစ်စဉ်းလဲစွာပဲ .. ညိုရီသော်၏ နှုတ်ဆီမှ ပွင့်ကျလာပါ၏။

"တစ်နေ့မှာ .. ငါ့ကို .. ကိုကိုမြတ်မင်းသာနဲ့ နေရာချပေးမလိုလို မက်လုံးပေးပြီး .. ခိုင်းစားလိုက်တဲ့ မိန်းမကြီး .. ခုကျတော့ .. အစေခံနဲ့ မပေးစားဘဲ .. မတူမတန်လုပ်ပြီး .. သူ့ဟာမလေးနဲ့ .. ကိုကို့ကို ဖျတ်ခနဲ .. ဖြုတ်ခနဲ .. ပေးစားပစ်လိုက်တာ .. ညိုရီသော်ဆိုတာ .. အမျက်တစ်ခုကို .. ဘယ်လို ပိပိရိရိနဲ့ .. ရင်ထဲက မပြေနိုင်ဘဲ ရက်စက်ပြသွားတတ်တယ်ဆိုတာ .. အဲဒီမိန်းမကြီး .. မျက်ရည်နဲ့ မျက်ခွက်ဖြစ်ပြီး သိသွားရလိမ့်မယ် .. သူ့ချွေးမ .. ဒီနေ့ကံကောင်းလို့ မသေတာ .. မသေတာ .. ဘယ်သူက .. ငါ လုပ်တယ်လို့ ထင်မလဲ .. ဒီအိမ်ကြီးထဲမှာ ငါပဲရှိတာ .. ကိုမြင့်နဲ့ မငယ်ဆိုတာ ခြံထဲမှာပဲ နေနေကြရတာ .. ငါ့လက်ငါ့ခြေ .. ငါသဘော .. ဒီကောင်မလေးကို ငါ



လုပ်ကြံနိုင်ခွင့် ရှိနေတယ် .. အဲဒီအခွင့်အရေးကို .. နောက် .. နည်းနည်းရက်ချန်ပြီး .. တစ်ခုခုနဲ့ .. ငါ .. ဆက်အသုံးချရမှာပဲ .."

ဟု အံခဲ၍ တွေးနေသည်ကိုက ညိုရီသော်ပါတည့် ..။

ငွေပိုးမျှင် .. ခုလို ဖြစ်သည့်အဖြစ်ကို .. ဦးရန်အောင်နှင့် ဒေါ်ပိုးဝါတို့ထံကိုရော ကိုကိုမြတ်မင်းထံသို့ရော .. အကြောင်းကြားမည် မကြားမည်ဆိုတာကိုတော့ သူဌေးမကြီး ဒေါ်ခင်ခင်ကြီးပဲ ဆုံးဖြတ်စေတော့ ...။

အကြောင်းကြား ဖုန်းဆက်ပေးရမည့် တာဝန်က ညိုရီသော်၏ တာဝန် ..၊ ဖုန်းခလုတ်တွေကို လှည့်နေရင်း .. ကျေနပ်စွာ ပြုံးလိုက်မိရပါ၏။ မျက်လုံးမျက်ဆန် ပြူးပြီး ကမန်းကတန်း ပြေးချလာမည့် ဒေါ်ခင်ခင်ကြီးဆိုသည့် မိန်းမကြီးကို မြင်ယောင်နေမိရင်းမှ ကျိန်ဆဲနေမိပြန်သည်။

❀ ၈ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"အိမ်မှာ ညည်းရှိနေတယ် .. ငွေပိုးမှျင်လေး ခု [illegible]
လေကားပေါ်က ပြုတ်ကျရတယ်ဆိုတာ .. ဘယ်ဟုတ် [illegible]
မလဲ .. ကလေးမှုးနေလား .. နေမျှားမကောင်း ဖြစ်နေသ [illegible]
ဆိုတာလောက်ကိုတော့ အပေါ်ထပ် တက်ကြည့်ရုံး [illegible]
ပေါ့ .. ဖုန်းမြည်ရင် ငွေပိုးမှျင် ဆင်းလာနိုင်မယ်ဆို [illegible]
နားမလည်နိုင်ဘူးလား .."

"မဟုတ်ပါဘူး မမေကြီးရယ် .. ငွေပိုးမှျင်ဘာသိ [illegible]
ဥစ္စာ .. မမညိုရီသော်မှာ ဘာမှ အပြစ်မရှိပါဘူး [illegible]
မမေကြီး သွားလိုက်ချိန်တုန်းကတောင်မှ ငွေပိုး [illegible]
နေကောင်းနေတာပဲ ဥစ္စာ .. မမညိုရီသော်က .. ငွေပိုး [illegible]
နေမကောင်း ဖြစ်နေမလားလို့ ဘယ်လိုလုပ် တွေးစရာရှိ [illegible]
မလဲ .. ပြီးတော့ .. ငွေပိုးမှျင် ချော်ကျတာပါ .. [illegible]
တာမျိုး မဟုတ်ပါဘူး .."



မမေကြီး အရှမ်းကို မျက်စိမျက်နှာကြီး ပျက်လျက် ရောက်လည်းရောက်လာ .. ဆူလည်းဆူနှင့် ရှိနေတော့ မျက်စိမျက်နှာလေး ငယ်ကျနေသည့် ညိုရီသော်ကို ကြည့်ရင်း အားနာရလွန်းလာသည်မို့ ငွေပိုးမှျင် ဝင်ဝင်ပြောနေခြင်းပါ ..။

မမေကြီး ရောက်လာသည်မှ တစ်ယောက်တည်း မဟုတ်ပါ ..။ ဖေဖေရော .. မေမေရော ..။ ကိုကိုနေဝန်းနီရော.. အားလုံး ရောက်လာကြစဉ်မှာ ငွေပိုးမှျင် ကိုယ်လက်တွေ နာနေတာကိုပင် မပြောရဲတော့ဘဲ လှကောင်းလေး လုပ်၍ အခန်းထဲ ဆိုဖာထိုင်ခုံကြီးမှာ ပြုံး၍ ထိုင်နေရပြောနေရပါသည့်အဖြစ်။

ဖေဖေကတော့ နဖူးပေါ်မှ ဒဏ်ရာကို ညင်ညင်သာသာ စမ်းစစ်ကြည့်သည်။ တစ်နေ့ကပဲ လက်ထပ်သည်။ ခု.. လေကားပေါ်က ပြုတ်ချော်ကျသည်ဆိုတော့ မေမေလည်း မျက်နှာမကောင်းရှာ ..။ လက်လေးတွေကို ကိုင်ကြည့်။ ညိုရာမဲရာ ဒဏ်ရာတွေကို ကြည့်နှင့် မျက်နှာက သိသိသာသာကြီးကို ပျက်နေပါ၏။

"မမညိုရီသော်ခမျာ .. ပြေးပြီးလာတွဲရ .. မမေကြီးနားတဲ့ အခန်းကိုပဲ တွဲပို့ရနဲ့ .. ပြုစုတာပါ .. ဆေးတိုက်တာလဲ မမညိုရီသော်ပါ၊ မမညိုရီသော် ကျေးဇူးရှိပါတယ် မမေကြီးရယ် .. မဆူပါနဲ့နော် .. ကိုကြီးကိုလဲ ဖုန်းဆက်ပြော မပြပါနဲ့ .. ကိုကြီး စိတ်ပူနေပါ့မယ် .."

ဟု ပြောနေတော့ မေမေ ဖျတ်ခနဲ တစ်ချက်ကြည့်လာသည်။ မေမေ့ မျက်ဝန်းတွေထဲမှာ ထူးခြားသော ခံစားမှုတွေ၏ အစိတ်အပိုင်းတွေကို တွေ့လိုက်ရသည်ဟု ငွေပိုးမှျင် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေလည်း ငြိမ်သက်စွာ တစ်ခုခုကို ခပ်ဆဆတွေးနေသည့်နှယ် ရှိနေပါ၏။ မေမေကြီးကတော့ ငွေပိုးမျှင်၏ လက်လေးတွေကို ထွေးဆုပ်လိုက်။ နှိပ်နယ်လိုက်နှင့် ရှိနေရင်းမှ ..

"မေမေကြီးရဲ့ အရိပ် .. ပဒုမ္မာမှာ ခုလို ဖြစ်ရတယ်ဆို တော့ .. ဘယ်ကောင်းမလဲ .. မေမေကြီး ရင်ထဲမှာ မကောင်းဘူး .. တာဝန်မကင်းသလိုကြီး ခံစားရတယ် .. မဖြစ်ပါဘူး .. လှေကားထစ်တွေ ခင်းထားတဲ့ ကော်ဇော အသစ်ပြန်လဲခင်းမယ် .."

ဟု ညည်းညူ နေရင်း နဖူးလေးစမ်းလိုက်၊ ပါးလေး စမ်းလိုက်နှင့် ရှိနေပါ၏။ ဖေဖေ အတန်ကြာ တစ်ချက်မျှ ငိုင်နေ ရာမှ ..

"ဒါ .. မတော်တဆ ဖြစ်တာပဲ မမကြီး .. ဘယ်သူ့ကို အပြစ်ဆိုလို့ မဖြစ်တာမျိုးပါ .. ကဲ .. ဟိုကလေးမ .. ညီ သော် .. သွားလိုက်တော့ .. လုပ်စရာရှိတာလုပ်ပါ .. သမီးလေး ကျခဲ့စဉ်က .. ပြုစုခဲ့တဲ့အတွက်ရော .. ကျေးဇူး တင်ပါတယ် .. မမကြီး ချက်ချင်း .. အန်ကယ်တို့ ဝင်ခေါ်လာလိုက်တာမို့ .. ချက်ချင်း လာတွေ့လိုက်ရ တဲ့ အတွက်လဲ အန်ကယ်တို့က ကျေးဇူးတင်ပါတယ် ကွယ် .."

ဟု ပြောစဉ်နိုက် ..

"ဝါလေး ဒီမှာ နေချင်သလား .. မမကြီးဆီမှာ ငွေပိုး ကို ခုလို ထားထားရတာ စိတ်မချဘဲ ဖြစ်နေမလားပဲ။ ငွေ မိပိုးဝါ နေချင်တယ်ဆိုရင် .. လာနေပါကွယ် .."



ဟု ပြောနေတော့ .. အားနာစရာ ဖြစ်နေသည်။ ဘယ့်နှယ် .. စိတ်မချ၍ လာနေသည်ဆိုတာမျိုးကျတော့လည်း ဘယ့်နှယ်လုပ်၍ ကောင်းနိုင်ပါတော့မည်တဲ့လဲ ..။

"မဟုတ်တာပဲ မမကြီးရယ် .. သမီးလေးကို အဖော်ရအောင် လို့ လာနေတာမျိုးဆို ဟုတ်ပါရဲ့ .. ခုလို .. စိတ်မချလို့ လာနေ ဘယ်ဆိုတာမျိုးကြီးတော့ .. မကောင်းပါဘူး .. ဝါလေး .. မမကြီးရဲ့ အရိပ်မှာ စိတ်ချပါတယ် .. ဝါ .. မိဝါ .. လာနေဖို့ မလိုပါဘူးရှင် .."

ဟု ပြောရန်မှတစ်ပါး အခြားမရှိတော့သည့်အဖြစ်။ ခုလို .. အချိန်မျိုးမှာ လာနေမည်ဟု ပြော၍ မကောင်းတော့သည့် အဖြစ်ပေကိုးလေ ..။ ကိုယ်က သမီးကို အဖော်လုပ်ဖို့ လာသည်ပဲ ထား။ မမကြီးကို စိတ်ထဲ စိတ်မချ၍ လာနေသည်ဟု ထင်စေမည့် ပုံစံ အားရိပ်မျိုး ဖြစ်နေသည်လေ ..။ တိုအဖြစ်ကိုတော့ .. တစ်ဖက် သားကို စော်ကားသလိုကြီး ဖြစ်နေစေတာမို့ အရောက်မခံနိုင် ..။

"စောစောက ကျွန်တော် ပြောပါရောလား မမကြီးရယ် .. ဒါ .. မတော်တဆ ဖြစ်တာပါ .. သမီးကလဲ .. ဂရုတစိုက် နဲ့ ဆင်းရမှာပေါ့ .. သူများ ချော်မကျဘဲ .. ကိုယ်က ချော် ကျတယ်ဆိုတာက .. ကိုယ် .. တစ်ခုခု .. အလေ့တကြီး လုပ်လို့ပေါ့ .."

ဟု ဖေဖေ ဝင်၍ မေမေကြီးကိုလည်း ပြောရ ..။ ငွေပိုးမျှင်ကိုလည်း ဆူရနှင့် ရှိသွားရသည်မို့ ငွေပိုးမျှင် ခမျာ ညည်းနည်းအသက်ရှူချောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုမှ … သူများကို အပြစ်တင်စကားပြောနေတာမျိုးတွေ မရှိတော့ဘဲ ဖြစ်သွားရသည်ကိုးလေ …။ စောစောက … မမညိုရီသော်ကိုချည်း မေမေကြီး ဆူနေသည်မို့ ကြာတော့ ငွေပိုးမျှင် အနေရအထိုင်ရ ကျပ်လာရသည့်အဖြစ် …။

"မမညိုရီသော်ခမျာ … ကြားထဲက … အလကားနေရင်း အဆူအကြိမ်း ခံနေရတာပါ မေမေကြီးရယ် … ငွေပိုးမျှင် အားနာလှပါတယ်"

ဟု ပြောလိုက်ရသည်ပါပဲ …။

ထိုနေ့ညနေအထိ ဖေဖေရော … မေမေရော … ကိုကိုနေဝန်းနီရော ပဒုမ္မာမှာပဲ နေကြကာ ညစာကိုပါ မေမေကြီးနှင့် တူတူစားဖြစ်ခဲ့ကြသည်အထိ ကြာသွားခဲ့ရပါ၏။ ငွေပိုးမျှင်မှာလည်း ကိုယ်လက်တွေ ကိုက်နေဖေမယ့် မကိုက်သလိုလေး နေရ၏။ ဝင်၍ တူတူ ထမင်းစားနှင့် ဖြစ်ခဲ့ပါ၏။ ကိုကြီးဆီမှ ဖုန်းမလာသေးတာကိုတော့ ဖေဖေမှ ထမင်းပွဲမှာ စားရင်းသောက်ရင်း မေးနေပါသေးသည့်အဖြစ်။ ဖေဖေ့မှာ တကယ်တမ်းကျတော့ မေမေကြီးထက် အသက်နည်းနည်းကြီးပေမယ့် … မေမေခေါ်သလိုပဲ … မမကြီးဟု နေရာထား၍ ခေါ်ရှာပါ၏။

ညပိုင်း ဖေဖေတို့ ပြန်သွားတော့ မေမေကြီးမှ ညနေ့ခန်းမှာ ငွေပိုးမျှင်ကို ဘေးမှာ တူတူထိုင်ခိုင်ရင်း ဆံစလေးတွေ ညှပ်ပေးလိုက် …။ လက်က အညိုအမည်းရာတွေ ကြည့်လိုက်နှင့် ဖြစ်ဖြစ်နေသမျှ …။ ကြာလာတော့ ငွေပိုးမျှင်မှာ အခန်းထောင့်မှာ ငြိမ်ငြိမ်လေး ထိုင်ရင်း ပန်းထိုးနေပါသည့် ညိုရီသော်ကို အားနာလာရ … မျက်နှာပူလာရသည်အထိပါ …။



"မနက်ဖြန် … မေမေကြီး … ရွာတွေဘက် ခဏသွားရမို့ရှိတယ် … လယ်ကိစ္စလေ … မေမေကြီးရဲ့ မန်နေဂျာကြီးရော … ဆန်စက်က အလုပ်သမားတချို့ရောပါ သွားကြမှာ… လယ်ထဲ ထည့်ဖို့ မြေဩဇာတွေ သွားပို့ရမှာလဲ ရှိသေးတယ်… အဲဒါ … မေမေကြီး မနက်ဖြန် စောစော … သွားရမှာ … သမီးလေး လိုက်မလား …"

ဟု မေးနေတော့ ငွေပိုးမျှင် ကိုယ်လက်တွေ ကိုက်နေ
…မို့ မလိုက်ချင်။ အိမ်မှာပဲ နားနားနေနေ … နေချင်သည်မို့ …

"နေခဲ့ပါမယ် မေမေကြီး … ကိုကြီးဆီကလဲ ဖုန်းဝင်ချင်ဝင်လာမှာမို့ပါ …"

ဟု တရိုတသေလေး ဖြေမိရပါ၏။

"အင်း … မေမေကြီးဖြင့် … ဒီလို လိမ္မာရေးချားရှိတဲ့ ငွေပိုးမျှင်လေးကို ချွေးမတော်ခွင့် … အို … သမီးလေးတော်ခွင့်ရတာကိုပဲ … ကံထူးလှပြီလို့ကို မှတ်နေရတော့တာ …"

ဟု ဆံစလေး တသပ်သပ်ဖြင့် ပြောနေရင်း တစိမ့်…ကြည့်နေတော့ ငွေပိုးမျှင် ဖျတ်ခနဲ ခိုးကြည့်လိုက်မိရသည်က …ရီသော်ကိုပါ …။ ပန်းထိုးနေရာမှ ဖျတ်ခနဲ လှမ်းကြည့်လာသည့် …ကြည့်နှင့်ဆုံသည်။ မျက်ဝန်းများ လက်တောက်နေလျက် အရမ်း…အေးစက်ခါးသီးနေသော အကြည့်တွေ ဖြစ်နေတာကို ကြက်သီး…း ခနဲ ထအောင် ခံစားရင်း ငွေပိုးမျှင် မြင်လိုက်ရပါ၏။

ကိုကြီး၏ ကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ယောက်သည် .. ငွေပိုးမျှင်ကို အဘယ်မျှထိ .. စိတ်ထဲ နာကြည်းနေချေမည် မသိ ..။ ခုလို ... မေမေကြီးက .. တဖွဖွပြင့် ပြောနေလေလေ .. ဂရုစိုက်နေလေလေ .. ပို၍ ခံပြင်းလေလေ ဖြစ်ချေမည်သာ ..။ ငွေပိုးမျှင် .. ညိုရီသော်ကို အားလည်းနာမိရ ..။ စိတ်ထဲလည်း အနေရကျုံ့မိရနှင့် ဖြစ်နေ ရသည်ပါပဲ ..။ ကိုယ်ဝန်ရင့်လာလျှင် .. ဆိုသည့် အတွေး ဝင်လာ တိုင်း ငွေပိုးမျှင် ရှုံ့ချင်လာသည်။ ဘာတွေ ဖြစ်လာမည်ဆိုတာ မတွေးဝံ့ ..။ မတွေးရဲ။ စိတ်ချမ်းမြေ့စရာ လုံးဝရှိမှာ မဟုတ်တော့ တော့ သေချာနေသည်။ အရမ်းကို ဆိုးဝါးသည့်အဖြစ်တွေက အနာဂတ်မှာ စောင့်နှင့်နေပြီဆိုတာကိုလည်း သိနှင့်နေသည်။ ရင်ထဲမှာ တုန်လှုပ်ချောက်ချား နေသည်ပါပဲ ..။

ထိုအခိုက် တယ်လီဖုန်း မြည်လာသည်မို့ ကမန်း ကတန်းလေး ညိုရီသော် ပန်းထိုးနေတာလေးကို ရပ်၍ ထမည့် ခိုက် ..

"နေ .. နေ .. သားဆီက ဖုန်းဖြစ်ဖို့များတယ် .. သမီး လေး ကိုင်လိုက် .."

ဟု မေမေကြီး ခပ်တည်တည်ကြီး ဝင်ဟန့်လိုက်တော့ မျက်နှာ အရမ်းကို ပျက်ကျသွားပါသည့် ညိုရီသော်မှ ပြန်၍ ကြမ်းပြင်ပေါ် ထိုင်သည်။ ပန်း ပြန်ထိုးသည်။ ငွေပိုးမျှင် ပို၍ အနေရကျပ်လာပါ၏။ ဖျတ်ခနဲ လှမ်းမော့ကြည့်လိုက်သည့် အကြည့် သည် .. ခါးသီးအေးစက်နေတာကိုတော့ ငွေပိုးမျှင် မြင်လိုက်ရ သည်ပါပဲ ..။



ဖုန်းကလည်း မြည်နေတာမို့ ကြာကြာဆိုင်းနေ၍ လည်း မကောင်းပြန်။ ကိုကြီးဆီက ဖုန်းဖြစ်နေမှာကို .. ခုကျ တော့ စိုးရိမ်လာသည်။ ညိုရီသော် ရှေ့မှာ ကိုကြီး၏ ဖုန်းကို ကိုင်ရမှာ .. ပြောနေရမှာကို .. .. ရင်ထဲ လေးလာရ .. မျက်နှာ ပူလာရပါသည့်အဖြစ်။ ညိုရီသော်က ဘာမျှ ဖွင့်မပြောပြထားပေ မယ့် .. အကြောင်းတိုက်ဆိုင်စွာဖြင့်ပဲ .. ညိုရီသော် မသိလိုက်နိုင် ဘဲ .. အဖြစ်များအားလုံးကို ငွေပိုးမျှင် သိထားလိုက်နိုင်ခဲ့ရသည် မို့ ..။ ခုလို ညိုရီသော် ရှေ့မှာ .. ကိုကြီး၏ ဇနီးသည်အဖြစ် အနိုင်ယူပြောနေသည့်နှယ်မျိုး ဖြစ်နေတာကို .. ရင်ထဲမကောင်း။ ဘာပဲဖြစ်ဖြစ် ..။ ညိုရီသော်ကို အားနာရသည်လေ ..။

ဖုန်းကို ကောက်ကိုင်ထူးလိုက်တော့ အသံလေးက တုန်ချင်ချင်ပါ ..။

"ဟယ်လို .. ပဒုမ္မာကပါရှင် .."

"ဘယ်သူလဲ .. ပိုးမျှင်လေးလား .. ကိုကြီးပါ .. ညနေက ပဲ .. ကိုကြီး ရန်ကုန်ကို ရောက်တယ် .. အိမ်ကိစ္စ .. စလုပ်နေပြီ .. နေကောင်းရဲ့လား ပိုးလေး .. ကိုကြီးခြင့် .. စိတ်ထဲ စိတ်ထဲ ပူနေတယ်ကွယ် .. ပိုးလေး တစ်ခုခုများ ဖြစ်နေသလားလို့ စိတ်ထဲ ထင်နေတယ် .."

ဟု ပြောလာတော့ .. ကိုကြီးထံမှာ ကိုယ်စောင့်နတ် များ နှိုးဆော်နေလေသလားဟု တွေးမိရပြန်ပါ၏။ ဒီမှာက .. ငွေပိုးမျှင် လှေကားပေါ်က ချော်ကျခဲ့ပြီးနေပြီ မဟုတ်လားလေ ..။

"ကိုကြီး သူငယ်ချင်းနဲ့ .. ခုပဲ .. စကားပြောဖြစ်ခဲ့ပြီ .. သူက .. အင်ဂျင်နီယာကြီးပါပဲ .. ကိုကြီးနဲ့ တူတူပဲ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးကြတာလေ .. သူ့ကိုပဲ .. ကိုကြီး အိမ်ဆော
မယ့်ကိစ္စ အပ်လိုက်တယ် .. ကိုကြီးလဲ ကြီးကြပ်မှာပါပဲ
အိမ်ပုံစံလှလှလေး ဆောက်မှာဗျ .. ရောက်တာနဲ့ အဲဒီကော
ကို ဖုန်းနဲ့ လှမ်းခေါ် .. ညတွင်းချင်း အိမ်ဆောက်
အပ်နေလို့ .. ကိုကြီး သူငယ်ချင်းက နောက်နေတယ်
အိမ်ကို ဖုတ်ပူမီးတိုက် ဆောက်ချင်နေတာက .. အရ
သိသာနေတာပဲတဲ့ ..”

ဟု ရယ်ပြောနေသမျှ ငွေပိုးမျှင် ငြိမ်နားထောင်
သည်။

“ဟိတ်ကောင်မလေး .. ဘာငြိမ်နေတာလဲ .. နေကောင်း
လား .. ကိုကြီးကို မလိမ်နဲ့နော် ..”

ဟု မသက်သာလိုကြီး လှမ်းမေးနေတော့ ..

“ကောင်းပါတယ် ကိုကြီးရယ် .. ကိုကြီးလဲ နေကော
အောင်နေနော် .. အရမ်းအပင်ပန်းမခံပါနဲ့ ကိုကြီးရယ်
စက်ရုံကလဲ တစ်ဖက်ရှိနေတာ .. ပင်ပန်းပြီး နေမကော
ဖြစ်မှာ ငွေပိုးမျှင် စိတ်ပူပါတယ် ..”

ဟု ပြောတော့ ကိုကြီး ရယ်သည်။

“ခုမှ .. ကိုကြီးအတွက် စိတ်ပူမယ့်သူ တိုးလာတော့တယ်
ဘာပဲဖြစ်ဖြစ် .. အဲဒါကိုက .. ကြည်နူးစရာလေး ခင်ဗျ
အမိလေးလဲ .. ကျန်းမာရေးကို ဂရုစိုက် .. ကြားရဲ့လား
ကိုကြီးကို မလွမ်းဘူးလား .. ကိုကြီးကတော့ .. လွမ်းလို
တာမှ အရမ်းပဲ .. သတိရလိုက်တာ ကောင်မလေးရဲ
ဒုက္ခကို တွေ့နေတော့တာပဲ ..”



ဟု ခပ်ညည်းညည်း ပြောနေသံကို ကြားနေရ
သည်။

“မေမေခင်ကို .. ကိုကြီး ပြောလိုက်ဦးမယ် ငွေပိုးမျှင် ..
အိမ်ကိစ္စ ပြောပြရမယ်လေ .. မေမေကြီးက .. စိန်ထည်
တွေအပ်ပြီးတော့ကို ဆောက်နိုင်းတာ .. အဲသလိုသည်
စေတနာထားတာဆိုတော့ .. ကိုကြီးတို့ဘက်က
တရိုတသေထားရမယ်လေ .. ပိုးမျှင်လေးလဲ
ကို ပြုစုနော် ..”

“ဟုတ်ကဲ့ပါ ..”

ဟု ဖြေနေရင်းမှ ညိုရီသော်
ငွေပိုးမျှင် .. မပြောရဲဘဲ ဖြစ်နေတာကို
သိသွားလျှင် မည်သို့ရှိချေမည်လဲ .. ဟု
ရသည်ပါပဲ ..။ မေမေကြီးဘက်ကို ခပ်ဖြ
ရင်းမှ မသိမသာလေး ညိုရီသော်ကို ကြည့်
ပန်းကို သဲမဲမဲမဲ ထိုးနေပါသည့် ညိုရီသော်ကို မြင
မကြည့်ဘဲ ရှိနေပါသည့် ညိုရီသော်၏ မျက်နှာသ
အေးစက်မာတင်းနေတာ အမှန်ပါ။ မေမေကြီးကို စိတ်
ခက်နေရင်းဖြင့် ..

“ကိုကြီးက .. မေမေကြီးကို ပြောမလို့ပါတဲ့ ..”

ဟု ပြောခိုက်မှာ ညိုရီသော်မှ ဖျတ်ခနဲ ထရပ်သည်။
အံ့ခဲ၍ မေမေကြီးကို ကြည့်ကာ ..

“ကျွန်မ .. မနက်ဖြန် .. မြကြာယံကို ပြန်ပါရစေတော့
မေကြီး .. ဒီမှာ မနေပါရစေနဲ့တော့ ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြတ်ပြတ်ကြီး ပြောချလိုက်သံ ပေါ်လာ
၏။

ကိုကြီးဆီက ဖုန်းကို ပေးမကိုင်တာကြောင့်လည်း
ပါမည်။ စောစောက .. ငွေပိုးမျှင် လှေကားပေါ်က ကျသည့်ကိစ္စ
အရမ်းကို မမေကြီး အပြစ်တင်တာကိုလည်း ရင်ထဲ မခံချင်နေ
သ်။ ချက်ချင်းကြီး ပြောပြီးတာနှင့် ညိုရီသော် နေ
တော့ မမေကြီး ခေါင်းယမ်း၍ ကျန်ခဲ့ပါ၏။

ဖုန်းကို လှမ်းယူစဉ်ခိုက် ငွေပိုးမျှင်မှ .. လှေ
သည်။

"ဟိုတင်.. သည့်ကိစ္စ မပြောပြဖို့ ခပ်တိုးတိုးလေး တောင်း
လား .. စ်။

ဟု မကြီးကတော့ .. ညိုရီသော် .. မြကြာ
"ကောင်းသည့်ကိစ္စကို .. စိတ်အာရုံထဲပင် ထားပုံမရ
အောင်ဖုန်းကို ယူ၍ ကိုကြီးနှင့် အေးအေးဆေးဆေး
စ၍ စကားတွေ ပြောနေပါချေသေးသည့်အဖြစ် ..။

ငွေပိုးမျှင် ခပ်တွေတွေလေး ဖြစ်သွားရပါပြီ ..။

ညိုရီသော်နှင့် ကိုကြီးကိစ္စ .. မမေကြီးများ
သိများသိထားတာတွေ ရှိချေသည်လားမသိ ..။

ရင်ထဲတွင် .. ပို၍ .. နေရထိုင်ရ ခက်လာရပါသည်
အဖြစ် ..။

ဒါပေမဲ့ .. ကိုကြီးက ပြောထားသည်လေ ..။

ကိုကြီးဘဝမှာ .. ငွေပိုးမျှင်သည်သာ .. အချစ်
ပါ .. ဟူ၍ ..။



ကိုကြီးကို .. ငွေပိုးမျှင်၏ နှလုံးသားက .. ယုံကြည်
နေသည် ..။

ဟုတ်သည် ..။ ယုံကြည်နေမိပြန်သည် ..။

အရမ်းကို တည်ငြိမ်ရင့်ကျက်သော ကိုကြီးကို ..
ငွေပိုးမျှင်၏ နှလုံးအိမ်နုနုစင်လေးက ယုံကြည်နေမိပြန်ချေသည်
တကား ..။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

မေမေကြီးနှင့် တူတူ မနက်စာ လက်ဖက်ရည် သောက်နေချိန်မှာ ငွေပိုးမျှင် မိမိဘာသာ သိနေသည်က ဖျားနေပြီ ဆိုသည့်အချက်ကိုပါ ..။ ဒါပေမဲ့ .. မေမေကြီးကို ပြောမပြချင် ..။ မေမေကြီးမှာက သွားစရာတွေ ရှိနေသည်လေ ..။ လယ်ကိစ္စဆို တာက .. လုပ်သင့်ချိန်မှာ လုပ်ကိုလုပ်ရမှ ..။ ဟိုမှာက စီစဉ် ထားနှင့်တာတွေလည်း ရှိနေပြီ။ မေမေကြီး၏ မန်နေဂျာ ဘဘက လည်း စောင့်နေမှာ သေချာနေသည်။ အားလုံး စီမံထားသမျှတွေကို ဖျက်ပြီး မေမေကြီး ငွေပိုးမျှင်အပေါ် စိတ်လက်ပူပန်ပြီး လူမစော စောင့်နေမှာမျိုးတော့ ငွေပိုးမျှင် မလိုလားပါ ..။

ညနေဘက် စောစောပြန်လာမည်ဟု မေမေကြီး ပြောကာ ကားလေးနှင့် ထွက်သွားတော့ ငွေပိုးမျှင် လက်ယော ပြ၍ ကျန်ခဲ့ပါ၏။ ကားကို .. ခြံစောင့်လည်း ဖြစ်ပါသော ဦးမြင့် မှ မောင်းသွားပါ၏။



မေမေကြီး ထွက်သွားပြီးတာနှင့် ညိုရီသော်မှ အထုပ် အပိုးတွေ ပေါ်တီကို အောက်မှာ ချ၍ အပြင်ထွက်သွားပြန်တော့ ငွေပိုးမျှင် စိတ်ထဲ ရှုပ်ထွေးနောက်ကျိလာသည်။ တကယ်က .. မညိုရီသော်သည် မေမေကြီး ရှိကတည်းက .. ထိုသို့ထွက်သွား တော့မည်ဆိုတာကို မနက်မှာလည်း ထပ်ပြောသင့်သည်ပါပဲ ..။

ခုကျတော့ .. မေမေကြီး ထွက်သွားပြီးမှ ခပ်တည် တည်ကြီး အထုပ်အပိုးတွေ ချထားကာ အပြင်သို့ ထွက်သွားပါ သည့်အဖြစ် ..။

ငွေပိုးမျှင်ကိုလည်း စကားပင် မပြောတော့ ..။ သဘောက .. မနေ့က .. ငွေပိုးမျှင်ကြောင့် အဆူခံရတာကို မကျေနပ်သည့်သဘောမျိုး ..။

ဒါပေမဲ့ .. တကယ်တမ်း မကျေနပ်နိုင်သည်က .. ကိုကြီးနှင့် ပတ်သက်၍ဆိုတာ ငွေပိုးမျှင် သိနေရသည်ပါပဲ ..။

ဒါပေမဲ့ .. ငွေပိုးမျှင်ဆိုတာက .. မကြာမလင့်မီက မှ ပဒုမ္မာသို့ ရောက်လာရတာမို့ ဇာကိစ္စကိုလည်း ဝင်မပြောချင်။ ညိုရီသော် ထွက်သွားခြင်းသည် မေမေကြီး၏ အဆုံးအဖြတ်တစ်ခု ဖြင့်သာ .. အဆုံးသတ်သင့်သည်ပါပဲ ..။ ညိုရီသော်နှင့် ပတ်သက်၍ ငွေပိုးမျှင် တားလည်းမတား။ မေးလည်းမမေးရဲ ..။ မသွားပါနဲ့ဟု လည်း မတားချင်။ တားပိုင်ခွင့်လည်း ရှိမနေဟု ငွေပိုးမျှင် ထင် သည်။

တစ်အောင့်ကြာတော့ အငှားကားတစ်စီးဖြင့် ညိုရီ သော် ပြန်ရောက်လာ၏။ ငွေပိုးမျှင်ကို ကြည့်ကာ တစ်ကြိမ်မှာ တော့ တည်တည်ငြိမ်ငြိမ်ကြီးဖြင့် ..

www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ .. ရှင့်ယောက္ခမ မေမေကြီးက ဒီလို ကျွန်မ ထွက်သွားတာကို အပြစ်လို့ မြင်မယ်ဆိုရင်ဖြင့် .. မြကြာယံ ကနေပြီးတော့ .. ကျွန်မကို နှင်ထုတ်လိုက်မှာ တစ်ခုပဲ ရှိပါတယ် .. ကျွန်မ .. ခုလို .. ကိုကိုနဲ့ ပတ်သက်ပြီး .. အရှမ်းခံစားနေရတာထက်စာရင် .. အဝေးကို ထွက်သွား လိုက်တာကမှ ဖြေသာပါသေးတယ် .."

ဟု ပြတ်ပြတ်ထင်ထင်ကြီးလည်း ပြောချ .. တာကယ်လည်း သားရေအိတ်နှင့် ဆွဲခြင်းတွေ ကားပေါ် တင်နေတော့ ငွေပိုးမျှင် ရင်ထဲ ကြေကွဲနေရပါပြီ ..။ ကိုကြီးနှင့် ပတ်သက်၍ ထွက်သွားရပါသည်ဟု .. ညိုရီသော်သည် .. အတိအလင်းကြီးကို ပဲ .. ငွေပိုးမျှင် တစ်ယောက်တည်း ရှိနေချိန်မှာ ပြောချဖွင့်ချသွား ခဲ့ပါချေပြီတကား ...။

ထိုသို့ ဖြစ်နေပါသည့် အဖြစ်အပျက်ကြီးထဲမှာ .. ငြိမ်သက်စွာ ရပ်တန့်နေရခြင်းလောက် မျက်နှာပူဖို့ကောင်းနေတာ မျိုး မရှိ ..။ ညိုရီသော်ကို ရှက်လိုက်သည်မှ အရှမ်းပါ။ ကိုကြီး နှင့် ပတ်သက်နေပါသည့် မိန်းမတစ်ယောက်က .. ဤနေရာ စွန့်ခွာသွားရခြင်းနှင့် ပတ်သက်၍ ဖွင့်ဟအသိပေးလာခြင်းကို .. ငွေပိုးမျှင်သည် .. ဘာဆိုဘာမျှ မမေးရဲစွာ အရှက်သည်းနေရင်း .. မျက်နှာပူနေရင်း .. ကြေကွဲနေရင်းဖြင့် ကျန်နေခဲ့ရခြင်းလောက် .. တုန်လှုပ်ချောက်ချားဖွယ်ကောင်းသည့်အရာ မရှိ ..။ ကိုယ့်ခင်ပွန်း သည်က .. ကိုယ့်ကို လက်မထပ်ခင် .. မိန်းမတစ်ယောက်နှင့် ငြိစွန်းခဲ့ကာ .. ထိုမိန်းမမှာ ကိုယ်ဝန်ကျန်နေသည်ဆိုတာကို ..



ငွေပိုးမျှင် သိနေရသည်ကိုးလေ .. ညိုရီသော်မှ ပြန်လှည့်လာကာ ငွေပိုးမျှင်ကို ခပ်တည်တည် ပြန်ကြည့်လာပါ၏။

"မင်းဟာ .. ဘာပဲဖြစ်ဖြစ် .. ငါ့ရဲ့ ချစ်ခြင်းကို လုယူ ခွင့်ရလိုက်တဲ့သူပါပဲ ငွေပိုးမျှင် .. မင်း .. ဘယ်သူ့ကို တိုင်မလဲ .. မေမေကြီးကို တိုင်ချင်သလား .. တိုင်လေ .. ငါ့မှာက .. တစ်လမ်းပဲ ကျန်တော့တာပါ .. မင်း တိုင်လား တောလား လုပ်ရင် .. မေမေကြီးက .. သူ့အရိပ်ကနေ နှင်ထုတ်လိုက်မှာပဲ .. ဒီအိမ်မှာ နှစ်ရှည်ကြာအောင် အစေ အပါးနဲ့ နေခဲ့ရတဲ့ ဘဝက လွတ်မြောက်ပြီး .. တခြား နေရာသစ်တစ်ခုမှာ အစေအပါးအဖြစ် နေနေရမှာမျိုးပဲ ပြောင်းလဲသွားမှာပေါ့ .. ငါက .. ဘဝပေးကိုက ဆင်းရဲခဲ့ ရတာကိုး .. မိဘမဲ့ခဲ့ရတာကိုး .."

ဟု ပြောပြီးတာနှင့် ကားပေါ် တက်သည်။ ဥယျာဉ် လေးမှာ ရှိနေပါသည့် မငယ်ကိုလည်း လက်ပြနှုတ်ဆက်လိုက်သေး သည်။ မငယ်ကလည်း .. အထုပ်အပိုးတွေ ဘာတွေနှင့် ကားပေါ်သို့ ညိုရီသော် တက်သွားသည်မို့ လှမ်း၍ အကဲခတ်ကြည့်နေတာလည်း အမှန်ပါ ..။

မျက်နှာမကောင်းဘဲ ကျန်ခဲ့ပါသည့် ငွေပိုးမျှင်ကို လည်း မငယ်မှ အကဲခတ်သလို တကြည့်ကြည့်ဖြင့် ရှိနေပါ၏။ ငွေပိုးမျှင် ဘာမျှ ပြန်မပြောနိုင်ဘဲ ခြေစုံလေးရပ်၍ ပေါ်တီကိုကြီး အောက်မှာ ကျန်ရစ်ခဲ့ရကာ၊ အဝါရောင်ကားလေးကတော့ ခြံဝင်းထဲမှ ထွက်သွားပါချေသည့်အဖြစ်။ ရပ်နေရတာ အားအင်မကျန်တော့

www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် ရှိသွားရလျက် ငွေပိုးမျှင် အပေါ်ထပ်သို့ ခြေလှမ်းနှေးနှေးဖြင့် တက်လာရချိန်မှာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျနေရပါပြီ ..။ ခုမှတော့ဖြင့် အိမ်ကြီးတစ်လုံးထဲမှာ ငွေပိုးမျှင် တစ်ယောက်တည်းသာ ရှိတော့တာမို့ .. ချုပ်တည်းထားဖို့ မလိုတော့။ ငိုချလိုက်မိရပါသည့်အဖြစ်။

"သူ ထွက်သွားတာနဲ့ ပတ်သက်ပြီး ငါက မတိုင်ဘူးဘဲထားပါ .. သူ ကိုယ်ဝန်ရင့်လာတဲ့အခါကျတော့ရော .. ကိုကြီးရဲ့ ကိုယ်ဝန်ဆိုတာ ပေါ်လာမှာပဲ .. မေမေနဲ့ မေမေတို့ .. ကိုကိုနေဝန်းတို့တော့ ရင်ကျိုးကြရတော့မှာ .. ငါကရော .. အို .. ငါကရော .. ဘယ်လောက်ရှက်ဖို့ကောင်းနေတဲ့ မိန်းမတစ်ယောက်အဖြစ် .. လူတွေကြားထဲမှာ .. ရှိနေမှာလဲ .. ရှိနေမှာလဲနော် .."

ဟု တွေးနေရင်း တွေးနေရင်းဖြင့်ပင် ခေါင်းတွေ မူးနောက်လာရပါပြီ။ တစ်ကိုယ်လုံးကလည်း ကိုက်ခဲနေသည်။ ခေါင်းတွေလည်း မူးနောက်ရီဝေနေလျက် မျက်လုံးတွေ စပ်ပူစပ်ရှိန်းကြီး ဖြစ်နေရပါ၏။ အောက်ထပ်ပြန်ဆင်း။ ကော်ဖီတစ်ခွက် ပူပူလေး ဖျော်သောက်။ ဆေးဘီရိုထဲမှ ဆေးသောက်မည်ဆိုကာ ဖွင့်ကြည့်တော့ အံ့ဩသွားရသည်က .. ဆေးပုလင်းတွေ တစ်ပုလင်းမျှ မရှိတော့ ..။ ညီရီသော် ယူသွားခြင်းများလေလားဟု တွေးမိရင်းမှ ရင်ထဲ ပို၍ အံ့ဩလာရသည်။ ဘာတွေလဲ .. ဟုလည်း စိတ်ပျက်ချင်လာရပါ၏။ ဤမျှအထိ .. စိတ်ထားသေးသိမ်ရချေသည်လားဟုလည်း စိတ်မော်လာရသည်ပါပဲ ..။ မတတ်နိုင် ..။



အပေါ်ထပ် တက်အိပ်နားနေလိုက်ပါတော့မည်လေ .. ဟု တွေးနေရာမှ နောက်ဆုံးတော့ မတက်ချင်တော့သည်မို့ မေမေကြီး၏ နားနေခန်းထဲသို့ပဲ ဝင်လာ လှဲအိပ်လိုက်မိရပါပြီ ..။

တကယ်တမ်း အဖျားကြီးဖျားလာနေတော့ ငွေပိုးမျှင် ညည်းလာနေမိရပါသည့်အဖြစ်။ မွန်းလွဲနှစ်နာရီလောက်ရောက်လာချိန်မှာ ငွေပိုးမျှင် အတော်ကြီး ဖျားနေပြီ ..။ ဆေးကလည်း သောက်စရာမရှိ ..။ စောင်လေးလုံအောင် ခြုံရင်း ခပ်တိုးတိုး ညည်းနေမိရသည်က ငွေပိုးမျှင်ပါ ..။ အရေးထဲ မငယ်ကိုလည်း ငွေပိုးမျှင် ထွက်မခေါ်နိုင်။ မငယ်ကလည်း အိမ်ထဲ ဝင်ရဲပုံ မရ ..။ မေမေကြီးက .. အိမ်ထဲ ဝင်ခွင့်ပြုထားခြင်းမှ မရှိချေပဲလေ ..။

ထိုအခိုက် .. တံခါးဝမှာ လူရိပ်ပေါ်လာသည်။ အားယူ၍ မျက်ဝန်းလေးတွေကို ဖွင့်ကြည့်တော့ ခပ်ဝါးဝါး ဖြစ်ချင်နေ၏။ တဖြည်းဖြည်း ခြေသံလုံလုံဖြင့် ဝင်လာသည့်လူရိပ် ..။ နီးလာတော့ အားတက်သွားရပါပြီ ..။ မေမေကြီးပါတကား ..။ ညင်သာသော ခြေလှမ်းများဖြင့် ရွေ့လာနေသည်က အရမ်းကို ခြေသံလုံနေလျက်ဖြင့်ပါ။ ငွေပိုးမျှင် အိပ်နေတာကို မနိုးအောင် လာနေခြင်းဟု နားလည်ရင်း ငွေပိုးမျှင် အားယူ၍ ..

"မေ .. မေ .. ကြီး .."

ဟု ခေါ်စဉ်ခိုက်မှာ မေမေကြီး၏ ပျောင်းနွဲ့နွဲ့ကိုယ်က ခုတင်ဘေးမှာ ရပ်လာပြီ။ နောက် .. ကိုယ်ကို ကိုင်းလိုက်ကာ ..ဖူးကို စမ်း၏။ အရမ်းကို ပူကျစ်နေပြီဖြစ်သည့် နဖူးပြင်ကို မေမေကြီး စမ်းမိမည်သာ ..။ မေမေကြီး၏ လက်တွေက ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ထားသော ခေါင်းအုံးတစ်လုံးကို ငွေပိုးမျှင်၏ ခေါင်းကို ဖွဖွညင်ညင် မ၍ အသာအယာ တုတ်ယူလိုက်ပါ၏။ ငွေပိုးမျှင် ညည်းနေရင်း ငြိမ်ခံနေလိုက်သည်ပါပဲ ..။ ဘာပဲဖြစ်ဖြစ် ..။ မမကြီး ရောက်လာသည်မို့ အားရှိပါပြီ ..။ ဖုန်းလည်း လှမ်းမဆက်နိုင်။ အရမ်းကို အဖျားတက်လာသည်မှ တစ်ကိုယ်လုံး ကိုက်ခဲရင်း အားမကျန်တော့သည့်နှယ် ဖြစ်နေရသည်ကိုးလေ ..။ မနေ့က ကျထားသော အရှိန်ကြောင့် ဖျားနေခြင်းဆိုတာကိုတော့ သိနေရသည်။

ဒါပေမဲ့ .. မမျှော်လင့်သော အဖြစ်တစ်ခုသည် .. ရုတ်ချည်း ဖြစ်ပေါ်လာချေသည်တကား ..။

မမကြီး၏ လက်ထဲမှ ခေါင်းအုံးသည် ငွေပိုးမျှင် မျက်နှာပေါ်သို့ အားအင်နှင့် အုပ်မိုးကျလာခြင်း ..။ ငွေပိုးမျှင် ကြောက်လန့်တကြားလေး လက်တွေ ဆန့်တန်းရင်း ရုန်းကန်သည်။ ငွေပိုးမျှင်၏ လက်လေးတွေက လေထဲမှာ ကြောက်လန့်တကြားကြီး ယမ်းခါနေ၏။ ရုန်းကန်နေ၏။ ငွေပိုးမျှင်၏ ခြေထောက်လေးတွေကလည်း အိပ်ရာထက်မှာ ရုန်းကန်ကန် ..။ နှုတ်ဆီမှ အသံတွေ ဝူးဝါးဝူးဝါးနှင့်ပဲ ဖြစ်နေသည်။ အရမ်းကို အသက်ရှူပိတ်ကျပ်နေရင်းဖြင့်ပင် မမကြီး ခုလို .. ဘာကြောင့် လုပ်ပါလိမ့်ဆိုတာကို နားမလည်နိုင်ဘဲ ဖြစ်နေသည့်စိတ်က တိုးဝင်နေသေးသည်။ မွန်းကျပ်ခြင်းကြောင့် ကိုယ်လေး ကျုံးထရုန်းကန်နိုင်ဖို့ ကြိုးစားချိန်မှာ မမကြီး၏ ကိုယ်က ငွေပိုးမျှင်ပေါ် လာပိနေပြန်ပါသည့်အဖြစ် ..။



ထိုအခိုက် .. မမကြီး၏ ကိုယ်ကြီး ငွေပိုးမျှင် ကိုယ်လေးမှ ပြောက်ခနဲ ပါသွားတာ ..။ ငွေပိုးမျှင်၏ မျက်နှာလေးထက်မှ ခေါင်းအုံးကို ဖယ်ရှားပစ်လိုက်တာ ..။ ချောင်းဆိုးရင်း မွန်းကျပ်ရင်း အသက်ကို အငမ်းမရ ရှူနေသည့် ငွေပိုးမျှင်၏ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့သိမ်းပွေ့ထားလိုက်တာ ..။ အားလုံးကို သတိလစ်လုလု ဖြစ်ချင်စပြုရင်းဖြင့် ငွေပိုးမျှင် သိနေရပါ၏။ နောက်တော့ .. ငွေပိုးမျှင် .. အရာရာကို သိနိုင်အောင် ကြိုးစားနေရင်း ..။ အသက်ရှူနိုင်အောင် အားယူနေရင်းဖြင့်ပင် .. မိုက်ခနဲ .. မှောင်ခနဲ ဖြစ်သွားတာကိုပဲ သိလိုက်ရပါ၏။

ငွေပိုးမျှင်၏ နှုတ်ခမ်းထဲသို့ လေတွေ မှုတ်သွင်းပေးနေတာကို သိလာရချိန်မှာတော့ ငွေပိုးမျှင်၏ မျက်ဝန်းလေးတွေ ဖွင့်လာကြပါ၏။

အားယူ၍ ကြည့်လိုက်တော့ .. ကိုကြီး ..။ ကိုကြီး ဖြစ်နေချေသည်တကား ..။ အခန်းထဲမှာ ကိုကြီး ရှိနေသည်။ နောက် .. ကိုကိုနေဝန်းနီက .. မမကြီးကို ဆွဲဖမ်းထိန်းချုပ်ထားလျက် ..။ မမကြီး၏ နှုတ်မှ ..

"ငါ့ဘဝကို .. ငါ့နှလုံးသားကို ခွဲခဲ့တဲ့ မိန်းမ မိဝါကို ငါ .. ငါ .. လက်စားချေချင်တာ .. ခု .. ခု .. နင်တို့ လက်ဦးတယ် .. ငါ့ကို .. ဖမ်းချုပ်လိုက်စမ်းပါ .."

ဟု အော်နေသံကို ကြားနေရစဉ်ခိုက် .. အားယူ၍ ..

"မမကြီးကို မဖမ်းပါနဲ့ .. မဖမ်းပါနဲ့ .."

ဟု အားယူ၍ အနိုင်နိုင် ပြောနေသည်က ငွေပိုးမျှင် ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးမှာ ငွေပိုးမျှင်၏ ကိုယ်လုံးလေးကို ရင်ခွင်ထဲ
မှ မချ .. ယုကျုံးမရကြီး ပွေ့ထားရင်းမှ ..

"ကံကောင်းလို့ပါလား ကလေးရယ် .. ကိုကြီး .. စိတ်ရှေ့
လို့ကို .. ရန်ကုန်ကို မသွားဘဲ နေနေတာ .."

ဟု ထိထိခိုက်ခိုက်ကြီး ပြောနေသံတွေကိုလည်း
ငွေပိုးမျှင် ကြားနေရသည်။

အဖျားရှိန် ကြီးနေသည်မို့ ငွေပိုးမျှင် စကားမပြော
နိုင် ..။ စောစောကပဲ သေလုမျောပါးကြီး ခံထားရသည်မို့လည်း
စကားမပြောနိုင် ..။ ကိုကြီး ရင်ခွင်မှာ ခေါင်းလေးဝင်ရှုး
ငွေပိုးမျှင် ခပ်တိုးတိုး ငိုရှိုက်နေမိသည်ဟုတော့ ထင်နေသည်
ကိုကြီး .. ငွေပိုးမျှင်ကို ခုတင်ထက်မှာ ဖွဖွညင်ညင် ချပေးနိုင်
လှူရိပ်ထင်လာတာမို့ ကြည့်မိတော့ ဖေဖေ ..။

အာရုံထဲ အရမ်းရှုပ်ထွေးနေတာမို့ .. အခန်းထဲ
လူတွေ ရှိနေတာကိုတော့ သိနေရပေမယ့် .. ဖေဖေ ရှိနေမှ
မသိလိုက်နိုင်ဘဲ နေခဲ့သည်ကောလေ ..။

"ဖေဖေ .."

အားယူ၍ ဖေဖေ့ကို ခေါ်ခိုက် ဖေဖေ့လက်တွေ
ငွေပိုးမျှင်၏ လက်လေးကို ထွေးဆုပ်လာသည်။ ငိုသံကြားနေရသည်
မို့ နားစိုက်ကြည့်ပေမယ့် မျက်ဝန်းတွေက ဖွင့်မရချင်။ ဖေဖေ
ငိုနေသည်လား ..။ အို .. ခံပြင်းစွာ ပြောနေသံကရော .. ဖေဖေ
ကြီး၏ အသံများပေလား ..။ မျက်ခွံတွေ လေးလံလွန်းနေသည်
ဆိုတာကိုတော့ မိမိဘာသာ သိနေသည်။



"မေမေကြီးကို .. မဖမ်းခိုင်းပါနဲ့ .."

ဆိုသည့် စကားကိုတော့ အနိုင်နိုင်ပြောနေမိရဆဲ ..။
ဟုတ်သည် ..။ မေမေကြီးကို .. အမှုဖွင့်လိုက်မှာ
ငွေပိုးမျှင် စိုးရိမ်နေသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် ..။

ဤအဖြစ်ကို .. လူသိရှင်ကြား အဖြစ်မခံချင် ..။
မေမေကြီး .. အသက်ကြီးမှ .. အချုပ်အနှောင် မခံစေချင် ..။

ရင်ထဲမှာ ထိုခံစားချက်ပဲ ရှိနေသည်။

"မဖမ်းခိုင်းပါနဲ့ .."

ဟု နောက်ထပ်အားယူ၍ ခပ်လေးလေး ပြောနေစဉ်
မှာ ကိုကြီးထံမှ ..

"ဖြူစင်လိုက်တာဗျာ .. တကယ့်အဖြူစင်လေး .."

ဟု ကိုကြီး၏ ယုကျုံးမရ ပြောနေသံနှင့် ..။ ဖေဖေ
ငွေပိုးမျှင်ကို ဆေးတစ်ချောင်း ထိုးပေးလိုက်ပြီဆိုတာကိုလည်း
သိလိုက်ရပါ၏။

အာရုံထဲ အားလုံး ရှုပ်ထွေးနေကုန်ပြီ ..။ ခေါင်းအုံး
ကြီးနှင့် ဖိနေသည့် မေမေကြီး ..။ ထွေးပွေ့ယူလိုက်သည့်
ကိုကြီး ..။ ဆေးထိုးနေသည့် ဖေဖေ ..။ ငိုနေသည့် မေမေ ..။
မေမေကြီးကို ထိန်းချုပ်ထားပါသည့် ကိုကို ..။

အို .. တစ်ကိုယ်လုံး ကိုက်ခဲနေသည့်အဖြစ် ..။
ငွေပိုးမျှင်ကို .. တစ်ယောက်တည်း မထားခဲ့ကြပါ
နဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ကြပါနဲ့ ..။

ငွေပိုးမျှင် နားမှာ နေပေးကြပါ .. ဟု တမ္မမ္မ ပြောနေချင်သည့် စိတ်ကလည်း ချောက်ချားခြင်းနှင့်အတူ ရှိနေပြန်ပါ၏။

❀ ❦ ❀



## အခန်း(၂၁)

ခုတင်ပေါ်မှာ ကိုကြီးသည် တင်ပါးလွှဲထိုင်နေရင်းမှ ငွေပိုးမျှင်၏ မျက်နှာလေးကို ငေးစိုက်ကြည့်နေသည်။ မျက်နှာထက်တွင် ထိနိုက်ရိပ်များက အပြည့်ပြည့်အသိပ်သိပ် ..။ ကြင်နာသည့် အကြည့်သည် ငွေပိုးမျှင်အတွက် အားအင်တစ်ရပ် ပြန်တည်ရပါသည် ကိုကြီးရယ် ..။

ခုကျတော့လည်း ငွေပိုးမျှင်သည် ပေပေနှင့်မေမေတို့ အိမ်မှာပဲ ပြန်ရောက်နေရပါသည့်အဖြစ်။ ပေပေနှင့် မေမေက .. ဤအိမ်ကို .. နှင်းရိပ်ဆေ .. ဟူ၍ အမည်ပေးထားပါ၏။

တကယ့်ကိုပဲ .. ငွေပိုးမျှင်အတွက် နှင်းရိပ်ဝေသည့် အေးမြချမ်းငြိမ်းခြင်းကို အပ်နှင်းထားချေသည်ပါပဲ ..။

ကိုကြီးကို ခပ်မော့မော့ ငေးကြည့်နေပါသည့် ငွေပိုးမျှင်ကို .. ကိုကြီးကလည်း ငုံ့မိုးငေးစိုက်ကြည့်နေသည်။ ထို့နောက်တော့ ကိုယ်ကြီး ကိုင်းညွတ်ကျလာကာ ပါးပြင်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ဖွဖွနမ်းသည်။ နဖူးပြင်လေးကို ဖွဖွညင်ညင် .. သိမ်သိမ်မွေ့မွေ့လေး နမ်းသည်။ အရမ်းကို နူးညံ့နွေးထွေးပါသော အနမ်း ..။

"ကိုကြီးကို .. ပန်းသင်လေးက သတိပေးတာမို့ .. နောက်ဆုံးတော့ ဆုံးဖြတ်လိုက်တယ်လေ .. မေမေခင့် ရှေ့မှာတော့ ကိုကြီး ရန်ကုန်ကို သွားလိုက်တယ်လို့ပဲ ယုံကြည်အောင် လုပ်ခဲ့တာ"

ဆိုတာလောက်ကိုပဲ သူ တိုးဖွဖွ ပြောပြမိရပါ၏။ လောလောဆယ်မှာတော့ ငွေပိုးမျှင်ကို နားနားနေနေ ရှိနေစေချင်သည်။ အန်ကယ်ဦးရန်အေးကလည်း သမီးဖြစ်သူကို ဆေးထိုးဆေးတိုက်ထားပြီးပြီ ..။

အန်ကယ်ဦးရန်အေးနှင့် အန်တီဝါတို့ကတော့ ဧည့်ခန်းဆောင်မှာ စိတ်ထိခိုက်စွာပဲ ငြိမ်သက်ထိုင်နေကြပါချေသည် အဖြစ်။ နေဝန်းနီကတော့ ညီမဖြစ်သူအတွက် ရင်ထဲ ခံပြင်းနေမှန်း အရမ်းကို သိသာနေသည်ပါပဲ။ လောလောဆယ်မှာ ငွေပိုးမျှင် အတော်ကြီးကို ဖျားနေတာကြောင့်ရော ..။ မကြာမလင့်မီလေးကမှ .. ငွေပိုးမျှင်မှာ သေကောင်ပေါင်းလဲကြီး ဖြစ်ခဲ့ရတာကြောင့်ရော ဘယ်သူ့ ဘယ်သူမှ .. ငွေပိုးမျှင်ကို ထပ်၍ ထိုစိတ်ချောက်ချားဖွယ်ရာကြီးကို ဖွင့်မပြောပြချင် .. မမေးချင် ..။ ထပ်၍လည်း မမေးချင်ပဲ ထားလိုက်ကြမှန်း သူလည်း သိနေသည်ပါပဲ ..။

"ကိုကြီး .."

တိုးဖွဖွလေး ခေါ်လာပါသည့် ငွေပိုးမျှင်ကို ဆံစလေးတွေ သပ်ပေးနေရင်းမှ ..

"နားနေလိုက်ပါလား ကလေးရယ် .."



ဟု သူ ပြောမိရပါ၏။ အန်ကယ်ရော အန်တီရော .. သူနှင့် ငွေပိုးမျှင်တို့ အေးအေးဆေးဆေး ပြောနေဆိုနေနိုင်အောင် အပြင်ဧည့်ခန်းမှာ သွားထိုင်နေကြတာလည်းပါမည်။ ပြီးတော့ .. သမီးဖြစ်သူကို လောလောဆယ်မှာ ဘာမျှ မမေးရက်တာလည်းပါမည်။ သနားရလွန်းစိတ်ဖြင့် မကြည့်ရက်ကြတာလည်း ပါကြချေမည်သာ ..။ မေမေခင့်အပေါ်တော့ အရမ်းကို အထင်တသေးဖြင့် အနာကြည်းကြီးနာကြည်းနေကြတာလည်း သူ သိပါသည်။ ဒါပေမဲ့ .. ငွေပိုးမျှင် အရမ်းကိုတောင်းပန်ထား၍ အမှုမဖွင့်ဘဲ ထားထားခြင်း ဆိုတာကိုလည်း အန်ကယ်တို့ အပေါ်မှာ သူ နားလည်နေသည်။ အန်တီကတော့ .. တစ်ချိန်ကရှိခဲ့ဖူးပါသော မေမေခင့် ကျေးဇူးတရားဆိုတာကို ထောက်ချင့်၍ .. အမှုလည်းမဖွင့်ချင်ပါ .. ဟုပြောရှာပါ၏။

"ကိုကြီးကို .. ငွေပိုးမျှင် တစ်ခုမေးပါရစေ .. နော် .."

ဟု ပြောလာတော့ သူ ခေါင်းညိတ်ပြရပါ၏။ မျက်နှာလေးမှာ အဖျားရှိန်ကြောင့် နီးမြန်းမြန်း ဖြစ်နေပါသည့် ငွေပိုးမျှင် ...။ ဘာကိုများ မေးချင်နေရှာပါလိမ့်မလဲလေ ..။ တကယ်ကတော့ .. ငွေပိုးမျှင်ကို လောလောဆယ်မှာ နားနားနေနေလေး ရှိလိုက်စေချင်သည်ပါပဲ။

ငွေပိုးမျှင်၏ လက်လေးတွေက သူ့လက်ကို ဆွဲဆုပ်လာသည်။ ငွေပိုးမျှင်၏ ခေါင်းလေးပေါ်မှာ လက်ကို ဆေးအုပ်တင်စေသည်။

"ငွေပိုးမျှင်ကို တိုင်တည်ပြီး .. ကိုကြီး ပြောပါနော် .. ကိုကြီးအတွက် ငွေပိုးမျှင်ဟာ .. ချစ်ဦးသူ တကယ်ပဲ ဟုတ်နေသလားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိမ်တိမ်လေး မေးရင်း မျက်ရည်ကျလာတော့ သူ ဘယ်လိုမှ ရင်ထဲ မကောင်းနိုင်။ မိန်းကလေးခမျာ .. အဖျား ရှိန်ကြီးကတစ်ဖက် ..။ စောစောပိုင်းက ထိတ်လန့်ချောက်ချား ဖွယ်အဖြစ်ဆိုးကြီးကို သေလုမျောပါးကြီး ခံခဲ့ရခြင်းကတစ်ဖက် ရှိနေရသည့်ကြားထဲက .. ဤမေးခွန်းကို မေးလာနေပုံလေးမှာ လည်း ရင်ထဲ နင့်နေအောင် ခံစားနေရပုံလေးဖြင့် မဟုတ်ပါလား လေ ..။

ငွေပိုးမျှင်၏ ကိုယ်လေးကို ပွေ့ငင်ယူမိရင်းမှ ခေါင်းလေးကို ရင်မှာ အပ်ထားလိုက်မိရလျက် ..

"ကိုကြီး ချစ်တဲ့ မိန်းလေးကို တိုင်တည်ကျိန်ဆိုတာမျိုး ကိုကြီး ဘယ်တော့မှ မလုပ်ရက်ဖူး ငွေပိုးမျှင် .. ကိုကြီးရဲ့ ဘဝ .. ကိုကြီးရဲ့ အသက် .. အဲဒါကို တိုင်တည်ပြီး ကိုကြီး ပြောမယ် .. သစ္စာဆိုမယ် .. ကျိန်ဆိုမယ် .. ကိုကြီးရဲ့ ချစ်ဦးအရှုဟာ ငွေပိုးမျှင်ပါပဲကွယ် .. ဟောဒီက အရမ်းကို ဖြူစင်အေးချမ်းလွန်းတဲ့ မိန်းကလေးပါပဲကွယ် .. ကိုကြီးဘဝမှာ .. ချစ်ရသူရယ်လို့လဲ ငွေပိုးမျှင်လေးပဲ ရှိပါတယ် .. ဟောဒီမိန်းကလေး တစ်ယောက်တည်းသာ ကိုကြီးရဲ့ နှလုံးအိမ်ထဲမှာ .. ရှိနေတာပါ .."

ဟု ပြောကာ မျက်နှာလေးကို ခပ်ညင်ညင် .. သိမ်သိမ်မွေ့မွေ့လေး ဖေးမော့ယူသည်။ အားလုံးသည် တယုတယ နိုင်နေသည်။ တညင်တသာ ရှိနေသည်။ တစိမ့်စိမ့် ကြည့်နေရင်းမှ ဖြင့်လည်း ..



"ဘာလို့ .. ဒီမေးခွန်းကို မေးတာလဲ ငွေပိုးမျှင် .. ဟင် .. အကြောင်းမဲ့တော့ဖြင့် မမေးဘူးဆိုတာ ကိုကြီး သိတယ် .. ခုလို မေးပြီးမှတော့ဖြင့် .. ဒီမေးခွန်းမေးရတဲ့ ကိစ္စလေးကို လဲ .. ရှင်းပြရလိမ့်မယ် ငွေပိုးမျှင် .. ကိုကြီး စိတ်မဆိုး ဘူး .. အရမ်းကို အေးချမ်းဖြူစင်တဲ့ ငွေပိုးမျှင်ကို .. ကိုကြီး နားလည်တယ် .. အရမ်းကို .. ခံစားနေရလို့သာ မေးရှာတယ်ဆိုတာ ကိုကြီးသိတယ် .. ကိုကြီး လက်ထပ်ထား တဲ့ မိန်းကလေးကို .. ကိုကြီးမှ နားမလည်ရင် .. ဘယ်သူ က နားလည်နေရမှာတဲ့လဲ .. ပြော .. ကိုကြီး ကို ပြောပြ"

ဟု ပြောယူရပါပြီ ..။ သူ သိနေသည်။ မရိုးသားမှု တစ်ခု၏ အောက်မှာ .. လုပ်ကြံဖန်တီးမှု၏ အောက်မှာ .. သူနှင့် ငွေပိုးမျှင်တို့အတွက် ပျက်စီးရာပျက်စီကြောင်း တစ်ခုသည် .. မင်္ဂလာဦးနေ့မှာကတည်းက ပဒုမ္မာမှာ ရှိနေခဲ့သည်ပဲလေ ..။

ငွေပိုးမျှင်လေး အလွန်တရာကိုမှ စိတ်လက်ထိခိုက် နေတာကို .. မျက်ရည်ကျနေတာကို သူ ကိုယ်တိုင် မြင်ခဲ့ရဖူးခဲ့ ပြီ ..။ ထိုစဉ်တုန်းက .. ငွေပိုးမျှင်ကို မေး၍ကို မရနိုင်ဘဲ ရှိခဲ့ရ သည် မဟုတ်ပါလား။

"ပြောလေ ငွေပိုးမျှင် .."

သူ တောက်လျှောက်ကြီး ငွေပိုးမျှင်ကို ကြည့်နေရင်းမှ တစ်ခွန်းမေးတည်း မေးလာနေတော့လည်း လက်အုပ်လေးချီ၍ သနား စရာမှုရာလေးဖြင့် ကြိုတင်တောင်းပန်နေနင့်တာမို့ သူ ရင်ထဲ မကောင်းနိုင်။ လက်လေးကို သူ့လက်ဖဝါးတွေထဲ အုပ်မိုးထည့် ထားလိုက်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ပြောပြီးပါရောလား .. စိတ်မဆိုးပါဘူးလို့ .."

တိုးတိုးဖွဖွ ပြောမိရပါ၏။ မျက်တောင်လေး ဖျတ်ခနဲ ပိတ်ချ ..။ နှုတ်ခမ်းလေးကို အားယူ၍ ပြောရမည့်စကားတွေအတွက် ရှိုက်ချပြီးမှ ..

"မမညိုရီသော်က .. ကိုကြီး .. ကိုကြီးရဲ့ ဓာတ်ပုံကို ရင်မှာ .. အပ်ပြီး .. မောင် .. လို့ .. ခေါ်လိုက်တာကို .. ငွေပိုးမျှင် .. ကြားရ .."

ဟု ပြောနေရင်းမှ ဖျတ်ခနဲ ပြန်၍ မျက်ဝန်းလေးတွေ ဖွင့်ချ ..။ အားကိုးတကြီး တယုံတကြည်နိုင်နေပုံလေးဖြင့်လည်း မျှော်လင့်တကြီးနိုင်စွာဖြင့် ..

"အဲဒါ .. အဲဒါ .. မဟုတ်ပါဘူးနော် .. မဟုတ်ဘူးနော်"

ဟု ကလေးလေးလိုပဲ အသံတိမ်လေးဖြင့် မျက်ရည်ကျရင်း မေးလည်းမေး။ သူ့ရင်ခွင်ထဲ ခေါင်းလေးထိုးဝင်ပစ်ရင်း ငိုလိုက်တာ မြင်တော့ သူ ရင်ထဲ ဘယ်လိုမှ မကောင်းနိုင်တော့။ ညိုရီသော်ကိုလည်း ခံပြင်းရပါပြီ။ ငွေပိုးမျှင်လေးကို ရင်ထဲမှာ ဖေးအပ်ထွေးပိုက်ထားရင်းမှ ဆံစလေးတွေကို သပ်ပေးရ ..။ မျက်နှာလေးကို မေးမော့စေရင်းမှ မျက်ရည်တွေ သုတ်ပေးနေရဖြင့် ရှိသွားရရင်းမှ ..

"ဘုရားရှင်ကို တိုင်တည်ပါတယ် ငွေပိုးမျှင် .. ညိုရီသော်နဲ့ ကိုကြီး ဘာဆိုဘာမှကို .. မဖြစ်ခဲ့ဘူး .. သူနဲ့ ကိုကြီး ကင်းရှင်းတယ် .. ကိုကြီးကို .. စိတ်ထဲမှာ မေတ္တာရှိချင် ရှိနေလိမ့်မယ် .. ဒါ .. သူ့အပိုင်းပါပဲ ငွေပိုးမျှင် .."



ဟု တိုးဖွဖွ ပြောနေရသည်။ နဖူးပြင်လေးကို ဆံနွယ်လေးတွေ သိမ်းဖယ်လိုက်ရင်းမှ နူးနူးညံ့ညံ့လေး နမ်းရှိုက်မိသည်။ မျက်ရည်ကျနေသည့် ငွေပိုးမျှင်ကို သူ ခေါင်းယမ်းပြရင်းမှ ..

"မငိုနဲ့လေ .. ကိုကြီးကို ယုံတယ်ဆို .. အားကိုးတယ်ဆို .. ချစ်တယ်ဆို .. တခြားစကားတွေ ခေါင်းထဲက ထုတ်ပစ်လိုက် ငွေပိုးမျှင် .. ကိုကြီး .. ငွေပိုးမျှင်ကို အမြန်ဆုံး ရန်ကုန်ကို ခေါ်သွားတော့မှာ .. ဟိုမှာ .. မြရတနာအိမ်ရာက .. လုံးချင်းတိုက်တစ်လုံးကို ဝယ်လိုက်ဖို့ .. ဘဘဦးဟန်ဘွားကို .. ကိုကြီး တစ်နေ့ကတည်းက ဖုန်းဆက်ပြောထားတယ် .. ကိုကြီး သူငယ်ချင်း ကိုသူရနဲ့ တိုင်ပင်ပြီး ဝယ်ဖို့မှာထားတာ .. ဟိုမှာ ကိစ္စပြီးတာနဲ့ .. ကိုကြီးဆီကို ဖုန်းဆက်ဖို့မှာ ထားတယ်လေ .. ဒီနှင်းရိပ်ဝေကိုပဲ ဆက်ဖို့မှာထားတာ .."

ဟု ပြောနေတော့ ငွေပိုးမျှင် နားလည်လာသည်က .. ကိုကြီး ရန်ကုန်သို့ မသွားဘဲ ရှိနေတာကို ဖေဖေရော မေမေရော သိနေကြသည်ဟူ၍ပါ ..။ ကိုကိုနေဝန်းနီလည်း သိနေမည်သာ။ ဘာကြောင့် ကိုကြီးသည် ရန်ကုန်သို့ မသွားဘဲ .. ဤလွိုင်မွန်းမြို့မှာပဲ မေမေကြီး မသိအောင် နေနေပါသလဲ ..။ ထိုအဖြစ်ကို ဖေဖေတို့ကလည်း သိနေလျက် .. မေမေကြီးကို ထိုအချက်အား မသိအောင် လျှို့ဝှက်ထားကြပါသလဲ ..။

လောလောဆယ်မှာ ငွေပိုးမျှင် ခေါင်းတွေ ကိုက်နေသည်။ နောင်များမှပဲ မေးလိုက်တော့မည်။ ကိုကြီးကလည်း ခုလတ်တလောချိန်လေးမှာ ပြောပြမည့်ပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ဦးနှောက်ထဲမှာ သေချာထည့်ထား .. ဟောဒီနှလုံးအိမ်လေးထဲမှာလဲ ယုံကြည်ထား .. ကိုကြီးမှာ .. ငွေပိုးမျှင်ပဲ ရှိတယ် .. အရင်တုန်းက ဘယ်သူမှ မရှိခဲ့သလို .. ငွေပိုးမျှင်ဆိုတာနဲ့ တွေ့ပြီးမှ .. ဒီသူမလေးတစ်ယောက်ပဲ .. ပြုစားထားသလို .. ကိုကြီးရဲ့ ရင်ထဲကို ဝင်လာတာ .. နောင်လဲ .. ဒီတစ်ယောက်ပဲ ရှိမယ် .. ခုလဲ ဒီတစ်ယောက်ပဲ ရှိတယ် .. ဟောဒီ အရိုးခံ .. တကယ့်အဖြူစင် မိန်းကလေးတစ်ယောက်တည်းပဲ ရှိတယ် .. တစ်ယောက်တည်း"

ဟု ပြောလည်းပြော ..။ ရင်ခွင်ထဲ သိမ်းပွေ့ထားလိုက်ပါသည့် ကိုကြီး၏ ရင်အုပ်ကျယ်ကြီးထဲမှာ ငွေပိုးမျှင် မျက်လွှာလေး မော့ယှက်၍ ငြိမ်သက်စွာ ကြည်နူးစွာ နေလိုက်မိရပါပြီတည်း။

"ကိုကြီးကို ငွေပိုးမျှင် ယုံပါတယ် .. အားကိုးပါတယ် ကိုကြီးရယ် .. ဒါပေမဲ့ .. မညိုရီသော်က .. ဖွင့်ကို ပြောလာတာမျိုးကို .. သူ့ ပဒုမ္မာက ထွက်မသွားခင်မှာ တိုက်ရိုက်ကြီး ငွေပိုးမျှင်ကို ပြောချလာတော့လဲ .. ငွေပိုးမျှင်လေ .. မိန်းမသားပီပီ . ထိတ်လန့်လာမိရပြန်ပါတယ်ရှင် .. ကိုကြီးကို .. ငွေပိုးမျှင် .. ခွဲလိုက်ရမှာ .. ဆုံးရှုံးလိုက်ရမှာကို ရှုးမတတ် ကြောက်နေရတာပါ .. သေလုမတတ် တုန်လှုပ်ချောက်ချားနေရတာပါ .. ဆောက်တည်ရာမဲ့အောင် ခံစားရတယ်ဆိုတာကို .. ငွေပိုးမျှင်လေ .. ကိုကြီးနဲ့ကျမှ .. နားလည်လာရတာပါရှင် .."



ဟု ရင်ထဲမှသာ ပြောနေမိရရင်းမှ နှုတ်က ဘာဆိုဘာမျှ ဖွင့်မပြောနိုင်စွာဘဲ ကိုကြီးကို အားကိုးတကြီးနိုင်စွာ လက်လေးတွေဖြင့် လက်မောင်းအိုးကြီးကို ဖေးကိုင်ထားမိရပါ၏။

ကိုကြီး၏ လက်တွေက ငွေပိုးမျှင်၏ ဆံစလေးတွေကို သပ်တင်ပေးနေသည်။ ငွေပိုးမျှင်၏ ခေါင်းလေးပေါ် ကိုကြီး၏ မေးဖျားက ဖေးတင်လာ၏။

"တစ်ယောက်တည်း .. ဘာတွေ စိတ်ထဲက ပြောနေပြန်ပြီလဲ ငွေပိုးမျှင် .. မမောသေးဘူးလားကွယ် .."

ဟု တိုးဖွဖွ ပြောလာသံကို ကြားတော့ ငွေပိုးမျှင် ရင်ထဲမှာ ကြည်နူးသွားရပါ၏။ ကိုကြီးသည် .. ငွေပိုးမျှင်နှင့် ဝတ်သက်လာလျှင် .. ငွေပိုးမျှင် စိတ်ထဲမှာ .. ဘာတွေ ရှိနေသည်ဆိုတာကိုပင် .. ဖတ်ရှုသိနိုင်စွမ်းပါသည့် ကိုကြီး ဖြစ်နေချေသည်တကား။

"ကိုကြီးရယ် .."

ဟု တိုးဖွဖွ ခေါ်မိရင်း ကိုကြီး၏ ရင်ခွင်ထဲကို ခေါင်းလေးဝိုး၍ ခွေ့ကာ ခွေ့ကာဖြင့် တိုးဝင်လိုက်မိသည်က တကယ့်ကလေးမငယ်ငယ်လေးနှယ်ပါတည့် ...။

❀ ❧ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ပဒုမ္မာရှိ အပေါ်ထပ်ညှိခန်းဆောင်ကျယ်ကြီးမှာ မမေခင်သည် ပြတင်းအနီးမှာ ရပ်လျက် အပြင်ဘက်ရှိ တိမ်မျှင် တိမ်စိုင်များကို ငေးကြည့်နေသည်။

ပဒုမ္မာမှာက အပေါ်ထပ်မှာလည်း ညှိခန်းဆောင် ကျယ်ကြီးတစ်ခုကတော့ ရှိနေသေးသည်ပါပဲ။ သားမွေးကော်ဇော နီညိုရောင်ကြီးက တစ်ချိန်သောအခါဆီက ကြွယ်ပိုးကြွယ်ဝနေ ပါသော အိမ်ကြီးတစ်လုံး၏ ခံ့ညားထည်ဝါမှုကို ပြန်ပြောင်းပြော ပြနေသည့်အသွင် ..။ ဟောင်းနေပြီ ဖြစ်သော်လည်း ကော်ဇောကြီး ခန်းလုံးပြည့်မျှ အရောင်ခပ်လွင်လွင်ဖြင့် သန့်သန့်စင်စင်ကြီး ရှိနေပါ၏။

မမေခင်ကတော့ သူ့ကို ကျောပေးလျက် ယခုထိ ငြိမ်သက်စွာ ရပ်နေဆဲ ..။

သူကလည်း တိတ်ဆိတ်စွာ ရပ်လျက် မမေခင်ကို ကြည့်နေဆဲ ..။



နောက်ဆုံး သူ မမေခင့် နောက်ပါးမှာ သွားရပ်လိုက်မိသည်။

"ဘာလို့ .. ဒီလိုလုပ်တာလဲ မမေခင် .. ဘာလို့လဲ"

ဟု သူ မေးချလိုက်တော့မှ မမေခင်၏ ကိုယ်နွဲ့နွဲ့က သူ့ဘက် လှည့်လာသည်။ စိန်ကြယ်သီးတပ် ပိုးရင်ဖုံးအင်္ကျီ အပြာရင့်ရောင်။ အနက်စင်းပါသော ပိုးထဘီနက်ပြာရောင်ဖြင့် မမေခင်သည် အရွယ်နှင့် လိုက်အောင် ဝတ်စားထားလျက် ခန့်သန့်နေသော ကျက်သရေရှိရှိ မိန်းမသားကြီးတစ်ယောက်အဖြစ် ရှိနေပါ၏။ ချောမွေ့သောမျက်နှာ ..။ ဆံထုံးထက်မှာ စိန်ဆံထိုး ကို ထိုးထားလျက် စိန်လက်ကောက်နှင့် စိန်လက်စွပ်ကို ဝတ်ဆင် ထားပါသော မမေခင်သည် ..။ ငွေပိုးမျှင်၏ တောင်းပန်လွန်းမှု ကြောင့် တရားခံတစ်ယောက်အဖြစ်မှ ကင်းလွတ်နေခွင့် ရနေခြင်း ပါ ..။ ဒါမှ မဟုတ်ချေလျှင် .. ထိုမျှ မွန်ရည်သန့်ပြန့်နေသော ရုပ်အဆင်းနှင့် မလိုက်ဖက် မအပ်စပ်စွာ အချုပ်အနှောင်ဖြင့် ရှိနေပါသည့် ဒေါ်ခင်ခင်ကြီးအဖြစ် ရှိနေရချေမည်သာ။ ယခုလည်း မမေခင်၏ မျက်နှာက ညှိုးခြုံးမနေ ..။ တောက်ပရှုရှနေသော မျက်ဝန်းများဖြင့် ခံပြင်းမာကျောနေသော မျက်နှာ၏ အရှင်သခင် ပဲ ဖြစ်နေသည် ..။ မမေခင်၏ မျက်ဝန်းများက သူ့မျက်နှာ ဆက်မှာ တည့်မတ်စွာပဲ စူးစူးရှရှ ရှိနေပါ၏။ မမေခင်၏ လက်နှစ်ဖက်က လက်ဖဝါးတွေကို ကျစ်ခဲနေအောင် ဆုပ်ထား သည့်အနေအထား။ ထိုဆုပ်အားကောင်းနေသော လက်ဖဝါးတွေထဲ မှာ ရုပ်ဝတ္ထုအားဖြင့် ဘာမျှ ရှိမနေပေမယ့် ..။ ခါးသီးမာကျော သော ခံစားမှုများကို စုစည်းသိမ်းဆည်းထားသည့်အလား ..

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ခဲထားသည့်အားက အင်အားတကြီး ရှိနေသည်။ အကြောတွေ တင်းထောင်ထအောင်ကို မေမေခင် ဆုပ်ထားပါသော လက်အစုံ။ မေးကျော့တွေ တင်းနေအောင် အံခဲထားပါသည့် မေးရိုး ..။ လက်လက်တောက်မျှ ရှိနေပါသည့် မျက်ဝန်းအစုံ ..။ စေ့စေ့ပိတ်ထားပါသော နှုတ်ခမ်း ..။ မေမေခင်၏ အသွင်က .. ပြောလာမည့်စကားတွေကို စုပြုံပွင့်ကျမလာအောင် ကြိုးကြိုးစားစား ထိန်းချုပ်နေရသည့်အသွင် ဖြစ်နေသည်။

"ခင်ခင်ကြီးဆိုတာ .. နာကြည်းမှုဆိုတာကို ... ဘယ်တော့မှ မမေ့ဖျောက်ပစ်လိုက်နိုင်ဘူးဆိုတာကို .. အသိပေးလိုက်တဲ့ သဘောပဲ .. လက်စားချေခြင်းဆိုတာကို .. အပြစ်လို့ ပြောချင်ပြောကြမယ် .. ဒါပေမဲ့ .. လက်စားအချေခံရတဲ့ သူဟာ .. သူ့ဘက်က .. စော်ကားမော်ကား တစ်ခုခု လုပ်ခဲ့လို့ .. နာကြည်းခံစားရအောင် လုပ်ခဲ့လို့ .. သူဟာ လက်စားချေခံရခြင်းပဲ ဖြစ်တယ်လို့ ဘယ်သူကမှ တွေးမပေးကြဘူး .. လက်စားချေသူကိုပဲ အပြစ်ပြောကြတာ .."

မေမေခင်၏ အသံက မာကျောနေသည်။ ပြတ်သားနေသည်။ နှုတ်ခမ်းကို ခပ်တွန့်တွန့်ပြုံးပစ်လိုက်ရင်းမှ သူ့ကိုလည်း ခပ်စိုက်စိုက်ကြည့်သည်။

"ခင်ခင်ကြီးရဲ့ နှလုံးသားကို မွမွကြေအောင် ချေပစ်ခဲ့တယ် .. ချစ်ခြင်းကို လုယက်ယူလိုက်တာခံခဲ့ရတယ် .. တဖျော့ လင့်လင့်နဲ့ ချစ်နေတဲ့ ချစ်ခြင်းကို ရက်ရက်စက်စက် ချေမွပစ်လိုက်တာကို ခံခဲ့ရတယ် .. ကိုယ့်အိမ်က အစေခံ ကို .. ကို``ာ် မြတ်နိုးနေတဲ့ လူက လက်ထပ်ယူလိုက်တာ



ကို ခံလိုက်ရတယ် .. ခင်ခင်ကြီးဆိုတဲ့ မိန်းမသားတစ်ယောက်ရဲ့ ရင်ထဲမှာ အချစ်ဆိုတာ ရှိနေပြီး .. ကျန်ရစ်ခဲ့ရသူတစ်ယောက်အဖြစ်နဲ့ ကျနေတဲ့ မျက်ရည်စက်တွေဟာ ရင်ကို ဘယ်လောက်ထိ ထွင်းဖောက်ဖြတ်သန်းနေကြတယ် ဆိုတာ ဘယ်သူက စာနာပေးခဲ့သလဲ .. ဟင် .."

မေမေခင် ဆက်တိုက်ပြောသည်။ အသံက အက်ကွဲနေသည်။ မျက်နှာထက်တွင် ပျော့ပျောင်းရိပ်မရှိ။ မာကျောခက်ထန်ခြင်းများပဲ ရှိနေသည်။ တေးမှတ်မုန်းတီးခြင်းများပဲ ရှိနေသည်။ လက်စားချေလိုခြင်းများပဲ ရှိနေသည်။ သိမ်မွေ့ခြင်းတရားကို မေမေခင့် မျက်နှာထက်မှာ မတွေ့ရ ..။ နောင်တတရားကိုလည်း မတွေ့ရ။ အမှားကြီး မှားခဲ့ချေပြီကော .. ဆိုသည့် အသိတရားဖြင့် ခယတောင်းပန်သည့် အရိပ်မျိုးလည်း မတွေ့ရ ..။ မေမေခင့် မျက်နှာထက်မှာ မာကျောခါးသီးနေသော အရိပ်တွေပဲ စွန်းထင်းအုပ်မိုးနေသည်။

သူ .. မေမေခင့်ကို ကြည့်ရင်း ကြည့်ရင်း ထိတ်လန့်လာသည်။ ချောက်ချားလာသည်။ မေမေခင်၏ ဟန်ဆောင်မှုဆိုအံ့သြမှင်သက်နေမိသည်။

မေမေခင်သည် .. ငွေပိုးမျှင်နှင့် သူ့ကို .. လက်စားချေခြင်းတည်းဟူသော ခံစားမှုသက်သက်ဖြင့် .. စီမံခဲ့ခြင်းပါတကား ..။

"မိဝါရဲ့ သားသမီးတွေဟာ .. မမျှော်လင့်ဘဲ မြကြာယံကို ရောက်လာကြရတယ် .. သူတို့ကို တွေ့လိုက်ရချိန်မှာ ငွေပိုးမျှင်ကို မြင်ရချိန်မှာ .. ဒါဟာ ပိုးဝါရဲ့ သမီးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မေမေခင် ချက်ချင်း သိနေတယ် .. ဒီလောက်တွ
မိန်းကလေး .. အို .. အို .. ငါ့ရင်ထဲ မျှော်လင့်ခြင်း
ပျော်ရွှင်ကြည်နူးမှုတွေ .. ချစ်ခြင်းတွေကို ခိုးယူလုသွား
ကောင်မ .. သူဟာ .. မြကြာယံရဲ့ စည်ခန်းကို နှစ်ပေါ
များစွာ ကြာပြီးတဲ့အခါမှာ .. ရောက်လာသလိုပဲ ငါ
မိရတယ် .. လက်စားချေခြင်းဆိုတာ သိမ်မွေ့တဲ့ အပြ
ဝင်ရင် အော်ဟစ်ကြိမ်းမောင်းနေတဲ့ ခြေလှမ်းတွေထ
ပိုပြီး ခရီးရောက်တယ်ဆိုတာ .. ငါ သိတယ်လေ
ဒါကြောင့် .. အားလုံး ပုံအောပြီး .. ငါ .. ပိုးဂါနဲ့ ရန်
ဆီကို ဝင်တာ .. ငါ့မာန .. ငါ့မုန်းတီးမှု .. အားလုံ
အောက်ကျို့ခယခြင်းဆိုတဲ့ ဟန်မျိုးတွေနဲ့ အစားထိုး
ဝင်ရတာ .. ဝင်ခဲ့တာ .. မင်းနဲ့ .. အဲဒီမိန်းကလေး
ရအောင် လက်ထပ်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တာ .."

သူ .. ငြိမ်သက်နားထောင်နေမိရပေမယ့် ..။ ထိ
လည်းမထိုင်မိ ..။ မေမေခင်ကလည်း မထိုင် ..။ ခတ်မတ်
ရပ်နေရင်းပဲ သူ့ကို ကြည့်နေဆဲ ..။ သူကလည်း ရပ်မြဲရပ်လ
နားထောင်နေဆဲ ..။ အပေါ်ထပ်ဧည့်ခန်းဆောင်တစ်ခုလုံးက
လောလောဆယ်မှာ တိတ်ဆိတ်ခြင်းဘက်ကို နေရာပြန်ယူလာသ

မေမေခင် တစ်ချက် ငြိမ်နေ၏။ နောက်
ခေါင်းကို မော့ခနဲ ပြုသည်။ မေမေခင်၏ အသွင်က ဧကရီ
တစ်ယောက်နှယ် ဖြစ်နေသည်။ အရာရာကို ပိုင်စိုးနေသ
ဧကရီတစ်ယောက်နှယ် အရှိန်အဝါ ခပ်ကြီးကြီးဖြင့် ရပ်နေသ
အသွင်။



"မင်း ရောက်လာတော့ ပန်းသင်ကို ခေါ်သွားမှာတွေ ဘာတွေ ဖြစ်လာတော့ .. ငါ ပိုပြီး အဆင်တပြေ ဖြစ်လာရတယ် .. မင်းတို့နှစ်ယောက် လက်ထပ်ဖြစ်အောင် ငါစီမံနိုင်ခွင့်လဲ ကြုံရတယ် .. တကယ်က .. ညိုရီသော်ဟာ မင်းကို ချစ်နေတာ .. မျှော်လင့်နေတာ .. မေမေခင် သိတယ် .. သူ့လို အစေအပါးနဲ့ မင်းကို .. မေမေခင် ဘယ်ပေးစားပါ့မလဲ .. ဒါက မေမေခင့်အပိုင်း .. ဒါပေမဲ့ .. သူ့ကိုတော့ .. ခိုင်းလို့စေလို့ကောင်းအောင် .. စကားချိုချိုနဲ့ ထားခဲ့တာ .. ညိုရီသော်ဆိုတာ ပညာကလဲ သိပ်တတ်တာမဟုတ်တော့ .. မေမေခင့်အချိုစကားတွေကို အဟုတ်ထင်နေခဲ့တာပါပဲလေ .. ခုလို .. တကယ်တမ်းကျတော့ .. မင်းကို ငွေပိုးမျှင်နဲ့ ပေးစားလိုက်တဲ့အခါမှာ .. သူ .. အတော်ကြီးကို ခံစားရယ် .. နာလဲနာတယ် .. အဲဒါကို .. ငါက ဂရုမစိုက်ပါဘူး .. ပိုတောင်သဘောကျသေးတယ် .."

မေမေခင် ခပ်တိုးတိုးရယ်သည်။ ဆိုဖာထက်မှာ မပေါသိထိုင်ထိုင်သည်။ သူ မေမေခင့် လှုပ်ရှားမှုတိုင်းကို လိုက်ကြည့်နေမိသည်။ မေမေခင့် မျက်ဝန်းဝယ် မျက်ရည်တို့ လည်တက်လာနေ၏။ ကြေကွဲခြင်းကြောင့် လည်တက်နေသော မျက်ရည်များ မဟုတ်ဟု သူ ထင်သည်။ ခံပြင်းနာကြည်းခြင်းဖြင့် မခံချိမခံသာ ခံစားရင်း လည်တက်လာနေသည့် မျက်ရည်များ ..။ ထိုသို့ပဲ သူ ထင်သည်။ ဒါပေမဲ့ မျက်ရည်သည် ကျမလာခဲ့။ မေမေခင့် မျက်နှာသည် ပျော့ပျောင်းရိပ်မရှိ။ မာကျောနေခြင်းများဖြင့်ပဲ ပြည့်သိပ်အုပ်ခဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညိုရီသော်ဟာ .. ငါ့အတွက် တကယ့်ကို အသုံးကျစေ့ လူတစ်ယောက် ဖြစ်နေတယ် .. သူဟာ .. ငါ့လိုပဲ .. ငွေပိုးမျှင်ကို မုန်းတီးနေတဲ့သူတစ်ယောက် ဖြစ်နေတယ် လေ .. ညိုရီသော်ဟာ .. ငါ့ကိုလဲ မုန်းတယ် .. ငါ့ မင်းနဲ့ ငွေပိုးမျှင်ကို လက်ထပ်ပေးခဲ့တာကိုး .. သူ့ မျှော် လင့်ချက်ကို ရိုက်ချိုးတဲ့သူထဲမှာ ငါလဲ ပါတယ် .. ဒါပေမဲ့ .. ငွေပိုးမျှင်ဟာ .. သူ့ရဲ့ ချစ်ခြင်းကို တိုက်ရိုက် လုယူတဲ့သူအဖြစ် အမုန်းအခံရဆုံးသူ ဖြစ်နေတယ် .. ငွေပိုးမျှင်ကို .. သူ .. သတ်ပစ်ချင်နေလောက်အောင်မု မုန်းမယ်ဆိုတာ ငါ သိတယ်လေ .."

သူ ထိတ်လန့်လာသည်။ ဘုရားရေ ..။ မေမေခင် သည် .. တကယ့်ကို အကွက်ချ၍ စီစဉ်ခဲ့ချေသည်တကား ..။ ချိုသာသော စကားများ ..။ ငွေကြေး ပုံအောတိုက်၍ စကားကမ်း စေမှုများ။ စိန်ထည်လက်ဝတ်ရတနာများ။ အခြားသော လက်ဝတ် ရတနာများ .. ကို .. ရင်း၍ .. တန်ဖိုးထား စကားမြန်းစေခြင်း ဖြင့် အလွန်တရာကိုမှ .. သူနှင့် ငွေပိုးမျှင်ကို လက်ဆက်ပေးလိုသူ ဒေါ်ခင်ခင်ကြီးအဖြစ် လူတွေကို ယုံကြည်စေခဲ့ချေသည်တကား ..။ တကယ်တမ်းကျတော့ ထိုအရာများအားလုံးနှင့် ဆန့်ကျင်သော စိတ်ထားများသာ မေမေခင့်ထံမှာ ရှိနေခဲ့ချေသည်တည့် ..။ ကောက်ကျစ်စဉ်းလဲခြင်း ဆိုသည့် နေရာမှာ .. ငွေပိုးမျှင်ကို သေကျေစေခြင်းဆိုသည့်အထိ .. အစကတည်းက .. အစီအမံဖြ ထားသည့် စီမံကိန်းတစ်ခုအဖြစ် မေမေခင့်ထံမှာ ရှိနေခဲ့ချေသည် ကောလေ ..။



အန်ကယ်ဦးရန်အေး ..။ အန်တီဝါ ..။ ငွေပိုးမျှင် ..။ သူ ..။ အို .. အားလုံးသည် ရိုးစင်းဖြူစင်သော စိတ်ထားအခံတို့ ဖြင့် မေမေခင်၏ ထောင်ချောက်ကြီးထဲသို့ တည့်တည့်ကြီး တိုးဝင်မိခဲ့ကြသည်ပဲ ..။ ထောင်ချောက်ထဲ ရောက်နေချိန်မှာပင်လျှင် ကိုယ် ရောက်နေသည့်နေရာကို မသိနိုင်စွမ်းခဲ့ ...။

"ဒါကြောင့် .. ညိုရီသော် လုပ်ချင်တာလုပ်နိုင်ခွင့်ရအောင် .. ငွေပိုးမျှင်ကို ပဒ္မာကို ရောက်အောင် ပို့ခဲ့တယ် .. ညိုရီ သော်ကိုလဲ တူတူခေါ်လာခဲ့တယ် .. မင်း မရှိတဲ့အချိန်မှာ .. ညိုရီသော်ဟာ .. ငွေပိုးမျှင်ကို အဆိပ်တိုက်သတ်နိုင်တယ် .. တွန်းချသတ်နိုင်တယ် .. အို .. အို .. လည်ပင်းညှစ်သတ် နိုင်တယ် .. ငါ့စိတ်ကူးထဲမှာ .. ညိုရီသော်ရဲ့ လက်ချက်နဲ့ သေသွားတဲ့ ငွေပိုးမျှင်ဆိုတာကို အရသာတရှိရှိနဲ့ မြင်နေခဲ့ တာ .. သူ အဲသလို လုပ်နိုင်ဖို့အတွက် .. မင်းကို ရန်ကုန် လွှတ်တယ် .. ငါကလဲ .. အကြောင်းရှာ အပြင်ထွက်တယ် .. တကယ်လဲ .. ညိုရီသော်ဟာ .. ငွေပိုးမျှင်ကို လှေကား ပေါ်က ကျအောင် လုပ်နိုင်ခဲ့တယ်လေ .. ဒါပေမဲ့ .. မင်းရဲ့ ဇနီးချောလေးက အသက်တော်တော်ပြင်းတဲ့ ကောင် မလေး .. သူ ကံကောင်းစွာ အသက်ရှင်နေခဲ့ပြန်တယ် .. ငါဟာ .. ညိုရီသော် မသိအောင် လှေကားထစ်တွေကို စစ်ဆေးကြည့်ခဲ့တော့ .. လှေကားအလယ်လောက်မှာ လှေကားထစ်တစ်ခုဟာ သေချာတိုက်ချွတ်ဆေးကြောထား တယ်ဆိုတာကို .. တခြားလှေကားထစ်ထက် ပိုသန့်ရှင်း နေတဲ့အချက်တစ်ခုစာနဲ့ပဲ ငါ သိခဲ့တယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



သူ .. မေမေခင့်ကို ဤတစ်ကြိမ်မှာတော့ အတူမနေ အပ်သောသူတစ်ယောက်အဖြစ် တိတိပပ ဆုံးဖြတ်နားလည်ထား လိုက်ရပါပြီ။ သူ့ကို ချီပွေ့ခဲ့သော မေမေခင်။ ဘဘ၏ ဖယ်ချ ထားခဲ့စဉ်တုန်းက သူ့ရင်ခွင် ကျဉ်းကျဉ်းပေါက်စလေးမှာ အားကို ငိုရှိုက်ခဲ့ရှာပါသော သနားစဖွယ် မေမေခင်သည် .. တကယ်တမ်း ကျတော့ အရမ်းကို အန္တရာယ်ပေးသော အဆိပ်များဖြင့် ပြွန်းတီး နေသည့် မြွေဘုရင်မကြီးတစ်ပါးပင် ဖြစ်ချေသည်ကော .. ဟု ထိတ်လန့်ချောက်ချားလာသည်။ မေမေခင် သူ့ကို တကယ်ခ သုံးယောစဉ်ရှိသည်။ ချစ်သည်ဆိုတာကိုတော့ သူ ယုံကြည်ပါသည် ဒါပေမဲ့ .. မေမေခင်သည် မိမိ မုန်းတီးနာကြည်းသူတစ်ယောက် ကို လက်စားချေရန်အတွက်ဆိုလျှင် မည်သည့်အရာကိုမဆို လုပ် နိုင်သည့် မိန်းမသားတစ်ယောက် ဖြစ်နေသည်ဆိုတာကိုလည်း တစ်ဆက်တည်း သူ သိနားလည်နေရရင်းမှ တုန်လှုပ်ချောက်ချား လာရခြင်းပါ။

"ဒါကြောင့် .. မနေ့ညက .. မေမေ ဒီနေ့ကို လယ်ကွင်းတွေ ဆီ သွားရမယ်ဆိုတာကို ညိုရီသော်သိအောင် တမင်ပြောခဲ့ တာ .. ဒါကလဲ .. ဒီနေ့တစ်ရက်လုံးမှာ .. သူ .. ငွေပိုးမျှင် ကို .. အချိန်များစွာ အခွင့်အရေးများစွာနဲ့ .. လုပ်ကြံနိုင် ခွင့်ရအောင်ပါ .. ငါ့လက်ချက်ကြောင့် မဟုတ်ဘဲ ညိုရီသော် လက်ချက်နဲ့ ငွေပိုးမျှင် အသက်ပျောက်ရင် အားလုံး ပြီးပြီ .. ပိုးဝါနဲ့ ရန်အေးရဲ့သမီး .. ပိုးဝါနဲ့ အလွန်တူတဲ့ ငွေပိုးမျှင်ဟာ .. ပိုးဝါ အစေအပါး လုပ်ခဲ့တဲ့



ပဒုမ္မာအိမ်ကြီးမှာ .. ညိုရီသော်လို့ခေါ်တဲ့ အစေခံမတစ် ယောက်ရဲ့ လက်ချက်နဲ့ သေသွားတယ်လေ .. ငိုကြပေါ့ .. ရင်ကွဲကြပေါ့ .. ငါကတော့ .. ပိုးဝါ အကြီးစားရဲ့ သမီး ပိုးဝါအငယ်စားလေး ငွေပိုးမျှင်ကို .. ဒီပဒုမ္မာအိမ်ကြီးမှာ အလောင်းစံပြီး မျက်ရည်ကျပြနေလိုက်တဲ့ ခင်ခင်ကြီးအဖြစ် အရာရာကို အနိုင်ရသူတစ်ယောက်အဖြစ် .. ခံစားနိုင်ဖို့ ကို မျှော်လင့်ထားနေတာ .."

ဟု မချင့်မရဲကြီး ပြောချလိုက်သံက အနည်းငယ် ညြရှရှိနိုင်လာနေသည်။ မေမေခင့် မျက်ဝန်းတွေထဲမှာ ခုမှ မအီ မချင့်ကြီး ခံစားနေရသည့် ခံစားမှုများ တိုးဝင်လာသည်။ ဖြစ်ချင် တာကို မဖြစ်လိုက်ရသူတစ်ယောက်၏ ကြိတ်မနိုင်ခဲမရ ဖြစ်နေ သည့် ခံစားမှုများ တိုးဝင်လာနေသည်။

"ဒါပေမဲ့ .. အဲဒီ စာမတတ်ပေမတတ် .. အတွေးအခေါ် ခပ်ညံ့ညံ့နဲ့ ခပ်တုံးတုံးကောင်မ ညိုရီသော်က .. မနေ့ညက မင်းရဲ့ ဖုန်းကို ကိုင်ခွင့်မရတဲ့သူတစ်ယောက်အဖြစ် ရှိနေ ရတာကိုရော .. မင်းရဲ့ ဇနီးအဖြစ် မင်းရဲ့ ဖုန်းကို ပြောဆို ခွင့်ရနေတဲ့ ငွေပိုးမျှင်ကို မနာလိုလွန်းနေရတာကြောင့်ရော .. အရူးမတစ်ယောက်လို .. ဒီအိမ်က ထွက်သွားမယ်ဆိုတာ ကို မနေ့ညကတည်းက ပြောခဲ့တယ် .. ဒီမနက် .. ငါ .. ဒီအိမ်က ကိုမြင့်ကို ကားမောင်းခိုင်းပြီး ထွက်သွားပြီးချိန် မှာ .. သူ့မှာ အခွင့်အရေးတွေ ကျန်နေတာကို မတွေးဘဲ ထွက်သွားတယ်လေ .. သူ ထွက်သွားတယ်ဆိုတာကို ..

www.burmeseclassic.com

www.burmeseclassic.com



ငါ .. လယ်ကွက်တွေဆီ မသွားသေးဘဲ ဆန်စက်ကနေပြီး မော်တော်နဲ့ ချောင်းအတိုင်း တက်လာ .. ခပ်လှမ်းလှမ်း ကမ်းစပ်မှာ မော်တော်ကို ထားခဲ့ပြီး .. ခြေလျင်လျှောက်_ နောက်ဖေးခြံပေါက်ကဝင် .. နောက်ဖေးပေါက်က _ အိမ်ထဲရောက် .. အားလုံး ငါ လုပ်ခဲ့ပြီးမှ သိရတာ _ သူငယ်မက .. တကယ့်ကို မရှိတော့တာ .. ချစ်စိတ်ရှုံး ပြီး ကောက်ထွက်သွားပြီ .. သူ့အခန်းထဲမှာ သူ့အဝတ် အစားအိတ်လဲ မရှိတော့ဘူး .. ဒီတော့ .. ငါ လုပ်စရာတစ်ခု ကျန်တော့တယ် .. အဲဒါ .. ငါကိုယ်တိုင် .. ငွေပိုးမျှင်ကို လူ့ဘဝထဲက မောင်းထုတ်လိုက်ဖို့ပဲ .."

အခန်းထဲမှ သူ လှည့်ထွက်သွားချင်စိတ်သည် ရုတ် ချည်း ဖြစ်ပေါ်လာသည်။ မေမေခင့်ကို ဆက်၍ ကြည့်နေရမှာကို ဝန်လေးလာနေသည်။ သွေးအေးစွာ ရက်စက်နိုင်စိတ်တွေ အုပ်စီး နေသည့် မိန်းမသားကြီးတစ်ယောက်ကို သူ .. တကယ်တမ်း ဤဘဝမျိုးထဲမှာ မဖြစ်တည်စေချင်။ အေးချမ်းသော ဒေါ်ခင်ခင် ကြီးအဖြစ်သာ မြင်ချင်သည်။ ဖြစ်စေချင်သည်။ ဒါပေမဲ့ _ ထိုအဖြစ်သည် .. ဖြစ်လာမှာ မဟုတ်တာကိုလည်း သိနေသည်။ သူ့ကို မေမေခင် .. ချစ်သည်ကတော့ မှန်သည်။ ဒါပေမဲ့ _ ထိုချစ်ခြင်းသည်ပင်လျှင် သူ့ကို အသုံးချခံအဖြစ် ရှိရမည့်ကိန်း ပေါ်လာသည့် အခါမှာတော့ မှေးမှိန်ပျောက်ကွယ်သွားခဲ့သည် တကား .။ မေမေခင်သည် .. သူ လက်ထပ်ထားသော မိန်း သည့် ငွေပိုးမျှင်ကို သတ်မည့်ကိစ္စကို .. သူ့ကို ရှေ့ထား၍ ဆော



လောဆယ်မှာ ပြောနေသည့် မေမေခင် ဖြစ်နေသည်။ သူက ရပ်နားထောင်ပေးနေရသူ ဖြစ်နေသည်။ ရင်ထဲမှာ နာကျင်နေသည်။

"ခြံထဲမှာက မငယ်ပဲရှိတယ် .. ထုံးစံအတိုင်း .. ခြံဥယျာဉ် ထဲမှာ ရှိနေမှာပေါ့ .. အိမ်ထဲကို ငါ ရောက်နေပြီ .. ငွေပိုးမျှင်ကို ရှာလိုက်တော့လဲ အလိုက်သင့် အောက်ထပ်မှာ တွေ့တယ် .. သူ့ကို .. ငါ သတ်တော့မယ် ဆိုတာတောင် သူ မသိရှာဘူးလေ .. အဖျားရှိန်နဲ့ ညည်းနေတာ .."

ဟု ပြောနေတော့ သူ .. ရှေ့သို့ တိုးလာသည်။ လက်ကာသည်။ ဒါပေမဲ့ မေမေခင်က အပြောကို မရပ်တန့် ..။

"သူ သေသွားရင် .. သူ့ကို သတ်တဲ့သူကို ဘယ်သူလို့ ထင်မလဲ .. ငါက .. မနက်ကတည်းက သွားလိုက်တာ သိနေကြတာပဲ .. ငါ့ကို မထင်ဘူး .. ညိုရီသော် ထွက် သွားတယ်ဆိုပေမယ့် .. ညိုရီသော် ထွက်သွားချိန်မှာ သူက ဘယ်မှာ ရှိနေသလဲ .. ဒါကိုတော့ ငါ မသိနိုင်ဘူး လေ .. သိနိုင်တာကတော့ ညိုရီသော်ပဲပေါ့ .. မငယ်ပဲပေါ့ .. အို .. ခေါင်းအုံးနဲ့ ဖိသတ်လို့သေတဲ့ ငွေပိုးမျှင်ကို .. အသတ်ခံရတယ်လို့တောင် ထင်နိုင်စရာ မရှိပါဘူး .. ဖျားပြီး သေတယ် .. ဒါပဲ ရှိမယ် .. မနေ့ကကျတဲ့ ဒဏ် ကြောင့် အတွင်းဒဏ်ရာကြောင့် သေတယ် .. ဒါပဲ ထင် မယ် .. အို .. ငါ့ကို ဘယ်သူမှ ထင်စရာမရှိဘူး .. ပြီးပြီ၊ တကယ့်ကို ပြီးတော့မယ့်ဆဲဆဲမှာ .. မင်း ရောက်လာ တယ် .. မင်းဟာ .. ငါ့အတွက်တော့ .. အဖျက်ကောင်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အံခဲ၍ ပြောစဉ်ခိုက် သူ ခေါင်းယမ်းသည်။

သူ .. ရန်ကုန်သို့ မသွားဘဲ နေ့ခဲ့ခြင်းမှာ မှန်ကို မှန်နေသည်ပဲလေ ..။

မပန်းသင်လေး သတိပေးတာကို သူ စိတ်ထဲ လေးလာတာမို့ ရန်ကုန်သို့ သွားသည်ဟု ပဒုမ္မာမှာတော့ ကားဖြင့် မောင်းထွက်ခဲ့လျက် ..။

တကယ်တမ်းကျတော့ နှင်းရိပ်ဝေသို့ သူ ရောက်ခဲ့ကာ ..။ မေမေခင်နှင့် ပတ်သက်၍ မပန်းသင်လေး အတော်ကြီးကို စိတ်ထဲ မချဘဲ ဖြစ်နေတာကို သူ ပွင့်ပွင့်လင်းလင်းပဲ အန်ကယ်ဦးရန်အေးနှင့် အန်တီဒေါ်ပိုးဝါတို့ကိုလည်း ပြောပြ ..။ နေဝန်းနီကိုလည်း ပြောပြကာ ..။ သူ .. ပဒုမ္မာမှ မထွက်ခွာခင်ကတည်းကလည်း ကိုမြင့်နှင့် မငယ်တို့ အိမ်မှာ တစ်ခုခု ထူးခြားလျှင် နှင်းရိပ်ဝေသို့ ဖုန်းဆက်ဖို့ သူ မှာခဲ့ ..။ ငွေကြေးလည်း မက်မောအောင် ပေးခဲ့ကာ ကိုမြင့်နှင့် မငယ်ကို ကိုယ့်လူ လုပ်ခဲ့ရသည်။ သူကတော့ .. နှင်းရိပ်ဝေ၏ နောက်ဘက် .. ကားဂိုဒေါင်ထပ်ခိုးမှာပဲ နေနေခဲ့ပါ၏။ မတော်တဆ .. မေမေခင် နှင်းရိပ်ဝေသို့ ရောက်လာလျှင် သူ့ကို မတွေ့နိုင်အောင်ပါ။ ပထမပိုင်းကတော့ အန်ကယ်ရော အန်တီရော .. သူ့ဘက်က .. ပြီးတော့ မပန်းသင်လေးဘက်က အစိုးရိမ်လွန်နေခြင်းဟု ပြောနေကြပေမယ့် ..။ ထိုစဉ်ကတည်းက .. ထောက်ခံ၍ သူ့ဘက်ကရော မပန်းသင်ဘက်ကရော ထောက်ခံပေးသူက နေဝန်းနီပါ ..။ နေဝန်းနီသည် မေမေခင့်အပေါ်မှာ အယုံအကြည် နည်းနေသည်မှာ အမှန် ..။



ငွေပိုးမျှင် လေ့ကားပေါ်က ကျသည်ဆိုတာ သိကတည်းက .. သူ ရူးလောက်အောင် သွားလိုက်ချင်သည်။ ငွေပိုးမျှင်ကို တွေ့ချင်သည်။ ဤတစ်ကြိမ်မှာတော့ အန်ကယ်က ခဏစောင့်ကြည့်မည်ဟု ပြောလာပါ၏။ မတော်တဆ ကျတာမျိုး ဖြစ်နိုင်သည်လေ ..။ ညဘက်ကြီးမှာ .. နှင်းရိပ်ဝေမှနေ၍ သူ ရန်ကုန်မှ ဖုန်းဆက်သယောင် ဖုန်းဆက်ပြောပြီးတာနှင့် ...။ ပဒုမ္မာသို့ နေဝန်းနီနှင့် တူတူ နောက်ဖေးခြံပေါက်မှဝင် ..။ ကိုမြင့်နှင့် မငယ်တို့၏ တစ်ထပ်ပျဉ်ထောင်တန်းလျားအိမ်လေး၏ အခန်းလွတ်ငယ်လေးတစ်ခုမှာ ညအိပ်ခဲ့ကြပါ၏။

မနက်ကျတော့ မေမေခင်မှ ကိုမြင့်၏ကားနှင့် အပြင်ထွက်သည်။ ညိုရီသော်ကလည်း အငှားကားတစ်စီးဖြင့် ထွက်သွားသည်။ အိမ်မှာ ငွေပိုးမျှင်ပဲ ကျန်နေပါ၏။ သူရော နေဝန်းနီရော .. အခြေအနေကို စောင့်ကြည့်နေကြဖို့ပဲ ဆုံးဖြတ်ခဲ့ကြပါ၏။ မေမေခင့်ဘက်က ရိုးသားသည်ဆိုလျှင်လည်း .. ကိုယ် ခုလို .. သံသယထားသည့်ကိစ္စ .. အသာလေး ဖုံးကွယ်ထားလိုက်ရုံသာ။ မေမေခင့်ကိုတော့ အားနာရမည်မှာ အမှန် ..။ ဒါပေမဲ့ .. စိတ်ထဲက .. တစ်ခုခု .. မရိုးသားမှု ရှိနေနိုင်သည်ဟု နေဝန်းနီက ပို၍ ထင်နေသည့်အဖြစ်။

နေဝန်းနီက ခြံရှေ့ဘက် ..။ သူက ခြံနောက်ဘက်ကို မြင်နိုင်သည့်နေရာများဆီမှ အကွယ်ထဲမှ ချောင်းနေ စောင့်နေချိန်မှာ ..။ မမျှော်လင့်စွာပဲ .. မေမေခင်သည် နောက်ဖေးဘက် ခြံတံခါးကို အတွင်းဘက် ခတ်ထားသော သော့အား လက်လျှို

www.burmeseclassic.com

www.burmeseclassic.com



၍ သော့ဖွင့်ဝင်လာတာ တွေ့လိုက်ရပါပြီ ..။ ဘာကြောင့် မေမေခင်သည် လူသူ မသိအောင် တစ်ယောက်တည်း လာရပါသတဲ့လဲ။ တစ်ခုခုတော့ ဖြစ်တော့မည်ဆိုတာ သူ နားလည်လာသည်။ သူ .. ခပ်လှမ်းလှမ်းမှ ခွာ၍ လိုက်လာတော့ .. မေမေခင် နောက်ဖေး တံခါးကို ဖွင့်၍ အိမ်ထဲ ဝင်လာတာကို တွေ့ရသည်။ သူ .. နေဝန်းနီကို သွားခေါ်ကာ အမြန်ဆုံး ခြေသံလုံလုံဖြင့် အိမ်ကြီး၏ အဝင်တံခါးဆီမှ ဝင်လိုက်စဉ်မှာ ..။ ခြံတံခါးဝမှာကလည်း ကားတစ်စီး ထိုးရပ်လာပြီ ..။ အန်ကယ်ဦးရန်အေး၏ ဂျစ်ကား ဆိုတာကိုတော့ လှမ်းကြည့်မြင်မိရပါ၏။

သူ .. အိမ်ထဲ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်လာစဉ် ခိုက်မှာ ငှူးဝါးနှင့် အသံကို မေမေခင် နားနေရာအခန်းဆီမှ ကြားရတာမို့ ပြေးဝင်ကြည့်စဉ်ခိုက် ..။

မေမေခင်သည် .. သူ၏ ဇနီးသည် .. သူ၏ .. ကြွေရုပ်လေး .. ငွေပိုးမျှင်ကို ခေါင်းအုံးဖြင့် မျက်နှာလေးကို ဖိထား ..။ ကိုယ်လေးကိုလည်း မေမေခင့်ကိုယ်နှင့် ဖိထားတာကို တုန်လှုပ်ချောက်ချားစွာ တွေ့လိုက်ရပါ၏။

သူ .. အမြန်ဆုံး ဘယ်လို ရောက်သွားသည်ဟုပင် မသိလိုက်နိုင် ..။ မေမေခင့် ကိုယ်ကြီးကို တွန်းဖယ်ပစ်လိုက်မိသည်။ ကိုယ်လေးကို ရင်ခွင်မှာ သိမ်းပွေ့ထားမိသည်။ အဖျား ရှိန်ကြီးလျက် ကိုယ်ပူကြီးနေပါသည့် ငွေပိုးမျှင်လေးမှာ မေမေခင့် လုပ်ကြံမှုကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးနေသည်။ အသက်ရှူ ပိတ်မတတ် ဖြစ်နေသည်။ သတိလစ်မတတ် ဖြစ်နေသည်။ သူ ..



သတိလစ်သွားပြီ ဖြစ်ပါသော ငွေပိုးမျှင်ကို .. ပါးစပ်လေးထဲ လေမှုတ်သွင်းပေးနေမိရပါ၏။ မေမေခင့်ကိုပင် မကြည့်အား ..။ အော်ဟစ်နေသော မေမေခင့်ကို နေဝန်းနီက ဖမ်းချုပ်ထားသည်။ အန်ကယ်နှင့် အန်တီဝါတို့လည်း အပြေးအလွှား ရောက်လာကြ သည်ပါပဲ ..။ ကိုမြင့်မှ .. နှင်းရိပ်ဝေသို့ ဖုန်းဆက်ခဲ့သည်တဲ့ ..။ မေမေခင်သည် ဆန်စက်မှ နေ၍ မော်တော်ဖြင့် တစ်ယောက်တည်း ချောင်းအတိုင်း လူသူမသိအောင် လျှို့လျှို့ဝှက်ဝှက်အသွင်မျိုး ဖြင့် ထွက်ခွာသွားလျက် .. သွားသည့်နေရာသည်လည်း ပဒုမ္မာ ဘက်သို့ ဖြစ်နေသည်ဆိုတာကို ဖုန်းဆက်ပြောလိုက်တာမို့ ..။ အန်ကယ်ရော အန်တီရော .. ကမန်းကတန်းကြီး ကားနှင့် လိုက် လာကြခြင်းပါတဲ့ ..။ လိုလိုမယ်မယ် အန်ကယ်က ဆေးအိတ်ပါ ယူခဲ့သည်တဲ့ ..။ ပဒုမ္မာမှာ ဘာမှ မဖြစ်ကြချေဘူးဆိုလျှင်လည်း မနေ့က လိမ့်ကျထားသည့် သမီးကို လာကြည့်သည်ဆိုတာမျိုး ဖြစ်အောင် အန်ကယ်က .. ယူခဲ့ခြင်းပါတဲ့ ..။

တကယ်တမ်းကျတော့ .. ဝေဒနာတွေနှင့် နစ်နေ အောင် ခံစားပင်ပန်းနေရှာသည့် သမီးကို ဆေးထိုးပေးခဲ့ရသည် က .. အန်ကယ်ဦးရန်အေးပါ ..။ ထိုအဖြစ်များသည် .. တုန်လှုပ် ချောက်ချားဖွယ် ဖြတ်သန်းခဲ့ပြီ ..။ ကျန်ရစ်ခဲ့ပြီ ..။ မေမေခင့်ကို .. သူ .. ခုလာတွေ့ခြင်းကလည်း .. ဘာကြောင့် ဤမျှအထိ .. လုပ်ရက်ရပါသလဲဆိုတာကို သိချင်၍ ..။ ပြီးတော့ .. မေးစရာ ရှိသည်ကို မေးချင်၍ ..။ အာပဲပြောပြော ..။ ငယ်စဉ်ဘဝတည်းက မြတ်မင်းသာဆိုသည့် ရာဇဝင်တိုက်လေးကို မေမေခင် ပြုထိန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မို့ ..။ မေမေခင့်ကို .. ပစ်ပစ်ရက်ရက် .. မပြောချင်တော့ပါ ..။ အန်ကယ်တို့ကလည်း .. မေမေခင့်ကို ကင်းအောင်နေလိုက်ခြင်းဖြင့်သာ အဖြစ်ဆိုးကြီးတစ်ခု၏ တုံ့ပြန်မှုတစ်ခုအဖြစ်ကိုပဲ ဖြစ်တည်စေလိုက်တော့မည်ဟု ဆုံးဖြတ်ထားလိုက်ကြသည်လေ ..။ ငွေပိုးမျှင်ကလည်း မေမေခင့်ကို အမှုမဖွင့်ချင် ..။ ဖွင့်လျှင်လည်း .. ငွေပိုးမျှင်က .. မေမေခင်မှ ဘာမျှ မလုပ်ပါဟုပဲ ပြောမည်ဟု အတိအလင်းကြီးကို ပြောချထားသည်ပါပဲ ..။

သူ .. မေမေခင့် ရှေ့ရှိ ဆက်တီစားပွဲထက်မှာ လက်ဝတ်ရတနာဘူးကို ချသည်။ အိမ်ဆောက်ရန်ဟု ပေးထားပါသော မေမေခင့် စိန်ထည်လက်ဝတ်လက်စားများ ထည့်ထားပါသည့်ဘူး ..။ ပြီးတော့ ပဒုမ္မာ၏ အိမ်ဂရံ ..။ သူ့အမည်ဖြင့် ပေးထားပါသော အိမ်ဂရံ။ မေမေခင် တစ်ချက် ငုံ့စိုက်ကြည့်၏။

"မင်း .. ငါ့ကို ထားခဲ့တော့မယ်ပေါ့ .."

အေးစက်စွာ မေမေခင် မေးသည်။ ဤတစ်ကြိမ်မှာ မေမေခင် မျက်ရည်ဝဲလာသည်။ သူ့ကို မော့ခနဲ ကြည့်လာသည်။ သူကလည်း တိတ်ဆိတ်စွာပဲ မေမေခင့်ကို ကြည့်မိရပါ၏။

"အမှန်တရားဆိုတာကို မေမေခင် ပြောတတ်ပါတယ် သား .. သားကို မေမေခင် တကယ်ချစ်တာပါ .. မင်းကို .. မင်းကို .. မေမေခင် .. တကယ်ချစ်တာပါ .. မင်း .. ငါ့ကို .. ထားခဲ့တော့မယ်ပေါ့ .."

မေးလာသံတွင် ကြေကွဲရိပ်တွေ ရောထွေးပါလာနေ၏။



သူ့မှာ ရွေးချယ်ရန်လမ်း မရှိ ..။ အခြားသောလမ်း မရှိ ..။ မေမေခင် လက်ထပ်ပေးသော မိန်းကလေးကို သူ လက်ထပ်သည်။ သူ မြတ်နိုး၍ လက်ထပ်သည်ဆိုပေမဲ့ .. ထိုသို့ လက်ထပ်ရန် .. မေမေခင် စီမံပေးခဲ့ခြင်း ..။ ပြီးတော့ .. သူ့မိန်းမကို .. မေမေခင် ကိုယ်တိုင်က သတ်ဖို့ ကြိုးစားသည်။ သူ .. မေမေခင့်ထံမှာ နေ၍ မဖြစ်နိုင်တော့။ မေမေခင့်ကို သူ မယုံကြည်တော့ ..။ မေမေခင့်ကို သူ ထားရစ်ခဲ့ခြင်း မဟုတ်။ မေမေခင် ကိုယ်တိုင်က .. နေရစ် .. ကျန်ရစ်စေရန် ပြုခဲ့ခြင်း' ...။

သူ .. ကြမ်းပြင်တွင် ထိုင်သည်။ ကြမ်းခင်းကော်ဇောထက်မှာ မေးတင်နေပါသည့် မေမေခင့် ခြေဖမိုးဖြူဖြူကို သူ ကြေကွဲဝမ်းနည်းစွာ ငေးစိုက်ကြည့်နေမိရပါ၏။

ဤအဖြစ်မျိုးဖြင့် သူနှင့် မေမေခင်တို့ ခွဲခွာရချေမည်ဟု သူ ဘယ်တုန်းကမျှ မထင်မိခဲ့။ ငွေပိုးမျှင်နှင့် ပတ်သက်၍ မားမားမတ်မတ် ရပ်တည်၍ .. လက်ထွဲကာကွယ်ရမည့်တာဝန်သည် .. သူ့ထံမှာပဲ ရှိနေသည်။ သူသာလျှင် တာဝန်အရှိဆုံးသူ ခင်ပွန်းသည်တစ်ယောက် ဖြစ်နေသည်။

သူ .. မေမေခင့်ကို ဦးချကန်တော့ပါ၏။ သူ့နှုတ်မှ .. မေမေခင့်ကို ဘာဆိုဘာမျှကို မပြောဖြစ်ခဲ့တော့ ..။

သူ ထွက်ခွာသွားတော့မည် ဆိုတာကို မေမေခင် သိနေမည်သာ ..။

ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပြီဆိုတာကိုလည်း သိနေမည်သာ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ .. ဖွင့်ပြောရန်လည်း မလိုအပ်တော့ပါ ...။

တစ်ချိန်သောအခါက .. ဒေါ်မွေးထုံဆိုသော အမျိုးသမီး တစ်ယောက်ကို ဘဘမှ အိမ်ထောင်ပြုသွားချိန်တုန်းက .. သူ့ကို အားကိုးရာအဖြစ် ပွေ့ပိုက်၍ .. ကလေးငယ်လေးတစ်ယောက်၏ ရင်ခွင်ကို .. အားကိုးတကြီးနိုင်စွာ .. ခေါင်းဝင်ငိုရှိုက်ခဲ့ပါသော မေမေခင့်ကို ... သူ .. ဘယ်သောအခါတွင်မှ မေ့နိုင်မှာမဟုတ် ..။ သနားစိတ်သည်လည်း ရင်ထဲမှ ဘယ်တော့မှ ပျောက်ကွယ်နိုင်မှာ မဟုတ် ..။

ထို့နည်းပင် .. ကြောက်လန့်တကြားလေး .. လက်တွေ လေမှာ ဝှေ့ယမ်းရင်း လူးလွန့်ရင်း .. ခေါင်းအုံးနှင့်ဖိထားသမျှ .. ကိုယ်နှင့် ဖိထားသမျှတွေကို .. သေလုမျောပါးခံစားနေရရှာပါသော .. သူ၏ .. ချစ်ရလွန်းသူဇနီးသည်လေး၏ နှုတ်မှ .. မချိမဆန့် ပွင့်ကျလာပါသည့် အသံလေးကိုလည်း သူ မေ့နိုင်မှာ မဟုတ် ..။

သူ .. တိတ်ဆိတ်စွာပဲ အခန်းတွင်းမှ ထွက်ခွာလာခဲ့ပါ၏။

နောက်ကို လှည့်မကြည့်မိတော့ ..။

ဒါပေမဲ့ .. နေရာမှာ ထိုင်နေရင်းဖြင့်ပင် .. ငြိမ်သက်စွာ မျက်ရည်ဝေရင်း မေမေခင် ကျန်ရစ်ခဲ့ .. ကြည့်နေခဲ့မည်ဆိုတာကို .. သူ အလိုလို သိနေသည်။

စကြဲ့လမ်းအတိုင်း သူ ဖြတ်လျှောက်လာစဉ်နိုက် သူ့ခြေသံကို သူ ပြန်ကြားနေရသည်ကိုက ကျယ်လောင်နေသည်ဟု ခံစားဖြစ်၏။



အောက်ထပ် ဧည့်ခန်းဆောင်ကျယ်ကြီး၏ တံခါးရွက်ကြီးတွေကို သူ တွန်းဖွင့်၍ အပြင်ဘက်သို့ ထွက်သည်။ ...န်းနှံ့သင်းသော လေပြည်ကတော့ .. မပြောင်းလဲစွာ သူ့ထံသို့ ...တိုးဝင်ချေသတည်း ...။

❀ ❦ ❀

www.burmeseclassic.com



## အခန်း(၂၃)

"မသင်းလဲ ပန်းသင်နောက်ကို လိုက်သွားပါ .. မိမိုးကိုလဲ ခေါ်သွားပါ .. ဒီအိမ်မှာ ပန်းသင် မရှိတဲ့အခါမှာ ရှင်တို့လဲ နေချင်ကြတော့မှာ မဟုတ်ဘူးဆိုတာကို ကျွန်မ သိပါတယ် .. ဟန်ဆောင်တယ်ဆိုတာ ပင်ပန်းပါတယ်လေ .. ကျွန်မကလဲ ရှင့်တို့ကို ဟန်ဆောင်ပြီး ခင်တွယ်ပြမနေချင်ပါဘူး ... မိပန်းသင်ရဲ့အဖေ .. ရှင်တို့ရဲ့ အရှင်သခင် ကိုအုပ်စိုးကိုပဲ ရှင်တို့ ချစ်ခင်နေကြတာ ကျွန်မ သိနေတာပဲ .. လိုက်သွားပါ .. လိုက်သွားပါ .."

ဆိုဟာထက်မှာ ကိုယ်ကို မတ်၍ ထိုင်နေရင်း ဒေါ်ခင်ခင်ကြီး အသံကို မာနေအောင် ဂရုတစိုက်ထားလျက် ပြောနေရပေမယ့် ရင်ထဲမှာ ဟာနေသည်။ အထီးကျန်ဆိုတာ ဤသို့ပါလားဆိုတာကိုတော့ ပို၍ နက်နက်ရှိုင်းရှိုင်းကြီး သိလာနေရပါသည့်အဖြစ်။



မသင်းတို့ဆိုတာက ကိုအုပ်စိုး၏ မြကြာဝါးမှာ ကြပါသော လူတွေပဲလေ ..။ ဒီပန်းသင်ကိုပဲ သံယောဇဉ်ကြီး ပြပေမည်ပေါ့ ..။

နေခဲ့ရမှာကို စိတ်ညစ်နေကြမှန်းလည်း သိသာနေ ည်ပါပဲ ..။

ကိုယ့်ဘက်က .. လိုက်သွားဆိုတာနှင့် မသင်းဆိုတာ ကျချင်းကြီးကိုပဲ ဟန်မဆောင်နိုင်စတမ်း သွက်သွက်ထ ..။ မိုးကို လက်ဆွဲခေါ်၍ အဝတ်အစား ပြေးသိမ်းနေပြီ ..။

အကြည့်က .. ကြမ်းပြင်မှာ ထိုင်လျက်ရှိနေဆဲ ပန်းသင်ထံ ရောက်၏။ ကန်တော့ပြီးသည့်နောက်မှာပင် ထိုင်နေဆဲ ပန်းသင်လေး၏ မျက်နှာထက်မှာ နောက်ဆံတင်းရိပ်ကတော့ နေကြချေကော ..။ ဘုရားရေ .. ဤကောင်မလေးက .. ဒေါ်ခင်ခင်ကြီးဆိုသည့် မိန်းမကြီးတစ်ယောက်အတွက် နောက်ဆံ တင်းနေချေသည်တဲ့လား ..။ မိထွေးဆိုသည့် နေရာမှာ .. အမြ ဲ မောက်မောက်မာမာကြီး နေနေခဲ့သည့် မိန်းမကြီး တစ် ယောက်။ ထိုမိန်းကြီးအတွက် နောက်ဆံတင်းနေချေသည်တဲ့ လားလေ ..။

ဦးထုပ်ဖြူလေး ဘေးဘက်မှာ ချထားဆဲ မပန်းသင် သေးကို တစ်ချက် ငေးစိုက်ကြည့်မိသည်။ ရင်ထဲမှာ ဆို့နေ၏။ ဆံပင်ကို စက်ကတ်ကြေးဖြင့် ညီအောင် ထပ်ညှိထားသည့်မို့ ခါင်းတုံးပေါက်စဆံပင်လေးများနှယ် ကပ်ကပ်လေး စိမ်းမှောင်နေ အောင် ရှိနေပါသည့် ဆံပင် ထူထူတိုတိုစိစိလေးတွေ။ ညီနေတာ

www.burmeseclassic.com

www.burmeseclassic.com



မို့ .. ဆံပင်တိုကပ်ကပ်လေးတွေနှင့်ပင် ဆံပင်၏ ထူထဲခြင်းကြောင့် မျက်နှာလေးကတော့ ဆံပင်စိမ့်ဖန့်ဖန့်လေးတွေကြောင့် ပိုပေါ်နေ ချေသေးသည့်အဖြစ်။

မြကြာယံသို့ ပြန်ရောက်လာတာနှင့် ချက်ချင်းကြီးပဲ မပန်းသင်လေးကို ခေါ်၍ အဝတ်အစားတွေ သိမ်းခိုင်းသည်။ မြတ်မင်းသာတို့မှ အခေါ်မလာသေးမီမှာပဲ ကိုယ့်ဘက်က အရင် လက်ဦးအောင် မြကြာယံမှ နှင်းရိပ်ဝေသို့ မြကြာယံ၏ ဒရိုင်ဘာ ဦးမောင်ဖြင့် အပို့လွှတ်လိုက်တော့မည် ..။ ဘယ်သူ့ဘယ်သူကိုမှ မြတ်မင်းသာတို့ဘက်က လူတွေကို မဆက်ဆံချင်တော့ .. မတွေ့ချင်တော့ ..။ အဖြစ်အပျက်တွေကလည်း အရုပ်ဆိုးစွာပဲ ဖြတ်သန်းခဲ့ပြီးနေပြီပဲလေ ..။ မြတ်မင်းသာ၏ ဇနီးကို သတ်ဖို့ ကြိုးစားသူ ..။ ဒေါက်တာဦးရန်အေးနှင့် ဒေါ်ပိုးဝါတို့၏ သမီးကို သတ်ဖို့ ကြံစည်ကြိုးစားခဲ့သူ ..။ အပေါ်ယံဆိုမှ ဟန်ဆောင်မှု မျက်နှာဖုံးတွေ .. ချိုသာယဉ်ကျေးမှုတွေအားလုံး ကွာကျခဲ့ပြီး သည့်နောက်မှာ .. ထိုသူများနှင့် ဒေါ်ခင်ခင်ကြီးဆိုတာ တွေ့ဖို့ လည်း ရင်ထဲ ဝန်လေးနေမိရပြီ ..။ သူတို့တတွေ ရောက်လာ မှာကိုပင် ရင်ထဲ စိုးရိမ်ဇောကြီးနေသည့်အဖြစ် ..။

ပဒုမ္မာမှ ရောက်ရောက်ချင်း .. မပန်းသင်ကို .. ချက်ချင်း အဝတ်အစား သိမ်းခိုင်းခြင်းမျှဖြင့်ပင် .. ထိုဝန်လေး သည့် အဖြစ်တစ်ခုကို .. ရင်ဆိုင်ရန် မလိုတော့ပြီပဲဟု တွေးဖြစ် သည်မို့ ..။ အမြန်ဆုံး .. မပန်းသင်ကို မြကြာယံမှ ထွက် စီမံရခြင်းပါ ..။



ပဒုမ္မာမှာ ဘာတွေ ဖြစ်ပျက်ခဲ့သည်ဆိုတာကို မသိ ရသေးပါသော မပန်းသင်လေးကတော့ ချက်ချင်းကြီး နှင်းရိပ်ဝေ သို့ လွှတ်လိုက်ပါသည့် ဒေါ်ခင်ခင်ကြီးကို နားမလည်နိုင် ..။ ကိုကိုမြတ်မင်းသာ လာခေါ်မှ လိုက်ရမည်ဟု မှတ်ယူထားသည် ကိုးလေ ..။

"ကိုကိုက .. ရန်ကုန်က ပြန်ရောက်လာပြီတဲ့လားဟင် မေမေကြီး .."

မရဲတရဲလေး မော့မေးလာတော့ စိုက်ခနဲ ကြည့်ကာ ခေါင်းကို ပြန်မတ်လိုက်ပုံက အားမာန်ပါနေသည်။ နှုတ်ခမ်းကို တစ်ချက်မဲ့ခနဲ ပြုံးလိုက်ရင်းမှ ..

"မြတ်မင်းသာဆိုတာ .. ငါ့ဘဝမှာ မရှိတော့ဘူး မိပန်းသင် .. သူ့ကို .. ငါ ကျွေးမွေးစောင့်ရှောက်ခဲ့တာတွေ အားလုံး ဟာ .. တစ်နေ့မှာ ဒီလိုအဖြစ်တွေကို ရင်ဆိုင်ဖို့သက်သက် အတွက်ပဲဆိုတာ ငါ သိနေရပြီးတဲ့နောက်မှာ .. နင့်တို့ အားလုံးကို .. ငါ .. ဒီအရိပ်က အမြန်ဆုံး ဖယ်ရှားလိုက် ချင်တာတစ်ခုပဲ ကျန်တော့တယ် .. ကဲ .. ကန်တော့ပြီး ပြီ မဟုတ်လား ... သွားတော့လေ .. ဟိုကိုရောက်ရင် .. ငါ့အကြောင်းတွေ .. ညည်း နားဆင်ပေဦးတော့ပေါ့ .. သီချင်းတစ်ပုဒ်လို .. အရသာလေး တခံခံနဲ့ နားဆင်ပေဦး တော့ပေါ့ .."

ဟု ပြောနေတော့ မပန်းသင် ရင်ထဲမကောင်းနိုင် ဘာပဲဖြစ်ဖြစ် ..။ ခုလို .. အကြောင်းတစ်ခုခုကို မျိုသိပ်ခံစားနေရင်း ပြောနေမှန်း သိသာနေပါသည့် မေမေခင့်ကို ချန်ထားခဲ့ရမှာ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ နောက်ဆံတင်းနေချင်ရသည်ပါပဲ။ ထူးခြားသော အ
တစ်ခုခုတော့ ရှိနေပြီဆိုတာ မပန်းသင် အလိုလိုနားလည်
နေသည်။ သည့်ထက်ပို၍ ဖွင့်မေးရမှာကျတော့လည်း မမေးရဲ
ဒါပေမဲ့ .. ခုရက်ပိုင်းအတွင်းမှာ အရမ်းကို သွက်လက်လ
အရာရာကို ကျေနပ်ခြင်းမက ကျေနပ်စွာ ဖြတ်သန်းနေသ
လူတစ်ယောက်အဖြစ် မြင်မြင်နေခဲ့ရပါသည့် မမေခင်သည်
ခုလောလောဆယ်မှာတော့ ဟန်တင်းနေပေမယ့် .. ထိုဟန်တင
ခပ်မတ်မတ်ကြီး ထိုင်နေသည့်ကြားမှပင် ချုံးချုံးကျသည်
ကိုယ်သည် ညွတ်ခနဲ ဆိုဖာနောက်မှာ အားကုန်ကြီးပြတ်
မှီကျသွားလိုက်တာကိုပင် မြင်နေရသည် မဟုတ်ပါလားလေ
ကိုကိုမြတ်မင်းသာ ရန်ကုန်သို့ သွားလိုက်ပြီးသည့် နောက်
မေမေခင်သည် ပဒုမ္မာနှင့် မြကြာယံသို့ ကူးဟယ်သန်းဟယ်
အရမ်းကို တောက်ပနေသော မျက်ဝန်းများ၏ အရှင်သခင်
တက်ကြွလန်းဆန်းနေသလောက် .. ခုလောလောဆယ်မှာ မျက်
တွေ မှိန်ဖျော့နေသည့် သူတစ်ယောက်အဖြစ် ပြောင်းလဲနေ
ကလည်း အရမ်းကို မြန်ဆန်လွန်းနေသည်ပဲလေ ..။

ဒေါ်ကြီးသင်းမှ မိမိုးနှင့်အတူ အထုပ်အပိုးတွေ
ရောက်လာတော့ မေမေခင်မှ ..

"ကဲ .. သွားကြ .. သွားကြ .. ကန်တော့တာတို့ ဘာ
အပိုအလုပ်တွေကို ရင်ထဲက မပါဘဲ ဝတ္တရားကျေ လုပ်
ကြနဲ့တော့ .. ဦးမောင် ကားနဲ့ လိုက်ပို့ပေးလိမ့်မယ် ..

ဟု ဆီးပြောတော့ ဒေါ်ကြီးသင်းမှ မေမေခင်
လက်အုပ်လေးချီလိုက်ကာ ..



"ကျွန်မ .. ကန်တော့ခဲ့ပါတယ် မမကြီးရယ် .. မိမိုး
ကန်တော့ .."

ဟု ပြောနေတော့ အံ့ခဲ၍ တစ်ဖက်ကို မျက်နှာလွှဲငြိမ်
နေသည်။ ထိုအခိုက် သေတ္တာကို ဆွဲ၍ ညိုရီသော် ထွက်လာပြန်သည်
မို့ အားလုံး အံ့အားတသင့်ကြီး ငေးခနဲ ကြည့်မိကြပေမယ့်
မေမေခင်ကတော့ ထူးခြားနေပုံမရ ..။ ကြိုတင်တွက်ဆထားသည့်
နယ်ပင် တည်ငြိမ်စွာ ကြည့်နေသည်ပါပဲ ..။

"ကျွန်မ .. ရွာပြန်ပါတော့မယ် မေမေကြီး .."

ဟု ပြောလာပါသည့် ညိုရီသော်ကလည်း မျက်နှာ
ထက်မှာ တင်းမာရိပ် ထင်နေ၏။ မေမေကြီးကတော့ လက်ပွေ့
အိတ်ထဲမှ ငွေတစ်ထပ်ကို ထုတ်ယူ၍ စားပွဲထက်မှာ တင်ဆည်။

"ကဲ .. မိပန်းသင် .. သွားကြ .. မသင်း လိုက်သွား ..
ကားထဲက စောင့်နေကြ .. ညိုရီသော် ထိုင်ကန်တော့တာ
ကို .. ညည်းတို့ ရပ်ငေးကြည့်နေစရာ မလိုဘူး .."

ဟု ပြောလာပြန်သည်မို့ မပန်းသင် ခေါင်းလေး
ငုံ့ချကာ ထွက်လာရပါပြီ ..။

"မေမေခင့်အနားမှာ ဘယ်သူမှ မရှိကြတော့ပါလား ..
ဒီနေ့ တစ်ရက်တည်းမှာပဲ .. အားလုံးက မေမေခင့်ကို
စွန့်ခွာကြသလိုကြီး ဖြစ်နေပါပေါ့လား .. မေမေခင့်ကို ..
ဘယ်သူက .. ဘယ်သူက .. ချက်ပြုတ်ကျွေးမှာလဲ ..
ခြေဆုပ်လက်နယ် ပြုစုမှာလဲ .."

ဟု တွေးနေရာမှ မပန်းသင်လေး၏ ရင်ထဲမှာ
ဘယ်လိုမှ မကောင်းနိုင် ..။ အိမ်ကြီးတစ်လုံးမှာ ကိုယ့်အရိပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဆိတ်ငြိမ်သွားလာနေမည့် မေမေခင့် ပုံရိပ်များကို မြင်ယော လာနေမိရရင်းမှ ရင်ထဲ နေ၍မရ ..။ မထားရက်နိုင်စိတ် ရင်မှာ အင်အားနှင့် ဖြစ်တည်၏။ ဘာပဲဖြစ်ဖြစ် ..။ မေမေ ဘယ်လောက်ပဲ ဆိုးဆိုး ..။ မေမေခင့် အရိပ်မှာ မပန်းသင် ကြီး ရသည်ပဲလေ ..။ မျက်နှာလွှဲခဲပစ်ကြီး လုပ်ပစ်ခဲ့ရမှာ ရင်ထဲ ဘယ်လိုမှ လက်မခံနိုင်ပြန် ..။ ကားထဲ ခေါင်းငုံ့ဝင်မည်ပြုနေ မှ မပန်းသင် မြကြာယံအိမ်ကြီးသို့ ပြန်လှည့်ဝင်လာမိရပြန် ပြီ ..။

"ဒီငွေတစ်ထပ်ကို ကျွန်မ ယူကိုယူရမှာပါပဲ မေမေကြီး .. ကျွန်မ ရွာမှာ ပြန်ပြီး လုပ်ကိုင်စားသောက်ဖို့တော့ လို လေ .. ဒါပေမဲ့ .. ကျေးဇူးတင်တယ်လို့တော့ မပြော ချင်ပါဘူး .. ဘာ့လို့လဲ ဆိုတော့ .. မေမေကြီးဟာ .. ညို သော်ရဲ့ နှလုံးသားကို မွမွကြေအောင် ချေပစ်ခဲ့လို့ပဲ .. ကိုကိုမြတ်မင်းသာနဲ့ ညိုရီသော်ကို တစ်နေ့မှာ နေရာ ချပေးမလိုလို လုပ်ခဲ့တာ .. ဘယ်သူလဲ .. ဟင် .. စမ်းပါ .. အစေခံမတစ်ယောက်နဲ့ နေရာချပေးမယ့်အ ညိုရီသော်အပေါ် ချစ်မေတ္တာထားသယောင် ပြုခဲ့တာ လေ .. ကျွန်မမှာဖြင့် .. မပန်းသင်လေးကိုတောင်မှ .. ရှင့်ကို မျက်နှာလိုအားရနဲ့ .. ရက်စက်ပြခဲ့ရတာ .. မုန်းတဲ့သူကို ကျွန်မက လိုက်မုန်းပြတယ် .. ကျွန် ရင်ထဲက မင်းသားလေးနဲ့ ကျွန်မ တစ်နေ့မှာ တ ရချေရဲ့ဆိုတဲ့ မျှော်လင့်ချက်နဲ့ .. ကျွန်မ ရှင့် အနှံ တွေ ခံခဲ့ရတာလေ .."



အသံကပြတ်သားလွန်းနေသည်။ အစေအပါးတစ်ယောက်အဖြစ် အမြဲကြိုးနွံနာခံပါသော ညိုရီသော်ဆိုတာ ခေါင်းခင်းကြီး၏ ရှေ့မှာ ရပ်နေသည်ဟုပင် ထင်စရာမကျန်တော့။ မပန်းသင် တအံ့တသြကြီးကိုပဲ အဝင်တံခါးမှာ ရပ်ရင်း ဘေးဘက်ကို ကိုယ်လေး ရွှေ့လိုက်ကာ ငေးစိုက်နားထောင်နေမိရပါပြီတည်း ..။ မေမေခင်ကတော့ မျက်နှာကို မော့ထားသည်။ ဘာဆိုဘာမျှမပြော။ ရှေ့မှာ ရပ်နေသည့် ညိုရီသော်၏ မျက်ဝန်းများကိုသာ တည့်တည့်ကြီး တုံ့ပြန်ကြည့်နေသည်။ မေမေခင်၏ မျက်ဝန်းများ လက်တော့က်နေသည့်နှယ် ညိုရီသော်၏ မျက်ဝန်းများကလည်း လက်တောက်နေသည်ပါပဲ ..။

မေမေခင်၏ မျက်ဝန်းများက အရှုံးမပေးသော လက်တောက်မှုများဖြင့် တုံ့ပြန်ရင်ဆိုင်ခြင်းများနှင့် ပြည့်ဝနေလျက်။ ညိုရီသော်၏ မျက်ဝန်းများကတော့ ခါးသီးသော အမုန်းများဖြင့် ထိမထင်သော အကြည့်များဖြင့် အာခံနေသော အကြည့်များအဖြစ် ရှိနေကြချေသည်။

နှစ်ယောက်စလုံးသည် ဘယ်နေရာကိုမျှမကြည့် ..။ တစ်ယောက်၏ မျက်နှာကို တစ်ယောက် မလွှဲစတမ်း ကြည့်နေကြပါသည့်အဖြစ် ..။

မပန်းသင် ရင်ထဲမှာ တုန်လှုပ်လာသည်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ .. ကျားနှစ်ကောင် တစ်ကောင်နှင့်တစ်ကောင် အလစ်မပေးဘဲ မာန်ဖီရင်း ချောင်းနေကြသည့်အသွင် ..။ လွှားခနဲ ခုန်အုပ်လိုက်ကြတော့မည့်အသွင် ..။ အေးချမ်းခြင်းဆိုတာ ဘယ်နေရာမှာမှ ရှာမတွေ့နိုင် ..။ ခါးသီးသော အမုန်းတရားများဖြင့်သာ လောင်မြိုက်နေကြသည့်သူနှစ်ယောက် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ .. ရှင်က .. ရှင့်တူမနဲ့ ကျွန်မရဲ့ ကိုကိုမြတ်မင်းသာကို ပေးစားလိုက်တယ်လေ .. ရှင်ဟာ .. ကျွန်မရဲ့ ရင်ကို ကျွန်မ ရှေ့မှာ ရပ်ပြီး အညှာအတာမရှိ ခွဲချလိုက်တဲ့ သားသတ်သမားပဲ .. ကိုကိုမြတ်မင်းသာကို ကျွန်မ ဘယ်လောက်အထိ ချစ်တာ ရှင် အသိ .. ဒါပေမဲ့ .. ကျွန်မကို အစေခံမဆိုပြီး .. ရှင် .. တကယ်တမ်းကျတော့ ရှင့်သားနဲ့ မပေးစားနိုင်ဘဲ ဖြစ်ခဲ့ရတယ်လေ .."

"ညည်းညှဲ့လို့ .. ညည်း ကျန်ခဲ့တာပဲ ညိုရီသော် .. ညည်း .. ပဒုမ္မာကို လိုက်သွားခဲ့ရတာပဲ .. ဘာလို့ သူတို့ နှစ်ယောက်ကို .. ရအောင်မခွဲနိုင်ခဲ့ရတာလဲ .."

ဟု မေးချလိုက်သံက အေးစက်စက် ..။ ရုတ်ခနဲ မဲမျှော်လင့်ဘဲ ကြားလိုက်ရသည့် စကားကြောင့် ညိုရီသော်ပင် တစ်ချက်ကြောင်အမ်းအမ်းကြီး ဖြစ်သွားရပုံဖြင့် ငြိမ်ကျငေးကျသွားရသည်ပါပဲ ..။ မပန်းသင်ကတော့ .. ရင်ထဲမှာ မောနေရပါပြီ ..။ တကယ်တော့ .. အားလုံးသည် .. ကိုယ့်အတ္တနှင့်ကိုယ် .. လုံးထွေးလျက် ပန်းဟိုက်နေကြရ .. လောင်မြိုက်နေကြရချေသည် တကား ..။

ခုလည်း .. တံခါးကွယ်လေးမှာ ငြိမ်သက်ရပ်နေပါသည့် မပန်းသင်ကို မမြင်နိုင်လောက်အောင်ပဲ အတ္တတွေဖြင့် မှုန်းကျပ်၍ ထွက်ပေါက်ပင်မရှိတော့ပါသည့် မိန်းမသားနှစ်ယောက်။ အငြိမ်ကြီးငြိမ်နေရာမှ ညိုရီသော် ခေါင်းကို မော့သည်။ နောက် .. ရယ်သည်။ ရယ်နေရင်း ခေါင်းလည်းယမ်းသည်။ အစေအပါး တစ်ယောက်က ဘယ်လိုနည်းနှင့်မျှ မလုပ်ရဲလောက်ပါသည့်



ဟန်ပန်မူရာများကို ညိုရီသော်သည် မမေခင့် ရှေ့မှာ အကြောက်တရားကင်းစွာ .. အရိုသေကင်းစွာပင် စော်ကားမော်ကား လုပ်ပြရဲနေချေသည်ကောလေ ..။

"ကျွန်မ ညံ့တယ် .. ဟုတ်လား .. ဒီမယ် .. ညိုရီသော်ဆိုတာ ဘယ်တုန်းကမှ မညံ့ဘူး .. ကျွန်မမှာ ကိုယ်ဝန်ရှိနေသယောင် .. ကျွန်မ လုပ်ခဲ့တယ် .. ဒါပေမဲ့ .. ရှင့် ချွေးမ အလိမ္မာလေးက .. အဲဒါကို .. သိည်းခံနိုင်နေတယ်လေ .. မပေါက်ကွဲဘူး .. ကိုကို့ကို မပေါက်ကွဲဘူး .. ကိုကို့သိက္ခာကို ထိပါးပွန်းရှစေမယ့် အစွပ်စွဲစကားတွေကိုလဲ မပြောခဲ့ဘူး .. ကျွန်မ ဘာတတ်နိုင်မှာတဲ့လဲ .. အို .. အို .. ရှင်သာ .. ရှင်သာ .. ကိုယ့်အပြစ်ကို .. ကိုယ့်ရက်စက်မှုကို .. ကျွန်မ ညံ့တယ်လို့ စကားလွှဲတာ .. ကျွန်မ ... နဲ့ .. ကိုကို ဝေးရအောင် .. ရှင်ပဲ .. ရှင်ပဲ .. ငွေပိုးမျှင်နဲ့ ပေးစားခဲ့တာပဲ .. ရှင် မပေးစားဘဲ ဒီကိစ္စဖြစ်မလား .. အို .. ကျွန်မကတော့ .. မနေတော့ဘူး .. ရှင့်ကိုလဲ ခြေဆုပ်လက်နယ်ပြုမပေးနိုင်တော့ဘူး .. ချက်ပြုတ်လဲ မကျွေးနိုင်တော့ဘူး .. ကျွန်မ .. ရှာပြန်မယ် .."

ဟု ပြောကာ အထုပ်အပိုးတွေ၊ သေတ္တာတွေကို ကောက်ဆွဲ၍ မော့ထွက်လာတော့ တံခါးဝမှာ ရပ်နေဆဲ မပန်းသင်နှင့် တိုးသည်။ မပန်းသင် ခပ်တွေတွေလေး ငြိမ်ရပ်နေတော့ ခေါင်းကို မော့ခနဲ လုပ်ပြီး ညိုရီသော် ကားနောက်ခန်းတံခါးကို ဖွင့်ဝင်ထိုင်ပါ၏။ မပန်းသင် အခန်းတွင်းသို့ မရဲတရဲလေး ဝင်လာကာ မမေခင့်ရှေ့မှာ ထိုင်လိုက်မိရပါ၏။ ရင်ထဲက စကားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောမည့်နယ် ခေါင်းလေးအမော့မှာ မေမေခင် မတ်ခနဲ ထရပ်လိုက်ကာ ..

"ဘာလဲ .. ငါ့ကို အဖော်လုပ်ပေးမယ်လို့ လာပြောမလို့လား .. မလိုဘူး .. အမြဲတမ်း တစ်ယောက်တည်း ဘဝမှာ ကျန်ကျန်နေခဲ့ရတဲ့ .. ခင်ခင်ကြီးဟာ .. အရာရာကို .. ရင့်ရင့်ကျက်ကျက် မဟုတ်တောင် .. အလူးအလဲတော့ ခံနိုင်ရည် ရှိနေပါပြီ .. ဘယ်တော့မှ .. သူများရှေ့မှာ ဒူးထောက်ပြီးတော့ ကယ်ပါယူပါ တစာစာနဲ့ ပြောမယ့် ခင်ခင်ကြီး မဟုတ်ဘူး သိရဲ့လား .. ငါ နေတတ်တယ် .. ငါ တစ်ယောက်တည်း နေတတ်တယ် .. အဖော်ရှိမှ .. ငါ ရပ်တည်နိုင်မယ်ဆိုရင် .. ငါ သေတာကြာပြီဟဲ့ .. ကြာပြီ .. ပထမ .. ငါ့ဘဝရဲ့ မျှော်လင့်ချက် .. ငါ့အရှင်သခင်ဖြစ်တဲ့ ချစ်မြတ်နိုးမိရသူက ငါ့ကို ချန်ရစ်ခဲ့တယ် .. နောက် .. ငါ့ကို လက်ထပ်ယူခဲ့တဲ့ ယောကျ်ားကလဲ ငါ့ကို ချန်ခဲ့ဖူးတယ် .. ငါ .. ပြုစုကျွေးမွေးခဲ့ရတဲ့ ငါ့သားကလဲ .. ငါ့ကို ချန်ထားရစ်ခဲ့ပြီးနေပြီ .. ညည်းကိုတော့ .. အစကတည်းက .. ငါက .. သေးလှလို ထားထားတာ .. သေးလှဆိုတာ .. သေးမှာပဲ နေရတဲ့လူ .. သွားတော့ .. သွားတော့ .. ငါ .. တစ်ယောက်တည်း နေရဲတယ် .. နေတတ်တယ် .. နေနိုင်တယ် .."

ဟု ပြောချကာ ချာခနဲ လှည့်၍ အပေါ်ထပ်သို့ တောက်လျှောက်တက်သွားတော့ မပန်းသင်မှ နောက်မှ တကောက်ကောက် လိုက်တက်လာကာ ..



"မပန်းသင် .. ခုလိုကြီးတော့ .. မေမေခင့်ကို မထားခဲ့ပါရစေနဲ့ .. စိတ်မချလွန်းလို့ပါ .."

ဟု ပြောနေသမျှ နောက်ကို လှည့်မကြည့်ဘဲ ရှိနေရရင်း ..

"သွားဆို .. သွားနော် .. ငါ .. နောက်ပြန်လှည့်ကန်ချလိုက်ရ .. လှေကားပေါ်က ခွေးကျ ကျတော့မှာပဲ"

ဟု ငေါက်ဆတ်ဆတ်ကြီး အသံမာသြသြကြီးဖြင့် ပြောလာတော့ ငယ်ကြောက်မို့ မပန်းသင် မျက်ရည်လေးကျရင်း ကျန်ခဲ့ရပါပြီ ..။ ရှိုက်ခနဲ တစ်ချက်ငိုပြီးမှ မပန်းသင် မျက်ရည်လေး ကျရင်း ကျန်ခဲ့ရပါပြီ ..။ ရှိုက်ခနဲ တစ်ချက်ငိုပြီးမှ မပန်းသင်လေး လှေကားမှ ဆင်းသွားတော့ ရပ်လက်စလှေကားထစ်တစ်နေရာမှာ နောက်ကို လှည့်မကြည့်ဘဲ ကျောခိုင်းရပ်လျက်ပုံဖြင့်ပဲ ဒေါ်ခင်ခင်ကြီး ကျန်ခဲ့ပါ၏။

"သူ .. သူက .. ငါ့ကို .. ငါ့ကို .. အတူနေမလို့တဲ့ .. အတူနေမလို့တဲ့ .. ငါ ရက်စက်သလောက် .. သူ .. ပစ်ပစ်ခါခါ ငါ့ကို မလုပ်ရက်ရှာပါလား .."

ဟု သိနေရရင်းဖြင့် ဒေါ်ခင်ခင်ကြီး၏ မျက်ဝန်းမှာ မျက်ရည်များ လည်တက်လာနေသည်။

ကားစက်နှိုးသံ ပေါ်လာသည်အထိ နေရာမှာ ဒေါ်ခင်ခင်ကြီး ခြေစုံရပ်၍ ငြိမ်သက်နေဆဲ ..။ ကားမောင်းထွက်သွားသံ ကြားတော့မှ အပေါ်ထပ်ဆီသို့ ခြေလှမ်းသုတ်သုတ်ဖြင့် တက်ခဲ့ရ ..။ လသာဆောင်ကြီးအရောက် ခပ်မြန်မြန်လျှောက်ရ၏

www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးဝဆီမှ ထောင့်ချိုးကွေ့မောင်းထွက်သွားပြီ ဖြစ်ပါသည့် ကား၏ နောက်ပိုင်းကို မှိုသည်ဆိုရုံမျှလေးလောက်ပဲ မြင်လိုက်ရပြီးသည့်နောက်မှာ မျက်ဝန်းတွေ စုံမှိတ်ချလိုက်မိရပါ၏။ အို.. ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာကြချေသည်ကောလေ။ နောက်ဆုံးတော့ ဒေါ်ခင်ခင်ကြီးဆိုသည့် အမှတ်သည်းခြေ ခပ်ကြီးကြီး ..။ အငြိုးအတေး ခပ်မြဲမြဲဖြင့် နေပါသည့် ဒေါ်ခင်ခင်ကြီးဆိုသည့် မိန်းမကြီးတစ်ယောက်သည် မြကြာယံအိမ်ကြီး၏ လသာဆောင်ကြီးမှာ ရပ်နေရင်းဖြင့် ကျန်ရစ်ခဲ့ရှာသူတစ်ယောက်၏ အထီးကျန်နိုင်လွန်းနေသော ခံစားမှုများဖြင့် မျက်ရည်ကျနေရချေသည်တကား။ လက်အစုံက လသာဆောင်၏ လက်ရမ်းထက်မှာ တုန်ခါနေသော အရှိန်ဖြင့် ဖေးတင်နေသည်။ ဆတ်ခနဲ ဆတ်ခနဲ ခါနေသည့် လက်ကို ထိန်း၍မရနိုင် ..။ တစ်ကိုယ်လုံးလည်း ကတုန်ကယင်နိုင်လာနေသည်။

ဘယ်သူမှ အနီးအပါးမှာ ရှိမနေ ..။ ခေါင်းကိုမတ်။ ကိုယ်ကို မတ်၍ အရာရာကို အရှုံးမပေးသော ခင်ခင်ကြီးအဖြစ် ချုပ်ထိန်းမတ်နေရန် မလိုအပ်တော့ပြီ ..။ အရှုံးကြီးရှုံးနေသည့် မိန်းမကြီးတစ်ယောက်အဖြစ် ချုံးချုံးကျအောင် ခံစားနေရသည့် ခင်ခင်ကြီးအဖြစ် တစ်ယောက်တည်း ကျန်ရှိနေချိန်မှာ ဘာကို ဟန်ဆောင်ထိန်းမတ်ယူနေဖို့ လိုအပ်နေပါတော့မည်တဲ့လဲ ..။

ကိုယ့်ကိုယ်ကိုယ် ပြန်ညာနေ၍လည်း ရနိုင်သည်မရှိ။ ဟုတ်သည် ..။ မရှိ ..။ လသာဆောင်၏ ဝရန်တာလက်ရမ်း ..။ နောက်တော့ ပွတ်လုံးတိုင်လေးတွေပေါ်မှာ လက်ချောင်းတွေ



လက်ဖဝါးတွေက ဆားတိုက်လျှောကျလာရရင်းမှ ကိုယ်ကို ညွတ်ချလိုက်မိရသည်ပါပဲ ..။ မျက်ရည်တွေကို တားဆီးမနေတော့ ..။ မတားဆီးချင်တော့ ..။

"ကျွန်မ .. ရှင့်ကို ချစ်လွန်းလို့ပါ ကိုရန်အေးရယ် .. ပဒုမ္မာမှာ ဖေဖေ့ကို ဆေးလာကုသပေးတဲ့ .. ရှင့်ကို ကျွန်မလေ .. တကယ့်အပျိုငယ်သွေးဘဝမှာ .. တစ္စတလမ်း တမျှော်လင့်လင့်ကြီးနဲ့ကို ချစ်မိရတာပါ .. ရှင့်ကို လက်ထပ်ခွင့် ရလိုက်မယ့် ခင်ခင်ကြီးအဖြစ်လဲ မျှော်လင့်တောင့်တနေမိခဲ့တယ်လေ .. ဒါပေမဲ့ .. ရှင်က .. ကျွန်မရဲ့ မျက်စိရှေ့မှာ ရှိနေတဲ့ မိန်းမတစ်ယောက်ကို ရွေးချယ်လက်ထပ်သွားခဲ့တယ် .. သူဟာ ကျွန်မရဲ့ အိမ်က အစေအပါးတစ်ယောက် .. ကျွန်မ .. ကျွန်မ ရှင့်ကို ချစ်နေတယ်ဆိုတာ ရှင် သိပါတယ် .. ရှင် သိနေပါတယ် ကိုရန်အေးရယ် .. ရှင် ကျွန်မကို လက်မထပ်နိုင်ရင်တောင်မှ .. ကျွန်မရဲ့ မျက်စိရှေ့မှာတင် ရှိနေတဲ့ ပိုးဝါဆိုတဲ့ ကောင်မလေးတစ်ယောက်ကိုတော့ လက်မထပ်သင့်ပါဘူး .. ကျွန်မ .. ကျွန်မ .. ဘယ်လောက်ခံစားခဲ့ရသလဲသိလား .. ခုထိ .. ခုထိ .. အဲဒီဝေဒနာဟာ ပြင်းပြင်းထန်ထန်ကြီးပဲ ကျွန်မရဲ့ နှလုံးအိမ်ကို သိမ့်သိမ့်ခါနေဆဲပါ .. ဆွဲလှုပ်နေဆဲပါ .. ချေမွနေကြဆဲပါ"

တစ်ယောက်တည်း ပြောနေမိရင်း ဒေါ်ခင်ခင်ကြီး လသာဆောင်ကြမ်းပေါ်မှာ အလူးအလဲ ဝေဒနာနှင့်အတူတူ ပုံပုံချမျှ ယိုင်နေမိရဆဲပါ ..။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မျက်ဝန်းများက လက်တော့်လာကြပြန်သည်။

"အိမ်ထောင်ကျပြန်တော့လဲ .. သားသမီးမရနိုင်တဲ့ မိန်းမတစ်ယောက်အဖြစ် ကျွန်မဟာ အထီးကျန်ဘဝထဲမှာ နေရပြန်တယ် .. ကျွန်မ လက်ထပ်လိုက်ရတဲ့ သူကလဲ .. မမွေးထုံဆိုတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ယူလိုက်ပြီးတဲ့နောက်မှာ သမီးတစ်ယောက်ကို ပိုင်ဆိုင်တဲ့ ဖခင်တစ်ယောက် ဖြစ်ခဲ့ရတယ်လေ .. ကျွန်မကတော့ .. ကျွန်မကတော့ .. မြတ်မင်းသာဆိုတဲ့ ကလေးတစ်ယောက်ကို သားအဖြစ် ချစ်ရရင်း .. ခုကျတော့ .. သူကလဲ .. ကျွန်မကို ထားခဲ့ပြန်ပြီ .."

တွေး ..။ တွေးချင်သမျှတွေး ..။ အားလုံးကို ဆန့်ချင်သမျှဆန့် ..။ မကာန့်သတ်တော့။ မဟာန့်တားတော့။ ဟိုးကောင်းကင်အထိ ..။ မိုးတိမ်ယံအထိ ပြေးချင်သည်လား။ အတွေးတွေး ပြေးစေ ..။ ပြေးကြစေ ..။ ဒေါ်ခင်ခင်ကြီး မျက်ဝန်းကို စုံမှိတ်ချထားရင်းမှ ခပ်တိုးတိုး စတင်၍ ရယ်သည်။ ခေါင်းကို ယမ်းသည်။ စိန်တွေ ညွတ်အိနေအောင် ဝတ်ထားသော မိန်းမတစ်ယောက်သည် ကြွယ်ဝချမ်းသာခြင်း၏ အလယ်မှာ ပုံပုံကျမျှ အထီးကျန်စွာ ရှိနေရင်း ကြေကွဲလော်င်မြိုက်နေသည်ဆိုတာ ယုံကြည်ချင်စရာပင်မရှိ ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် တကာယ့်ကို လာဖြစ်နေသည်။



"အဟင်း ဟင်း .. လက်စားချေတဲ့သူကို .. ရက်စက်တယ်လို့ ပြောချင်ကြတယ် .. ကျွန်မကို .. ရက်စက်ခဲ့ကြတာကိုကျတော့ .. သူတို့ဘက်က မှန်သတဲ့ .. ကိုရန်အေးက ပိုးဝါကို ချစ်လို့ လက်ထပ်တာဆိုတော့ သူတို့ဘက်က မှန်နေသတဲ့ .. သူတို့ဘက်က ရပ်တည်ဖြစ်တည်တဲ့ အမှန်တရားဟာ ငါ့အတွက်ကျတော့ ရက်စက်မှု ဖြစ်နေတယ် .. နာကြည်းမှု ဖြစ်နေတယ် .. အို .. အဖြစ်အပျက်တစ်ခုဟာ တစ်ဖက်အတွက် အမှန်တရားတဲ့ .. တစ်ဖက်အတွက်ကျတော့ ကြေကွဲမုန်းတီးနာကြည်းခြင်းတွေ အတွက်တဲ့ .. ဘယ်လောက် .. ကြောက်ဖို့ကောင်းနေတဲ့ ကံကြမ္မာလဲ .. ကံကြမ္မာကြီးလဲ .."

ဒေါ်ခင်ခင်ကြီး၏ ရယ်သံတိုးတိုးလေး ထွက်ပေါ်နေဆဲ ..။ အားယူ၍ ကျိုးထသည်။ အတွင်းဘက်သို့ ရောက်တော့ လှုပ်ကုလားထိုင်မှာ ထိုင်ချလိုက်မိရပါ၏။ ထိုင်ခုံက ရှေ့တိုးနောက်ငင်ဖြင့် ငြိမ့်ငြိမ့်သိမ့်သိမ့် ခါနေပြန်သည့်အဖြစ်။ မျက်စိကို စုံမှိတ်ချလိုက်ရာမှ လက်အစုံက လှုပ်ကုလားထိုင်လေး၏ ဘေးဘက်မှာ ရှိနေပါသော စားပွဲဝိုင်းထက်မှ ကြေးမောင်းလေးကို ထိမိသည်။ လက်ကိုင်ကို ကောက်ကိုင်မိသည်။ ကြေးမောင်းလေးကို ဆင်စွယ်တပ်မောင်းစင်လေးဆီမှာ ချိတ်ထားရာကိုလည်း ကြည့်မိသည်။ လက်ကိုင်ကို ကောက်ကိုင်မိသည်။ ကြေးမောင်းလေးကို ဆင်စွယ်တပ် မောင်းစင်လေးဆီမှာ ချိတ်ထားရာကိုလည်း ကြည့်မိသည်။ နောက်တော့ ကြေးမောင်းလေးကို ထုလိုက်မိရပါ၏။ အဆက်မပြတ် ..။ ဘယ်သူမှ ရောက်မလာ ..။ ရောက်မလာကြတော့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



လာမည့်သူ မရှိတော့သည့် ဤမြကြာယံ အိမ်ကြီးမှာ ကြေးမောင်းသံ ဘယ်လောက်ပဲ ကြာအောင် ပေါ်နေနေ.. ဘယ်သူမှ လာရန်မရှိတော့သည့်အဖြစ်။ ဒေါ်ဂင်ခင်ကြီး ခပ်ဟက် ဟက် ရယ်ပြန်သည်။ လာသူ မရှိသော ခေါ်သံတစ်ခုသည် အရာမထင် ..။ အရာမရောက် ..။ ဘာမျှ အကျိုးသက်ရောက်မှု မရှိ ..။ ဒေါ်ခင်ခင်ကြီး၏ ကြေးမောင်းထုသံ ကြားလျှင် ပြေးပြေးတက်လာရသော ညိုရီသော်လည်း မရှိတော့။ မသင်းရော မိမိုးရော မရှိတော့ ..။ မသင်းဆိုတာ မပန်းသင်တို့မှ ဒေါ်ကြီးသင်း ဟု ခေါ်ရသည့် အသက်အရွယ် ..။ ဒါပေမဲ့ .. မသင်းသည် ခင်ခင်ကြီးဆိုသည့် မိန်းမ၏ ထုလိုက်သော ကြေးမောင်းသံလေး ကြားလိုက်သည်နှင့် ချက်ချင်းကြီးကိုပဲ အရွယ်နှင့်မမျှအောင် ပြေးတက်လာရ ..။ ခိုင်းသမျှကို လုပ်ကိုင်ပေးရနှင့် ရှိခဲ့ရသည်ပဲ။ မိမိုး ..။ မပန်းသင် ..။ သူတို့သည်လည်း ကြေးမောင်းသံကို နားစွင့်နေရသည့်သူများ ..။ ခုကျတော့ .. မည်သည့် .. ပြေးတက် လာမည့်သူ တစ်ယောက်မျှ မရှိတော့ပြီဖြစ်သော ဤနေရာမှာ .. ဤကြေးမောင်းသံသည် .. အဓိပ္ပာယ်မရှိသော အသံတစ်ခုအဖြစ် ပဲ ရှိနေရ ထွက်ပေါ်နေရချေသည်တကား ..။

"ငါ .. ငါ .. အသက်ရှင်နေရတာကိုက .. ဘာမှ မက်မောစရာ မရှိတော့တဲ့ ဘဝကြီးထဲမှာ ရှိနေရသလိုပဲလား လေ .."

ဟု တွေးမိရသည်က .. စိတ်ပျက်ဖွယ်အထိ ဖြစ်ရ သည်။ ရင်ဘတ်ထဲမှာ စူးအောင့်နာကျင်သော ဝေဒနာက နှောင့် ယှက်လာကြပါ၏။



ဒေါက်တာဦးကောင်းသင်က ပြောထားသည်လေ ..။ ရင်ဘတ်ထဲ စူးအောင့်လွန်းသည်မို့ လွန်ခဲ့သည့် တစ်ပတ်ကျော် လောက်ကပဲ ပြကြည့်ခဲ့တော့ .. နှလုံးရောဂါ ဖြစ်နေသည်တဲ့ ..။ ထိုဝေဒနာကို ခံစားလာရသည်မှာလည်း ကြာခဲ့ပြီမို့ ..

"ငါ့ရင်ထဲက အတေးအမှတ်တွေ .. နာကြည်းမှုတွေ .. လက်စားချေလိုခြင်းတွေ .. ခါးသီးတဲ့ အမုန်းတရားတွေ ဟာ .. ငါ့ကို နှလုံးရောဂါဆိုတာကို ဖြစ်စေတာပါပဲလား .."

ဟု တွေးနေရသည်က ဦးကောင်းသင်ထံမှ ရောဂါ အဖြေကို သိခဲ့ရစဉ်ကတည်းကပါ ..။ ဒါပေမဲ့ .. ပြော် .. ဒါပေမဲ့ .. ထိုစဉ်တုန်းကတော့ .. ငွေပိုးမျှင်လေးကို လက်စားချေ လိုခြင်းများဖြင့် ဝေဒနာထက်ကို ကောက်ကျစ်သော အစီအမံများ နောက်ဆီသို့ တကောက်ကောက်မျှ လိုက်မိခဲ့ရပါသည့်အဖြစ်။

ခုကျတော့ .. ခင်ခင်ကြီးဆိုတာ .. ကိုယ့်အတတ် ကိုယ်စူးလျက် .. ကြေကွဲအထီးကျန်ခြင်းတည်းဟူသော ဆူးခပ် ကြီးကြီးတစ်ချောင်း၏ နှလုံးအိမ်တွင်းဆီသို့ စူးနစ်နေသည့် ဝေဒနာ ကြီးဖြင့် နှုတ်မရနိုင်သော ဘဝကြီးထဲမှာ ကျန်ရစ်ခဲ့ရချေပြီတကား ..။ တိုအနိုက် လှရိပ်တစ်ခု တံခါးဝဝယ် ပေါ်လာပါ၏။ အမြင်က မပီပြင်ချင်။ မျက်ဝန်းတွေ ဝါးချင်နေသည်။ ဒါပေမဲ့ .. ကိုအုန်း ဆိုတာကိုတော့ သိနေသည်။ အို .. ဟုတ်ပေသားပဲလေ ..။ ခြံထဲ မှာ .. ကိုအုန်း ရှိနေသည်ပဲ ..။ မောင်းသံကို ကြား၍ တက်လာ တာ ဖြစ်ချေမည် ..။ မြကြာယံမှာ ကိုအုန်းဆိုသည့် .. လူကြီး တစ်ယောက်တော့ ကျန်နေသေးသည်ကောလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကိုအုန်း .. ရတယ် .. ကျွန်မ .. ဘာမှ မလိုပါဘူး .. ခြံထဲမှာပဲ လုပ်စရာရှိတာ လုပ်ပါ .."

ဟု ပြောလိုက်သံကတော့ ထုံးစံအတိုင်း ပီပီသသ .. ချက်ချင်း ဟန်ဆောင်မှုတွေက နေရာယူလာကြပြန်သည်။ လူတစ်ယောက် ရှေ့မှာ ချောက်ချားအားငယ်နေသည့် မိန်းမတစ်ယောက်အဖြစ် ရှိမနေစေရ ..။

"မောင်းသံကြားလို့ပါ မမကြီး .. မမကြီးအတွက် ရွာက ကျွန်တော့် တူမလေးတစ်ယောက် ခေါ်ပေး ရပါမလား .."

အားလုံး မရှိကြတော့ပြီဆိုတာကို ကားနှင့် ထွက်သွားလိုက်ကြတာ မြင်ရသည်မို့ ဦးအုန်း မေးခြင်းပါ ..။ ခုလို ကျန်ခဲ့ရတာမျိုးကျတော့လည်း ဦးအုန်း စိတ်မကောင်းနိုင် ..။

"မလိုပါဘူး ကိုအုန်း .. ကျွန်မ ကိုယ့်အိမ် ကိုယ့်ရာမှာ တစ်ယောက်တည်း နေတတ်ပါတယ် .. မွေးကတည်းက တစ်ယောက်တည်း နေဖို့ ကံကြမ္မာပါလာတဲ့သူဟာ .. တစ်ယောက်တည်း နေရတဲ့ဒဏ်ကို ခံနိုင်ရည် ရှိရမှာပေါ့ .. ကဲ .. ကဲ .. ခြံထဲမှာ လုပ်စရာရှိတာလုပ်ပါ .. ခုလို ကျွန်မကို တူမလေး ခေါ်ပေးမယ်လို့ ပြောတဲ့အတွက် .. ကျေးဇူးတင်ပါတယ် .."

ဟု ပြောတော့ ဦးအုန်း တစ်ချက်ငိုင်ငိုင်ကြီး ကြည့်ပြီးမှ ဆင်းသွားပါ၏။ ဖေဖေ ရှိစဉ်ကတည်းက ပဒုမ္မာမှာ ရှိခဲ့သော လူရင်းဟောင်း ကိုအုန်း ..။ ခုလည်း .. မကြာယံမှာ သခင်မကို မထားခဲ့နိုင်စွာဖြင့် ရှိနေဆဲ လူတစ်ယောက် .. ဒေါ်ခင်ခင်ကြီး လှုပ်ကုလားထိုင်ကြီး၏ ကျောမှီကို အရှိန်နှင့်



ချလိုက်ကာ မျက်ဝန်းတွေကို ရှေ့တည့်တည့်ဆီ တန့်နေ ကြည့်နေမိရပါ၏။ လှုပ်ကုလားထိုင်ကြီးက တလှုပ်ယမ်းယမ်းဖြင့် ရှေ့နောက်ငင်လျက်ရှိနေဆဲ ..။

မှုးရိုပ်ရိုပ် ဝေဒနာက ရင်ကို တိုးဝင်၏။

ဆေးသောက်ရန် ဝန်လေးလျက် စိတ်ထဲ မပါနိုင်ဘဲဖြစ်နေသည့် စိတ်က လွှမ်းမိုးနေသည်။

"နောက်ဆုံးတော့ .. ငါ .. ငါ .. ရှုံးရတာပါပဲလား .. ရှုံးလိုက်ရတာပါပဲလား .. ငွေပိုးမျှင်ရဲ့ .. ခွင့်လွှတ်နိုင်မှုတရားကိုက .. ငါ့ကို နိုင်သွားတာ .. ငါ့ကို အမှုမဖွင့်တာကိုက .. ငါ့ကို သူ .. သူ .. နိုင်သွားတာ .. ငါ .. သူ့ကိုမသတ်နိုင်ခဲ့တဲ့အတွက် .. ငါ ရှုံးတယ် .. ပြီးတော့ .. သူ့ မေတ္တာတရားက .. ငါ့ကို .. ပိုပြီး အရှုံးကြီးရှုံးနေစေခဲ့ပြီ .. အစကတည်းကရှုံးနေတဲ့ ငါဟာ .. သူတို့ကို ရှုံးခဲ့ရတဲ့ ငါဟာ .. ခုလဲ .. ရှုံးနေရပြန်တာပါပဲ .. ရှုံးနေရပြန်တာပါပဲ .."

ဟု တွေးနေရာမှ .. စားပွဲပေါ်မှာ တင်ထားပါသည့် ဆေးပုလင်းကို နံရံဆီသို့ လွှဲပေါက်လိုက်မိရပြန်ပါသည့်အဖြစ်။

တစ်ယောက်တည်း ရှိနေရသည့် အထီးကျန် မိန်းမသားတစ်ယောက် .. အရှုံးကြီး ရှုံးနေရသည့် မိန်းမသားတစ်ယောက်က .. အသက်ရှင်နေဖို့အတွက် ဆေးသောက်နေရဦးမည်တဲ့လား ..။ အဘယ်မျှထိ ရယ်မောလှောင်ပြောင်ပစ်လိုက်ဖို့ ကောင်းနေသည့် ကမောက်ကမနိုင်နေမှုကြီးပါလဲ ..။ ဆေးပုလင်းကို ဖြစ်နိုင်လျှင်လုံးဝပင် မမြင်ချင်တော့ပြီ ..။ အံကို တင်းခဲလိုက်သည့်ကြားမှ မျက်ရည်က ကျလာပြန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အို .. အို .. ဤမျက်ရည်များကိုတော့ .. ဘယ်သူ့ကိုမှ အမြင်မခံနိုင် ..။

ခင်ခင်ကြီးဆိုတာ .. မျက်ရည်စက်လက်ကျန်ခဲ့သည့် မိန်းမတစ်ယောက် ဖြစ်နေသည်ဆိုသည့် အဖြစ်ကို .. လူသိ မခံနိုင် ..။

အခန်းတံခါးရွက်ကို ပိတ်မိပြန်သည်။ ပြီးတော့ ရယ်မိပြန်သည်။ ဘယ်သူ တံခါးကို ဖွင့်၍ ဝင်လာမည်မို့တဲ့လဲ လေ ..။

* * *



## အခန်း(၂၄)

နှင်းရိပ်ဝေ၏ ပန်းခြံအောရှိ ကံ့ကော်ပင်အောက်မှ ခုံတန်းလေးမှာ ထိုင်နေရင်း သူ့ ငွေပိုးမှျင်လေးကို ငေးကြည့်မိရပါ၏။

ရင်ထဲမှာ ခုထိ မကောင်းနိုင် ..။ သူ့ကို လက်ထပ်ရပါသော သူ၏ ဇနီးသည် မေမေခင့်ကြောင့် သေခြင်းတရားကို လက်တစ်ကမ်းအထိ တုန်လှုပ်ချောက်ချားစွာ ရင်ဆိုင်ခဲ့ရချေသည်တကား ..။ လက်လေးတွေ တုန်လှုပ်နာကျင်နေသော ခံစားမှုများဖြင့် ကယောင်ချောက်ချားနိုင်စွာ ရှေ့ဆီသို့ ဝေ့ဝဲယမ်းခါနေရစဉ်ခိုက်မှာ သူ၏ ဇနီးသည် နုနုဖန့်ဖန့်လေးသည် အဘယ်မျှ မွန်းကျပ်နေသော ဝေဒနာကို မချိမဆန့်ကြီး ခံစားခဲ့ရရှာချေမည် မသိ ..။

သူသာ မရောက်ခဲ့လျှင် ..။ ဩော် .. သူသာ မရောက်ခဲ့လျှင်ဖြင့် အသက်ရှူကျပ်၍ ငွေပိုးမှျင်လေးသည် မေမေခင့် လက်ချက်ဖြင့် သေဆုံးရချေမည်သာ ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုဝေဒနာတွေကို ခံစားရရှာပါသော သူ၏ ငွေပိုးမျှင်လေးအတွက် တွေးမိရတိုင်း ရင်ထဲမှာ ခုထိ မချိ ..။

ငွေပိုးမျှင်၏ လက်လေးကို သူ တွေးဆုပ်မိသည်။ နုနယ်လွန်းနေပါသော လက်အစုံ ..။ ငွေပိုးမျှင်လေးသည် ခေါင်းဖျားခြေဆုံးတိုင် အရမ်းကို နုဖန့်ဖန့်နိုင်သော မိန်းကလေး ..။

ဤမျှ လှသည့် မိန်းကလေး ..။ ဤမျှ နုနယ်လွန်းပါသည့် မိန်းကလေးကို မေမေခင်သည် မထောက်မရက်ကြီးသေကြောင်းကြံစည်ရက်ချေသည်။

အဖျားရှိန်ကြီးလျက် နှင်းဝေရိပ်သို့ ပါလာခဲ့ရပါသော ငွေပိုးမျှင် လေးငါးရက်မျှ အဖျားရှိနေရာမှ မနေ့ကမှ အဖျားစတင်၍ ကျသည်။ ဒီနေ့တော့ ငွေပိုးမျှင်၏ ဖေဖေ ဒေါက်တာဦးရန်အေးက ခြံထဲ ဆင်း၍ လေကောင်းလေသန့် ရှူပါ .. ဟု ပြောချေသည်မို့ ခြံထဲ ရောက်ဖြစ်ရခြင်း။ အန်ကယ်ဦးရန်အေးရော အန်တီဝါရော ခုထိ မေမေခင်နှင့် ပတ်သက်၍ အဆိုးအကောင်း ဘာကိုမျှ မပြောကြတော့။ မပန်းသင်လေးက အစစ .. ပဒုမ္မာမှာ ညိုရီသော် ပြောခဲ့တာတွေကို ကြားရလေသမျှတို့ကိုတော့ တိုးတိုးတိတ်တိတ်လေး အသိပေးထားတာ ရှိနေသည်။

ဒါပေမဲ့ .. ခုထိ .. သူ ငွေပိုးမျှင်ကို ဘာမျှ မမေးရက်သေး ..။

ကိုယ်ဝန်ရှိသယောင် လုပ်ထားပါသည့် ညိုရီသော်ကြောင့် သူ၏ ငွေပိုးမျှင်လေး အဘယ်မျှအထိ အတွင်းကျိတ်၍ ကြေကွဲခံစားနေရရှာမည် ဆိုတာ သူ .. တွေးပင်မတွေးရက် ..။ အားငယ်ရှာချေလိမ့်မည် ဆိုတာကိုလည်း သူ သိနှင့်နေသည်။



ညိုရီသော်မှ ထိုသို့ မဟုတ်တမ်းတရား စကားအဖြစ် သူနှင့် ကိုယ်ဝန်ရနေသယောင် ပြောသော စကားကို သူ့ကို ဘာဆိုဘာမျှ ပြောမလာခဲ့ဘဲ မျိုသိပ်နေခဲ့ရှာတာကိုလည်း သနားမဆုံးနိုင် ..။

"ကိုကြီး .."

သူ့လက်မောင်းကြီးကို လက်နုနုလေးဖြင့် ဖေးကိုင်လာရင်း ခေါ်လာတော့ အဝါရောင် သိုးမွေးဆွယ်တာလေးဖြင့် ပါးလျားပျောင်းနွဲ့စွာ ရှိနေပါသည့် နာလန်ထ လူမမာလေးဖြစ်ပါသည့် ငွေပိုးမျှင်၏ လက်လေးကို သူ တွေးဆုပ်ကိုင်မိရင်းမှ ..

"ဘာလဲ ငွေပိုးမျှင် .. ဘာလိုချင်လဲ .. ဘယ်ကို သွားချင်လဲ .. ကားလေးနဲ့ ကိုကြီး ဟိုဘက်က သစ်တောအုပ်ကလေးတွေ ဆေးတစ်ဖက်စီ ရံထားတဲ့ လမ်းအတိုင်း မောင်းပို့ပေးရမလား .. လေကောင်းလေသန့် ပိုရတာပေါ့ .."

ဟု ပြောလာတော့ ငွေပိုးမျှင် တစ်ချက်ငြိမ်နေသည်။ နောက်တော့ ခေါင်းလေး ညိတ်ပြလာသည်မို့ ကားလေးဖြင့် ငွေပိုးမျှင်ကို သူ ခေါ်လာမိရသည်က စောစောက ပြောခဲ့ပါသော ကတ္တရာလမ်းလေးအတိုင်း မောင်းနှင်၍ပါ ..။

သစ်တောအုပ်က လမ်းတစ်ဖက်မှာ တပြန့်တလျားရှိနေ၏။ ရွက်ခြောက်ကြွေတချို့က ကတ္တရာလမ်း နက်ပြောင်ပြောင်ထက်မှာ တချို့လျှပ်တိုက်ပြေးနေကြသည်။

လေနည်းနည်းတိုက်နေချေသည်မို့ သူ ကားမောင်းရင်း ငဲ့ကြည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"ကားမှန်ကို တစ်ဝက်လောက်တော့ တင်ထား ငွေပိုးမျှင် .. လေက နည်းနည်းပြင်းတယ် ကလေးမရဲ့ .."

ဟု ပြောကာ သူ ကားမှန်တစ်ဝက်ကို ခလုတ်လေးနှိပ်၍ တင်ပေးလိုက်မိရပါ၏။

"ဟိုရှေ့နားက နေရာလေးမှာ ခဏရပ်ပါလား ကိုကြီးရယ် .."

ဟု အဝါရောင် တောရိုင်းပန်းပင်လေးတွေ တပြန့်ကြီး အလေ့ကျပွင့်နေရာလေးကို ပြ၍ ပြောတော့ သူ ကားရပ်ပေးမိရပါ၏။ ကားပေါ်မှ ငွေပိုးမျှင် ဆင်းသည်။ သူ ဘေးမှ လက်မောင်းလေးကို ဖေးဆုပ်ရင်း တုတ်တုတ်ယှဉ်လျှောက်လာမိရပါ၏။ တောရိုင်းပန်းဝါလေးတစ်ပွင့်ကို သူ ခူးကာ ငွေပိုးမျှင်၏ ဆံနွယ်လေးမှာ ပန်ပေးတော့လည်း ငြိမ်သက်ခံ၏ပါ၏။ ဆံကျစ်ရှည်၏ အရင်းပိုင်းမှာ တောရိုင်းပန်ဝါလေးက ခပ်ငိုက်ငိုက်လေး ရှိနေပါ၏။ ပန်းလေးကို ခိုင်သွားအောင် ငွေပိုးမျှင် ပြင်၍ ပန်သည်။ ဆံကျစ်အတွင်းသို့ ပန်းရိုးတံလေးကို ပိုဝင်အောင် တိုးလိုက်ခြင်းပါ ..။ သူ့ကို မော့ကြည့်လာရင်းမှလည်း ..

"ဒီကအပြန်မှာ .. မြကြာယံကို ဝင်ကြအောင်လား ကိုကြီးရယ် .."

ဟု ပြောလာတော့ သူ ရုတ်တရက် အံ့သြသွားမိရပါ၏။ ဘုရားရေ .. ငွေပိုးမျှင်က မေမေခင့်ကို သွားတွေ့ချင်နေသည်တဲ့လား ..။ ဤမျှအထိ ရက်စက်ထားပါသည့် မေမေခင့်ကို သွားတွေ့ချေဦးမည်တဲ့လားလေ ..။



တကယ်တော့ သူကိုယ်တိုင်ကလည်း .. ငွေပိုးမျှင်ကို ထိုမျှအထိ ပက်ပက်စက်စက်ကြီး ကြဲစည်ရက်ပါသည့် မေမေခင့်ကို တုန်လှုပ်အံ့သြစွာ စိတ်ထဲနာနေမိရသည်က သတ်သတ် ..။ သူ့ကို .. ငယ်စဉ်ကတည်းက .. မေမေခင် ရေမိုးချိုးပေးသည်ကအစ .. သနပ်ခါးလေး လူးပေးသည်ကအစ .. ဘိုကေလေး ကြော့နေအောင် ဖြီးပေးသည်ကအစ .. စားစရာလေးတွေ ခွံ့ခွံ့ကျွေးသည်ကအစ .. မေ့မရနိုင်ဘဲ ရှိနေသည်ကတော့ အမှန်ပါ ..။ ငယ်ဘဝမှာ မေမေခင်၏ ညအိပ်ရာဝင် ပုံပြင်လေးတွေဖြင့် အိပ်ခဲ့ရတာကိုလည်း မမေ့နိုင် ..။

မေမေခင့်ကို .. သူ ချစ်ပါသည်။

ချစ်နေသည့်ကြားမှာ .. သူ .. သူ .. ရင်ထဲ ချောက်ချားနေလောက်အောင် ခံစားရင်း မေမေခင်နှင့် ဝေးရာမှာပဲ နေချင်နေပြန်သည်။

သူ .. မေမေခင့်ကို ချစ်နေလျက်ဖြင့် .. မတွေ့ချင်ဘဲ ဖြစ်နေရပြန်လျက် ..။

မတွေ့ချင်သော စိတ်များကြားမှာပင် .. မေမေခင့်ကို အထီးကျန်ရှိနေသည်ကောဟု စာနာသနားနေမိရပြန်သည်။ ဘာကြောင့်ဆို .. သူသည် မေမေခင့် လက်ပေါ်မှာ သားတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရပါသော မြတ်မင်းသာ ဖြစ်နေရချေသည် မဟုတ်ပါလားလေ ..။

ဒါပေမဲ့ .. မေမေခင်ထံ လောလောဆယ်မှာ သူ မသွားချင် ..။ မေမေခင်သည် သူ့ဇနီးအပေါ်မှာ သေကြောင်းကြံသည်အထိ ရက်စက်ထားသည့် မေမေခင်ဖြစ်နေသည်။ ပြီးတော့ ..

www.burmeseclassic.com

www.burmeseclassic.com



ထို .. ငွေပိုးမျှင်ဆိုတာ မေမေခင် ကိုယ်တိုင်က .. သူ့ကို လက်ထပ်ပေးခဲ့သူ ဖြစ်နေပြန်သည်။ ထိုမျှအထိ .. အကြံကြီးကြံသော မကောင်းမှုကို ပြုသည့် မေမေခင့်ကို .. သူ .. အံ့သြတုန်လှုပ်စွာ နာကြည်းနေမိရပြန်သည့်အဖြစ်။

သူသည် .. မေမေခင် ကြံစည်ထားသော ကလဲ့စား ချေခြင်းဆိုသည့် အရာထဲမှာ .. အသုံးချခံ မြတ်မင်းသာအဖြစ် ရှိခဲ့ရသည် မဟုတ်ပါလား။ သူ့ကို မေမေခင် ချစ်လျှင် ထိုသို့ ပြုစရာမရှိ ..။ သူ .. ဘယ်လိုနည်းနှင့်မျှ ငွေပိုးမျှင်ကို မေမေခင့် လက်ထဲမှာ မထားရစ်ခဲ့နိုင် ..။ မအပ်ထားနိုင် ..။ သူ .. မေမေခင့်ထံမှ ငွေပိုးမျှင်ကို ခေါ်ဆောင်သွားရချေမှသာ ဖြစ်မည်ဆိုလျှင် .. ဇနီးသည်နှင့်အတူ .. ခင်ပွန်းသည်အဖြစ် သူသည်လည်း လိုက်ပါသွားရချေမည်သာ ..။ ငွေပိုးမျှင်နှင့် ပတ်သက်၍ တာဝန်အရှိဆုံး သူသည် .. မြတ်မင်းသာဆိုသည့် ခင်ပွန်းသည်သာလျှင် ဖြစ်ရချေမည်သာ။

"ဘာလို့ သွားချင်ရတာလဲ ငွေပိုးမျှင် .."

သူ တိုးသက်စွာ ငုံ့မိုးမေးမိရပါ၏။ အရမ်းကို ဖြူစင်သည့် ကလေးမ .. ရင်ထဲမှာ နာကြည်းခြင်းဆိုတာကို မထားသိတတ်ပါသည့် သဘောဖြူသူလေး ..။ ပို၍ ပို၍ .. သူ့မှာ မြတ်နိုးလာမိရပါသည့်အဖြစ်။

"မေမေခင်ဟာ .. ငွေပိုးမျှင်ကို .. ဘယ်အတိုင်းအတာအထိ ရန်မူခဲ့တယ်ဆိုတာ သိနေသားနဲ့ကွယ် .."

ဟု သူ ခပ်ညည်းညည်းပြောမိရရင်းမှ ကိုယ်နွဲ့နွဲ့လေးကို ရင်ထဲ ထွေးပိုက်ထားမိရပါ၏။



"ကိုကြီး တွေးတောင်မတွေးရက်ဘူး .. မတွေးရဲဘူး ငွေပိုးမျှင် .. အဲဒီအချိန်တုန်းက .. ကိုကြီး နည်းနည်းလေး နောက်ကျသွားရင် .. ငွေပိုးမျှင်လေးကို .. ကိုကြီး ကယ်တင်နိုင်တော့မှာ မဟုတ်ဘူး .. ဆုံးရှုံးလိုက်ရတော့မှာ .. ကိုကြီး .. ကိုကြီး .. တုန်လှုပ်ချောက်ချားလိုက်တာကွယ် .. ငွေပိုးမျှင်လေးကို .. ကိုကြီး သိပ်ချစ်တာ .. သိပ်ကိုချစ်တာ .. ခွဲမရနိုင်အောင်ကို ချစ်တာ .. ငွေပိုးမျှင်မှာ မိဘ ရှိတယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ .. အိမ်ထောင်သည် ဖြစ်လာတဲ့အခါမှာတော့ .. ငွေပိုးမျှင်နဲ့ ပတ်သက်လို့ တာဝန်အရှိဆုံးဟာ ကိုကြီးပဲ .. ကာကွယ်စောင့်ရှောက်ရမှာ ကိုကြီးပဲ .. ကိုကြီးရဲ့ အရိပ်မှာ ငွေပိုးမျှင် .. လက်မတင်လေးပဲ သေခြင်းတရားက လွတ်မြောက်သွားခဲ့လိုက်ရတာ .. ဘယ်လောက်အထိ .. ကိုကြီး .. ရင်ထဲမှာ .. ရင်ကွဲပက်လက် ဖြစ်ရတယ်မှတ်လဲ .. သနားလိုက်တာ ကိုကြီးရဲ့ ငွေပိုးမျှင်လေးရယ် .. ကိုကြီး .. ဟောဒီက တသသ ထားပြီးတော့ကို ချစ်ရတဲ့ .. ကိုကြီးရဲ့ ငွေပိုးမျှင်လေးကို သနားလိုက်တာ .."

ဟု ပြောနေရင်း ပြောနေရင်းဖြင့် သူ ငွေပိုးမျှင်၏ မျက်နှာလေးကို မွှမွှလေး ဖေးမော့မိရပါ၏။ တစိမ့်စိမ့်မျှ ကြည့်မိရပါ၏။ ဤမျက်နှာလေးထက်မှာ ဓေါင်းအုံးကြီး ဖိထားပါသည့် မေမေခင်၏ ကြောက်စရာ မျက်နှာ စက်စက်ထန်ထန်ကြီး ..။ ပြီးတော့ .. ငွေပိုးမျှင်၏ မရိုမဆန့်လေး လက်လေးတွေ ဆန့်တန်းနေမှု ..။ တွယမ်းနေမှု ..။ သူ မျက်ရည်လည်တက်လာရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို .. ကြွေရုပ်လေးနှယ် သူ ချစ်လိုက်ရပါသည့် ဇနီးသည်လေး ..။ သူနှင့် လက်ထပ်ရသည်မို့ .. ခုလို .. ခံစားခဲ့ရခြင်း ..။ ဤအတွက် .. သူ .. ရင်ထဲမှာ မချိနိုင် ..။

ငွေပိုးမျှင် သူ့မျက်နှာထက်မှာ လက်ဖဝါးလေးတွေ ပေးတင်၍ ခပ်မော့မော့ ကြည့်ရင်းမှ ပြုံးပြလာပါ၏။ ပါးချိုင့်လေးကို သူ စိုက်ကြည့်မိသည်။ အလှတရားတွေ စုဝေးနေသည့်နှင့်အမျှ စိတ်၏ အလှတွေလည်း ပြည့်ဝအေးချမ်းလိုက်ပါသည့် မိန်းကလေး။ သူ့မှာ ခုထိ .. ထိုနေ့က အဖြစ်ဆိုးကြီးကို မေ့မရနိုင်ဘဲ တဖျပ်ဖျပ်ခါနေအောင် ရင်ထဲ ခံစားလောင်မြိုက်နေရပေမယ့် ..။ ငွေပိုးမျှင်လေးကတော့ မျက်နှာလေးထက်မှာ အေးချမ်းရိပ်လေးတွေဖြင့်ပဲ ဝင်းဝင်းစင်စင်လေး ရှိနေချေသည်တကား။

"ဘာကြောင့်ပဲဖြစ်ဖြစ် .. ငွေပိုးမျှင် ကိုကြီးကို လက်ထပ်ခွင့်ရခဲ့တာ မမကြီးကြောင့်ပါ ကိုကြီးရယ် .. မမကြီး စီမံခဲ့လို့သာ .. အလွန်စိတ်ထားပြည့်ဝတဲ့ .. အရည်အချင်းလဲ ပြည့်ဝတဲ့ .. ကိုကြီးနဲ့ ငွေပိုးမျှင် လက်ထပ်ခွင့် ရခဲ့တာပါ .. ငွေပိုးမျှင်ကို သိပ်ချစ်တဲ့ ကိုကြီးနဲ့တူဘူ .. ခုလို ဘဝကို ဖြတ်သန်းခွင့် ရခဲ့တာပါ .. အဲဒါ .. ကံကောင်းမှု မဟုတ်လားဟင်၊ မမကြီး .. ဘာပဲ လုပ်ခဲ့လုပ်ခဲ့ .. ငွေပိုးမျှင် မမကြီးကို .. ခုလို တစ်ယောက်တည်း မထားခဲ့ချင်ပါဘူး .. သူ့ကို ဒဏ်ခတ်ခဲ့သလိုကြီး ဖြစ်နေတာကိုက .. ရက်စက်လွန်းရာ ရောက်နေပါတယ် ကိုကြီးရယ် .. သူ .. တစ်ယောက်တည်း .. အတွေးတွေနဲ့ ကျန်နေခဲ့ရှာ



အတွေးတိုင်းမှာ ပါနေတဲ့ အထီးကျန်မှုတွေရဲ့ ရက်စက်မှုတွေကို ရင်စည်းခံနေရမှာ .. အဲဒါကို ငွေပိုးမျှင် သနားတယ် ကိုကြီး .. မမကြီးဆီကို .. သွားရအောင်နော် .. ငွေပိုးမျှင်တို့ရဲ့ ရင်ထဲမှာ ခွင့်လွှတ်ခြင်းပါတဲ့ မေတ္တာကို ထားအပ်ပါတယ် .. အဲဒီ မေတ္တာမျိုးဟာ အနှိုင်းမဲ့ နက်ရှိုင်းတဲ့ ပင်လယ်ကြီးနဲ့ တူပါတယ် .. မမခင်အတွက် ခွင့်လွှတ်ခြင်းဆိုတဲ့ ရေတစ်ခွက်ကို ခပ်လိုက်တာကို ပြည့်ဝနေတဲ့ ပင်လယ်ကြီးက သိတောင် မသိလိုက်နိုင်ပါဘူး ကိုကြီးရယ် .."

အေးမြချမ်းငြိမ်းစွာ ပြောနေပါသည့် အသံလေးမှာ ပူဆာသံလေးတွေလည်း ပါနေသည်။ တိုက်တွန်းသံလေးတွေလည်း ပါနေသည်။ ချော့မော့သံလေးတွေလည်း ရောထွေးနေချေသည့်အဖြစ်။

သူ .. ငွေပိုးမျှင်၏ ကိုယ်လေးကို ထွေးပိုက်လိုက်ကာ နဖူးပြင်လေးကို နမ်းရှိုက်မိပါ၏။ ဤမိန်းကလေးနှင့် လက်ထပ်ခဲ့ရခြင်းသည် .. အလွန်တရာကိုမှ ကံကောင်းခြင်းပါလားဟု ရင်ထဲ ကြည်နူးမိရပြန်ပါသည့်အဖြစ်။ ဤမျှ ခွင့်လွှတ်တတ်ပါသော မိန်းကလေးသည် ဘယ်သူ့ကိုမှ .. မကောင်းစိတ်မွေးလိမ့်မည် မဟုတ်။ အရာရာ .. ခွင့်လွှတ်ခြင်းဖြင့် ဘဝကို ငြိမ်းချမ်းစွာ ဖြတ်သန်းမည့် မိန်းကလေး ..။

သူ .. ငွေပိုးမျှင်ကို ဝါးရုံပင်ရိပ်တွေ ကိုင်းညွှတ်ရှိနေရာဘက်ဆီသို့ ပခုံးလေး သိုင်းငင်ဖက်၍ ခေါ်လာမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံရိပ်လေးဘက် မြက်ခင်းလေးမှာ တူတူထိုင်ဖြစ်သည်။ မြက်ရိုင်းပင် တိုကပ်ကပ်လေးတွေက စိမ်းမြမြ ထူထပ်စွာ ပိတ်ပိတ်ရိပ်ရိပ်ပေါက်နေပါသည့်အဖြစ်။

"ကဲ .. ကိုကြီး မေးမယ် .. မပန်းသင်လေး ပြောပြလို့ သိရတာ ရှိနေတယ် .. ညိုရီသော်က .. ကိုကြီးရဲ့ ကိုယ်ဝန် သူ့မှာ လွယ်ထားရတယ်လို့ ငွေပိုးမျှင်လေး ထင်အောင် လုပ်ခဲ့တယ်ဆို .. ဘာလို့ .. ကိုကြီးကို မပြောပြရတာလဲ၊ မမေးရတာလဲ .."

ဟု မေးချလိုက်တော့ ဖျတ်ခနဲ မော့ကြည့်လာသည့် မျက်ဝန်းလေးတွေကို သူ ငေးခနဲ ကြည့်မိသည်။ မျက်ရည်လေးတွေ လည်တက်နေတာကို မြင်ရတော့ ရင်ထဲ မကောင်း။ ငွေပိုးမျှင် မျက်လွှာလေး ချလိုက်သည်။ သူ့ပခုံးပေါ် ခေါင်းလေး ဖေးတင်လာတော့ သူ .. လက်ဖဝါးဖြင့် ဖေးအပ်၍ ဆံစလေးတွေကို သပ်ပေးနေမိရပါ၏။

"ကိုကြီးရဲ့ ကျင့်ဝတ်သိက္ခာကို .. ငွေပိုးမျှင် ယုံကြည်ပါတယ် ကိုကြီးရယ် .. ဒါပေမဲ့လေ .. အမှန်အတိုင်း ဝန်ခံရရင် ညိုရီသော် ပြောသလိုများ တကယ်ဖြစ်လာတယ်ဆိုရင်လဲ ငွေပိုးမျှင် နောက်ဆုတ်ပေးလိုက်မှာပါ၊ ရင်ထဲမှာတော့ အဲသလို ဖြစ်လာမှာကို .. ငွေပိုးမျှင် တုန်လှုပ်နေမိတာ အမှန်ပါပဲ .. ငွေပိုးမျှင် ဝန်ခံပါတယ် ကိုကြီးရယ် ဘာလို့လဲဆိုတော့ ငွေပိုးမျှင် .. ကိုကြီးကို .. ချစ်နေလို့ပါ မခွဲနိုင်လို့ပါ .."



ဟု ပြောကာ ထိုအခါမှ ငွေပိုးမျှင် သူ့ရင်ခွင်ထဲ ခေါင်းလေး တိုးဝင်၍ တိုးသဲ့သဲ့ ရှိုက်တော့ သူ ရင်ထဲ ထိနိုက်ရပါ၏။ အရာရာကို မျိုသိပ်ခံစားတတ်ပါသော ငွေပိုးမျှင်လေးကို သနားရသည်မှာ ရင်နှင့်မဆန့် ..။

"မပန်းသင် ပြောပြလို့ အဖြစ်မှန်ကို ငွေပိုးမျှင် သိခဲ့ရပြီးပါပြီ ကိုကြီးရယ် .. အို .. ငွေပိုးမျှင် အဲဒီတုန်းက နာလန်ထစလေးပေါ့ .. ဝမ်းသာလိုက်တာမှ အရမ်းပါ .. ဘာလို့လဲသိလားဟင် .. ငွေပိုးမျှင် .. ကိုကြီးကို .. မဆုံးရှုံးရတော့ဘူးဆိုတာ သိလိုက်ရလို့ပါ .. စိတ်ချလိုက်ရလို့ပါ .. ငွေပိုးမျှင် .. ပြောထားပါတယ်နော် .. ကိုကြီးရဲ့ သိက္ခာကို ယုံပါတယ်လို့ .. အဲသလို ယုံကြည်ပါရက်ကယ်နဲ့ .. ကိုကြီးနဲ့ ဝေးရမှာကို ကြောက်နေရတာက .. ခွဲရမှာကို ကြောက်လွန်းနေတဲ့ ချစ်စိတ်ကြောင့်ပါ ကိုကြီးရယ် .."

ဟု ပြောရင်း ရှိုက်သံလေးတွေ ပါလာနေတော့ သူ တယုတယကြီးကိုပဲ မျက်နှာလေးကို ဆွဲမော့မိရ ..။ နှုတ်ခမ်းပြင်လေးထက်မှာ သိမ်မွေ့ညင်သာစွာပဲ အနမ်းလေးတွေ ဖေးတင်မိရနှင့်ရှိသွားရပါပြီ ..။

သူ့ကို ချစ်၍ .. သူ့ကို လက်ထပ်ခဲ့ရ၍ .. သူ၏ ချစ်မြတ်နိုးရသူ ကြွေရုပ်လေးမှာလည်း ရင်နှင့်ရင်း၍ ခံစားရပါသည့် ကြေကွဲမှုများကိုလည်း မျိုသိပ်ခံစားခဲ့ရရှာသည်။ အသက်နှင့် ရင်း၍ .. သေခြင်းတရားထဲမှာ မွန်းကျပ်တုန်လှုပ်စွာ ရင်ဆိုင်ရသည့် အဖြစ်ဆိုးကိုလည်း ခံစားခဲ့ရသည်။ ထိုအဖြစ်များသည် .. တော်ရုံမျှ မဟုတ် ..။ အတော်ကြီးကို ဆိုးပါသည့် အဖြစ်များ ..။

www.burmeseclassic.com

www.burmeseclassic.com



သူ .. သူ .. ငွေပိုးမျှင်လေး၏ ကိုယ်လေးကို ထွေးပိုက်ထားမိရင်းမှ ဆံစလေးများကိုလည်း နမ်းရှိုက်မိသည်။ လက်ဖမိုးလေးကိုလည်း ဖေးယူ၍ နမ်းရှိုက်မိသည်။ မျက်ရည်စလေးတွေစိုလူးနေသည့် မျက်တောင်လေးတွေ ထူပိတ်စွာ ရှိနေရာ မျက်ဝန်းလေးတွေ မှေးယှက်ထားပါသည့် မျက်ခွံနုနုလေးကိုလည်း နမ်းရှိုက်မိသည်။ သူ့အနမ်းတိုင်းသည် သိမ်မွေ့နေသည်။ နူးညံ့ညင်သာနေသည်။ ချစ်ခြင်းများဖြင့် ပြည့်ဝနေပါချေသည့်အဖြစ်။

"အဲဒီအဖြစ်တွေကို ငွေပိုးမျှင် မျိုသိပ်ခံစားနိုင်ခဲ့ပေမဲ့ .. ခု .. ရင်ထဲမှာ မခံနိုင်ဘဲ ဖြစ်နေရတဲ့ ခံစားမှုက ဆိုးနေပါတယ် ကိုကြီး .. တစ်ယောက်တည်း ရှိနေရင်း အပြစ်ဒဏ်ခတ်သလို ခံစားကျန်ရစ်နေရမယ့် .. မေမေကြီးကို .. ဒီအတိုင်း ရက်ရှည်မထားနိုင်တဲ့ ခံစားမှုပါ .. ဘယ်လောက်ပဲ အတေးအမှတ်ကြီးကြီး .. နာကြည်းမှုတွေ ပြင်းထန်ပြင်းထန် မေမေကြီးဟာ မိန်းမသားတစ်ယောက် ဖြစ်ပါတယ် ကိုကြီး .. ဒီလောက် အထီးကျန်လွန်းနေတဲ့ ဘဝကို .. မေမေကြီး .. မိန်းမသားတစ်ယောက်အနေနဲ့ .. ခံနိုင်ရည် မရှိနိုင်တော့ပါဘူး .. မေမေကြီးမှာ ခင်ပွန်းသည်လဲ မရှိဘူး .. သားသမီးလဲ မရှိနေကြတော့ဘူး .. အစေအပါးတွေကလဲ ချန်ထားရစ်ခဲ့ပြီ .. သူ .. သိပ်ကို .. အထွေးများရဲ့ ရက်စက်မှု .. ဒဏ်ခတ်မှုတွေကို .. ခံစားနေရရှာတော့မယ် .. မေမေကြီးကို .. ပစ်မထားပါနဲ့ ကိုကြီးရယ် .. မေမေကြီးဟာ .. ကိုကြီးကို .. သားတစ်ယောက်လို .. ပြုစုကြီးပြင်းလာစေခဲ့တဲ့ သူပါ .."



ဟု ပြောရင်း လက်အုပ်လေးချီလာတော့ သူ လက်အစုံကို တယုတယ ထွေးဆုပ်ယူလိုက်မိရင်းမှ ..

"မင်းကို .. လက်ထပ်ခွင့်ရတဲ့သူအဖြစ် .. ကိုကြီး ကြည်ကြည်နူးနူးနဲ့ ဂုဏ်ယူမိပါရဲ့ ငွေပိုးမျှင်လေးရယ် .."

ဟု ပြောမိရကာ ချစ်ချင်းများဖြင့် နက်ရှိုင်းပြည့်ဝနေသည့် အနမ်းကို လက်လေးအစုံပေါ် ဖေးတင်မိလိုက်ရပါပြီ ..။

"အန်ကယ်နဲ့ အန်တီဝါကရော .. ဘာပြောသေးလဲဟင် .. ကိုနေဝန်းနီကရော .."

"ဖေဖေနဲ့ မေမေက .. ငွေပိုးမျှင် ပြောတာကို .. ငွေပိုးမျှင်ရဲ့ သဘောပဲလို့ ပြောကြပါတယ် .. မနေ့ညက .. ငွေပိုးမျှင် ခွင့်တောင်းပြီးပါပြီ .. ဖေဖေကရော .. မေမေကပါ .. မေမေကြီးအပေါ်မှာ နားလည်ပေးနိုင်ကြအောင် ကြိုးစားခဲ့ကြသလို .. ခွင့်လွှတ်နိုင်အောင်လဲ ကြိုးစားယူလိုက်နိုင်ခဲ့ကြပြီးပြီလို့ .. ငွေပိုးမျှင်ကို ပြောပါတယ် ကိုကြီး .. ကိုကိုနေဝန်းနီကတော့ .. ယောကျ်ားလေးဆိုတော့ .. စိတ်နည်းနည်းကြီးတာပေါ့ .. စိတ်ဆိုးနေတုန်း ဒေါသဖြစ်တုန်းပါပဲ .. ကိုကိုက .. ငွေပိုးမျှင်ကို .. ညီမလေးဆိုပြီး အရမ်းကို ချစ်တာကိုး .. တစ်ခါမှ .. ကိုကို ရိုက်ဖူးတာမျိုးတောင် မရှိဖူးဘူးလေ .."

ဟု ပြောမိရသည်က ငွေပိုးမျှင်ပါ ..။

ကိုကြီး တစ်ချက် ခပ်ငိုင်ငိုင်ဖြင့် ငြိမ်နေရာမှ ..က်ပြင်းရှိုက်ကာ ငွေပိုးမျှင်၏ လက်မောင်းလေးကို ဖေ ကိုင်လာ ..ါ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေခင့်ဆီ .. သွားကြတာပေါ့ ငွေပိုးမျှင် .."

ဟု ပြောမိရစဉ်ခိုက် ရင်ထဲမှာ တစ်ခုခုကို ကြိုတင်၍ စိတ်ထဲ လေးလာသည်သို့ ရှိနေတာကို မိမိဘာသာ သိနေရပါသည့် အဖြစ် ..။

❀ ❀ ❀



## အခန်း(၂၅)

မြကြာယံ၏ ခြံဝင်းတံခါးကြီးကို ပြေး၍ လာဖွင့်ပါသည့် ဘဘအုန်း၏ မျက်ဝန်းများမှာ မျက်ရည်များ လည်နေတာကို သူ ဦးစွာ မြင်ရပါသည့်အဖြစ်။ ခြံတံခါးကို ကျော်ပြီးတာနှင့် ကားကို ရပ်လိုက်တော့ ဘဘအုန်း ပြေးကပ်လာကာ ..

"ဘဘအုန်း ဒီနေ့ပဲ ဦးရန်အေးနဲ့ မိဝါဆီ လာတော့မလို့.. မမကြီး ဘာတွေ ဖြစ်နေပြီဆိုတာကိုပဲ မပြောပြတတ်တော့ဘူး .. ဘာမှကို မစားမသောက်တော့တာ ဒီနေ့ထိပဲ .. အားလုံးကလဲ .. သွားလိုက်ကြပြီ .. သူ့စိတ်ထဲ ပေါက်လာရင် မောင်းထုနေတော့တာပဲ .. သူ ခေါ်လို့ လာမယ့်သူ မရှိတော့တဲ့ အိမ်ကြီးထဲမှာ သူ့အခန်းတံခါးကို ပိတ်ပြီး မောင်းထုချင်တဲ့အခါထု .. ငြိမ်နေတဲ့အခါငြိမ်နဲ့ .. အထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ .. မပြောပြတတ်တော့ဘူး .. သူ့အခန်းကို အထဲက ချက်ချပိတ်ထားတယ် .. ဘဘအုန်း .. အိမ်ထဲ အခေါက်ခေါက် ရောက်ပါတယ် ..

www.burmeseclassic.com

www.burmeseclassic.com



တံခါးရှေ့မှာ ရပ်ခေါ်ပါတယ် .. သူ .. မထူးဘူး .. ဘာ
လဲ မပြောဘူး .. မောင်းကို ပိုပြီး အဆက်မပြတ်
ထုချင်နေ တတ်ပြန်ရော .. မထုတော့ဘဲ ငြိမ်ချင်တဲ့အခါက
ရင်လဲ ငြိမ်နေပြန်ရော .."

ဟု ပြောတော့ သူ ရင်ထဲမှာ ပူလာသည်။ ကားဂို
ဝေါက်လှျောက်ပေါ်တီကိုကြီးအောက်သို့ မောင်းခဲ့ကာ ကား
ရပ်လိုက်ပြီးတာနှင့် ငွေပိုးမျှင်၏ လက်လေးကို ဆွဲ၍ အိမ်ကြီးထဲ
ဝင်လာမိခဲ့ရပါ၏။ ကားသံကို မေမေခင် ကြားမည်သာ ..
ထိုသို့ သူ ထင်သည်။ မောင်းထုနေသံကို မကြားရ ..။ ငြိမ်သက်
စွာ မေမေခင် ရှိနေပါချေလိမ့်မည်။ နေ့မရှိ .. ညမရှိ .. မောင်း
ထုချင်သည့် အချိန်မှာ ထုထုနေတတ်ပါသည်ဆိုသော မေမေခင့်
ကို သူ စိတ်ပူလာသည်။ အစာလည်း မစားဆိုတာကို ကြားထား
ရပြီးပြီ ..။ အပေါ်ထပ်သို့ တက်ခဲ့ကာ မေမေခင့်အခန်းတံခါး
ရှေ့မှာ ငွေပိုးမျှင်နှင့် အတူတူ ရပ်ကာ တစ်ချက် ငြိမ်နေမိရပါ၏။
အထဲဘက်က အသံကို သူ နားစွင့်သည်။ ဘာသံမျှ မကြားရ ..
တိတ်ဆိတ်နေ၏။ ဘုရားရေ ..။ အတွင်းခန်းထဲမှာ မေမေခင်
တစ်ခုခုများ ကတိမ်းကပါး ဖြစ်သွားချေပြီလား မသိ ..။ စိတ်ပူ
လျက် သူ တံခါးကို တွင်တွင်ပုတ်မိရပါ၏။

"မေမေခင် .. သားပါ .. မြတ်မင်းသာပါ .. တံခါးဖွင့်
ပေးပါ မေမေခင် .."

ဟု ပြောနေပေမယ့် ဘာဆိုဘာမျှ မကြားရ ..။
အော်သံလည်း မကြားရ ..။ ခေါ်သံလည်း မကြားရ ..။ မောင်းထု
သံလည်း မကြားရ ..။ လုံးဝ တိတ်ဆိတ်ငြိမ်ကျနေပါသည့်အဖြစ်



တိတ်ဆိတ်နေသော အခန်းကြီးတစ်ခုအဖြစ်ပဲ တံခါးရွက်ကြီး
ခြားလျက် ရှိနေပါသည့်အဖြစ်။

သူ နောက်ဆုံး ဆုံးဖြတ်လိုက်သည်။ အခန်းတံခါး
ကို တွန်းဖွင့်နေမိရပါပြီ ..။

ဘာဘာအုန်းပါ ရောက်လာလျက် နှစ်ယောက်အား
ဖြင့် ကိုယ်နှင့် တိုက်ကြမှ အခန်းတံခါးချက် ပြုတ်၍ တံခါးကြီး
ပွင့်သွားပါ၏။ သူ ငွေပိုးမျှင်၏ လက်လေးကို မလွှတ်တမ်း
တွေးဆုပ်၍ အိပ်ခန်းထဲသို့ ကသောကမျော စိုးရိမ်ဇောဖြင့် ဝင်
သည်။ မေမေခင် အထဲမှာ ဘာတွေ ဖြစ်နေချေပြီမသိ ..။ အရမ်း
ကို ဆိတ်ငြိမ်ကျနေတာကို သူ စိုးရိမ်သည်လေ။ ဘာဘာအုန်းက
လည်း ထက်ကြပ်မကွာ ပါလာသည်ပါပဲ ..။ နာလန်ထစ
လူမမာ ငွေပိုးမျှင်ခမျာ ခြေတစ်ရွတ်တိုက်လေးဆွဲတော့မတတ်
စိတ်တွေပူ .. အားတွေကုန်ရင်း ပါလာသည်မို့ သူ ခြေလှမ်း၏
အရှိန်ကို နည်းနည်းလျှော့လိုက်ရပါသည့်အဖြစ်။ ခုတင်ထက်မှာ
မေမေခင် မရှိ။ အိပ်ရာသည် ဖဲသားအဖြူရောင်ဖြင့် ပြန့်ပြန့်ရန့်
ရန့် ရှိနေ၏။ မေမေခင် ညညဲ့ အိပ်ပင်အိပ်ဟန်မတူ ..။
အကြည့်က လှုပ်ကုလားထိုင်ကြီး ရှိရာဆီသို့ ရောက်၏။ လသာ
ဆောင်ကြီးနှင့် နီးလျက် ထိုင်နေရာမှ ကြည့်လိုက်လျှင် ..
ပန်းဥယျာဉ်ကို မြင်နိုင်သည့် နေရာမှာ မေမေခင်၏ လှုပ်ကုလား
ထိုင်ကြီး ရှိသည်လေ ..။

တကယ်ပဲ မေမေခင် ထိုနေရာမှာ ရှိနေသည်။

ဒါပေမဲ့ .. လှုပ်ကုလားထိုင်ကြီးသည်လည်း ငြိမ်ငြိမ်
သက်သက် ..။ မေမေခင်သည်လည်း ငြိမ်ငြိမ်သက်သက် ..။ သူ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ထိတ်ခနဲ ဖြစ်ကာ ငွေပိုးမျှင်၏ လက်လေးကို မလွှတ်တမ်း ဆုပ်ထားမြဲဖြင့် ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာမိရပြန်ပါပြီ ..။

သူ .. မေမေခင့်အနား ရောက်တော့ စိုးရိမ်ဇောဖြင့် ကိုယ်ကြီး မိုး၍ ရပ်ကာ ငုံ့မိုးကြည့်မိတော့ မေမေခင်၏ မေးပိတ်ထားသော မျက်ဝန်းတွေ ပွင့်လာသည်။

ဘုရားရေ ..။ အမြဲတမ်း တောက်ပနေသော မာနရိပ်များ စွန်းထင်းနေသည့် မျက်ဝန်းများဟုပင် ထင်စရာမရှိ။ မှိန်ဖျော့လွန်းနေသည့် မျက်ဝန်းများ ..။ မျက်နှာသည် အမြဲတမ်း ခပ်မော့မော့ဖြင့် မာနတွေနှင့် ပြည့်ဝနေသည့် မျက်နှာ မဟုတ်တော့ ..။ ပါးရိုးနားရိုးများ ကျနေလျက် အလွန်တရာကိုမှ အားကုန်အားပြတ်ဖြစ်နေသည့် မျက်နှာ ..။ စိတ်ဓာတ်အရာ ချုံးချုံးကျနေသူ တစ်ယောက်၏ မျက်နှာ ဖြစ်နေသည်။ တစ်ကိုယ်လုံး မလှုပ် ..။ မေမေခင်၏ မျက်ဝန်းများ ပွင့်လာ၍သာ မေမေခင် အသက်ရှင်လျက် ရှိနေသည်ဆိုတာ သိနေရပါသည့်အဖြစ်။

"မေမေခင် .. ဖြစ်ရလေ မေမေခင်ရယ် .."

ဟု သူ အသံတွေ အက်ကျ၍ မေမေခင့် ရှေ့မှာ ကြမ်းပေါ် ထိုင်ချ၍ မျက်ရည်ကျလာနေတာကိုလည်း မေမေခင် တိတ်ဆိတ်စွာ လိုက်ကြည့်နေသည်။ စကားတစ်ခွန်းမျှ ပြောမလာ။ သူ စိုးရိမ်ဇောဖြင့် ဘဘအုန်းကို ကြည့်ကာ ..

"ဘဘအုန်း .. အန်ကယ်ဦးရန်အေးကို ဖုန်းဆက်ပါ .. ဒီကို အမြန်လာပါလို့ ဖုန်းဆက်ပါ .. အန်တီဝါကိုလဲ လာခိုင်းပါ .. မေမေခင့်ကို လာကြည့်ပေးပါလို့ အန်ကယ့်



ကို သေချာပြောပြပါ .. မြင်တဲ့အတိုင်းပဲဗျာ .. အားလုံးကို သူတို့ နားလည်အောင်ပြောပါ .."

နှင့် အရှုံးအမှုးနိုင်စွာ အော်ပြောနေတာကိုလည်း မေမေခင် တိတ်ဆိတ်စွာပဲ ကြည့်နေသည်။ ဘေးမှာ ထိုင်ရင်း အဖျားပျောက်ကာစ ပိန်ကျနေသော မျက်နှာလေးဖြင့် ကိုယ်ဟန်လေးဖြင့် ရှိနေပါသည့် ငွေပိုးမျှင်မှ လက်လေးများဖြင့် ခြေသလုံးတွေကို လာနှိပ်ပေးနေတာကိုလည်း ကြည့်နေသည်။ ဘာဆိုဘာမျှကို မပြောတော့ ..။ သူသာလျှင် ကမန်းကတန်း ရေဖန်ချိုင့်ထဲမှ ရေတစ်ဖန်ခွက်ကို သုတ်သုတ်ယူလာရ ..။ မေမေခင့်ကို တိုက်တော့လည်း နှုတ်ခမ်းတွေကို အနိုင်နိုင် ဟယူ၍ သောက်ရှာပါ၏။ သူတို့ ထွက်ခွာသွားကတည်းက .. တောက်လျှောက် ယနေ့ထိ ဘာမျှ မစားမသောက်ဘဲ နေနေပါသည့် မေမေခင် ..။ အဆုံးစွန် ရေဖန်ချိုင့်တွင်းမှရေပင် မလျော့ ..။ မေမေခင်သည် .. တစ်လျှောက်လုံး .. ဤလှုပ်ကုလားထိုင်ထက်မှာပဲ ထိုင်နေခဲ့ဟန်တူသည်။ သူ .. မေမေခင့်ကို ရေတိုက်နေရင်း မျက်ရည်တွေ လိမ့်ကျလာတော့လည်း မော့ငေးကြည့်နေသည်မှ မျက်တောင်ပင်မခတ် ..။

သူ .. ကြမ်းပေါ် ထိုင်ချလိုက်ကာ ငွေပိုးမျှင်ကို ကြည့်မိရင်းမှ ..

"ငွေပိုးမျှင်က .. မေမေခင့်ဆီကို လာမယ်လို့ ပူဆာနေတာ၊ သူ .. ဒီနေ့မှ အဖျားကျတာ မေမေခင် .."

ဟု ပြောတော့လည်း ငြိမ်နေသည်။ နောက်တော့ လှုပ်ကုလားထိုင် လက်ရမ်းထက်မှာ ဖေးတင်ထားသော လက်က လှုပ်ရှားလာ၏။ အင်္ကျီထူအိတ်ကပ်တွင်းမှ သော့တွဲကို ထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ငွေထည်နန်းကြိုးဆွဲသောတွဲတွင်းမှာ သော့ချောင်းများစွာ ပါရှိနေလျက် ထိုသော့တွေထဲမှာ မီးခံသေတ္တာသော့သည်လည်း ပါဝင်သည်ဆိုတာ သူ သိနေသည်။ သော့တွဲကို .. ငွေပိုးမျှင်ထံ ကမ်းပေးလာတော့ တုန်ယင်နေပြီဖြစ်သည့် လက်ကို ကြည့်ကာ ကြာရှည်အားအင်တွေ သိမ်းကျုံးသုံးယူနိုင်စွမ်း မရှိနိုင်တော့ပြီ ဆိုတာကို သူက ရိပ်မိလာသည်မို့ ..

"သော့တွဲကို ယူလိုက် ငွေပိုးမျှင် .. မေမေခင် ဖြစ်ချင်တာကို လက်ခံပေးလိုက်ပါကွယ် .."

ဟု ပြောတော့ ငွေပိုးမျှင် မျက်ရည်ကျလာသည်။ ခေါင်းခါနေလျှင်လည်း မေမေကြီး စိတ်ထိခိုက်မှာကို သိသည်မို့ ငွေပိုးမျှင် လက်အုပ်ချီကာ မေမေခင့်ပေါင်ပေါ် ခေါင်းလေးဦးချသလို ပြုပြီးမှ သော့တွဲကို လက်နှစ်ဖက်ဖြင့် ယူတော့ မေမေခင်အားယူ၍ အသက်ကို ရှိုက်ရှူပါ၏။ လက်အစုံက ငွေပိုးမျှင်၏ ဆံစပေါ် တစ်ချက်တင်လာသည်။ ခေါင်းပေါ်မှာ လက်ကို အတန်ကြာ တင်ထားရာမှ ကုလားထိုင်လက်ရမ်းပေါ် လက်ကို ပြန်ရွှေ့ယူ၏။

မျက်ရည်ကျရင်း ထိုင်ကန်တော့နေပြီ ဖြစ်ပါသော သားနှင့် ချွေးမကို မေမေခင် ကြည့်နေသည်ပဲ .. ဟု သူ မော့ကြည့်ရင်း သိနေမြင်နေရင်းမှ သူ သိလာနေသည်။ မှိန်ဖျော့နေသော မျက်ဝန်းများသည် သူနှင့် ငွေပိုးမျှင်ထံမှာပဲ မရွှေ့မလျားကြီး ရှိနေသည်။ ထိုမျက်ဝန်းများတွင် ကြည်နူးရိပ်များနှင့် နောင်တရိပ်များလည်း ဖြတ်သန်းလာနေကြသည်။ နောက် .. နှုတ်ဆက်ခြင်း ..။ သူ .. တုန်လှုပ်စွာ မေမေခင့်ဒူးကို သိမ်းကိုင်မိရင်းမှ ..



"အဲသလို မလုပ်လိုက်ပါနဲ့ မေမေခင် .. သားတို့နဲ့ .. သားတို့နဲ့ တူတူနေပါ မေမေခင် .."

ဟု ငိုသံကြီးနှင့် သူ ပြောနေခိုက်မှာ မေမေခင် ငွေပိုးမျှင်ကိုပဲ မလွှတ်တမ်း ကြည့်နေသည် ..။ မေမေခင့် မျက်ဝန်းများဆီမှ ပြောနေသည့် စကားများကို သူ နားလည်လာနေလျက်မှ ရင်ထဲမှာ အထိခိုက်ကြီး ထိခိုက်လာနေမိရပြီ ..။

"မေမေခင် .. ငွေပိုးမျှင်ကို တောင်းပန်နေတာ .. သူ .. တောင်းပန်နေတာ .."

ဟု အသံတွေ အက်ကျလာရင်း သူ မျက်ရည်တွေ လှိမ့်လှိမ့်ကျလျက် ငွေပိုးမျှင်ကို ပြောမိရပါပြီ ..။ တစ်ချိန်သောအခါက .. ဘဘဦးအုပ်စိုး .. အိမ်ထောင်ထူသွားစဉ်က .. မေမေခင်သည် .. အလွန်တရာကိုမှ သေးငယ်သော ရင်ခွင်ငယ်လေးတစ်ခုကို အားကိုးရာအဖြစ် ခေါင်းဝင်၍ ငိုရှိုက်ခဲ့ဖူးသည်။ ထိုရင်ခွင်သည် .. ချာတိတ်လေးဖြစ်သော မြတ်မင်းသာ၏ ရင်ခွင် ..။ ကောင်လေးတစ်ယောက်၏ ရင်ခွင် ..။ သားအဖြစ် ပြုစုချစ်ကြင်စွာ မေမေခင် ထားပါသော မြတ်မင်းသာ၏ ရင်ခွင် ..။ ခု .. ခု .. မေမေခင်သည် .. ထိုမြတ်မင်းသာထံမှ တစ်ဆင့် .. ငွေပိုးမျှင်ထံမှ ခွင့်လွှတ်ခြင်းတရားများ ရရှိခံယူလိုက်နိုင်ဖို့အတွက် .. မှိန်ဖျော့နေပြီဖြစ်သော အကြည့်များဖြင့် ပြောနေချေသည်စကား။

ငွေပိုးမျှင်မှ မော့ခနဲ ကြည့်လာမိရပါပြီ ..။ မေမေ၏ ခြေသလုံးအစုံထက်မှ လက်လေးတွေ ဖေးယှက်၍ ဦးခိုက်ပြီးမှ မော့ကြည့်မိရပြန်ကာ

www.burmeseclassic.com

www.burmeseclassic.com



"မေမေကြီးကို .. ငွေပိုးမျှင် .. ခွင့်လွှတ်တယ်လို့ ပြောရမယ့်သူမျိုး မဟုတ်ဘူး မေမေကြီးရယ် .. ငွေပိုးမျှင်ဟာ မေမေကြီးရဲ့ သမီးပါ .. သမီးက အမေကို အဲသလိုစကားမျိုး ပြောရမှာတဲ့လား ... ဟင် .. မေမေကြီးရယ် .."

ဟု ငိုလျက် ပြောတော့လည်း မေမေခင့်အကြည့်တွေက မပြောင်းလဲစွာ ရှိနေသည်မို့ သူ ငွေပိုးမျှင်၏ လက်လေးကို ကိုင်၍ ..

"သူ ကြားချင်နေတာကို .. ပြောလိုက်ပါ .. ပြောလိုက်ပါ .. ငွေပိုးမျှင်ရဲ့ ရင်ထဲမှာ .. မေမေခင့်အပေါ်မှာ ဘယ်လိုမှ နာကြည်းတယ်ဆိုတာ မရှိခဲ့တာ မှန်ပါတယ် .. ဒါပေမဲ့ .. သူက .. ကြားချင်နေတယ် ငွေပိုးမျှင် .. သူ စိတ်ချမ်းသာပါစေလားကွယ် .. ပြောလိုက်ပါ .. ပြောလိုက်ပါ .."

နှင့် အတွင်တွင် တိုက်တွန်းပြောနေရသည်က နည်းနည်းတော့ စိုးရိမ်ဖော‌တွေ ဝင်ဝင်လာနေခြင်းများဖြင့်ပါ ..။ အချိန်မရှိတော့ဘူး ငွေပိုးမျှင်ဟု ဖွင့်မပြောရက်။ မေမေခင် ကြားသွားမှာ စိုးသည်။ မေမေ ကြားမှာကို .. သူ .. မပြောရက်။ မေမေခင့် လက်ဖျားလေးတွေ ပို၍ ဖြူဆုတ်ဆုတ်ဖြစ်လာနေတာကို သူ မြင်နေရသည်။ မေမေခင့် ခြေထောက်တွေ ဖူးလာနေတာကို သူ မြင်နေသည်။ ဒါပေမဲ့ .. မေမေခင့် ရင်ထဲမှာ ပြင်းထန်သာ အားတစ်ခုက ရှိနေသည်။ ထိုအခါဖြင့် မေမေခင်သည် ငွေပိုးမျှင်ကို ကြည့်နေခြင်း ..။ စောင့်ဆိုင်းနေခြင်း ..။

"မေမေကြီးကို .. ငွေပိုးမျှင် .. ခွင့်လွှတ်ပါတယ် မေမေကြီးရယ် .."



ဟု ငိုလျက် ငွေပိုးမျှင် ပြောပါ၏။ ခေါင်းလေးကိုလည်း မေမေကြီး ပေါင်ပေါ်မှာ ကလေးလေးလိုပဲ ဖေးတင်သည်။ မေမေခင့် လက်တွေ အားယူ၍ ငွေပိုးမျှင်၏ ခေါင်းပေါ် ဖွဖွတင်လာသည်။ အားယူ၍ ဆံစလေးတွေကို သပ်ပေးနေသည်။ ထိုသို့ပြုနိုင်ဖို့ မနည်းအားစိုက်ဖောတင်၍ လုပ်နေရရှာခြင်းဆိုတာ သူ သိနေသည်။

နောက်တော့ မေမေခင့် မျက်ဝန်းဆီမှ တာကျိုးသလို မျက်ရည်တွေ သောခနဲ ဖြိုင်ခနဲ ပြိုကျလာပါ၏။ ရင်သည် တစ်ချက် မောက်လာသည်။ မျက်ဝန်းကို မေမေခင် မှိတ်ချလိုက်ပါ၏။ နောက် .. ငွေပိုးမျှင်နှင့် သူ့ခေါင်းလေးပေါ် ဖေးတင်ထားပါသော လက်အစုံသည် တစ်ဖက်စီသို့ ပြိုခနဲ ပြုတ်ကျကာ ငြိမ်သက်သွားပါချေပြီတကား ...။

သူ .. မြင်ကွင်းကို ငေးကြည့်နေမိသည်။

စားပွဲဝိုင်းငယ်လေး ရှိရာနေရာ၏ ဘေးမှာ လှုပ်ကုလားထိုင်ကြီး ထက်၌ ငြိမ်သက်နေပြီ ဖြစ်ပါသော မေမေခင် ..။

ငွေမောင်းနှင့် မောင်းထုတူတတ်တံလေးတို့သာ ရှိနေသည့် စားပွဲဝိုင်းငယ်လေးဘေးမှာ ဤရက်အတွင်းမှ တစ်ယောက်တည်း ရှိခဲ့ပါလေသော မေမေခင် ...။

သားနှင့် ချွေးမ၏ ကန်တော့ခြင်းကို ခံယူ၍ ..။

မေတ္တာကို ခံယူ၍ ..။

ငွေပိုးမျှင်ထံမှ .. ခွင့်လွှတ်ခြင်းကို စောင့်ဆိုင်းနားထောင်၍ ..။

မြကြာယံအိမ်ကြီးကို .. ငွေပိုးမျှင်ထံ အပ်နှံ၍ ..။

www.burmeseclassic.com

www.burmeseclassic.com



မေမေခင်သည်ကား .. မြကြာယံမှ .. ထွက်ခွာသွားခဲ့ချေပြီတကား ..။

အတ္တများ .. မာနများ .. နာကြည်းတေးမှတ်မှုများ .. ကလဲ့စားချေလိုမှုများ ..။ ကောက်ကျစ်သော ဟန်ဆောင်ခြင်းတရားများ ..။ အားလုံးကို မေမေခင်သည် ရင်မှ မောင်းနှင်ထုတ်ခဲ့နိုင်လျက် ...။

ကြေကွဲနာကြင်တမျှားဖြင့် .. ထွက်ခွာရစဉ်ခိုက် .. မေတ္တာတရားများကို .. သားနှင့် ချွေးမထံမှ .. ရယူသွားနိုင်ခဲ့သူတစ်ယောက်တော့ဖြင့် ဖြစ်နေခဲ့ပါချေသည်တည့်။

အထီးကျန်ခြင်းဆိုသည့်ဘဝကို .. မေမေခင် .. နောက်ဆုံးမှာ .. ကြွားဝင့်စွာ ဖယ်ထုတ်နိုင်ခဲ့ခြင်းအဖြစ် .. ကျေနပ်စွာ .. သားနှင့် ချွေးမ၏ မေတ္တာများဖြင့် ဘဝကို-ကုန်ဆုံးစေခဲ့နိုင်ခဲ့ပါ၏။

ဤအတွက် မေမေခင် .. ကျေနပ်ကြည်နူးခဲ့ပါချေလိမ့်မည်။

ဤတစ်ကြိမ်မှာတော့ .. မျက်ရည်များဖြင့် .. သူနှင့် ငွေပိုးမျှင်သည် .. မေမေခင်၏ ခြေဖမိုးထက်မှာ ခေါင်းတင်၍ ငိုရှိုက်မိကြရပါပြီတည်း ...။

အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရပါ၏။

ဒါပေမဲ့ .. နောက်ကျခဲ့ချေပြီ .. ဆိုတာ .. ငြိမ်သက်နေပြီဖြစ်သော မေမေခင်က မကြာမီ ဤအခန်းတွင်းဆီသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်လာကြမည့်သူများကို .. အတိအလင်း ပြောလိုက်ပါချေလိမ့်ဦးမည်သာတည့် ...။



မေမေခင်သည် စကားတစ်ခွန်းမျှ မဆိုခဲ့ဘဲ .. ရင်ထဲက ခံစားမှုများစွာကို .. သူတို့နှစ်ယောက်အား ငိုကြွေးရင်း ပြောခဲ့ချေသည်နှင့် တူနေပါချေ၏။

ခြော် .. တူနေပါချေသည်တကား ..။

လသာဆောင်ဆီသို့ တိုးဝင်လာနေသည့် ပန်းရနံ့တို့က ဥယျာဉ်ဆီမှ တလှိုင့်ပြန့်ပြန့် ..။ ဆိတ်ငြိမ်နေသော အခန်းဆီဝယ်တော့ဖြင့် .. ရှိုက်သံတို့က ပြန့်နေဆဲပါတည့် ...။

နာကြည်းတေးမှတ်
အနာဂတ်ထိသယ်ဆောင်
တောက်လောင်နေသောမာန
အတ္တများဖြင့်ဖုံးလွှမ်း
မနှမ်းနိုင်သောကလဲ့စား ...။

အရှုံးများသာပေးအပ်
အထီးကျန်ရပ်တည်ရင်း
ဒဏ်ခတ်ခြင်းသောဝေဒနာ
ရင်ထဲမှာဆူဝေလျက်
မျက်ရည်စက်များသာကျန်ရစ်ခဲ့ ...။

ဆိတ်ငြိမ်သောစကား
မလှုပ်ရှားသောခန္ဓာ
မေတ္တာသာလိုအပ်ရင်း


www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ခြင်းကိုတောင်းခံမိ
ဆိတ်ငြိမ်သည့်နောင်တစကားများ
နှလုံးသားဖြင့်သာကြားရစ်လေ ...
ဪ ...
နှလုံးသားဖြင့်သာကြားရစ်စေ ...။

မျှဝေခံစားခြင်းများစွာဖြင့်



မဟူရာ (လှိုင်ဇော်)
၂၆-၈-၂၀၀၄။

www.burmeseclassic.com